# မိုပါဆွန်း ဝတ္ထုတိုများ

မောင်ထင် မြန်မာပြန်သည်

BEST SHORT STORIES OF GUY DE MAUPASSANT



# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| | နိဒါန်း .... .... | ၉ |
| ၁။ | စိန်ပန်းကုံး<br>The Necklace .... .... | ၂၇ |
| ၂။ | ကိုယ်စားလှယ်<br>The Substitute .... .... | ၄၁ |
| ၃။ | တောလား<br>An Idyl .... .... | ၅၁ |
| ၄။ | မပြောခဲ့လို့<br>Regret .... .... | ၆၁ |
| ၅။ | သူတို့သားအမိ<br>Florentine .... .... | ၇၅ |


---


ပုဂံစာအုပ်တိုက်

၆။ အမျိုးလည်းကောင်း ကိုယ်လည်းကောင်း ၈၉
The Venus of BranIza

၇။ သေဟဲ့ နန္ဒိယ .... .... ၉၇
Lost !

၈။ တောဟောဝန်လယ် .... .... ၁၀၅
In the Wood

၉။ မယားရောင်းမှု .... .... ၁၁၉
A Sale

၁၀။ ပဋိညာဉ်ပျက်မှု .... .... ၁၃၃
Hippolyte's Claim

၁၁။ ငွေပေးမှုရ .... .... ၁၄၃
A Crisis

၁၂။ ဇရာ .... .... ၁၅၇
An Old Man

၁၃။ သူ့အလှည့် ကိုယ့်အလှည့် .... ၁၆၇
The Revenge

၁၄။ သော်တာရောင် .... .... ၁၈၇
In the Moonlight

၁၅။ ခေါ်စရာအဖေမရှိလို့ .... — ၁၉၉
Simon's Papa

၁၆။ မစပယ် — — ၂၀၉
Bellflower

၁၇။ မှော်ရူး — — ၂၃၀
Mad ?

ပုဂံစာအုပ်တိုက်



၁၈။ လွတ်ပြီတဲ့ ကျွတ်ပြီ .... .... ၂၄၅
Saved

၁၉။ အချက်ပြဆက်သွယ်ရေး .... ၂၅၉
The Signal

၂၀။ ခုတင် နံပတ် ၂၉ .... .... ၂၇၃
Bed No. 29

၂၁။ မိုးဥ .... .... ၂၈၉
Mouche

၂၂။ ရှာလီ .... .... ၃၂၀
Chali

၂၃။ သုံ့ပန်း .... .... ၃၄၉
The Prisoners

၂၄။ ယာတောသူ .... .... ၃၇၇
The Story of a Farm Girl

၂၅။ ခွင့်လွှတ်ပါ .... .... ၄၂၀
The Confession

၂၆။ မြို့စားကြီး၏ နေ့စဉ်မှတ်တမ်း .... ၄၃၅
At the Spa--Diary of the Marquis de Roseveyre

ပုဂံစာအုပ်တိုက်

# နိဒါန်း

ပြင်သစ်အမျိုးသား ကမ္ဘာကျော် ဝတ္ထုရေးဆရာ ဂီ ဒီ မိုပါဆွန်း (Guy de Maupassant) သည် ပြင်သစ်နိုင်ငံ နော်မန်ဒီပြည်နယ် ရူအင်မြို့ (Rouen) အနီး ကျေးရွာတရွာ၌ ခရစ် ၁၈၅၀ ပြည့်နှစ် ဩဂုတ်လ ၅ ရက်နေ့တွင်မွေးသည်။ မွေးဖွားသည့် မိခင်ကား စာတတ်ပေတတ်ပုဂ္ဂိုလ်တဦးဖြစ်သည့် အားလျော်စွာ မိမိ၏သားကို ငယ်စဉ်ကပင်လျှင် မိမိကိုယ်တိုင် စာသင်ပေးသည်။ ထိုသို့စာသင်ပေးရာ၌ စာတတ်စေရုံမျှသာမဟုတ်၊ စာပေ၌မွေ့လျော်စေအောင် စာပေဗဟုသုတတို့ကို သင်ကြားပြသပေးခြင်းဖြစ်သည်။ မိခင်သည် ကမ္ဘာ့ဂန္ထဝင်၌ထင်ရှားသော အင်္ဂလိပ်ပြဇာတ်ဆရာကြီး ရှိတ်စပီးယား (Shakespeare)၏ ပြဇာတ်တို့ကို သားဖြစ်သူအား ရွတ်ဆိုပြောပြလေ့ရှိသဖြင့် မိုပါဆွန်းသည် ရှိတ်စပီးယား၏ အရိပ်အာဝါသ၌ ကြီးပြင်းခဲ့ရလေသည်။

မိခင်၏ကျေးဇူးကြောင့် စာရေးတတ် ဖတ်တတ်၍၊ အသက် ၁၃ နှစ်အရွယ်သို့ရောက်သောအခါ၊ မိုပါဆွန်းသည် ကျေးရွာ ခရစ်ယာန်

ပုဂံစာအုပ်တိုက်

ဘုန်းကြီးကျောင်း၌ ပညာဆက်လက်သင်ကြားရလေသည်။ သို့ရာတွင် ဆရာဘုန်းတော်ကြီး၏စကားကို နားမထောင်ဟုဆိုသောကြောင့် မိုပါ ဆွန်းသည် ကျောင်းမှ နှုတ်ထွက်လိုက်ရသည်။ ထိုအခါ မိခင်က သား ဖြစ်သူကို ရူအင်မြို့ရှိ စာသင်ကျောင်းသို့ ပို့ပေးသည်။ ထိုကျောင်း၌ မိုပါဆွန်းသည် ဆရာကောင်း သမားကောင်းကို ဆည်းကပ်မိလေရာ၊ ပညာကို ကောင်းစွာရလေသည်။

ပြင်သစ်စာပေလောကတွင် မာဒမ်ဘိုဗာရီ (Madame Bovary) ဝတ္ထုဖြင့် ထင်ရှား ကျော်စောသော စာရေးဆရာ ဖလော်ဘဲယား (Flaubert) သည် ရူအင်မြို့သား တဦး ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ၁၈၂၁ ခုနှစ်တွင် မွေးဖွား၍ ၁၈၈၀ ပြည့်နှစ်တွင် ကွယ်လွန်သည်။ မာဒမ်ဘိုဗာရီဝတ္ထုကို စာရေးဆရာ တက်တိုးက 'သုမေဓာနန္ဒီ' ဟူ သောအမည်ဖြင့် ဘာသာပြန်ထားသည်။ ဖလော်ဘဲယားသည် မိုပါ ဆွန်း၏ မိခင်နှင့် အလွန်ခင်မင်ရင်းနှီးသည်။ ထို့ကြောင့် ရူအင်မြို့၌ မိုပါဆွန်း ပညာသင်နေစဉ် မိုပါဆွန်းအား ဆွေမျိုးရင်းချာပမာ ထား ၍ စောင့်ရှောက်သည်။ တပည့်ရင်းချာပမာ ထား၍လည်း သွန်သင် သည်။ ထို့ကြောင့် နောင်အခါဝယ် စာပေအကဲဖြတ်သမားတို့က မိုပါ ဆွန်း၌ ဖလော်ဘဲယား၏ စာပေဩဇာ အရိပ်အငွေ့မကင်းဟု ဆိုကြ သည်။ မိုပါဆွန်း ကိုယ်တိုင်ကလည်း သူ၏စာပေ အဖွဲ့အနွဲ့များသည် ဖလော်ဘဲလားထံ တပည့်ခံခဲ့ရ၍ ဖလော်ဘဲယား၏ အဖွဲ့အနွဲ့နှင့် တူ သည်ဟု ဝန်ခံယူကာ ပြောဆိုလေ့ရှိသည်။

မိုပါဆွန်းသည် ဝတ္ထုတိုအဖွဲ့အနွဲ့၌ ကမ္ဘာ့စာရေးဆရာကြီးတဦး ဖြစ် သည်ဟု အသိအမှတ်ပြုခြင်း ခံရသော ပုဂ္ဂိုလ်ဖြစ်၏၊ သို့သော် မိုပါဆွန်း ၏ စာရေးသက်မှာ ဆယ်နှစ်မျှသာရှိ၍ အလွန် တိုတောင်း လှသည်။ သူ၏ ငယ်ဆရာ ဖလော်ဘဲယား ကွယ်လွန်ချိန်၌ သူ၏ အသက်မှာ ၃၀ မျှသာရှိသေးသည်။ ထိုအရွယ်တွင် ပထမရှေးဦးစွာ ဖြစ်ဖြစ် မြောက် မြောက် ဝတ္ထုတိုတပုဒ်ကို ရေးသားထုတ်ဝေသည်။ ထိုနောက် ဆယ်





နှစ်တာကာလအတွင်း ဝတ္ထုတိုပေါင်း ၃၀၀ ကျော်၊ ဝတ္ထုရှည် ၆အုပ်၊ ဆောင်းပါး အမြောက်အမြားတို့ကို ရေးသည်။ အသက် ၄၀ အရွယ်မှ လွန်သော် ရောဂါဝေဒနာစွဲကပ်သည်နှင့် စာမရေးနိုင် စာမဖတ်နိုင်ဖြစ် ရရှာသည်။

မိုပါဆွန်း ပထမဦးဆုံးရေးသားထုတ်ဝေသော ဝတ္ထုတိုမှာ 'အဆီ တုံး' ဟု အဓိပ္ပာယ်ရသော (Boule de Suif) ခေါ် ဝတ္ထုဖြစ်သည်။ ထိုဝတ္ထုကို စာရေးဆရာတက်တိုး ဘာသာပြန် ထားပြီဖြစ်၍ ကမ္ဘာ့ ဝတ္ထုတိုများကို ဝါသနာပါသူတို့သည် ဖတ်ရှုဘူးကြပေလိမ့်မည်။ ထို ဝတ္ထုကို မိုပါဆွန်း ပုံနှိပ်ထုတ်ဝေခဲ့ပုံမှာ အတော် အဖြစ်ဆန်းသည်။ ထို စဉ်က မိုပါဆွန်းသည် နာမည်ကျော် ပြင်သစ် စာရေးဆရာကြီး ဇိုလာ (Zola) နှင့် အပေါင်းအသင်း ပြုလုပ်နေသော အချိန်အခါဖြစ်သည်။ ဇိုလာသည် မိုပါဆွန်းထက် ဆယ်နှစ်ကြီးသည်။ ၁၈၄၀ ပြည့်နှစ်တွင် ဖွားမြင်၍ ၁၉၀၂ ခုနှစ်တွင် ကွယ်လွန်သူဖြစ်သည်။ မိုပါဆွန်းသည် ဇိုလာ၏ အိမ်ကို မိမိ၏စားအိမ် သောက်အိမ်ကဲ့သို့ သဘောထား၍ ထွက်ဝင်သွားလာလျက်ရှိစဉ်၊ သူနှင့်အလားတူ လူငယ် စာရေးဆရာ များနှင့် မိတ်ဆွေဖွဲ့မိသည်။ ဇိုလာအပါအဝင် ထိုလူငယ်စာရေးဆရာ များသည် စာပေနှင့်စပ်လျဉ်း၍ စိတ်တူသဘောတူ တိုင်ပင်ဆွေးနွေးကြ စမြဲဖြစ်သည်။ တနေ့သော် မိုပါဆွန်းအပါအဝင် လူငယ် စာရေး ဆရာ ငါးဦးတို့သည် ကိုယ်စီကိုယ်င ဝတ္ထုတိုတပုဒ်စီ ရေးကြသည်။ ထိုအချိန်၌ ဇိုလာသည်သာလျှင် နာမည်ရ စာရေးဆရာ ဖြစ်ခြင်းကြောင့် စာရေး ဆရာပေါက်စ ငါးဦး၏ ဝတ္ထုတိုများကို ဇိုလာ၏ ဝတ္ထုတိုနှင့်ပေါင်း၍ ပုံနှိပ်ထုတ်ဝေမှသာ သင့်မြတ်မည်ဟု တွက်ဆကြသည်။ ထို့ကြောင့် ထိုကဲ့သို့ ဝတ္ထုတိုများ စုပေါင်းထုတ်ဝေကြရန် သဘောတူကြလေ၏။ သို့သော် မည်သူ၏ဝတ္ထုတိုကို မာတိကာ၌ ရှေ့တင်၍ ထုတ်ဝေရမည် နည်းဟူသော ပြဿနာပေါ်လာသည်။ ထိုအခါ ဇိုလာက မဲချရန် အ ကြံပေးသည်။ ထိုအကြံအတိုင်း မဲချရာ၊ မိုပါဆွန်း မဲပေါက်သဖြင့် သူ၏

ဝတ္ထုတိုကို စာအုပ်ထဲတွင် ရွေးဆုံးကာတင်၍ ထုတ်ဝေလိုက်ကြ လေသည်။

'အဆီတုံး' ဝတ္ထုကို ဖတ်ရှုရသော ပရိသတ်သည် မိုပါဆွန်းကို ချက်ချင်းကြိုက်လာကြသောဟူ၏။ ဤသည်တွင် ပြင်သစ် စာနယ်ဇင်း ထုတ်ဝေသူတို့က မိုပါဆွန်းထံမှ ဝတ္ထုတိုစာမူများကို နားပူ နားဆာ တောင်းလာကြလေသည်။ မိုပါဆွန်းလည်း ပုံနှိပ် ထုတ်ဝေ သူတို့၏ လိုအင်ကိုဖြည့်ဆည်းရန် ဝတ္ထုတိုများကို တပုဒ်ပြီးတပုဒ် ရေးလေသည်။ ရေးသမျှ စွံသောကြောင့် ဝင်ငွေ အရှင်ဆုံးသော စာရေးဆရာ တဦး ဖြစ်လာလေသည်။

ဝင်ငွေရှင်လာခြင်းသည် မိုပါဆွန်းအား ကောင်းကျိုးပေးမည်လိုလို နှင့် ဆိုးကျိုးပေးလာသည်။ ဝင်ငွေကောင်းသဖြင့် မိခင်ကို ထောက်ပံ့ သဖြိုဟ်နိုင်၏။ ညီကိုလည်း ကျွေးမွေးပြုစုနိုင်၏။ မိမိမွေးဖွားရာ အရပ် ၌ အိမ်တဆောင်ကိုလည်း ဆောက်လုပ်နိုင်၏။ သို့ရာတွင် လူကုံထံ တဦးကဲ့သို့ ပဲရစ်မြို့တော်တွင် အခန့်စား သုံးဖြုန်း၍နေသောအခါ ရှုပ်စပ် လည်လာလေသည်။ ပဲရစ်မြို့တော်၏ ပွေလီဆန်းပြားလှသော ညလော ကထဲ၌ ကျင်လည်ဖန်များလတ်သော် ရောဂါရလာလေသည်။

၁၈၈၉ ခုနှစ်တွင် မိုပါဆွန်း၏ညီဖြစ်သူ ရူးသွပ်သော ဝေဒနာ စွဲ ကပ်လေ၏။ ဤကား မိုပါဆွန်းကို နိမိတ်ပြခြင်းနှင့် တူလေသည်။ မိုပါ ဆွန်းလည်း 'တနေ့ကျလျှင် ငါလည်း ထိုသို့ပင် ဖြစ်ရချေအံ့' ဟု ဥပါ ဒါန် စွဲကပ်လာလေသည်။ ထို့ကြောင့် ၁၈၉၁ ခုနှစ် ကုန်ခါနီး၌ မိုပါ ဆွန်းသည် စိတ်နှလုံးမကြည်မလင် ဖြစ်လာလေသည်။ ထိုနောက် မိမိ ကိုယ်ကို မိမိ နှစ်ကြိမ်တိုင်တိုင် သေကြောင်းကြံခဲ့၏။ သစ္စာရှိသော တ ပည့်ဖြစ်သူက ဆရာ၏အသက်ကို နှစ်ကြိမ်စလုံး ကယ်ခဲ့၏။ သို့ရာတွင် ၁၈၉၃ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် မိုပါဆွန်းသည် စိတ္တဇ ဆေးရုံ တခု၌ ရူးသွပ်သောဝေဒနာဖြင့် ကွယ်လွန်လေသည်။





မိုပါဆွန်းသည် ၁၈၇၀ ပြည့်နှစ်၌ ပြင်သစ်လူမျိုးနှင့် ပရုရှား (ဂျာမန်) လူမျိုးတို့စစ်ဖြစ်ကြရာစစ်ထဲတွင် ပါဝင် အမှုထမ်းခဲ့သည်။ထို့ ကြောင့် သူ၏စစ်သားဘဝ အတွေ့အကြုံများကို သူရေးသော ဝတ္ထုတို တွင် တွေ့မြင်ရသည်။ 'ခုတင်နံပတ် ၂၉' ဟူသောဝတ္ထုတို၌ ယောကျာ်း တကာနှင့်ဆက်ဆံရသော မိန်းမမျိုး၌ပင်လျှင် မြင့်မြတ်သော နိုင်ငံချစ် စိတ်ဓာတ်ဖွံ့ဖြိုးလျက်ရှိနေပုံကို ဖွဲ့နွဲ့ထားသည်မှာ လွမ်းဆွတ် ကြေကွဲ ဘွယ် ကောင်းရုံသာမက ဇာတိမာန်တက်ကြွဘွယ်လည်းကောင်းပေ သည်။ ပါးစပ်ပြော မျိုးချစ်စိတ်ဓာတ်ကို တရားယူဘွယ်လည်း ရှိပေ သည်။ မိုပါဆွန်းသည် စစ်တပ်မှထွက်လိုက်ပြီးသော် ပဲရစ်မြို့ ပင်လယ် ရေကြောင်းဌာနတွင် အလုပ်ဝင်လုပ်သည်။ သို့သော် ထိုအလုပ်ကို မွေ့ လျော်သည်မရှိချေ။ ထို့ကြောင့် သူ၏ဝတ္ထုတိုများတွင် ထိုလုပ်ငန်းကို စက်ဆုပ်ကြောင်း ဖော်ပြဖွဲ့နွဲ့လေ့ရှိသည်။ သို့ပါသော်ငြားလည်း ရေ ကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း၌ ထူးထူးဆန်းဆန်းတွေ့ရှိရပုံကို 'ပိုးဥ' ဟု အမည်ပေးထားသော ဝတ္ထု၌ ကူနိုဂ်ကို ဖတ်ရှု နိုင်သည်။ လူ့ဘဝ၏ ဆန်းကြယ်သော အဖြစ်သနစ်ကို ဖွဲ့ဆိုထားပုံမှာ ကျေ့လည် ဆန်းပြားသော အခြင်းအရာတို့အတွက် အပြစ်တင်ရတော့ မလိုလိုနှင့် ကရုဏာတရားကိုနိုး၍ ပေးလိုက်ပုံမှာ မိုပါဆွန်း၏ ပြောင်မြောက် သော လက်ရာပင်ဖြစ်သည်။ ရေကြောင်းဌာနတွင်အလုပ်လုပ်ပြီးသော် ထိုဌာနမှထွက်၍ စိတ်ကြိုက်ဖြစ်သော ပညာရေးဌာနသို့ မိုပါဆွန်းသည် ကူးပြောင်းလာခဲ့၏။ ထိုအချိန်မှစ၍ အမည်ဝှက်ဖြင့် ဝတ္ထုတို များကို စတင်ရေးသားခဲ့သည်။ သို့ရာတွင် အထက်၌ ပြဆိုခဲ့သည့်အတိုင်း ထို ဝတ္ထုတိုများကို လူသိမများချေ။ 'အဆီတုံး'ဝတ္ထုတိုကို ရေးသော အခါကျမှပင်လျှင် ပထမဦးစွာ စာရေးဆရာတည်းဟူသော အမည်နာမ ကို ခံယူနိုင်သည့်အခြေသို့ ဆိုက်ရောက်ခဲ့လေသည်။ ပညာရေးဌာန၌ လုပ်ကိုင်နေစဉ် 'စိန်ပန်းကုံး' ဟူသော ဝတ္ထုတိုကို ရေးသည်။ ထို ဝတ္ထုတိုမှာ ပညာရေးဌာန မှုထမ်းရာထမ်းတို့၏ ကြေကွဲစရာကောင်း

သဘောဘာဝကို အမှန်အတိုင်းမြင်အောင် သရုပ်ဖော်ပြသော ဝတ္ထုတိုဖြစ်သည်။

ဆယ်နှစ်အတွင်း မိုပါဆွန်းရေးခဲ့သော ဝတ္ထုတိုတို့ကို လူကြိုက် အလွန်များလာသောအခါ အချို့သော ပုံနှိပ်ထုတ်ဝေသူတို့သည် မိုပါဆွန်းအမည်ကို ခိုး၍တပ်ပြီးလျှင် ဝတ္ထုတိုများကို ထုတ်ဝေကြလေသည်။ ၁၉၄၉ ခုနှစ်တွင် ကမ္ဘာ့စာပေရှင်များသည် မိုပါဆွန်း ဝတ္ထုတိုများကို သုတေသနပြုကြသောအခါ မိုပါဆွန်း အကယ်မရေးဘဲနှင့် ရေးသည်ဟု အမည်တပ်ထားသော ဝတ္ထုတိုပေါင်း ငါးဆယ်ကျော်တို့ကိုတွေ့ရှိကြသည်။ ထို့ကြောင့် မူလစာရေးဆရာ ကိုယ်တိုင်ရေး ဝတ္ထုများကို သန့်စင်အောင် အတုများကို ဖယ်ရှားသုတ်သင်ခဲ့ကြရလေသည်။

မိုပါဆွန်း၏ အဖွဲ့အနွဲ့ကို ဝေဖန်ရေးသမားတို့က အမျိုးမျိုး ဝေဖန်ကြသည်။ အများသောသူတို့က မိုပါဆွန်းသည် လူ့ဘဝ၌ ကြုံတွေ့ရသော အနိဋ္ဌာရုံတို့ကို ကွင်းကွင်းကွက်ကွက် ထင်လွယ် မြင်လွယ်အောင် တင်ပြတတ်သည်။ ဤသို့တင်ပြရာဝယ် တရားကျကြပါစေရန် ဟူသော ရည်ရွယ်ချက်ဖြင့် ဆိုဆုံးမခြင်းကိုမပြု၊ ပကတိ အမှန်ကို အမှန်အတိုင်း ထင်စေမြင်စေအောင် သရုပ်ဖော်ပြခြင်းမျှသာဖြစ်၏ဟုဆိုကြသည်။ အဓိပ္ပာယ်မှာ မိုပါဆွန်း၏ စာသံပေသံတို့၌ ဓမ္မကထိကလေသံမပါ။ လူ့လောက အကြောင်းကို ဒိဋ္ဌမြင်စေသတည်းဟူသော ရည်ရွယ် ချက်သာ ပါသည်ဟု ဆိုလိုခြင်းဖြစ်၏။ သို့ရာတွင် အသေအချာ စဉ်းစားကြည့်လျှင် မိုပါဆွန်း၌ စာရေးဆရာတို့၏ မူလစေတနာအရင်းခံ ရှိမြဲရှိသည်ဟု တွေ့ရပေမည်။ စာရေးဆရာတို့၏ စေတနာမှာ ထုတ်ဖော်ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ၊ လောကကောင်းကျိုးကို ရှေ့ရှုသော စေတနာပင်ဖြစ်သည်။ မိုပါဆွန်းက ဒိဋ္ဌဓမ္မတို့ကို တင်ပြသောအခါ စာဖတ်သူတို့ တရားကျပါစေဟူသော ရည်ရွယ်ချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ထိရောက်ပြောင်မြောက်သော အဖွဲ့အနွဲ့ကိုလိုက်၍ စာဖတ်သူတို့က တရားသံဝေယူသင့်သည်တို့ကို ယူကြစမြဲဖြစ်သည်။ ထို့





ကြောင့် မိုပါဆွန်းသည် လူတို့၏ လောဘ၊ ဒေါသ၊ မောဟ၊ မာန စသော စရိုက်တို့ကို ဖွဲ့နွဲ့ရာ၌ တစုံတခုသော ဥပဒေသကို ညွှန်မပြသော်ငြားလည်း သူ့စာကို လေးလေးနက်နက် လေ့လာလျှင် ဒုက္ခကို ဒုက္ခ မှန်းသိရသည်နှင့်ပင် တရားကျဘွယ်ရာ ဖြစ်လာရပေသည်။

အချို့သော အကဲဖြတ်သမားတို့ကမူကား မိုပါဆွန်းသည် ဖိုမ ခြင်းရာတို့ကို ဖွဲ့ဆိုလေ့ရှိခြင်းကြောင့် ဖိုမကိစ္စ ဝတ္ထုရေးဆရာ ဖြစ်သည်ဟု ပေါ့ပေါ့တန်တန်ဆိုကြသည်။ သို့ရာတွင် မိုပါဆွန်းသည် ဣတ္ထိလိင် ပုလ္လိင်ကိစ္စတို့ကို ထိုကိစ္စအလို့ငှာသာလျှင် အကျယ်ချဲ့၍ ဖွဲ့ဆိုသူ မဟုတ်။ သူ့အကြောင်းနှင့်သူ တိုက်ဆိုင်သည့်အခါ ဖိုမသဘာဝကို ပေါ်လွင်အောင်ရေးသည်။ သူ၏ ရေးပုံသားပုံမှာ စုတ်နိုင်သောပန်းချီ ဆရာသည် မိမိလိုရာ ရုပ်ပုံလွှာကို စုတ်တချက်သာဆွဲ၍ ပေါ်အောင် ရေးချယ်တီသကဲ့သို့ရှိသည်။ ဝိသေသပြုလိုသော နေရာတွင် စာတလုံး စာတကြောင်းတည်းဖြင့် လိုရာအဓိပ္ပာယ်ပေါ်အောင် ရေးနိုင်သော အရည်အသွေးသည် မိုပါဆွန်း၏ အရည်အသွေးဖြစ်သည်။ မိုပါဆွန်း သည် တစုံတခုကို လေးနက်စေလိုသောကြောင့် ထပ်ကာ ထပ်ကာ ဇာချဲ့၍ ဖွဲ့နွဲ့သော ကိစ္စမျိုးကို ရှောင်သည်။ ပရိသတ် ကြိုက်တတ်သော အစာကို ထပ်ကာ ထပ်ကာကျွေးလျှင် စားရသူသည် အီလယ်လယ် ဖြစ်ရတို့သာရှိသည်။ စာပေအရာ၌လည်း ပရိသတ်ကြိုက်မည်ထင်သော အကြောင်း အရာ တခုကို ထပ်ကာ ထပ်ကာ ဝိသေသ ပြုနေပါလျှင် အလိုရှိအပ်သော အဓိပ္ပာယ်သည် ကွယ်ပျောက်၍၊ မလိုလား အပ်သော အဓိပ္ပာယ်တို့သည်သာလျှင် အနှံ့အပြား မှုန်ဝါးဝါးနှင့် ကျန်ရစ်တတ်သည်။ မိုပါဆွန်း၏ အဖွဲ့အနွဲ့မှာ ဤအပြစ်မှ ကင်းစင်သည်။ ထို့ကြောင့် မိုပါဆွန်းက ငါးပါးအာရုံ ကာမဂုဏ်အကြောင်း ဖွဲ့နွဲ့သည့် အခါ စာဖတ်သူတို့၏စိတ်တွင် ထိုကာမဂုဏ်တို့၌ကပ်ငြိသော ဝေဒနာ ပေါ်မလာဘဲ လောကသဘာဝကို ကြည့်၍ တရားသံဝေဂ ယူလိုသော ဆန္ဒသာလျှင် တဖွားဖွားပေါ်ပေါက်လာတတ်ပေသည်။

မိုပါဆွန်း၏ အဖွဲ့အနွဲ့သည် ထူးတွေ ဆန်းကြယ်သော အဖွဲ့အနွဲ့ မဟုတ်။ သို့ရာတွင် လူ့ စိတ်နှလုံးကို ဆွဲဆောင်ရန် 'အလှည့်' များကို တီထွင်ရာ၌ စာဖတ်သူ၏ သိချင်စိတ်ကို ဆွပေးတတ်သည်။ ထို့ကြောင့် စာဖတ်သူမှာ သူ့စာကိုဖတ်ရင်း မချင့်မရဲ ဖြစ်ကြရသည်။ ဝတ္ထု အနုပညာသဘော၌ အစတွင် ဇာတ်လမ်းကို ပျိုးပေးပြီးလျှင် ဇာတ်လမ်း၏ အခေါင်အဖျား အထွတ်အထိပ်သို့ ရောက်အောင် တဖြည်းဖြည်းပို့ပေးရသည်။ အထွတ်သို့ ရောက်ပြီဟု ဆိုလျှင် စာရေးသူသည် နောက်ထပ် စကားကြောမရှည်တော့ဘဲ အလောတော်၌ လေပြေထိုးကာ နိဂုံးချုပ်လေသည်။ ဤသို့ အထွတ်သို့ ရောက်အောင်ပို့၍ အဆုံးသတ်ရသည့်ကိစ္စသည် အရေးကြီးသည်နှင့်အမျှ ခက်လည်း ခက်သည်။ မကျွမ်းကျင်သူတို့သည် မိမိ ဝတ္ထု အဆုံးသို့ ရောက် ပါ သော် လည်း ရောက်မှန်းမသိ၍ နိဂုံးချုပ်ရမည့်နေရာတွင် နောက်ထပ်တဖန် နိဒါန်း ပျိုးပေး နေဘိသကဲ့သို့ ရှိတတ်သည်။ မိုပါဆွန်း၏ ဝတ္ထုတိုများမှာ ဤအပြစ်မှကင်းသည်။ မိုပါဆွန်းသည် မိမိ ဝတ္ထုကြောင်းကို အထွတ်သို့ရောက်အောင် ပို့ပြီးသည့်နောက် ထိုအထွတ်မှ နိဂုံးသို့ ပြေပြစ်ညင်သာစွာ သက်ဆင်းသည်။ သို့သော် နိဂုံးချုပ်သည့်အခါ အများမစဉ်းစားမိသောအချက်ဖြင့် ဇာတ်သိမ်းလေ့ရှိသည်။ ပရိသတ်တို့က ဇာတ်ပေါင်းလျှင် ကေန္ဒ မင်းသမီးနှင့်မင်းသားညားလိမ့်မည်ဟု ထင်မြင်နေဆဲ၊ မင်းသမီးနှင့်မင်းသားကွဲသွားသည်ဟုဆိုလျှင် မည်မျှ မချင့်မရဲဖြစ်ကြရလိမ့်မည်နည်း။ သာဓက အားဖြင့် 'စိန်ပန်းကုံး' ဝတ္ထုကို လေ့လာလျှင် ဤသဘောကိုတွေ့နိုင်သည်။

ဘာသာပြန်သူသည် မိုပါဆွန်း ဝတ္ထုတိုများအနက် 'စိန်ပန်းကုံး' ကို ရွေးဦးစွာ ဘာသာပြန် ခဲ့သည်။ ထိုဝတ္ထုတိုကို ၁၉၃၀ ခုနှစ် ဇန်နဝါရီလထုတ် ဂန္ထလောက မဂ္ဂဇင်းတွင် ထည့်သွင်းခဲ့ လေသည်။ 'စိန်ပန်းကုံး' ဝတ္ထု၌ မင်းပွဲသဘင်တွင် ပွဲတိုးလိုလှသော မင်းမှုထမ်း လင်မယားနှစ်ဦးသည် စိန်ပန်းကုံးအငှားဖြင့် ဟန်ခေတ်ခုတ်ကြသည်၊





အငှား စိန်ပန်းကုံးပျောက်ဆုံးသွားသောအခါ အလားတူ စိန်ပန်းကုံး တကုံးကို အကြွေးဝယ်၍ အစားထိုးခဲ့ရလေသည်။ ဤအဖြစ်ကို ကြည့်လျှင် ထိုမင်းမှုထမ်း လင်မယားကို အလွန်သနားဘို့ ကောင်းသည်။ စင်စစ် စာဖတ်သူမှာ ဖတ်ရင်း ဖတ်ရင်းနှင့် ထိုလင်မယား နှစ်ဦးကို အလွန်သနားလာကြသည်။ ဤကဲ့သို့ သနား ကရုဏာ စိတ်ထားများ ပွားများလာသော အချိန်၌ ဥစ္စာရှင်က မိမိငှားလိုက်သော စိန်ပန်းကုံးမှာ ဘာမျှ အဖိုးမတန်သော အတုမျှသာဖြစ်ကြောင်း ထုတ်ဖော်ပြောပြလေသည်။ ဤသို့ထုတ်ဖော်ပြောပြသည်မှာ သာ၍ ဆိုးသည်။ စိန်ပန်းကုံးအစစ်အတွက် ဒုက္ခခံရသော အဖြစ်သည် ရင်ထုမနာ ဖြစ်၏။ သို့သော် အတုအတွက်ဒုက္ခခံရသည်မှာ သာ၍ သာ၍ပင် ရင်ထုမနာ ဖြစ်စရာကောင်း၏။ ဤတွင်ဇာတ်ကြောင်းသည် နာသထက် နာလာပြီ ဖြစ်၍ စာရေးသူသည် 'ဩော် ဖြစ်မှ ဖြစ်ရလေ' ဟူသော အာမေဋိတ်ဖြင့် လေပြေထိုးကာ အဆုံးသတ်ခဲ့သည်။

ဂန္ထလောကမဂ္ဂဇင်း၌ 'စိန်ပန်းကုံး' ဘာသာပြန် ပါလာပြီးသည့် နောက် တခုသော ဂျာနယ်တွင် တစုံ တယောက်သော သူက ထို ဘာသာပြန် အတိုင်း ခိုးချ၍ ထည့်သွင်း ဖော်ပြခဲ့ လေသည်။ ထိုသို့ မိမိကိုယ်ပိုင်ဥာဏ်ဖြင့် ရေးလေဟန် ထည့်သွင်း ဖော်ပြရာ၌ စာခိုးသူသည် နိဂုံးစာပိုဒ်များမှလွဲ၍ အားလုံးကို တသဝေမတိမ်း ကူးယူဖော်ပြသည်။ နိဂုံးပိုင်း၌မူကား မိုပါဆွန်း၏အနုပညာမာယာကို နားမလည်သောကြောင့် စာဖတ်သူ၏ စိတ်ကို မခံချိမခံသာဖြစ်အောင် ဆွထားသော အချက်ကိုပယ်၍၊ အဆုံးသတ်စကားတို့ကို မိမိကိုယ်ပိုင် ဥာဏ်ဖြင့် ရေးလေသည်။ ဝတ္ထုဇာတ်လမ်းကို သူအဆုံးသတ်ပုံမှာ စိန်ပန်းကုံး အတွက် ဒုက္ခခံ၍ ငွေစုခဲ့သည့် အခြင်းအရာများ အချည်းနှီးအလဟဿ မဖြစ်ဘဲ ငွေစုသဖြင့် အကျိုးခံစားရပုံ ဖြစ်လေသည်။ စာခိုးသူသည် ဇာတ် 'နာ' လွန်းသဖြင့် သည်းမခံနိုင်ဖြစ်လာပြီးလျှင် ဇာတ်လမ်းကို ပြင်၍ ရွှင်ရွှင်နှင့်အပြီးသတ်ပေးလိုက်ခြင်းဖြစ်သည်။ သို့သော် ထိုကဲ့သို့

အနုပညာမာယာကို မခေါက်မိဘဲ ပြုပြင်လိုက်သော အခါ စာ၏ အရသာသည်ပျက်လေ၏။ မူလ စာရေးဆရာ၏အနုပညာသည်လည်း အဖတ်ဆယ်မရအောင် ဖြစ်ရလေသည်။ ဤစကားကို အလျဉ်းသင့်၍ ဆိုလိုက်သည်မှာ သမ္ဘာရင့်သော စာပေပညာရှင်တို့၏ အနုပညာ အတိမ်အနက်ကို အကဲဖြတ်ရန် စွမ်းဆောင်နိုင်ကြစေဘို့ရာ ရည်ရွယ်၍ ဆိုခြင်းဖြစ်သည်။ စာခိုးသူ၏အပေါ်၌ မည်သို့မျှ စိတ်မရှိပါ။ အနုပညာ၏ သဘော၌ ရပ်တန်း၌ ရပ်တတ်ဖို့ အရေးကြီးသည်။ သိန္ဓောမြင်းကို အပြင်းနှင်သည့် အခါ ဇက်ချုပ်တတ်လျှင် အလွန်ကြည့်၍ ကောင်းသည်။ ဇက်မချုပ်တတ်လျှင် မြင်းပေါ်မှ ဒလိမ့်ခေါက်ကွေး ကျတတ်သည်။

‘စိန်မန်းကုံး’ကို ဘာသာပြန်ခဲ့ပြီးသည့် နောက်ပိုင်းတွင် မိုပါဆွန်း ဝတ္ထုတိုများကို ဆက်လက် ဘာသာပြန်ရန် ရည်ရွယ်ခဲ့ပါသော်လည်း စစ်တည်းဟူသော အကြောင်းကြောင့် ရည်ရွယ်ချက် အထ မမြောက်ခဲ့ပါ။ ဒုတိယ ကမ္ဘာစစ်ကြီးပြီးသောအခါ၌မူ ဒဂုန်တာရာက ‘တာရာ’ မဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်၍ မိုပါဆွန်း ဘာသာပြန်များဖြင့် သူ့အား ကူညီပါရန် ပြောကြားသဖြင့် ဘာသာပြန်သူသည် ၁၉၄၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်အတွင်း ယခုစာအုပ် မာတိကာ အမှတ်စဉ် ၂ မှ ၁၀ အထိသော ဝတ္ထုတိုများကို ဘာသာပြန် ပေးခဲ့ပါသည်။ သို့သော် ‘တာရာ’ မဂ္ဂဇင်း ရပ်စဲသွားသောအခါ နောက်ထပ် ဘာသာပြန်ခြင်း မပြုနိုင်တော့ချေ။ ‘ငွေတာရီ’ မဂ္ဂဇင်း ထွက်ပေါ်လာသော အခါ၌မူကား မဂ္ဂဇင်း အယ်ဒီတာ ဦးဝင်းမောင် (မင်းယုဝေ)က ‘တာရာ’ မဂ္ဂဇင်း၌ ရေးလက်စရှိသော မိုပါဆွန်း ဝတ္ထုတိုများကို နောက်ထပ် ဆက်လက် ဘာသာပြန်ရန် တိုက်တွန်း ပြန်ပါသည်။ ထို့ကြောင့် ၁၉၆၁ ခုနှစ် ဇွန်လထုတ်‘ငွေတာရီ’မဂ္ဂဇင်းမှ အစပြု၍ ၁၉၆၂ ခုနှစ် အောက်တိုဘာလထုတ်အထိ မာတိကာအမှတ်စဉ် ၁၁ မှ ၁၉ အထိ ဝတ္ထုတိုများကို ဘာသာပြန်ပေးခဲ့ပါသည်။ ၁၉၆၅ ခုနှစ် ဒီဇင်ဘာလ





ထုတ် ငွေတာရီအတွက် အမှတ်စဉ် ၂၀ ကို ဘာသာပြန်ပေးခဲ့ပါသည်။ ထိုနောက် ၁၉၆၆ ခုနှစ် ဇန်နဝါရီလထုတ်မှ အစပြု၍ ဇွန်လထုတ် အထိ ကျန်အမှတ်စဉ်ပါ ဝတ္ထုတိုများကို ‘ငွေတာရီ’ ၌ပင် ဆက်လက် ရေးသားထည့်သွင်းခဲ့ပါသည်။

ယခု ထိုဘာသာပြန် ဝတ္ထုတိုများကို တပေါင်းတည်းပြု၍ ပုံနှိပ်ထုတ်ဝေပါသည်။ ယင်းသို့ ပုံနှိပ်ထုတ်ဝေရာ၌ ဝတ္ထု အစီ အစဉ် တို့သည် ဘာသာပြန်သူ မှီငြမ်းပြုသော မိုပါဆွန်း ဝတ္ထု စာအုပ်များ အတိုင်း မဟုတ်ပါ။ ဘာသာပြန်သောနေ့စွဲအလိုက် စီစဉ်၍ ထည့်သွင်းပါသည်။

ဤဘာသာပြန်များကို ပြန်လည်ထုတ်ဝေရန် မူလစာမူများနှင့် ပုံနှိပ်ပြီး စာမူများကို ရှာဖွေရာ၌ စုံလင်စွာ ရှာဖွေ၍ မတွေ့ပါ။ ဝတ္ထုတို တပုဒ်မှာ မူကြမ်းရော ပုံနှိပ်မူပါ ပျောက်ဆုံးနေပါသည်။ ထို့ကြောင့် ထိုဝတ္ထုအမည်ကိုပင်လျှင် မမှတ်မိတော့ပါ။ သို့ရာတွင် ဝတ္ထုတိုမူရင်းကို ကောင်းစွာ သိသည်။ ထို့ကြောင့် ထိုဝတ္ထုတိုကို အသစ် ဘာသာပြန်၍ ထည့်ပေးလိုက်လျှင် စုံစုံလင်လင် ဖြစ်ပေလိမ့်မည်။ သို့ပါသော်ငြားလည်း အသစ် ဘာသာပြန်၍ ထည့်သွင်းခြင်း မပြုလိုက်ချေ။ အကြောင်းမှာမူ ဤဝတ္ထုတိုများထွက်ပေါ်လာလျှင် အချို့သော စာဖတ်သူတို့သည် ယခုရှာမတွေ့သေးသော ဝတ္ထုတိုကို ပြန်လည်တွေ့ရှိကောင်း တွေ့ရှိကြလိမ့်မည်ဟု မျှော်လင့် အားထားမိခြင်းကြောင့် ဖြစ်ပါသည်။ အကယ်၍ ထိုသို့တွေ့ရှိခဲ့ကြပါလျှင် ဘာသာပြန်သူအား ကူညီ ယိုင်းပင်းကြရန် မေတ္တာရပ်ခံလိုပါသည်။

‘သူတို့သားအမိ’ ဟု အမည်ပေးထားသော ဝတ္ထုတိုနှင့်စပ်လျဉ်း၍လည်း ပုံနှိပ်ပြီး စာကိုရှာ၍ မတွေ့ခဲ့ပါ။ ရရာ စာရွက်အသွတ်တခုပေါ်တွင် အသော့ရေးခြစ်ထားသော မူကြမ်းတခုကိုသာလျှင် ရှာ၍ရခဲ့ပါသည်။ ထိုမူကြမ်း၌ ဝတ္ထု အမည်ပင်လျှင် တပ်မထားရ သေးချေ။ ထို့ကြောင့် ထိုဝတ္ထုပုံနှိပ်ထုတ်ဝေစဉ်က မည်သို့ အမည်ပေးခဲ့သည်ကို

မမှတ်မိတော့ပါ။ ယခုမှာမူ ထိုဝတ္ထုကို အမည်သစ်ပေးပြီးလျှင် စာမူကြမ်းကို အချောကိုင်၍ ပြန်လည်ထည့်သွင်းထားပါသည်။

ကျန်ဝတ္ထုတိုများကို ထိုက်သင့်သလောက် ပြန်လည် တည်းဖြတ်ထားပါသည်။ ပြန်လည်တည်းဖြတ်ပုံမှာ ပုဒ် ပဒ ဝါကျ အမှားများကို ပြင်ဆင်ခြင်း၊ စာကျနေသည်ကို ပြန်လည်ဖြည့်စွက်ခြင်း၊ ဘာသာပြန်ရာ၌ မတိမကျခြင်း၊ မှားယွင်းခြင်းရှိသည်တို့ကို ပြန်ပြင်ခြင်းဟူ၍ဖြစ်ပါသည်။ မူလက ဘာသာပြန်ထားသည့် အရာနှင့် ယခုတည်းဖြတ်လိုက်သော အရာသည် ကြီးကြီးကျယ်ကျယ် ကွဲပြားခြားနားခြင်း မရှိပါ။

မိုပါဆွန်းနှင့် တကွ နိုင်ငံခြားဝတ္ထုရေး ဆရာများ၏ ဝတ္ထုတိုကို ဘာသာပြန်ရာ၌ ဘာသာပြန်သူသည် ဖန်မီးအိမ် စာအုပ်တိုက်မှဖြန့်ချိသော ပုရှကင် (Pushkin) ရေး 'မုန်တိုင်းထဲက နှမ်းစာ' ဝတ္ထုတိုများ၏ နိဒါန်းတွင် ပါရှိသည့်အတိုင်း ရည်ရွယ်ချက်တခုကို ထားရှိပါသည်။ ထိုရည်ရွယ်ချက်မှာ ပညာမျက်စိပွင့်အောင် နိုင်ငံခြား စာပေနည်း နိသျှတို့ကိုလေ့လာသူတို့အဖို့ အကျိုးရှိရာရှိကြောင်း ဖြစ်ပါစေရန် ရည်စူးသော ရည်ရွယ်ချက် ဖြစ်ပါသည်။ ဘာသာပြန် သူသည် ငယ်ရွယ်စဉ်က နိုင်ငံခြားစာပေများကို ဖတ်ရှုရာတွင် အရသာရှိသော စာကောင်း ပေကောင်းနှင့်တွေ့လျှင် မိမိ၏ အပေါင်းအဖော် မိတ်သင်္ဂဟတို့ကို သတိရမိသည်။ စားကောင်းသောက်ကောင်းကိုတွေ့လျှင် မိတ်ကောင်း ဆွေကောင်းကို သတိရဘိသကဲ့သို့ ဖြစ်ပါသည်။ ထို့ကြောင့် မိမိကြိုက်နှစ်သက်သော စာပေအရသာကို မိမိ မိတ်သင်္ဂဟ တို့လည်း ခံစားနိုင်ကြပါစေဟူသော ရည်ရွယ်ချက်ဖြင့်သာ ဘာသာပြန်ခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် နှောင်းခေတ်၌မူကား နှောင်းလူတို့သည် ကမ္ဘာ့စာပေကို လက်လှမ်းမှီအောင် ကြိုးပမ်းရာ၌ မိမိသည် တတ်အားသမျှ ကူညီသင့်သည်ဟု ယူဆမိသောကြောင့် အရသာ အထွေထွေ အထူးထူးရှိသော မိုပါဆွန်းအပါအဝင် ကမ္ဘာ့စာပေ ပညာရှင်များ၏စာတို့ကို တင်ပြလျက်ရှိပါသည်။ ဘာသာပြန်ရာ၌ မူရင်း စာရေး ဆရာ၏





အာဘော်ကို တတ်နိုင်သမျှ တိတိကျကျ ထုတ်ဖော်ပေးနိုင်ရန် ကြိုးစားထားပါသည်။ နိုင်ငံခြား အမည်နာမတို့ကို မြန်မာလို အသံလှယ်၍ လွယ်လျှင် မူရင်းနှင့်နီးစပ်အောင် အသံလှယ်၍ ထည့်ပါသည်။ အသံလှယ်ရာ၌မလွယ်သော အမည်များနှင့် မြန်မာ့နားတွင်မဝင်ဆန့်သော အမည်များကိုမူကား၊ မြန်မာအမည်နှင့် ထားပါသည်။ ဤသို့ မြန်မာအမည်ကို ဆီလျော်အောင် ယူသည့် အခါ အကြောင်း ခြင်း တနှင့် လေ့ထုံးစံတို့ကို မြန်မာဆံအောင် ပြုပြင်ပါသည်။ အနောက်တိုင်းသားတို့ကို မြန်မာလို ဝတ်ဆင် ပေးရာ၌ အဆင်မပြေဟု ဆိုပါလျှင် ဘာသာပြန်သူ၏အပြစ်ပင် ဖြစ်သည်ဟုယူဆကြပါကုန်။ သို့သော် ကမ္ဘာ့စာပေများကိုလေ့လာရာ၌ ဘာသာပြန်သူ၏ အပြစ်ကိုဖယ်၍ မူရင်း စာရေးဆရာ၏ စာရေးခြင်း အတတ် ပညာတို့ကို အရ ယူနိုင်ကြရန် ကြိုးပမ်းသင့်ကြောင်း အဆိုပြုပါသည်။

ဘာသာပြန်သူ

ရန်ကုန်မြို့
၁၉၆၆ ခု ဇွန်လ ၁၃ ရက်

## စိန်ပန်းကုံး

ခမျာမှာ လှပတင့်တယ် နှစ်လိုဘွယ်ရာ ရှိသော်လည်း အကျိုးပေးနံ့နဲ့သောကြောင့် သာမန် အောက်တန်းစား ဘဝသို့ ကျရောက်နေရရှာသော မိန်းမစားထဲက ဖြစ်သည်။ ခန်းဝင်ပစ္စည်းကလည်း မတင်နိုင်၊ မြှော်ကိုးစရာလည်း မရှိ။ လူကုံထံတို့နှင့် ချစ်ခင်ရင်းနှီး ဆက်ဆံနိုင်လောက်အောင်လည်း ကျော်စောကိတ္တိကင်းမဲ့ဘိရကား၊ ပညာဘက်တွင် လုပ်ကိုင်နေသူ လူနုံ တယောက်နှင့် အကြောင်းဆက်မိလေသည်။

သူများထက်ထူး၍ မဆင်နိုင်သောကြောင့် ရိုးရိုးပင် ဝတ်ရစားရသည်မှာ လူ့ဘဝတွင် ကြုံရလေသမျှ ဆင်းရဲစုတို့၏ဘုံကျွန်ခံရခြင်းပင် ဖြစ်လေသည်။ မိန်းမဟူသောဇာတ်သည် အမျိုးဂုဏ်အဆင့်အတန်း ခြားနားခြင်း မရှိလေ။ လှပခြင်း၊ ကျက်သရေရှိ

ခြင်း၊ တပ်မက်စေနိုင်ခြင်း တို့သည်သာလျှင် အမျိုးကောင်းတို့၏ လက္ခဏာဟု ဆိုရပေမည်။ အကောင်းအဆိုး ခွဲခြားတတ်၍ ဒူးနေရာဒူး တော်နေရာတော် သိတတ်ပြီးလျှင် မိန်းမတံထွာ နူးညံ့သောစိတ် ရှိခဲ့ပါမူ မိန်းမတို့၏ဂုဏ်နှင့် ပြည့်စုံပြီဟု ဆိုနိုင်လေရကား၊ ဆင်းရဲနွမ်းပါးသူ၏ သမီးရတနာများသည် ကမ္ဘာ၏ မိန်းမမြတ်တို့တွင် ပါဝင်စမြဲဖြစ်လေသည်။

ထို့ကြောင့် မိမိသည် ယဉ်ကျေးသူ စည်းစိမ်ရှင် အထက်တန်းစားဘဝသို့ ရောက်နိုင်သည်ဟူ၍ စိတ်တွင် အစွဲရှိခဲ့လေသည်။ သိမ်ဖျင်းသော အိုးအိမ်တို့မှာ သူအား များစွာ နာကျည်းစေသည်။ ဆင်ပြင်ခြင်း ကင်းမဲ့သော နံရံ၊ ဟောင်းဆွေးသော ကုလားထိုင်တို့နှင့် အဆင်မပြေသော နေရာထိုင်ခင်းများမှာ ခမျာအား စိတ်မချမ်းမြေ့နိုင်အောင် ပူးပေါင်း၍ နှိပ်စက်နေတော့သည်။ သူ့လိုအစားထဲက အခြားမိန်းမသားဆိုလျှင် ဤအချိန်မျိုး၌ စိတ်ကို ထိခိုက်နိုင်ဘွယ်ရာ အကြောင်း မရှိသော်လည်း သူ့အဖို့မှာမူ စိတ်ဆင်းရဲစရာ အကြောင်းပင် ဖြစ်ချေသည်။ အိမ်မှုကိစ္စကို ဆောင်၍ နေရသော မိမိ၏အစေခံကိုမြင်မိလိုက်လျှင်ပင် စိတ်ညစ်ညူးဘွယ် ဝမ်းနည်းစရာတို့ကိုတွေးမိသည်။ နွေးလှသော ပတ်ဝန်းကျင်တွင် ပြိုးပြိုးပြက်ပြက် တခဲနက် တောက်ပြောင် သစ်လွင်သော တန်ဆာများ ဆင်ယင်လျက် အိပ်ဖန်စောင့်ရင်း ပက်လက်ကုလားထိုင်ပေါ်တွင် မှိန်းကာ နေကြသော ကျေးကျွန်များ ခြံရံ၍ မြင့်မားသော သိုးဆီတိုင်တို့ဖြင့် ထိန်လင်းလျက် အရှေ့တိုင်းထွက် ကော်ဇောကြီးများ ခင်းထားအပ်သော ငြိမ်ဆိမ်သည့် ခန်းမကြီးတို့ကို တပ်မက်သောစိတ်ဖြင့် ထင်မြင်မိသည်။ အဖိုး





မဖြတ်နိုင်သော ရတနာတို့မွမ်းမံချယ်လှယ်၍ အဖိုးတန်အိမ်ထောင်ပရိဘောဂ အစုံအလင်နှင့် ရှေးဟောင်းကျသော ပိုး အကောင်းစားတို့ဖြင့်၊ ခန်းစီးပြုလုပ်ထားအပ်သော ဧည့်ခန်းမကြီးတွင် လွန်စွာ ချစ်ကျွမ်းဝင်သူ ရောင်းရင်းများ၏ ဗိုလ်ပုံ အလယ်တွင် ယောကျ်ားတိုင်းတို့၏ ဂရုစိုက်ခြင်းခံရသော အထက်တန်းစား ဧည့်သည်များအား တခမ်းတနား ဧည့်ခံနိုင်လောက်သော အခင်းအကျင်းများကိုလည်း အိပ်မက်မိသေးသည်။

သုံးရက်တာမျှ မလျှော်ဖွတ်ရသေးသော စားပွဲခင်းကို ခင်း၍ ညစာစားရန် စားပွဲဝိုင်းတွင် လင်တော်မောင်နှင့်အတူ ယှဉ်ထိုင်သည်။ မျက်နှာချင်းဆိုင်လိုက်လျှင်ပင် ခင်ပွန်းသည်က ဟင်းပန်းကန်အဖုံးကိုဖွင့်ရင်း "ဟင်းကလေးက တကယ် ကောင်းသကွာ။ ဘာနဲ့မှ မယှဉ်နိုင်ပါဘူး"ဟု ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းလိုက်သည်။ ထိုအခါများတွင် ကြီးကျယ်ခမ်းနားသော စားပွဲ သောက်ပွဲများကိုရင်း၊ နံရံပတ်လည်တွင် ဆင်ပြင်ထားသော ဇာထိုး ခန်းစီးများမှ ရှေးဟောင်း ဇာရုပ်များ သူ့အားစိုက်၍ ကြည့်နေဟန်ကိုရင်း၊ ကြည်နူးဘွယ်ရာ ဝေမှိုင်း၍နေသော တောတောင် ရေမြေတို့မှ အံ့ဘွယ်ရာ ငှက်ငယ်ကလေးများကိုရင်း ပြေး၍ မြင်မိသည်။ ချစ်စရာ တိုက်ပန်းကန်ကလေးများဖြင့် ထည့်၍ ခင်းထားသော ဟင်းမွှေးရန့်များကိုလည်း တွေးမိသည်။ ဧည့်ခံတည်ခင်း ကျွေးမွေးသူ မိမိအား မည်သည့်အခါ ဖူဖွေးသန့်ရှင်းသော ငါးဟင်းကလေးနှင့် မည်သို့ စားပွဲထိုင်ခဲ့ဘူးကြောင်း၊ ကြက်ပေါင်ကြော်ကလေးကို ကိုက်ရင်း ကြက်ရိုးကိုထွင်၍ မည်သို့ စားခဲ့ဘူးကြောင်း တီးတိုးချီးမွမ်းသံတို့ကို မကြားကျိုးကျွန်ပြု၍ ခပ်မြူး

ပြုံးကလေးနှင့် တုဏှိဘာဝေ နေလိုက်မည်ကိုလည်း မိမိကိုယ်ကို မိမိ မြင်သယောင်ယောင် ဖြစ်လိုက်သည်။

သူ့၌အဝတ်အစား အဆင်အပြင်မရှိဆိုလျှင်ဘာမျှမရှိ ဖြစ်ချေသည်။ စိတ်ကူး၌ကား တခမ်းကြီး တနားကြီး မှမ်းမံချယ်လှယ်ပြီး ဖြစ်သည်။ မိမိကိုယ်ကိုမိမိ ယောကျ်ားတကာတို့ တွေ့ဝေငေးမော ရူးသွပ် တပ်မက်လောက်အောင်သာလျှင် သဘောထားသည်။ အထက်တန်းစားလောက်ကိုသာ မျက်မှန်းတန်းမိသည်။ ယင်းသို့ဖြစ်လေရကား မိမိ၏ ကိုယ်ခန္ဓာသည် အခြားအတွက် မဟုတ်၊ အဆိုပါ အကြောင်းရင်းအတွက် သက်သက်ကြီးလျှင် ကမ္ဘာဝစရ ဖြစ်ချေသည်ဟု အယူရှိလေသည်။

မယ်သီလရင်ကျောင်းတွင် နေစဉ်က မိမိ၌ချမ်းသာကြွယ်ဝသူ သူငယ်ချင်းတယောက် ရှိဘူးသည်။ သို့ရာတွင် ၎င်းထံ အလည်သွားဘိုရာ အာရုံမထားဝံ့တော့ချေ။ တလောက အလည်သွားပြီး အပြန်တွင် စိတ်တွင် များစွာထိခိုက်လာ၍ ချုံးမဲ့ချင့်မိသည်မှာ ရက်ပေါင်းများစွာပင်တည်း။ နာလည်း နာကျည်းသည်။ ယူကျုံးမရလည်း ဖြစ်မိသည်။ ဝမ်းလည်းနည်း စိတ်လည်းပျက်ခဲ့သည်။

× × ×

တနေ့သော် လင်သည်ယောကျ်ားသည် စာအိတ်ကြီးတအိတ် ကိုင်လျက် မှုံရသောမျက်နှာဖြင့် အိမ်သို့ပြန်လာခဲ့လေသည်။

"ဟေ့ မိန်းမရေ၊ ဟောဒီမှာ မင့်ကိုဖိတ်လိုက်တယ်ကွ"ဟု အလောတကြီးပြော၏။





မိန်းမမှာ မအောင့်နိုင်ဘဲ စာအိတ်ကို ဆွဲထုတ်၍ အတွင်းမှ ဖိတ်စာကဒ်ကို ထုတ်လိုက်၏။

'ပညာရေးဝန်ကြီးချုပ်နှင့် ဝန်ကြီးကတော်တို့က ဦးလူဆွယ် ဇနီးမောင်နှံတို့အား ညနေ လဖက်ရည်ညှော်ခံပွဲသို့ ကြွရောက်ပါမည့် အကြောင်း ဖိတ်ကြားလိုက်ပါသည်။'

ယောကျ်ားဖြစ်သူ ထင်မိသလို ဝမ်းသာရမည့် အစား စာအိတ်ကို ဒေါသနှင့် လွှင့်ပစ်ရင်း မေးငေါ့၍ မိန်းမက မေးလိုက်သည်ကား

"တော့ဟာ ဘာလုပ်ဖို့လဲ တော့"

"ကွာ မိန်းမရယ်၊ မင်းသဘောကျမှာဘဲဆိုပြီး ယူလာတာပါဘဲကွယ်။ မင်းကလဲ ပွဲထိုင် တခါမှ မသွားဘူးတော့ ဒီလဖက်ရည်ပွဲဟာ မင်းနဲ့အတော်ဘဲလို့ အောက်မေ့တာဘဲ။ ငါ့အတွက်နဲ့တော့ ဘာလုပ်စရာလဲကွာ။ အလုပ်နှင့်ဆိုင်သူလောက်သာ ဖိတ်ထားတာကလား။ မင်းကြီး စိုးကြီးတွေလဲ လာကြ လိမ့်မကွယ့်"

"ကျုပ်ဖင်တောင် ကျုပ်လုံအောင် မဖုံးနိုင်တဲ့ဟာ၊ ဘယ်နှယ်လုပ်သွားရမှာတုံးတော့"ဟု ဒေါသ မချုပ်နိုင်ဘဲ ဆောင့်ကြီးအောင့်ကြီးနှင့် မေးလိုက်၏။

ယောကျ်ားဖြစ်သူမှာ ထိုအကြောင်းကိုထည့်၍ မစဉ်းစားခဲ့မိချေ။ "မင်းမှာ အရင်ပွဲသွားတုန်းက အဝတ်တစုံရှိရဲ့မဟုတ်လား။ ဒါဆို တော်လောက်ရောပေါ့ကွယ်။ ပြီးတော့လဲ"ဟု ဆိုရင်း အတစ်ထစ် အငေါ့ငေါ့ဖြစ်နေလေ၏။ ဇနီးသယ်ကလေး ချုံးမဲ့ချင့်နေသည်ကို စကားပြတ်သွားရာမှ ငေးစိုက်ကြည့်မိ၏။ နှစ်စုံ

သော မျက်လုံးအိမ်တို့မှ နှစ်ခုသော မျက်ရေပေါက်တို့ နှုတ်ခမ်းဒေါင့်ဆီသို့ တလိမ့်လိမ့်ဆင်းလာလေသည်။

"ကွယ်၊ မိန်းမရယ်၊ မင်း ဘယ့်နှယ်ဖြစ်ထာတုံး"ဟု လွှတ်ခနဲ မေးလိုက်မိ၏။

မိမိစိတ်ကိုပင်ပန်းကြီးစွာ ချုပ်တီးရင်း မျက်ရည်ကို သုတ်၍ "ဘာမှတော့ မဖြစ်ပါဘူးရှင့်။ ကျွန်မမှာ အဝတ်အစားကလဲ မရှိတော့၊ ဖိတ်ထာကို မသွားနိုင်ဘူးပေါ့။ ကျွန်မထက်သာတဲ့ ရှင့်သူငယ်ချင်းများ မိန်းမတွေကို ပေးလိုက်ပါတော့လား"ဟု မတုန်မလှုပ်ဆို၏။

ထိုစကားသည် လင်ဖြစ်သူ၌ အတော်ထိခိုက်သွားချေသည်။

"ဒီမှာကြည့်စမ်း မတီ။ ဒီလိုနေရာမျိုးတွင်မကာ၊တခြားအရေးကြုံလာရင်လဲ ဝတ်နိုင်ဘို့ အဝတ်တစုံဆိုရင် ကဲ ဘယ့်လောက်ကျမလဲ ဆိုစမ်းကွာ၊ ခပ်ရိုးရိုးပေါ့"

တအောင့်မျှတွေးရင်း မတီသည် စိတ်ထဲတွင် တွက်ချက်ကြည့်၏။ ယောကျ်ားဖြစ်သူက မငြင်းဘဲလဲ ပေးနိုင်အောင် လန့်ဖြတ်၍လည်း မသွားရအောင် ချိန်ဆပြီး စျေးအမြင့်ဆုံးကိုမှန်း၍ ခပ်ဆိုင်းဆိုင်း ပြောလိုက်၏။

"မှန်းတော့ မမှန်းတတ်ဘူးရှင့်။ ငွေ လေးရာလောက်ဆိုရင် လောက်မလား မပြောတတ်ဖူး"

လင်ဖြစ်သူ မျက်နှာမှာ ဖြူဖတ်ဖြူရော် ဖြစ်သွားလေသည်။ နွေပေါက်လျှင် အပေါင်းအသင်းတတွေနှင့် အမဲလိုက်ဖို့ သေနတ်ဝယ်ရန် စုထားသောငွေမှာ မိန်းမ မှန်းလိုက်သည့် ငွေမျှပင်ဖြစ်သည်။ တနင်္ဂနွေနေ့တိုင်း အင်တောကြီးဘက်သို့ ငှက်ပစ်ထွက်ရန် စိစဉ်





ထားဘူးကြသည်။ သို့သော်စိတ်ကိုတင်း၍ "ကဲ၊ ဒါဖြင့် ကောင်းပြီး။ ငွေလေးရာရရင် ပြီးရောမဟုတ်လား။ အေး၊ အဝတ်အစားတော့ ကောင်းတာမှ ဝယ်ရဲ့မနော်"ဟု ပြောလိုက်၏။

× × ×

ကပွဲ ပြုလုပ်မည့်ရက်လည်း နီးလာလေပြီ။ အဝတ်တစုံ ဝယ်ပြီးဖြစ်သော်လည်း မတီမှာ စိတ်မအေးမိသေး။ ထို့ကြောင့် တညနေသော် လင်ဖြစ်သူက "မင်း သုံးလေးရက်ရှိပြီ၊ ခါတိုင်းလိုမဟုတ်ပါဘူး။ ဘာများဖြစ်သတုံး"ဟု မေးမိ၏။

"တယ်ခက်တယ် ကိုလူဆွယ်ရယ်။ ဟိုညနေကျရင် ဆင်စရာလက်ဝတ်လက်စား မရှိပြန်တော့ အနုတ်စုပ် ဂုပ်စုပ်နေမှာပါဘဲ။ ကျွန်မဖြင့် သွားတောင် မသွားချင်တော့ဘူးရှင့်"

"ပန်းကလေး မန်ကလေး ပန်သွား ပြီးတာပါဘဲကွာ။ ဒီရာသီမှာ ပန်းတွေဟာ မင်းနဲ့သိပ်လိုက်မှာဘဲ။ နှင်းဆီခိုင် အပွင့်ကောင်းကောင်းဆိုရင် တခိုင်မှ ဆယ်ပြားပေးရတာဘဲ"

သို့ရာတွင် ခမျာမှာ မကျေနပ်နိုင်သေးချေ။

"မဟုတ်သေးဘူးရှင့်။ လူကုံထံတွေကြားထဲမှာ နွမ်းပါးတဲ့ အဖြစ် ပြရတာ အင်မတန် အောက်ကျတယ်တော့"

"အော်၊ မိုက်လိုက်ပါဘိ မိန်းမရယ်။ ဒီလိုဆိုရင်လဲ မင့် သူငယ်ချင်း မယ်ကျော့ဆီသွားပြီး လက်ဝတ်လက်စားကလေး ငှားချေပါတော့လားလို့။ ရင်းရင်းနှီးနှီး သူငယ်ချင်းတွေကာဘဲ"

ထိုအခါ မယ်တီမှာ ဝမ်းသာလုံးဆို့ကာ လက်ခုပ်လက်ဝါးများပင် တီးမိ၏။

"ဟုတ်တယ်တော့။ ကျွန်မမေ့နေလိုက်ထာ"

နောက်တနေ့သော် မယ်တီသည် မိမိ၏သူငယ်ချင်းထံ သွားရောက်၍ အကျိုးအကြောင်း ပြောပြလေ၏။

မကျော့မှာ ဘီရိုကြီးကိုဖွင့်ကာ သေတ္တာတလုံး ထုတ်ခဲ့ပြီးလျှင် ရှိသမျှ မယ်တီအား ပြလေ၏။ "ညည်းကြိုက်ထာ ရွေးယူပေတော့ ယောင်းမရယ်"ဟု ပြော၏။

ဦးစွာသော် လက်ကောက်ကလေးတွေကို မျက်စေ့ကျမိ၏။ ပုလဲပုတီးကိုလည်း မြင်၏။ ကျောက်စီ ရွှေလက်ခွတိုင်ကလေးကိုလည်း သဘောတွေမိ၏။ ၎င်းတို့ကို မှန်ရှေ့တွင် ဆင်ယင်ရင်း အရိပ်တကြည့်ကြည့်နှင့် ချွတ်လိုက်စွပ်လိုက်လုပ်ကာ အဘယ်အရာကို ရွေးရမှန်း မသိနိုင်အောင် ဖြစ်မိ၏။ "ညည်းမှာ ဒီပြင်မရှိတော့ဘူးလားအေ့"ဟူ၍လည်း ခဏခဏ မေးမိ၏။

"ညည်းကြိုက်ထာ ညည်းဘဲ ရွေးယူပါတော့အေ။ ကိုယ့်အကြိုက်ကို ကိုယ်လိုက်ပြီး မသိနိုင်ပေါင်"ဟု မကျော့ကပြန်ပြော၏။

ထိုခဏ၌ ကတ္တီပါအနက်ကြုပ်ကလေးထဲတွင် စိန်တွေ ဝင်း၍နေသည်ကို တွေ့ရ၏။ရင်ထဲတွင် တပ်မက်သော လောဘသည် ဆူပွက်၍ လာ၏။ စိန်တို့ကိုကောက်ယူရင်း မိမိ၏လက်ချောင်းများမှာ တုန်လှုပ်၍ပင် လာလေသည်။ ထိုစိန်ပန်းကုံးကို လည်တွင် ဆင်ကြည့်ရင်း အားပါးတရနှင့် အရိပ်တကြည့်ကြည့် ဖြစ်နေရှာသည်။

တောင်းလျှင် ရမည်ဟူသော မျှော်လင့်ချက်နှင့်၊ မတောင်းဝံ့သော စိတ်တို့သည် မယ်တီ၏ ရင်တွင်း၌ ပဋိပက္ခဖြစ်နေကြသည်။ ထိုနောက်"ဒီဟာဘဲ ငှားပါတော့အေ့၊ ဒါဘဲ ကြိုက်ပါတယ်။ ဒီပြင်ဟာ နေရာမရှာပါဘူး" ဟု ပြောလိုက်၏။





"ညည်း သဘောပါဘဲ အေရဲ့"

ဝမ်းသာလွန်း အားကြီးသဖြင့် သူငယ်ချင်း၏ လည်ပင်းကို ဖက်ရမ်းနှုတ်ဆက်ပြီးသော်မယ်တီသည် ထိုအဖိုးတန်ပစ္စည်းနှင့်အတူ အိမ်သို့ သုတ်ချေတင်လေသတည်း။

ကပွဲ ကျင်းပသည့် နေ့သို့ ရောက်ချေပြီ။ ထိုပွဲသည် မယ်တီ၏ အဖို့ အောင်ပွဲသဘင်ဖြစ်ချေသည်။ အကြောင်းမူကား ထိုမင်းပွဲတွင် အလှဆုံး၊အယဉ်ဆုံး၊အဝတ်အစားအချိုး အကျဆုံးမှာမယ်တီပင် ဖြစ်တော့သည်။ သူ၏ မျက်နှာပြုံးကလေးမှာ မြင်သူတကာတို့၏ ဘဝင်ကို အေးမြစေလေသည်။တွေ့သမျှယောကျ်ားတို့ကား နာမည်ကို မေးမြန်းကာ မိတ်ဆက်ကြရသည်မှာ ခဏခဏပင်။ ပညာရေး တပွဲလုံးရှိ အရာရှိကြီးတို့မှ မယ်တီနှင့်သာ ယှဉ်တွဲ ကလိုကြသည်။ ပညာရေးဝန်ကြီးချုပ် ကိုယ်၌ကပင်လျှင် မယ်တီအား မချီးမွမ်းဘဲ မနေနိုင်။ သို့ဖြစ်လေရကား မယ်တီမှာ နတ်ဆိုင်းတီး၍ နတ်ပူးသလို ဝမ်းသာလုံးဆို့ကာ သူ၏ အလိုပြည့်စုံအောင်မြင်ခြင်းအထိမ်းအမှတ်ဖြင့် ဘာကိုမျှ ဂရုမစိုက်နိုင်ဘဲ အတွင်သာ ကလေတော့သည်။ လူတကာတို့၏ ချီးမွမ်းသြဘာကြောင့် ပီတိကျပြီးလျှင် ခန်းမပတ်လည်ကို လှည့်၍ ကလေသည်။ မိန်းမတို့ အတွက် အတိုင်းမသိ မက်မောအပ်သော အရာတခု ပြည့်စုံပြီး ဖြစ်လေသည်။ ဤသို့လျှင် မင်းပွဲပြီး၍ နံနက်လေးနာရီ ထိုးခါမှ အိမ်ပြန်ဖြစ်လေတော့သည်။ လင်သည် ခမျာမှာ အသာချိပ်ထားခြင်း ခံရသဖြင့် အပျော်ကျူး၍ မူးတူးနေကြသော ဇနီးသည်တို့၏ စွန့်ပစ်ခြင်း ခံရသူ မိမိကဲ့သို့သော လူမျိုးသုံးလေးဦးနှင့် ချောင်တချောင်တွင် အိပ်မောကျနေလေသည်။

ကိုလူဆွယ်သည် အိမ်အပြန် မိန်းမခြုံရန် မိမိနှင့်အတူ ပါလာသော ခြုံစောင်ကလေးကို မယ်တီ၏ ပခုံးပေါ်သို့ ပစ်တင်လိုက်၏။ ၎င်းမှာ မယ်တီ နေ့စဉ်ခြုံနေကျဖြစ်လေရကား အတွင်းရှိ လက်ဝတ်လက်စား တပြောင်ပြောင် မှမ်းမံထားသော အဝတ်အစားနှင့်မူ တဖက်တလမ်းဖြစ်၍ ခန့်ငြားခြင်းနှင့် သိမ်ဖျင်းခြင်းတို့မှာ စည်းဝါးမကိုက်မိကြချေ။ မယ်တီသည် ဤအဖြစ်ကို ချက်ချင်းသိ၏။ သို့ဖြစ်၍ အိမ်သို့ အမြန်ပြန်လို၏။ အပိုးတန် သားမွေးအင်္ကျီများ ဆင်မြန်းလျက် နေကြသူ မိန်းမချမ်းသာတို့ မြင်မိမှာ အမျှားကြီး စိုး၏။

ထို့ကြောင့် စောင်ခြုံပေးလိုက်သောအခါ မယ်တီ၏ ကျောမှာ တွန့်၍ သွားလေသည်။

“ခဏနေအုံး။ လမ်းထွက်ရင် မင်း အအေးမိနေမယ်။ ငါ ရထားငှားလိုက်အုံးမယ်” ဟု ယောကျ်ားက ပြော၏။

သို့သော် ယောကျ်ားစကားကို နားမထောင်နိုင်ဘဲ လှေကားမှ ဆင်းပြေးလေသည်။ လမ်းရောက်သော် ဘယ်မှာမှ ရထားမရသဖြင့် တစီးတလေ တွေ့လေမလားဟု ခပ်လှမ်းလှမ်း သွားနေသော လူတစုကို နှစ်ဦးသား ဟစ်အော်၍ မေးမြန်းကြ၏။

သိန်းမြစ်တလျှောက် လျှောက်၍ သွားကြသည်။ ချမ်းလွန်းလှ၍ ခိုက်ခိုက်တုန်နေကြသည်။ စိတ်လည်းပျက်ကြသည်။ နောက်ဆုံးသော် မြို့ထဲသို့ ညဥ့်အချိန်မတော်မှ ထွက်တတ်သည့် အလင်းတွေ့မခံဝံ့သော ရထားခပ်စုပ်စုပ်မျိုးကို ရကြလေသည်။





ထိုရထားသည် အာဇာနည်လမ်းရှိ သူတို့၏ အိမ်တံခါးဝသို့ တုတ်တုတ်ထိ လိုက်ပို့၏။ ရောက်လေသော် ညှိုးငယ်စွာ နှစ်ဦးသား အိပ်ရာဝင်ရန် အိမ်ပေါ်တက်၏။

မယ်တီမှာ ‘အင်း၊ ခုမှဘဲ စိတ်အေးရတော့တယ်’ ဟု ဝမ်းထဲတွင် ပြောမိ၏။

ကိုလူဆွယ်မှာမူကား ‘ဩော်၊ နက်ဖြန်မနက် ဆယ်နာရီတိတိမှာ ရုံးတက်ရချေသေးရဲ့’ ဟု တွေးမိ၏။

မယ်တီမှာကား မိမိ၏ တောက်ပသော အသရေကို မှန်ထဲတွင် တခါထပ်၍ မြင်လိုသောကြောင့် မှန်ရှေ့တွင် ရပ်ရင်း ပခုံးပေါ်တွင် တင်ထားသော ကိုယ်ရုံကို ချွတ်လိုက်၏။ ချွတ်လိုက်သည်နှင့် တပြိုင်နက် ‘ဟိုက်’ ခနဲ့အသံထွက်သွားမိသည်။ မယ်တီ၏ လည်တွင် စိန်ပန်းကုံး မရှိတော့ပြီ။

“ဘာများ ဖြစ်ပြန်ပြီလဲဟေ့” ဟု အင်္ကျီလဲပြီးစ ဖြစ်သော ကိုလူဆွယ်က မေးလိုက်၏။

“မရှိတော့ဘူးတော့။ မယ်ကျော့ဆီက စိန်ပန်းကုံး ရှာမတွေ့ဘူး”

“ဘုရားရေ။ ရှိလိမ့်မပေါ့ကွာ၊ ဟိုဟိုဒီဒီမှာ”

နှစ်ယောက်သား မယ်တီဝတ်ထားသော အင်္ကျီဇာတွန့်ထဲတွင် ရှာ၏။ ကိုယ်ရုံထဲတွင်လည်း ကြည့်၏။ အိတ်ရှိသမျှလည်း လှန်လှောကြည့်၏။ အစအနမျှပင် မတွေ့။

“မဟုတ်သေးပါဘူး။ အပြန်မှာ ပါမှ ပါလာသေးရဲ့လား” ဟု ကိုလူဆွယ်က မေး၏။

"ပါပါတယ်ရှင့်။ အခန်းထဲဖြတ်ပြီး ထွက်လာတုန်းကတောင် စမ်းကြည့်မိသေးတာဘဲ"

"လမ်းကျ ကျန်ရစ်ရင်လဲ ကျသံကြားရမယ်။ ရထားထဲမှာ ကျရစ်ခဲ့လေသလား"

"ဟုတ်လိမ့်မယ် ထင်ပါရဲ့။ ရှင် ရထားနံပတ် မှတ်မိလိုက်သေးသလား"

"ဘယ်မှတ်လိုက်မိမတုံး။ မင်းကော"

"ဟင့်အင်း"

တဦးကိုတဦး ကြောင်တက်တက်နှင့် ငေး၍ နေကြကုန်၏။ ကိုလူဆွယ်လည်း "ကဲ၊ ဒါဖြင့် ဒို့လာခဲ့တဲ့ လမ်းဘဲ ပြန်ရှောက်ကြည့်အုံးမယ်" ဆိုရင်း အင်္ကျီကို ပြန်ဝတ်ပြီး ဆင်းသွားလေ၏။ မယ်တီမှာမူကား အအေးမိသလိုဖြစ်ပြီးမျက်စိများကြောင်၍ အိပ်ရာဝင်ချင်စိတ်ပင် ကုန်သွားသောကြောင့် ကုလားထိုင် တလုံးပေါ်သို့ ပစ်လှဲလိုက်လေသည်။

နံနက် ခုနစ်နာရီထိုးသော် ယောကျ်ားဖြစ်သူ ပေါက်လာ၏။ သို့ရာတွင် ဘာကိုမျှ မတွေ့ခဲ့ချေ။

ယောကျ်ားမှာ ပုလိပ်ကိုတိုင်ရ၏။ သတင်းစာများတွင်လည်း ဥစ္စာပျောက်ကြောင်း ဆုငွေနှင့်တကွ ကြော်ငြာ၏။ ရထားပိုင်အိမ်များကိုလည်း စုံစမ်းကြည့်သေးသည်။ တွေ့မည်ထင်သမျှ နေရာတို့ကို အရောက်သွားလေသည်။

မယ်တီမှာမူ ဖြစ်ရသမျှ ဒုက္ခတို့ကို ခံစားရင်း ယောကျ်ား အပြန်ကို တနေကုန်စိတ်ညစ်ညစ်နှင့် စောင့်ရ၏။





ညနေချမ်းသော် ကိုလူဆွယ် ပြန်လာ၏။ မျက်တွင်းများဟောက်လျက် မျက်နှာမှာ ဖြူဖတ်ဖြူရော်ပင်ဖြစ်၍ နေချေပြီ။ သို့သော် ဘာသတင်းမျှ မရခဲ့ချေ။

"ကဲ မိန်းမရေ့။ ဒီလိုလုပ်ပေတော့။ မင့်သူငယ်ချင်းဆီကို စိန်ပန်းကုံးပြတ်သွားလို့ ပန်းတိမ်အိမ်အပ်ထားရတယ်လို့ စာရေးလိုက်ပေတော့"

မယ်တီသည် ယောကျ်ားပြောသည့်အတိုင်းပင် စာရေးလိုက်လေသည်။

× × ×

တနင်္ဂနွေ တပတ်လွန်သော် မျှော်လင့်ချက်ဟူသရွေ့ ကုန်သလောက်ဖြစ်သွားလေသည်။ မယ်တီမှာ ငါးနှစ်ခန့် ပို၍ အိုစာလာသည်ဟု ထင်ရတော့သည်။

နောင်တနေ့သော် ဆွဲကြိုးထည့်သော ကြုပ်တွင်ပါသည့် နာမည်အရ စိန်ကုန်သည်များထံသွား၍ မေးမြန်းရာ "စိန်တွေဟာ ဒီက ဝယ်တာ မဟုတ်ပါဘူးခင်ဗျာ။ ကြုပ်ကိုသာ ကျွန်တော်တို့ရောင်းလိုက်ရတာပါ" ဟု ပြောပြ၏။

ရှိသမျှရွှေငွေ ရတနာဆိုင်တို့ကို တဆိုင်ပြီးတဆိုင် ထောက်လှမ်းရင်း ပျောက်သွားသော ဆွဲကြိုး အမျိုးအစားကို မှတ်မိသရွေ့ တခုပြီး တခု လိုက်ရှာ၏။ နှစ်ဦးသားမှာ စိတ်သောကဗျာပါများပြီး ပင်ပန်းနွမ်းယိုလျက်ရှိကြကုန်၏။

နောက်ဆုံး၌ ရွှေနန်းတော်ခေါ် ရတနာဆိုင်တွင် ပျောက်ဆုံးသော စိန်ပန်းကုံးနှင့်အလားတူ ပန်းကုံးတခုကိုတွေ့လေ၏။

အပိုးကို ငွေလေးထောင်ဖြတ်၏။ သို့သော် သုံးထောင်ခြောက်ရာ ပေးလျှင် ရနိုင်သည်ဟု ဆို၏။

ဆိုင်ရှင်အား ထိုပန်းကုံးကို သုံးရက်အတွင်း တခြားမရောင်း လိုက်ရန် မှာထား၏။ ဆိုင်ရှင်ကလည်း ဝယ်ပြီးသည့်နောက်၊ ဖေဖော်ဝါရီလ အတွင်း ပျောက်ဆုံးသွားသော ဆွဲကြိုး ပြန်တွေ့သော် အပိုးငွေ သုံးထောင်လေးရာနှင့် ဝယ်ပြီးသား ဆွဲကြိုးကို ပြန်သွင်းလျှင်လက်ခံမည်ဟု ကတိထားလိုက်၏။

ဟိုလူ့ထံမှ တထောင်၊ သည်လူ့ဆီမှ ငါးရာ၊ တခြားက ငါးကျပ် တဆယ် စသည်ဖြင့် လှည့်ရ၏။ သြဒီမန်နှင့် ချေးယူရ၏။ အပိုးကြီးနှင့် ချေးစားသူများ၏ လက်ခုပ်ထဲကရေ ဖြစ်၍ နေလေပြီ။ မိမိတို့၌ ကြွင်းသောဘဝကလေးကို အဆုံးခံလိုက်ရ မလို ဖြစ်၍ နေချေပြီ။ ဆိုင်တကာလိုက်၍ မျက်စိမှိတ် လက်မှတ် ထိုးယူရ၏။ ဆပ်နိုင် မဆပ်နိုင်ကိုမူ ပြန်မကြည့်အားချေ။ နောင် ရေးအတွက် ဘေးခပ်ကျပ်ကျပ်ပင်။ ရှေ့ကိုစိတ်ဆင်းရဲစွာ ချို့ချို့ တဲ့တဲ့နေရမည်ကို တွေးရင်း စိတ်အိုက်မိ၏။ သို့ငြားလည်း ထိုဆိုင် မှ ဆွဲကြိုးကို ငွေ သုံးထောင် ခြောက်ရာပေး၍ ဝယ်လိုက်ရလေ တော့သည်။

မယ်တီသည် စိန်ဆွဲကြိုးကို မကျော့ထံ ပြန်အပ်သောအခါ "ညည်းနှယ်အေ။ စောစော ကတဲက ပို့လိုက်ရင် ပွဲထိုင်တွေ မှာ မဆင်လိုက်ရပါကလား"ဟူ၍ပင် အပြစ်တင်လိုက်သေး၏။

သို့ရာတွင် မယ်တီမှာ မကျော့က ကြုပ်ကလေးကိုဖွင့်၍ ကြည့် မည်စိုးသောကြောင့် တထိတ်ထိတ်နှင့်နေရရှာသေးသည်။ မဖွင့် ဘဲပြန်သိမ်းလိုက်မှပင် အလုံးကြီး ကျသွားတော့သည်။ အကယ်





၍များ အစားသွင်းထားသည်ကိုသိလျှင် ဘယ်လောက် စိတ်ဆိုး လိုက်မလဲ။ ဘယ့်လောက်များ ရန်တွေ့လိုက်မလဲ။ မိမိကိုပင် သူခိုး ဟု စွပ်စွဲလိုက်လေမလား။

× × ×

မယ်တီကား အလွန်အမင်း ဆင်းရဲသော ဘဝနှင့် နဖူးတွေ့ ဒူး တွေ့ တွေ့ရလေပြီ။ သို့ရာတွင် ဇွဲခပ်သန်သန်။ သတ္တိနှင့် ကြံ့ကြံ့ ခံနေလိုက်သည်။ ကျွေးဆပ်ရန်လည်း တပုံကြီး ရှိသေးသည်။ သို့ရာတွင် ကြိုးစား၍ ဆပ်ရမည်ပင်။ အစေခံကိုဖြုတ်ပြီး အိမ် ငယ်တခုသို့ ပြောင်းကာ အခန်းငှား နေရရှာသည်။ ယခုမှပင် အိမ်တွင်းမှု မီးဖိုဆောင်အလုပ်အကြောင်း သိရတော့သည်။ ပန်း ကန်ဆေးရ အိုးတိုက်ရနှင့် နီမြန်းသော လက်သည်းတို့ပင်လျှင် ပွန်းတီးကုန်ချေပြီ။ မီးဖိုဆောင်မှ အညစ်အကြေး ပုံးကိုလည်း နံနက်တိုင်း ကိုယ်တိုင်သွန်၊ ရေကိုလည်း ကိုယ်တိုင် ခပ်ရသည်။ တခါတခါ ပင်ပန်းမကာပင်ပန်းလှ၍လှေကားထစ်ပေါ်တွင်အသက် ရှူခွင့်ရပါစေတော့ဟု နားရသေးသည်။ အလုပ်ကြမ်း သမား၏ မိန်းမကဲ့သို့ ဝတ်ရစားရ၍ပေါင်မုန့်ဆိုင်၊အမဲသားဆိုင်၊ချိုချဉ်ဆိုင် တို့ကိုလက်ဆွဲခြင်းကလေးနှင့် ကိုယ်တိုင်ကိုယ်ထွက်၍ဝယ်ရသည်မှာ ဈေးဆစ်ဝယ်ခြင်းဖြင့် အပိုအလျှံ ကလေးဘဲ စုမိပါစေတော့ဟု သဘောထားကာ ဝယ်ခြမ်းရခြင်းဖြစ်ပေသည်။

လစဉ် အကြွေးဆပ်ရသည်။ အချိန်ပိုရနိုင်သလောက်ဆွဲကာ အချို့ ကြွေးသစ်များ ယူရသေးသည်။

လင်ဖြစ်သူမှာလည်း ညနေများတွင် ဆိုင်ကြီးများ၌ စာရင်းပိတ်ပေးရ၍ ညရောက်ပြန်လျှင်လည်း စာတမျက်နှာကို နှစ်ပဲနှုန်းဖြင့် စာကူးရသေးသည်။

ဤနည်းနှင့်နှင် ဆယ်နှစ်တာမျှ နေခဲ့ကြရသည်။ ဆယ်နှစ်လွန်သော် အရင်းနှင့်တကွ အဆမတန်သော အတိုးအညှန့်တို့ကိုပါ ဆပ်ပြီး ဖြစ်လေသည်။

ဤအခါ၌မူ မယ်တီသည် တကယ့် မိန်းမအိုကြီး ဖြစ်၍နေလေပြီ။ ကိုယ်ခန္ဓာမှာလည်း တုတ်ခိုင် မာကျော ကြမ်းတမ်း၍ ဆံပင်ကိုမျှ မသနိုင်ဘဲ၊ လက်ဖဝါးများ ကြမ်းကြမ်းနှင့် ထဘီတိုတိုဝတ်ကာ ကြမ်းတမ်းသော ရင်စည်းလွှမ်းလျက် တကယ့် အလုပ်ကြမ်းသမား၏ မယားဘဝသို့ ရောက်ရှိနေလေတော့သည်။

ထိုညကသာ ထိုစိန်ဆွဲကုံး မပျောက်မရှုပ်ပါလျှင် သူ သည်လိုအခြေမျိုးရောက်လိမ့်မည်ဟု ဘယ်သူ ပြောနိုင်မည်လဲ။ ကံကြမ္မာဟူသည် ဆိုးလှသည်။ ဖြစ်ချင်လျှင် ခဏ၊ ပျက်ချင်လျှင်လည်း ခဏပါတကား။

× × ×

တခုသော တနင်္ဂနွေနေ့တွင် ခုနစ်ရက် တပတ်လုံးအတွက် အလုပ်ပြီးစီး၍ အနားယူရင်း လမ်းမတော်အရပ်တွင် လမ်းလျှောက်နေစဉ် ကလေးငယ်တယောက်ကို လက်ဆွဲ၍ လျှောက်နေသော မိန်းမတယောက်ကို တွေ့ရလေ၏။ ထိုမိန်းမကား မယ်ကျော့ပင်လျှင်ဖြစ်လေသတည်း။ အရွယ်လည်း တင်တုန်း၊ အလှလည်း မပျက်၊ မက်စရာလည်း မကုန်သေး။ မယ်တီမှာ စိတ်တွင် စနောင့်စနင်း





ဖြစ်သွားလေသည်။ အကုန်ဖော်ပြောလိုက်ရလျှင် ကောင်းလေမလား။ အကြွေးတွေလဲ ရှင်းပြီးမှဘဲ။ ပြောလိုက်လို့ ကိစ္စမရှိဘူးထင်ပါရဲ့။

မယ်ကျော့အပါးသို့ သွားပြီးလျှင် "မယ်ကျော့၊ ညည်း ဘယ်သွားမလို့လဲ" ဟု နှုတ်ဆက်လိုက်လေ၏။

မယ်ကျော့မှာ ရုတ်တရက်သော်မမှတ်မိ။ တခါမျှ မသိမကျွမ်းဘူးသူက ဤသို့ရင်းနှီးစွာ နှုတ်ဆက်လိုက်သဖြင့်ကြောင်တက်တက်ဖြစ်သွားသေးသည်။ "ရှင့်ကို မမြင်ဘူးပါကလား။ လူမှားနေတာထင်ပါရဲ့" ဟူ၍ပင်လျှင် ပြန်ပြောမိသေး၏။

"ကျုပ်ပါအေ၊ မယ်တီလေ။ မမှတ်မိတော့ဘူးလား"

သူငယ်ချင်းဖြစ်သူမှာ အံ့အားကြီးသင့်မိ၏။ "ဖြစ်မှ ဖြစ်ရလေမယ်တီရယ်။ ရုပ်တွေလဲ အတော်ကျသွားပါကလား"

"အေးတော့။ ညည်းနဲ့ ကွဲသွားပြီးမှ ဒုက္ခသုက္ခတွေ တွေ့လိုက်ရတာတော်။ အဆုံးမှာတော့ ညည်းကြောင့်ပါဘဲ"

"အလို ဘုရားရေ။ ညည်း ဘယ့်နှယ် ပြောလိုက်တာတုန်းအေရဲ့"

"ပညာရေးဝန်ကြီးချုပ်ပေးတဲ့ ပွဲတုန်းက ညည်း ငါ့ကို စိန်ဆွဲကြိုးငှားလိုက်တာ မှတ်မိသေးရဲ့လား"

"အဲဒါ ဘာဖြစ်သလဲ"

"အဲဒါ ကျုပ် ဖျောက်ပစ်လိုက်တယ်"

"ဖျောက်ပစ်တယ်။ သယ်၊ ညည်း ကျုပ်ကို ပြန်ပေးသေးတယ်မဟုတ်လား"

"အဲဒါက အစားသွင်းတာတော့။ ဒီလို အစားသွင်းရတဲ့အတွက် ဆယ်နှစ်လုံးလုံး ကျွန်ခံလိုက်ရတာ ဖတ်ဖတ်ကို ဆာသွားတာဘဲ။ ကျုပ်တို့လို ပစ္စည်းအင်အားနဲ့တဲ့သူများအတွက်တော့ အင်မတန် တာဝန်ကြီးပေါ့အေ။ ပြောစရာ မလိုတော့ပါဘူး။ ပြီးတာလဲ ပြီးပါစေတော့။ အခုတော့ ဝန်ထုပ်ကြီး ကျသွားပါပြီ"

မယ်ကျော့သည် ကိုယ်ရှိန်သတ်လိုက်လေ၏။ "နေပါအုံးအေ၊ ညည်းဟာက ကျုပ်စိန်ပန်းကုံးအစား အသစ်ဝယ်တယ်လား"

"ဒါပေါ့အေရဲ့။ ဆင်တူမို့ ညည်းမသိလိုက်တာပေါ့"

မယ်ကျော့မှာ မိုက်ခနဲဖြစ်သွားပြီးလျှင်မယ်တီ၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်ရင်း ပြောလိုက်သည်ကား

"ဖြစ်မှ ဖြစ်ရလေ မယ်တီရယ်။ ကျုပ်စိန်ပန်းကုံးက ခေတ်ပေဒစိန်တော့။ အလွန်ဆုံးမှ ငွေငါးဆယ်တန်တော့မပေါ့"



# ကိုယ်စားလှယ်

"ဒေါ်ဂွမ်းဘုံကြီးလား"

"အစစ်ပေါ့။ ဒေါ်ဂွမ်းဘုံကြီးဘဲ"

"ဟာ မဖြစ်နိုင်တာကြီးဗျာ"

"ဩော်၊ ဟုတ်ပါတယ်လို့ ဆိုနေမှဘဲ"

"ဒေါ်ဂွမ်းဘုံကြီးတဲ့လားဗျာ။ ပုဝါကလေး ရွှေချ စိတ်ပုတီးလက်မှာပတ်ပြီး ဘုရားဝတ်တက်မပျက်တဲ့ ဒေါ်ဂွမ်းဘုံကြီးကို ခင်ဗျားက ပြောနေတာလား။ဆံပင်ကို ဆေးဆိုးရအားကြီးတော့ သူ့နဖူးစမှာ ဆိုးဆေးစွဲနေတတ်တဲ့ ဒေါ်ဂွမ်းဘုံကြီးလေ"

"ဟုတ်ပါတယ်လေ။ သူမှအစစ်ပေါ့"

"အို ခင်ဗျား ရူးသလား"

"ဒေါ်ဂွမ်းဘုံကြီးဘဲဆိုတာ ကျုပ် ကျိန်ပြောရဲပါတယ်"

"ကဲ ဒါဖြင့် ကျုပ်ကို ခရေစေ့တွင်းကျ ပြောပြစမ်းဗျာ"

"သူ့အကြောင်း လုံးစေ့ ပါဌ်စေ့က ဒီလိုတဲ့ဗျာ့။ အမိန့်တော်ရမင်း ဦးဂုမ္ဘာန် သွေးနဲ့ကိုယ် သားနဲ့ကိုယ် ရှိစဉ်တုန်းက ဒေါ်ဂွမ်းဘုံကြီးဟာ သူ့လင်ရဲ့ ရွှေနေ စာရေးတွေကို အိမ်ပေါ် ခေါ်တင်ပြီး ခြေဆုပ် လက်နယ် ခိုင်းတတ်သတဲ့။ မိန်းမကြီးကတော့ အလယ်အလတ် အရွယ် ဟိုင်းထဲကပါဘဲ။ ဂုဏ်သရေရှိ မိန်းမထဲကပေါ့။ ဒါပေမယ့် သူလဲ အုံ့ပုန်းလို့ ဆိုရပေမယ့် စံနစ်ကတော့ အတော်ကျသတဲ့ခင်ဗျာ့။ ရုပ်ချောချော ကောင်ကလေးတွေကိုဆိုရင် ခင်တတ်တယ်ဆိုဘဲ။ ဒါကတော့ဗျာ မမှတာဘဲ ဆိုကြပါစို့။ ကျုပ်တို့လဲ ကောင်မကလေးတွေ ချောချောတွေ့ရင် ကြိုက်လိုက်မိတာဘဲ မဟုတ်လား။

"အဲဒါနဲ့ ဦးဂုမ္ဘာန်ကြီးလဲ ဆုံးရော၊ ဒီမိန်းမကြီးဟာလဲ ပစ္စည်း ပစ္စယ အတော်အသင့် လုံလုံလောက်လောက် ရှိတဲ့ အခြေကြောင့် မုဆိုးမပြိုပြို အဖြစ်ကင်းပြီး အေးချမ်းတဲ့ဘဝမှာ နေရသပေါ့လေ။ ဘုရားသွားဝတ်တက် ဘယ်တော့မှမပျက်ဖူး။ နို့ပေမယ့် သူများအတင်းတော့ တော်တော် ပြောတတ်တယ်။ သူများအတင်း ပြောတတ်ပေမယ့် ကိုယ့်အတင်းကို သူများပြောပြန်တော့လဲ တယ်ပြီးမခံချင်တတ်ဖူးဗျာ့။ အဲ သူအသက်ကြီးလာတော့လဲ မျက်နှာကြီးရှစ်ခေါက်ချိုး အောက်သိုးသိုးနဲ့ အမယ်အိုရှုတ်တွကြီးဖြစ်သော်လဲ ယခု ခင်ဗျား သိတဲ့အတိုင်း ခပ်ရှုပ်ရှုပ်ပဲဗျာ့။ ခု ကျုပ်ပြောပြရမယ့် အကြောင်းက အရင် သောကြာနေ့ကမှ ဖြစ်ပျက်ခဲ့တဲ့အကြောင်းဘဲ။





"ကျုပ်မိတ်ဆွေ ဗိုလ်ဒေါင်းကလေးဆိုတာ ခင်ဗျား သိတဲ့အတိုင်း ခြသေ့တပ်ထဲက ကပ္ပတိန်ဗိုလ်ကြီးပေါ့။ အဲဒီတပ်ကလဲ အလံပြဘုရားနားက စစ်တန်းလျားမှာ စစ်စခန်းချရသကိုး။ တမနက်မှာ သူ့စစ်ဌာနချုပ်ကို ပြန်လာတော့ သူ့တပ်ထဲက စစ်သား နှစ်ယောက် အကြီးအကျယ်ရန်ဖြစ်ကြတာမှာ တယောက်နဲ့ တယောက် ချိန်းပြီး ဓားချင်း ယှဉ်ခုတ်တဲ့အထိကို ရောက်သွားသဗျာ့။ ဒါပေမယ့် အဲသလိုရန်ဖြစ်ပြီး နောက်တော့လဲ သူတို့နှစ်ယောက် ပြန်တဲ့သွားတာကိုး။ အဲဒါနဲ့ ကျုပ်မိတ်ဆွေ ဗိုလ်ဒေါင်းကလေးက စစ်မေးတော့ ရန်ဖြစ်ရတဲ့ အကြောင်းရင်းကို ပြန်ပြောသတဲ့။ ရန်ဖြစ်ရတာကတော့ ဒေါ်ဂွမ်းဘုံကြီးကြောင့်တဲ့ ခင်ဗျာ့"

"ဟင်"

"မဟင်နဲ့ဆရာ၊ အဟုတ်ကိုပြောတာ။ ဒေါ်ဂွမ်းဘုံကြီးကြောင့်တဲ့။ နို့ပေမယ့်ဗျာ ဒီအကြောင်းတော့ ကာယကံရှင် တပ်သားဆီဘူးက သူ့ဇာတ်ကြောင်း သူခင်းပြတာဘဲ ကောင်းပါလိမ့်မယ်"

× × ×

အကြောင်းဆို ဒီလိုပါ ဗိုလ်ကြီးခင်ဗျား။ လွန်ခဲ့တဲ့ တနင်္ဂနွေလောက်က ကျွန်တော် စစ်တန်းလျားဝင်းထဲမှာ ပျင်းပျင်းနဲ့ လမ်းလျှောက်နေပါတယ်။ အချိန်ကတော့ ညနေစောင်း ခြောက်နာရီနဲ့ ခုနစ်နာရီ ကြားမှာပါဘဲ။ အဲဒီအချိန်မှာ မိန်းမကြီး

တယောက် အနားကပ်လာပြီး လမ်းမှားလို့ လမ်းမေးသလိုလိုနဲ့ ကျွန်တော့်ကို စကား စ ပါတယ်။ သူက

"ဟေ့ မောင်ရင်စစ်သားကလေးရဲ့၊ မောင် တနင်္ဂနွေ တပတ်ကို ငွေတဆယ် မှန်မှန် အလကား ရရင် တကယ်မလိုချင်ဘူးလား" တဲ့။ အဲဒီတော့ ကျွန်တော်က "ဘယ့်နှယ်ကြောင့် မလိုချင်ဘဲရှိပါမလဲ ခင်ဗျာ" လို့ ပြန်ပြောတော့၊ မိန်းမကြီးက "ဒါဖြင့် နက်ဖြန်မွန်းတည့်အချိန်မှာ ငါ့ကို အိမ်လာတွေ့လှဲ့ဟေ့။ ငါက ဓမ္မဝိဟာရလမ်း အိမ်အမှတ် ၆ မှာနေတယ်" လို့မှာသွားပါတယ် ဗိုလ်ကြီးရယ်။

အဲဒီတော့ ကျွန်တော်က "ဆက်ဆက်လာခဲ့ပါ့မယ်ခင်ဗျာ" လို့ ပြောလိုက်ပါတယ်။ သူလဲ အင်မတန်သဘောကျပြီး ထွက်သွားရင်းနဲ့တောင် "ကျေးဇူးတင်လှပါသကွယ်" လို့ ပြောသွားပါသေးတယ်။

"ဒေါ်ဒေါ်ရယ် ကျွန်တော်ကလဲ အတုံ့အပြန် ကျေးဇူးတင်လှပါတယ်" လို့ ကျွန်တော်က ပြန်ပြောတယ်။ နို့ပေမယ့် ကျွန်တော်လဲ အတော်ခေါင်းရှုပ်သွားတာနဲ့ စဉ်းစားရင်း၊ စဉ်းစားရင်းနဲ့ဘဲ သွားဘို့အချိန်က ရောက်လာပါလေရော။

၁၂ နာရီတိတိထိုးတယ်ဆိုယင်ဘဲ ကျွန်တော်လဲ သူ့အိမ်ကတံခါးကို ခေါက်လိုက်ပါတယ်။ သူကိုယ်တိုင်ဘဲ ကျွန်တော့်ကို အိမ်ထဲခေါ်သွင်းပါတယ်။ အဲဒီအခါမှာ အဒေါ်ကြီးခေါင်းမှာ ပန်းတွေဝေလို့ပေါ့။





"ဟေ့ စစ်သားကြီးရဲ့ ခပ်သုတ်သုတ်ကွယ့်။ နို့မို့ရင် ငါ့ အစေခံတွေ ဝင်လာလိမ့်မယ်" လို့လဲ အဒေါ်ကြီးက ပြောပါတယ်ခင်ဗျာ။

ကျွန်တော်ကလဲ "ခပ်သုတ်သုတ်တော့ နားလည်ပါတယ်ဗျာ။ နို့ပေမယ့် ကျွန်တော်က ဘာအလုပ် လုပ်ရမှာလဲ" လို့ မေးလိုက်တယ်။

အဲဒီတော့ အဒေါ်ကြီးက ရယ်လိုက်ပြီး "အ ရသလား။ မင်း ဒါလောက်မှ နားမလည်ဘူးလား" လို့ ပြောပါတယ်။

ကျွန်တော်တော့ နဲနဲမှ မရိပ်မိပါဘူးဗိုလ်ကြီးရယ်။ ဘုရားကိုစူးရပါစေရဲ့။ နို့ပေမယ့် သူက ကျွန်တော့်အနားလာထိုင်ပြီးတော့ "ဟေ့မင်း ဒီအကြောင်းကို သူများကိုများပြောယင်လေ မင့်ကိုတော့ ထောင်ကျအောင်လုပ်မှာဘဲ။ ဒါကြောင့်မင်း ဒီအကြောင်းနဲ့ပတ်သက်လို့တော့ လေသံမှ မသာလပ်လေနဲ့နော်" လို့ ပြောပါတယ်။

ကျွန်တော်ကတော့ မိန်းမကြီး အကြိုက်လိုက်ပြီးတော့သာ ကျိန်တွယ်ကာ သစ္စာဆိုရတယ်။ သူ ဘာရည်ရွယ် ပြောတယ်ဆိုတာ ဘာမှကို မရိပ်မိပါဘူး။ ကျွန်တော့်မှာလဲ နဖူးကချွေးသီးချွေးပေါက်တွေစီးကျလာတာဘဲ။ ဒါနဲ့ ကျွန်တော် ဦးထုပ်ကိုချွတ်ပြီး ဦးထုပ်ထဲက လက်ကိုင်ပုဝါနဲ့ ချွေးသုတ်ပါတယ်။ တကဲတဲ အဒေါ်ကြီးက ကျွန်တော့် လက်ကိုင်ပုဝါကို သူကိုယ်တိုင်ယူပြီး ကျွန်တော့် နဖူးကချွေးတွေကို သူကိုယ်တိုင် သုတ်ပေးပါလေရော့။ ပြီးတော့ သူက ကျွန်တော့်ကို ဖက်နမ်းပြီး "ဒါဖြင့် မင်း စိန်လိုက်ပြီပေါ့လေ" လို့ ပြောပါတယ်။

ကျွန်တော်ကတော့ "ကြီးကြီးရယ်၊ ကြီးကြီးခိုင်းသမျှ ကျွန်တော်လုပ်ဖို့လာတဲ့ဥစ္စာ။ ဘာခိုင်းခိုင်း လုပ်ရမှာပေါ့"လို့ ပြောလိုက်တယ်။

ဒီတော့မှ မိန်းမကြီးက သူ့ကိုယ် အမူအရာနဲ့ ကျွန်တော် ဘာလုပ်ရမယ်ဆိုတာကို နားလည်အောင် ဇာတ်သွင်းတော့တာဘဲ ဗိုလ်ကြီးရေ့။ ကျွန်တော်လဲ အရေလည်လာတော့ ကျွန်တော့် ဦးထုပ်ကိုချွတ်ပြီး ကုလားထိုင်ပေါ် တင်လိုက်ပြီးတော့ ကျွန်တော်တို့မြင်းတပ်ထဲက လူတွေဆိုတာဟာ ဘယ်လိုလူစားလဲလို့ အကြောင်းပြလိုက်ထာပေါ့ ဗိုလ်ကြီးရဲ့။

အမှန်မှာတော့ ကျွန်တော်က ဒါမျိုးဝါသနာပါလို့ မဟုတ်ပါဘူး ဆရာ။ မိန်းမကြီးဆိုတာကလဲ နုနုထွတ်ထွတ်ကလေးမဟုတ်ဖူးဆိုတာ သိပါရဲ့။ နို့ ပေမယ့် ငွေကြပ်တဲ့ခေတ်ကြီးထဲမှာ ဂျီးထူပြီး ရွေးလွန်းလို့လဲ မကိုက်လှဘူး ဗိုလ်ကြီးရဲ့။ ပြီးတော့လဲ ကျွန်တော့်မှာ စောင့်ရှောက်ရမယ့်ဆွေမျိုးဉာတိတွေအတွက်လဲကြည့်ရသေးသကိုး။ အင်း ဒီကရတဲ့ငွေထဲက အဖေ့ဖို့ ငါးကျပ်တော့ ချန်ထားအုံးမှလို့တောင် တွက်မိသေးတယ်။

ခိုင်းစေတဲ့အလုပ်ကို ဝတ္တရားကျေပွန်အောင် ဆောင်ရွက်ပြီးတယ်ဆိုရင်ဘဲ၊ ဗိုလ်ကြီးရေ့ သူက အချိန်ကလေးဆွဲပြီးနေသစေ့ချင်ပေမယ့် ကျွန်တော်ကပြန်ဘို့သာ ဟန်ပြင်တော့တာဘဲ။ "သူ့အိုးနဲ့သူ့ဆန် တန်ရုံဆိုတာလိုပေါ့ကြီးကြီးရာ။ ယခုဆိုယင် ဘရန်ဒီတခွက်ကို ငွေတကျပ်ကျတယ် ထားအုံးတော့ နှစ်ခွက်ဆိုယင်ဘဲ ငွေနှစ်ကျပ်ဘဲခင်ဗျာ့"လို့ ကျွန်တော်က သူ့ကို ပြောလိုက်မိပါတယ်။





အဒေါ်ကြီးက ကျွန်တော် ဘာအဓိပ္ပာယ်နဲ့ ပြောတယ်ဆိုတာ ရိပ်မိဟန်တူရဲ့။ ကျွန်တော့်ကို ငွေတဆယ် အကြွေတွေ လက်ထဲ လာထည့်တာပါဘဲ။ ကျွန်တော်ကတော့ ငွေအကြွေကို ဆိုယင် တယ်မကိုင်ချင်ဘူး။ ကျွန်တော်တို့ စစ်သားအကျီအိတ်ဆိုတာမျိုးဟာ ပေါက်တတ်လွန်းလို့၊ ဒါမှမဟုတ်ယင်လဲ အိတ်ကိုအပြီးသတ် ချုပ်ကိုမချုပ်ဘဲ ဝတ်ရလွန်းလို့၊ အိတ်ပေါက်ကနေပြီး ပိုက်ဆံထွက်ကျ၊ ဖိနပ်ထဲဝင်၊ ဒါမှမဟုတ်လဲ ပျောက်တတ်လေတော့၊ ကျွန်တော်က ငွေကြွေတွေကို ကိုင်ကြည့်ပြီး မှိုင်မိတော့၊ သူကလဲ ကျွန်တော့်ကို သေသေချာချာကြည့်ပါတယ်။ သူက ကျွန်တော့် အမူအရာကို အကဲခတ်လွှဲပြီး ဒေါသကြောင့် မျက်နှာတွေ ဘာတွေနီလို့။ "မင်းက ဒါလောက်များ နဲတယ်ထင်သလား"လို့ မေးတယ်။

"မထင်ဝံ့ပါဘူးကြီးကြီးရယ်"လို့ ကျွန်တော်က ပြန်ပြောပါတယ်။ "ကြီးကြီးမှာအတွက်မရှိရင်လဲ ကျွန်တော့်ကို ငွေအကြွေအစား ငါးကျပ်တန် နှစ်ရွက်လောက် ပေးသစေ့ချင်တာဘဲ"လို့ ပြောပါတယ်။ အဲဒီတော့မှ မိန်းမကြီးက နားလယ်ပြီး ငွေကို လဲပေးပါတယ်။ ဒါနဲ့ ကျွန်တော်လဲ နှုတ်ဆက်ပြီး ထွက်ခဲ့ရော။

ကျွန်တော်ဖြင့် ဒီလိုချည်း စခန်းသွားနေလိုက်ထာ တနှစ်ခွဲလောက်ကြာပါကရော။ ဗိုလ်ကြီးက ကြာသပတေးနေ့ကို ခွင့်ရက်သတ်မှတ်တဲ့အခါတိုင်း ညညမှာ ကျွန်တော် ဒီမိန်းမကြီးဆီ သွားနေတာဘဲ။ ဒီအချိန်လောက်မှာဆိုယင် သူ့အစေခံတွေ အိပ်တဲ့အချိန်ဆိုတော့ မိန်းမကြီးက ဒီအချိန်ကိုသဘောကျပါတယ်။ နို့ပေမယ့် အရင်တပတ်က ကျွန်တော် ကောင်းကောင်းနေလို့မကောင်း

လို ဆေးရုံတက်ရပါတယ်။ အင်္ဂါနေ့ရောက်တယ်ဆိုလို့မှ ဆေးရုံက မဆင်းနိုင်သေးဘူးဆိုရင်ဘဲ ကျွန်တော်တော့ အတော့်ကိုစိတ်ဗယောက်ဗယက်ဖြစ်သွားမိတယ်။ တပတ်တပတ်ကို ငွေတဆယ် ရနေကျကလား၊ ဗယောက်ဗယက်မဖြစ်ဘဲ ဘယ်နေလိမ့်မတုန်း။ ဒါနဲ့ ကျွန်တော်က တွေးကြည့်မိတယ်။ တခြားလူများ အဒေါ်ကြီးဆီသွားယင် ငါတော့ လာဘ်ပိတ်တော့မှာဘဲလို့။ ပြီးတော့လဲ ဒီအဒေါ်ကြီးက အမြောက်တပ်က ငနဲတွေနဲ့တွေ့သွားမှဖြင့် ပိုပြီး မက်မှာဘဲလို့။ အဲသလို တွေးမိလေ စိတ်ထဲမှာ ဒေါသဖြစ်မိလေဘဲ။ အဲဒါနဲ့ ကျွန်တော်လဲ ဖိုးမဲကိုခေါ်ပြီး အကြောင်း အကျိုးတိုင်ပင်တာပေါ့။ ဖိုးမဲကလဲ ကျွန်တော်နဲ့ဆို တရပ်ထဲသားချင်းပေကိုး။

"ဒီမှာဟေ့၊ မင်းငါးကျပ် ငါငါးကျပ် ဝေယူမယ်ကွာ၊ ဟုတ်လား"လို့ ကျွန်တော်ပြောပါတယ်။ သူလဲ နှစ်ကိုယ့်တစိတ်ဖြစ်ပြီး ကျွန်တော့်အညွှန်းအတိုင်း သွားတာပါဘဲ။ သူ တံခါး ခေါက်ခေါက်ချင်းဘဲ အဒေါ်ကြီးက ဖွင့်ပေးပြီး အခန်းထဲဆွဲသွင်းသတဲ့။ ဒါပေမယ့် အမယ်ကြီးက လူကို မျက်နှာအသေအချာမကြည့်တော့၊ ကျွန်တော်မှန်း မသိရှာဘူး။ ကျွန်တော်တို့စစ်သားဆိုတာဟာ စစ်ဝတ်စစ်စား အစုံအလင်နဲ့ ဦးထုပ်ဆောင်းထားလိုက်ယင် တယောက်နဲ့တယောက်ရွေးယူလို့ရတာမှုတ်ဖူးခင်ဗျာ့။

နို့ပေမယ့် အမယ်ကြီးက ဗြူးဆို အမူကွဲပါသကိုးလို့ အောက်မေ့လိုက်ပြီး ဒေါသတကြီးနဲ့ "မင်းဘာသူလဲ၊ ဘာအလိုရှိသလဲ၊ မင့်ငါမသိပါလား" လို့ အော်ကာ ငေါက်ကာ မေးလိုက်ပါလေရော။





ဖိုးမဲက ရှင်းပြရတာပေါ့။ ဖိုးမဲက ကျွန်တော် နေမကောင်းလို့ လူစားထိုးပြီး ကိုယ်စားလှယ် လွှတ်လိုက်တဲ့အကြောင်း ပြောပြသတဲ့။ အဲဒီတော့မှ အဒေါ်ကြီးက လူကို သေသေချာချာကြည့်ရှုစစ်ဆေးသကိုး။ ပြီးတော့မှ ဒီအကြောင်းတွေကို နှုတ်ပိတ်ဖို့သစ္စာရေတိုက်ပြီးတော့၊ ဗိုလ်ကြီးထင်တဲ့အတိုင်းပေါ့ဗျာ။ ဖိုးမဲဆိုတာကလဲ ရုပ်ကမခေလှတော့၊ ဖိုးမဲကို အမယ်ကြီးက လက်ခံလိုက်ကရော။ နို့ပေမယ့် ဗိုလ်ကြီးခင်ဗျာ၊ ဒီအကောင် ပြန်လာတော့ ကျွန်တော့်ကို ကျွန်တော်ရသင့်တဲ့ ဝေစု ငါးကျပ်ကို မပေးဘူးခင်ဗျာ့။ ကျွန်တော့် အတွက်ဆိုယင်ဗျာ ကျွန်တော်မပြောပါဘူး။ နို့ပေမယ့် ကျွန်တော့် အဖေအတွက်နဲ့ ပတ်သက်လာယင် မတရား လုပ်ထာကို ဘယ်နည်းနဲ့မှမခံချင်ဘူး။ ဒါနဲ့ ကျွန်တော်က သူ့ကို "ဟေ့ မင်းကစစ်သားဆိုပေမယ့် စစ်သားပြိုပြို လုပ်တဲ့ အကောင်မှုတ်ဖူး။ မင်းစစ်ဝတ်စစ်စားတွေကို အားနာဘို့ ကောင်းသကွာ"လို့ ပြောလိုက်မိတယ်။

အဲဒါကို သူက လက်သီး လက်မောင်းတန်းပြီး ဗိုလ်ကြီးနှယ်ဗျာ "အပြစ်ကျယင် ကျပေ့စေ။ ဒါမျိုးကြောင့်တော့ နှစ်ခါပြန်အကျခံဝံ့သကွ"လို့ပြောတော့၊ အင်း၊ လူဆိုတာ ကိုယ့်ကိုယ်ကို ဘာထင်ထင် ထင်နိုင်တာတော့ ဟုတ်ပါရဲ့။ ဒါပေမယ့်ဗျာ၊ ဒင်းဒီငွေတဆယ်ကိုတော့ ဒီလိုအကြောင်းရိုက်ပြီး မယူသင့်ပါဘူး။ နောက်ဘာဖြစ်သွားတယ် ဆိုတာကိုတော့ ဗိုလ်ကြီးသိပြီးတဲ့ အတိုင်းပါဘဲ။

× × ×

“ဗိုလ်ကြီး ဗိုလ်ဒေါင်းကလေးကတော့ ဒီအကြောင်းကိုပြောပြရင်း မျက်ရည်ကျလောက်အောင် ဟက်ဟက်ပက်ပက် ရယ်ပါတယ်။ သို့ပေမယ့် သူကလဲ အဲဒီစစ်သားနှစ်ယောက်ဆီမှာ နှုတ်လုံ့ပါမယ်လို့ ကတိခံသလို ကျုပ်ကလဲ နှုတ်လုံ့ပါလို့ သူက ကတိတောင်းသဗျာ့။ ဒါကြောင့် ဒီအကြောင်းကို ခင်ဗျားမှတပါး ဘသူ့မှ မသိပါစေနဲ့ဗျာ။ အဲဒါတခုတော့ ကတိထားစမ်းပါ”

“ဟာ ဒါတော့ဗျာ ကျုပ်ကို စိတ်ချပါ။ နို့ ပေမယ့် နေပါအုံးဗျာ့ နောက်တော့ ဘယ်လိုနေရာကျသွားသလဲ”

“ဟာ ဘယ်လိုစီစဉ်ပြီး နေရာကျသွားသလဲဆိုယင် ဒေါ်ဂွမ်းဘုံကြီးက ဆီဘူးနဲ့ ဖိုးမဲစစ်သားနှစ်ယောက်စလုံးကို သူတဦးထဲမှုပိုင်လုပ်ပြီး တယောက်တလှည့်စီအတွက် နေ့တွေကို သတ်မှတ်လိုက်တော့ နှစ်ယောက်စလုံးမှာ အကျေအနပ်ကြီး ကျေနပ်ရတာပေါ့လဗျာ”

“အို ဒီလိုဆိုယင် နိပ်သပေါ့ဗျာ။ တကယ့်ကို နိပ်ထာပေါ့”

“နိပ်ထာမှ မပြောပါနဲ့တော့။ ဆီဘူးမှာ သူ့မိခင်ဖခင်တွေကို ထုံးစံအတိုင်း ငွေပို့နိုင်တဲ့အတွက်ကြောင့် သူ့ကိုယ်ကျင့်တရားနဲ့ပတ်သက်ပြီး ဥပါဒ်စရာ အကြောင်းမရှိတော့ဘဲ အကျေအနပ်ကြီး ကျေနပ်နေရသပေါ့ဗျာ ဟား ဟား”



# တောလား

မီးရထားသည် ဂျင်နဝါမြို့ကိုထားခဲ့၍ မာဆေးမြို့သို့ စက်ခေါင်းလှည့်ကာ ခုတ်မောင်းနေသည်။ ကျောက်ဆောင်ထူထပ်ပြီးလျှင် အကွေ့အကောက်များလှသော ကမ်းရိုးတန်းကိုလိုက်၍ မီးရထားခုတ်နေသည်မှာ သံနဂါးကြီးသည် ပင်လယ်နှင့် ကမ်းပါးယံ အကြား လျှောဆင်းနေဘိသို့ရှိ၏။

ရထားသည် ငွေလိုင်းအိုကြီးများ ကွတ်၍ထားသော ဝါကြန့်ကြန့် သဲသောင်ပေါ်တွင်လည်း တခါတခါ တွား၍ သွားသည်။ ပါးစပ်ပြဲပြဲနှင့် မှောင်မဲနေသော ဥမင်ထဲသို့ ရထားဝင်သည့်အခါလည်း တွင်းဝင်ဖြောင့်သည့် မြွေနှင့်ပမာ တူလှသည်။

မီးရထားနောက်ဆုံးတွဲ၌ တောင့်တောင့်တင်းတင်း မိန်းမ တယောက်နှင့် ခပ်ရွယ်ရွယ် ယောကျ်ားတယောက်တို့သည် မျက်နှာ

ချင်းဆိုင်လျက် လိုက်ပါလာကြသည်။ သူတို့နှစ်ယောက် တဦးက တဦးကို စကားမပြောသော်လည်း အကြည့်ချင်းဆုံမိတတ်သည်။ မိန်းမမှာ အသက် အစိတ်ခန့် ရှိ၏။ သူသည် ပြူတင်းပေါက်နား တွင်ထိုင်ကာ မျော်ခင်းများကိုကြည့်ရင်း လိုက်ပါလာ၏။ သူ ကား ပိဒမွန်ရွာသူ ဖြစ်သည်။ သူငယ်အိမ် နက်နက်၊ မျက်လုံးမျက် ဖန် ကြီးကြီး၊ ရင်သားမို့မို့၊ ပါးစုန့်ထွက်ထွက် ဖြစ်၏။ သူ့ထိုင်ခုံ အောက်၌အထုပ်အပိုးများကို သွင်းပြီးလျှင် တောင်းကလေး တ ခုကိုမူ ဒူးပေါ်တင်ကာ လိုက်ပါလာလေသည်။

ယောကျ်ားမှာ အသက် ၂၀ ကျော်ရှိမည်။ ပိန်ပိန်ပါးပါး တည်း။ သူ့အသား နေလောင်၍ ညိုနေပုံကိုထောက်လျှင် ကေန္တာ ကွင်းပြင်၌ အလုပ်ကြမ်း လုပ်ကိုင်ဖူးသူ ဖြစ်ရမည်။ သူ့ အစွမ်း ကုန်ပိုင်သော လေးလံသည့် ဖိနပ်တရံ၊ ဘောင်းဘီတစုံ၊ ရှပ်တ ထည်၊ အပေါ်အင်္ကျီစသော ပစ္စည်းတို့ကို ပုဝါဖြင့်ထုပ်၍ သူယူ လာခဲ့သည်။ ပုဆိန်တလက်နှင့် ဂေါ်ပြားတခုကိုမူ ကြိုးဖြင့်ချည် ၍ သူ့ထိုင်ခုံအောက်၌ သွင်းထားသည်။

သူသည် ပြင်သစ်ပြည်၌ အလုပ်ရှာရန် ခရီးထွက်ခဲ့သူတည်း။

နေမင်းသည် ကောင်းကင်ထက်သို့တက်ကာ သူ၏ ပူပြင်းလှ သည့် ရောင်ခြည်တို့ကို ကမ်းရိုးတလျှောက်သို့ လွှတ်နေသည်။ မေ လကုန်ခါနီးဖြစ်၍ မြေသင်းနံ့တပျံ့ပျံ့မှာ လေထဲတွင်လွင့်ပါးကာ ရထားတွဲ ပြူတင်းပေါက်ထဲသို့ တိုးဝှေ့ဝင်သည်။

ရထားလမ်းဘေးတလျှောက်ရှိ လူကုံထံတို့၏ အိမ်ဝင်း၌၎င်း၊ အိမ်တံခါးဝ၌၎င်း၊ မြေပြင်၌၎င်း ပြွတ်သိပ်ကာ ပေါက်ရောက်နေ သော နှင်းဆီပင်တို့၏ ရနံ့ကိုအဖော်ပြုကာ ပွင့်ငုံစ လိမ္မော်၊သမ္ဘရာ





ပင်တို့၏ လေးလေးပင်ပင် ချိုအေးသော ရနံ့သည် လေထဲ၌ကြိုင် သင်း၍ နေလေသည်။

ဤကမ်းခြေတလျှောက်တွင် နှင်းဆီပင် မင်းမူလျက်ရှိသည်။ ဤနယ်တဝန်း၌ သူတို့၏သင်းတပျံ့ပျံ့ ရနံ့ကလေးသည် ဝိုင်အရက် နံ့အလား ချို၍ဆိမ့်အီ ရီတီတီဖြစ်အောင် ဖန်တီးပေးနေသည်။

မီးရထားသည် ဤမျှနှလုံးမွေ့လျော်ဖွယ်သော ပန်းခြံကြီးကို ခွဲခွာရန် စိတ်မပါဘိသကဲ့သို့ မရွေ့ချင်ဘဲနှင့် ရွေ့လျားနေသည်။ ဘူတာကလေး တဲစုကလေးများသို့ရောက်လျှင် မိနစ်အတန်ကြာ မျှ ရပ်ပေး၍ ဥဩသံရှည်ရှည် ဆွဲမှုတ်ပြီးနောက် လေးတွဲ့ ဖင့်နွဲ့ ကာ ထွက်ခဲ့ရပြန်သည်။ ဘယ်ဘူတာမှ ခရီးသည်များ တက်စီး သည်ဟူ၍လည်း မရှိပေ။ မိုးဦးကျခါနီးတိုင်း မှိုင်းလှသော နံနက် ခင်းတွင် ကမ္ဘာလောကကြီးမှာ အိပ်ရာမှလူးလွန့်ရန်ပင် ပျင်းရိလှ သောကြောင့် အိပ်မောကျနေသည်နှင့် သဏ္ဍာန်တူသည်။ ကျေး တောသူမ ဝဝတုတ်တုတ်ကလေးမှာ ခဏခဏမှေးကနဲမေ့သွားရာ မှ သူ့ပေါင်ပေါ်က တောင်း လျှောကျလာသည်တွင် လန့်နိုး၍ မျက်စိဆတ်ကနဲဖွင့်သည်။ တောင်းကလေးကို ကပျာကရာဖမ်းဆွဲ ပြီး တဖန် ပြူတင်းပေါက်ဝမှငေးမျော်ရင်း ကြာလတ်သော် အိပ် မောကျသွားပြန်သည်။ သူ့နဖူးမှ ချွေးသီးကလေးများ စို့လာ သည့်အခါ သူ့ရင်ထဲ၌ အလုံးအခဲများ ဆို့နေဘိသည့်အလား အသက်ရှူကျပ်လာဟန် လက္ခဏာရှိသည်။

ယောကျ်ားပျိုကား အလုပ်ကြမ်းသမားပီပီ ဦးခေါင်း ငိုက် ငိုက်နှင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်လျက် လိုက်ပါလာသည်။

မိန်းမမှာ ဘူတာ ကလေးတခုမှ ထွက်သည်နှင့် တပြိုင်နက် နိုးလာ၍ သူ့ခြင်းတောင်းထဲမှ ပေါင်မုန့်တခု ကြက်ဥပြုတ်တလုံး ဝိုင်အရက်တပုလင်း ဇီးတော်သီး အနည်းငယ်တို့ကို ထုတ်ယူပြီးလျှင် စားသောက်လေ၏။

ယောကျ်ား နိုးလာသောအခါ ထိုမိန်းမ စားသောက်ပုံကို သူ့ပေါင်ပေါ်မှ စားဖွယ်သောက်ဖွယ်များ သူ့ပါးစပ် ထဲသို့ ရောက်သွားသည်အထိ စေ့စေ့စပ်စပ်လိုက်ကြည့်သည်။ လက်ကို ပိုက်ကာ မျက်တောင်မခတ်ဘဲ ပါးစပ်ကို အလုံစေ့ကာ ထိုင်ကြည့်နေသည်။

မိန်းမသည်အစားကြူးသူကဲ့သို့ မြိန်ရည် ရှက်ရည်ဖြင့် စားလေသည်။ ကြက်ဥပြုတ်ကို လည်ချောင်းထဲသို့ ဝိုင်အရက်ဖြင့် တချက်တချက် မျှောချလိုက်ပြီးသော် အသက်ရှူပေါက်ချောင်ရန် တအောင့်တနား နားလိုက်သေးသည်။

သို့နှင့်ပင် ပေါင်မုန့် ကြက်ဥ ဇီးတော်သီး ဝိုင် အရက်တို့မှာ ပြောင်တလင်းခါ၍ သွားသတည်း။ ထိုမိန်းမ အစာစားပြီးသည် ဆိုလျှင်ပင် ယောကျ်ားလည်း တရေးတမော မှေးပြန်သည်။ မိန်းမမှာမူ အနေရ အထိုင်ရ ကျပ်လာသောကြောင့် သူ့ဂါဝန်ကို လျှော့လိုက်၏။ ယောကျ်ားကား တခါလောက်မျှ မျက်စိဖွင့်ပြီး ထိုမိန်းမကိုကြည့်မိ၏။

မိန်းမသည် ထိုအခြင်းအရာကို ဂရုစိုက်ဟန်မတူ။ သူ့ဂါဝန်မှ ကြယ်သီးများကိုသာဖြုတ်၍နေသည်။

သူ့အသားစိုင်တို့မှာ သူ့အဝတ်အစားထဲမှ ပြူ၍ ထိုးထွက်သောကြောင့် ကြယ်သီးပေါက်များပင်လျှင် ပြဲထွက်လတ်သော်





အထဲမှ ရှင်မီးအင်္ကျီအဖြူနှင့်အသားစိုင်တို့မှာ အပြင်ကို ပြူတစ် ပြူတစ်ချောင်းကြည့်နေကြသည်။

မိန်းမသည် အနည်းငယ်မျှနေသားထိုင်သားကျသော် အဖော် ခရီးသည်ဖက်သို့ လှည့်၍ အီတာလျံ ဘာသာဖြင့် "ပူလွန်းလို့ အသက်ရှူကျပ်လှသတော်"ဟု စကားစ၏။

"ခရီးသွားလို့တော့ ကောင်းတဲ့ရာသီပါဘဲ"ဟု အီတာလျံ စကားဖြင့်ပင် ယောကျ်ားကပြန်ပြောလိုက်သည်။

"ရှင် ပီဒမွန်ကဘဲနော်"ဟု မိန်းမကမေးသည်။

"အာစတီး က ပါဗျာ"

"ကျွန်မတော့ ကာစလေ ကဘဲတော့"

သူတို့သည် ရွာနီးချင်းဖြစ်သည်။ ထို့ကြောင့် စကားလက် ဆုံကျမိသည်။

သူတို့လို အလုပ်သမားအချင်းချင်းထဲကျလျှင် ပြောနေကျ ဆိုနေကျဖြစ်သော အလ္လာပ သလ္လာပစကားတို့ကို သူတို့ပြောဆိုကြ သည်ဖြစ်ရာ ရိုးလွန်း အလွန်း ဗဟုသုတ နည်းလွန်းသောတောသူ တောင်သားတို့ဘဝ ပြောပြီးသား အကြောင်းတို့ကိုချည်း ထပ် ကာထပ်ကာ ပြောကြလေသည်။ အိမ်အကြောင်းလည်း စကား ပေါ်မိကြသည်။ သူတို့နှစ်ဦးစလုံးနှင့် သိကျွမ်းဘူးသော မိတ်ဆွေ များအကြောင်းလည်း ထည့်ပြောကြသည်။

သူတို့နှစ်ဦး၏ အသိမိတ်ဆွေများမှာနှစ်ဦးစလုံးနှင့်ပင် ခင်မင် ရင်းနှီးကြသည်ကို သိရသောအခါ ထိုယောကျ်ားနှင့် မိန်းမတို့ သည် တဦးနာမည်ကို တဦး ဖော်ပြောကာ ပိုမိုရင်းနှီးသွားကြ

သည်။ သူတို့ပြောပုံဆိုပုံမှာ ဆုံးခါနီး စကားလုံး ရောက်လျှင် လေရှည်ဆွဲ၍ အီတာလျံသံဝဲကာ ပြတ်တောင်း ပြတ်တောင်း ပြောတတ်လေရာ သူတို့ပါးစပ်ထဲတွင် ပွစိပွစိနေသော စကားလုံးများမှာ တပြုံလုံးအလုအယက်ထွက်လာလေ့ရှိ၏။

ယောကျ်ားမှာ အလုပ်ရှာသွားရန် ခရီးထွက်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်ပြည်၌ အိမ်သစ်ယာသစ်များ တိုးနေကြောင်း လူပြော သူပြော များသဖြင့် ထိုအရပ်မှာ အလုပ်ရနိုင်မည်ဟု အများပြောသံကို သူကြားဘူးသည်။

ထို့နောက် သူတို့နှစ်ဦး စကားပြတ်သွားသည်။

နေပူလွန်းလှသည်။ အပူရှိန်ကြောင့် ရထားအမိုးမှာ ခြစ်ခြစ်တောက်နေသည်။ ရထားနောက်မြီးတွင် တထောင်းထောင်းဖြင့် လိုက်နေသော ဖုံတို့သည် ရထားပြူတင်းထဲသို့ တိုးဝင်ကြသည်။ နှင်းဆီနှင့် လိမ္မော်ပန်းတို့၏ အနံ့မှာ အလွန်ပြင်းလာ၍ နှာခေါင်းထဲ၌ စူးရှလာလေပြီ။

ခရီးသည်နှစ်ဦးမှာ တဖန်တရေး မှိန်းကြပြန်သည်။

နှစ်ဦးသား နိုးလာပြန်သော် တပြိုင်တည်းပင် နိုးကြသည်။ နေမင်းသည် မိုးကုပ်စက်ဝိုင်းအစပ်နားသို့ သက်ဆင်းကာ ပြာလဲ့သော ပင်လယ်ပြင်ပေါ်သို့ တောက်ပသော အရောင်တို့ကို သွန်းလောင်းနေသည်။ လေပြည်ကလေးက တအေးအေး။

မိန်းမမှာ အသက်ရှူ ကျပ်နေသည်။ သူ့အဝတ်အစားတို့ကို ဟင်းလင်းလှစ်ထားရချေပြီ။ သူ၏ ပါးစုန့်ကြီးများမှာ ဖောင်းမို့ ကြွတက်ကာ အဆီရစ်လျက်ရှိပြီ။





"ကျွန်မတော့ မနေ့ကထဲက နို့သက်လွန်းလို့ ခေါင်းထဲက မူးနောက်နောက်နဲ့"ဟူ၍ သူကအသံကို ခပ်အုပ်အုပ်နှင့် မပွင့်တပွင့် ပြောလိုက်သည်။

ယောကျ်ားကား ဘာပြန်ပြောရမည် မသိ၍ ခပ်မဆိတ်နေလိုက်၏။

မိန်းမက ဆက်၍ "ကျွန်မလို နို့ရှင်တဲ့မိန်းမမျိုးဟာ တနေ့သုံးခါလောက် ကလေးကို နို့တိုက်လိုက်ရမှတော့။ နို့မို့ယင် မနေတတ် မထိုင်တတ်တော့ဘူး။ ရင်ဘတ်ပေါ် ခွက်တဆယ်လေးကြီးတင်ထားတဲ့အတိုင်း တကတဲ အသက်ရှူမဝဘဲ မောမောလာတာဘဲ တော့။ ဒီလောက် နို့ သက်အားကြီးတော့လဲ အင်မတန် အနေရကျပ်သတော်"ဟု ဆို၏။

ယောကျ်ားက "အင်း၊ ဟုတ်တာပေါ့၊ ဘယ်ကောင်းနိုင်ပါ့မဘုံး။ အနေရကျပ်မှာပေါ့"ဟု ပြန်ပြောလေသည်။

"အစစ်ပေါ့တော်။ ကျွန်မ ရှင့်ကိုပြအုံးမယ်။ နို့ပေမယ့်လေ ဒီလိုပြလို့လဲ သက်သာတာ မဟုတ်ဖူးတော့။ ဒီလိုလုပ်လို့လဲ နို့က ထွက်လာမှတ်ဖူး"

သူသည် စကားပြော ခေတ္တရပ်လိုက်သည်။

မီးရထားသည် ဘူတာတခုတွင် ဆိုက်လေသည်။ ငိုနေသော ကလေးကို ရင်ခွင်၌ ပိုက်ကာ မီးရထား ဝင်းထရံကိုမှီ၍ ရပ်နေသော မိန်းမတယောက်ကို သူမြင်မိသည်။ ထိုမိန်းမကား အဝတ်အစားစုတ်စုတ်နုပ်နုပ်ဖြင့် ကြုံလှီသော မိန်းမဖြစ်သည်။

နို့တိုက်သယ် မိန်းမက ထိုမိန်းမကို မျှော်ငေးမိသည်။ ထို့နောက် ကရုဏာသံဖြင့် "ဟို မိန်းမလိုတာမျိုးကို ကျွန်မ အကူ

အညီပေးနိုင်ပါသတော်။ ကျွန်မသက်သာအောင်လဲ သူ့ကလေးက တတ်နိုင်မှာပါဘဲ။ ကျွန်မက ချမ်းတောင့်ချမ်းသာတဲ့ အစားထဲက မဟုတ်တော့ အိမ်ပစ် ယာပစ် လင်ပစ် သားပစ် အလုပ်ရှာထွက်လာတာဘဲ။ ဒါပေမယ့် အဲဟိုကလေးမျိုးကို ဆယ်မိနစ်လောက် နို့တိုက်ပေးရမယ်ဆိုယင် ဒင်္ဂါး ၅ ပြားလောက်တော့ အလကားပေးနိုင်ပါသေးသတော်။ သူလဲ အငိုတိတ်မှာဘဲ၊ ကျွန်မလဲ တာဝန်ပေါ့သွားမှာဘဲ၊ အဟုတ်ကို ပြောတာတော့။ ဒီလိုဆိုယင် ကျွန်မဖြင့် အထုပ်ကြီးကျသွားပြီး ငယ်မူပြန်လာမှာဘဲ" ဟု ဆိုလေ၏။

သူသည် နဖူးပေါ်မှ ချွေးသီးချွေးပေါက်များကို လက်ဖြင့် သပ်ချကာ ခေတ္တမျှ စကားပြောရပ်ပြီးမှ "အမယ်လေး၊ ကျုပ်တော့ မဟန်နိုင်တော့ဘူး။ သေရချည်ရဲ့" ဟု ညည်းတွားလိုက်သည်။ ပြီးလျှင် သူ့အတွင်းခံ အင်္ကျီကို လှစ်မှန်းမသိ လှစ်လိုက်သည်။

သူ့ညာဖက် ရင်အုံသည် တစ်တစ်ရစ်ရစ် ဖောင်းကြွလျက် ညိုနေသော နို့သီးကလေးနှင့်တကွ ပြူထွက်လာသည်။ "ဘုရားရေ၊ ကျုပ်ဘယ့်နှယ် လုပ်ရမှာတုံးတော့" ဟု ရှိုက်သံနှင့် ညည်းလေ၏။

မီးရထားကား ပြန်ထွက်ပြီ။ မီးရထား အကွေ့တွင် ညနေစောင်း လေချိုအေးမှာ စူးရှသော ရနံ့သင်းပျံ့ကြိုင်လှိုင်သည်။

တခါတရံ တံငါလှေ ကလေးများကို တွေ့ရသည်။ မလှုပ်မရှက်သော ရွက်ဖြူကလေးမှာ ပြာနှမ်းသော ရေပြင်ကို အရောင်





ပ်လိုက်လေရာ အခြားလှေတစင်း ဇောက်ထိုးမိုးမျှော်နှင့် ရွက်က်နေသလို အရိပ်မှာ ထင်လျက်ရှိသည်။

ယောကျ်ားပျိုမှာ မနေတတ်မထိုင်တတ် ဖြစ်ပြီးလျှင် "နို့ပေးနှမရယ်၊ ကျုပ်၊ ကျုပ်၊ မင့်ကို တတ်နိုင်တဲ့ဖက်က ကူစမ်းရစေ" ဟု အထစ်ထစ် အငေါ့ငေါ့ ပြောလိုက်သည်။

ထိုအခါ မိန်းမသည် နွဲ့ချိုသောအသံကလေးဖြင့် "ကျုပ်တော့ တတ်နိုင်တော့ဘူးတော့။ ရှင်ကယ်နိုင်ယင်တော့ ကျေးဇူးပါဘဲ။ ရှင်း" ဟု တိုးတိုးပြန်ပြောသည်။

ယောကျ်ားက မိန်းမ၏ ရှေ့တွင် ဒူးထောက်ထိုင်လိုက်သည်။ မိန်းမက ယောကျ်ားကို သူ့သားငယ်ကလေးပမာ ကြင်နာသော မိခင်တို့၏ အမူအရာဖြင့်ရှေ့တိုးကာရင်ကော့ပေးသည်။ ယောကျ်ား အနားသို့ အတိုးတွင် သူ့ရင်အုံမှ နို့တစက် ပြူကနဲပန်းထွက်သည်။ ယောကျ်ားက နို့စက်ကို အငမ်းမရ ဖမ်းစုပ်လိုက်သည်။ ထို့နောက် လေးလံသော နို့အုံကို ဗူးဖရုံသခွား ပမာထား၍ အဝိမ်းဝါးမည့်ဟန်ဖြင့် လောဘတကြီးငုံကာ ချိုချိုစို့ခြင်း အမူကို မှန်မှန်ကြီး စတင်၍ ပြုလေသတည်း။

ယောကျ်ားသည် မိခင်၏ အာဟာရကို တစက်မျှလက်မလွှတ်တမ်းဟူသော သဘောဖြင့် မိန်းမ၏ခါးကို အားပါးတရဖက်၍ ကလေးငယ်ပမာ ဂလုပ်ဂလုပ် မြည်အောင် စုပ်၍ စုပ်၍ စို့သတည်း။

ထို့နောက် မိန်းမပျိုက ရုတ်ခြည်းပင် "ကဲ၊ကဲ။ ဒီဖက်က တော်လောက်ပါပြီ၊ ဟိုဖက်ကို လုပ်ပါအုံး" ဟု ဆိုလေရာ ယောကျ်ားခမျာမှာ ညင်ညင်သာသာနှင့်ပင် နာယူလိုက်၏။

မိန်းမက ယောကျ်ား၏ ပခုံးကို လက်နှစ်ဖက်ဖြင့် ကိုင်ထားသည်။ ပြူတင်းပေါက်မှ စွတ်၍ ဝင်လာသော သင်းပျံ့ကြိုင်လှိုင်သည့် ရနံ့များကို ထိုမိန်းမသည် အားပါးတရ လွတ်လွတ်ကျွတ်ကျွတ် ရှိုက်ရှူသုံးသပ်ကာ အသက်ရှူမှန်၍ လာလေသည်။

"အနံ့ကလေးက သင်းလိုက်တာနော်" ဟု မိန်းမက ဆို၏။

ယောကျ်ားကား နတ်သုဒ္ဓာ အာဟာရကြီး လွတ်သွားမည်ကို စိုးသဖြင့် အရသာကို ငုံမိခံပြီး မျက်စိမှိတ်ကာ ဆွဲစို့နေလေသောကြောင့် စကားပြန်ပင် မပေးနိုင်။

သို့သော် မိန်းမက ယောကျ်ားကို အသာတွန်းဖယ်လိုက်သည်။

"တော်ပါပြီ၊ တော်ပါပြီ။ တကတဲတော်၊ ခုမှဘဲ နေသာထိုင်သာ ရှိသွားသတော့။ ပေါ့ပေါ့ပါးပါး ရှိသွားပါပြီ"

ယောကျ်ားလည်း မတ်တပ်ရပ်လိုက်၍ လက်ခုံဖြင့် သူ့ပါးစောင်ကို သုတ်သည်။

မိန်းမကား သူ့အတွင်းခံအင်္ကျီထဲသို့ ရင်မှာနှစ်စုံကို ပြန်သွင်းရင်း "ကျေးဇူးကြီးလှပါသတော်" ဟု ပြောသည်။

ယောကျ်ားက ကျေးဇူးတင်သံကြီးဖြင့် "ကျေးဇူးတင်ရမှာက ကျုပ်ပါ အမိရယ်။ ကျုပ်ထမင်းမစားရတာလေ နှစ်ရက်ရှိပြီ" ဟု ပြန်ပြောလိုက်သည်။

ပုဂံစာအုပ်တိုက်

# မပြောဝံ့လို့

ပယ် အိပ်ရာမှထခါစတွင် မိုးကလေးက တဖွဲဖွဲရွာနေသည်။ ဆောင်းဦးပေါက်မို့ သစ်ရွက်များသည် မိုးသီးများကြွေသကဲ့သို့ ဖြေးဖြေး ဆေးဆေး လေးလေး လံလံနှင့် ကြွေလျက်ရှိ၏။ ဦး ယ်ကား ရှင်ပြခြင်းမရှိ။ အိမ်ဦးမှသည် မီးဖိုဆောင်သို့ မီးဖိုဆောင်မှသည် အိမ်ဦးသို့ လူးလာခပ်နေသည်။ သူ့ဘဝမှာ ငြီးငွေ ချည်းပါတကား။ ယခုသူ အသက်ခြောက်ဆယ်ကျော်၍ နှစ်ပင် စွန်းခဲ့ပြီ။ ယခုအထိ ပျော်စရာတကွက်မျှမတွေ့ရသေးချေ။ ကိုယ်ထီးတည်း လူပျိုကြီးဘဝ၌ မည်သူကလာ၍ သူ့အား ပြုစုနည်း။ ချစ်မည့်သူ ခင်မည့်သူမရှိဘဲသေရလျှင် အတော်ဆွေး ကောင်းမည်။ ဤသည်တို့ကို စဉ်းစားမိ၍ ဦးစပယ်သည် မျက် ငမ်းစမ်း ဖြစ်လာသည်။

ပုဂံစာအုပ်တိုက်

သူသည် အနှစ်သာရမဲ့၍ ဟာနေသော သူ့ဘဝကို စားမြုံ့ပြန်ရာတွင် သူငယ်ငယ်က နေခဲ့ထိုင်ခဲ့ရပုံ၊ မိဘများနှင့်အတူ ကိုယ့်အိုးကိုယ့်အိမ်နှင့် ကြီးပြင်းလာခဲ့ရပုံ၊ တက္ကသိုလ်ကျောင်း၌ စာသင်ခဲ့ရပုံ၊ကျောင်းသားဘဝ၌ပေခဲ့ပုံ၊ တက္ကသိုလ်ဘွဲ့မယူမီ ပဲရစ်မြို့၌ သင်တန်းတက်ရပုံ၊ သူ့ဖခင်ကြီး မမာဖြစ်ပြီး အနိစ္စရောက်ပုံ စသည့် ရှေးဖြစ် ရှေးဟောင်းများ တရေးရေးပေါ်လာသည်။ ထို့နောက် သူ့အမေနှင့် သူအတူတကွ နေခဲ့ရပုံကိုလည်း သတိရမိသည်။ မိခင်နှင့်နေစဉ်က ကြောင့်ကြဗျာပါဒမရှိ။ အလွန်အေးချမ်း၏။ထို့နောက် မိခင်ကွယ်လွန်သောအခါ၌မူကား သူ့ဘဝသည် အလွန်ဝမ်းနည်းကြေကွဲဘွယ် ကောင်းလာသည်။ ထိုမှစ၍ ယနေ့တိုင် တကိုယ်တီးတည်းနေခဲ့သည်။ယခု သေစရာရှိလျှင်သူ့အလှည့်ဘဲ ရှိတော့သည်။ သူသည် ဤကမ္ဘာလောကကြီးမှ ပျောက်ကွယ် သွားရဦးမည်။ လူ့ဘဝ၌ နိဂုံး ရချေတော့မည်။ ထိုအခါ ဦးစပယ်ဆိုသဟာရှိတော့မည်မဟုတ်။ အင်း တယ်သံဝေဂရဘို့ကောင်းပါကလား။ သူများတကာမှာမူ ရယ်လား မောလား အိမ်ထောင်သားမွေးပြီး တပျော်တပါးကြီး ကျန်ရစ်ခဲ့ကြဦးမည်။ သူများကပျော်လို့မဆုံး တပြုံးပြုံးနေစဉ်၊ သူကား လောကကြီးမှ ခွဲခွာရတော့မည်။ မရှောင်မတိမ်းနိုင်သော သခ်ါရတရားကြီးက ဦးခေါင်းပေါ်ဝဲနေတုန်းမှာ ဝေနေယျတြာ သတ္တဝါအပေါင်းတို့ ပျော်နိုင် ပါးနိုင် ရယ်နိုင် မောနိုင်သည် ဆိုသည်မှာလည်း များစွာအံ့သြဘွယ်ဖြစ်သည်။မရဏတရားဆိုသည်မှာရှိမှရှိပါလေစဟု ပုထုဇဉ်တို့ အနေကန်သဘော မှန်းဆပြောနေကြရသည်ဆိုပါက လူသားတို့အတွက် မျှော်လင့်ချက်အများကြီး ရှိပါသေးတကားဟု





…ာက်မေ့စရာရှိ၏။ သို့သော် နေ့ကုန်လျှင် ညရောက်ရမည် …ဘာမှာ ကေန္တဖြစ်ရသကဲ့သို့ မရဏတရားကြီးမှာလည်း မလွဲ …သူ ကျရောက်ရမည် ဖြစ်ချေရကား၊ မျှော်လင့်စရာ ဘာမျှမရှိ …ာကား။

သက်တမ်းကုန်အောင် လူ့ပြည်မှာနေခဲ့ရလျှင်၊ တစုံတရာကို …ါန်းတွင်အောင် လုပ်ခဲ့ရလျှင်၊ စွန့်စွန့်စားစား ဆောင်ရွက်ခဲ့ရ …်၊ လောကီစည်းစိမ်ကို ခံစားခဲ့ရလျှင်၊ ကြံတိုင်း အောင်၍ …ာင်တိုင်းမြောက်ခဲ့လျှင် လူ့ဘဝရသည်မှာ ကျေနပ်စရာဟု ဆို …ာရှိမည်။ သို့ပေမင့် သူဘာတခုမျှ မယ်မယ်ရရ လုပ်ခဲ့ဘူးသည် …၍ မရှိပါတကား။ နံနက် အိပ်ရာမှထမည်။ စားချိန်၌စားမည်။ …ိပ်ရာဝင်ချိန်၌ အိပ်မည်။ နှစ်ပေါင်းခြောက်ဆယ် နှစ်နှစ်ကာလ …ာ်လုံး သည်လိုချည်းသာ စခန်းသွားခဲ့ရသည်။ အများနည်းတူ …ိမ်ထောင်မျှပင် မပြုစဖူး။ ဘာ့ကြောင့်၊ အလို ဘာ့ကြောင့်အိမ် …ထောင်မပြုခဲ့မိပါလိမ့်။ ပြုမည်ဆို ပြုနိုင်ပါသည်။ ပစ္စည်း ပစ္စယ …ဘာ့ကြောင့်တင်းသွားတဲ့။ ကြင်ဖက်နှင့် ဖူးစာမဆုံစည်း၍လား။ အင်း …သည်လိုလဲ ဖြစ်ကောင်းဖြစ်ပေမည်။ သို့ပေမင့် နဖူးစာဆိုတာ လူ …က လုပ်လည်းရနိုင်ပါသည်။ စင်စစ် သူ့ကိုယ်၌က စိတ်မပါ၍ပင် …ဖြစ်ရမည်။ စင်စစ် သူ၏ ချွတ်ယွင်းချက်မှာ ထိုကဲ့သို့ စိတ်ပါလက် …ပါ မရှိခြင်းပင်ဖြစ်သည်။ ထထကြွကြွ၊ သွားသွားလာလာ၊ စူးစူး …စမ်းစမ်း၊ မေးမေးမြန်းမြန်း၊ ပြောပြောဆိုဆိုလုပ်ရန် ဝန်လေးလှ …သော သူတို့သည် မိမိဘဝဖြစ်စဉ်ကိုပင်လျှင် စိတ်မဝင်စားနိုင်ကြ …သောကြောင့် လူ့ဘဝဆိုသည်မှာ သူတို့အဖို့ အဟောသိကံချည်း …သာ ဖြစ်ရချေသည်။

ကိုစပယ် တသက်နှင့် တကိုယ် ချစ်ဖူး ကြိုက်ဖူးသည် မရှိခဲ့ပါ။ သူ့ရင်ခွင်ထဲသို့ မည်သည့်ချစ်သူမျှ ဝင်၍ မအိပ်ခဲ့ဘူးချေ။ ချစ်သူကို စောင့်စားရသည့်အခါမျိုးမှာ ခံစားရသော သုခနှင့် ဒုက္ခ ဒွေးရောယှက်တင်ဖြစ်ရသည့် ဝေဒနာမျိုးကိုလည်း မခံစားဘူးပါ။ ချစ်သူ့လက်ကလေးကို ထိလိုက်ရ၍ အကြောပေါင်းတထောင် စိမ့်သွားပါသည် ဟူသော အရသာမျိုးကိုလည်း မတွေ့ဘူးပါ။ ချစ်သူနှင့် နှစ်ပါးကြည်ရသည် ဆိုသော စည်းစိမ်မျိုးကိုလည်း မကြုံဘူးပါ။

ချစ်သူကလေး၏ ပါးပြင်ပေါ် နှာခေါင်းကို အသာတင်၍ ပထမဦးဆုံး မွှေးလိုက်ရသော ပီတိအရသာမှာ လူတွင်မက နတ်မမျှသော သူတို့၏ ခံစားကြသော အရသာဖြစ်သည်။ ခန္ဓာကိုယ်နှစ်ကိုယ်ကို တစိတ်တည်းဖြစ်အောင် ချစ်သူအချင်းချင်း အားရပါးရ သိမ်းကျုံးပွေ့ဖက်လိုက်ရသည့်အခါ နှစ်ဦးသား အရှူးအမူးနှင့် ချစ်စိတ်မွှန်ရသည့် အရသာသည် ပြောမပြနိုင်လောက်အောင် ထူးပါပေသည်။

ဦးစပယ်သည် အိမ်ဦးခန်းတွင် တင်ပါးလွှဲထိုင်လိုက်သည်။ အင်း၊ အမှန်ကိုဆိုရလျှင် သူ့ဘဝ ဆုံးပြီ။ သို့သော် တသက်မှာ တခါတော့ ချစ်ဖူး ကြိုက်ဖူးခဲ့ပါသည်ဟု ဆိုစရာ တကွက်ရှိပါသေး၏။ တဖက်သတ် ဆွေးရသော အုံ့ပုန်းချစ်မျိုးဖြင့် သူ့ညာဉ်အတိုင်း စိတ်ပါသလိုလို မပါသလိုလိုနှင့် ချစ်ခဲ့ဘူးပါသည်။ ဤအချက်ကိုမူ ဟုတ်၏ဟု ဝန်ခံရပေမည်။ အဘယ့်ကြောင့် ဆိုသော် တခါက သူ့ကျောင်းနေဘက်သူငယ်ချင်း ဦးစန္ဒာ၏ မိန်းမကို ကြိုက်မိဘူးသောကြောင့်ဖြစ်၏။ သို့ပေမင့် အတွေ့ရ နောက်ကျခဲ့





၏၊ အအိုဘဝနဲ့ ကျမှ ရေစက်က ဆုံပေသကိုး။ နို့မို့ယင် ကိုစပယ်သည် သူ့ချစ်သူကို တခါထဲ ယူဖြစ်ပေလိမ့်မည်။ ထိုမိန်းမကို ...မ မျက်စိကျမိသော နေ့မှစ၍ သူ၏ ချစ်စိတ်တို့သည် ထိန်း...မ်း၍ မရနိုင်အောင် ယိုဖိတ်ခဲ့ဘူးပါသည်။

နောင်အခါတွင် ဦးစန္ဒာ ကတော်ကိုတွေ့တိုင်း ဦးစပယ်သည် ...င်မိပုံကို ပြန်၍ စဉ်းစားမိသည်။ ဦးစန္ဒာကတော်နှင့် ခွဲခွာ...က ဝမ်းနည်းမိဘူးသည်။ ထို့နောက် ညတိုင်းညတိုင်း သူ့ကို ...ွေးပြီး တညလုံး တမှေးမျှ အိပ်မပျော်နိုင် ဖြစ်ခဲ့ဘူးသည်။ ယခု ...အခြင်းအရာများကို ပြန်တွေးမိ၏။

ဦးစပယ်၏ ရင်ထဲ၌ တောက်လောင်သော အချစ်မီးသည် ...ပ်ရာဝင်ချိန်၌ ပူသလောက်၊ နံနက် အိပ်ရာထချိန် အေးသွားတတ်သည်။

အဘယ်ကြောင့် ဤသို့ဖြစ်ရသည်ကို မတွေးတတ်ချေ။ စင်စစ် ...ဦးစန္ဒာ၏ ဇနီးသည် မိန်းမလှတဦးဖြစ်သည်။ ပိတုန်းရောင်ထနေသော ဆံပင်မှာ အလွန်ကောင်း၏။ မျက်နှာထားလည်း ချို၏။ ...တစ်တစ်နှင့် ချစ်စရာကောင်း၏။ သည်လို မိန်းမက ဦးစန္ဒာကို ...ရွေး၍ ကြိုက်တတ်ပလေ။ ယခု သူ့အသက် ငါးဆယ့်နှစ်နှစ်...ပြီ။ သို့သော် ပျော်ပျော်ရွှင်ရွှင် နေတုန်းပင်။ သူသည် ယခင် ...ပယ်ကို အဘယ့်ကြောင့် မကြိုက်ခဲ့ရပါသနည်း။ စင်စစ် ...ပယ်ကတော့ သူ့ကို အသေအလဲ ကြိုက်မိဘူးပါသည်။ တဦး...တွာ တဦးမှာ ဆိုသလို သူကလည်း ကိုစပယ်ကို ပြန်ကြိုက်သင့်သည် မဟုတ်ပါလော။

ဤအချက်ကို ဦးစန္ဒာကတော် ရိပ်မိလျှင် ကောင်းမည်။ သူ့ချော နည်းနည်းကလေးမျှ မတွေးမိလေရော့သလား။ မစဉ်းစားမိလေရော့သလား။ သတိမထားမိလေရော့သလား။ ထိုစဉ်က ကိုစပယ် စိတ်ထဲ ရှိသဟာကို အကုန်ဖွင့်ချလိုက်လျှင် သူ ဘယ်လိုနေမလဲ။

ဤသို့လျှင် ဦးစပယ်သည် မိမိ၏အတိတ်ကို အနုစိတ်၍ ပြန်ပြောင်းတွေးတောကာ ကိုယ့်ကိုယ်ကို မေးခွန်းပေါင်း အရာအထောင်မျှ ထုတ်နေမိသည်။

ဦးစန္ဒာကတော်သည် ပျဉ်းမျစ်နုနယ် ချစ်ဖွယ်ကောင်းတုန်း အရွယ်၌ရှိသည်။ ထိုစဉ်က ဦးစပယ်သည် ဦးစန္ဒာအိမ်သို့ အလည်သွားယင်း ညတိုင်း ညဥ့်နက်မှအိမ်ပြန်လေ့ရှိသည်။ ဤသည်တို့ကို ယခု ဦးစပယ်သည် ပြန်ပြောင်းတွေးတောမိလေသည်။

ထိုအခါမျိုး၌ ဦးစန္ဒာမိန်းမက မထေ့တထေ့ ကြာသံဗျာပါသံပေးပြီး မျက်နှာချိုသွေးကာ စကားပြောပုံ ဆိုပုံကို မျက်စိထဲမှာပြန်၍ မြင်မိ၏။

တနင်္ဂနွေနေ့များတွင် သူရို့သုံးယောက်စလုံး ကမ်းရိုး တလျှောက် လမ်းလျှောက်လေညှင်းခံပြီး ပျော်ပွဲစားလေ့ရှိသည်ကိုလည်း ဦးစပယ်ပြန်၍ သတိရမိသည်။ တခါသော် ဦးစန္ဒာဇနီးနှင့်အတူ မြစ်ကမ်းပါးရှိ တောတန်းနားတွင် တညနေအချိန်ဖြုန်းခဲ့သည်ကိုလည်း ပြန်၍ အောက်မေ့မိသည်။

ထိုနေ့က နံနက်တွင် သူရို့တတွေ စားစရာ အပြည့်အစုံနှင့် တောလည်ထွက်ခဲ့ကြသည်။ မိုးဦးကျစ နံနက်ခင်းဖြစ်၍ ကြည်နူးပျော်မြူးဘွယ်ကောင်းသည်။ လောကဓာတ် တခုလုံးသည် မြေ





သင်းနံ့ကလေး တပျံ့ပျံ့နှင့် ပြုံးရွှင်နေဘိသကဲ့သို့။ ငှက်များ ...ား မြူးတူးပျော်ပါး တွန်ကြွေးကာ ပျံသန်းနေကြ၏။ လက်ပံ ပင်ကြီးအောက် မြက်ခင်းကလေးပေါ်မှာ သူတို့ ထမင်းမြိန်စား ကြသည်။ ကမ်းစပ်နှင့် နီးသောကြောင့် နေမင်း၏ အရောင် အောက်တွင် ရေမျက်နှာပြင်ကြီးမှာ ရွှေရည်လူးလျက် ရှိသည်ကို တွေ့ကြသည်။ ပုရစ်ဖူးစ အချိန်မို့ သစ်ရွက်ငုံကင်းတို့က လေမင်း ...် သင်းပျံ့သောရနံ့ဖြင့် ထုံစေသည်။ ထိုရနံ့များကို သူတို့ အားလုံး နှစ်နှစ် ခြိုက်ခြိုက် သောက်ရှူကြသည်မှာ ပျော်စရာ့ ပျော်စရာကြီးပင်။

ထမင်းစားပြီးနောက် ကိုစန္ဒာ တရေးအိပ်လိုက်သည်မှာ နိုး သောသော် "တသက်နဲ့ တကိုယ် တခါမှ ဒီလောက် အိပ်ကောင်း တာ မရှိပါဘူးဗျာ" ဟူ၍ပင် ပြောယူရသည်။

သူအိပ်နေတုန်း ကိုစန္ဒာ့ဇနီးနှင့် ကိုစပယ်တို့ မြစ်ကမ်းရိုး တလျှောက် လက်တွဲကာ လမ်းလျှောက်ထွက်ကြသည်။

ကိုစန္ဒာ၏ဇနီးက ကိုစပယ်ဘက်ကို မေ့၍ ရှောက်သည်။ "ပျော်လိုက်တာ ကိုစပယ်ရယ်၊ ပျော်လိုက်တာ" ဟု ရယ်ကာ မောကာ ပြောယင်းလိုက်ပါလာသည်။ ရင်ထဲ၌ တဒိတ်ဒိတ်နေသော ကိုစပယ်မှာ သူ့ကို လှည့်ကြည့်လိုက်သည်။ သည်လို ကြည့်လိုက်တာ ရိုင်းရာကျမလားဟု သူ့ကိုယ်သူ စိတ်မချဖြစ်ပြီး မျက်နှာလွှဲ ပျက်သွားသည်ကို သူ့ဟာသူ ရိပ်မိသည်။ သူ့ရင်တွင်း၌ဗလောင် ဆူနေသည်ကို သူ၏တုန်လှုပ်သောလက်တို့က ဖော်ပြနေသည်။

လမ်းတွင် တွေ့သော စပယ်ပန်းကလေးများကို ကိုစန္ဒာ့ မိန်းမက ဆွတ်ခူးသီကုံးပြီး ဆံထုံး၌ ပန်ဆင်ပြီးလျှင် "ကိုစပယ်ရေ၊ ကျမက ဒီလိုဆိုတော့ မလှလား" ဟု မေးလိုက်သည်။

ကိုစပယ်ကား အတော်အဖြေရ ကျပ်သွားသည်။ ပြောစရာစကားစလည်းရှာမရ၍ စိတ်ညစ်ညစ်နှင့်လမ်းပေါ်ပစ်လဲ့လိုက် ချင်၏။ထိုအခါ ကိုစန္ဒာ့ဇနီးက ကိုစပယ်၏ မျက်စိမျက်နှာကို စေ့စေ့ကြည့်၍ "ကိုစပယ် လူနုံကြီးရဲ့၊ ဘာများဖြစ်နေတာတုံး။ ရှင့်မှာ ပါးစပ် မပါဘူးလား" ဟု စိတ်ပျက်သံဖြင့် ခနဲ့သည်။

ကိုစပယ်ကား အသံကုန်ဟစ်၍သာ ငိုလိုက်ချင်၏။ ပြောစရာစကားလုံးကို တလုံးမျှ ရှာမရပေ။

ယခု ပြန်တွေးလိုက်တော့မှ တရေးရေးပေါ်လာသည်။ မနေ့ကမှ ဖြစ်ပျက်ခဲ့သလိုလို ကွက်ကွက်ကွင်းကွင်း ထင်မြင်လာသည်။ 'ကိုစပယ် လူနုံကြီးရဲ့၊ ဘာများဖြစ်နေတာတုံး။ ရှင့်မှာ ပါးစပ် မပါဘူးလား' တဲ့။ သူ ဘာ့ကြောင့် သည်လို ပြောလိုက်တာပါလိမ့်။

ထို့နောက် ကိုစန္ဒာ့ မိန်းမက သူ့ပခုံးပေါ် တိုးဝှေ့ပြီး မှီပုံကို ကိုစပယ် တွေးမိပြန်သည်။ ညောင်ပင် ခပ်အုပ်အုပ်ကြီးအောက်ကို ဖြတ်သွားရသောအခါ ကိုစန္ဒာ့ဇနီး၏ နားရွက်သည် ကိုစပယ့်ပါးကို ပွတ်သီးပွတ်သပ် လုပ်သွားသဖြင့် အရောဝင်လွန်းသည် ဟု ထင်မှာစိုးသောကြောင့် ကိုစပယ်က ခေါင်းငုံ့ပြီး တိမ်းလိုက်ရသည်။

"ပြန်ဘို့မတော်သေးဘူးလား" ဟု ကိုစပယ်က မေးလိုက်သောအခါ ကိုစန္ဒာ့ ဇနီးက မျက်ခွံကလေး အထက်လှန်ပြီး မရိုးသော





ကြည့်ခြင်းမျိုးဖြင့် "အင်း၊ အင်း၊ ပြန်ဘို့တော်ပြီပေါ့လေ။ ပြန်ဘို့တော်ပြီ" ဟု ငေါ့လိုက်သည်။ ကြည့်ပုံဆန်းလှ၏။ ဟိုတုန်းက မတွေးမိ။ ယခုမှပင် ဖြစ်ပျက်သမျှကို မှုံတီဟင်းကဲ့သို့ အကွင်းလိုက်မြင်သည်။

"ရှင့်သဘောပါဘဲတော်။ ရှင်မောပြီဆိုယင်လဲ ပြန်ကြတာပေါ့" ဟု သူက ပြန်ပြောသည်။

"ကျုပ်တော့ မမောလှပါဘူး။ နို့ပေမယ့် ဒီအချိန်မှာ ကိုစန္ဒာ နိုးရော့မယ်" ဟု ကိုစပယ်က ဆို၏။

"ရှင် ကျွန်မယောကျ်ားနိုးမှာ ကြောက်ယင်လဲပြန်ဘို့ဘဲပေါ့" ဟု သူက ဆိုပြန်သည်။

အပြန်တွင် သူက ကိုစပယ့် ပခုံးနားကပ်ပြီး မမှီတော့ပြီ။ အဲသည်ဟာ ဘာ့ကြောင့်ပါလိမ့်။

ဟိုတုန်းက သည်အမေးကို မေးဘို့ သူသတိမရ။ ယခုမှာမူ သူ ထိုစဉ်က မတွေးမိသော အချက်တခုကို သတိပြုမိသည်။

မည်သည့် အချက်ပါနည်း။

တွေးယင်း တွေးယင်း ကိုစပယ့်မျက်နှာသည် ရက်သွေးလျှမ်းလာသည်။ သူသည် နှစ်ပေါင်းသုံးဆယ်လောက် ပြန်ငယ်သွားသကဲ့သို့ဖြစ်ပြီး ကိုစန္ဒာ့ မိန်းမက သူ့အား 'ရှင့်ကို ကျွန်မကြိုက်ပါတယ်ရှင့်' ဟု ပြန်ပြောသည်ကို ကြားမိယောင်ယောင်ရှိသည်။

ဟုတ်နိုင်ပါ့မလား ဟူသော အတွေးသည် သူ့ခေါင်းထဲသို့ ဝင်လာ၍ သူ့စိတ်ကို မရိုးမရှဖြစ်အောင် ဆွပေးသည်။ ဤအချက်ကို သူ ထိုစဉ်က မတွေးမိ၊ အိပ်မက်ထဲပင် ထည့်၍ မမက်မိ။ အဲလေ သူမတွေးမိဘူးဆိုသဟာတောင် ဟုတ်မှ ဟုတ်နိုင်ပါ့မလား။

တောက်၊ ရိုင်းလိုက်လေ။ သည်လိုသာဆိုလျှင် ပျော်စရာအခွင့်ကောင်းတခု လက်လွှတ်သွားသည်မှာ နာဘို့ ကောင်းတော့သည်။

"ငါသိချင်စမ်းပါဘိ၊ သိချင်စမ်းပါဘိ။ ဇဝေဇဝါ ဖြစ်နေရတာကို ငါမခံနိုင်ဘူး" ဟု ဦးစပယ် ငြီးတွားမိသည်။ 'ခုနေခါ၊ ငါလဲဘဲ ခြောက်ဆယ့်နှစ်နှစ်ရှိပြီ။ သူလဲ ငါးဆယ့်နှစ်နှစ် ရှိပြီ။ တဦးနှင့် တဦး ရှက်စရာ ဘာမှ မရှိတော့ဘူး။ စိတ်ဆိုးစရာ အကြောင်းလဲ မရှိတော့ဘူး။ သူ့ သွားမေးလိုက်အုံးမှဘဲ' ဟူ၍ တွေးမိသည်။

ထို့ကြောင့် ဦးစန္ဒာ့ဇနီးဆီသို့ ထွက်လာခဲ့သည်။

ဦးစန္ဒာ့အိမ်မှာ သူ့အိမ်နှင့် ဓားလွယ်ခုတ် လမ်းတဖက်၌ရှိ၏။ ထိုလမ်းကို ဖြတ်သွားရာ ရောက်သည်နှင့် တပြိုင်နက် တံခါးခေါက်လိုက်ရာ အစေခံတဦးက တံခါးကို ဖွင့်ပေးသည်။

"မနက်စောစောစီးစီးကြီးမှာ ဦးစပယ်ပါကလား။ ဘာများဖြစ်လာတာလဲ" ဟု ခလေးမကလေးက ဆီး၍ မေးသည်။

"ဘာမှ မဖြစ်ပါဘူး သူငယ်မရယ်။ မင့် မမကို အရေးကြီးတဲ့ ကိစ္စကလေး ပြောချင်လို့ တဆိတ်ပြောလိုက်စမ်းပါ"

"အော်၊ မမလား။ မမလေ၊ မိုးတွင်းစားဘို့ သရက်သီးဆားစိမ်နေတယ်။ မီးဖိုချောင်ထဲမှာ အဝတ်အစားတောင် မလဲအားသေးဘူး"

"ဒါပေမယ့်၊ အရေးကြီးတဲ့ ကိစ္စနဲ့ ဦးစပယ်က ချက်ချင်းတွေ့ချင်တယ်လို့သာ ပြောလိုက်ပါကွယ်"





အစေခံမကလေး အိမ်ထဲဝင်သွားသည်။ ဦးစပယ်ကား အိမ်ဦးခန်းတွင် လူးလာခပ်ကာ ဂဏှာမငြိမ်နှင့် ကျန်ရစ်သည်။ သည်တခါလောက် ပင့်သက်ဖိုမိသည်မှာ ဘယ်အခါမျှ မရှိစဖူး။ သို့သော် သူလည်း အသက်ခြောက်ဆယ့်နှစ်နှစ်ရှိပါပြီ။ ဦးစန္ဒာ့ မိန်းမကို မေးရန် အချက်ဆိုသည်မှာလည်း ပေါ့ချက် ချက်နည်းကလေးကို မေးရသလောက်မျှ အရေးကြီးသည် မဟုတ်ပါ။

မီးဖိုချောင် တံခါးပွင့်လာပြီးလျှင် ဦးစန္ဒာ့ ဇနီးလည်း ထွက်ပေါ်လာသည်။ သူလည်း ဝဝဖိုင့်ဖိုင့်ကြီး ဖြစ်နေပြီ။ ပါးအို့ကြီးကတွဲ၍ကျလျက် ရယ်လိုက်လျှင် လေးလေးပင်ပင်နှင့်။ အင်္ကျီလက်ပင့်ထားသော သူ့လက်မှာ ဆားရည်များစို၍ ဘေးဘက်တွင် ကွတနှင့် ကျနေသည်။ သူအပြင်ရောက်သော် ဦးစပယ်ကို စိုးရိမ်တကြီး မေးလိုက်ပုံမှာ "ဘာများဖြစ်လာသတုန်းတော်။ နေလို့ထိုင်လို့များ မကောင်းရော့သလား" ဟူသတည်း။

"မဟုတ်ပါဘူး အမိရယ်။ မတင်မကျနဲ့ မရှင်းတာကလေး တခုရှိလို့ မေးစမ်းပါရစေ။ အရေးကြီးတဲ့ ကိစ္စဆိုတော့ အမိက မှန်တဲ့အတိုင်း ပြောပါမယ်လို့ ဝန်ခံသစေချင်ပါတယ်"

ဦးစန္ဒာ့ဇနီးက ရယ်၍ "ကျုပ်မကတော့ ဘယ်တော့ဖြစ်ဖြစ် မှန်တာကိုတော့ ဘွင်းဘွင်းဖွင့်ချတတ်တာချည်းဘဲ။ ကဲ၊ ဆိုစမ်းပါအုံးရှင်" ဟု ပြောသည်။

"ကဲ၊ ကဲ၊ ဒါဖြင့် ဖွင့်ပြောလိုက်ရအုံးမယ်။ အမိကို မြင်တဲ့နေ့ကစပြီး တခါထဲ ချစ်မိတယ်ဆိုတာ ယုံရဲ့လား"

ထိုအခါ ဦးစန္ဒာ၏ ဇနီးက ငယ်မူငယ်ရာနှင့် ငယ်သံကလေးနှောပြီး ရယ်ရင်းပြောလိုက်သည်။

"ဦးရွှေရိုးကြီးနှယ်တော်၊ ရှင်ဘယ်လို ဖြစ်လာတာလဲ။ ရှင့်ကို စတွေ့ကထဲက ရိပ်မိပါသတဲ့ရှင်"

ဦးစပယ်မှာ အတန်ပင် တုန်လှုပ်သွားသည်။ စကားပြောရာ၌လည်း ထစ်ငေါ့နေမိသည်။ "ဒါဖြင့် အမိ သိပြီးသားပေါ့။ နို့ ဒါနဲ့တောင်"

ဦးစပယ်လည်း ရွှေမဆက်တတ်တော့ချေ။

"ဒါနဲ့တောင်၊ ကဲလေ ရွှေဆက်ပြီး ဘာပြောချင်သလဲရှင့်"ဟု ဦးစန္ဒာဇနီးက မေးသည်။

ထိုအခါ ဦးစပယ်က ဤသို့ ပြန်မေးသည်။ "ဒါနဲ့တောင် အမိက ဘယ်လိုများ သဘောထားသတုံး။ ဟိုတုန်းကများ ဖွင့်ပြောမိယင် အမိက၊ အမိက၊ ဘယ်၊ ဘယ်၊ ဘယ်လိုများ"

ဦးစန္ဒာ့ဇနီးလည်း ဟက်ဟက်ပက်ပက် ခွက်ထိုး ခွက်လန်ရယ်လေသည်။ သူ့ လက်မောင်းမှ ဆားရည်များသည် အိမ်ခန်းတွင် ခင်းထားသော ကော်ဇောပေါ်သို့ ကျသည်။

"ကျွန်မကလား။ဟင်၊ကျမကို ရှင်ကဒီလိုတခါမှ မမေးဘူးပါလားရှင့်။မိန်းမကစပြီးဖွင့်ပြောရဘို့ဆိုတော့အခက်သားကလား"

ဦးစပယ်လည်း ဦးစန္ဒာ့ မိန်းမနားသို့ ရွှေတလှမ်း တိုးလိုက်သည်။

"ကဲ ကဲ၊ ဒါဖြင့် ပြောစမ်းပါအုံး၊ ပြောစမ်းပါအုံး။ မှတ်မိတယ်မဟုတ်လား။ တနေ့မှာ ကိုစန္ဒာ ထမင်းမြိန်မြိန်နဲ့ မြက်ခင်းကလေးပေါ် အိပ်ပျော်သွားတာလေ။ အဲဒီတော့ ကျုပ်တို့နှစ်ယောက် မြစ်ကမ်းဘေး အတူတူရှောက်သွားကြပြီး မြစ်အကွေ့ ညောင်ပင်အောက်ရောက်တော့"





ဦးစန္ဒာ့ဇနီးလည်း အရယ်ရပ်၍ ဦးစပယ်၏မျက်နှာကို စိုက်ကြည့်လိုက်သဖြင့် ဦးစပယ်လည်း မျှော်လင့်ချက်ကြီးစွာဖြင့် သူ့စကားကို ထိုမှာပင် ရပ်လိုက်သည်။

"အဲလေ။ ကျွန်မ မှတ်မိပါတယ်"

ဦးစပယ်လည်း တုန်တုန်ရီရီနှင့် စကားပြန်ဆက်လိုက်သည်။

"ကိုင်း၊ အဲဒီနေ့က ကျုပ်ကများ၊ ကျုပ်ကများ အတင်းကြံလိုက်ရင် အမိက ဘယ်လိုများ အောက်မေ့မိမှာတုန်း"

ဦးစန္ဒာ့မိန်းမသည် သဘောကျလျှင် ဟက်ဟက်ပက်ပက် ရယ်တတ်သော သူများ၏ ရယ်နည်းမျိုးဖြင့် အားရပါးရ ရယ်လေသည်။ သူ့ရယ်သံမှာ ဤလောက၌ နောင်တရပြီး ဝမ်းနည်းနေရော ကိစ္စဟူ၍ တခုမျှ မရှိကြောင်းကို ဖော်ပြနေသော ရယ်သံဖြစ်သည်။ ပြီးလျှင် ဦးစပယ့်စိတ်ထဲ မရိုးမရွ ဖြစ်လာအောင် ခနဲ့လိုက်သည်မှာ

"အို၊ ရှင် အတင်းကြံရင် ကျွန်မကလဲ အလိုတူ အလိုပါပေါ့ရှင့်"

ဤသို့ပြောပြီး သူလည်း သရက်သီး ဆားစိမ်ရန် ချာကနဲလှည့်၍ အခန်းထဲ ဝင်သွားသည်။

ဦးစပယ်မှာကား ကမ္ဘာပျက်သည်ကို ကြုံတွေ့လိုက်ရသူပမာ သုံမှုန်သော မျက်နှာဖြင့် လမ်းပေါ်သို့ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။ မိုးဖွဲဖွဲရွာသည့်အထဲ ခြေလှမ်းကျဲကျဲနှင့် ခြေဦးတည့်ရာ ရှောက်ခဲ့ရာ ကမ်းစပ်သို့ ရောက်မှန်းမသိ ရောက်သွားသည်။ ထို့နောက် လက်ယာဘက်ချိုး၍ ကမ်းပါးတလျှောက် လိုက်လာမိသည်။အတန်ကြာမျှ ဤသို့စိတ်ကူးတည့်ရာ ရှောက်ခဲ့ရာမှ ဟိုရှေးက

သူတို့ ထမင်းမြိန် စားခဲ့သည့်နေရာ၊ သူ့ကို ချစ်ဒုက္ခ မီးမွေး ပေးခဲ့သည့် နေရာ ထိုထိုသော နေရာတို့သို့ ရောက်လာခဲ့သည်။ ညောင်ပင်အိုကြီးမှာ အရွက်များပင် မရှိတော့ပြီ။ ထိုညောင်ပင် အောက်ရောက်သော် ဦးစပယ်သည် ထိုင်ချလိုက်ပြီးလျှင် ရှိုက်ကြီး တငင် ငိုကြွေးလေတော့သတည်း။



## သူတို့ သားအမိ

တနေ့သ၌ ကျွန်တော်တို့သည် မိန်းမအကြောင်း ပြောကြပါ သည်။ ယောကျ်ားချင်း ဆုံမိ၍မှ မိန်းမအကြောင်းမပြောလျှင် ဘာအကြောင်း ပြောကြမှာလဲ။

ကျွန်တော်တို့အထဲမှ တယောက်က "မိန်းမအကြောင်းဆိုလို့ ထူးထူးဆန်း ပုံတခု ပြောရအုံးမယ်"ဟု ဆို၍ အောက်ပါအတိုင်း ပြောပြပါသည်။

× × ×

မနှစ်က ဆောင်းတွင်း ညနေခင်းမှာပေါ့ဗျာ။ ကျွန်တော့်မှာ ပျင်းလွန်လွန်းလို့။ ဒီလိုဗျာ့၊ တခါတခါ ကျွန်တော်ဟာ လူရော စိတ်ပါ ပင်ပန်းပြီဆိုမှဖြင့် နုံးချည့်ချည့် ဖြစ်သွားတတ်တယ်ဗျာ။ ဒီအခါမျိုးမှာ သည်လိုသာ တယောက်ထီးတည်း ပျင်းပျင်း

ယိယိနေရရင် လောကကြီး ငြီးငွေ့လို့မို့ ကိုယ့်ကိုယ်ကိုတောင် သေကြောင်း ကြံမိမလားလို့ အောက်မေ့မိတယ်။

ဒါနဲ့ဘဲ ကျွန်တော်လဲ အကျီကို ကောက်ဝတ်ပြီး ကိုယ့်ဟာ ကိုယ် ဘာလုပ်ရမလဲဆိုတာ စိတ်ကူးတောင် မကူးမိဘဲ ခြေဦးတည့် ရာ ထွက်လာခဲ့တယ်။ မိုးကလေးက ရွာလို့၊ လဖက်ရည်ဆိုင်တွေ မှာ ဆိုရင် လူတောင် မရှိတော့ဘူး။ နို့ပေမယ့် ရိပ်သာလမ်းမကြီး ပေါ်တက်ပြီး ဆိုင်တွေရှေ့ဖြတ်လို့မို့ ရှောက်မိ ရှောက်ရာ ရှောက် တာဘဲ။ မိုးကလဲ အကျီ စိုရုံ ထိုင်းရုံသာ ရွာတယ်။ အဝတ်အစား က ထိုင်းထိုင်းမှိုင်းမှိုင်းဆိုတော့ ကျွန်တော့စိတ်လဲ ထိုင်းထိုင်းမှိုင်း မှိုင်း ဖြစ်လာတယ် ထင်ပဗျာ။ မိုးမိလို့ အိမ်ထဲဝင်ပြေးရလောက် အောင် မိုးသဲတယ် ဆိုရင်လဲ ဟုတ်သေးရဲ့။ ခုတော့ဗျာ၊ ကျဲကျဲ ကလေးရွာတဲ့ မိုးဖွဲဟာ အဝတ်ထဲ ရေစိမ့်ဝင်ရုံလောက်ပဲ။ ဒီတော့ ကျွန်တော့်မှာ စိုစိုစိစိနဲ့ ချမ်းချမ်းစိမ့်စိမ့် ဖြစ်လာတယ်။

ကျွန်တော်လဲ ဘာလုပ်ရမလဲဆိုတာ စိတ်ကူး မရတာနဲ့ဘဲ တနာရီ နှစ်နာရီလောက် လမ်းသလားနေမိတယ်။ နောက်မှ အဲဒီ နေ့တညလုံး ပါရီမြို့မှာ ပျော်စရာ ပါးစရာ ပွဲလမ်းသဘင်ရယ်လို့ ဘာမျှ မရှိတော့ပါကလားလို့ သတိရတယ်။ အဲ၊ မိန်းမပျက်တွေ ကို တွေ့ရတတ်တဲ့ ဖိုလေဘာဇဲ ကပွဲတခုတော့ ကျန်သေးရဲ့။ ဒါနဲ့ဘဲ ကျွန်တော်လဲ အဲဒီကပွဲရုံထဲ ဝင်မိတယ်။

ကပွဲခန်းမထဲမှာတော့ လူနဲ့နဲ့ဘဲ။ လခြမ်းသဏ္ဍာန် အကွက် ဖော်ထားတဲ့ မြက်ခင်းပြင်ပေါ်မှာ လူတွေ ကြိုးတို့ကျဲတဲ တွေ့ ရပါတယ်။ သူတို့ရဲ့ ဆံပင်ထားပုံ၊ နှုတ်ခမ်းမွှေးထားပုံ၊ ဦးထုပ် ဆောင်းပုံ၊ ဝတ်ပုံစားပုံ၊ သွားပုံလာပုံ၊ အဲဒီလို ရုပ်ရည်ရူပကာ





အဆင်အပြင်ကို ကြည့်လိုက်တာနဲ့ ဒီလူတွေဟာ အောက်တန်းစား ဆိုတာ သိနိုင်ပါတယ်။ သူတို့အထဲမှာ သန့်သန့်ပြန့်ပြန့် တယောက် မှ မရှိဘူး။ အဝတ်အစားကလဲ အဲဒီလိုဘဲ ညစ်ထပ်ထပ်နဲ့။ ကောင် မကလေးတွေကတော့ ကျွန်တော်တို့ ခါတိုင်း တွေ့နေကျ မြင်နေ ကျ ရွှက်ကြမ်းရေကျိုတွေပါဘဲ။ သူတို့ကြည့်ရတာ အင်မတန်မှ ညှိုးနွမ်းနေကြတော့ ရုပ်သေးကြိုးပြတ် ကျနေတာဘဲ ခင်ဗျ။ ဒါပေမယ့် ဘယ်လိုလဲမသိဘူး။ ဒီကောင်မကလေးတွေဟာ လော ကကြီး ဘယ်သူ့ကိုမှ ဂရုမစိုက်ဖူးဆိုတဲ့ အချိုးနဲ့ လမ်းသွားရင် ဖိုးဖိုးဇတ်ဇတ်နဲ့ ခင်ဗျ။

သူတို့ရဲ့ သုံးဆယ့်နှစ်ကောဋ္ဌာသ အစုအဝေးတွေဟာ ပန်တော် ကျတွေကိုး ခင်ဗျ။ ဒီတော့ တချို့ဟာ တစ်တစ်ရစ်ရစ်လို့ ထင်ရ ပေမယ့် စင်စစ်တော့ အဆီဝေ့နေတယ် ဆိုရရုံဘဲ။ ရုပ်က အတော် ကျနေပြီ။ တချို့ကတော့ ကြုံကြုံလိုလို၊ တချို့ကတော့ ဗိုက်ရွဲရွဲ၊ တချို့က ဗျိုင်းခြေတံရှည်ကြီးလိုဘဲ၊ ခြေကလဲ ခွင်နေလိုက်သေး။ ဒါနဲ့များတောင် ဆိုလိုက်တဲ့ ဈေးကလဲ လူဝီ ဒင်္ဂါး ငါးပြားတဲ့။ စင်စစ်တော့ တပြားပြည့်ပြည့် မတန်ပါဘူး။

ဒီအထဲက ရုပ်ဖြောင့်တာကလေးတယောက်ကို ဖြုန်းကနဲတွေ့ လိုက်တယ်။ အရွယ်ကတော့ သိပ်မငယ်လှပါဘူး။ ဒါပေမယ့် သိမ် သိမ်မွေ့မွေ့နဲ့ အသစ်ကလေးလို ညို့ဓာတ်ရှိတဲ့ သူငယ်မကလေး ခင်ဗျ။ ပျော်ပျော်ရွှင်ရွှင်နေတတ်တဲ့ ဝါသနာလဲရှိတယ်။ ဒါ နဲ့ဘဲ ကျွန်တော်လဲ ရှေ့နောက်မတွေးတော့ဘဲ သူတောင်းသမျှ ပေးမယ်ဆိုပြီး ခေါ်လာခဲ့တယ်။ ကျွန်တော့် စိတ်ထဲမှာ တယောက်ထဲမို့ အိမ်လဲ မပြန်ချင်တော့ဘူး။ ဒါကြောင့် အလ

ကားမိန်းမဆိုဆို၊ ဒီလိုဟာမျိုးနဲ့ ပျော်ပျော်ပါးပါး အချိန်ဖြုန်းရရင် ကောင်းမလားလို့ တွေးမိတယ်။

ဒါနဲ့ဘဲ သူ့ခေါ်ရာကို ကျွန်တော် လိုက်သွားတယ်။ သူက အာဇာနည်လမ်း အိမ်ကြီး တအိမ်မှာ နေတယ်။ အိမ်ရောက်တော့ လှေကားရင်းမှာ ထွန်းထားတဲ့ မီးအိမ်လဲ ရေနံဆီကုန်လို့ ငြိမ်းနေပြီ။ ဒါနဲ့ဘဲ သူ့ကို ရှေ့ကတင်ပြီး တရှုံ့ရှုံ့မြည်နေတဲ့ ဂါဝန်စကို မှန်းလို့မို့ လိုက်ခဲ့ရတာမှာ လှေကားထစ်မြင်အောင် မီးခြစ်ကိုလဲ ခဏခဏ ခြစ်ရသေးတယ်။ ခြေထောက်နဲ့ စမ်းစမ်းပြီး အပေါ်ထပ် တက်ရတာ ကတ်သီး ကတ်သတ်နဲ့မို့ တချက်တချက် ချော်လဲတော့မလို့ ဖြစ်သေးတယ်။

လေးထပ်ကို တက်တော့မှဘဲ မချောအိမ်ခန်းကို ရောက်တော့တာကိုး။ သူက အတွင်းခန်းတံခါးကို ပိတ်ပြီးပြီလဲ ဆိုရော "ရှင် မိုးလင်းအထိ တညလုံးနေမှာလား" လို့ ကျွန်တော့်ကို မေးတယ်။

"အေးလေ၊ မိုးအလင်းပေါ့။ နို့ အစက ဒီအတိုင်းပြောထားတယ် မဟုတ်လား"

"အဲလေ၊ ဟုတ်ပါတယ်။ နို့ပေမယ့် ကျမက သေချာအောင် ထပ်မေးတာပါ။ ကဲ ကိုကိုရယ်၊ ဒါဖြင့် ခဏကလေး စောင့်လိုက်အုံးနော်။ ကျွန်မ အခုဘဲ လာခေါ်ပါ့မယ်"

အဲသလို ပြောပြီး ကျွန်တော့်ကို မှောင်ကြီးထဲမှာ ထားပစ်ခဲ့တယ်ဗျာ့။ သူဝင်သွားပြီးလို့ တော်တော်ကြာတော့ တံခါးပိတ်သံ နှစ်ခါ ကြားလိုက်ရတယ်။ တယောက်ယောက်နဲ့ စကားတိုးတိုးပြောသံလိုလဲ ကြားရတယ်။ ကျွန်တော်တော့ စိတ်ထဲမှာ





ခုသွားပြီး သင်း ငါ့ကို တပတ်ရိုက်ထားလားလို့တောင် အောက်မေ့လိုက်သေးသဗျာ။ ဒါပေမယ့် ကျွန်တော့် ဗလက မသေးပါဘူး။ ကျွန်တော့် လက်သီးကို အားကိုးရပါသေးတယ်။ ဒီတော့ 'နေသေးသပ' လို့ စိတ်ထဲက ကျိတ်ပြီး ကြိမ်းမောင်းမိတယ်။

ကျွန်တော်လဲ အာရုံစိုက်ပြီး နားထောင်တာဘဲ။ နားလဲ စွင့်ထားတယ်။ စိတ်ထဲမှာလဲ သတိထားတယ်။ ဒီတော့ တယောက်ယောက် သတိနဲ့ ဖော့နင်းပြီး ရှောက်လာတဲ့ အသံကို ကျက်မိတယ်။ နောက်ထပ် တံခါးတခုဖွင့်သံလိုလို ကြားပြန်တယ်။ စကားတိုးတိုးပြောသံလိုလဲ ကြားလျက်ပဲ။

တော်တော်ကြာတော့ ကောင်မကလေးဟာ ဖယောင်းတိုင်တတိုင်ကို ထွန်းပြီး ကျွန်တော့် အခန်းထဲ ပြန်ဝင်လာတယ်။ သူက "ကဲလေ၊ ကိုကို။ ဝင်ခဲ့လေ" တဲ့။

သူ့ လေပေါက်ကတော့ ပိုင်စိုးပိုင်နင်းဘဲ ခင်ဗျာ့။ ကျွန်တော် အိမ်ထဲဝင်တော့ ထမင်းစားခန်းတခုကို ဖြတ်သွားရတယ်။ ဒါပေမယ့် ဒီအခန်းထဲမှာ ဘယ်သူမှ ထမင်းစားကြဟန် မတူဘူး။ နောက်တော့ အိပ်ခန်းထဲရောက်တယ်။ အိပ်ခန်းကတော့ သူတို့လိုဟာမျိုး အိပ်တဲ့အခန်းပါဘဲ။ အိမ်ထောင်ပရိဘောဂ အသင့်အတင့်နဲ့၊ ဖျင်ကန့်လန့်ကာ ကာလို့။ မွေ့ရာကတော့ ငှက်မွေးသွပ်ထားတဲ့ မွေ့ရာဘဲ။ နို့ပေမယ့် အနီကွက်တွေက ဘာလိုလို။

သူက ကျွန်တော့်ကို "ကိုင်း၊ ကိုကို။ ကိုယ့်အိမ်လို သဘောထားပြီး နေချင်သလိုနေပါနော်" တဲ့။

ကျွန်တော်ကတော့ သူ့ကိုမသက်သာနဲ့ အခန်းထဲ ဟိုကြည့်ဒီကြည့် ကြည့်တာဘဲ။ ဒါပေမယ့် မသက်သာစရာရယ်လို့ ဘာ

မှ မတွေ့ပါဘူး။ ဒီအထဲ ကျွန်တော်မှ အင်္ကျီအဝတ်အစားလဲမယ် မကြံသေးဘူး မချောက အိပ်ရာထဲရောက်နေပြီ။ ပြီးတော့ သူက ရယ်ပြီး ကျွန်တော့်ကို ပြောတယ်။

"ဘာဖြစ်နေတာလဲ ဆရာ။ ဟင်း၊ ခုမှတော့ တေမိဇာတ်ခင်းမနေစမ်းပါနဲ့။ လာပါ မြန်မြန်"

ကျွန်တော်လဲ သူလုပ်သလို လိုက်လုပ်ပြီး၊ အိပ်ရာပေါ် ပစ်လှဲလိုက်တယ်။ ဒါပေမယ့် ငါးမိနစ်လောက်ကြာတယ် ဆိုယင်ဘဲ ကိုယ့်အိမ်ကိုယ် ပြန်ပြေးချင်တဲ့စိတ် ပေါက်လာသဗျာ။ အဲ၊ အိမ်ပြန်ယင် ဒီထက် ပျင်းစရာကောင်းမှာဘဲလို့ တွေးမိတော့မှဘဲ အိမ်ပြန်ချင်တဲ့ စိတ်ဟာ ပျောက်သွားတယ်။ ဒါနဲ့ဘဲ လူမျိုးစုံ ဘုံပစ္စည်းဖြစ်တဲ့ ဒီအိပ်ရာကြီးပေါ်မှာ အိပ်ရတာ အော်ဂလီဆန်ဆန်နဲ့ဘဲ နေလိုက်ရသဗျာ့။ စောစောက ကပွဲရဲ့ မီးရောင်အောက်မှာ နတ်ရုပ်လို့ ထင်ခဲ့ရတဲ့ ရူပါရုံဟာ ကျွန်တော့်ရင်ခွင်ထဲ ရောက်တော့မှ ထန်းပလက် ဖြစ်သွားသလိုဘဲ။ အခု ကျွန်တော်ထိတွေ့နေရတဲ့ ရူပါရုံရှင်ဟာ တကယ်တမ်းဆိုတော့ ဘာမဟုတ်တဲ့ ဟာဘဲ။ သူလို ငါလို အများနည်းတူမို့ ဘာမှ မထူးပါဘူး။ မချစ်သော်လဲ အောင့်ကာနမ်းလိုက်တဲ့ သူ့အနမ်းဟာ တယ်ပြီး ကြက်သွန်ဖြူစော်နံတာကိုး။

ဒါနဲ့ဘဲ ကျွန်တော်လဲ သူ့ကို စတယ်။

"မင်းဒီရောက်တာ ကြာပလားကွယ့်"

"ဇန္နဝါရီလ ၁၅ ရက်နေ့ကျယင် ခြောက်လပြည့်ရော ဆိုပါတော့ ကိုကိုရယ်"

"ဒီ့အရင်တုန်းက ဘယ်မှာနေသလဲ"





"ကျွန်မ ကုလားစုရပ်ကွက်မှာ နေပါတယ်။ ဒါပေမယ့် ပုလိပ်တွေက ရှုပ်လွန်းလို့ ဒီကို ပြောင်းလာရပါတယ်"

ထိုနောက် သူက ပုလိပ်တွေ သူ့ကို သွားပုပ်လေလွင့်ပြောပြီး နှာမည်ဖျက်တဲ့ အကြောင်း ပြောလိုက်တာ တော်တော်နဲ့ မဆုံးနိုင်ဘူး။

တအောင့်လောက်ကြာတော့ ကျွန်တော့် အနား လူဖြတ်သွားသံလိုလိုကြားတယ်။ ပထမ အသက်ရှူသံလိုလိုကြားရတာက တော့ တိုးတိုးပါဘဲ။ ဒါပေမယ့် နောက်ထပ်ကြားရတဲ့ အသံကတော့ အထင်အရှားခင်ဗျာ့။ ကုလားထိုင်ပေါ်က လိမ့်ကျတဲ့ အသံလိုဘဲ။

ဒါကြောင့် ကျွန်တော် အိပ်ရာက ငေါက်ကနဲ ထထိုင်ပြီး၊ "ဘာသံလဲ" လို့ မေးမိတယ်။

"အို၊ အခန်းနီးချင်းတွေပါ ကိုကိုရယ်။ ဒီကလောက် စိတ်ထဲ ဝနောင့်စနင်း ဖြစ်မနေစမ်းပါနဲ့။ အခန်းနံရံက ပါးပါးကလေး။ တဖက်က စကားပြောယင် အတိုင်းသားကြားရတယ်။ အခန်းကာထားတာက သုံးထပ်သားကိုး ကိုကိုရဲ့" လို့ သူက လေအေးအေးနဲ့ ကျွန်တော် စိတ်အေးအောင် ပြောတယ်။

ကျုပ်ကတော့ ထကြည့်ရမှာ ပျင်းတာနဲ့ စောင်ကြားထဲဝင်ပြီး အိပ်လိုက်တာပါဘဲ။ ပြီးတော့မှ စောစောက စကားကို ပြန်ကောက်တယ်။ လူဆိုတာဟာ ဟိုစပ်စပ် ဒီစပ်စပ် သိချင်တဲ့ ဝါသနာရှိတယ်ဗျာ့။ ဒီဝါသနာကြောင့် ကျွန်တော်တို့ဟာ ဟိုမေး ဒီမေး မေးကြတယ် မဟုတ်လား။ သူ့လို မိန်းမမျိုးနဲ့စတွေ့ပြီဆိုယင်ဘဲ၊ သူတို့ ပထမဦးဆုံး စပြီးမှားခဲ့တဲ့ ရာဇဝင်ကြောင်း

ကို သိချင်တယ်။ ဒီရာဇဝင်ထဲမှာ အပြစ်ကင်းတဲ့ အချက်ကလေး ပါမလားလို့။ ပါလို့ရှိယင်လဲ ချစ်စရာ တကွက်လောက်တော့တွေ့ မလားလို့။ တခါတခါ သူတို့ဟာ ရှေးလွန်လေပြီးသောအခါက မိန်းမတို့ အိမ်ခြေကို စွန့်လွှတ်ခဲ့ရတဲ့အကြောင်း ကရုဏာ ရသွန် တာလို အပြေးကလေး ပြောပြလေ့ရှိသဗျာ့။ အဲဒါနဲ့ ကျွန်တော် က သူ့မှာ ရည်းစားဦးရှိ မရှိ မေးလိုက်တာကိုး။

သူတို့လိုဟာမျိုးက ပလီပြောတတ်တယ်ဆိုတာ ကျွန်တော် အသိသားဘဲ။ နို့ပေမယ့် သူလိမ်တဲ့ ညာတဲ့ အထဲက စိတ်ထိ ခိုက်စရာ အဖြစ်မှန်ကလေးများ ရရှိနိုင်တာမို့၊ သူဘယ့်လောက် ပလီ ပလီ ကိစ္စမရှိဘူး။

ဒါကြောင့် "ကိုင်း၊ ဆိုစမ်းပါအုံး။ မင့်ရည်းစားဦးက ဘယ် သူလဲ" လို့ မေးပါတယ်။

"သူက လှေထိုးသားရှင့်"

"သူ့အကြောင်း ပြောပြစမ်းပါကွယ်။ သူနဲ့ ဖြစ်တုန်းက မင်းဘယ်မှာလဲ"

"အဲဒီတုန်းက ကျွန်မ ငွေသော်တာ ရပ်ကွက်မှာ"

"ဘာလုပ်နေသလဲ"

"ဟိုတယ်မယ် လုပ်နေတယ်"

"ဘယ် ဟိုတယ်လဲ"

"ရေကြောင်းလုလင်ဟိုတယ်မှာ။ ရှင် ဒီဟိုတယ်ကို သိရဲ့လား"

"သိပါတယ်။ ပိုင်ရှင်က ဗိုနာဖန် တဲ့"

"ဟုတ်ပါတယ်။ သူ့ဟိုတယ်ပါဘဲ"





"အဲဒီ လှေထိုးသားဆိုတာက မင့်ကို ဘယ်လို အရကြံသလဲ"

"သူဟိုတယ်မှာ တည်းလို့ ကျွန်မက သူ့အိပ်ရာ ပြင်ပေးနေ ...၊ သူ အတင်းကြံတယ်"

သူဒီလိုပြောတော့ ကျွန်တော့် သူငယ်ချင်း ဆရာဝန်တဦး ပြောတာ သွားသတိရတယ်။ ဒီဆရာဝန်ဟာ နှိုက်နှိုက်ချွတ်ချွတ် ...ဘမ်းတတ်တယ်။ နက်နက်နဲနဲလဲ တွေးတတ်တယ်။ သူက ...ဆေးရုံကြီးမှာ အလုပ်လုပ်ရတော့ ငယ်ငယ်နဲ့ ကလေးအမေဖြစ် ...တာမျိုးတွေ၊ ပိုက်ဆံရှာတဲ့ ဘဝရောက်တာမျိုးတွေ၊ အဲဒီလိုဟာ ...မျိုးတွေ အရှက်တကွဲ အကျိုးနဲ့ဖြစ်ရပုံတွေကို သိရတယ်။ ငွေ ...ပေတဲ့ ယောကျ်ားများ အလေလိုက်လို့ ဆင်းရဲတဲ့ မိန်းကလေး ...တွေ အမဲဖျက်ခံရတာမျိုးတွေကိုလဲ သိရတယ်။

အဲဒီဆရာဝန်က ကျွန်တော့်ကို ပြောဘူးတယ်။ "မိန်းကလေး တွေကို စပြီး ဖျက်တဲ့ လူတွေဟာ မိန်းကလေးနဲ့ အဆင့်အတန်းတူ သူ ယောကျ်ားများကစပြီး ဖျက်ဆီးတာဘဲ။ ကျုပ်ဒီကိစ္စကို အ ကျယ်ဝိတ္ထာရ စုံစမ်းခဲ့လို့ ပြီးပါပြီ။ ထုံးစံကတော့ သူတပါး သား ...ပျိုသမီးပျိုကို ဖျက်ဆီးတာဟာ ပိုက်ဆံရှိတဲ့ လူတဦးဦးဘဲလို့ စွပ်စွဲ ကြတာဘဲ။ နို့ပေမယ့် မဟုတ်ပါဘူး။ ပိုက်ဆံရှိသူဟာ သူလိုချင် တဲ့ပန်းကို ပိုက်ဆံပေးပြီး ပန်တယ်။ ဒါပေမယ့် ဒီလိုလူစားမျိုးဟာ ပန်းဦးကို ဘယ်တော့မှ မပန်ရဘူး။ ပန်တော်ကျကြမှ ပန်ရ တတ်တယ်"

အဲသလို ဆရာဝန်ပြောတာ ကြားဘူးတော့ ကျွန်တော်လဲ ရယ်မိတယ်။ ပြီးတော့ ကျွန်တော့်အဖော်ကို လှည့်ပြီး "ဟေ့

မင်းပြောမယ့်ဟာတွေ ငါသိပြီးသားပါကွယ်။ လှေထိုးသားဟာ မင့် ရည်းစားဦး မဟုတ်သေးပါဘူး”

“အို ကိုကိုရယ်၊ အဟုတ်ပါ။ ဘုရားစူးရပါစေ”

“ငါ့ကို ညာမနေပါနဲ့”

“အို မဟုတ်ထာ၊ ကျွန်မ မညာပါဘူး”

“ဟေ့၊ ဟေ့။ ညာတယ်၊ ညာတယ်။ မင်း မှန်မှန်ပြော”

ကျွန်တော် ဒီလိုပြောတော့ ကောင်မကလေးဟာ ရှို့သွားတယ်။ အံ့ဩသွားတယ် ထင်ပါရဲ့။

ဒါနဲ့ ကျွန်တော်က “ဟေ့၊ ငါ့ဝမ်းထဲမှာ ပုဏ္ဏားကလေးရှိတယ်နော်။ ငါက မှော်ပေါက်နေတဲ့ အကောင်ကွ။ မင်း ငါ့ကို မှန်မှန်မပြောယင် ငါပြုစားလိုက်လို့ ဟင်း”လို့ လှမ့်လိုက်တယ်။

ဒီလိုဟာမျိုးဆိုတာ မသိတတ်တော့ ဒီလို လှန့်လိုက်ယင် ယုံတာဘဲဗျာ့။ ဒီတော့ သူက မပွင့်တပွင့်နဲ့ “ဟင်၊ ကိုကိုဘယ့်နှယ် လုပ်သိသလဲ” လို့ ပြန်မေးတယ်။

“ကဲပါကွာ၊ ဟုတ်တာ ဖွင့်ပြောစမ်းပါ”

“အို၊ ပထမ စပြီးဖြစ်တာကတော့ အလကားပါ ကိုကိုရယ်။ တောမှာ ပွဲတခုလုပ်တယ်။ အဲဒီပွဲမှာ ထမင်းချက် တယောက် ငှားချက်တယ်။ အဲဒီထမင်းချက်ကြီး အိမ်ရောက် လာတယ်ဆိုယင်ဘဲ၊ အိမ်တအိမ်လုံး သူ့လက်သူ့ခြေချည်းဘဲ။ လူတကာတွေတိုင်း သူကချည်း အမိန့်ပေးလိုက်တာ သူ့ကိုငှားတဲ့ အိမ်ရှင်နဲ့ အိမ်ရှင်မတောင်မှ မနေရဘူး။ ဗိုလ်ကျလိုက်တာ တကတဲ။ လူကတော့ လုံးကြီးပေါက်လှထဲကရှင့်။ ထမင်းချက်ဆိုပြီး ကိုယ့်နေရာမှာ ကိုယ်မနေဘူး။ ကြက်ဥယူခဲ့စမ်း၊ ထောပတ်ယူခဲ့စမ်း၊ဝိုင်အရက်ယူ





ခဲ့စမ်းနဲ့ အမြဲတမ်း သူကချည်းသူမျှားကို ခိုင်းနေတာဘဲ။ သူခိုင်းရင် ပျာပျာသလဲ အပြေးအလွှားလုပ်ပေးမှ၊ နို့မို့ရင် သူက စိတ်ဆိုးမာန်ဆိုးနဲ့ အယုတ္တအနုတ္တဆဲဆိုကြိမ်းမောင်းလိုက်ထာ ကြားရတဲ့လူ မျက်နှာ ဘယ်မှာထားရမလဲမှန်း မသိအောင် ရှက်စရာကောင်းသရှင့်။

“အလုပ်ပြီးရင် သူဟာ တံခါးဝမှာထိုင်ပြီး ဆေးတံ သောက်တယ်။ တခါက ကျွန်မဟာ ပန်းကန်ခွက်ယောက်တွေကို သယ်ယင်း သူ့ရှေ့ကဖြတ်သွားမိသရှင့်။ အဲဒီတော့သူက ‘ဟဲ့ ကောင်မကလေး၊ ငါ့ကို ရေကန်အထိ၊ အရပ်ရဲ့ အခြေအနေ သိရအောင် လိုက်ပြစမ်း’လို့ ဆိုတယ်။ ကျွန်မကလဲ မိုက်ပဲမိုက်ပါဘိတယ်ရှင်။ သူ့ကို ခေါ်သွားမိတာပေါ့။ ဒါနဲ့ ကန်ပေါင်ရိုးကျတော့ သူက ကျွန်မကို အတင်းဗလက်ကာယပေါ့ရှင်။ ကျွန်မဖြင့် ဘာက ဘယ်လိုဆိုတာတောင် မသိပါဘူး။ အဲ နောက်တော့ သူက ညရထားနဲ့မြို့ပြန်သွားတယ်။ ဒီနောက် သူနဲ့ကျွန်မ တခါမှ မတွေ့ကြတော့ဘူး”

ကျွန်တော်က “ဒါဘဲလား” လို့ ထောက်လိုက်တယ်။

သူက “ဖလော်ရင်တိုင်ဟာ သူနဲ့ရတဲ့ကလေးနဲ့ တူပါတယ်” လို့ ဆတ်ဆိုင်းဆိုင်း ပြောသဗျာ့။

“ဖလော်ရင်တိုင် ဆိုတာက ဘယ်သူတုံး”

“ကျွန်မသားကလေးပါ”

“အဲ၊ ဟုတ်ပြီ။ လှေထိုးသားနဲ့တွေ့တော့ မင်းက သူ့ကို ကလေးအဖေလို့ လှည့်စားထားတယ် မဟုတ်လား”

“ဟုတ်တယ်”

"ဒီ လှေထိုးလိုက်တဲ့လူက ပိုက်ဆံ တော်တော်ရှိတယ် မှတ်တယ်"

"ရှိတယ်ရှင့်။ ဖလော်ရင်တိုင် အတွက် ဆိုပြီး ကျွန်မကို ဖရန့်ဒင်္ဂါး သုံးရာပေးတယ်"

ကျွန်တော်လဲ ဒီစကား ကြားရတော့ အတော် ရယ်ချင်လာတယ်။ ဒါနဲ့ ဆက်မေးပြန်တယ်။

"အေးကွယ်၊ ဒီလိုဆိုရင် ကောင်းတာပေါ့။ မင်းဟာ အများတကာ ထင်တာလို လော်မာလို့ မဟုတ်ပါဘူး။ အခု ဖလော်ရင်တိုင် ဘယ်အရွယ်ရှိနေပလဲ"

"ဆယ့်နှစ်နှစ် ရှိသွားပြီ။ နွေဦးပေါက်ရောက်ယင် သူ့ကို ရေဖျန်းမင်္ဂလာ ပြုရတော့မယ်"

"အေး၊ ကောင်းသကွယ်။ ဒီလိုအလုပ်မျိုး လုပ်ရင်းနဲ့လဲ ကုသိုလ်ဆည်းပူးရတာပေါ့"

"အော်၊ ကိုကိုရယ်၊ ဒီဘဝဒီမျှသာ အကျိုးပေးတော့ တတ်အားသလောက် လုပ်ရတာဘဲ"အဲဒီလို ငြီးတွားပြီး သက်ပြင်းတချက် ချလိုက်တယ်။

အဲသလို စကားပြောနေကြတုန်း အခန်းတဖက်က အသံကြီးကို ကြားရပြန်တာနဲ့ ကျွန်တော်လဲ အိပ်နေရာမှ ထခုန်လိုက်တယ်။ အသံက လိမ့်ကျတဲ့အသံ။ ပြီးတော့ မှောင်ထဲမှာ ထရံကိုလက်နဲ့စမ်းတဲ့ အသံကိုလဲ ကြားတယ်။ ကျွန်တော်တော့ ကြောက်လဲကြောက်တယ်။ ဒေါသလဲဖြစ်မိတယ်။ ဒီတော့ မီးတိုင်ကို ဖမ်းဆွဲပြီး လိုက်ရှာတယ်။ သူက ကျွန်တော့်ကို ဆွဲထားတယ်။

"ကိုကို၊ ဘာမှမဟုတ်ပါဘူး ကိုကိုရယ်"





နို့ပေမယ့် ကျွန်တော်ကတော့ ဘယ်ဘက်က အသံလာသလဲ ဆိုတာ ကျက်မိတော့ အိပ်ရာထက်နားမှာရှိတဲ့ မလွယ်ပေါက်တံခါးကို အတင်းဆွဲဖွင့်လိုက်တယ်။ ဖွင့်လိုက်တယ်ဆို၊ လားလား၊ ကောင်ကလေးတယောက်။ ကြောက်ကြောက် လန့်လန့်နဲ့၊ တကိုယ်လုံး တုန်လို့။ ကျွန်တော့်ကိုလဲ ကြောက်ကြောက်နဲ့ မျက်လုံးကြီးလှန်ပြီး ကြည့်နေလိုက်ထာ။ ကောင်ကလေးက ပိန်လိုက်တာလဲ လွန်ရော။ မျက်နှာမှာလဲ သွေးမရှိသလိုဘဲ။ ကောက်ရိုးခင်းထားတဲ့ ကုလားထိုင်ပေါ်ကနေပြီး ဘေးကိုလိမ့်ကျတာ ပုံလျက်သားကလေး။

ကောင်ကလေးဟာ ကျွန်တော့်ကို မြင်တယ်ဆိုရင်ဘဲ သူ့အမေကို ပြေးဖက်ပြီး ငိုနေတာပါဘဲဗျို့။

"မာမာရယ်၊ ဒါ ကျွန်တော့်အပြစ် မဟုတ်ပါဘူး။ ကျွန်တော် အိပ်ပျော်သွားလို့ လိမ့်ကျတာပါ။ ကျွန်တော့်အပြစ် မဟုတ်ပါဘူး။ ကျွန်တော့်ကို မဆူပါနဲ့ မာမာရယ်"

ကောင်ကလေးက ဒီလိုပြောတော့ မချောဖက်ကို လှည့်ပြီး "သူပြောတာက ဘာကိုဆိုလိုတာလဲ"လို့ ကျွန်တော်က မေးလိုက်တယ်။

ခမျာမှာ စိတ်ရှုပ်သွားတယ် ထင်ပါရဲ့။ ဝမ်းနည်းပက်လက်လဲ ဖြစ်သွားတယ်။ ဒါကြောင့် မချိတင်ကဲ အသံကြီးနဲ့

"ရှင် ဘယ်လိုထင်သလဲ။ ကျွန်မဟာ ကလေးကျောင်းထားဘို့ စရိတ်ရအောင် ပိုက်ဆံ ကြိုးစား ရှာပေမယ့် မရဘူးရှင့်။ နို့ပေမယ့် ကျွန်မသားကို ဘယ်နည်းနဲ့ဖြစ်ဖြစ် စောင့်ရှောက်ကျွေးမွေးရမယ်။ ကျွန်မမှာ သားအမိနှစ်ယောက်အိပ်ဖို့ နေခက်

ထပ် အိပ်ခန်းတခန်းလဲ ထပ်ပြီးမငှားနိုင်ဘူး။ ဒီတော့ ညှို့သည် မလာရင် သားအမိနှစ်ယောက် အတူတူအိပ်ကြတယ်။ ညှို့သည် က တနာရီ နှစ်နာရီဆိုသလို နာရီပိုင်းလောက်သာနေရင် ကျွန်မ သားဟာ အိမ်သာထဲမှာ အသံမပြုဘဲ ငြိမ်ငြိမ်ကလေး စောင့်ရ တယ်။ သူ ဒီလိုစောင့်တတ်ပါတယ်။ ဒါပေမယ့် ရှင့်လို တညလုံး နေမယ့် ညှို့သည်ကျတော့ ကုလားထိုင်ပေါ်မှာ ခနော်ခနဲ့ အိပ် ရတာ ကြာတော့လဲ ညောင်းကရောပေါ့ရှင်။ အဲဒါ သူ့အပြစ် မဟုတ်ဖူးရှင့်။ ရှင်သာ တညလုံး ကုလားထိုင်ပေါ်မှာ ခြေမဆန့် သာ လက်မဆန့်သာ အိပ်ကြည့်စမ်းပါ။ ရှင်သာ ဒီလိုအိပ်ရရင် ရှင် ဒီလိုစကားမျိုး ပြောလို့ထွက်နိုင်မှာ မဟုတ်ဖူး”

ကောင်မကလေးကပြောရင်းနဲ့ ဒေါသထွက်ပြီး ချုံးမဲ့ချ ငိုပါ လေရော ခင်ဗျာ့။

ဒီတော့ ကောင်ကလေးကပါရောပြီး ငိုတယ်။ သနားစရာ ကောင်ကလေးပါဗျာ။ ကြောက်လဲကြောက်တတ်တယ်။ ချမ်း ချမ်းစီးစီး မှောင်ကြီးမဲကြီးမှာ အိမ်သာထဲကနေပြီး စောင့်ရတဲ့ ကောင်ကလေး။ လူကောင်းကလေးပါဘဲ။ သူ့ခမျာ အိပ်ရာ အားပြီဆိုမှ အိမ်သာထဲကထွက်ပြီး မိခင်အနားမှာကွေးရင်း မိခင် ရဲ့ ရင်ငွေ့ကိုလှုံရတယ်။

ဒါတွေကိုမြင်ရတော့ ကျွန်တော်ပါ ဝင်ပြီး ငိုချင်လာတယ်။

ဒါ့ကြောင့် ကျွန်တော်လဲ ကိုယ့်အိမ်ကိုယ်ပြန်ပြီး အိပ်တော့ တာပါဘဲ။



## အများလည်းကောင်း ကိုယ်လည်းကောင်း

တရံရောအခါ ဗာရာနသီမြို့၌ ရဟူဒီလူမျိုးတို့၏ ‘တာလမုဒ်’ ကျမ်းတတ် ပုဂ္ဂိုလ်တဦး ရှိလေသတတ်။ ထိုပုဂ္ဂိုလ်သည် ဘုရားတရားတို့၌ ကိုင်းရှိုင်းခြင်း၊ ကျမ်းဂန်နှံ့စပ်ခြင်း၊ ပညာဥာဏ် ကြီးမားခြင်း တို့၌ ကျော်စောသည်နှင့်အမျှ သူ့ဇနီး၏ အဆင်း လှပခြင်း ကြောင့်လည်း ကျော်စောပေသည်။ သူ့ဇနီးမှာ ဗာရာနသီမြို့မှ ဒီးနပ်(စ်)နတ်ဒေဝီဟူ၍ တွင်ပေသည်။ တွင်မည်ဆိုလည်း တွင် သောက်ပါ၏။ (မြန်မာလို နှိုင်း၍ပြောရသော် ဥမ္မာဒန္တီ ဆင်း သင်္ဂီ ဆိုကြပါစို့။) ရဟူဒီလူမျိုးတို့၏ဓလေ့၌ ‘တာလမုဒ်’ ကျမ်း တတ်ပရမတ်ဆရာတို့၏ဇနီးဟူသည် အကျည်းသော်လည်း တန်ရ မည်။ ကိုယ်အင်္ဂါသော်လည်း ချို့တဲ့ရမည်။ သို့နှင့်လည်း ဤ ကျမ်းတတ် ကဝိ၏ ဇနီးမှာ လှဒေဝီဖြစ်၍နေလေရာ ကျမ်းတတ် ပုဂ္ဂိုလ်ကြီးဇနီးအဖြစ်နှင့်ရသော ဂုဏ်ထက် ဥမ္မာဒန္တီဆင်းသင်္ဂီအ

ဖြစ်နိုင်ရသော ဂုဏ်သည်သာလျှင် လှဒေဝီအတွက် ပို၍ထိုက်တန်လှပေသည်။

'တာလမ္ဗဒ်'ကျမ်းဂန်လာ စကားအရ ကျမ်းတတ် ပုဂ္ဂိုလ်တို့၏ဇနီးများ အကျည်းတန်ရခြင်း၏ အကြောင်းရင်းကား ဤသို့တည်း။ နဖူးစာဆိုသည်မှာ ကောင်းကင်ဘုံ၌ အစပြုသည့် သတ္တဘာဂက ဖက်ပေးသောဖူးစာဖြစ်သည်။ ယောကျ်ားကလေးမွေးသော် မွေးသည့်ကာလ၌ သူ့ဖူးစာဖက် နာမည်ကို နတ်တို့ ကြေးကြော်ရသည်။ မိန်းကလေးမွေးသော် ထိုနည်းအတိုင်းပင်။ဖခင်ကောင်းသည် ကောင်းပေ့ဟူသောပစ္စည်းတို့ကိုသာလျှင် ရောင်းကုန်အဖြစ်ဖြင့်ထုတ်၍ အနာအဆာပါသော ပစ္စည်းတို့ကို သားသမီးတို့အတွက် အသုံးပြုစေဘိသကဲ့သို့ ဘုရားသခင်လည်း 'တာလမ္ဗဒ်'ကျမ်းတတ်ဖြစ်သော သူ၏ချစ်သားတို့အဖို့ တပါးသူတို့စိတ်ထဲပင်လျှင် မပြစ်မှားလိုသော မိန်းမသားမျိုးကို သာလျှင် ဖူးစာရှိ၍ပေးသောဟူ၏။

ထို့ရာတွင် ဘုရားသခင်သည် ကျွန်ုပ်တို့၏ မိတ်ဆွေ ကျမ်းတတ်ပုဂ္ဂိုလ်ကြီးကိုမူ ခြွင်းချက်ထည့်ခြင်းအားဖြင့် အများက သူ့ပညတ်ပေးသော ဥပဒေသည် ကြပ်တည်းလှ၏ဟူ၍ အထင်မရောက်ရလေအောင် ဥမ္မာဒန္တီဆင်းသီဂိကို သနားတော်မူခြင်းပင်ဖြစ်ဟန်တူသည်။ ဤပရမတ်ဆရာကြီး၏ ဇနီးကား ဘုရင်တို့နှင့်သာ ထိုက်တန်ပေသည်။ ကျောက်ဆစ်ဆရာတို့ လက်စွမ်းကုန်ပြုရာဖြစ်သော ပြတိုက်နှင့်လည်း ပဏ္ဏာရပေမည်။သူ၏အရပ်မှာ မြင့်သည်။ ကိုယ်ဟန်အနေအထားမှာ ကာမဂုဏ်စိတ်ကို လှုံ့ဆော်တတ်သည်။ ပခုံးတဖက် တချက်တွင် ဆံစများကျလျက်





တည်သော ခန့်ညားသော ဦးခေါင်းလည်း ရှိသည်။ နက်ရှိုင်းသော မျက်မှောင်အောက်တွင် မဲမှောင်သော မျက်ရွဲကြီး နှစ်လုံးမှာ တောက်ပလျက်ရှိသည်။ လှပသော လက်တို့မှာ ဆင်စွယ်မှထု၍ထားဘိသကဲ့သို့ ရှိ၏။

သဘာဝတရားကြီးသည် ထိုမိန်းမအား အလုံးစုံတို့ကို လွှမ်းမိုးနိုင်ရန်၎င်း၊ ပုရိသဟူသမျှတို့သည် သူ့ခြေရင်း၌ပြားပြားဝပ်စေခြင်းငှာ၎င်း၊ ပန်းချီဆရာတို့၏ စုတ်ချက်သည်၎င်း၊ ကျောက်ဆစ်သမားတို့၏ စို့သည်၎င်း၊ ကဗျာဆရာတို့၏ ကလောင်သည်၎င်း၊ တချက်ကလေးမျှ အနားမနေရစေခြင်းငှာ၎င်း၊ ဖန်ဆင်းစီရင်ထားသည်နှင့် တူလေသည်။ သို့ရာတွင် လှဒေဝီမှာကား အိမ်ထဲတွင် အလှကြည့်ရန်စိုက်ထားသော ပန်းကဲ့သို့ အိမ်တွင်း၌သာ ပုန်း၍ သားမွေးဝတ်လုံကိုရုံကာ လမ်းသွားလမ်းလာတို့ကို အိပ်မက်မက်သော မျက်တောင်စင်းဖြင့် မျှော်ကြည့်ရင်း အချိန်ကုန်ရှာလေသည်။

လှဒေဝီ၌ သားသမီးမထွန်းကားလေ။ လင်ဖြစ်သူ ပရမတ်ဆရာကြီးမှာ မိုးသောက်မှ နေဝင်ထိ ကျမ်းဂန်လာ စာများကို ရွတ်ဖတ်သရဇ္ဈာယ်၍ ဘုရားဝတ်ပြုခြင်းနှင့်ပင်လျှင် အချိန်ကုန်လေရကား လှဒေဝီမှာ အိမ်တွင်းပုန်းမပမာ နေရရှာသည်။ လှဒေဝီမှာ ချမ်းသာသူတဦးဖြစ်လေသောကြောင့် အိမ်မှုကိစ္စတို့ကိုလည်း မဆောင်ရွက်တတ်ချေ။ နာရီလက်တံဟူသည်မှာ တသီတင်းလျှင် တခါသာပေးထားပါမူ တရွေ့ရွေ့ မှန်မှန်သွားနေမည် ဖြစ်သကဲ့သို့ အိမ်မှုကိစ္စဟူသည်လည်း သူ့အလိုအလျောက်နာရီစက်ကဲ့သို့ အပတ်လည်မည် ဖြစ်သည်။ သူ့အိမ်သို့ မည်သူမျှ

ပုဂံစာအုပ်တိုက်

လည်း အလည်မလာ။ သူကလည်း မည်သူ့ထံမျှ သွားမလည်။ အိပ်မက် မက်သူပမာ၊ အိမ်တွင်းထိုင်ရင်း ငေးမောလျက်၊ တချက်တချက် သမ်းဝေမိခြင်းဖြင့် အချိန်ကုန်ရရှာသည်။

× × ×

တနေ့သော် တမြို့လုံးတွင် လေကြီးမိုးကြီးလာ၍ မိုးကြိုးထစ်ချုန်း၏။ လျှပ်စီးလက်၏။ ထိုသို့ဖြစ်လျှင် ဘုရားသခင်၏ နောက်လိုက်တို့ ခိုဝင်နိုင်ရန်အလို့ငှာ အိမ်တံခါးများ ဟူသမျှ ဟင်းလင်းထားရရိုးထုံးစံရှိ၏။ ဥမ္မာဒန္တီ ဆင်းသိဂ်ကား သားမွေးစောင် ခြုံထားသည့်အထဲက ချမ်းလွန်း၍ တုန်လျက်နှင့်ပင် ခါတိုင်းလှဲနေကျကုလားထိုင်ပေါ်တွင် လှဲရင်း စဉ်းစားခန်းဝင်နေသည်။ သူ့လင် သုခမိန်ကြီးမှာ 'တာလမ္ဗဒ်' ကျမ်းကြီးရှေ့တွင် ရှေ့သို့ ကိုယ်ကို ငိုက်ချီတခါ၊ နောက်သို့လန်ချီတလှည့်နှင့် ယိမ်းထိုး၍နေသည်ကို လှဒေဝီက တောက်ပသော မျက်စိဖြင့် စိမ်းစိမ်းကြည့်ယင်း ဤသို့ မေး၏။

"ဒေးဗစ်၏ သားတော်၊ နောက်လိုက်တော် မက်သျှားဟာ ဘယ်အခါမှ ပြန်ပြီးပွင့်တော်မူပမလဲ"

"ကမ္ဘာပေါ်ရှိ ရဟူဒီလူမျိုးအားလုံးဟာ သုစရိုက်သမားချည်းသက်သက်သော်၎င်း၊ ဒုစရိုက်သမားချည်း သက်သက်သော်၎င်း ဖြစ်ခဲ့လို့ရှိရင် ကိုယ်တော်အရှင်မြတ် ပြန်၍ကြွလာတော်မူအံ့မယ်" ဟူ၍ သုခမိန်ကြီးက အဖြေပေး၏။





ထိုအခါ ဥမ္မာမယ်က "ကျုပ်တို့ ရဟူဒီတွေအားလုံးဟာ သုစရိုက်သမားချည်း ဖြစ်မယ်လို့ ရှင်ယုံကြည်နိုင်ပမလား" ဟု ဆက်၍မေးပြန်သည်။

"ဒီလိုလဲ ဘယ့်နှယ်လုပ် ယုံကြည်နိုင်ပမလဲ"

"ဒါဖြင့်ရှင်၊ ရဟူဒီတွေအားလုံး ဒုစရိုက်သမားချည်း ဖြစ်ခါမှ မက်သျှားကိုယ်တော် ပြန်ပွင့်တော့မှာပေါ့နော်"

သုခမိန်ကြီးက ပခုံးကိုတွန့်၍ပြလိုက်ပြီး 'တာလမ္ဗဒ်' ကျမ်းပါလာ နက်နဲသော အဘိဓမ္မာတရားထဲ၌သာ အာရုံစိုက်၍ ထိုအခမှာ ဝက်ပါထဲမှ စိတ်မနှံ့သူသာလျှင် ထွက်ပေါက်ရှိနိုင်ပေသည်ဟု ဆိုရိုးစကားရှိသည့်အတိုင်း သူသည်ထွက်ပေါက်ကို ရှာဖွေတွေ့ဘဲ ဝဲလည်လည် ဖြစ်နေရှာသတည်း။ အခန်း ပြင်ဖက်တွင် သည်းထန်စွာ ရွာလျက်ရှိသောမိုးကို မိန်းမလှသည် ပြူတင်းဝမှ မျှော်ကြည့်ရင်း အလွန်တင့်တယ်သော ကိုယ်ရုံမှ ကတ္တီပါမွေးပွကို လက်ဖြင့် အသာအယာ သပ်မှန်းမသိဘဲ သပ်မိရှာသည်။

× × ×

တနေ့သ၌ ရဟူဒီပရမတ်ဆရာကြီးလည်း ပွဲတော်အခမ်းအနားနှင့် ယှဉ်လျှဉ်း၍ ဝိဝါဒကွဲပြားသည်ကို ကျမ်းဂန်နှင့် ညှိနှိုင်းရန် အလို့ငှာ အနီးရှိရွာတရွာသို့ ခရီးထွက်လေသည်။ ကျမ်းဂန် အရာ၌ နှံ့စပ်လေရကား သူမှန်းထားသည်ထက် စောသော အချိန်တွင် ဋ္ဌယအဆုံးအဖြတ်ကို ပေးပြီးဖြစ်ရကား နက်ဖြန်နံနက်မှစောစောပြန်ပါတော့မည်ဟု ရည်ရွယ်မိသော်လည်း သူ့နည်းတူ ကျမ်းဂန်အရာ၌ နှံ့စပ်သူတဦးနှင့် ဆုံမိသောကြောင့် ညနေတွင်

ပင်လျှင် အိမ်သို့ပြန်ခဲ့လေသတည်း။ ယင်းသို့ပြန်ရာ၌ သူ့မိတ်ဆွေအိမ်တွင် မြင်းလှည်းကိုထားခဲ့၍ မိမိအိမ်သို့ခြေလျင်လျှောက်၍ ပြန်ခဲ့လေသည်။ အိမ်ရောက်သော် သူ့အိမ်ပြူတင်းတို့၌ ဆီမီးအလင်းထွန်းထားသည်ကိုငင်း၊ သူ့အိမ်ရှေ့၌ အစောင့်စစ်သားတဦးသည် ဆေးတံတိုအမြှိုင့်သား ထိုင်၍သောက်နေသည်ကိုသော်ငင်း တွေ့ရလေသော် သခမိန်ကြီးမှာ အံ့အားသင့်မိသောဟူ၏။

သိချင်ဇောကလေးကြောင့် အစောင့်ကို အကျမ်းတဝင် ပြုကာ သခမိန်ကြီးက "မောင် ဒီမှာ ဘာလုပ်နေတာလဲ" ဟု မေး၏။

"ကျွန်တော်က အောက်စောင့်ပေါ့ ခင်ဗျာ။ ရဟူဒီ လှဒေဝီရဲ့ယောကျ်ားကြီးဟာ အလစ်မှာ ရောက်လာမှာစိုးလို့ စောင့်နေရတာပေါ့ခင်ဗျာ" ဟု ဆို၏။

"အလို၊ ဒီလိုလား။ အေး၊ ဒါဖြင့် မောင် ကောင်းကောင်းသာ စောင့်ရစ်ပေတော့"

ယင်းသို့ပြောပြီးသော် ပရမတ်ဆရာကြီးလည်း ထက်သွားကျွန်ပြု၍ နောက်ဖေး ဥယျာဉ်တံခါးမှနေ၍ အိမ်ပေါ်သို့တက်လေ၏။ အိမ်တွင်းရှိ ပထမအခန်းတွင်းသို့ ဝင်သည်ရှိသော် မမြင့်မီကမှ စားပြီးစဖြစ်သော လူနှစ်ယောက်စာ ထမင်းပွဲကို တွေ့ရ၏။ သူ၏ဇနီးမှာကား ခါတိုင်းကဲ့သို့ပင် သားမွေးဝတ်ရုံကို ခြုံကာ ပြူတင်းဝ၌ရပ်နေသည်။ သူ့ပါးကား မသက်သာဘွယ် နီမြန်းလျက်ရှိသည်။ သို့ရာတွင် သူ၏မျက်နက်တို့မှာ ခါတိုင်းကဲ့သို့သော မျှော်ငေးသည့် သဏ္ဌာန်ကိုမဆောင်ဘဲ အခြားသူနှင့် အလိုပြည့်သဖြင့် လင့်အပေါ်မှာ လှောင်ပြောင်လိုသော အရိပ်အရောင်ကိုသာ ဆောင်နေလေသည်။ ထိုခဏ၌ပင် ပရမတ် ဆရာကြီးလည်း





ကြမ်းပြင်ပေါ်ရှိ တစုံတခုသောဝတ္ထုကို ခလုတ်တိုက်မိ၏။ ထိုအရာဝတ္ထုမှာ မကြားစဖူးသောအသံကိုပြု၏။ ထိုအရာဝတ္ထုကားမြင်းသည်တော်တို့၏ သံပန်းပွားပင် ဖြစ်သတည်း။

ပရမတ်ဆရာကြီးလည်း "ငါမရှိတုန်း မင်းဘယ်သူနဲ့နေသလဲ" ဟု မေး၏။

သို့သော် ရဟူဒီမ လှကညာက ပြန်မပြောသေးဘဲ ရှုံ့ရှာဟန်နှင့် ပခုံးကိုတွန့်ပြ၏။

"ဒါဖြင့်၊ ငါ ဖွင့်ပြောလိုက်ရမလား။ မင်း ငါမရှိတုန်းမှာမြင်းသည်တော်အဖွဲ့က ဗိုလ်မှူးကလေးနဲ့ ဖြစ်နေတာပေါ့လေ"

ထိုအခါ လှဒေဝီရဟူဒီမက ဖြူဖွေးသောလက်များဖြင့် သားမွေးဝတ်ရုံကို ပခုံးပင့်ရင်း "သူနဲ့မဖြစ်လို့ ဘယ်သူနဲ့ ဖြစ်ရအုံးမှာလဲတော့" ဟု ပြောလေ၏။

"မိန်းမ၊ မိန်းမ။ ရှူးမျှားနေရော့သလားကွယ်"

"ကျုပ် မရှူးပေါင်တော်" ဟု မိန်းမက ရမက်ကြီးသောလက္ခဏာကိုပြသည့် နှုတ်ခမ်းထူကလေးနှင့် အကြောင်းသိဟန်ကို ပြသော ရယ်ခြင်းမျိုးကို ရယ်၍ပြော၏။ "ကောင်းမှန်း ဆိုးမှန်း ခွဲခြားတတ်ပါသေးတယ်။ ကျွန်မတို့ ဒုက္ခသယ် ရဟူဒီလူမျိုးတွေကို လာကယ်မယ့် မက်သျှားပညာရှိ တမန်တော်ကြီး တဖန် ပြန်ပွင့်အောင် ကျွန်မကလဲ ကျွန်မတတ်နိုင်တဲ့ ဖက်က၊ တတ်နိုင်တဲ့နည်းနဲ့ မကူညီရတော့ဘူးလားရှင်ရဲ့" ဟု ဆိုလေသတည်း။

# သေဟဲ့ နန္ဒိယ

ရာဂမီးသည် မရဏတရားထက်၊ ထို့မှ တထောက်ဆိုရလျှင် ဘိဇ္ဇာန တရားထက် ပိုမို၍ထန်ပြင်းပေသည်။

ခရစ်နှစ် ၁၈၇၃ ခုနှစ်၌ ရုပ်ရည်ရူပကာ အသင့်အတင့် လှပသော ပယ်လက်စတိုင်ပြည်သား ရဟူဒီရပ်ကွက်မှ မြို့စားအနွယ် လူငယ်တဦးသည် ဘဏ်တခု၌ ငွေချေးကစားခြင်းကြောင့် 'အသတ်' ခံရလေရာ ထွေထူးဆန်းပြားသော ကြည့်ရှုဘွယ်ရာ အဖြာဖြာတို့နှင့် မိမိကိုယ်ကိုမိမိ နှစ်သိမ့်ဖြေဖျော်ရန်အလို့ငှာ ဗိယာနာမြို့၌ကျင်းပသော ကမ္ဘာလုံးဆိုင်ရာ ပြပွဲကြီးသို့ လာပြီးယင်း လာလေ့ရှိသည်။ တနေ့သော် ရုရှပြည်ဆိုင်ရာ ပြခန်း၌ စစ်အဆောင်အယောင်ဟောင်းတို့ကို ထောက်ရှုခြင်းအားဖြင့် မျိုးရိုးကောင်းသည်ဟု ဆိုရငြားလည်း ဥစ္စာပစ္စည်း နွမ်းပါးဟန်ရှိသော လက်ထပ်ပြီးစ လင်မယားနှစ်ယောက်ကို သူ တွေ့မိလေသတည်း။

ဘဏ်ပွဲစား သေဌေးမင်းကလေးကား ဥစ္စာပစ္စည်း ချိုတဲ့သူ ဟူသောအချက်ကို အကွက်ကောင်းယူ၍ နှစ်လိုဘွယ်ရာ ရှိသော သူငယ်မအား စတင်ရန်အတွက် ဇက်ရဲမိလေသည်။ ယင်းသို့ ထိကပါး ရိကပါးစခြင်းသည် ဗိယာနာမြို့ရှိ အငြိမ့်သမတို့၏ အကြိုက်ဖြစ်နိုင်သော်လည်း အခြင်းရှိသောမိန်းမတို့အဖို့ စော်ကားခြင်းသက်သက်ပင် ဖြစ်သည်။ ဆွေတော်မျိုးတော် စာရင်းဝင် မြို့စားကတော်ကလေးအတွက်မှာကား ထိုရဟူဒီရပ်ကွက်မှ သေဌေးဆိုသူကို မုန်းတီးရွံရှာမိလေရကား၊ ရန်တုန့်ပြန်ရန် အချက်ကောင်းကို စိတ်ထဲတွင်ကြိတ်၍ အတန်ကြာမျှ အကြံယူ၍နေလေသည်။

တနေ့သောနေ့၌ မြို့စားကတော်ကလေးအား အကာယ်ပင် အသေအလဲကြိုက်၍ နေသော သေဌေးကလေးသည် သူ့ကို ပြပွဲဆောင်တွင် နီးကပ်စွာတွေ့ရလေ၏။ မြို့စားကတော်သည် ရှုရှုလူမျိုး သားမွေးအထည်သည် ခင်ကျင်းထားသောဆိုင်ရှေ့ ရောက်သော် တအံ့တဩနှင့် သားမွေးတို့ကိုကြည့်၍နေစဉ် ပိုက်ဆံကုန်ရမည့်ကိန်းကိုမြင်မိသော လင်သည်မောင်မှာ မယားမျက်ခြေပြတ်အောင် ရှေ့သို့လွန်၍ သွားသည်တွင် သေဌေးကလေးဆိုသူမှာ အလွယ်တကူ ချဉ်းကပ်ခွင့်ရလေသည်။

မြို့စားကတော်သည် အကြိုက်တွေ့ထားသော မျက်လုံး ကလေးများကို ကစားရင်း "သားမွေး အင်္ကျီကလေးက လှလိုက်ထာနော်။ ကျွန်မဖြင့် အားကြီး လိုချင်တာဘဲ"ဟု တောင့်တလိုက်သည်။





သို့သော် ဈေးနှုန်းကဒ်ပြား စက္ကူဖြူကလေးကို ကြည့်လိုက်သော် စိတ်အပျက်ကြီးပျက်ကာ "အဖိုးက ရှုဘယ်လ်ဒင်္ဂါး လေးထောင်ဆိုတော့ ပြင်သစ်ဖရန့်ဒင်္ဂါးနဲ့ဆိုရင် ခြောက်ထောင်တောင်ကျမှာပါကလား"ဟုညည်းလိုက်၏။

ထိုအခါ သေဌေးကလေးက "အင်း၊ ဈေးကြီးတာတော့ မှန်ပါသခင်ဗျာ။ ဒါပေမယ့် ဟောဒီက အလှကြွယ်တဲ့ နှမသယ်အဖို့ဆိုရင် ဒီလောက်ဈေးကြီးတာဟာ အတွက်မရှိပါဘူး ခင်ဗျာ"ဟူသောစကားဖြင့် မြို့စားကတော်ကို ချိုင်လိုက်လေသည်။

"နို့ပေမယ့်၊ ကျွန်မယောကျ်ားကတော့ ဘယ်တတ်နိုင်ပ!"

ထိုအခါ ရဟူဒီရပ်ကွက်မှ သေဌေးမင်းကလေးက "ဒီမောင့်ကို သနားတာဖြင့် သားမွေးနက် လက်ဆောင်ကိုတော့ လက်ခံသင့်ပါတယ် ခင်ရယ်"ဟု မျက်ရည်ခံထိုးလေ၏။

"ရှင် ကျွန်မကို မကြည့်စားပါနဲ့ရှင်"

"ကြည့်စားတာ မဟုတ်ပါဘူး ခင်ရယ်။ တကယ်ပါ"

"ကျွန်မကို သက်သက်စော်ကားတာ မဟုတ်ရင်ဖြင့် သက်သက် နောက်နေတာဘဲ ဖြစ်ရမှာပေါ့ ရှင်ရဲ့"

"မဟုတ်ရပါဘူး မြို့စားကတော်ရယ်။ ခင့်ကိုလေ မေတ္တာမျှချင်လို့ပါ"

"ဒီလိုဆိုရင်လဲ ရှင် ကျွန်မကို ဒေါသဖြစ်အောင်လုပ်ဖို့ မတော်ပါဘူးရှင်"

"နို့ပေမယ့် တခုတော့ အစီရင်ခံ"

"ရှင် လွန်ပြီနော်။ လူကြီးကိုက ကျောပြင်ကို ကြိမ်နဲ့နှက်ဖို့ တော်တဲ့လူဘဲ"

ထိုအခါ ဘဏ်သေဌေးမင်းမှာ ပို၍စိတ်အားတက်ကြွလာပြီးလျှင် "ဒီလို ခင်က ကြိမ်ဒဏ်ခတ်မယ်ဆိုရင်လဲ ဒီမောင်က ပေးသမျှဒဏ်ကို ကြည်ကြည်သာသာ ခံဘို့အသင့်ပါဘဲခင်ရယ်။ အမှန်ပြောရမယ်ဆိုယင် ခင့်လက်တဖက်က ကြိမ်လုံးကလေး ဝင့်ဝင့်ပြီး ကျုပ်ကျောပြင်ကို နာနာနက်ချင်သပဆိုရင် ဒီသားမွေးအင်္ကျီအနက်ကလေးနဲ့ ခင်နဲ့တော့ အလိုက်ဆုံးပါဘဲ" ဟု ဆိုလိုက်သည်။

မြို့စားကတော်လည်း ထူးဆန်းသော ပြုံးချိုချို မျက်နှာပေးဖြင့် သေဌေးဆိုသူကို စေ့စေ့ကြည့်လိုက်သည်။

တအောင့်လောက် တွေနေပြီးသော် "ရှင့်စကားကို နားထောင်မယ်ဆိုယင် ရှင့်ကိုကျမ ကြိမ်ဒဏ်ခပ်ထာကို ခံမယ်ပေါ့လေ"ဟု မေး၏။

"ကျေကျေနပ်နပ်ကြီး ခံပါ့မယ် ခင်ရယ်"

မြို့စားကတော်က "ကောင်းပါပြီတဲ့ရှင်။ ရှင့်ကို ကျွန်မ ကြာပွတ်နဲ့ အချက်အစိတ်ရိုက်မယ်။ အဲသလို အချက်အစိတ် ရိုက်ပြီးတဲ့နောက် ကျွန်မကိုယ်ကို ရှင်ပိုင်ပြီပေါ့ရှင်"ဟု ခပ်သုတ်သုတ်ပြောလိုက်သည်။

"တကယ်လား"

"အစစ်ပါရှင်"

ထိုအခါ ရဟူဒီရပ်ကွက်မှ သေဌေးမင်းလည်း မြို့စားကတော်၏ လက်ကလေးကိုဆွဲကာ စိတ်လိုက်မာန်ပါဖြင့် သူ၏နှုတ်ခမ်းနှင့်တေ့၍ စုပ်လိုက်သည်။

"ကိုကို ဘယ်တော့လောက် လာခဲ့ရမလဲခင်"

"နက်ဖြန်ခါ ည ရှစ်နာရီ"





"ဒါဖြင့် သားမွေးဝတ်ရုံအနက်ရယ်၊ ကြာပွတ်ရယ် ကိုကိုယူခဲ့မယ်နော်"

"အို၊ ဒါတွေတော့ ကျွန်မတာဝန်ဘဲ ထားလိုက်ပါ"

နောက်တနေ့ ညနေတွင် တဏှာရူး ဘဏ်သေဌေးသည် မြို့စားကတော်၏အိမ်သို့ ရောက်ရှိနေပါပြီ။ မြို့စားကတော်မှာ သားမွေးဝတ်ရုံအနက်ကိုခြုံကာ လက်တွင် ခွေးရိုက်သောကြာပွတ်ကိုကိုင်လျက် ညောင်စောင်းတခုပေါ်တွင်လှဲ၍ အိမ်ဦးတည်းစောင့်နေသည်ကို တွေ့ရသည်။

"ကျွန်မတို့ ကတိကဝတ်ပြုကြတဲ့ အတိုင်းဘဲ နော်"ဟု မြို့စားကတော်က စကား စလိုက်သည်။

"ကိုကို နားလည်ပြီးသားပါ ခင်ရယ်"ဟု သေဌေးက ပြောသည်။ "ခင်က ကိုယ့်ကို ကြာပွတ်နဲ့အချက်အစိတ်ရိုက်မယ်။ အချက်အစိတ်ပြီးရင် မောင့်အလိုကို ခင်လိုက်မယ်။ ဒါဘဲ မဟုတ်လား"

"ဟုတ်ပါပြီတဲ့ရှင်။ ဒါပေမယ့် ရှင့်လက်တွေကို ပထမ ကျွန်မ ကြိုးနဲ့ချည်ရဦးမယ်"

ရာဂနတ် ဖမ်းစားခြင်းခံရသူ သေဌေးကား သူ့လက်ကို မြို့စားကတော်က နောက်ပြန်ချည်ရန်အတွက် ငြင်သာစွာ အခွင့်ပေးလိုက်သည်။ ထိုနောက် မြို့စားကတော်၏ အမိန့်အတိုင်း ရှေ့တွင် ဒူးထောက်ပေးရသည်။ မြို့စားကတော်လည်း ကြာပွတ်ကို မြှောက်၍ တအားနှက်သတည်း။

"အလဲ့လဲ့ လဲ့လဲ့။ ဒီတချက်ထဲနဲ့ဘဲ အတော်နာလှချည့်" ဟု သေဌေးမင်းက အော်လေသည်။

မြို့စားကတော်ကား လှောင်သံနှင့် ရယ်ကာ "ကျွန်မက နာအောင် တကယ်ရိုက်ထာရှင့်" ဟု ပြောယင်း အညာအတာ မရှိဘဲ ဆော်၍ နှက်လေသည်။ နောက်ဆုံး၌ နောက်ပိုးရူးအမိုက်ကောင်သည် နာကျင်လွန်းလှ၍ ညည်းတွားလေ၏။ သို့ရာတွင် ကြိမ်ဆော်နှက်သည်မှာ တချက်ပြီးလျှင်တချက်ဆိုသလို ကောင်းကွက်ဆိုက်ရန် နီးလာခြင်းပင် ဖြစ်သည်ဟု သူ့ကိုယ်သူ ဖြေရလေသည်။

နှစ်ဆယ့်လေးချက် ရိုက်နှက်ပြီးလတ်သော် မြို့စားကတော်သည် ကြာပွတ်ကို လက်မှ လွှတ်ချလိုက်လေသည်။

"ခုမှ နှစ်ဆယ့်လေးချက် ရှိသေးတယ်" ဟု မာတင် လက်သစ်က ဆို၏။

"ကျွန်တချက်ကတော့ ရှင့်အတွက် လက်ဆောင် သက်သက် ချန်ထားတာ ရှင့်" ဟု မြို့စားကတော်က ရယ်သွမ်း သွေးလိုက်သည်။

"ကဲ၊ ဒါဖြင့် ခင့်ကို မောင့်ပိုင်ပြီပေါ့"

"အလို၊ ဘာစိတ်ကူးများ ပေါက်လာပြန်တာလဲရှင့်"

"နို့၊ ကျုပ်ကို ခင်ရိုက်ဖို့ ခွင့်ပေးပြီးပြီ မဟုတ်လား"

"ဟုတ်ပါပေတယ်ရှင်။ ဒါပေမယ့် ကြိမ်ဒဏ် နှစ်ဆယ့် ငါးချက်တိတိခတ်ပြီးမှ ကျွန်မက ရှင့်အလိုကိုဖြည့်ရမယ်လို့ ကတိထားကြတယ် မဟုတ်လား။ ရှင် အခု နှစ်ဆယ်လေးချက်ပဲ ခံရသေးတယ်။ ဒါအတွက် ကျွန်မ သက်သေထူနိုင်ပါသရှင့်" ဟူ၍ အိန္ဒြေကို ရွှေနှင့်မလဲနိုင်သော တော်လေးဝန္ဒယ်ဝင် ကညာမယ်က ဆိုလေ၏။





ထိုသို့ဆိုပြီးလျှင် မြို့စားကတော်သည် တံခါးဝကို ကာထားသော ကန့်လန့်ကာ ဆွဲဖွင့်လိုက်သည်။ ထိုအခါ မြို့စားနှင့်အတူ လူကြီးလူကောင်း နှစ်ဦးတို့သည် တဖက်ခန်းမှ ပြုံးရွှင်စွာ ထွက်ပေါ်လာကြလေသည်။ ဘဏ်သေဌေးမှာ တအောင့်မျှကြက်သေသေပြီးလျှင် မြို့စားကတော့် ခြေရင်း၌ ဒူးတုပ်၍ ဝပ်နေသည်။ ထို့နောက် သက်ပြင်းကြီးကို မှုတ်ထုတ်ကာ အဓိပ္ပာယ်ထူးနှင့်ပြည့်စုံသော စကားတခွန်းကို ဤသို့ မြွက်ကြားလေ၏။

"သေဟဲ့၊ နန္ဒိယ"

## တောဟောဝန်လယ်

မြို့ဝန်မင်းသည် ထမင်းစားပွဲတွင် ထိုင်ရန် ဟန်ပြင်လိုက်သည်နှင့် တပြိုင်နက် ရဲးသားတယောက်က မြို့ဝန်ရုံးတွင် တရားခံ နှစ်ယောက် စောင့်နေပါကြောင်းနှင့် လာရောက် လျှောက်သွားလေသောကြောင့် ချက်ချင်းထလိုက်သွားရာ သက်ကြီးအိုလင်မယားနှစ်ဦးအား မျက်နှာပိုးသတ်၍ စောင့်ကြည့်နေသောအမှုလိုက် စာသင်ကို တွေ့ရလေသည်။ အဖိုးကြီးမှာ နှာခေါင်းနီနီ၊ ဆံဖြူဖြူ၊ ဝဝဖိုင့်ဖိုင့်၊ အရွယ် တော်တော်ကြီးပြီ။ တော်တော်လည်း စိတ်ညစ်နေပုံရသည်။ အမယ်ကြီးမှာ တင်ကောက်ကောက်၊ တုတ်ခိုင်ခိုင်၊ ပါးပြောင်ပြောင်နှင့် သူ့ကို ဖမ်းလာသူအမှုထမ်းတို့အား မျက်စောင်းတခဲခဲ ထိုးနေသည်။

"ဘာမှုလဲ ဟေ့"ဟု မြို့ဝန်က အမှုခေါ်သည်။

---

ပုဂံစာအုပ်တိုက်

အမှုလိုက် စာသင်လည်း တရားခွင်သို့ ဝင်၍ အမှုအကြောင်း စတင်ထွက်ဆိုလေသည်။ ထိုနေ့နံနက် သူသည် ဝတ္တရားကျသော ခါတိုင်း အချိန်မျိုးတွင် တောတန်းကလေးတခု၌ပတ္တရောင် လှည့်ပါသည်။

ထိုနေ့က နေအတော်ပွင့်သည်မှတပါး ဘာမျှ မထူးခြားပါ။ လယ်ကွင်းထဲ၌ စပါးပင်များ ကောင်းကောင်းသီးနေပြီကို တွေ့ရပါသည်။ ထိုအချိန်တွင် လယ်ထဲ၌ စာချောက်ရန် ရောက်ရှိနေသော သူရင်းငှား ပန်းဒုတ်၏သားက သူ့ကို အော်ခေါ်ပြီးလျှင်

"ဘရေ ဟောဟို တောစပ်နားက ပထမဆုံးမြင်ရတဲ့ ချုံထဲမှာ သွားကြည့်စမ်းပါ။ ချီးနှစ်ကောင် တွေ့ရပါလိမ့်မယ်။ ဟီဟီ၊ ချီးတွေက သက်ကြီး ဝါကြီး ထဲကဘဲ၊ ဘရ" ဟု ပြောပါသည်။

ထို့ကြောင့် သူငယ်ညွှန်ပြရာသို့ လိုက်သွားပြီးလျှင် တောတန်းထဲသို့ ဝင်ပါသည်။ ဟိုအခါ ဟင့်၊ ဟင့် ညည်းသံတခုလိုလို ကြားရ၍ တောထဲ၌ မဖွယ်မရာ တခုခုကို ပြုကျင့်နေပြီဟု သံသယ ဖြစ်လာမိပါသည်။ ထိုကြောင့် ကြိုးဝိုင်းထဲဝင်၍ အမဲလိုက်သူတို့ကို ချောင်းဖမ်းသကဲ့သို့ လေးဘက်တွားကာ တောထဲတိုးပါသည်။ ထိုအခါ ယခု ရုံးတော်ရှိ အဖိုးကြီး အမယ်ကြီးနှစ်ဦးမှာ ငါးပါးအာရုံ ကာမဂုဏ်နောက် လိုက်၍ ဖောက်ပြန်ရန် ဟန်ပြင်နေကြသည်ကို ပက်ပင်းပါ တွေ့ရပါသည်။

မြို့ဝန်မင်းသည် အံ့အားသင့်စွာဖြင့် တရားခံနှစ်ဦးအား ကြည့်လိုက်သည်။ အဖိုးကြီးမှာ အသက်ခြောက်ဆယ်ခန့်၊ အဖွားကြီး





အနည်းဆုံး အသက်ငါးဆယ့်ငါးနှစ်ထက် အောက်ကျမည် မဟုတ်ပေ။ ထို့ကြောင့် မြို့ဝန်မင်းသည် အဖိုးကြီးကို စတင်၍ စစ်ဆေးလေသည်။ အဖိုးကြီးထွက်ဆိုသည်မှာ အသံတိုးလွန်းသောကြောင့် သူ့လေသံကို ကြားအောင် အတော် နားထောင်ယူရသည်။

"မောင်မင့် နာမည် ဘယ်လိုခေါ်သလဲ"

"ဖိုးရင်ပါ ဘုရား"

"အလုပ်အကိုင်ကကော"

"ကျွန်တော်မျိုး မြို့က အထည်ဆိုင်ကပါ"

"ဒါဖြင့် တောထဲမှာ ဘာဝင်လုပ်နေကြတာတုံး"

အထည်သည် အဖိုးကြီးသည် မိမိ၏ ဗိုက်ပူကြီးကိုသာ မျက်စိချ၍ ကြည့်လျက် ပေါင်ပေါ်တွင် လက်ကိုဆန့်တင်ကာ တုန့်ဘာဝေ ဆိတ်ဆိတ်နေလေ၏။ မြို့ဝန်လည်း အမှုကိုဆက်၍ စစ်၏။

"ယခု အမှုလိုက်မင်း ထွက်ချက်ကို မောင်းမင်း ငြင်းလိုသလား"

"မငြင်းလိုပါ ဘုရား"

"ဒါဖြင့် မင်းပြောင့်ဆိုတာပေါ့နော်"

"မှန်ပါ"

"မောင်မင်း ကိုယ်ကို ကာကွယ်ဘို့ ဘာများ လျှောက်ထားလိုပါသေးလဲ"

"လျှောက်ထားစရာ မရှိပါဘူး ကိုယ်တော်"

"မောင်မင်း အရွယ်နဲ့ မလိုက်အောင် ရှက်စရာအပြစ်ကို ကျူးလွန်ဘို့အဖော် ဘယ်ကရလာသလဲ"

"သူက ကျွန်တော်မျိုး မယားပါ ကိုယ်တော်"

"အလိုလေး သူက မောင်မင့် မယားလား"

"မှန်ပါတယ်"

"ဒါဖြင့် မင်းတို့နှစ်ဦး မြို့မှာ အတူတူမနေကြဘူးပေါ့"

"နားနဲ့ မနာ ဖဝါးနဲ့ နာတော်မူပါ ရှုံးမင်းဘုရား။ ကျွန်တော်မျိုးတို့ ယခုတိုင် အတူတူပေါင်းသင်း နေထိုင်ပါတယ်"

"ဟဲ့ ဒီလိုဆိုယင်လဲ မောင်မင်းတို့ဥစ္စာဟာ ရှူးတာလားကွယ်။ တကတဲ ဆယ်နာရီထိုး စောစောစီးစီးကြီးမှာ မင်းတို့ကို ဒီလိုကြောင်တောင် မိရတယ်ဆိုတာ မင်းတို့ရှူးလို့သာ ဖြစ်ရတော့မပေါ့"

အထည်သည် အဖိုးကြီးမှာ ရှက်ကိုးရှက်ကန်းနှင့် ငိုရန်အသင့်ရှိပါသည်။ သို့သော် "ဟောဒီမိန်းမက ကျွန်တော်မျိုးကို သွေးဆောင်တာပါဘဲ ကိုယ်တော်။ ကျွန်တော်မျိုးက 'ဒီအသက်ဒီအရွယ်ကြီးနဲ့ ဒီလောက် မမိုက်စမ်းပါနဲ့ကွယ်' လို့ ပြောတာတောင် မရပါဘူး။ မိန်းမဆိုတာ ကိုယ်တော်။သူတို့ ခေါင်ထဲ စိတ်ရူးပေါက်လာပြီဆိုမှဖြင့် မရဘူး ကိုယ်တော် မရဘူး"ဟု လေသံဖြင့် ညည်းတွားလိုက်သည်။

မြို့ဝန်မင်းသည် ဘွင်းဘွင်းကို ကြိုက်တတ်သောကြောင့် ပြုံးလိုက်၏။

"ဒီအမှုမှာတော့ကွယ် မောင်မင်းတို့ ဒီလောက်လဲ မမိုက်သင့်ပါဘူး။ မင့် မိန်းမတဦးထဲ စိတ်ရူးပေါက်ရုံတော့ ငါ့ရုံးတော်ကို ဒီလိုရောက်လာမှာ မဟုတ်ပါဘူး"





ထိုအခါ ဦးဖိုးရင်သည် စိတ်ထွက်လာပြီးလျှင် မိန်းမဘက်သို့လှည့်၍ မာန်လေ၏။

"ကဲ ရှင်မရယ် ကောင်းနိုင်သေးရဲ့လားဟင်။ မင်းသူငယ်ပြန်လို့ ဘယ်အဖြစ်ရောက်နေတယ်ဆိုတာ မင်းသိရဲ့လား ဟင်။ ကဲ အခုတော့ သက်ကြီး ရွယ်ကြီးနဲ့ အိန္ဒြေမစောင့်စည်းဘူးဆိုပြီး ရုံးရောက်ကပြီ။ ရှိသမျှပစ္စည်းရောင်း၊ ဆိုင်ကိုပိတ်ပြီး၊ မြို့ကပြေးမှဘဲ တော်တော့မယ်ထင်တယ်။ မင့်ကြောင့် ကောင်းနိုင်သေးရဲ့လားကွယ်။ မင့်ကြောင့်၊ မင့်ကြောင့်"

ထိုအခါ ဦးဖိုးရင်ကတော် ဒေါ်ကျဲကြီးသည် တချက်မျှ အိန္ဒြေမပျက်၊ အထစ်အငေါ့မရှိ၊ တဆိတ်ကလေးမျှ ရှက်စရာဟု မအောက်မေ့၊ လင်ကိုလည်း နည်းနည်းမျှ မမှုဘဲ မတ်တတ်ရပ်၍ ဤသို့ လျှောက်လဲသည်။

"ဒီလိုပါဘုရား။ ကျွန်တော်မတို့အဖြစ်က လူရယ်စရာ သက်သက်ကြီး ဖြစ်နေတာတော့ မငြင်းလိုပါဘူး။ နို့ပေမယ့် ကျွန်တော်မ ယခု ရွှေနေလိုဘဲ လျှောက်လဲချက်ပေးရမလား။ ဆင်းရဲနွမ်းပါးတဲ့ မိန်းမတဦးအနေနဲ့ဘဲ လျှောက်လဲရမလား။ ဘယ်လိုလျှောက်လဲပုံမျိုးကို လက်ခံမလဲဆိုတာ အရှင်ဘုရား စဉ်းစားပြီး ယခု တရားစွဲခံရလို့ အရှက်ကွဲတဲ့အဖြစ်ကလွတ်အောင် ကျွန်တော်မတို့ကို ပြန်လွှတ်ဘို့ သနားသဖြင့် စောင်မတော်မူပါဘုရား။

"သနစ်စုံပြောရမယ် ဆိုယင်တော့ ဟို ဘုရားကျွန်မငယ်ငယ်တုန်းက အခု အခင်းဖြစ်ပွားတဲ့ တောစပ်နားမယ် ဝါဆိုပန်းခူးယင်း တောရကျောင်းကို လာပြီး ဥပုသ်စောင့်ပါတယ်။ အဲဒီအခါမှာ ဟောဒီက ကိုဖိုးရင်နဲ့ တွေ့ကြရော။ သူက အဲဒီတုန်းက

အထည်ဆိုင်မှာ လူငှားပေါ့။ ဘုရာ့ ကျွန်မကတော့ ရှပ်ဆိုင်တဆိုင်မှာ ရောင်းတဲ့ဘက်ကပါဘဲ။ အခု ပြောယင်းဆိုယင်းတောင်သူနဲ့စတွေ့တာ မနေ့တနေ့တုန်းကမှ တွေ့ရသလိုပါဘဲလို့ အောက်မေ့မိပါတယ်။

“တနင်္ဂနွေနေ့ ဆိုင်ပိတ်ပလားဆိုယင် အဲဒီ တောတန်းဘက်ဆီကို ဘုရာ့ကျွန်မ သူငယ်ချင်း တယောက်နှင့် လာခဲ့တာပါဘဲ။ ဘုရာ့ကျွန်မ သူငယ်ချင်းကတော့ ရည်းစားနဲ့ ကျွန်မမှာတော့ မရှိဘူး။ သူ့ရည်းစားက ကျွန်မတို့နှစ်ယောက်ကို လိုက်လိုက်ပို့တယ်။ နောက် စနေနေ့ကျတော့ သူ့ရည်းစားက ကျွန်မတို့ကို နောက်တခါ ဆိုယင် တဲ့။ သူ့ သူငယ်ချင်း တယောက်ကို ခေါ်ခဲ့မယ် တဲ့။ ကျွန်မက သူ ဘာကို ဆွယ်ပြောနေတယ်ဆိုတာ ရိပ်မိပါတယ်။ ဒါ့ကြောင့် ကျွန်တော်မက ‘မတော်ပါဘူးရှင်’ လို့ ပြန်ပြောပါတယ်။ ကျွန်တော်မကတော့ အိမ်ခြွေသိက္ခာနဲ့ကိုး ဘုရာ့။

“နောက်တနေ့ ဘူတာရုံမယ် ဟောဒီ ကိုဖိုးရင်နဲ့ တွေ့တာပါဘဲဘုရား။ ဟိုတုန်းက သူ့ရုပ်ကလဲ ချောဘုရာ့။ ဒါပေမယ့် ကျွန်မက မိန်းမတို့အိမ်ခြွေကို စောင့်စည်းမဟဲ့ ဆိုပြီး ခပ်တင်းတင်းနေခဲ့ပါတယ်။ ဒါနဲ့ဘဲ ကျွန်မတို့ ရောက်နေကျနေရာ ရောက်ကရော ဆိုပါတော့ဘုရား။

“ရောက်တဲ့နေ့မှာ နေကလေးကလဲ ပွင့်နေတော့ ဒီလို သာယာတဲ့နေ့မှာ ပျော်ဘို့ ကောင်းလိုက်ထာဘုရား။အခုအချိန်မှာတောင် အရင်တုန်းကလိုဘဲ နေကလေးက သာသာယာယာဆိုတော့ ငယ်မူပြန်ပြီး စိတ်ရှူးပေါက်မိပါတယ်။ အဲဒီတော့ တောတန်းရောက်





တယ်ဆိုယင်ဘဲ ကိုယ့်စိတ်ကို ကိုယ် ထိန်းလို့တောင် မရတော့ပါဘူး။

“ကောက်ပင် ကလေးတွေကလဲ စိမ်းစိမ်း လန်းလန်းနဲ့ ချိုးကလေးတွေက ကူလို့၊ ဇရက်ကလေးတွေက ညံလို့၊ ကြက်တူရွေးကလေးတွေက ပျံလို့၊ မြေသင်းနံ့ကလေးကလဲ တပျံ့ပျံ့နဲ့၊ လယ်ကဇွန်းတွေကလဲ ပွင့်ပြီး မာလာတွေကလဲ ဖူးလို့။ အဲသလိုဆိုတော့ ကျွန်မရင်ထဲ ဘယ်လိုဖြစ်လာသလဲ မဆိုနိုင်ဘူး။ တကတဲ ပင်ကျရေကလေးကို မသောက်စဖူး သောက်လိုက်ရသလိုပါဘဲ မှိုဝန်မင်းရယ်။

“အဲဒီနေ့က ရာသီဥတုကလဲ သာယောင့်သာယာနဲ့မို့၊ နေကလေးက လင်းပြီး တော်တော့်ကို နွေးလှပါတယ်။ သာယာတဲ့ မြက်ခင်းကလေးဟာ မျက်စိ ပသာဒထဲက စိမ့်ဝင်ပြီး မနောဟဒယကို ထိခိုက်ထာကလား။ ရှူလိုက်သမျှ လေထဲမှာလဲ အဲဒီ သာယာတဲ့ ဓာတ်သဘာဝတွေ ပါလာပြီးတော့ နှလုံးသားထဲ ပျံ့နှံ့သွားတယ်ဆိုပါတော့။ အဲဒါနဲ့ဘဲ ကျွန်တော်မ သူငယ်ချင်းနဲ့ သူ့ရည်းစားဟာ တအောင့်လောက်ကြာ တခါဆိုသလိုဘဲ။ မပြောပါရစေနဲ့တော့ တကထဲ ပွေ့လိုက်၊ ဖက်လိုက်၊ နမ်းလိုက်၊ ရှုံ့လိုက်နဲ့။ ဘုရားကျွန်မကလဲ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတာပေါ့လေ။

“အဲဒီအခါမှာ ကိုဖိုးရင်နဲ့ ကျွန်မက သူတို့နောက်က လိုက်ကြရတာကိုး။ ကျွန်မတို့ တဦးနဲ့ တဦးတော့ စကားမပြောကြပါဘူး။ ပြော် တယောက်နဲ့ တယောက် မသိသေးတော့ ဘာစကားစပြီး ဘယ်လိုပြောရမလဲ ဘုရာ့။ သူ့မလဲလေ နေမထိ ထိုင်မထိ

ဖြစ်နေတာကိုဘဲ ကျွန်မက ကြည့်ချင်တယ်။ ဒါနဲ့ဘဲ နောက်တော့ အဲဒီ တောတန်းကလေး ရောက်ကြပါရော့။ ဒီနေရာရောက်တော့ လေချိုကလေးက အေးအေးရှိတာနဲ့ ကျွန်မတို့ လေးယောက်သား ထိုင်နေကြပါတယ်။

"ကျွန်မ သူငယ်ချင်းနဲ့ သူ့ရည်းစားကတော့ ကျွန်မ မျက်နှာ ထား သုံ့မှုန်နေတာ ကြည့်ပြီး ပြောင်ကြတာပေါ့။ နို့ပေမယ့် မြို့ဝန်မင်းသိတဲ့အတိုင်းဘဲလေ။ ကျွန်တော်မမှာ ဘယ်မျက်နှာ ထားတတ်ပါ့မတုံး။ အဲ ပြီးတော့ သူတို့နှစ်ဦး တယောက်နဲ့ တယောက် ဖက်ပြီး နမ်းပြန်ပါရော့ ဘုရား။ တကတဲ့ ကျွန်မတို့ ဆိုတာ လောကကြီးထဲမှာ မရှိသလိုပေါ့လေ။ သူတို့နှစ်ယောက် ဖြစ်ချင်တိုင်း ဖြစ်နေကြလိုက်တာ။ နောက် တယောက်ကို တယောက် တိုးတိုး တိုးတိုးနဲ့ နားနားကပ်ပြီး ဘာပြောလိုက် တယ်မသိပါဘူး။ ဘာမပြော ညာမပြောနဲ့ ငေါက်ကနဲထပြီး တောစပ်ထဲ ဝင်သွားကြပါရော့။

"ကျွန်တော်မမှာ ဘုရား့ အရင်တုန်းက တခါမျှ မမြင်ဘူးတဲ့ လူပျို လူရွယ်ကလေးနဲ့ နှစ်ယောက်ထဲ ကျန်ရစ်ခဲ့တယ်ဆိုတော့ စိတ် ထဲမယ် ဘယ်လိုဖြစ်နေမယ်ဆိုတာ ကိုယ်တော်လဲ စဉ်းစားကြည့် ပါတော့ ကိုယ်တော်။သူတို့နှစ်ယောက် တောစပ်ထဲ ဝင်သွားတာ မြင်ရတော့လူ့ကိုနားထူပါးထူနဲ့ဘာဘဲဖြစ်ဖြစ်ပဲ့ဆိုပြီးကျွန်တော် မက ကိုဖိုးရင်ကို စကားစတော့ တာပါဘဲ။ ဒါနဲ့ ကျွန်တော်မက သူ့ အလုပ်အကိုင်ကို မေးစမ်းကြည့်တော့ စောစောကပြောသလို သူဟာ အထည်ဆိုင်မှာ အငှားလုပ်နေတယ်လို့ဆိုတော့နှစ်ယောက် သား တအောင့်လောက် စကားပြောကြတာပေါ့လေ။ အဲဒါနဲ့





ကိုယ်တော်ချောက လက်ရဲ ဇက်ရဲ ဖြစ်လာပြီး ကျွန်တော်မကို တို့ကနမ်း ဆိပ်ကနန်း လုပ်ချင်တယ် ထင်ပါရဲ့။ ဒါပေမယ့် ကျွန် တော်မက 'ဟင်း ရှင်ကြီးက ဘာမှတ်သလဲ' လို့ ကိုယ့်နေရာနဲ့ ကိုယ် နေဘို့ ပြောတော့မှ ငြိမ်သွားတာကိုး ဘုရား့။ မဟုတ်ဘူးလား တော့ ကိုဖိုးရင်ရဲ့"

ဦးဖိုးရင်မှာစိတ်ရှုပ်ရှုပ်နှင့် သူ့ခြေထောက်ကိုသာ သူငုံ့ကြည့် နေပါသည်။ စကားပြန်မပေးပါ။ ဒေါ်ကျဲကြီးလည်း ဆက်၍ "ဒီတော့မှ သူက ကျွန်မကို အိမ်ခြေရှင်ကလေးဘဲ ဆိုတာ သိလာ တာကိုး။ ဒါနဲ့သူက ကျွန်မကို ကောင်းကောင်း မွန်မွန်ဘဲ။ မိကောင်းဖခင်သားပြီပြီ ချစ်စကား ကြိုက်စကား ပြောပါတယ်။ အဲဒီနေ့ကစပြီး သူလဲ တနင်္ဂနွေနေ့တိုင်း ပေါက်ပေါက် လာတယ်။ ကျွန်တော်မကို အသေအလဲ စွဲသွားမင့်ကိုး ဘုရား။ ကျွန်တော်မက လဲလေ၊ သူ့ကိုပြန်ပြီး ချစ်နေလိုက်ထာ မပြောပါနဲ့တော့။ အရင် ကဆိုယင် ကိုဖိုးရင်ဟာ လူချောကလေးပါ မြို့ဝန်မင်းရယ်။ အဲဒါ နဲ့ တိုတိုပြောကြပါစို့။ တော်သလင်းလထဲမှာဘဲ ကျွန်မတို့ ညား ကြတာပါဘဲ။ ဒါနဲ့ဘဲ မြို့ထဲမှာ ကိုယ့်အထည်ဆိုင်ကိုယ်ဖွင့်ကြပါ တယ်။

"မြို့ဝန်မင်းရယ် ဆိုင်ဖွင့်စကဆိုယင် ကျွန်တော်မတို့မှာ အ တော်ဘဲ ပင်ပင်ပန်းပန်း ကြိုးစားရပါတယ်။ အလုပ်အကိုင်ကလဲ နေရာမကျ၊ ဘယ်ကိုမှလဲ အလည်အပတ်မသွားနိုင်။ ဒါနဲ့ အဲဒီ တောဘက်ဆီကို အရောက်အပေါက် နည်းသွားပါရော။ ခြောင် အလုပ်နဲ့ အကိုင်နဲ့ဆိုတော့ကာ၊ လုပ်ချင် ကိုင်ချင်တာတွေခေါင်း ထဲစိတ်ကူးရောက်လာပြီဆိုမှဖြင့် လင်ရယ်မယားရယ်လို့ တီတီ တာ

တာ ခရာနေဘိုထက် ပိုက်ဆံသေတ္တာကလေးကို ဂရုစိုက်ဖို့က အရေးကြီးနေမှကိုး မြို့ဝန်မင်းရဲ့။

"အချိန်ဆိုတာ တရွေ့ရွေ့နဲ့မို့ ချစ်ရေးကြိုက်ရေး မတွေးအားတဲ့လူများလို တဖြည်းဖြည်းဇရာထောင်းတောင် ထောင်းမှန်း မသိကြဘူး။ နို့ပေမယ့် အရွယ်ကောင်းတုန်း အချိန်တွေ ဆုံးရှုံးတာကို ဂရုမပြုသရွေ့မှာတော့ ဆုံးရှုံးတာကိုဘဲ ဝမ်းနည်းပြီး တ သ မနေနိုင်တော့ပါဘူး။

"နောက်တော့လဲ မြို့ဝန်မင်းနှယ် အလုပ်အကိုင် အပေါက်အလမ်းတဲ့လာလေတော့ နောင်ရေးအတွက် စိတ်ချလာကရောဆိုပါတော့။ ဒီလိုဆိုယင်ဘဲ ကျွန်မစိတ်ထဲ ဘယ်လိုဖြစ်နေသလဲမသိပါဘူး ကိုယ်တော်။ အဟုတ်ကို ဘာဖြစ်နေတယ်ဆိုတာ မပြောတတ်တော့ပါဘူး။ ငယ်ငယ်တုန်းက ကျောင်းတက်တဲ့ အရွယ်မှာ စိတ်ကူးနဲ့ရှုးမိသလို ရှုးချင်တော့တာဘဲ။ မြို့ထဲလည်ပြီးရောင်းတဲ့ ပန်းလှည်းကလေးတွေ မြင်လိုက်ပလားဆိုယင် စိတ်ထဲမှာ ငိုချင်သလိုလို ကျွန်မဟာကျွန်မ ပိုက်ဆံသေတ္တာကလေးကို ကိုင်ပြီး ကုလားထိုင်ပေါ်ပက်လက်လှန်နေတုန်း သင်းပျံ့တဲ့ စပယ်နံ့က လေး နှာခေါင်းဝလာဝှေ့တယ်ဆိုယင်ဘဲ ရင်ထဲက လှုပ်လှုပ် လှုပ်လှုပ်နဲ့။ ဒါနဲ့ဘဲ အိမ်ရှေ့ဖိနပ်ချွတ်ကိုဆင်းတဲ့ပြီး တစက်မြိတ် အောက်ကနေပြီးတော့ ကောင်းကင်ပြင်ကြီးကို လှမ်းကြည့်မိပါတယ်။

"လမ်းကြို လမ်းကြားကနေပြီး ကောင်းကင်ကို မော်ကြည့်လိုက်ယင် ဘာနဲ့တူသလဲဆိုတော့ မြို့ထိပ်ပေါ်မှာ မြစ်ရေပြာလဲ့လဲ့ကြီး ကွေ့ကောက် စီးဆင်းနေတုန်း ပျံလွှားကလေးတွေ ပျံနေ





လိုက်ထာဟာ တကထဲမြစ်ထဲမှာ ငါးကလေးတွေကူးနေတဲ့အတိုင်းဘဲ။ အဲသလိုစိတ်ထဲမှာ အောက်မေ့ မိတယ်။ ဩော် ဒီအသက် ဒီအရွယ်နဲ့ဆိုတော့ ဒီလိုစိတ်ကူးနဲ့ရှုးရတာဟာ မတော်ပါဘူးလေ။ ဒါပေမယ့် မြို့ဝန်မင်းရယ် တသက်လုံးပင်ပင်ပန်းပန်းနဲ့ အလုပ်လုပ်လာရာက ယခုနဲနဲနားနိုင်ပြီဆိုတော့ စိတ်ကူးနဲ့ရှုးမိတာကို ဘယ်မှာ တတ်နိုင်ပမလဲ။

"အလုပ်ကိုချည်း တကုပ်ကုပ်လုပ်နေရာက ဒီပြင်ပျော်စရာပါး စရာ အချိန်ကလေးတွေ ရှိပါသေးကလားဆိုတာ တွေးမိပြန်တော့ ကုန်ခဲ့တဲ့ရက်တွေ နှမြောမိတာပေါ့။ ဟုတ်တယ်လေ၊ တော် တော်နှမြောဘို့ကောင်းတယ်။ စဉ်းစားကြည့်တော့လေ။ အိမ်ထောင်ကျတဲ့ အနှစ် နှစ်ဆယ်အတွင်းမှာ သူများ တ.ကာတွေလို တောလယ်ထွက်ပြီး လယ်မယားနှစ်ယောက် ချစ်စမြုံ့ ပြန်ရယင် ဖြင့် ကိုယ်ချစ်တဲ့သူကလေးနဲ့ အတူတူ သစ်တပင်အောက် ဝါး တပင်အောက်မှာ ရွှေလည်တဲ့ပြီး ချစ်ပွဲဝင်ရယင်ဖြင့် အဲသလို နေ့ ရှိသမျှ ညရှိသမျှ ကျွန်တော်မ တွေးမိပါတယ်။ ရေပြင်ပေါ်မှာ လရောင်ကလေး ဟပ်နေပုံကို အိပ်မက်ထဲမှာ မြင်မိတဲ့အခါ အဲဒီ ရေပြင်ထဲဆင်းပြီး နှစ်လိုက်ချင်တော့တာဘဲ။

"ပထမတော့ ကျွန်တော်မလဲ ကိုဖိုးရင်ကို ဒီစိတ်ကူးပြော မပြ ဝံ့ဘူး။ သူ့ပြောယင် သူက သရော်အုံးမှာကိုး။ အပ်တို့ အပ် ချည်တို့ရောင်းမဲ့ဟာကိုသာ ရောင်းစမ်းပါကွာလို့လဲပြောပစ်လိုက် မှာဘဲ။ ကျွန်မက သိပြီးသားပါ။ မှန်တာပြောရမှာဖြင့် ကိုဖိုးရင် ဟာလဲ ကျွန်မကိုတယ်ပြီးတော့ စကားပြောအားတယ် မရှိပါ

ဘူး။ ကျွန်မကိုယ်ကို ကျွန်မ မှန်ထဲကြည့်မိပြန်တော့လဲ ငယ်ငယ်ကလို မျက်လုံးမရှိတော့ဘူးဆိုတာ သိလာပါတယ်။

"ဒါနဲ့ ကျွန်တော်မလဲ သူနဲ့ကျွန်မ ပထမ စတွေ့တဲ့တောဘက်ဆီကိုသွားလယ်ရအောင် သူ့ကိုပြောဘိုရာ သန္နိဋ္ဌာန် ချလိုက်ပါတယ်။ သူကလဲ ဘာမျှမရိပ်မိရှာဘဲ သဘောတူလိုက်ထာနဲ့ နှစ်ယောက်သား ထွက်လာခဲ့တာ ဒီကနေ့မနက် ကိုးနာရီလောက်မှာ တောစပ်ကို ရောက်ခဲ့ပါတယ်။

"စပါးပင်တွေကြားထဲရောက်သွားတဲ့အခါကျွန်တော်မတော့ တခါထဲ ငယ်မူပြန်သွားတာဘဲ ဘုရား။ ဩော် မိန်းမတို့ရဲ့ချစ်စိတ်ဆိုတာ ဘယ်တော့မှ အိုတယ်မရှိဘူး မြို့ဝန်မင်းရဲ့။ ပြီးတော့လဲ ဘုရားပေးပေး ကျိမ်းပေးပေး ကျွန်တော်မ ယောကျ်ားဟာ ကျွန်တော်မ မျက်စိထဲမှာ ယခုလိုသက်ကြားအိုမဟုတ်ဘဲ ငယ်ရုပ်ပေါ်နေတယ်လို့ ထင်မိတယ်။

"ငယ်မူပြန်တဲ့စိတ်ကလဲ အရူးအမူးဖြစ်နေတော့ ကျွန်တော်မက သူ့ကိုဖက်နမ်းလိုက်ပါတယ်။ ကိုရွှေချောက တကတဲ သူ့ကိုကိုက်စားလိုက်တယ်လို့များ ထင်သလား မဆိုနိုင်ဘူး။ မျက်လုံးတွေ ဘာတွေပြူးသွားတာပေါ့။ 'မင်း ဒီမနက် ရူးများ လာသလားကွယ်'တဲ့။ 'ဘယ်လိုများ ဖြစ်ထာတုန်း'တဲ့။ ကျွန်မကသူ့စကားကို ဂရုမစိုက်ပါဘူး။ ကိုယ့်စိတ် အလိုကိုသာ လိုက်နေမိတာပါဘဲ။ ဒါနဲ့ သူ့ကို တောစပ်ထဲ မဝင် ဝင်အောင် သွေးဆောင်ပါတယ်။ ကျွန်တော်မတို့အကြောင်းကတော့ ဒါပါဘဲ။ ဖြစ်သမျှအကြောင်း အမှန်ချည်းဘဲ ဖွင့်ချလိုက်ပါတယ် မြို့ဝန်မင်းဘုရား"





မြို့ဝန်မင်းသည် လူ့သဘောကို သိသူတဦးဖြစ်ပါသည်။ သူသည် ထိုင်ရာမှထ၍ ပြုံးလိုက်ပြီးသော် "ကဲ ကဲ မယ်မင်းကြီးမ အေးအေးဘဲကြပါတော့ နောက်နောင်ကိုသာ သစ်ပင်အောက်ဆိုယင် ရှောင်တော်မူပါ ခင်ဗျာ"ဟု ပြောလေသတည်း။

# မယားရောင်းမှု

တစ်တရားခံ ဖြူမောင်နှင့် နှစ်တရားခံ ကွန်နု တို့သည် တစ်တရားခံ၏ တရားဝင်မယား ဂျမ်းဘုံကို ရေတွင် နှစ်သတ်ရန် ကြံစည်အားထုတ်သည် ဟူသော စွဲချက်ဖြင့် မြန်အောင်မြို့ အထူးအာဏာရ တစ်ရာဘက် တရားသူကြီး၏ ရုံးတော်သို့ ရောက်ရှိလာကြလေသည်။

တရားခံ နှစ်ဦးသည် တရားခံထားရာ ဝက်ခြံထဲတွင် ယှဉ်၍ထိုင်နေကြသည်။ နှစ်ဦးစလုံးမှာ တောသားများဖြစ်ကြ၏။ တစ်တရားခံ ဖြူမောင်မှာ ပုပျပ်ပျပ်၊ ခပ်ဖိုင့်ဖိုင့်၊ လက်တံခြေတံတို့သည် ဝက်ခြံသက်သက်နှင့် မျက်နှာဝိုင်းသည်။ ထိုမျက်နှာဝိုင်းကြီးမှာ ပုပျပ် ဖိုင့်အိသော ခန္ဓာကိုယ်ပေါ်တွင် တည့်တည့်မတ်မတ် တင်ထားဘိသို့ရှိရာ လည်ဂုပ်မှာ ပုဝင်နေသည်။ သူသည် ဟင်္သာတ

ပုဂံစာအုပ်တိုက်

ခရိုင် မြန်အောင်မြို့နယ် ကပ်ခိုကျေးရွာ၌ နေထိုင်၍ ဝက်မွေးသည်။

ကွန်နူဆိုသူမှာ ပိန်ပိန်ပါးပါးနှင့် အရပ်အမောင်း အလယ်အလတ်ဖြစ်သည်။ ခြေတံလက်တံရှည်သည်။ ခေါင်းစောင်းစောင်း ပါးရှဲ့ရှဲ့နှင့် မျက်စိစွေသည်။ ပြာနှမ်းနှမ်း ရှပ်အင်္ကျီကို ပုဆိုးအပြင်ဘက်တွင် ဒူးအထိအရှည်ချ၍ ဝတ်တတ်သည်။ ပြောင်းဖူးမွေးကဲ့သို့သော ကြိုးတိကျတ် ဆံပင်မှာ သူ၏ ဦးခေါင်းပေါ်တွင် ကပ်၍နေလေရာ ညစ်ပတ်ပေရေသော မျက်နှာနှင့် ဟပ်လိုက်သော် အတော်ရှုံစရာကောင်းသော အသွင်ကို ဖန်တီး၍ နေလေသည်။ သူ့ကို အများကဖိုးသူတော်ဟုခေါ်ကြသည်။ အကြောင်းမှာမူ ဖိုးသူတော်ဆန်ခံထွက်သည့် ဆုတောင်းစာများကို ညည်းတတ်သောကြောင့် ဖြစ်၏။ သူသည် ထန်းရေဆိုင်တဆိုင်ကို ဖွင့်ထားလေရာ ကား သူ့ဆိုင်သည် သူ၏ ဆုတောင်းစာ၊ တရားစာများကြောင့် အတော်လူစည်ကား ပေသည်။ ရပ်ရွာထဲမှ လူများသည် ဘုန်းကြီးကျောင်းမှ ဝတ်တက်သံထက် ကွန်နူ၏ ဖိုးသူတော် ဆုတောင်းသံတို့ကို နားဝင်ချိုသည်ဟု အယူရှိကြသည်။

တရားလို မဂျမ်းဘုံသည် သက်သေတန်းလျားတွင် ထိုင်၍ နေသည်။ ၎င်းမှာ အရိုးပေါ် အရေတင်မျှသာဖြစ်၍ သူ၏ မျက်လုံးများမှာ အိပ်ချင်မူးတူး ရှိသကဲ့သို့ စင်း၍နေသည်။ ဒူးပေါ်လက်တင်ကာ မလှုပ်မယှက်နှင့် မိမိရှေ့ရှိ အခြင်းအရာတို့ကို မတုန်မလှုပ်သည့် မျက်နှာထားဖြင့် ငိုင်ကြည့်ရင်း ထိုင်နေသည်။

တရားသူကြီးကား တရားလိုကို ဤသို့ မေးခွန်းထုတ်၏။





“ကိုင်း၊ တရားလို မဂျမ်းဘုံ။ မယ်မင်း ပြောသလိုဆိုယင် မယ်မင်းအိမ်ကို သူတို့နှစ်ယောက်လာပြီးတော့ ရေထဲနှစ်တယ်လို့ အဆိုရှိတယ်။ နောက်ပြီး ဘာဖြစ်တယ်ဆိုတာ ရုံးတော်ကို ပြောပြစမ်း။ ကဲ မတ်တတ်ရပ်လိုက်”

မဂျမ်းဘုံလည်း မတ်တတ်ရပ်လိုက်သည်။ တဘက်တထည်ကို သူ၏ ခေါင်းပေါ်၌ ပတ်ထားလေရာ ချောတိုင်ကြီးကို ထူထားဘိသကဲ့သို့ ရှိလေသည်။ သူသည် အမှုအကြောင်းကို အာလေးလေးဖြင့် အစစ်ခံသည်။

“သူတို့ အိမ်လာတော့ ဖယားကျင်မ ကြက်သွန်နွာနေတယ် ဖယ။ ကျနော်မကာ သင်းတို့ကို ကြည့်ရတာ ဟန်ပုံမပေါက်ပါဘူး၊ ထူးခြားလှပါတယ်၊ ဘာများဖြစ်လာပါလိမ့်မလဲလို့ အောက်မေ့လိုက်တယ်။ ဟိုကွန်နူဆိုတဲ့ ငစေ့က အကဲဆုံးဘဲ။ တကတဲ ဖယ ကျင်မကို မျက်စိစောင်းစောင်းပြီး စားမတတ် ဝါးမတတ် ကြည့်သဘုရား။ သင်းတို့နှစ်ယောက် ပေါင်းမိယင် လောင်းကျော်ဘာပါဘဲ။ ဒါကြောင့် နှစ်ယောက်တွဲလာတာကိုဘဲ ဖယကျင်မ စိတ်မချဘူး။ ဒါနဲ့ သူတို့ကို ‘ဟဲ့ နင်တို့ ဘာလိုချင်ကြလို့လဲ’ လို့ မေးပါတယ်။ သူတို့ ဘာမှ ပြန်မပြောဘူး။ ဒါနဲ့ ကျနော်မလဲ မနေတတ် မထိုင်တတ် ဖြစ်လာပါကရော”

ထိုအခါ တရားခံ ဖြူမောင်က ဂျမ်းဘုံထွက်ဆိုသည့်စကားကို ဖြတ်၍ တောလိုက်သည်။

“ငါက နဲနဲထွေနေလို့ပါဟယ်”

ထိုအခါ ကွန်နူကလည်း သူနှင့်ကြံရာပါ တရားခံ ဖြူမောင့်ဘက်သို့လှည့်၍ အော်လံရှည်သော နှဲကြီးကို မှုတ်သည့်အခါ

ထွက်လာသော အသံမျိုးဖြင့် "ဒို့နှစ်ယောက်စလုံးထွေနေတယ်လို့ သက်သေထွက်လဲ မမှားပါဘူးဟယ်" ဟု ဆိုလေ၏။

ထိုအခါ တရားသူကြီးက "မင်းတို့ မူးလာတယ်ပြောချင်တာလား" ဟု မေး၏။

ဖြူမောင်။ ။"သည်အတိုင်းပါဘဲ ဖယ"

ကွန်နု။ ။"သာမျိုးကတော့ ဘယ်သူမဆို ဒီအတိုင်းသာပ"

တရားသူကြီးကမူ တရားလိုမအား "ဂျမ်းဘုံ မယ်မင်းပြောစရာရှိတာ ဆက်ပြောစမ်း" ဟု အမိန့်ချ၏။

"မှန်ပါ။ ကျနော်မကို ဖြူမောင်က "ဟဲ့ ဂျမ်းဘုံ။ နင်အလကားနေရင်း ငွေငါးကျပ်လောက် မလိုချင်ဘူးလား' တဲ့။ ဒီတော့ ဖယာ့ ကျင်မက 'တကယ်လား' လို့ မေးသာပ။ 'တနေ့လုံး ကုန်းလုပ်မှ တကျပ်မစီတဲ့ ဥစ္စာ၊ ငွေငါးကျပ်ဆိုသာ ဘာပြောကောင်းမလဲ၊ လိုချင်တာပ ကိုဖြူမောင်ရယ်' လို့ ပြန်ပြောတော့ သူက 'သဟာဖြင့် ငါပြောသလို ဖျပ်ဖျပ်လတ်လတ် လုပ်စမ်းဟာ' လို့ ဆိုပြီး ခြံဒေါင့်မှာထားတဲ့ အဖုံးမရှိတဲ့သံစည်ပိုင်းကြီးကို သယ်လာသယ်ဖယာ့။ အဲဒီစည်ပိုင်းထဲက ရေတွေသွန်ပီး မီးဖိုးချောင်ကို ယူသွားတယ်။ ပီးတော့ ကြမ်းပေါ်ချပီး နင် ဒီစည်ပိုင်းထဲကို ရေပြည့်အောင်ခပ်ထဲ့စမ်းတဲ့။

"သာနဲ့ဘဲ ကျနော်မက ရေကန်ထဲဆင်းပီးတခေါက်ကို ရေနှစ်ပုံးကျဆွဲရပါတယ်။အမလေး တကထဲ ဆွဲလိုက်ရတဲ့ရေ၊ ထမင်းအိုးနှစ်လုံးသုံးလုံးချက်လောက် ကြာသာပါဘဲ။ ကိုယ်တော့်နှယ် စည်ပိုင်းက နဲနဲနောနော စည်ပိုင်းမဟုတ်ဖူး ဖယာ့။





"အဲသလိုဖယာ့ကျင်မက ရေဆွဲနေတုန်းကိုဖြူမောင်နဲ့ကို ကွန်နုဆိုသာ ထန်းရေကို တမူ့ပီး တမူ့ တယောက် သောက်ပီးယင်း တယောက် ကုန်အောင်စုပ်နေကြတာဘဲ။ သာနဲ့ ယဖကျင်မက ပြောပါသေးတယ်။ တော်တို့ နှစ်ယောက်ထဲတော်၊ ဟောဒီ စည်ပိုင်း ရေပြည့်သလို တော်တို့မှာလဲ ဗိုက်ပြည့်လှပါဘီ။ တော်ကြပါတော့လို့၊ အဲသာကို ဖယာ့ကျင်မယောကျ်ားက 'ကိုယ့်အလုပ်ကိုယ်လုပ်စမ်းလကွာ' တဲ့။ 'စောက်စကား မများစမ်းပါနဲ့' တဲ့။ 'နင့်အလှည့်ကျလို့ ဗိုက်ဆံရယင် ယူထားလိုက်ပြီးရောမဟုတ်လား' တဲ့။ ကျနော်မကလဲ ပိုက်ဆံက ကျပ်တော့ သူပြောသမျှ ဘာမျှပြန်မပြောဝံ့ပါဘူး ကိုယ်တော်၊ ငုံ့ခံနေရပါသယ်။

"သာနဲ့ဘဲ စည်ပိုင်းကြီးမှာ ရေပြည့်လာတော့ 'ကဲ ဟောသည်မှာ ပြည့်ဘီ' လို့ ပြောလိုက်ကရော။

"ဒီတော့ ကွန်နုက ဖယာ့ကျင်မလက်ထဲ ငွေငါးကျပ်လာပေးသယ်။ ကိုဖြူမောင်က ပေးသာမဟုတ်ဖူး ဖယာ့။ ပီးတော့ ကိုဖြူမောင်က 'နင်နောက်ထပ် ငါးကျပ် မလိုချင်ဘူးလား' တဲ့။ ကျနော်မကလဲ ဒီလိုပိုက်ဆံရပေါက်မျိုးဆိုသာ တသက်မှာ တခါကြုံသာနဲ့ 'လိုချင်သာပ' လို့ ပြောသာကိုး။ ဒီတော့ သူက 'ဒါဖြင့် အင်္ကျီချွတ်လိုက်' တဲ့။

"'အင်္ကျီ ချွတ်ရမယ်လား'

"ဒီတော့ သူက 'အေး' တဲ့။

"'အို တော်ကလဲ ဘယ်အထိ ချွတ်ရမှာလဲ' သာလို ကျင်မက မေးတယ်။

"ဒီတော့ သူက 'ထမိန်ရင်ရှားထားလဟယ်' တဲ့။

"ငွေငါးကျပ်ဆိုတဲ့ မျက်နှာဟာ မငယ်ပါဘူး ဖယာ့။ ဒါနဲ့ ထမိန်ရင်ရှားနဲ့ပေါ့လေ၊ သူတို့နှစ်ယောက်နဲ့ နေရတာပေါ့။

"အဲဒီတော့ ကွန်နုဆိုတဲ့ ဟိုအကောင်က 'ဒို့က သာလေဘက် ဂျီးမများတတ်ပါဘူးဟယ်။ နင့်ကို ညှာပါသယ်ဟဲ့' တဲ့။

"သာနဲ့ ဖယာ့ကျင်မလဲ အဲသလိုရင်ရှားကြီးနဲ့နေတုန်း သူတို့နှစ်ယောက်ထလာပီး၊ အဲလေ၊ တကယ်တော့ သင်းတို့ မထနိုင်ပါဘူး။ သကထဲမှာဘဲ မှူးနေလိုက်တာ တာစူလို့ကို မရဘူး။

"သာနဲ့ ကျနော်မက 'တော်တို့ ဘာလုပ်မှာတုံး' လို့။

"သည်တော့ ကိုဖြူမောင်က ကွန်နုကို 'ကျေနပ်ပလား' တဲ့။

"ကွန်နုက 'ကျေနပ်ပီ' တဲ့။

"ပီးတော့ ဘာမပြောညာမပြောနဲ့ ကိုဖြူမောင်က ဖယာ့ကျင်မ ခေါင်းကိုကိုင်၊ ကွန်နုက ခြေကိုကိုင်ပီး တကာထဲ လူကို အတင်းဆွဲထူတော့ ဖယာ့ကျင်မလဲ တိုးလို့တန်းလန်းနဲ့ အော်သာပဖယာ့။

"အော်တော့ကာ ကိုဖြူမောင်က 'စောက်ကောင်မ မအော်နဲ့' တဲ့။

"ပီးတော့ သူတို့ဖယာ့ကျင်မကို အတင်းမြှောက်ပီး ဆွဲနှစ်ပါတယ်။ စည်ပိုင်းထဲကို။

"ပီးတော့ ကိုဖြူမောင်က 'တော်ပလား' တဲ့။

"ကွန်နုက 'အေး တော်ပီ' တဲ့။

"နို့ ပီး ဖြူမောင်က တခါ 'သူ့ ခေါင်း မမြုပ်သေးဘူးကွ။ ခေါင်းမမြုပ်ယင် ငါဘက်က နာတို့ ရှိသာပ' တဲ့။

"ကွန်နုက 'အနှာဖြင့် ခေါင်းကိုနှစ်လကွာ' တဲ့။





"သာနဲ့ ကိုဖြူမောင်က ဖယာ့ကျင်မ ခေါင်းကို ကိုင်ပြီး ရေထဲ လိုက်ထာ ကျနော်မ နှာခေါင်းထဲ ရေဝင်ပြီး မှန်းသွားသာပ ။ သကထဲကို အဝီစိ ဇေက်ထိုးဆင်းကရော့လို့အောက်မေ့ ဖယာ့။ သာနဲ့တောင်မှ ရေထဲနှစ်တဲ့လူက မလွှတ်ဘဲ အ င်းဆွဲလို့ချည်းသာ နှစ်နေတော့ ဖယာ့ကျင်မ နစ်သွားသာပ ယ်တော်ဖယာ့။

"နောက်တော့ ကိုဖြူမောင် လန့်သွားသယ် ထင်ပ။ ဖယာ့ င်မကို ဆွဲထူပီး 'ဟဲ့ ငဖောင်ရိုးမ၊ နင့်ကိုယ် နင် ခြောက်အောင် ပ်ပေတော့' တဲ့။

"သာနဲ့ ဖယာ့ကျင်မလဲ ဘုန်းကြီးကျောင်းပြေးပီး ဘုန်း ယာ့ကို လျှောက်ထားရပါသယ်။ ကျနော်မမှာ အဝတ်လဲစရာ လို့ ဘုန်းဖယားက ပေးလိုက်တဲ့ ကလကာ စုတ်ကြီး ကိုယ်မှာ ပီး အိမ်ပြန်ခဲ့တယ်။ သည်အခါမယ် ဘုန်းဖယားလဲ ဆယ်အိမ် ါင်း ကိုချစ်ကို ခေါ်ပြီး ဖယားကျင်မနဲ့ ထဲ့လိုက်တော့ ဖယား င်မလဲ ရွာခေါင်းကြီးနဲ့အတူ အိမ်ပြန်ရောက်တော့တာဘဲ။

"အိမ်ပြန်ရောက်တော့ လားလား ကိုဖြူမောင်နဲ့ ကိုကွန်နု ယောက်သား ထွေးလုံးရစ်ပတ်နဲ့ သတ်နေကြသ ဖယာ့။

"ကိုဖြူမောင်က 'ဟော့ မင်းပြောသဟာ ဟုတ်သေးပါဘူး။ ည်ပိုင်းဟာ ရွှေဒင်္ဂါး ရေနံဆီပုံး ခြောက်ပုံးကျော်ကျော် ရဝင် ယ်။ ဒို့တိုင်းကြည့်တာ မှားသလား မဆိုနိုင်ဘူး' လို့ ပြောနေ ကြားရပါသယ်။

"ကွန်နုကလဲ ခံအော်သာဘဲ။ 'မင့်စည်ပိုင်းဟာ ရေနံဆီ သုံး းလောက်သာ ဝင်မှာပါလကွာ။ ငါသိပါတယ်။ နင့်ကောင်မ

ရေဆွဲပုံးနဲ့ ခြောက်ထမ်းထဲ ဆွဲသဟာ ငါတွေ့ရသဟေ့’ လို့ အော်ပါသယ်။

“သာနဲ့ဘဲ ဆယ်အိမ်ခေါင်းက ဖမ်း၊ ပုလိပ်လက်အပ်၊ ဂတ်ထဲရောက်ထာပါဘဲ ဖယာ့။ ဖယာ့ ကျင်မ သာဘဲ ပြောတတ်သယ်”

အမှုကို လာရောက်နားထောင်သူတို့ ရယ်မောသံအကြားတွင် တရားလိုမယားသည် အမှုထွက်ဆိုပြီးသည်နှင့် တပြိုင်နက် ထိုင်လိုက်လေသည်။ ဂျူရီလူကြီးတို့မှာ အံ့သြသော အမှုအရာဖြင့် တယောက်မျက်နှာ တယောက် ကြည့်နေကြသည်။ တရားသူကြီးကား အမှုကို ဆက်လက် စစ်ဆေးရန် ကွန်နုကို ခေါ်လေ၏။

“တရားခံ ကွန်နု။ မောင်မင်းကတော့ ရှက်စရာကောင်းတဲ့ ဟောဒီ အမှုရဲ့ စနက်ပဲ။ မောင်မင်း ဘာပြောလိုသလဲ”

ကွန်နုသည် သူ့အလှည့်ရောက်၍ စခန်းထလေသည်။

“ကျနော်မျိုး ထရေသောက်ပီး ဒေါင် စိုင်း နေမိပါသဖယား”

တရားသူကြီးက “ဒါငါသိပြီးပါပကွာ။ အမှုအကြောင်းသာပြောစမ်းပါ” ဟု ငေါက်လေ၏။

“ကျနော်မျိုး ပြောပါမယ် ဖယာ့။ တနေ့ နေထန်းတဖျားလောက်မှာ ကျနော်မျိုးအိမ် ဖြူမောင်လာပြီး ချက်အရက် နှစ်ပုလင်းမှာတယ်။ ပီးတော့ သူက ‘တပုလင်းက မင့်ဘို့ပါကွာ’ တဲ့။ ဒါနဲ့ ကျနော်မျိုးလဲ ပုလင်းတွေကို ထုတ်ယူလာပီး သူ့ပေးပီးတော့ သူနဲ့ မျက်နှာချင်းဆိုင် ထိုင်ပါတယ်။ တပုလင်းကုန်သွားတော့ ဖယာ့ကျနော်ဘို့ တပုလင်းကိုပါ သူ့ကို တိုက်ပါတယ်။





သူကလဲ ကျနော်မျိုးကို ပြန်တိုက်ပါတယ်။ သူက တိုက်လိုက်၊ ကိုယ်က တိုက်လိုက်နဲ့ နေမွန်းတည့်တော့ တာစူလို့ မရတော့ပါဘူး။

“အဲ၊ ပီးတော့ ဖြူမောင်ဆိုတဲ့ အကောင်က အတော်ထွေယင်ဘဲ ငိုပါလေရော့ ဖယာ့။ ကျနော်မျိုးက ‘ဘာဖြစ်ထာလဲ’ လို့ မေးတော့ သူက ‘ကြာသပတေးနေ့ကျယင် ငါငွေလေးဆယ်ရမှအေးမယ်’ တဲ့။ အနှာလိုဆိုယင် တပည့်တော် အဲအဲ ကျနော်မျိုးအတွက် ဘေးတော်တော်ကျပ်ထာဘဲ ဖယာ့။ ဒါနဲ့ နောက်တော့ဖြုန်းကနဲဆို သူက ‘ငွေလိုလို့ မင့်ဆီမှာ ငါ့မိန်းမကို ပေါင်ထားချင်တယ်’ တဲ့။

“ကျနော်မျိုးကလဲ မူးနေတော့ နဂိုကလဲ မိန်းမက ဆုံးပြီးစမို့ အဟန်သားဘဲလို့ အောက်မေ့တယ်။ ကျနော်မျိုးကတော့ သူ့မိန်းမဆိုသာ မမြင်ဘူးပါဘူး။ ဒါပေမယ့် မိန်းမဆိုယင် အတူတူနေမှာဘဲလို့ အောက်မေ့ပြီး ‘ကဲ ဒါဖြင့် မင့်မိန်းမအတွက် ဘယ်လောက်ကျမလဲ’ လို့ မေးလိုက်ပါတယ်။

“ဖြူမောင်က စဉ်းစားသလိုဘဲ။ ဟန်လုပ်ထာလား မပြောတတ်ဖူး။ အမှန်တော့ ရီတီတီ ဖြစ်လာယင် စဉ်းစားဥာဏ်ကတယ်ပြီး မသွက်တော့ဘူး ဖယာ့။ ဒီတော့ သူက ‘မင့်ကို ငါ ခွက်ခြင်ရောင်းမယ်’ တဲ့။

“သူလဲမူး ကိုယ်လဲမူးဆိုတော့ သူ ဒီလိုပြောတာကို ဆန်းတယ်လို့ မထင်မိပါဘူး။ ပြီးတော့ ကျနော်မျိုးက ခွက်ခြင်တို့ အချိန်အတွယ်တို့ ဆိုတာကို နဂိုထဲက နောကျေနေတော့ တွက်ကြည့်တယ်။ ခွက်ခြင်ဆိုယင် ရေနံဆီပုံး တပုံးဟာ ခွက်တဆယ်

လောက် လေးတယ်။ ဒါဖြင့် အကောင်းသားဘဲလေ လို့ တွေးမိပါတယ်။

"သာနဲ့ ကျနော်မျိုးတို့မှာ ဘယ်ဈေးလဲ ဆိုတာလောက်ဘဲ ပြောဘို့လိုတော့တယ်။ သာ့ကြောင့် 'ဈေးနှုန်းဆိုတာ ပစ္စည်းပေါ်လိုက်ပြီး ခေါ်ရတာဘဲကွာ။ သည်တော့ကာ မင်းမိန်းမကို ရေနံဆီပုံး တပုံး အချိန်ရှိယင် ဘယ်ဈေးထားမလဲ' လို့ မေးတယ်။

သူက တပုံးကို တဆယ်ဈေးထားပါကွာ တဲ့။

"သူ အနှာလိုပြောတော့ ကျနော်မျိုးမှာ လိပ်ပြာလွင့်မတတ် လန့်သွားမိတယ်။ နောက်တော့ ကျနော်မျိုး တွေးတယ်။ မိန်းမ တယောက်ဟာခွက်အစိတ်သုံးဆယ်ကပိုပြီးလေးမှာမဟုတ်ပါဘူး။ ဒီလိုဆို မသကာ ရေနံဆီပုံး သုံးပုံးစာပေါ့။ နို့ပေမယ့် မင့်ဈေးက ဆိုလှချည့်ကလားကွာ' လို့ ဈေးဆစ်တာ ပေါ့။

"အနှီဆိုလိုတော့ သူက 'ဒီဈေးမရယင် ရှုံးမှာပေါ့ကွာ။ ဒီလို ဆိုယင် မင်းဆီလာရတာ အလကားပေါ့' တဲ့။

"ဝက်ရောင်းစားပေမယ့်ဒါမျိုးကျ အနပ်ကြီးပါ။ဝက်သား ရောင်းတဲ့ ပေါက်ဖော်ကြီး ဘယ်လောက်လယ်တယ် ပြောပြော ကျနော်မျိုး ဝက်မွေးတဲ့လူတွေလဲ လယ်ကြတာပါဘဲ။ ဒီတော့ ကျနော်မျိုးက 'မင့်ဈေးက အသစ်ကလေး ဆိုယင်တော့ တန်တာပေါ့ဖြူမောင်ရာ၊ နို့ပေမယ့်မင်းဆီက အကျကို ငါကယူရမယ် ဆိုတော့မင်းကိုငါရေနံဆီ တပုံး ခုနစ်ကျပ်ခွဲပေးမယ်ကွာ၊ကျေနပ် ကဲ့လား' လို့မေးတော့သူက 'ကျေနပ်တယ်စိန်လိုက်တော့ကွာ' တဲ့။





"ကျနော်မျိုးကတော့ စိန်လိုက်ပေါ့။ သာနဲ့ ကျနော်မျိုးနဲ့ သူ တယောက်ခါး တယောက်ဖက်ပြီး သူ့အိမ်ကို သွားကြတာ ပေါ့။ ကိုယ့်သောက်ဖော်သောက်ဖက် တယောက်လုံးမူးလာတော့ ဒီလိုဘဲ စောင့်ရှောက်ရတာဘဲ။

"နို့ပေမယ့် ခက်ကုန်လိမ့်မယ် ဆိုတာကို စောစောက တွေး ထားနိုင့်တော့ ကျနော်မျိုးက သူ့ကို 'မင့်ကောင်မကို ရေထဲမနှစ် ဘဲနဲ့ သူဘယ်နှဂါလံ အချိန်စီးမယ်ဆိုတာ မင်းဘယ့်နှယ် လုပ်သိမ လဲ' လို့ မေးကြည့်တာကို ဖယာ့။

"အနှီလိုဆိုတော့မှ သူက သူ့အကြံကို ပြောပြတာကိုး။ လူက မူးနေတော့ အကြံထုတ်ရတာ မလွယ်ဘူးထင်ပါ့။ ပီးမှ သူက 'စည် ပိုင်းထဲ ရေအပြေ့ထဲ့၊ ထဲ့ပီးတော့ ငါမိန်းမကိုနှစ်။ သူနစ်လို့ ရေရှံကျတော့ ရှံကျတဲ့ရေကို တိုင်းကြည့်ယင် သူ့အချိန်ကို သိ ကရောမှုတ်လား' လို့ ပြောပါတယ်။ သည်တော့ ကျနော်မျိုးက 'ဒါတော့ဟုတ်ပါရဲ၊ နို့ပေမယ့် ရှံကျတဲ့ရေကို ဘယ့်နှယ် တိုင်းမ လဲ။ ရှံသမျှရေဟာ ဖိတ်ပီးစီးကုန်တဲ့နောက် ဒီရေကို ဘယ့်နှယ် လုပ် ခပ်မလဲလို့' မေးလိုက်တယ်။

"ဒီတော့ သူက ကျနော်မျိုးကို 'အ လိုက်တဲ့ ကောင်ကွာ' လို့ ဆိုပီး သူ့မိန်းမရေထဲနှစ်ပီး စည်ပိုင်းထဲက ထွက်လာတဲ့အခါ မ ပြေ့လို့ကျန်တဲ့ရေကို တခါထပ်ပီး စည်ပိုင်းအပြေ့ထဲ့ခိုင်းယင် သူ့ကောင်မရဲ့ အလေးချိန်ဟာ နောက်ဖြေ့တဲ့ ရေရဲ့ အချိန် အ တိုင်း ဖြစ်လာမယ်ဆိုတဲ့ သဘောကို ပြောပြတယ်။ ကျနော်မျိုး ကတော့ တွက်ပြီးသားဘဲ။ မသကာဆို ဒီလိုထပ်ဖြေ့သဟာ ရေ နံဆီပုံးနဲ့ အလွန်ဆုံး သုံးလေးပုံးပေါ့။ နို့ပေမယ့် ဖြူမောင်က

မူးပေမဲ့ အရှင်ဖယား ထင်သလောက်နတဲ့ အကောင်မဟုတ်ဖူး။ မူးပေမယ့် မူးပါးကြီး။

"သာနဲ့ဘဲ သူ့အိမ်လိုက်ပီး သူ့မိန်းမကို ကြည့်တယ်။ တယ်မနိုပ်ပါဘူး။ နိုပ် မနိုပ် အခုခံရုံးရှေ့ ရောက်နေတာကိုဘဲကြည့်ပါတော့။ သာပေမယ့် ကျနော်မျိုးက ပီးလဲ ပီးပါစေ။ မိန်းမဆိုတဲ့နောက် ချဉ်ချဉ်တူးတူး မူးပီးရော့။ လှလှ မလှလှ အကျည်း တန်တန် အရုပ်ဆိုးဆိုး ညားကြည့်တော့လဲ အတူတူပါဘဲလို့ တွေးလိုက်ထာကိုး။ ဟုတ်တယ်လေ၊ ကိုယ်တော်အရှင် သိတဲ့အတိုင်းပါဘဲ။ ဒါပေမယ့် ကောင်မက ဝါးလုံးကလေး ထောင်ထားသလို ပိန်ရှေရှေကိုး။ ဒီတော့၊ ဟင်း ဒီကောင်မ လေးဂါလံတောင် ပြည့်မှာမဟုတ်ဖူးလို့ တွက်ထားတယ်။ ဒါမျိုးတော့ ကျနော်မျိုးက နောကျေနေသာပါဘဲ။

"နောက် ဖြစ်သမျှတော့ ကိုယ်တော်အရှင် ခုနက ကြားခဲ့တဲ့အတိုင်းဘဲ။ ထမိမချွတ်ဘဲ ထမိပါထဲ့ပီး တိုင်းရတဲ့အတွက် ကျနော်မျိုးတောင် နာသေးတယ်။ ဒီလိုတိုင်းပီးတော့ သူထွက်ပြေးပါတယ်။ 'ဟေ့ ဖြူမောင်ရ၊ မင့်ကောင်မ လစ်ပဟ' လို့ ဆိုတော့ ဖြူမောင်က 'မင်း ဂရုစိုက်ဖို့မလိုပါဘူးကွာတဲ့။ သင်းကို နောက်တော့ မိမှာပါဘဲတဲ့။ ညကျတော့ သင်း လာမအိပ်ဘဲ မနေပါဘူးတဲ့။ ဒို့ဟာဒို့ ရှံ့ကျတဲ့ရေကို တိုင်းကြပါစို့' တဲ့။

"ကျနော်မျိုးတို့တိုင်းကြည့်တော့ မှန်းတဲ့အတိုင်းပါဘဲ။ ရေလေးပုံးတောင် မပြည့်ဘူး ဟီ ဟီ ဟီ"

တရားခံမှာ ဣန္ဒြေမဲ့စွာ ဟောင်ဖွာ ဟောင်ဖွာ ရယ်မောနေသောကြောင့် အစောင့်ပုလိပ်က သူ၏ကျောပြင်ကို လက်ဝါးဖြင့်





ထုနှက်၍ သတိပေးရ လေသည်။ ဤအခါမှ ကွန်နုက ဆက်၍ "အတိုချုံး ပြောရမယ်ဆိုယင် ဖြူမောင်က ဒီတော့မှ 'ဟေ့ ဒို့အရောင်းအဝယ်လုပ်ထာ ပျက်ပီကွ။ အမှန်မှာ လေးပုံးမကဘူး ဝင်ရမယ်' လို့ ပြောကရော။ ပြောတော့ ကျနော်မျိုးက သူ့ကိုအော်ပါတယ်။ သူကပြန်ပြီး ငေါက်ပါတယ်။ ကျနော်မျိုးက သူ့ထက် ကျယ်ကျယ်ဟစ်လိုက်တော့ ကျနော်မျိုးကို နထင် ပိတ်တွယ်ပါတယ်။ ဒါနဲ့ နှစ်ယောက်သား ဆော်လိုက်ကြတာ မူးမူးနဲ့ဆိုတော့ ဘယ်သူမှ မဖျဉ်မချင်း မပြီးတမ်းပေါ့။

"အဲသည်လိုအထဲမယ် ရွာခေါင်းရောက်လာပီးဖျဉ်ရပါတယ်။ နောက် ပုလိပ် လက်အပ်တော့ သံလက်ကောက်တွေဝတ်ပီး ကိုယ်တော်အရှင်မြတ်ရှေ့ ရောက်လာတာဘဲ။ အမှန်မှာတော့ ဘာအပြစ်မှ မရှိဘဲ ဖမ်းတဲ့အတွက် လျော်ကြေးတောင် ရထိုက်ပါသဖယား"

ဤသို့ဆိုပြီး သော် ကွန်နုလည်း ထိုင်လေ၏။

ဖြူမောင်သည် အမှုတွင် ဖက်စပ်ပါဝင်သော ကွန်နုပြောသမျှကို ထောက်ခံသည်။ ဂျူရီလူကြီးတို့မှာ အမှုကိုဘယ်ကစ၍ဘယ်လိုဆုံးဖြတ်ရမည် မဝေခွဲနိုင်သောကြောင့် ဆုံးဖြတ်ချက်ပေးရန်အတွက် စဉ်းစားခန်းဝင်လေ၏။

တနာရီလောက်ကြာသော် ဂျူရီလူကြီးမင်းများ ရုံးပြန်ထိုင်၍ လင်နှင့်မယား ညားကြခြင်းဟူသည် ပေါ့ပျက်ပျက်မဟုတ်၊ အလွန်လျှင်လေးစားအပ်ကြောင်း၊ အရောင်းအဝယ်ဟူသည် တရားသဖြင့်ဟူသော စည်းဝိုင်းအတွင်း ပြုလုပ်ပါမှ တရား ဝင်ကြောင်း

စသည်တို့ကို ရှင်းလင်းပြောဆိုပြီးနောက် တရားခံ နှစ်ဦးစလုံးကို လွှတ်လိုက်လေသည်။

ဖြူမောင်လည်းသူ့မိန်းမနှင့်တွဲ၍ အိမ်သို့ပြန်လေသည်။ ကွန်ရိုလည်း သူ့ထန်းရည်ဆိုင်သို့ သွားလေသတည်း။



## ပဋိညာဉ်ပျက်မှု

မျက်စိတဖက်မှိတ် တဖက်မှေးနှင့် ခပ်ဝဝ ရာဘက်ရာဇဝတ် တရားသူကြီးက ရွှံရှာသောအမှုအရာကို မမျိုသိပ်နိုင်ဘဲ တရားလို ထွက်ချက်တို့ကို ကြားနာလျက်ရှိ၏။ တခါတခါ သူ့ထင်မြင် ချက်တို့ကို စကားဦးသန်း၍ ပြောလိုက်ဘိသည့် အလား ဟင်း ဟင်း ဟုနှုတ်က ညည်းလိုက်သည်။ထို့နောက် ကလေးသံ ပိန့်ညှောင်နာနှင့် တရားလိုပြသက်သေများကို ဖြတ်ထိုးမေးခွန်းထုတ်သည်။ အတန်ကြာကပင်လျှင် လွှန်းဘော်နှင့် သာအောင်ပါ နှစ်ဦးတို့၏တရားမမှုတွင် စီရင်ချက်ချမှတ်ပြီးစ ဖြစ်သည်။ အမှုသွားမှာ သာအောင်၏ လုပ်သားများက လွှန်းဘော်၏ လယ်ဦးကန်သင်းကို ထွန်ထိပ်တိုက်၍ ထွန်မိသဖြင့် တရားလိုက ပိုင်ထိုက်ကျူးလွန်မှုဖြင့် တရားစွဲဆိုသော အမှုဖြစ်၏။

ဤအမှုစီရင်ပြီးသော် ရာဘက် ရာဇဝတ် တရားသူကြီးသည် ဘုန်းကြီးကျောင်းတွင် ကပ္ပိယအဖြစ်ဖြင့် ကပ်ရပ်နေထိုင်ရင်း ပန်းဘဲအလုပ်နှင့် အသက်မွေးသူ ငနု နှင့် သေသူ လွန်းညို မိန်းမ လှနိုးတို့၏ အမှုကို ခေါ်သည်။

ငနုမှာ အသက် ၄၅ နှစ်၊ အရပ် ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးကိုယ်ဖန် တောင့်တောင့်၊ နှုတ်ခမ်းမွေးမရှိ၊ ဆံပင်ရှည်ရှည်၊ စကားပြောလျှင် အသံမြင့်ချီ နိမ့်ချီ လေးလေး ပြောတတ်သည်။

လှနိုးမှာ အသက် ၄၀ လောက်ရှိပြီ။ ဝဝဖိုင့်ဖိုင့်ကြီးမို့ လက်ဝှေ့သမားနှင့်တူလှ၏။ သူ၏ အိတ္တံ့သော ခန္ဓာကိုယ်ကြီးကို ကျပ်တည်းသော အင်္ကျီ အဝတ်အစားတို့က ထုပ်ပိုးရစ်နှောင်၍ ထားရသကဲ့သို့ရှိသည်။ နောက်ဖက်တွင် ပျင်းတွဲ ကျနေသော ကျောက်ကုန်းသားကြီးကို တင်ကောက်အိစက်ကြီးက ပိုး၍ထားရသည်။ လည်ပင်းတိုတိုတုပ်တုပ် အပေါ်တွင် ပြတ်သားသော မျက်နှာပေါက်တွဲလျက် ပါသည့်ဦးပေါင်းမှာ ခိုင်မြဲစွာတည်လျက် ရှိ၏။ သူ့အသံမှာ မာကျယ်ကျယ်နှင့်မို့ သူ့စကားကြားရသူ၏ နားဝမှာ စူးထိုးခံရရုံမျှမက ရုံးခန်းမှ မှန်တံခါးတို့ပင်လျှင် တုန်လှုပ်သွားသည်ဟု ဆိုရပေမည်။ ကိုယ်လေးလက်ဝန်ကြောင့် သူ့ဗိုက်ပူကြီးမှာ တောင်ပူစာ အငယ်စားလေးပမာတမျှ ရှေ့သို့ စူထွက်နေသည်။

ထိုအခိုက်တွင် တရားခံပြု သက်သေတို့ကား တရားသူကြီး၏ အမူအခေါ်ကို စောင့်နေကြကုန်သည်။





ရာဘက်ရာဇဝတ်တရားသူကြီး မင်းလည်း တရားလို ငနုကိုစ၍ ဝစ်၏။

"တရားလို ငနု၊ မောင်မင်း ဘာများ လျှောက်ထား လိုသလဲ"

**ငနု။** ။"မှန်ပါ ကိုယ်တော်၊လာမယ့် ဝါကျွတ်ပါနဲ့ ဆိုယင် လွန်ခဲ့တဲ့ ၉ လလောက်တုန်းက တညနေမှာ တရားခံ လှနိုးဟာ ကျွန်တော်မျိုးဝတ်တက်ကအပြန် ကျွန်တော်မျိုးဆီ လာပြီးတော့ သူမျိုးနေတဲ့အကြောင်း ပြောပါတယ်"

**တရားသူကြီး။** ။"ရုံးတော်ကို ခပ်ရှင်းရှင်း လျှောက်ထား ပမ်းမောင်မင်း"

**ငနု။** ။"ကောင်းပါပြီ ကိုယ်တော်။ တိုတိုနဲ့ ရှင်းရှင်းပြောရမယ်ဆိုယင် သူ ကလေးလိုချင်သတဲ့ ဖယား။ ကလေးရအောင် ကျွန်တော်မျိုးမှဘဲ တတ်နိုင်မတဲ့ ဖယား။ကျွန်တော်မျိုးကလဲကန့်ကွက်စရာ အကြောင်း မမြင်လေတော့ ငွေ ၁၀၀ ပေးယင် ကလေးရအောင် လုပ်ပေးမယ်လို့ ပြောလိုက်ထာဘဲ။ ဒါဟာ အသေအချာ ကတိကဝတ် ပြုပြီးသားမို့ အရှင်းကလေးပါ ရှုံးမင်းရယ်။ ခုမှ သူက ငြင်းယင်သာ ငြင်းရမယ်။ သူထားတဲ့ ကတိအတိုင်း ယခု ကျွန်တော်မျိုး တောင်းရတာပါ"

**တရားသူကြီး။** ။"ငါနဲ့နဲမှ နားမလည်ဘူး။ မင်းတို့ဥစ္စာ ဘယ့်နှယ် သူက ကလေးလိုချင်သတဲ့လား။ ဘယ်လို ကလေးမျိုးလဲ။ မွေးစားဘို့လား"

**ငနု။** ။"မွေးစားဘို့ မှတ်ဖူး ဖယား။ မွေးကင်းစ ကလေးမှ လိုချင်သတဲ့"

တရားသူကြီး။ ။"ဘာလဲကွ မင့်ဥစ္စာ၊ မွေးကင်းစဆိုတာ"

ငနု။ ။"ဟိုဒင်းလေဖယာ့၊ ဟဝှာဟဝှာ၊ သူနဲ့ကျွန်တော်မျိုးနဲ့ လင်မယားလို ညားလို့ရတဲ့ မွေးကင်းစ။ အဲဒါကို ပြောတာ"

တရားသူကြီး။ ။"ဟ မင်းဟာက လန့်စရာပါကလား။ မင့်ကို ဒီလို တရားမဝင် ပဋိညာဉ်မမြောက်တဲ့ ကတိမျိုးထားဘို့ သွေးဆောင်တာဟာ ဘာသဘောလဲ"

ငနု။ ။"အရှင်ဖယား။ ကျွန်တော်မျိုးလဲ ဘယ်လိုသဘော အနက်အဓိပ္ပာယ်နဲ့ သူပြောတယ်ဆိုတာ လက်ဦးတော့ မသိပါဘူး။ ကျွန်တော်မျိုးလဲ အတော့်ကို အံ့သွားတာဘဲ။ ဒါပေမယ့် ကျွန်တော်မျိုးရဲ့ ဝါသနာက အလုပ်တခု လုပ်မယ့်ကြံယင် အကြောင်းတရား အကျိုးတရား ဆက်စပ်ပြီး သိမထားဘဲနဲ့ ဘာကိုမျှ မလုပ်တတ်ဖူး။ ဒီတော့ သူ့ကိုဘဲ အရှင်းခိုင်းရတယ်။ ဒီတော့ သူက ရှင်းပြပါတယ်။ ဒီလိုတဲ့ ကိုယ်တော်၊ ဒီလို၊ သူ့ယောကျ်ားက ကိုယ်တော်လဲ သိတဲ့အတိုင်းဘဲ။ ကျွန်တော်မျိုးနဲ့ မတွေ့ခင် တဥပုသ်လောက်တုန်းက အနိစ္စ ရောက် ရှာသကိုး။ ယော ကျ်ား သေတယ်ဆိုယင်ဘဲ ကျန် ရစ် ခဲ့ တဲ့ ပစ္စည်း ပစ္စယ ကလေး တွေ ကို ယောကျ်ားဘက်က အမျိုးတွေကသာ ဆက်ခံရပါတယ်။ ဒီလို သူ့လင်ရဲ့ အမွေ အနှစ်တွေကို သူ လက်လွှတ် ဆုံးရှုံးလိုက်ရတော့မယ် ဆိုတာ သိတော့ သူလဲ အတော် စိတ်ညစ်သွားတယ်ဆိုဘဲ။ ဒါနဲ့ ရွှေနေ ရွှေရုပ်တွေနဲ့ တိုင်ပင်တော့ကာ ရွှေနေက လင်သေပြီးလို့ ၁၀ လအတွင်းမှာ ကလေးများ မွေးယင်တော့ နေရာအကျဘဲလို့ ပြောလိုက်သတဲ့ ဖယာ့။ သူ့လင်လွှန်းညို သေ





ပြီးလို့ ၁၀ လအတွင်းမှာ ကလေးရတယ်ဆိုယင် ကလေးဟာ လွှန်းညိုရဲ့ တရားဝင်ကလေးဖြစ်ပြီး တရားခံမကလဲ ဒီတော့မှ လင့်အမွေ ဆက်ခံနိုင်မှာပေါ့။ ဒါကြောင့် ကျွန်တော်မျိုး ဝတ်ထွက်ပြီး ကျောင်းပေါက ဆင်းအလာမှာ သူက ဘယ်လို နေနေ စမ်းကြည့်အုံးမယ်ဆိုတဲ့ သဘောနဲ့ ဒီစကားမျိုးကို လာပြောတာကိုး။ ကျွန်တော်မျိုး အထက်က လျှောက်ထားခဲ့တဲ့အတိုင်းပါဘဲ ကိုယ်တော်။ ကျွန်တော်မျိုးကလဲ ကလေး ၈ ယောက်အဖေကိုး။ ကျွန်တော်မျိုးရဲ့ သားအကြီးဆိုတာကတော့ ဒီမြို့မှာဘဲ မုံ့ချိုချဉ်ဆိုင် တည်နေသလေ။ အဲသလို ဆိုင်တည်ရင်းနဲ့ မယ်အေးဆိုတဲ့ ဒီမြို့သူကလေးနဲ့ ပုဆိုးတန်းတင် အကြင်လင်မယားဖြစ်ပြီး"

တရားသူကြီး။ ။"ဟော့ ဟော့။ ဒီလို သက်သေခံ မဝင်တဲ့ အပိုစကားတွေနဲ့ အကျယ်ချဲ့မနေနဲ့။ လိုရင်းပြောစမ်း"

ငနု။ ။"လိုရင်း ရောက်ပါတော့မယ် ကိုယ်တော်။ သူက ရှင်နဲ့ နေရာကျလို့ ဖွားရှင်စားရင်း လက်မှတ်ရပြီးယင် ရှင့်ကို ငွေ တရာပေးပါ့မယ်တဲ့။ ကျမ်းကျိန်ပြောဝံ့ပါတယ် ကိုယ်တော်။ သူ့လိုဘာကို ဖြည့်ခဲ့ရပါတယ်။ အဲ၊ ၈ လလောက်ကြာတယ်ဆိုယင်ဘဲ ကိစ္စအထမြောက်ပဟဲ့လို့ ဝမ်းသာစရာသိရပါတယ် ဖယား။ နို့ပေမယ့် ငွေတရာတောင်းတော့ သူက ငြင်းတယ်ဖယာ့။ သူ့ကိုအကြိမ်ပေါင်းများစွာ တောင်းတာမှာ ဘာမှမရပါဘူး ကိုယ်တော်။ သူကတောင်မှ ကျွန်တော်မျိုးကို ပန်းသေရောဂါ ရှိသလိုလိုတောင် စွပ်စွဲလိုက်သေးတယ်။ အဲဒါ သက်သက် ချိုးချိုးဖဲ့ဖဲ့ပြောတဲ့စကား ကိုယ်တော်။ ဟုတ်မဟုတ် ကိုယ်တော် သူ့ဖြစ်ပုံကြီးကို ကြည့်ပြီး ဆုံးဖြတ်ပါ ကိုယ်တော်"

တရားသူကြီး။ ။" တရားခံမ ဘာပြောချင်သလဲ"

လှနိုး။ ။"သက်သက်လိမ်တာပါ ကိုယ်တော်အရှင်ဖယား"

တရားသူကြီး။ ။"သူလိမ်တယ်ဆိုတာကို မယ်မင်း ဘယ်လို သက်သေပြနိုင်သလဲ"

လှနိုး။ ။(ရှက်သွေးမှန်၍ မျက်နှာနီရဲလျက် စကားပြောရာ၌ ထစ်ထစ်ငေါ့ငေါ့ဖြစ်ကာ)"ကျွန်တော်မဘယ့်နှယ်လုပ် သက်သေပြရမှာလဲ ကိုယ်တော်အရှင်ဖယား။ သူ့ကလေး မဟုတ်ပါဘူးလို့ သက်သေခံပစ္စည်း ရုံးပေါ်တင်ပြရအောင်ဟာ ကျွန်တော်မျိုးမမှာ ဘာတခုမှ မရှိသေးဘူးဖယာ့။ နို့ပေမယ့် သေသူကို တိုင်တည်ပြီး ကျမ်းကျိန်ဝံ့ပါတယ်ဖယား"

တရားသူကြီး။ ။"ကောင်းပါပြီ။ ဒါဖြင့် မယ်မင်းကလေးဟာ ဘယ်သူ့ကလေးလဲ"

လှနိုး။ ။(ဒေါသဖြင့် ပို၍ ထစ်ငေါ့ကာ) "ဒါတော့ ကျွန်တော်မ ဘယ့်နှယ်လုပ်သိမလဲ။ ကလေးကတော့၊ ကလေးကတော့။ အို၊ ကလေးကတော့ ဘုံဆိုင်ဘဲ။ အားလုံးနဲ့ရတဲ့ကလေး။ ကျွန်တော်မ သက်သေ ခြောက် ယောက်ခေါ်လာပါတယ်။ ဟောဒီမှာ သူတို့အားလုံးပါဘဲ။ မယုံမေးပါ။ ဟော့ဒီမှာ သူတို့ ခြောက်ယောက်၊ သူတို့ သက်သေခံပါလိမ့်မယ်။ မေးပါ"

တရားသူကြီး။ ။"တရားခံမ လှနိုး။ မယ်မင်းသတိကောင်းကောင်းထားနော်။ မယ်မင်း ရုံးတော်က မေးတာ ရှင်းရှင်းပြောပါ။ မင့်ကိုယ်ဝန်ဟာ ယခုတရားလိုနဲ့ရတဲ့ ကိုယ်ဝန်မဟုတ်ဖူးလို့ ယူဆစရာ အကြောင်း ဘာများရှိသလဲဆိုတာ လျှောက်ထားစမ်း"





လှနိုး။ ။"အကြောင်း ကြောင်း တွေ ပြောလို့ရှိယင် အသောက်အထားပြဖို့အကြောင်းကတော့ တရာလောက်တော့ရှိမှာပေါ့။ တရာမကပါဘူး ကိုယ်တော်။ အထောင်၊ အသောင်း၊ အသိန်းမကပါဘူး၊ ပြစရာအကြောင်းတွေ။ သူ့ကလေးအဖေ မဟုတ်ဖူးဆိုတဲ့ အကြောင်းတွေ၊ သူနဲ့ ကျွန်တော်မတို့ ပဋိညာဉ်ပြုပြီးတဲ့နောက်တောင်မှဘဲ သူမွေးတယ်ဆိုတဲ့သားတွေရဲ့အဖေဟာ သင်းမဟုတ်ဖူးဆိုတာ ကျွန်တော်မက မသိရန်ကော"

ငနု။ ။(လေသံအေးအေးနှင့်) "ဒါ သက်သက်ကျမ်းစူးခံပြီး ညာပြောတာပါ ကိုယ်တော်"

လှနိုး။ ။"ဘာ၊ ညာပြောတယ် ဟုတ်လား။ ခေါင်းမွေးနီနဲ့ ကောင်လေးတွေဟာ ရှင်နဲ့ရလို့ မွေးတဲ့ဟာလို့များ ထင်နေသလား ပြောစမ်း"

တရားသူကြီး။ ။"ဟေ့၊ တယောက်က တယောက်ကို ပုဂ္ဂလိဋ္ဌာန်နဲ့ အသရေပျက်လောက်အောင် ငါ့ရုံးတော်မှာ လာမပြောနဲ့။ ငါက တရားအတိုင်း လုပ်ရလိမ့်မယ်"

လှနိုး။ ။"ဒီလိုပါ ကိုယ်တော်၊ ကျွန်တော်မက သူ့ကို တယ်ပြီး စိတ်မချဘူး။ ဒါနဲ့ ကျွန်တော်မက ဒီလိုတွေးမိတယ်။ တယောက်နဲ့မသေချာဘူးဆိုယင် နှစ်ယောက်နဲ့မှ နေရာကျမယ်။ ဒါကြောင့် ကျွန်တော်မရဲ့ ဖြစ်ပုံတွေကို မြတ်ပန်းကိုပြောပြတယ်။ မြတ်ပန်းဆိုတာ ဟောဒီ အရှင့်ရုံးတော်ရှေ့က သက်သေပါဘဲ။ သူကလဲ၊ လှနိုးရယ် ငါ့ကိုယ်ကို ပုံအပ်ပါတယ် တဲ့။ ဒါနဲ့ ငနုနဲ့မသေချာယင် သူနဲ့သေချာအောင်ဆိုပြီး သူ့အကူအညီလဲ ယူပါတယ်။ နောက်တော့ ဒီပြင်လူတွေကလဲ ကျွန်မဟာ သေချာပေါက်ကို

လိုက်နေတယ်ဆိုတာ ကြားရတော့ ကျွန်မသာ လိုချင်သပဆိုယင် အုံ့ပုံးလင်တွေ တရာကျော်မကရနိုင်ပါတယ်။ ဟောဟိုက အရပ်ရှည်ရှည်နဲ့ ချမ်းသာဆိုတာကတောင်မှ ငနုလိုဟာမျိုးကို တပြားမှ ပေးနေစရာမလိုဘူးတဲ့။ ဒီလို ကိစ္စမျိုးမှာ အများတကာက တောင် အလကား ဆောင်ရွက်ပေးနေတဲ့နောက် သူများထက် ဒီအကောင်က ဘာများ ထူးချွန်လို့လဲတောင်၊ ပြောကြပါသေးတယ်”

ငနု။ ။“ဒါဖြင့် နင် ငါ့ကိုဘာလို့ ပဋိညာဉ်ပေးသေးသလဲ ဟဲ့ လှနိုးရဲ့။ ကိုယ်တော် ကျွန်တော်မျိုးကတော့ ပိုက်ဆံရမှ အေးမှာဘဲ။ မင်းမှာသစ္စာ လူမှာကတိတဲ့”

လှနိုး။ ။(မချုပ်မတည်းနိုင်ဖြစ်ပြီး) “အမလေးတော်၊ ငွေတရာတဲ့၊ ငွေတရာ။ ဒါလောက်ကလေးနဲ့များ ငွေတရာ တောင်းရက်သတော်။ ခေါင်းပုံဖြတ်သမား လူညာကြီးရဲ့။ ကြည့်ပါလား ဒီလူခြောက်ယောက်ကတော့ တယောက်ကမှ ပိုက်ဆံမယူဘူး။ သူတို့ သက်သေခံပါစေ ရှုံးမင်းဖယာ့။ သူတို့မှန်တဲ့အတိုင်း အစစ်ခံပါလိမ့်မယ်။ (ငနုဘက်သို့လှည့်၍) သူတို့ကို ကြည့်စမ်း၊ နင့်လောက်တော့ လာတာချည်းဘဲ။ သူတို့က ခြောက်ယောက်ထဲဟဲ့ ။ငါလိုချင်ယင် တရာ၊ နှစ်ရာ၊ သုံးရာ၊ ငါးရာအထိ ပိုက်ဆံ တပြားမှ မကုန်ဘဲ ပြီးနိုင်သဟဲ့။ နင်သာ ငါ့ပစ္စည်းကို မက်ပြီး လုယူတာ”

ငနု။ ။“ဒါတော့ နင့်ဟာနင် တယောက်မကလို့ တသိန်းဘဲ ဖြစ်ဖြစ်”

လှနိုး။ ။“ငါလိုချင်ယင် တသိန်းမက ရနိုင်တယ်ဟဲ့”





ငနု။ ။“ငါကတော့ ဝတ္တုရားကျေပါတယ်။ ဒါကြောင့် နင်ဘာပြောပြော အကြောင်းမထူးပါဘူး”

လှနိုး။ ။(ပိုက်ပူကြီးကို လက်နှစ်ဖက်ဖြင့်ပုတ်ပြ၍) “ဒါဖြင့်၊ ဒါကို နင်လုပ်လို့ရတယ်ဆိုတာ သက်သေပြစမ်းပါဟယ်၊ ပြစမ်း။ ခြားပြမျိုး၊ နင်ပြနိုင်ယင်”

ငနု။ ။“ဒါကတော့ ငါက သူများထက်ထူးချွန်ပြီး အလုပ် လုပ်ရတာ မှတ်ဖူးလို့ နင်ဆိုမယ်ဆိုယင်လဲ ဆိုနိုင်ပါရဲ့။ ဒါပေမယ့် ဒီအလုပ်အတွက် နင်က ငါ့ကို ငွေတရာပေးမယ်လို့ ဆိုထားသာဘဲ။ နောက်မှ နင်က သူများဆီက အကူအညီ တောင်းတာက ဘာဆိုင်သတုံး။ ငါတယောက်ထဲနဲ့လဲ ပြီးတဲ့ကိစ္စဘဲ”

လှနိုး။ ။“ဒါဟာ အကြောင်းမဟုတ်ပါဘူး ရှုံးမင်းဖယာ့။ ကျွန်တော်မရဲ့ သက်သေတွေကိုသာ စစ်စမ်းပါ။ သူတို့ မှန်ရာကို သက်သေခံပါလိမ့်မယ်”

ထိုအခါ တရားသူကြီးက တရားခံမ လှနိုးပြသော သက်သေခြောက်ယောက်ကို ခေါ်သည်။

အသားနီနီနှင့် ဂွကျတတ လူခြောက်ယောက် သူ့ရှေ့သို့ရောက်လာသည်။

တရားသူကြီး။ ။“လှနိုးမှာ ရှိတဲ့ ကိုယ်ဝန်ဟာ မင့်ကြောင့်ပယ်လို့ ပြောနိုင်စရာအကြောင်း ရှိသလား မြတ်ပန်း”

မြတ်ပန်း။ ။“ရှိပါတယ်ဖယာ့”

တရားသူကြီး။ ။“ချမ်းသာကကော၊ လှနိုးရဲ့ ကိုယ်ဝန်ဟာ မင့်ကြောင့်လို့ ပြောနိုင်စရာ အထောက်အထားရှိရဲ့လား”

ချမ်းသာ။ ။“ရှိပါတယ် ကိုယ်တော်”

ကျန်သက်သေ လေးယောက်လည်း ဤသို့ တသမတ်တည်း ထွက်ဆိုကြသည်။

တရားသူကြီးလည်း အနည်းငယ် အနားယူပြီး ဤသို့ စီရင်ချက် ချ၏။

"ဤအမှုတွင် တရားလိုက တရားခံမ လှနိုး၏ ဆန္ဒ အတိုင်း ရအပ်သော ကလေး၏အဖေ ဖြစ်ပါသည်ဟု ဆိုစေ၊ ယုံကြည်လောက်သော အကြောင်း ယုတ္တိရှိလေရာ သူ၏ နည်းတူ သက်သေ မြတ်ပန်းနှင့် ချမ်းသာတို့ကလည်း လှနိုး၏ကလေးမှာ သူတို့နှင့် ရသော ကလေး ဖြစ်မည်ဟု ပြောနိုင်သော အထောက်အထားများ ရှိသည်ဖြစ်၍ တကြောင်း။

"တဖန်တုံလည်း တရားခံမ လှနိုးမှာ တရားလိုငနှင့် နှုတ်ကတိ အချိန်းအဆိုဖြင့် တရားလို၏ အကူအညီကို တောင်းဆိုထားချက် ရှိသည်လည်း တကြောင်း။

"ထိုအကြောင်းတို့ကို ထောက်၍ တရားလိုငနှမှာလည်း သားကြီး မယားကြီး ရှိနှင့်သောကြောင့်၊ သူ၏ဇနီးကို လင်သားပီပီ မဖောက်ပြားဘဲ ပေါင်းသင်းအပ်ပါလျက် တရားခံ လှနိုးနှင့် ကတိကဝတ်ပြုကြသည့်အရာမှာ တရားဝင်၏ မဝင်၏ကို ဆုံးဖြတ်ရန် ခဲယဉ်းသည့်အလျောက်၊ ဤရုံးတော်က အမိန့် ချမှတ်သည်မှာ တရားခံမ လှနိုးသည် အချိန်ကုန်လူပန်းအောင် မတရား သွေးဆောင်ခြင်း ခံရသူ တရားလို ငနှအား လျော်ကြေးငွေ ၂၅ ကျပ် ပေးစေ"



## ငွေပေးမှုရ

မီးလင်းဖိုမီးသည် တောက်နေ၏။ စားပွဲပေါ်၌ လူနှစ်ယောက်စာ လာဘက်ရည် အသင့်ပြင်ပြီးရှိသည်။ ဆဲလျူ ၀ါ မြို့စားကြီးသည် ဦးထုပ်၊ လက်အိတ်နှင့် သားမွေးကုတ်အင်္ကျီတို့ကို ကုလားထိုင်ပေါ်သို့ ပစ်တင်လိုက်သည်။ မြို့စားကြီးကတော်ကား ပွဲ၌ခုံသော ကိုယ်ရုံကိုခွာချ၍ မိမိကိုယ်ကိုမိမိ မှန်ထဲတွင် ချစ်စနိုးကြည့်ရင်း ရတနာလက်စွပ် ဝတ်ထားသော လက်ချောင်းကလေး များဖြင့် ကော့သော ဆံနွယ်ကလေးများကို သချိနေသည်။ ယောကျ်ားဖြစ်သူသည် ပြောစရာရှိသည့် စကားကိုပြောရန် ဟန်ပြင်ကာ မိမိ၏ ဇနီးအား မိနစ်အတန်ကြာမျှ ကြည့်သည်။ သို့သော် နောက်ဆုံးတွင် မရဲတရဲနှင့် ပြောလိုက်၏။

"ဒီညတော့ မင်း နန့်လွန်းသကွယ်"

ထိုအခါ မြို့စားကတော်သည် သူ့ခင်ပွန်းသည်အား အနိုင်ယူသော ပမာမခန့်မျက်နှာထားဖြင့် စိမ်းစိမ်းကြည့်သည်။

ပြီးလျှင်"ဩော်၊ ဟုတ်ကလား"ဟုပြန်ပြောသည်။ထိုနောက် စာပွဲတွင်ထိုင်၍ လဘက်ရည်ငှဲ့သည်။ မြို့စားကြီးလည်း မြို့စားကတော်နှင့် မျက်နှာချင်းဆိုင် ထိုင်သည်။

"မင်းလုပ်ပုံကကွယ်၊ ငါ့မှာ ရယ်စရာသက်သက် ဖြစ်တာဘဲ"

မြို့စားကတော်သည် မျက်တောင်ကိုချီ၍ "အခု ရှင် ကျွန်မကို ရန်လုပ်နေတာလား။ ကျွန်မလုပ်ပုံ ကိုင်ပုံတွေကို အပြစ်ဆိုသပေါ့လေ"ဟု ပြောသည်။

"မဟုတ်ပါဘူး။ **မက်ရှာဗျူရယ်က** မင်းကို ကြာခိုတာဟာ နည်းနည်းမှ မတော်ပါဘူးကွယ်။ ငါ့မှာ ပြောခွင့်ရှိတယ်ဆိုယင်၊ ဒါမျိုးကို ငါသည်းညည်း မခံနိုင်ဘူးဟေ့"

"ဘာဖြစ်လို့လဲ အချစ်ရယ်။ ရှင်ဘယ်လိုဖြစ်လာတာလဲ။ ရှင်ဟာမနှစ်ကတဲကစပြီး၊ စိတ်ပြောင်းလာပြန်ပလား။ မနှစ်က ဆိုယင်၊ကျွန်မကို ဘယ်သူကနောက်ပိုး၊ ပိုးပိုး မပိုးပိုး၊ရှင် ဂရုမစိုက်ဖူးမဟုတ်လား။ ရှင် အမြှောင်ထားပြီး ဒီအမြှောင်မကိုအရှုးအမူးဖြစ်နေတုန်းက၊ အခု ည ရှင် ကျွန်မကိုပြောသလို ကျွန်မကလဲ ရှင့်ကို ပြောခဲ့ဘူးတယ်။ ကျွန်မပြောရတာက အကြောင်းလုံလောက်လို့ ပြောတာရှင့်။ ရှင်ဟာ **မာဒမ်ဒီဆယ်ဗီနဲ့** ဖြစ်နေတယ်။ ဒီလို ဖြစ်နေတာဟာ ကျွန်မကို စိတ်ဆင်းရဲအောင်လုပ်တာဘဲ။ ကျွန်မကို လူရယ်စရာဖြစ်အောင် လုပ်ထာဘဲ။ အဲသလို ပြောခဲ့တုန်းက၊ ရှင် ကျွန်မကို ဘာပြန်ပြောခဲ့သလဲ။ လွတ်လွတ်လပ်လပ် နေချင်သလို နေပါလားတဲ့။ အသိတရားပြည့်ဝတဲ့ လူတန်းစားတွေမှာ အိမ်





ထောင်ရေးဆိုတာ အစုစပ်လုပ်ငန်းတခုဘဲ။ လူမှု ဆက်ဆံရေးမှာ ကတိပဋိညာဉ်ထားကြတဲ့သဘောဘဲ။ ဒါပေမယ့် ဒီပဋိညာဉ်မျိုးဟာ ကိုယ်ကျင့်တရားကိုမူတည်ပြီး၊ ချမှတ်တဲ့ပဋိညာဉ်မျိုး မဟုတ်ဘူး။ အဲသလို ရှင်ပြောခဲ့တယ်။ ရှင့်မယားငယ်ဟာ ကျွန်မထက် မက်စရာကောင်းတယ်။ ကျွန်မထက် မိန်းမပီသတယ်လို့ ရှင်ဘဲဆိုတယ်။ မိန်းမပီသ သတဲ့။ အဲဒါ ရှင်ပြောတဲ့ စကားတော့။ ရှင် အဲဒီလိုပြောတုန်းက ကျွန်မရဲ့စိတ်ကို မထိခိုက်ရလေအောင် ရေရှေမွန်မွန် ပြောတဲ့အတွက် ကျေးဇူးတင်ပါသတဲ့ရှင်။ အဟုတ်ပါ။ ဒါပေမယ့် ရှင်ဘာဆိုလိုတယ်ဆိုတာ ကျွန်မ နားလည်ပါတယ်။ ဒီနောက် ရှင်နဲ့ကျွန်မဟာ ကင်းကွာခဲ့ကြတာဘဲ မဟုတ်လား။ တအိမ်ထဲမှာ အတူတူနေပေမယ့်၊ တယောက်နဲ့ တယောက် ပေါင်းနိုင်ကြတော့ဘူး။ ကျွန်မတို့မှာ ကလေးတယောက်တော့ ရှိပါရဲ့။ ဒါပေမယ့် ဒီကလေးဟာ တခြားလူတွေရှေ့မှာ လင်ရယ် မယားရယ်လို့ ဟန်လုပ်ဖို့ အတွက်ပါဘဲ။ ပြီးတော့လဲ ကျွန်မ မျောက်မထားရင် ရှင်က နဲ့နဲ့ကလေးမှ ကန့်ကွက်လိမ့်မယ် မဟုတ်ဘူးဆို။ အဲ၊ လူတော့ မသိပါစေနဲ့လို့ ရှင်ပြောခဲ့တယ်။ မိန်းမဆိုတာ အဲဒီလို မျောက်မထားတဲ့ကိစ္စမှာ အင်မတန် လည်တယ်လို့ ရှင်ကဘဲ ကျွန်မကို တရားဟောပြခဲ့သေးတယ်။ ဒီကိစ္စမျိုးကျယင် မိန်းမတွေဟာ တတ်လဲတတ်နိုင်ပါပေရဲ့၊ဘာရဲ့ ညာရဲ့နဲ့လဲ ရှင်ပြောခဲ့တာဘဲ။ ကျွန်မ နားလည်ပါတယ် အချစ်ရယ်။ ရှင်ဟာ **မာဒမ်ဒီဆယ်ဗီကို** အင်မတန်ချစ်တယ်။ ရှင်ရဲ့ တရားဝင်မယား၊ ကာယကံမြောက် မယားကတော့ ရှင့် အိမ်ထောင်သုခမှာ ကန့်လန့်ကန့်လန့်ဖြစ်နေတယ်။ အဲဒီလို ရှင်ပြောပြီးတဲ့နောက်၊ ရှင်နဲ့ကျွန်

မဟာ လူရွှေသူရွှေမှာ စုံတွဲ တွဲခဲ့ကြသော်လဲ ကျွန်မတို့ အိမ်တွင်းမှာတော့ တယောက်နဲ့တယောက် တစိမ်းပြင်ပြင်ဘဲမဟုတ်လား။ ဟော၊ အခုတော့ ဟိုတလ နှစ်လလောက်ကစပြီး ရှင်ဟာ ကျုပ်အပေါ် သဝန်ကြောင်လာတယ်။ ဘယ်လိုဖြစ်ထာလဲ၊ ကျုပ်နားမလည်ပေါင်တော်”

“ခင်ရယ်၊ ငါသဝန်ကြောင်တာ မဟုတ်ပါဘူး။ ခင်ဟာငယ်ပါသေးတယ်။ စိတ်လိုက်မာန်ပါလုပ်ယင် လူတကာ အပြောခံရမှာ စိုးရိမ်မိတယ်”

“ရယ်စရာဘဲ။ တော်လုပ်ပုံတွေဟာ မှတ်ကျောက်တင် မခံပါဘူးတော့ ။ ကိုယ် ကိုယ်တိုင် မစောင့်နိုင်တဲ့ သီလကို သူများစောင့်ထိန်းဘို့ မတိုက်တွန်းပါနဲ့တော်”

“တောင်းပန်ပါရစေကွယ်။ ဒါ ရယ်စရာမဟုတ်ဖူး။ မရယ်ပါနဲ့ ခင်ရယ်။ ငါက မင့်ကို သူငယ်ချင်းမိတ်ဆွေလို ပြောနေတာပါ။ မင်းပြောတဲ့ စကားတွေကတော့ သက်သက်ကားပြီး ပြောတာဘဲ”

“အလို၊ ကျုပ်မကားရပေါင်တော်။ **မာဒမ်ဒီဆယ်ဗီ**ကိုအရှူးအမူး စွဲနေပြီလို့ ရှင်ဖွင့်ပြောတော့၊ ရှင်ဟာ ကျုပ်ကို ရှင့်နမူနာယူဘို့ နည်းပေးလမ်းပြလုပ်ခဲ့တာဘဲ။ အဲဒီလို ကျုပ်စိတ်ထဲမှာ မှတ်ထားတယ်။ ဒါပေမယ့် ရှင့်နမူနာကို ကျုပ်မယူပေါင်”

“ဒီမယ်၊ ငါတခုပြောမယ်”

“ကျုပ်စကား ဆုံးအောင် ပြောပါရစေအုံး။ ကျုပ်အခုထိ ရှင့်လို အမြှောင် ထားမကြည့်ရသေးဘူးရှင့်။ တယောက်ယောက်နဲ့ လင်ငယ်နေရမလားလို့တော့ အောက်မေ့မိပါရဲ့။ ဒါပေမယ့် စိတ်





တိုင်းကျ မတွေ့သေးဘူးရှင့်။ ကျုပ်လင်ငယ်နေယင် ရှင့်ထက်သာရမယ်။ ဒါဟာ ရှင့်ဂုဏ်ကို လေးစားတဲ့ သဘောပါ။ အဲ၊ ရှင်ကတော့ ဒီလိုလေးစားတဲ့တန်ဘိုးကို သိမှာမဟုတ်ပါဘူး”

“ဒီလို နောက်တီးနောက်တောက် မပြောသင့်ဘူးကွယ်”

“ကျွန်မက မနောက်တတ်ဖူးရှင့်။ အတည်သာ ပြောတတ်တယ်။ ဟိုတနှစ်တုန်းက ရှင် ကျွန်မကိုပြောတဲ့ စကားတွေ တခွန်းမှ မမေ့သေးဘူး။ ရှင် ဘာချည်းပြောပြော၊ ကျွန်မကြိုက်တာတွေ့ယင် လင်ငယ်နေမယ်။ ကျွန်မ လင်ငယ်နေပလား ဆိုယင်၊ ရှင်မရိပ်မိအောင် နေမယ်။ အများတကာလိုဘဲ၊ ရှင်လဲ ဘာမှသိမဲ့ လူ မဟုတ်ပါဘူး”

“မင်း ဘယ့်နှယ် ဒီလိုပြောတာလဲ”

“ဘယ့်နှယ် ဒီလိုပြောရမှာလဲ အချစ်ကယ်။ **မာဒမ်ဒီဂဲ** ကရှင်တို့အကြောင်းကို ဘာမှ မရိပ်မိဘဲ **မက်ရှားဒီဆယ်ဗီ** ကို လှောင်တော့ ရှင်က တောင် ပထမ ရယ်လိုက်သေးတယ်”

“ဆိုပါတော့လေ၊ ဒါပေမယ့် အခု မင်းပြောနေတဲ့ စကားတွေဟာ မင့်ဂုဏ်သရေနဲ့ မလိုက်ပါဘူး”

“အော် ဟုတ်လား။ **မက်ရှားဒီဆယ်ဗီ** နဲ့ ပတ်သက်တုန်းကတော့ ရှင်က ရယ်စရာလို့ ထင်တယ်။ ရှင့် အလှည့်ကျတော့ ရယ်စရာမဟုတ်ဖူး။ တော်တို့ ယောကျ်ားတွေဟာ တော်တော် ထူးဆန်းတာဘဲနော်။ ကျွန်မ ဒါမျိုး ပြောရတာ ပြောချင်လွန်းလို့ ပြောရတာ မဟုတ်ပါဘူး။ အဆင်သင့် ဖြစ်ပြီထင်လို့ ကျွန်မ ပြောနေရတာ ရှင့်”

“ဘာ အဆင်သင့် ဖြစ်ထာလဲ”

"မိန်းမ လှည့်စားတာ ခံဘို့ အဆင် သင့် ဖြစ် ပလားလို့ ရှင့်၊ ယောကျ်ားဆိုတာ ဒါမျိုးတွေ ကြားရလို့ ဒေါသ ထွက်နေယင် မိန်းမလှည့်သမျှခံဘို့ အဆင်သင့်မရှိသေးဘူးဆိုလို့ရမယ်။ နောက် နှစ်လကြာလို့ မိန်းမ လှည့်သမျှ ခံရတဲ့ ယောကျ်ား အကြောင်း ကျွန်မက ရှင့်ကို ပြောပြယင် ရှင် ရယ်မှာဘဲ။ အထူးသဖြင့် ရှင့် ကိုယ်တိုင် မိန်းမလှည့်တာခံရယင် ရှင် သာပြီး ရယ်ရမယ်"

"မင်း ဒီည ငါ့အပေါ် တယ် စော်ကားပါကလား။ မင်း အရင်တုန်းက ဒီလိုမဟုတ်ပါဘူး"

"ကျုပ် အရင်လို မဟုတ်တော့ဘူး ရှင့်။ ပြောင်း သွား ပြီ။ ပြောင်းတယ်ဆိုတာ အဆိုးဘက်ကို ပြောင်းလာတာကို ပြော တာရှင့်။ အဲဒါ တော်တော့ကြောင့်"

"ဒီမှာ ခင်ရယ်၊ အတည် ပြောစမ်းပါရစေ။ ဒီနေ့ညတုန်း ကလို **မက်ရှာဗျူရယ်**က မင်းကို နောက်ပိုး ပိုးတာမျိုး မခံပါနဲ့"

"ကျွန်မ သိပါတယ်။ ရှင် သဝင်ကြောင်လာပြီ"

"မဟုတ်ပါဘူး၊ ငါ့ကို အရူးလုပ်တာ မခံနိုင်ဘူးကွဲ့။ ဒီည လို ထပ်ပြီး ဟိုအကောင်က စားမလို ဝါးမလိုနဲ့ မင်းကိုကြည့်စမ်း၊ ကြည့်ယင်တော့ အဆော်ဘဲဟေ့"

"ရှင် ကျွန်မကို ချစ်ချင်လာပြီထင်တယ်"

"ကိုယ့်မိန်းမ ကိုယ် မချစ်ရဘူးလား။ ဟေ့ ချစ်ထာထက် ဟိုဘက်ဘောင် လွန်သွားအုံးမယ်"

"ကျေးဇူးတင်ပါသတဲ့ ရှင်။ ဒါပေမယ့် ဝမ်းနည်းစရာဘဲ၊ ကျွန်မကတော့ ရှင့်အပေါ် စိတ်ကုန်ပြီ"





မြို့စားကြီးသည် ထိုင်ရာမှထ၍ လဘက်ရည်စားပွဲကို ပတ်ချာ လှည့်ကာ သူ့ ဇနီးနောက်သို့ ရောက်လေသော် ဇနီး၏ ဂုတ်ကို ရှတ်တရက် နမ်းလိုက်၏။ မြို့စားကတော်သည် ငေါက်ကနဲထ၍ မီးပွင့်သော မျက်လုံးများဖြင့်ကြည့်ကာ "ရှင် ကျုပ်ကို စော်ကား တယ်ပေါ့လေ၊ ရှင်နဲ့ ကျုပ်နဲ့ ဘာမှမဆိုင်ဘူး။ ကျုပ်တို့ဟာ တဦးနဲ့တဦး တစိမ်းတွေတော့" ဟု ပြောလေ၏။

"စိတ်မဆိုးပါနဲ့ ခင်ရယ်၊ ခင် ဒီည သိပ်လှတာဘဲ။ ငါတော့ စိတ်မထိန်းနိုင်တော့ဘူး"

"ဒီလိုဆိုယင်၊ ကျွန်မ ယခုတလော အလှတွေ တိုးနေတယ် ထင်ပါရဲ့"

"ခင် တကယ့်ကို လှလာတယ်ကွယ်။ ခင့် လက်မောင်းကလေး တွေ၊ ပခုံး ကလေးတွေဟာ လှတယ်၊ ခင့် အသား ကလေးတွေ ကလဲ"

"ကျွန်မ အသားကလေးတွေကလဲ **မက်ရှာဗျူရယ်**ကို ညို့နိုင် မှာပေါ့ နော်"

"မင်း တယ် ယုတ်မာပါကလား။ ဒါပေမယ့် ခင်ရယ်၊ မင်းလို ညို့ဓာတ်ရှိတဲ့ မိန်းမမျိုး ငါ တခါမှ မတွေ့ဘူးသေးပါဘူး"

"ရှင် အခုတလော တော်နေတယ်ထင်ပါရဲ့"

"ဟေ့ မင်း ဘာပြောလိုက်တာလဲကွဲ့"

"ကျွန်မ ပြောတာက ဒီလိုပါရှင့်၊ ရှင် အခုတလော တော်နေ တယ် ထင်ပါရဲ့"

"ဘာ ဘယ့်နှယ်၊ မင်း ဘာကိုဆိုလိုတာလဲ"

"ကျွန်မ ပြောတာကို ကျွန်မ ဆိုလိုတာပေါ့ရှင့်၊ ရှင် ဥပုသ်စောင့်နေတာ ကြာပြီထင်တယ်။ ဒါကြောင့်မို့ ဆာနေတယ်။ ဆာနေတဲ့ လူဟာ တခြားအခါမှာ မစားဘူးဆိုတဲ့အစာကိုလဲ စားမှာဘဲ။ ကျွန်မဟာ ရှင် မကြိုက်တဲ့ ဟင်းခွက်ပါ။ အခုလိုညမျိုးမှာတော့ မကြိုက်တဲ့ ဟင်းလဲ ရှင်မြိုတော့မှာပေါ့လေ"

"**မာဂရီ**၊ မင်းဒီစကားမျိုးကို ဘယ်သူကများ သင်ပေးထားသလဲကွယ်"

"ရှင်ဘဲ သင်ပေးတာဘဲ၊ ကျွန်မ သိသမျှတော့ ရှင့်မှာမယားငယ် လေးယောက် ရှိတယ်။ ဇာတ် မင်းသမီးက တယောက်၊ လူဂုဏ်တန်းက တယောက်၊ မိန်းမရှင်က တယောက် စသဖြင့်ပေါ့လေ။ ဒီတော့ ရှင် အခု ကျွန်မအပေါ် ချက်ချင်း စိတ်လည်လာပြီဆိုတော့ ဥပုသ်ဆောင်က ထွက်လာပလားလို့သာ ကျွန်မမှာ တွေးစရာ ကျန်တော့ သရှင့်"

"ရှိင်းတယ်လို့ဘဲ ပြောပြော၊ ကြမ်းတယ်လို့ဘဲဆိုဆို၊ ငါတော့ မင်းကို နောက်တချီ ချစ်လာပြန်ပြီ။ အရူးအမူး ချစ်သကွ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ။ ဒါဖြင့် ရှင် ကျွန်မကို ဟိုဒင်း"

"အေးလေ"

"ဒီညလား"

"အို **မာဂရီ**ရယ်"

"ဟော၊ ဟော၊ ရှင့်ကို တလွဲထင်မိပြန်ပြီထင်ပါရဲ့။ ဒီမှာရှင့်၊ ကိုယ့်လူ ဖြေးဖြေး သက်သာ ပြောကြတာပေါ့ရှင်။ ကျွန်မတို့နှစ်ယောက်ဟာ တစိမ်းတွေပါ နော်၊ မဟုတ်ဖူးလား။ ကျွန်မဟာ ရှင့်မိန်းမတော့ဟုတ်ပါရဲ့။ နို့ပေမယ့် ကျွန်မဟာ လွတ်





လပ်တယ်နော်။ ချစ်ခြင်း ချစ်ယင် ကျွန်မ ရှင်ကလွဲပြီး ဒီပြင်လူကို ချစ်ချင်တယ် ရှင့်။ အဲ၊ ရှင့်ကိုတော့ ဦးစားပေးရမှာပေါ့လေ။ ဒါပေမယ့် သူများ ကိုယ်ဘိုး လျော်ကြေးယူသလို ကျွန်မလဲယူချင်တယ်"

"ဟ၊ မင်းပြောတာ ငါ နားမလည်ပါဘူး၊ ဘာပြောချင်တာလဲ"

"ကျုပ် ရှင်းရှင်းပြောပါရစေ၊ ကျုပ်ဟာ ရှင့် မယားငယ်တွေလောက် ချောရဲ့လား"

"ဆယ်ပြန် ချောတယ်"

"အလှဆုံးဆိုတာတွေထက် လှရဲ့လား"

"ဆယ်ပြန်မက လှတယ်ကွာ"

"အဲ့ဒီ အလှဆုံးဆိုတာဟာ သုံးလအတွက် ဆိုယင် ဘယ်လောက်ကျသလဲ"

"ဟော့၊ မင်း ဘာဆိုချင်တာလဲကွ"

"ကျုပ်ဆိုချင်တာက ဒီလိုရှင့်။ ရှင့်ကောင်မတွေ အတွက် သုံးလစာ ရှင်ဘယ်လောက်သုံးသလဲ။ ဆိုပါတော့ လက်ဝတ်လက်စားဘိုး၊ မော်တော်ကားဘိုး၊ ထမင်းဘိုး အားလုံးဘယ်လောက်ကုန်သလဲ"

"ငါ ဘယ့်နှယ်လုပ်သိနိုင်မလဲဟ"

"ရှင်သိရမှာပေါ့။ ဥပမာ တလကို ဖရန့်ဒင်္ဂါး ငါးထောင်လောက် မကုန်ဘူးလား။ ဟင်"

"အင်း။ ဆိုပါတော့"

"ကိုင်း။ ဒီလိုဆိုယင် အချစ်ရယ် ကျွန်မကို ငါးထောင်ဘဲပေးပါတော့။ ဒီညကစပြီး တလလုံး ကျွန်မကိုရှင်ပိုင်တယ်"

"မာဂရီ၊ မင်းရူးနေသလားကွ"

"မရူးပါဘူးရှင်။ ဒါပေမယ့် ရှင့်သဘောပေါ့။ ကျွန်မ အိပ်တော့မယ်"

မြို့စားကြီးကတော်သည် သူ့အိပ်ခန်းထဲသို့ ဝင်သွားသည်။ အိပ်ခန်း၌ရေမွှေးနံ့ သင်းပျံ့နေ၏။ မြို့စားကြီးကား အခန်းဝသို့ရောက်လာလေသည်။

"တယ်မွှေးပါကလားဟေ့"

"မွှေးတယ်သား။ ကျွန်မကတော့ စပိန်ရေမွှေးကို အမြဲသုံးသရှင့်။ တခြားဟာကို ဘယ်တော့မှ မသုံးဘူး"

"ဟုတ်ကလား။ ငါအရင်က သတိမထားမိဘူးဟေ့။ တယ်သင်းတာဘဲ"

"သင်းချင်လဲ သင်းမှာပေါ့။ ဒါပေမယ့် ကျုပ် အိပ်ချင်ပြီ။ တော် အပြင်ထွက်တော့"

"မာဂရီ ရယ်"

"ကဲပါ၊ ထွက်စမ်းပါ"

မြို့စားကြီးလည်း အခန်းထဲသို့ဝင်၍ ကုလားထိုင်တခုပေါ်ထိုင်လိုက်၏။

"ရှင်မထွက်ဖူးလား။ ကိုင်း ဒါဖြင့်"

မြို့စားကြီးကတော်သည် ဤသို့ပြောရင်း ဖြူဖွေးသော လက်နှင့် လည်တိုင်ရိုးပေါ်အောင် အင်္ကျီကို ချွတ်လိုက်သည်။ ထို





နောက် ဆံပင်ကို ဖြည်ရန် လက်နှစ်ဖက်ကိုခေါင်းပေါ်သို့မြှောက်တင်လေ၏။

မြို့စားကြီးလည်း ရှေ့သို့တလှမ်းတိုးလာသည်။

"တော် ကျုပ်အနားမကပ်နဲ့နော်။ ကျုပ်စိတ်ဆိုးမိလိမ့်မယ်။ နားလည်လား"

မြို့စားကြီးသည် မြို့စားကတော်ကို လက်နှစ်ဖက်နှင့် သိမ်းကျုံး၍ ပွေ့ပြီးလျှင် နမ်းမည်ပြု၏။ မြို့စားကတော်ကား မှန်တင်ခုံပေါ်ရှိ ရေမွှေးထည့်ထားသော ဖန်ခွက်ကို ကပျာကယာ ယူ၍ မြို့စားကြီး၏မျက်နှာကို ပေါက်၏။

မြို့စားကြီးသည် လွန်စွာ ဒေါသဖြစ်သည်။ နောက်သို့ တလှမ်းနှစ်လှမ်း ဆုတ်၍ ညည်းတွားသည်။

"တော်တော် မိုက်တဲ့ ဟာမဘဲ"

"မိုက်ချင်လဲမိုက်မှာဘဲ။ ဒါပေမယ့် ကျုပ်ပြောတဲ့ စည်းကမ်းအတိုင်းငွေငါးထောင်ဘဲရှင့်"

"ကြံကြီးစည်ရာကွာ"

"ဘယ်နှယ်ကြောင့် ပြောပါအုံး တော်"

"ကိုယ့်မယားကို ကိုယ်ပိုက်ဆံ ပေးရတယ်လို့၊ ဘယ်မှာများကြားဘူးသလဲ"

"ရှင် တော်တော်ရိုင်းနော်"

"ရိုင်းတယ်လို့ ဆိုချင်ဆိုနို့ပေမယ့် ကိုယ့်မယား ကိုယ်ပိုက်ဆံ ပေးရတယ်လို့ ဘယ်မှာမှ မကြားဘူးပေါင်ဗျာ။ ငါအခုထပ်ပြောလိုက်အုံးမယ်ကွ၊ ကြား မကြားဘူးပေါင်ဗျာ။ ရူးဘဲ ရူးလွန်းတယ်"

"အပျော်မယားကို ပိုက်ဆံပေးရတာထက် ပိုဆိုးသလားရှင်။ အိမ်မှာ ကိုယ့်သားမယားရှိလျက်သားနဲ့ ဒီလိုပိုက်ဆံ ပေးပေါင်းရတာကမှ ရှုးတာရှင့်"

"ဒါလဲ ဟုတ်ချင်ဟုတ်မှာပေါ့၊ နို့ပေမယ့် ငါ့မှာလူရယ်စရာ သက်သက်ဖြစ်တော့မှာဘဲ"

မြို့စားကြီးကတော်သည် ကုတင်ပေါ်တွင် ထိုင်၍ ခြေအိတ်ကို ချွတ်ရာ၊ နီမြန်းသော ခြေထောက်များ ဖွေးကနဲ ပေါ်လာသည်။

"မင်းစိတ်ကူးကလဲ အဆန်းဘဲ မာဂရီ ရယ်"

"ဘာ စိတ်ကူးလဲ"

"ငါ့ကို ငွေ ငါးထောင် တောင်းတာလေ"

"ဘာဆန်းလို့လဲ ရှင်နဲ့ကျုပ်နဲ့တစိမ်းဘဲ။ ရှင်ကျုပ်ကို ချစ်လာတယ်ဆို။ ကောင်းပါရဲ့တော်။ ရှင်အခုလို ချစ်သော်လဲ ရှင်ကျုပ်ကို လက်မထပ်နိုင်တော့ဘူးရှင့်။ ကျုပ်တို့က လက်ထပ်ပြီးသားကိုးတော့။ ဒီတော့ ရှင်ကျုပ်ကိုဝယ်ဘို့ဘဲရှိတယ်။ ရှင် တခြား မိန်းမတွေကိုတော့ ဝယ်ယူတယ်မဟုတ်လား။ ရှင့်ငွေကို သုံးဖြုန်းပစ်မယ့် ဒီပြင်ကောင်မတွေကို ငွေပေးမယ့်အစား ကျုပ်ကိုငွေပေးရတာက ပိုမကောင်းဘူးလား။ ကိုင်းလေ ကိုယ့်မယားကိုယ်ပိုက်ဆံပေးဝယ်တယ်ဆိုတဲ့ စိတ်ကူးကလေးဟာ မဆန်းပါလား။ ဆန်းတယ်လို့ ရှင် ဝန်ခံရမှာပေါ့။ ရှင့်လိုအသိဉာဏ်နဲ့ လူမျိုးဟာ ဒီစိတ်ကူးမျိုးကို သဘောခွေ့သွားမှာပါဘဲ။ ပြီးတော့လဲ တော်တို့ယောကျ်ားဆိုတာဟာ ပိုက်ဆံများများကုန်တဲ့ဟာမျိုးကိုမှ အဖိုးတန်တယ်လို့ ထင်တယ်မဟုတ်လား။ ပြီးတော့လဲ ပိုက်ဆံပေးပြီးမှ လင်ရယ်မယားရယ်လို့ ချစ်ရတာကို တိတ်တိတ်ပုန်း ချစ်ရတာနဲ့စာကြည့်ယင် အရသာ တမျိုးပေါ့တော်။ မဟုတ်ဖူးလား"

မြို့စားကြီးကတော်သည် ခေါင်းလောင်း နှိပ်ရန် ထလိုက်သည်။

"ကိုင်း။ ကိုယ်တော်မြတ် မကြွဘူးလား ကြွမလား။ အခု အိမ်ဖော်မိန်းမကို ခေါ်လိုက်မယ်"

မြို့စားကြီးသည် စိတ်ရှုပ်၍ မကြေမချမ်းနှင့် ငိုင်နေသည်။ ထိုနောက် ရုတ်ခြည်းပင် ငွေစက္ကူများကို ဘောင်းဘီအိတ်ထဲမှ နှိုက်၍ မြို့စားကြီးကတော်အား ပစ်ပေးသည်။

"ဟောဒီမှာ မယ်မင်းကြီးမ ငွေခြောက်ထောင်။ ဒါပေမယ့် တခုတော့ မှတ်ထားစမ်း"

မြို့စားကြီး ကတော်သည် ငွေစက္ကူတို့ကို ကောက်ရေရင်း "ဘာပြောတယ်"ဟု မေးသည်။

"မင်းနောက်ကို ဒီလို မလုပ်ရဘူး"

မြို့စားကြီးကတော်သည် ခွက်ထိုးခွက်လန် ရယ် သည်။ ထိုနောက် ဤသို့ဆိုသည်။

"တလ ငါးထောင်ပေးယင်ပေး မပေးယင် ရှင့်ကို ဇာတ်မင်းသမီးတွေဆီရောက်အောင်ကို ကျုပ်မောင်းထုတ်မယ်။ ပြီးတော့ ရှင်ကျုပ်ကို သဘောကျလာပလားဆိုယင် ကျုပ်နောက်ထပ် တိုးတောင်းအုံးမယ်တော့"

## ဇ ရာ

အောက်ပါ ကြော်ငြာကို သတင်းစာ အားလုံးက ထည့်ကြသည်။

'**ရောင်ဒလီ** ရေချိုးဆိပ်သည် ရက်ရှည် လည်ပတ်ရန်အတွက် သော်၎င်း၊ အမြဲတမ်းနေထိုင်ရန်အတွက်သော်၎င်း၊ နှစ်သက်စရာ ဖြစ်ပါကြောင်း။ ရေချိုးဆိပ်ရှိ သံခါတ်ပါသောရေသည် သွေးသားစင်ကြယ်စေရန် အကောင်းဆုံးဟု ကမ္ဘာနှင့် အဝှန်း အသိအမှတ်ပြုထားကြခြင်းကြောင့်၊ အသက်ရှည်စေသော အကျိုး အာနိသင်နှင့် ပြည့်စုံသည်ဟု ဆိုရပါမည်။ ထိုထူးခြားသော အာနိသင်သည် မြို့၏အနေအထား ကောင်းခြင်းကြောင့်လည်း ဖြစ်သည်ဟု တနည်းဆိုနိုင်ပါသည်။ မြို့သည် ထင်းရှူးတော အလယ်ဗဟိုတွင် တောင်ပတ်လည်ဝန်းရံလျက် တည်ရှိပါသည်။ ထိုမြို့၌

ထူးခြားစွာ အသက်ရှည်သူ အမြောက်အမြား နေထိုင်ခဲ့ကြသည်ဟု ရှေးပဝေဏီကပင် ကျော်ကြားခဲ့ပါကြောင်း။

ထိုကြော်ငြာကြောင့် လူထုအများ ပန်းပြားခပ်မျှ ရေချိုးဆိပ်သို့ လာရောက်ကြသည်။’

တနံနက်တွင် အသစ်ရောက်လာသော ဧည့်သည်ဖြစ်သူ **မက်ရှာဒါရွှန်** သည် ရေချိုးဆိပ်ရှိ ရေပူစခန်းတို့ကို ထိန်းသိမ်းရသော ဆရာဝန်အား ခေါ်သည်။ သူသည် တမြန်နေ့ကမှ ရောက်လာ၍ တောစပ်ရှိ လှပသော အိမ်တဆောင်ကို ငှားရမ်းသူဖြစ်သည်။ သူသည် အသက် ရှစ်ဆယ့်ခြောက်နှစ်ရှိ လူဗလံကလေး ဖြစ်သည်။ လျှင်မြန် ဖျပ်လတ် ကျန်းမာသန်စွမ်း၍ သူ့အသက်ကို လူတကာ မသိရအောင် ကြိုးစားပမ်းစား လျှို့ဝှက် ထားတတ်သူတည်း။

**မက်ရှာဒါရွှန်** သည် ဆရာဝန် ရောက်လာသောအခါ ဆရာဝန်အား ထိုင်ပါဟု ဆို၍ မဆိုင်းမတွ မေးမြန်းစုံစမ်းသည်။

“ဒေါက်တာရေ့၊ ကျုပ်ကျန်းမာတာဟာ ကျန်းမာခြင်းနဲ့ ညီအောင် နေလို့ဘဲဗျာ့။ ကျုပ်မအိုသေးဘူးနော်။ ဒါပေမယ့် အသက်ကတော့ ကြီးတဲ့အရွယ်ပေါ့လေ။ နို့ပေမယ့် မဖျားမနာရအောင် အနည်းဆုံး နေထိုင်မကောင်းမဖြစ်ရအောင်၊ ကျန်းမာခြင်းနဲ့ညီအောင် နေသဗျာ့။ ဒီအရပ်ကတော့ ကျန်းမာခြင်းနဲ့ ညီတဲ့ ရာသီဥတုရှိတယ်လို့ ပြောကြတာဘဲ။ ကျုပ်တော့ ယုံပါတယ်။ ဒါပေမယ့် ကျုပ်ဒီမှာ တသက်လုံးနေမသွားခင် ကျန်းမာခြင်းနဲ့ ညီတယ်ဆိုတဲ့ သာဓကကိုမြင်ချင်တယ်ဗျာ။ ဒါကြောင့်မို့ ဒေါက်တာဟာ ကျုပ်ဆီကို တပတ်တခါလောက် ကြွပါ။ အဲ ကျုပ်သိချင်တဲ့ အချက်တွေကိုတော့ တိတိကျကျသိပါရစေ။





“ပထမဆုံး၊ ဒီမြို့နဲ့ မြို့ပတ်ဝန်းကျင်မှာရှိတဲ့ အသက်ရှစ်ဆယ်ကျော် လူစာရင်း အပြည့်အစုံကို လိုချင်တယ်။ ပြီးတော့ သူတို့ရဲ့ ကိုယ်ကျန်းမာမှု၊ စိတ်ကျန်းမာမှု အခြေအနေ အသေးစိပ်ကိုလဲ နည်းနည်းပါးပါး သိချင်တယ်။သူတို့ ဘာလုပ်စားတယ်၊ ဘယ်လိုနေထိုင်တယ်၊ဘာဝါသနာရှိတယ်၊အဲဒါတွေကိုလဲ သိချင်တယ်။ သူတို့အထဲက တဦးဦး အနိစ္စရောက်ခဲ့သော်၊ ဘာ့ကြောင့် ဘယ်လို အနိစ္စရောက်တယ်ဆိုတာကို အသေးစိတ် ကျုပ်ကိုပြောပြရမယ်”

ထိုနောက် **မက်ရှာဒါရွှန်**သည် ခန့်ငြားသော အိန္ဒြေဖြင့် “ဒေါက်တာရယ်၊ ခင်ဗျားနဲ့ကျုပ်နဲ့ ရင်းရင်းနှီးနှီး မိတ်ဆွေဖြစ်ချင်သဗျာ့”ဟု ဆို၍ လက်ဆွဲနှုတ်ဆက်ရန်အလို့ငှာ သူ၏ရှုံ့တွနေသော လက်ကလေးကို ဆန့်ပေးသည်။ ဆရာဝန်လည်း အကူအညီပေးပါမည်ဟု ပြန်ပြောရင်း လက်ဆွဲနှုတ်ဆက်သည်။

**မက်ရှာဒါရွှန်**သည် သေခြင်းတရားကို အလွန်အမင်းကြောက်သည်။ လောကီချမ်းသာဟူသမျှသည် အသက်အန္တရာယ်ကို ဖြစ်စေတတ်သောကြောင့် ယင်းတို့ကိုပယ်သည်။ စိတ်ကူးယဉ်စေ၍ ပျော်ရွှင်စေတတ်သော ဝိုင်အရက်ကိုမျှပင် သူမသောက်။ အဘယ့်ကြောင့် ဝိုင်အရက်ကို မသောက်ပါသနည်းဟု သူတပါးက မေးလျှင်၊ **မက်ရှာဒါရွှန်**သည် ထိတ်လန့်သောအသံဖြင့် “ကျုပ်အသက်ကို ကျုပ် နှမြောလို့ မသောက်တာဗျာ့”ဟု ပြန်ပြောလေ့ရှိ၏။ ‘ကျုပ်အသက်’ဟု သူ ပြောလိုက်သောစကားသည် ယေဘုယျအားဖြင့် သူ့အသက်ကို တန်ဘိုးဖြတ်၍ မရစကောင်းဟူသော သဏ္ဌာယဒိဋ္ဌိသဘောပါဝင်သည်။ ‘ကျုပ်’ဟူသောစကားသည် သူတပါးအသက်နှင့် သူ့အသက် လွန်စွာ ခြားနားကြောင်း

အစိပ္ပာယ်ရှိသည်။ ထို့ကြောင့် ထိုမေးခွန်းမျိုးကို မဖြေစကောင်း ဟုပင် သူယူဆ၏။

စင်စစ်သော်ကားသူပိုင်သော သုံးဆယ့်နှစ်ကောဋ္ဌာသနှင့်ပစ္စည်း ပစ္စယ အားလုံးတို့ကို ရည်ညွှန်းပြောဆိုလျှင်၊ ငါ့အိမ်၊ ငါ့ဟာ၊ ငါ့ ဥစ္စာဟူသော သာမိကာရကစွဲဖြင့် ပြောဆိုလေ့ ရှိသည်။ 'ငါ့ မျက်စိ၊ ငါ့ခြေ၊ ငါ့လက်' ဟု ပြောလိုက်သောအခါ၊ သူတပါး ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းနှင့် လားလားမျှမဆိုင်၊ သူနှင့်သာ ဆိုင်သည်ဟု မှတ်ယူရမည်။ သူမှတပါး အခြားသူတို့၌ ကိုယ်လက် အင်္ဂါဆိုသည်မှာ လုံးဝမရှိသကဲ့သို့ပင်။ 'ကျုပ် ဆရာဝန်'ဟု ပြောလိုက်သောအခါ၌ သူ၏သက္ကာယစွဲသည် ပို၍ထင်ရှားသည်။ သူ့ဆရာဝန်ကို သူသာပိုင်သည်။ သူ့ဆရာဝန်သည် သူ့အတွက် သာဖြစ်သည်။ သူ့ဆရာဝန်သည် သူ၏ရောဂါကိုသာ ကုရမည့်သူ ဖြစ်သည်။ သူတပါး၏ ရောဂါကို ကုသရန် မဟုတ်။ သူ့ဆရာဝန် သည် စကြာဝဠာတခုလုံးရှိ အခြားဆရာဝန်တို့ထက် အကျွင်းမဲ့ သာရမည်။

သူမှတပါး အခြားလူသတ္တဝါဟူသည်မှာ ကမ္ဘာလောကကို မွမ်းမံသော ဗာဟိရပစ္စည်းပမာ ပြယုဂ်မျှသာဖြစ်၏။ ထိုသတ္တဝါ တို့ကို မတော်တဆ ကြုံတွေ့လျှင် နှုတ်ဆက်ရသော လူစားတစား၊ နှုတ်မဆက်ရသော လူစားတစားဟူ၍ သူက နှစ်မျိုး ခွဲခြားထား သည်။

သို့သော် **ရောင်ဒလီမြို့**နေ ဆရာဝန်က အသက်ရှစ်ဆယ်ကျော် မြို့သူမြို့သား တဆယ့်ခုနစ်ယောက် စာရင်းကို သူ့အားပေးလိုက် သည့်နေ့မှစ၍ သူ၏ရင်တွင်းဝယ် စိတ်ဝင်စားခြင်းအသစ် ဖြစ်ပေါ်





လာသည်။ ဘဝ၏ခရီး လမ်းကြောင်းတွင် သူ့ထက်အလျင် တ ယောက်ပြီးတယောက် ကျဆုံးကျန်ရစ်မည်ဖြစ်သော အဖိုးအိုများ အတွက် သူ့၌ထူးခြားသောကရုဏာ ဖြစ်ပေါ်မိ၏။

သို့သော် သူသည် ထိုအဖိုးအိုတို့နှင့် အကျွမ်းဝင်ရန် အလို မရှိချေ။ သူတို့၏ခန္ဓာကိုယ် အခြေအနေကိုမူကား အသေအချာသိ သည်။ ထို့ကြောင့် ကြာသပတေးနေ့တိုင်းတွင် သူနှင့်အတူ ညစာ စားလေ့ရှိသော ဆရာဝန်ကို ထိုကိုယ်ခန္ဓာ အခြေအနေ အ ကြောင်းနှင့်သာ စပ်လျဉ်း၍ စကားပြောသည်။ "အဘယ့်နှယ်လဲ ဒေါက်တာရဲ၊ **ဂျိုးဇက်ရှို ပွိုင်ရှို** ဘယ့်နှယ်နေသေးသလဲ။ ဟိုအ ရင်တပတ်က သူ နေလို့မကောင်းဘူးဗျ့" ဟူသော ကျန်းမာရေး အခြေအနေမျိုးကိုသာ မေးသည်။ ဆရာဝန်က လူနာ၏ ကျန်း မာရေးအခြေအနေကိုပြောပြလျှင် သူက ဓာတ်စာကိစ္စ၊ စမ်းသပ် နည်း၊ ကုထုံးနည်းစသည်ကို ပြုပြင်ရန်အကြံပေးသည်။ အမှန်မှာ ထိုအကြံပေးချက်တို့သည် သူတပါးနှင့် နေရာကျလျှင် သူ့အတွက် အသုံးချဘို့ဖြစ်သည်။ ထိုလူ ဆယ့်ခုနစ်ယောက်ကို အစမ်းကုသ ခြင်းသည် သူ့ကျန်းမာရေးအတွက် သင်ခန်းစာသဘောမျိုး ဖြစ် သည်။

တညနေ၌ ဆရာဝန်သည်**မက်ရှာဒါရှွန်**ထံသို့ "**ရိုဇလီ တူနဲ** ဆိုတဲ့ အမယ်ကြီးသေပြီ" ဟု လာပြောသည်။ **မက်ရှာဒါရှွန်**သည် တုန် လှုပ်၍ "ဘာရောဂါနဲ့သေသလဲ" ဟု မေးသည်။ ဆရာဝန်က ရင်ကြပ်၍ သေကြောင်း ပြောပြ၏။ ထိုအခါမှ လူအိုဖြစ်သူ **မက်ရှာဒါရှွန်**သည် "အော်" ဟုဆိုကာ ရင်ဝယ် အလုံးကြီး ကျ သကဲ့သို့ ရှိသွားသည်။ "အင်း၊ မိန်းမကြီးက ၀ လွန်းတယ်။ ဖိုင့်

လွန်းတယ်။ အစားကိုလဲ အလွန်အကျံ စားလိုက်တယ် ထင်ပါရဲ့။ ကျုပ် သူ့အရွယ်လောက် ရောက်ယင်၊ အတော် သတိထားရမှာပေါ့”ဟု ဆိုလေသည်။အမှန်မှာ **မက်ရှာဒါရွှန်** သည် **ရှိဇလီ** ထက်နှစ်နှစ်မျှကြီးသည်။ သို့သော် အဖိုးကြီးသည် သူ့အသက်ခုနစ်ဆယ်အထက်သို့ ကျော်လာပြီကို ဘယ်နံရောခါမျှ ဝန်မခံချေ။

လပေါင်းအနည်းငယ် ကြာသော် **အွန်နရီ ဖြိဆို** သေသောအလှည့်သို့ ရောက်လာသည်။ **မက်ရှာဒါရွှန်**သည် များစွာတုန်လှုပ်မိ၏။ ဤတကြိမ် အနိစ္စရောက်သည်မှာ ယောကျ်ားဖြစ်သည်။ သူ့အသက်နှင့် သေသူ၏အသက်သည် သုံးလမျှသာကွာသည်။ သေသူသည် ပိန်သည်။ ကျန်းမာရေးကိုသည်း ဂရုစိုက်သည်။ ထို့ကြောင့် သေရသည့်အကြောင်းရင်းကို **မက်ရှာဒါရွှန်** စုံစုံလင်လင် မမေးဝံ့ဘဲ၊ ဆရာဝန်အ ပြောကို စောင့်၍နားထောင်သည်။

“အခုလို ဖြုန်းကနဲ သေရှာရသကိုး။ လွန်ခဲ့တဲ့ တပတ်တုန်းက အကောင်းသားဘဲ ဒေါက်တာရယ်။ သူ အနေအထိုင် မဟုတ်လို့ ထင်ပါရဲ့”

ဆရာဝန်သည် **မက်ရှာဒါရွှန်** ၏အဖြစ်ကိုကြည့်၍ သဘောကျနေသည်။

“ကျွန်တော်တော့ ဒီလိုမယူဆပါဘူး။ သူ့သားသမီးတွေ ပြောတော့ သူဟာကျန်းမာရေးကို တယ်ပြီးဂရုစိုက်ဆိုဘဲ”

ထိုအခါ **မက်ရှာဒါရွှန်**သည် သူ့ကိုယ်သူ အိန္ဒြေမဆည်နိုင်တော့ဘဲ “ဒါဖြင့်လဲ၊ ဘာ၊ ဘာ၊ ဘာ ရောဂါကြောင့် သေရသလဲဗျာ”ဟု စိတ်မကောင်းစွာဖြင့် မေးသည်။

“အဆုတ်ထဲ ရေဝင်လို့ဗျာ့”





ဤအဖြေသည် ဝမ်းသာဘွယ်ရာအဖြေဖြစ်သည်။ လူလုံး လူဖန် သေးသည့် အဖိုးအိုသည် သူ၏ ပိန်ချောက်ချောက် လက်ကို ပွတ်ရင်း “အဲ၊ ကျုပ် အသိသားဘဲ၊ သူ အနေအထိုင် မဆင်ခြင်ဘူးဗျာ့။ အဆုတ်ထဲရေဝင်တယ်ဆိုတာဟာ သူ့ဖာသူ ဖြစ်ထာမဟုတ်ဖူး။ သူ ထမင်းစားပြီးယင် လေကောင်းလေသန့် ရှူတတ်တယ်။ လေအရှူ ကောင်းလွန်းတော့ ရင်ပပ် အအေးမိတာပေါ့။ အဆုတ်ထဲရေဝင်တယ်ဆိုတာ၊ ရောဂါဖြစ်ထာမဟုတ်ဖူး။ အခန့်မသင့်လို့သာ ရေဝင်တာ။ အဆုတ်ထဲရေဝင်လို့ သေရတယ်ဆိုတာ ကာယကံရှင်က ပေါ့လို့သေရတာဘဲ”

**မက်ရှာဒါရွှန်** သည် အသက် ထင်ရှား ကျန်ရစ်သူတို့၏ အကြောင်းကို ပြောရင်း ညစာထမင်းကို ရွှင်ပြစွာ စားသည်။ “အခု လူဆယ့်ငါးယောက်ပဲကျန်တယ်။ ဒါပေမယ့် သူတို့အားလုံးဟာ အင်မတန် မာတာဘဲမဟုတ်လား။ လူ့လောကဆိုတာ ဒီလိုပေါ့လေ။ ကျန်းမာရေးချို့တဲ့သူတွေ ပထမသေရတာဘဲ။ ဒါပေမယ့် အသက်သုံးဆယ်က ကျော်သွားယင် အသက်ခြောက်ဆယ်အထိ နေဘို့ကိန်း များလာတာပါဘဲ။ အဲ၊ အသက် ခြောက် ဆယ်ကျော်ပြီဆိုယင်လဲ အသက် ရှစ်ဆယ်အထိ နေရဘို့ မခက်ပါဘူး။ အသက်ရှစ်ဆယ်ကျော်သူတွေအဖို့တော့ အသက်ရာကျော်နေရဘို့မလွဲကေန်ပါဘဲဗျာ့။ ဘာ့ကြောင့်ဆိုတော့ သူတို့က ကျန်းမာတယ်။ ကျန်းမာရေးဂရုစိုက်တယ်၊ အကြမ်းပတမ်း ခံနိုင်ရည်ရှိတယ်။

သို့နှင့်လည်း တနှစ်အတွင်းတွင် နောက်ထပ် လူနှစ်ယောက် အနိစ္စရောက်ပြန်သည်။ တယောက်မှာ ဝမ်းကိုက်ရောဂါနှင့် ဆုံးသည်။ အခြားတယောက်မှာမူ တက်၍သေသည်။ ဝမ်းကိုက် ရော

ဂါနှင့် ကွယ်လွန်သူအတွက် **မက်ရှာဒါရွှန်** သည် အတော် သဘော တွေ့မိသည်။ သေသူသည် မသေမီတနေ့က အစားမှားမိလိမ့်မည်။ "ဝမ်းကိုက် ရောဂါဆိုတာဟာ ကျန်းမာရေး ဂရုမစိုက်သူ တွေ့ရ တတ်တဲ့ ရောဂါဘဲ ဒေါက်တာရယ်။ ခင်ဗျားဟာ သူ့ ကျန်းမာ ရေး ကို ဂရုစိုက်ကြည့်ပေးသင့်သဗျာ "တက်သေသေသူမှာမူ ယခင်က အမှတ်တမဲ့ ဂရုမစိုက်ပဲ ထားမိသော နှလုံးအခြေအနေ ကြောင့် ဖြစ်ရပေလိမ့်မည်။

တညနေတွင် ပျော့ဖပ်ဖပ်အင်္ဂါရုပ်ရှိသော **ပေါလ် တီမိုနေ** ဆိုသူ ကွယ်လွန်ပြီဟု ဆရာဝန်ကလာ၍ အကြောင်းကြားသည်။ ထိုသူမှာ အသက်ရာကျော်နေရလိမ့်မည်ဟု အများက မျှော်လင့် ထားသူဖြစ်၍ သူသည် ရေချိုးဆိပ်ကြော်ငြာအလို့ငှာ အကောင်း ဆုံး နမူနာဖြစ်သည်။ **မက်ရှာဒါရွှန်** သည် ထုံးစံအတိုင်း ဆရာ ဝန်အား "ဘာရောဂါနဲ့ သေသလဲ"ဟု မေးသည်။ ဆရာဝန်က "မှန်တာ ပြောရမှာဖြင့် ဘာရောဂါနဲ့ သေမှန်း မသိပါဘူး"ဟု ဆိုလေ၏။

"ခင်ဗျား ဘာပြောလိုက်ထာလဲ၊ မသိဘူးရယ်လို့ဗျာ။ ခင်ဗျား သိရမယ်ဗျ။ ရုပ်ခန္ဓာ တခုခု ယိုယွင်းလို့ ဖြစ်ရမှာပေါ့"

ဆရာဝန်က ခေါင်းခါ၍ "ဘာမှယိုယွင်းတာ မရှိဘူး"ဟု ဆို၏။

"အသဲဖြစ်ဖြစ်၊ ကျောက်ကပ်ဖြစ်ဖြစ် ယောင်လို့ သေတာ မဟုတ်ဖူးလား"

"ဟင့်အင် အသဲလဲ ကောင်းတယ်၊ ကျောက်ကပ်လဲ ကောင်း တယ်"





"လေဝမ်း မှန်မမှန် ခင်ဗျား စစ်ဆေးမကြည့်ဘူးလား။ အစာ မကြေတဲ့အခါမှာလဲ ရုတ်တရက် လေဖြတ်တတ်တယ်ဗျ"

"လေဖြတ်လို့သေတာလဲ မဟုတ်ပါဘူး"

**မက်ရှာဒါရွှန်** စိတ်ရှုပ်လာသည်။ တုန်လှုပ်ချောက်ချားလာ သည်။

"ဒါပေမယ့် တခုခုအကြောင်းကြောင့် သေတာ ဖြစ်ရမယ်။ ဒေါက်တာ ဘယ်လိုထင်သလဲ"

ဆရာဝန်သည် အရှုံးပေး၍ လက်မြှောက်လိုက်ရသော အမူ အရာဖြင့် "ကျုပ်တို့ ဘာမျှမသိဘူးဗျာ။ သူသေချင်လို့ သေတာ ဘဲ။ ဒါဘဲသိတယ်"ဟု ပြောလေ၏။

**မက်ရှာဒါရွှန်** သည် စိတ်ထိခိုက်လာပြီးလျှင် "နေပါဦး သူ့ အသက်ကိုတော့ ကျုပ်မမှတ်မိတော့ဘူး။ သူဘယ်အရွယ်လဲဗျ" ဟု မေး၏။

"ရှစ်ဆယ့်ကိုးနှစ်ရှိပြီဗျ"ဟု ဆရာဝန်က ဖြေသည်။

လူဗလံအဖိုးကြီးသည် ရောဂါမရှိဘဲ သေရသည် ဆိုသည်ကို ယုံနိုင်လောက်အောင် ရှိသည်။ သို့သော် သူ့ အဖို့မှာမူကား ၍ သေရိုးထုံးစံမရှိဟု စိတ်နှလုံး ဒုံးဒုံးချထားဟန် တူသည်။ အ ဘယ်ကြောင့်ဆိုသော် သူဟစ်အော်၍ ပြောမိသော စကားမှာ အင်း ရှစ်ဆယ့်ကိုးနှစ်နဲ့ သေရတယ်ဆိုတော့ အိုလို့သေတာတော့ မဟုတ်တန်ရာဘူး"ဟုသောကြောင့်တည်း။

# သူ့အလှည့် ကိုယ့်အလှည့်

## အခန်း ၁

က်ရှာဒီဂရဲလ်  သည် ပက်လက်ကုလားထိုင် တလုံးပေါ်တွင်
ကာ တကိုယ်ထီးတည်း ညည်းတွားနေသည်မှာ

ယောကျ်ားဘဲကွာ  လှေခါးသုံးထစ်ဆင်းမိယင် လူပျို ပြန်
တာပေါ့။ ရယ်စရာဘဲဟော့။ ငါပါရီမြို့မှာတုန်းက မရိပ်မိဘူး။
ကန်း မြို့ကို ရောက်တော့မှ ငါ လူပျိုပြန်ဖြစ်ပါပကောလို့ သိ
ယ်။ အခု ငါ့အိမ်က ထွက်ခဲ့ပြီဆိုတော့ တမျိုးကြီးဘဲ။  ဒါပေ
ယ့် ဒီအတွက်ကြောင့်တော့လည်း ညည်းနေစရာမလိုပါဘူး။

အဲ ငါ့မိန်းမကတော့ နောက် အိမ်ထောင်ပြုပြီဆိုဘဲ။

ပုဂံစာအုပ်တိုက်

သူ့နောက်ယောကျ်ားဟာ စိတ်ချမ်းသာပါ့မလား။ ငါ့ထက် စိတ်ချမ်းသာနိုင်ရဲ့လား။ ငါညားပြီးသား မိန်းမကို ယူတဲ့ လူဟာ တော်တော်မိုက်တာဘဲ။ အဲ ငါလဲ ဒီမိန်းမကို သူ့ အရင်ယူမိတာ တော်တော်မိုက်ပါကလား ဟ။ အဲ၊ အဲ၊ သူ့မှာ ကောင်းကွက်ကလေး တခုတော့ရှိရဲ့။ အဆင်းကတော့ လှသကိုးဗျ့။ အဲ့ အချင်းတော့ မရှိဘူး။

ကောင်မက တော်တော်လှည့်ဖြားတက်တဲ့ ဝက်နွှာဘဲ။ ပျံ့တန်တန်၊ နန့်တန့်တန့်နဲ့ ကိုယ့်ယောကျ်ား မဟုတ်တဲ့လူတွေနဲ့ ငြိတတ်တဲ့ မိန်းမစားမျိုး။ ငါနှယ် မျောက်မထားမရဲ့ ယောကျ်ားများ ဖြစ်နေလေရော့သလား။ မိုးလင်းကမိုးချုပ် ကိုယ့်ဟာ ကိုယ် မသင်္ကာရတာနဲ့ စိတ်ဒုက္ခအတော်ရောက်ခဲ့ရတယ်။ ဘယ်တုန်းကမှ သူ့အကြောင်း ရေရေရာရာ မသိခဲ့ရဘူး။

သူ့ကို စောင့်ဖမ်းဘို့ ဥာဏ် ဆင်လိုက်ရတဲ့ ဖြစ်ခြင်း။ ဒါနဲ့တောင့် ငါ့မှာ လက်ဆုပ်လက်ကိုင်မမိလို့ ဘာမျှမသိဘူး။ ဒါပေမယ့် ငါဟာ မျောက်မထားမရဲ့ ယောကျ်ား အစစ်ပါ။ ဟယ် ခုတော့ ဝဋ်ကျွတ်ပဟော့။ ကွာဟဲ့ ဆိုတော့လဲ အလွယ်ကလေးဘဲ။ အဲ၊ ကြိမ်ဘိုးတော့ ငွေတကျပ်လောက် ကုန်သွားတယ်။ လက်မောင်းလဲ အောင့်ကရော။ ဖောက်ပြားတတ်တဲ့ကောင်မကို စိတ်ရှိလက်ရှိ ရိုက်လိုက်ရတာ အတော် ကျေနပ်စရာဘဲ။

ကြိမ်နဲ့ဆော်လိုက်ထာမှ တရှမ်းရှမ်းဘဲ ဟေ့။

ဒီဂရဲလ် သည် ထိုင်ရာမှထ၍ ရယ်လိုက်ပြီးသော် တလှမ်း နှစ်လှမ်းလျှောက်ပြီးမှ ပြန်ထိုင်သည်။



အဲ ရုံးမင်းရဲ့အဆုံးအဖြတ်ကတော့ ငါ့အပေါ် အပြစ် တွေ့တာပေါ့။ ဒါပေမယ့် ကြိမ်နဲ့ တရှမ်း ရှမ်း ဆော် လိုက်ရ တာအမြတ်ပဲ။

ဟော အခု ပြင်သစ် တောင်ပိုင်းနယ်မှာ ဆောင်းရိပ်ခိုရင်း ငါ လူပျိုလုပ်ရပြန်ပကော။ ကံကောင်းတယ်ဆိုရမှာဘဲ။ တနေ့ရာမှာ အချစ်သစ်တွေ့ပြီး ချစ်စခန်းဖွင့်နိုင်ဘို့ ခရီးထွက်ရတယ်ဆိုတော့ ပျော်စရာကြီးဘဲ။ အခု ငါတည်းတဲ့ ဟိုတယ်မှာ ရွှေဖူးစာကံ ဘယ်လိုဖန်အုံးမလဲ။ သွားရင်း လာရင်း တွေ့မလား။ နောက်ထပ်ချစ်လိုက်ရအုံးမယ့် ဖူးစာသစ်ဆိုတာ ဘယ်မှာပါလိမ့်။ သူ့မျက်လုံးကလေးက ဘယ်လိုများ နေရှာမလဲ။ နှုတ်ခမ်း ကလေးကကော၊ ဆံပင်ကလေးကကော။ သူ့အပြုံးက ဘယ်လိုပြုံးပုံလဲ။ ငါ့ရင်ခွင်ထဲမှာ ပါးကလေးအပ်ပြီး ငါ့ကို မွှေးမွှေးပေးမယ့် ငါ့နောက်မိန်းမဟာ ဘယ်သူနဲ့များ တူမှာလဲ။ အသားညိုချောလား။ ဖြူဖြူဖွေးဖွေး ရေဆေးငါးလား။ မြင့်မြင့်လား။ ပုပုလား။ ပြုံးပြုံးကလေးလား။ အိန္ဒြေရှင်လား။ တစ်တစ်ရစ်ရစ်လား။ ဟဲ၊ ဟဲ၊ တစ်တစ်ရစ်ရစ် ဖြစ်ရလိမ့်မနော်။

အလို၊ စိတ်ကူးနဲ့ မှန်းရတာလောက် ပျော်စရာကောင်းတာ ဘယ်မှာရလိမ့်မတုံး။ ဒီအရသာမျိုး မသိတဲ့လူကို သနားလိုက်ပါဘိ။ ငါ တကယ်ချစ်ရမယ့် မိန်းမကို အခုဘယ်လိုနေမှန်း မသိဘဲ မျှော်မှန်းတမ်းတလို့သာ နေရတယ်။ ငါ့ရင်ထဲမှာသူဝင်ပြီး ငါ့ကို ဖမ်းစားနေပြီ။ နဖူးတွေ့ ဒူးတွေ့တော့ မတွေ့ရသေးဘူး။ ငါ့စိတ်ကူးထဲမှာတော့ အဆင်းနဲ့ပြည့်စုံတဲ့ တော်လေးဝဘဲ ဟေ့။

သူကလေး အခုဘယ်မှာပါလိမ့်။ ဒီဟိုတယ်မှာဘဲ ရှိလေမလား။ ဒီတံခါးဖုံးနောက်မှာ ပုန်းများ နေရော့ သလား။ ကိစ္စမရှိပါဘူးလေ၊ တနေ့ကျတွေ့ရမယ်လို့ တမ်းတပြီး စိတ်စွဲနေသမျှ ကနေ့လား၊နက်ဖြန်လား၊ ဒီတပတ်အတွင်းလား၊ နောက်တပတ်အတွင်းလား၊ ခုလား၊ နောင်လား တနေ့နေ့တွေ့ရမှာ သေချာပါတယ်။ ဖူးစာဆုံဘို့ရာ မုချပါဘဲ။

ပွေ့ဖက်၊ ကျီစယ်၊ နမ်းရှုပ်ရတဲ့ အချစ်ဦးစည်းစိမ်ကို ပထမဆုံး ခံစားရပေအုံးမပေါ့။ ချစ်သူနှစ်ဦးအတွေ့ထူးလို့မို့ ရှူးမတတ်ဖြစ်ကြရဦးမယ်။ အပျိုဘဝကို အပိုင်သိမ်းပြီး၊ ဒိန်းဒလိန်းနတ်ဖမ်းသလို အငမ်းမရ ချစ်လိုက်ကြရအုံးမယ်။ သတို့သမီးရဲ့ ကြာချည်ကို လှစ်အကြည့်၊ ဂွမ်း ဆီထိသလို ပီတိဖြစ်ရမှာ မျိုးကိုမှနားမလည်ယင် လူအဘဲဟေ့။ အင်း၊ အမှန်တော့ အိမ်ထောင်ပြုတယ်ဆိုတာ မိုက်လို့သာပြုကြတာဘဲ။ ဘာ့ကြောင့်ဆိုတော့ မင်္ဂလာဦးညမှာ ပျော်ရတယ်ဆိုတာ တခါသာ ပျော်လို့ရသကိုးဗျာ့။ နှစ်ခါပျော်လို့ မရဘူး။

ဟော၊ ပြောရင်း ဆိုရင်း မြာတယောက်တော့လာလေရဲ့။

ခါးသေး၍ ရင်ချီသော ငါးရန့်ကိုယ်လုံးနှင့် မိန်းမတယောက်သည် ခပ်လှမ်းလှမ်း ဝါးရုံတာမှ ရှောက်လာလေသည်။



ဘောက်၊ တယ်ပြီး ရုပ်ဖြောင့်တဲ့ မိန်းမ ပါကလား ဟေ့။ ဟန်ကလဲ မခေဘူးဟဲ့။ မှန်းစမ်း သူ့ မျက်နှာ ကလေးကိုမြင်ရအောင် ကြည့်လိုက်စမ်းမယ်။

ထိုမိန်းမသည် ပက်လက် ကုလားထိုင်ထဲတွင် မြုပ်နေသော ဒိဂရဲလ် ကို မမြင်ဘဲ ရှေ့မှဖြတ်သွားသည်။

ဒင့်အမေကလွှား။ လက်စသတ်တော့ ငါ့မိန်းမ ပါကလား။ အဲလေ ခုတော့ ငါ့မိန်းမ မဟုတ်တော့ဘူး။ ရှန်တီဗေရဲ့ မိန်းမဖြစ်နေပြီ။ မိန်းမက ခပ်ပေါ့ပေါ့ဆိုပေမယ့် ယဉ်စစ တော့အရှိသား။

ဟိုက်၊ ငါဟာ သူ့ကိုပြန်ပြီး ယူများ ယူချင်လာ ပလား။ ဟော သူ ထိုင်လိုက်ပြီ။ စာဖတ်နေပြီ။ ငါ မသိချင် ယောင်ဆောင်အုံးမှဘဲ။

ငါ့ မိန်းမနှယ်ကွယ်၊ ကြုံမှကြုံရပလေ။ ငါ့စိတ်ကတော့ မရိုးမရှဘဲဟေ့။ စင်စစ်တော့ သူ့ငါ့မယားမဟုတ်ထာ တနှစ်လောက်ပဲရှိသေး။ အဲ၊ အဲ၊ တနှစ်ကျော်ကျော်ရှိသွားပြီ။ သူ့ရုပ်ရည်ရူပကာမှာတော့ ကောင်းကွက်တွေ တွေ့နိုင်ပါတယ်။ သူ့ ခြေသလုံးကြည့်ပါလား။ အမယ်လေး၊ ဒါကိုတွေးမိတော့ ငါ ရင်ပိုတယ်။ ရင်ကလေးချီနေတာကို ကြည့်အုံးမလား။ ဘယ် ညာဘယ် ညာ၊ ခြေလှမ်းလှမ်းလိုက်ယင် နိမ့်တုံမြင့်တုံနဲ့ ကုဋေတသန်းတန် အိခြေဘဲဟေ့။

ဒါပေမယ့် အလိုလေး၊ ဘုရားရေ။ သူ့ အကျင့်ကတော့ တော်တော် တန်သဗျာ့။

သူ အမြောင် ထားခဲ့ဘူးသလား မပြောတတ်ဖူး။ ငါတော့ အမြဲမသက်ာဘူး။ အဲ၊ ခုတော့ ဒီကိစ္စကြောင့် ငါ့မှာဗျာ မများ ရတော့ဘူး။

သူမွေ့ရာပေါ်မှာ လှဲနေတာကို ကြည့်မလား။ ယောကျ်ားကို သိမ်းကျုံးဆွဲငင်နိုင်တဲ့ မိန်းမမျိုးဟာ၊ သူ့အပြင် ဘယ်မှာမှ မရှိဘူးဗျာ။ စောင်ကလေးဆွဲပြီးခြုံလိုက်ပုံက၊ တကတဲ၊ သောက်ကျိုးနဲ့။

ဟယ် ဟုတ်ပါပြီ။ ငါ သူ့ကို ဒုတိယမို ကြိုက်လာပြန်ပြီ။ သူ့ကိုစကားစကြည့်ရ ကောင်းမလား။ ဒါပေမယ့်၊ ဘာက ဘယ်လိုစတင်ပြီး ပြောရမှာတုံး။

မတော်တဆ အော်လိုက်မှဖြင့်၊ ငါက သူ့ကိုကြိမ်နဲ့ ဆော်ထားတယ်မဟုတ်လား။ ငါလဲ့ ဟိုတုန်းက တော်တော်ရက်စက်မိတယ်ထင်ပါရဲ့။

ကိုင်း၊ ငါသူ့ကိုစကားပြောကြည့်မယ် ဆိုပါတော့၊ ရယ်စရာတော့ ကောင်းမှာဘဲ။ နို့ပေမယ့် ရီးတီးရားတားတော့မဟုတ်ဖူး။ ဒါဟာ အင်မတန် ပြောင်မြောက်တဲ့ အလုပ်ပဲ။ ဘာဘဲဖြစ်ဖြစ် ပြောကြည့်လိုက်အုံးမကွာ။ ဟန်ယင်တော့ အင်း ကြည့်ကြသေးတာပေါ့။



## အခန်း ၂

မက်ရှာဒီဂရဲလ်သည် စာထဲ၌စိတ်ရောက်နေသော မိန်းမပျိုကို ချဉ်းကပ်၍ စကားချီသွေးသည်။

အမိရယ် ကျုပ်ကိုမှတ်မိသေးရဲ့နော်။

မာဒမ်ဒီရှန်တီဗေ သည် ဦးခေါင်း မော့ကြည့်ပြီးသော်၊ ဟစ်အော်၍ ထွက်ပြေးရန်ဟန်ပြင်သည်။ ဒီဂရဲလ်သည်လက်ဖြင့်ကာဆီးရင်း အောက်ကျို့သော လေသံဖြင့် တောင်းပန်သည်။

အမိရယ် ကျုပ်ကို မကြောက်ပါနဲ့ အမိဟာ အခု ကျုပ်မိန်းမ ဟုတ်တော့ပါဘူး။

**မာဒမ်ဒီရှန်တီဗေ။** ။ရှင် တယ် မျက်နှာပြောင် တိုက်နိုင်ပါကလား။ အခုလိုဖြစ်ပြီးတဲ့ နောက်မှာ တောင်မှ

**မက်ရှာဒီဂရဲလ်။** ။မျက်နှာပြောင် တိုက်တယ်လား။ ကျုပ်တိုက်ရပေါင်ဗျာ။ ဒီမယ် အမိကျေနပ်အောင် ကျုပ် ပြောပရဦးအုံး။ အမိကိုမြင်မိတော့ အမိနဲ့တွေ့ပြီး စကားမပြောဘဲ မနေနိုင်လွန်းလို့ပါကွယ်။

**မာဒမ်ဒီရှန်တီဗေ။** ။ရှင် ကျွန်မကို လှောင်စရာ မှတ်လို့လား။ တန်ပါရှင်။

**မက်ရှာဒီဂရဲလ်။** ။မလှောင်ရပါကလားဗျာ။

**မာဒမ်ဒီရှန်တီဗေ။** ။ဒါလှောင်တာမဟုတ်ယင် စော်ကားတာပေါ့။ မိန်းမသားတဦးကို ရိုက်လား နှက်လားလုပ်ခဲ့တဲ့ လူမျိုးဟာ ဘာမဆိုလုပ်ဖို့ရာ ဝန်လေးမှာ မဟုတ်ပါဘူး။

**မက်ရှာဒီဂရဲလ်။** ။မစိမ်းကားစမ်းပါနဲ့ အမိရယ်။ ကျုပ် ဝမ်းနည်းပါတယ်။ ဒီလို ဝမ်းနည်းစရာကို စိတ်လိုက်မာန်ပါ ပြုကျင့်မိတဲ့အတွက် ကျုပ်ကို အပြစ်မတင်သင့်ဘူး ထင်ပါတယ်။ စင်စစ် ကျုပ် ဒီလိုလုပ်ခဲ့လို့ အမိကတောင် ကျေးဇူးတင်ဘို့ကောင်းသေးတယ်လို့ ယူဆသဗျာ။

**မာဒမ်ဒီရှန်တီဗေ။** ။(အံ့အားသင့်လျက်) ဘာပြောတယ်။ ရှင်ဘာပြောသလဲ။ ရှင် ရူးသလား။ ဒါမှမဟုတ်လဲ ကျုပ်ကိုတောသူမ အ အ လို့သဘောထားပြီး ရယ်စရာလုပ်နေတာလား။

**မက်ရှာဒီဂရဲလ်။** ။မဟုတ်ရပါဘူးအမိရယ်။ အထင်တော်မလွဲလိုက်ပါနဲ့။ အမိကိုကြည့်ရတာ မပျော်ဘူးထင်တယ်။

**မာဒမ်ရှန်တီဗေ။** ။ရှင်ပြောတာ ဘာအဓိပ္ပါယ်လဲ။

**မက်ရှာဒီဂရဲလ်။** ။ကျုပ်နေရာ ရောက်လာတဲ့လူနဲ့ အမိနဲ့ ရှင်ရှင်ပျော်ပျော် ဘဲဆိုယင် အခုလို အိမ်ထောင်သစ် ထူနိုင်ဘို့ ကျုပ်ရက်စက်ခဲ့တာကို အမိကျေးဇူးတင်မိမှာဘဲ။

**မာဒမ်ဒီရှန်တီဗေ။** ။ရှင်စကားပြောပုံက ခနိုးခနဲ့ နဲ့၊ လွန်လွန်းပြီနော်။ ကျုပ်ဖာသာကျုပ်နေပါရစေ။

**မက်ရှာဒီဂရဲလ်။** ။နို့ ပေမယ့် အမိစဉ်းစားကြည့်စမ်းပါ။ ကျုပ်ကသာအမိကို မရိုက်ခဲ့ယင်၊ အမိဟာ ကနေ့ထိ ဒုက္ခဆိုတဲ့ ဝန်ထုပ်ကြီးကိုပိုးပြီး နေရအုံးမယ်မဟုတ်လား။





**မာဒမ်ဒီရှန်တီဗေ။** ။(အခံရခက်ပြီးလျှင်) ဟုတ်ရဲ့ရှင်၊ ရှင်ရက်စက်ထာခံရလို့ ကောင်းလှပါသတဲ့တော်။

**မက်ရှာဒီဂရဲလ်။** ။အဲဒီလိုဆိုယင်လဲ အမိကို ကောင်း ဘို့လုပ်ပေးတဲ့အတွက် ကျုပ်အပေါ် မျက်နှာထားမတင်းသင့်ပါဘူးဗျာ။

**မာဒမ်ဒီရှန်တီဗေ။** ။ကျုပ်က မျက်နှာထား တင်းတယ်ဆိုတာ ဟုတ်ပါလိမ့်မယ်။ ရှင့်မျက်နှာ ကြည့်ရတာ နှလုံးနာလို့ရှင့်။

**မက်ရှာဒီဂရဲလ်။** ။မင့် မျက်နှာကလေးကို ကြည့်ရတာကတော့ ဒီလိုမဟုတ်ပေါင်။

**မာဒမ်ဒီရှန်တီဗေ။** ။ရှင် မြှောက်ပင့် ပြောတာလဲ အမြင်ကတ်စရာ ကောင်းတာဘဲ။ ရှင် ရက်စက်ထာလဲ အမြင်ကတ်စရာကောင်းတာဘဲ။

**မက်ရှာဒီဂရဲလ်။** ။ဒါဖြင့် ကျုပ်ဘယ်လို လုပ်ရပ အမိငယ်။ ကျုပ်မှာ ရှေးကလို အမိကို ရိုက်နှက်ဆုံးမပိုင်ခွင့် မရှိတော့ဘူး။ ဒီတော့ အမိအကြိုက်ကိုဘဲ လိုက်လုပ်ရလိမ့်မယ်။

**မာဒမ်ဒီရှန်တီဗေ။** ။ဒီလိုဆိုယင်လဲ အရှင်းသားဘဲ။ ကျွန်မ အကြိုက်လိုက်ချင်သပဆိုယင် ရှင်သွားစမ်းပါ။

**မက်ရှာဒီဂရဲလ်။** ။ဒီအထိ အမိအလို လိုက်လျောဘို့တော့ ကျုပ်စိတ်မကူးဘူး။

**မာဒမ်ဒီရှန်တီဗေ။** ။ဒါဖြင့် ရှင်က ကျွန်မအပေါ်မှာ ဘာများ မျှော်လင့်ထားသတုံး။

**မက်ရှာဒီဂရဲလ်။** ။ဒီလိုလေ၊ ကျုပ်အပေါ်မှာ အမိက မှားခဲ့ပြီဆိုတာ ဝန်ခံယင်လဲ ကျုပ်အမှားကို ကျုပ်ဖြေရမှာပေါ့။

**မာဒမ်ဒီရှန်တီဗေ**။ ။(စိတ်ဆိုးလာ၍) အောင်မယ်၊ လာလာချည့်သေးတော်။ ရှင့်အပေါ်မှားခဲ့သတဲ့။ ရှင်ဦးနှောက်ပျက်နေပြီ ထင်ပါရဲ့။ ရှင် ကျွန်မကို ရက်ရက်စက်စက်ရိုက်ခဲ့တာ ရှင့်ဟာရှင် ဟုတ်လှပြီထင်နေသလား။

**မက်ရှာဒီဂရဲလ်**။ ။ထင်တယ်ဆိုပါတော့။

**မာဒမ်ဒီရှန်တီဗေ**။ ။ဘာ၊ ထင်မိတယ် ဟုတ်စ။

**မက်ရှာဒီဂရဲလ်**။ ။ဟုတ်တယ်လေ။ 'ခြောက်ကျိပ်လေးနှဲ့ မျောက်နဲ့မွေးပြန်သည်၊ ရောက်မယ့်ဘေးဒဏ် ပုဏ္ဏားခံရသလေး' ဆိုတာ ကြားဘူးမှာပေါ့။ ကျုပ်ဟာ သယောက်လင်စောင် အမြှောင်ထားတဲ့ မိန်းမရဲ့ယောကျ်ား။ အဲဒါ ဟုတ်သလား။ မဟုတ်ဖူးလား။ အမိဟာ ဒါကြောင့် အရိုက်ခံရတာမဟုတ်လား။ ဒါကြောင့်လဲ အခု အမိစိတ်မကောင်း ဖြစ်နေတယ်မဟုတ်လား။

**မာဒမ်ဒီရှန်တီဗေ**။ ။(ထိုင်ရာမှထ၍)ရှင့်၊ ရှင်ဟာကျွန်မကိုစော်ကားလှချည့်လား။

**မက်ရှာဒီဂရဲလ်**။ ။(စိတ်အားထက်သန်စွာဖြင့်) တောင်းပန်ပါရစေ။ ကျုပ်ပြောတာ နားထောင်စမ်းပါအုံး။ ကျုပ်ဟာ မင့်အပေါ် သဝန်တိုခဲ့တယ်။ ချစ်လွန်းလို့ သဝန်တိုတာပေါ့။ ပြီးတော့ ရိုက်လဲရိုက်မိတယ်။ ဒါလဲချစ်တယ်ဆိုတဲ့ သာဓကဘဲ။ ရိုက်ထာမှ နာနာကြီးရိုက်ခဲ့တယ်။ ဒါလဲဘဲ အချစ်ကြီးအမျက်ကြီးဆိုတာကို မငြင်းနိုင်အောင်ပြလိုက်ထာဘဲ။ တကယ်လို့ မင်းဟာ သစ္စာရှိတဲ့မယားဆိုယင် အခုလို အရိုက်ခံရပြီဆိုမှဖြင့် ငါ့ကိုခံပြီးရန်တွေ့စရာ အကြောင်းရှိရမယ်။ မုချဆတ်ဆတ် ရှိရမယ်။ ပြီးတော့





**မာဒမ်ဒီရှန်တီဗေ**။ ။ရှင် ကျွန်မကို အခုမှတော့ မသနားလိုက်ပါနဲ့နော်။

**မက်ရှာဒီဂရဲလ်**။ ။မင်း ဒီလိုပြောလိုက်တော့ ငါ နှစ်မျိုးစဉ်းစားကြည့်မိတယ်။ မင်းဟာ ငါက ကရုဏာသက်ထာကို အမြင်ကတ်ထာလား။ ဒါမှမဟုတ်ယင် ငါ့ကရုဏာကို မင်း မခံထိုက်လို့လား။ ဒီနှစ်လမ်းဘဲရှိတယ်။ တကယ်လို့ မင့်အပေါ်ငါက ကရုဏာ ဖြစ်မိတာမှာ၊ ငါ့ကရုဏာက မင်းနဲ့မတန်ဘူးဆိုယင် ငါ ခပ်စပ်စပ် ရိုက်ခဲ့တာဟာ မင်းနဲ့တန်တယ်လို့ဆိုရမယ်။

**မာဒမ်ဒီရှန်တီဗေ**။ ။အို၊ ရှင့်ဟာရှင် ဘာထင်ထင်။

**မက်ရှာဒီဂရဲလ်**။ ။ကောင်းပြီ ဒါဖြင့် ငါနားလယ်ပြီ။ မင့်ယောကျ်ားအဖြစ်နဲ့ ငါဟာ မျောက်မထားမရှဲ လင်ဘဲ။

**မာဒမ်ဒီရှန်တီဗေ**။ ။ကျွန်မ ဒီ အစိပ္ပာယ်မျိုးနဲ့ မပြောရပေါင်ရှင်။

**မက်ရှာဒီဂရဲလ်**။ ။ဒါပေမယ့် မင်းဆိုချင်တာကတော့ ဒါပါဘဲ။

**မာဒမ်ဒီရှန်တီဗေ**။ ။ကျွန်မ ဆိုချင်တဲ့ အဓိပ္ပာယ်က၊ ရှင် ကျွန်မကို ဘာမှ သနားကရုဏာ ရှိနေစရာမလိုဘူး။

**မက်ရှာဒီဂရဲလ်**။ ။စကားကို လှည့်ပတ် ပြောမနေပါနဲ့။ ဟုတ်တိုင်းမှန်ရာဝန်ခံစမ်းပါ။

**မာဒမ်ဒီရှန်တီဗေ**။ ။ရှင်နားရှက်စရာတွေ ပြောမနေပါနဲ့။ အမြင်ကတ်တယ်။ နှလုံးနာတယ်။

**မက်ရှာဒီဂရဲလ်**။ ။ကိုင်း၊ မင်းမကြိုက်တာ မပြောတော့ပါဘူး။ ဒါပေမယ့် ဖြစ်ရပ်အမှန်ကိုတော့ မင်းအသိဘဲ။

**မာဒမ်ဒီရှန်တီဗေ။** ။ရှင့်ဟာက ဟုတ်မှမဟုတ်ဘဲ။

**မက်ရှာဒီဂရဲလ်။** ။မင့်ကို အူထဲ အသဲထဲက လှိုက်လှိုက် လှဲလှဲ သနားလိုက်ပါဘိကရို့။ ဒါဖြင့် အခု ငါမင့်ကိုပြောမလို့ ဥစ္စာဟာ မဟုတ်ဖူးပေါ့။

**မာဒမ်ဒီရှန်တီဗေ။** ။ဘာပြောမလို့ဥစ္စာလဲ။

**မက်ရှာဒီဂရဲလ်။** ။ခုမှတော့ ငါပြောဘို့တောင် အကြွက် မဆိုက်တော့ဘူး။ မင်းကငါ့အပေါ် လှည့်ဖြားခဲ့ယင်သာ ငါ့မှာ ပြောစရာရှိလာမယ်။

**မာဒမ်ဒီရှန်တီဗေ။** ။ကိုင်း ဒါဖြင့် ကျွန်မက ရှင့်ကိုလှည့် ဖြားတယ်ဘဲ ထားပါတော့။

**မက်ရှာဒီဂရဲလ်။** ။ဒီလိုနဲ့ဘယ်ရမလဲ။ မင်းငါ့ကို ဝန်ခံမှ ငါ့ပြောစရာရှိတာကိုပြောမယ်။

**မာဒမ်ဒီရှန်တီဗေ။** ။ကိုင်းဒါဖြင့် ဝန်ခံပါပြီတဲ့ရှင်။

**မက်ရှာဒီဂရဲလ်။** ။ဟော၊ ဒီလိုနဲ့လဲ ဘယ်ရမလဲကွယ့်။ လက်ဆုပ်လက်ကိုင် သက်သေပြနိုင်မှ ငါဘာပြောချင်တယ်ဆိုတာ ပြောမယ်။

**မာဒမ်ဒီရှန်တီဗေ။** ။(ပြုံးလျက်)အောင်မယ် ရှင့်ဟာက လွန်လှချည့်ကလား။

**မက်ရှာဒီဂရဲလ်။** ။မလွန်ဘူး အမိရေ့။ ကျုပ် ပြောပါရ စေ။ အရေးကြီးတဲ့ အချက်ပါဘဲ။ ကျုပ်ကသာ မင့်ကိုပြောဘို့ရ မည်ရွယ်ခဲ့ယင် အခုလိုတကူးတက မင့်တွေ့အောင်ရှာနေပမလား။ ပထမမင်းက ငါ့ကိုလုပ်ပုံတွေ။ နောက်ပြီးတော့ ငါက မင်းကို





ပြန်ပြီးလုပ်ပုံတွေ အဲသလို အပြန်အလှန် တယောက်အပေါ် တယောက် မှားခဲ့ကြပြီးမှ ငါကမင့်ကို တမင်တွေ့အောင် ရှာပ မလား။ မင်းကိုပြောချင်လွန်းလို့သာ တွေ့အောင်ရှာတာပေါ့။ အခု ငါပြောမယ့်စကားတွေဟာ မင်းနဲ့ငါ့ကို အတူးထိခိုက်မယ့် စကားတွေဘဲ။ ဒါပေမယ့် မင်း ငါ့အပေါ် ဖောက်ပြားတာ မ ရှိခဲ့ဘူးရင်တော့၊ ငါပြောလို့ အလကားဘဲ။

**မာဒမ်ဒီရှန်တီဗေ။** ။ရှင်ဟာ အတော့်ကို အံ့စရာကောင်း တယ်။ ရှင့်ကို ကျွန်မက ဖောက်ပြားခဲ့တယ်လို့ ပြောပြီးတဲ့နောက် ရှင် ဘာသိချင်သေးသလဲ။

**မက်ရှာဒီဂရဲလ်။** ။သက်သေ သက္ခာယနဲ့ အတိအကျသိချင် တယ်။

**မာဒမ်ဒီရှန်တီဗေ။** ။သက်သေပြရအောင် ဘာနဲ့ ပြရမှာ တုန်း။ ဒီလိုကိစ္စမျိုးမှ ကျွန်မက သက်သေခံပစ္စည်းကို ကျွန်မ ကိုယ်ပေါ်မှာ ဆင်ထားရမှာလား။ ခုတော့ ဘယ်မှာသက်သေ ပြစရာ ကျန်အုံးမှာလဲ။

**မက်ရှာဒီဂရဲလ်။** ။သက်သေခံကို တွေ့ဘို့ဘဲ အရေးကြီး တယ်။ ဒီသက်သေခံဟာ ဘယ်မှာရှိရှိ ဒါက အရေးမကြီးဘူး။

**မာဒမ်ဒီရှန်တီဗေ။** ။တိတ်တိတ်ပုန်းကိစ္စမှာ ဘယ်နှယ်လုပ် သက်သေပြရပါ့မတုန်း ရှင့်။ (အနည်းငယ်ဆိုင်း၍) အဲဒီလောက် ဖွင့်ပြောယင် တော်ရောပေါ့ရှင်။

**မက်ရှာဒီဂရဲလ်။** ။(ခေါင်းညိတ်၍) ဒါဖြင့် မင်း ကျိန် ပြောဝံ့ပါ့မလား။

**မာဒမ်ဒီရှန်တီဗေ။** ။(ကျိန်တွယ်ရန် အလို့ငှာ အနောက်တိုင်းထုံးစံအတိုင်း လက်ကို တထောင်ဆစ်ကွေးခမြှောက်၍) ကျွန်မ ကျိန်ပြောဝံ့ပါတယ်။

**မက်ရှာဒီဂရဲလ်။** ။(အိန္ဒြေဖြင့်) အမိရယ်၊ ယုံပါပြီ။ ဒါပေမယ့် မေးပါရစေအုံး။ မင်း မင်း ဘယ်သူနဲ့ ဖောက်ပြန်တာတုံး။

**မာဒမ်ဒီရှန်တီဗေ။** ။အလိုလေးလေ။ ရှင့်ဥစ္စာက လွန်လွန်းလှချည့်ကလား။

**မက်ရှာဒီဂရဲလ်။** ။ငါ သူ့ကို အမည်နာမနဲ့တကွ သိရမှ ဖြစ်မယ်။

**မာဒမ်ဒီရှန်တီဗေ။** ။နာမည်ဖွင့်ပြောလို့ မဖြစ်ဖူးရှင်။

**မက်ရှာဒီဂရဲလ်။** ။ဘာ့ကြောင့်။

**မာဒမ်ဒီရှန်တီဗေ။** ။ကျွန်မမှာ လင်ကြီးသားကြီးနဲ့ ဘယ့်နှယ်လုပ် ဖွင့်ပြောနိုင်မှာလဲ။

**မက်ရှာဒီဂရဲလ်။** ။အင်း၊ ဆိုပါအုံး။

**မာဒမ်ဒီရှန်တီဗေ။** ။ပြီးတော့၊ ဒီအလုပ်မျိုး လုပ်တဲ့ လူများဟာ၊ ဒါမျိုးကျတော့ လျှို့ဝှက်ထားရတယ်တော့။

**မက်ရှာဒီဂရဲလ်။** ။အေး၊ မင်းပြောတာ ဟုတ်တယ်ဟေ့။

**မာဒမ်ဒီရှန်တီဗေ။** ။ပြီးတော့လဲ ရှင့်လက်ထက် တုန်းက ကျွန်မ ဖောက်ပြားခဲ့တာကတော့ ယခု ကျွန်မပေါင်းနေတဲ့ **မက်ရှာဒီရှန်တီဗေ** နဲ့ ရှင့်။

**မက်ရှာဒီဂရဲလ်။** ။ဒါတော့ မဟုတ်ပါဘူးကွာ။ မညာပါနဲ့။





**မာဒမ်ဒီရှန်တီဗေ။** ။ဘာလုပ် မဟုတ်ရမှာလဲ။

**မက်ရှာဒီဂရဲလ်။** ။ဟုတ်လို့ရှိယင် ရှန်တီဗေက မင့်ကို ယူအုံးမှာတဲ့လား။

**မာဒမ်ဒီရှန်တီဗေ။** ။ရှင် တော်တော်စော်ကားတဲ့ လူဘဲ။ ရှင်က ဘယ်လိုထင်နေလို့လဲ။

**မက်ရှာဒီဂရဲလ်။** ။ဒီလိုကွယ့်။ မင်း ခုဘဲ ဖွင့်ပြောခဲ့ပြီ မဟုတ်လား။ ကျေးဇူးတင်ပါတယ်ကွယ်။ ခုမှ ငါဆိုတဲ့အကောင်ဟာ သူတပါး တံထွေးခွက်ထဲ ပက်လက်မျောခဲ့ရတဲ့ အကောင်ဘဲဆိုတာ သိရပြီ။ အများက ဖွင့်မပြောတောင်မှ တိတ်တိတ်ကြိတ်ရယ်ကြပေလိမ့်မယ်။ အဲ၊ မခံချင်လို့ ဖွင့်ပြောကြပြန်ယင်လဲ ငါဟာ လူအ ဆိုတာ လူသိရုံဘဲရှိမယ်။ မိန်းမတယောက် မျောက်မထားလို့မှ ထားမှန်းမသိတဲ့အကောင်ကို ဒီလိုဘဲ ခေါ်ကြတယ် မဟုတ်လား။ ကိုင်း၊ ဒီတော့ အမိရေ့၊ မင့်ကို ကျုပ်ကြိမ်စာကျွေးသမျှဟာ မင်းလော်လီတဲ့ အပြစ်နဲ့စာယင် ငါ့အဖို့ လုံလောက်တဲ့ လျော်ကြေးတောင်မဟုတ်သေးပါဘူး။ ဒီထက် လုံလောက်တဲ့ လျော်ကြေးကို ငါပြန်ရဘို့တောင် ရှိသေးတယ်။ မယုံ မရှိလိုက်ပါနဲ့။ အဲ၊ အခုတော့ ငါဟာ မင့်ယောကျ်ား မဟုတ်တော့တဲ့အတွက် မင်း ငါ့ကို လျော်ကြေးပေးရလိမ့်မကွယ့်။

**မာဒမ်ဒီရှန်တီဗေ။** ။ရှင် စိတ်နောက်လာပြီ။ ရှင် ဘာဆိုချင်တာလဲ။

**မက်ရှာဒီဂရဲလ်။** ။ကျုပ်ဆိုချင်တာက ဒီလိုပါ အမိရဲ့။ ဟိုတုန်းက မင့်ယောကျ်ားဖြစ်သူ ငါ့ထံသို့ ခိုးကြောင်ခိုးဝှက်နဲ့

မင်း ကဲ့ပို့ခဲ့တဲ့ ပျော်ရွှင်မှုကလေးတွေကို ဒီနေ့ ငါ့ကို ပြန်လျော်ပေးရမယ်။

**မာဒမ်ဒီရှန်တီဗေ။** ။ရှင်ရူးပြီ။

**မက်ရှာဒီဂရဲလ်။** ။မရူးဘူးဟေ့။ တချိန်တုန်းက မင့်အချစ်ကို ငါပိုင်ခဲ့တယ်။ မင်းနမ်းခဲ့သမျှ အနမ်းတွေဟာ ငါ့ဟာချည်းဘဲ။ ဘယ်သူ့ဟာမှ မဟုတ်ရဘူး။ ဒါပေမယ့် ခုတော့ မင့်မှာ ချစ်ကြွေးတွေတင်နေပြီ။ ငါ ချစ်ရမယ့် အချစ်ကို မင်း သူတပါးနဲ့ဝေပြီးချစ်ခဲ့တယ်။ ဟော အခုတော့ မင်း ငါ့ကို ထိုက်သင့်တဲ့ လျော်ကြေးပေးဘို့ အရေးကြီးလာပြီ။ အချစ်ကို မှောင်ခိုဈေးပို့တုန်းက လူတကာ တံထွေးခွက်ထဲ ပက်လက်မျောသလို မမျောရအောင် တိတ်တိတ်ကြိတ်ပြီး ချစ်ကြွေးတွေပြန်ဆပ်ပါတော့။

**မာဒမ်ဒီရှန်တီဗေ။** ။ရှင် ကျွန်မကို ဘယ်လိုအောက်မေ့သလဲ။

**မက်ရှာဒီဂရဲလ်။** ။ရှန်တီဗေ့ မိန်းမလို့ အောက်မေ့ပါတယ်။

**မာဒမ်ဒီရှန်တီဗေ။** ။ဘုရား၊ ဘုရား။ ရှင် တော်တော်ဆိုးတဲ့လူပါလား။

**မက်ရှာဒီဂရဲလ်။** ။ကျုပ်ဆက်ပြောပါရစေအုံး။ ဟိုတုန်းက မင်းနဲ့ ဖောက်ပြားသူဟာ မင့်ကို ငါ့မိန်းမလို့ဘဲ အောက်မေ့မှာ မဟုတ်လား။ အခု ငါ့အလှည့်ရောက်ပြီ။ ဆိုးတယ်လို့ ဆိုရမှာက ငါရထိုက်တဲ့ အကြွေးကို မင်းပြန်မဆပ်တာဟာ ဆိုးတာဘဲ။

**မာဒမ်ဒီရှန်တီဗေ။** ။ကျွန်မ ပြန်ဆပ်ယင် ရှင် လက်ခံမယ်ပေါ့လေ။





**မက်ရှာဒီဂရဲလ်။** ။အေးပေါ့။

**မာဒမ်ဒီရှန်တီဗေ။** ။ပြန်ဆပ်လို့ ဘာအကျိုးရှိအုံးမှာလဲရှင့်။

**မက်ရှာဒီဂရဲလ်။** ။အို၊ အချစ်ပင်ကြီး ပြန်ပေါက်လာတဲ့ အကျိုးတော့ ရှိရမှာပေါ့။

**မာဒမ်ဒီရှန်တီဗေ။** ။ရှင် ကျွန်မကို ချစ်မှမချစ်ဘဲ။

**မက်ရှာဒီဂရဲလ်။** ။မင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ အခု ငါ သာဓက အခိုင်အမာတွေပြနေတာဘဲ။

**မာဒမ်ဒီရှန်တီဗေ။** ။ဘယ်လိုပြနေပါသလဲရှင်။

**မက်ရှာဒီဂရဲလ်။** ။မေးနေရသေးသလား ခင်ရယ်။ လင်ကြီးဘဝမှာ ခင့်ကိုယုံလို့ ပုံအပ်ခဲ့ပြီးတဲ့နောက်၊ အခု လင်ငယ်အနေနဲ့လဲ ခင့်ကိုယုံလို့ ပုံအပ်ဖို့အထိ ကျုပ် မိုက်လုံးကြီးခဲ့တာတွေဟာ ခင့်အပေါ် ဘယ်လောက် အချစ်ကြီးတယ်ဆိုတာ ခင်စဉ်းစားကြည့်ပါတော့။

ဒီလိုမှ မဟုတ်ယင်လဲ ကျုပ်ဟာ အချစ်ဆိုတာ လုံးဝနားမလည်တဲ့ လူဖြစ်နေမှာပေါ့။

**မာဒမ်ဒီရှန်တီဗေ။** ။မဆိုင်တဲ့ ကိစ္စနှစ်ခုကို ရောမပစ်လိုက်ပါနဲ့ရှင်။ မိန်းမယူတယ်ဆိုတာ မေတ္တာစစ်နဲ့ ချစ်လို့ယူတာလဲရှိရဲ့၊ တဏှာချစ်နဲ့ ချစ်လို့ယူတာလဲရှိရဲ့။ ဒါပေမယ့် မိန်းမတယောက်ကို အပျော်ယူတယ် ဆိုတာကတော့ စော်ကားတာဘဲရှင့်။ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းဘို့ဆိုတဲ့ ကိစ္စမှာတော့ မေတ္တာနဲ့ယှဉ်တဲ့အတွက် လင့်ဝတ္တရားကို သိကြသရှင့်။ အိမ်ထောင်ရေးဒုက္ခကိုလဲ သယ်ပိုးရသရှင့်။ အိမ်ထောင်မှုအတွက် ငွေကြေးတာဝန်လဲ ယူရ

သရှင့်။ အမြှောင်ထားတဲ့အလုပ်ကျတော့ အိမ်ထောင်သူခကို ကိုယ်က ခံစားပြီး အိမ်ထောင်ရှဲဝန်ထုပ်ဝန်ပိုးကိုတော့ လင်ကြီးအပေါ် ပုံချထားရတာကလား။ ပြီးတော့လဲ အမြှောင်ကို ငြိုးငွေလာပြီ ဆိုတာနဲ့တပြိုင်နက် လင်ငယ်ဆိုတာဟာ တခါထဲ လစ်တော့တာ ဘဲ။ ဒီတော့ ဒီကိစ္စနှစ်ခုကို ဘယ်လိုမှ ယှဉ်လို့မရဘူးရှင့်။

**မက်ရှာဒီဂရဲလ်။** ။အချစ်ရယ်၊ မင်းစဉ်းတာ နည်းမကျ သေးပါဘူး။ ယောကျ်ားဆိုတာဟာ မိန်းမတယောက်ကို တကယ် ချစ်မိပြီဆိုမှဖြင့် သူ့ကို မယူတာဘဲ ကောင်းတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ကို ယူလိုက်ယင် ယခု မင်းငါ့အပေါ်မှာ ဖောက်ပြား သလို သူ့ယောကျ်ားအပေါ်မှာ သူဖောက်ပြားတော့မှာဘဲ။ အခ မင်းနဲ့ ငါ့အဖြစ်ဟာ သက်သေဘဲကွယ့်။ အဲ၊ သယောက် လင် ဆောင်ထားတဲ့ မိန်းမမျိုးကတော့ သူ့ယောကျ်ားကို ဖောက် ပြားဘို့ ဘယ်လို လှည့်စားရမလဲလို့ ကြံစည်နေရသလောက် လင် ငယ့်အပေါ်မှာ သစ္စာရှိတတ်တယ်။ ဒါကို မငြင်းနိုင်ပါဘူး။ ဒီ တော့ မိန်းမနဲ့ ယောကျ်ား အချစ်မဏ္ဍိုင် ခိုင်မြဲဘို့ အကောင်းဆုံး နည်းကတော့ ကိုယ်ချစ်တဲ့သူကို တယောက်ယောက်နဲ့ ပေးစား လိုက်ထာ နေရာကျတယ်။ လင်ရယ် မယားရယ် ထိမ်းမြားလက် ထပ်ကြတယ်ဆိုတာ အပ်ချည်မြှင်မြှင်ကလေးနဲ့ ချည်နှောင်တဲ့ သဘောပါဘဲ။ ချည်မြှင်ကလေးကို ဖြတ်ချင်တဲ့ အချိန်ဖြတ်ပြီး ကိုယ်ကြိုက်တဲ့မိန်းမနဲ့ တိတ်တိတ်ပုန်း စခန်းသွားနေရယင်လဲ ပြီး တာပါဘဲ။ လွတ်လပ်တဲ့အချစ်ဆိုတာ ဖြတ်မရနိုင်တဲ့ သံမဏိကြိုး ကြီးဘဲ။ ခင်နဲ့မောင်နဲ့ အပ်ချည်ကြိုးကိုဖြတ်ပြီး သံမဏိနဲ့ ထူးခတ် ကြပါစို့ကွယ်။





**မာဒမ်ဒီရှန်တီဗေ။** ။ရှင်ဟာ တော်တော်ရယ်စရာကောင်း တယ်။ ဒါပေမယ့် မရဘူးဆရာ။

**မက်ရှာဒီဂရဲလ်။** ။ဒီလိုဆိုယင် မက်ရှာဒီရှန်တီဗေကို ငါ သတိပေးရလိမ့်မယ်ဟေ့။

**မာဒမ်ဒီရှန်တီဗေ။** ။သူ့ကို သတိပေးစရာ ဘာများရှိလို့ သဲရှင့်။

**မက်ရှာဒီဂရဲလ်။** ။မင်း ငါ့အပေါ် ဖောက်ပြား တတ်ထာ ကို ငါသတိပေးရလိမ့်မကွယ့်။

**မာဒမ်ဒီရှန်တီဗေ။** ။ရှင့်အပေါ်မှာ ကျုပ်က ကျုပ်က

**မက်ရှာဒီဂရဲလ်။** ။အေးလေ၊ မင်း ငါ့မယား ဖြစ်ခဲ့တုန်းက သော်လီတာတွေလေ။

**မာဒမ်ဒီရှန်တီဗေ။** ။အဲဒါ ဘာဖြစ်သလဲ။

**မက်ရှာဒီဂရဲလ်။** ။ဘာဖြစ်ရမလဲကွယ့်၊ မင့်အကြောင်း သိ သင် မင့်အိမ်က လူကြီးက ခွင့်လွှတ်နိုင်ပမလား။

**မာဒမ်ဒီရှန်တီဗေ။** ။သူက ခွင့်မလွှတ်နိုင်ဘူးတဲ့လား။

**မက်ရှာဒီဂရဲလ်။** ။အဲလေ၊ မင်း ဘာဘဲပြောပြော၊ မင့် ယောကျ်ားက မင့်ကို သောက်ကျိုးနဲ့ စိတ်ချပါအုံးမတဲ့လား။

**မာဒမ်ဒီရှန်တီဗေ။** ။မောင်ရယ်၊ ဒီလိုလဲမရမ်းနဲ့အုံးကွယ်။

**လေ့ကားမှလာသောအသံ။** ။ခင်ရေ။

**မာဒမ်ဒီရှန်တီဗေ။** ။(တိုးတိုး)ဟော၊ ကျွန်မ ယောကျ်ား ခေါ်နေပြီ သွားအုံးမယ်နော်။

**မက်ရှာဒီဂရဲလ်။** ။ခင့်ကို ကိုယ် လိုက်ပို့ပေးမယ်လေ။ ပြီး တော့ သူနဲ့လဲ မိတ်ဖွဲ့ပေးရတာပေါ့။

**မာဒမ်ဒီရှန်တီဗေ**။ ။အို၊ ဒီလိုမလုပ်လိုက်ပါနဲ့။

**မက်ရှာဒီဂရဲလ်**။ ။ခင်အသာ စောင့်ကြည့်နေစမ်းပါ။

**မာဒမ်ဒီရှန်တီဗေ**။ ။မလုပ်ပါနဲ့မောင်ရယ်။

**မက်ရှာဒီဂရဲလ်**။ ။ဒါဖြင့် ခင်က မောင့်သံမဏိ ထူးခတ်ထားသဘောကျလာပြီဆိုပါတော့။

**ခေါ်သံ**။ ။ခင်ရေ။

**မာဒမ်ဒီရှန်တီဗေ**။ ။ကိုင်းပါ၊ သွားစမ်းပါတော့ ။

**မက်ရှာဒီဂရဲလ်**။ ။ခင့်ကို မောင်ဘယ်တော့တွေ့ရအုံးမလဲ။

**မာဒမ်ဒီရှန်တီဗေ**။ ။ဒီညနေ ထမင်းစားပြီးချိန် ဒီမှာဘဲတွေ့၊ တွေ့၊ တွေ့ရအောင်။

**မက်ရှာဒီဂရဲလ်**။ ။(မိန်းမ၏လက်ကို နမ်းရှုပ်၍) ခင့်ကိုမောင်ချစ်တယ်ကွယ်။

**မာဒမ်ဒီရှန်တီဗေ**သည် ထွက်ပြေးလေသည်။ **မက်ရှာဒီဂရဲလ်**မှာ သူ၏ ပက်လက်ကုလားထိုင်ပေါ် တကိုယ်လုံး မြုပ်အောင်ပြန်ထိုင်၍ ညည်းလိုက်သည်မှာ

အင်း အခုလို ဘဝမျိုးက အရင်ဘဝမျိုးထက် ပိုကောင်းပါသလား။ တကယ်နိုပ်သဟော့ ။ သူ့လင်ကြီးကတော့ ယောကျ်ားတို့ဓမ္မတာ ပိုင်စိုးပိုင်နင်းနဲ့ 'ခင်'လို့ ခေါ်လိုက်တယ်။ ဒီလို ခေါ်သံကြားတော့မှဘဲ ငါတခုသတိရတယ်။ သူဟာ လှလာပါကလား။ အတော်လှလာတယ်ဟော့ ။



## သော်တာရောင်

ခင်ကြီး **မာရီညန်** ကို ထာဝရသခင်၏ စစ်သည်တော်ဟု ခေါ်ကြသည်မှာ ခေါ်ထိုက်ပါပေသည်။ ခင်ကြီးသည် အရပ်မြင့်၍ ကုံလှီသည်။ တဆိတ်စာမျှ အယူသန်သည်။ သို့သော် မြင့်မြတ်၍သဘောထားပြည့်ဝ၏။ ထာဝရသခင်အပေါ်၌ သဒ္ဒါယုံကြည်မှုတို့မှာ မယိမ်းမယိုင် ခိုင်မြဲ၏။ ထာဝရသခင်၏ အကြောင်းကို အလုံးစုံသိပြီဟူ၍ရင်း၊ အလိုတော် အကြံတော်နှင့် အာသီသတို့ကို အလုံးစုံ နားလည်ပြီ ဟူ၍ရင်း သူယူဆ၏။

တောကျောင်းဥယျာဉ် စကြံတွင် ခေါက်တုံ့ ခေါက်ပြန်လျှောက်ယင်း ခင်ကြီးသည် မိမိဝမ်းထဲ၌ ကြိတ်၍ 'ထာဝရသခင်သည် ထိုထိုသော အရာဝတ္ထုတို့ကို အဘယ်အလို့ငှာ ဖန်ဆင်းတော်မူသနည်း' ဟု ပုစ္ဆာထုတ်မိသည်။ ထို့နောက် သူ၏ကိုယ်ကို သူထာဝရသခင်၏ အရာ၌ထား၍ နစ်နစ်နဲနဲ စောကြောစစ်ဆေး

ကြည့်၏။ ဤသို့ ကြည့်သမျှ အဖြေပေါ်သလိုလိုရှိ၏။ သူသည် တပါးသူတို့ကဲ့သို့ ထာဝရ အရှင်သခင်အား ကြည်ညိုစိတ်အားကြီး၍ နှိမ့်ချသော သဘောဖြင့် 'အို အရှင်၊ အရှင့်အလိုတော်ကို သိနိုင်စွမ်းမရှိပါ'ဟု ညည်းညူတတ်သော သူမျိုးမဟုတ်။ 'ငါသည် အရှင်၏ ကျွန်ရင်းဖြစ်၏။ အရှင် အဘယ်အလို့ငှာပြုသည် ဟူသော အကြောင်းရင်းကို ငါသိထိုက်၏။ ငါမသိတော်မူလည်း မှန်းဆနိုင်ရမည် ဖြစ်၏' ဟု သဘောထားသော သူမျိုးဖြစ်သည်။

ဤ ဩကာသ လောကကြီးကို ဖန်ဆင်းသည်မှာ အံ့ဘွယ်ရာ အကြောင်းတခုခု ရှိရမည်မှာ မုချဖြစ်သည်ဟု သူ ယူဆသည်။ 'ကိ' အဘယ်ကြောင့်နည်း၊ ဣတိတသ္မာ ထို့ကြောင့်တည်း' ဟူသော အကြောင်းနှင့် အကျိုးသည် ယှဉ်နေရမည်ဖြစ်သည်။ ပမာသော် နံနက်ခင်းကို အဘယ်အလို့ငှာ ဖန်ဆင်းတော်မူသနည်း။ အသင် အိပ်ရာမှ ထသောအခါ စိတ်ကြည်လင်စေရန် ဖန်ဆင်းတော် မူသည်။ ဤသို့လျှင် ကောက်ပင်တို့မှည့်စေရန် နေ့ရက်တို့ကို ဖန်ဆင်းတော်မူသည်။ ကောက်ပင်တို့ ရေရစေရန် မိုးကို ဖန်ဆင်းတော်မူသည်။ အိပ်ရာဝင်ကြစေဘို့ရာ ညနေဆည်းဆာကို ဖန်ဆင်းတော်မူသည်။ အိပ်ကြစေဘို့ရာ ညဉ့်ကို ဖန်ဆင်းတော်မူသည်။

ဥတုလေးလီ* ဟူသည်မှာ လယ်ယာစိုက်ပျိုးရေး အလို့ငှာ အချိန်အခါသင့်ဖြစ်ပေါ်လာရစမြဲ ကေန်ဖြစ်သည်။ ထို့ကြောင့် သဘာဝ ဟူသည်မှာ ရည်ရွယ်ချက်ရှိဟန်မတူ၊ သတ္တလောကသည်

* အနောက်ဥရောပ၌ နွေဦး၊ နွေ၊ ဆောင်ဦး၊ ဆောင်းဟူ၍ ဥတုလေးပါးရှိသည်။





ဩကာသလောက၏ ထုံးတမ်းစဉ်လာကိုသာ လိုက်နာရဟန်တူသည်ဟု မာရီညန် ယူဆသည်။ သတ္တဝါဟူသမျှသည် ကာလအားဖြင့်၎င်း၊ ရာသီအားဖြင့်၎င်း၊ ရုပ် ဒြပ်အားဖြင့်၎င်း ဆိုးဝါးသော အခြေအနေကို လိုက်၍ ဖြစ်တန်ရာသည် ဟူသော အနေကန် သဘောမျိုးကို လက်မခံနိုင်ချေ။

သို့သော် ခင်ကြီးသည် မိန်းမဆိုလျှင် မုန်း၏။ မုန်းမုန်းမသိ မုန်းသည်။ မိန်းမကို ရွံရှာသော စိတ်မှာ သူ၏ ပဋိသန္ဓေစိတ်ပင်ဖြစ်သည်။ 'ဟယ် မိန်းမ၊ သင်နှင့် ငါသည် မည်သို့ အပ်စပ်သနည်း' ဟု ခရစ်တော်၏ နုတ်ကပါဌ်အတိုင်း ပြောဆိုလေ့ရှိသည်။ ဤသို့ ပြောရုံမျှမကသေး၊ 'ထာဝရ အရှင်သခင်သည် သူ၏လက်ဖြင့် ဖန်ဆင်းခဲ့သမျှတို့တွင် မိန်းမဟူသည်ကို ဖန်ဆင်းရာ၌ နှလုံးမသာ ယာလိမ့်မည်' ဟူ၍ပင် မှတ်ချက်ချလိုက်သေးသည်။ သူ၏အဖို့ မိန်းမ ဟူသည် ကလေးငယ်ထက် ဆယ့်နှစ်ဆမျှ မသန့်ရှင်း မစင်ကြယ် သောသူ ဖြစ်၏။ မိန်းမသည် ထာဝရသခင် ဖန်ဆင်းသော ပထမ ဦးဆုံးသော ယောကျ်ားကို ဖြားယောင်းခဲ့သည်။ ယခုသည်း ယင်းသည် ဆက်လက်၍ ဖြားယောင်းမြဲ ဖြားယောင်းနေသည်။ မိန်းမဟူသည် သိမ်ဖျင်း၏။ အန္တရာယ်ကို ပွားစေတတ်၏။ ဒုက္ခကိုလည်း များစေတတ်၏။ ထို့ကြောင့် ခင်ကြီးသည် အဆိပ်နှင့်တူသော မိန်းမ၏ အလှကို မုန်း၏။ ချစ်တတ်သော မိန်းမ၏ အဇ္ဈတ္တသန္တာန်ကိုကား ပို၍ မုန်း၏။

မ တည်းဟူသော အာရုံ ကာမဂုဏ်၏ ဆွဲဆောင်ချက်ကို ခင်ကြီး ခံစားဘူး၏။ သို့သော် သူသည် စိတ်အလွန်ခိုင်သည်။

ယင်းသို့ စိတ်ခိုင်စေကာမူ မိန်းမတို့၏ ချစ်ခြင်းကို ခံလိုသော စိတ်အဟုန် လှုပ်ရှားတတ်သည်ကိုကား သည်းမခံနိုင်။

မိန်းမကို ထာဝရသခင် ဖန်ဆင်းသည်မှာ ယောကျ်ားကို သွေးဆောင်၍ စိတ်စမ်းခြင်းငှာ ဖန်ဆင်းသည်ဟု သူထင်သည်။ သူသာဆိုလျှင် မိန်းမ၏ ညွတ်ကွင်းထဲသို့ မကျရောက်ရလေအောင် စိုးရိမ်ကြီးစွာဖြင့် မိမိကိုယ်ကို မိမိ ခုခံကာကွယ်ရန် သတိကြီးစွာထားမိသည်။ ယောကျ်ားသည် မိန်းမထံသို့ ဤကဲ့သို့သော သတိသမ္ပဇဉ်မရှိဘဲ မချဉ်းကပ်ထိုက်။ မိန်းမသည် ယောကျ်ားအား လက်ကိုလှမ်းလင့်၏။ နှုတ်ခမ်းကို မော့၍ ပေးလင့်၏။ ထို့ကြောင့် မိန်းမဟူသည် မလွဲမသွေ ထောင်ချောက်ပေတည်း။

မာရီညန် သည် ထာဝရသခင်ထံ ဂတိသစ္စာကို ခံယူသော မယ်သီလရှင်တို့ကိုသာ သည်းခံ၏။ သို့ပင်ငြားသော်လည်း ယင်းတို့အပေါ်၌ လွန်စွာ မျက်နှာထားတင်းသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့၏နှလုံးသားမည်မျှ သန့်ရှင်း၍ မည်မျှပင် ချုပ်တည်းထားသည်ဟု ဆိုစေကာမူ ခင်ကြီးဖြစ်သော သူတို့ပင်လျှင် နူးညံ့သော မေတ္တာစိတ်ဖြင့် တိမ်းညွတ်တတ်သည်ကို ရိပ်မိခြင်းကြောင့် ဖြစ်သည်။

မာရီညန်၌ တူမ တယောက်ရှိသည်။ သူ့တူမသည် မလှမ်းမကမ်း၌ သူ၏ မိခင်နှင့်အတူ နေသည်။ သူ့တူမကို မယ်သီလရှင် ဘောင်သို့သွင်းရန် သူ ရည်ရွယ်ထားသည်။ သူငယ်မသည် လှ၏။ လွတ်လွတ်လပ်လပ် ရွှင်ရွှင်ပျော်ပျော် နေတတ်၏။ ခင်ကြီးတရား





ဟောလျှင် သူက ရယ်သည်။ ခင်ကြီး စိတ်ဆိုးလာလျှင် သူက ခင်ကြီးကို အတင်းဖက်၍ နမ်းရှုပ်သည်။ ခင်ကြီးသည် ရုန်းကန်လိုသော စေတနာမပါသည့်တိုင်အောင် သူ့တူမ ဖက်ထားသည်ကို လွတ်အောင်ရုန်းသည်။ သို့သော် ဤအခြင်းအရာသည်ယောကျ်ားတို့၏ ရင်တွင်းဝယ် မျိုသိပ်လျက်ရှိသော ဖခင်စိတ်ကို နှိုးဆော်ပေးသော အခြင်းအရာ ဖြစ်ခြင်းကြောင့် ခင်ကြီးသည် ပီတိဖြစ်မိ၏။

ခင်ကြီးသည် သူ၏ တူမအား ထာဝရသခင်၏ အကြောင်းကို မကြာခဏ ဟောပြောသည်။ တူမဖြစ်သူသည် လယ်ကွင်းရှိတောလမ်းကိုဖြတ်၍ လမ်းရှောက်တတ်သည်။ ထိုအခါ ခင်ကြီးက သူ၏တူမအား "ငါ၏ အဖ ဘုရားသည် သင်နှင့်အတူရှိ၏" ဟု ဆုံးမသည်။ သူငယ်မကား ထိုဆုံးမစကားကို အာရုံမပြုဘဲ၊ ကောင်းကင်ကိုရှင်း၊ မြက်ခင်းပြင်ကိုရှင်း၊ ပန်းကိုရှင်း ဘဝ၌ပျော်မွေ့သော ချမ်းသာသုခကြောင့် တောက်ပြောင်နေသော သူ၏ မျက်လုံးအစုံဖြင့် ကြည့်လေ့ရှိ၏။ တခါတရံ ပျံနေသော ပိုးကောင်များကို ပြေး၍ ဖမ်းပြီးလျှင် သူ၏ဦးကြီးရှိရာသို့ ယူဆောင်လာ၍ "ဦးကြီးရယ်၊ သည်မှာကြည့်စမ်းပါ၊ ဘယ်လောက်လှသလဲလို့။ ကျွန်မဖြင့် သည်ပိုးကောင်ကလေးကို နမ်းလိုက်ချင်တော့တာဘဲ" ဟု ဆိုသည်။ ထိုအခါ ပိုးကောင်ကလေးများကိုရှင်း၊ ပန်းတို့ကိုရှင်း နမ်းရှုပ်လိုသော သဘာဝကို ခင်ကြီးသည် စိုးရိမ်လာသည်။ စိတ်ရှုပ်လာသည်။ မြင်ပြင်းကတ်လာသည်။ ထိုသဘာဝ၌ မိန်းမတို့၏ နှလုံးသားတွင် ပယ်ဖျောက်၍ မရနိုင်ရာသော ပျောင်းညွတ်တတ်သည့် ချစ်စိတ်ကို မြင်နေရသည့်အတွက် ခင်ကြီးခမျာမှာ စိတ်ဒုက္ခရောက်ရရှာသည်။

တနေ့သော် ခင်ကြီး၏ ဝေယျာဝစ္စကို ဆောင်ရွက်ပေးရသူ ကပ္ပိယမယားက ခင်ကြီးအား ကောင်မကလေးမှာ ရည်းစားရှိသည်ဟု ပြော၏။

ထိုစကားကို ကြားလျှင် ခင်ကြီးသည် စိတ်အလွန်ထိခိုက်သွားသည်။ မျက်နှာတွင် ဆပ်ပြာရည် အလိမ်းလိမ်းဖြင့် မုတ်ဆိတ်ရိတ်နေရာမှ ရုတ်တရက် တန့်၍ အသက်ရှူပင် မှားသွားသည်။

ခင်ကြီးသည် အတန်ကြာမှ သတိရပြီး စကားပြောနိုင်သည်။ "နင်ပြောတာ ဟုတ်ပါ့မလား ဟဲ့။ နင်လိမ်တာ"ဟု ကပ္ပိယမယားကို ဆူသည်။

ထိုအခါ ကပ္ပိယမယား လယ်သူမကြီးက "ကျွန်မ လိမ်တယ် မလိမ်ဘူးဆိုတာ ထာဝရသခင် သိပါတယ် အရှင်ရယ်။ ကျွန်မ ပြောပရစေ။ အရှင့်နှစ်မ အိပ်ရာဝင်ပြီဆိုယင် အရှင့်တူမ ကောင်မကလေး သူ့ ရည်းစား ဆီသွားတာ ညတိုင်းပါပဲ။ သူတို့ မြစ်ကမ်းပါးမှာ ချိန်းပြီး တွေ့ကြတယ်။ အရှင်မယုံယင် ည ဆယ်နာရီနဲ့ သန်ကောင်ယံအကြားမှာ အရှင်ကိုယ်တိုင် သွားကြည့်ပါ"ဟု ထာဝရ အရှင်အား တိုင်တယ်သောအားဖြင့် ရင်ပတ်ပေါ်တွင် လက်ကိုတင်၍ ပြောလိုက်လေသည်။

ခင်ကြီးသည် မေးစေ့ကို ပွတ်ရာမှ ရပ်၍၊ နစ်နဲစွာ စဉ်းစားဖွယ် ရှိလျှင် သူလုပ်နေကျအတိုင်း အခန်းထဲတွင် လူးလာသုတ်သုတ် ရှောက်လေသည်။ ထို့နောက် ဆက်လက်၍ မုတ်ဆိတ်ရိတ်ရာ နားမှ နှာတလျှောက် ပါးပြင်ကို ဓားသုံးခါ ထိသော ဟူ၏။

ဒေါသအဟုန်ကြောင့် ခင်ကြီးသည် တနေ့ပတ်လုံး မည်သူနှင့်မျှ စကားမပြောနိုင်ချေ။ ခင်ကြီး၏ ဘဝသည် ချစ်စိတ်အာရုံ





ကာမဂုဏ်ကို ဆန့်ကျင်သော ဘဝဖြစ်သည်။ ဤအထဲတွင် ဖအေ့အရာ၊ ဆရာ့အရာ၊ ဓမ္မကထိကအရာ၌ နေ၍ အထိန်းအကျောင်းပေးနေသူ တဦးသည် ကလေးအရွယ် လူမမယ်၏ လှည့်စားခြင်းကိုခံရသောအခါ ဒေါမနဿတရား ပို၍ ပွားလာရပြန်သည်။ သမီးဖြစ်သူက မိဘတို့၏ သဘောကို မလိုက်နာဘဲ လင်ယူတော့မည်ဟု ပြောလိုက်သောအခါ မိဘတို့ ဓမ္မတာ မိမိဖက်ကသာကြည့်ပြီး ဝမ်းနည်းပက်လက် ဖြစ်ရသကဲ့သို့ ခင်ကြီးလည်း ဝမ်းနည်းရလေသည်။

ညစာစားပြီးသော် ခင်ကြီးသည် စာအနည်းငယ်ဖတ်၏။ သို့သော် စာထဲတွင် စိတ်မရောက်နိုင်။ ဒေါသသာလျှင် ထွက်၍ထွက်၍လာသည်။ ထို့နောက် ဆယ်နာရီထိုးသည်နှင့် တပြိုင်နက် ညရေးညတာ လူမမာမေးရန် သွားသည့်အခါ၊ ကိုင်ဆောင်မြဲဖြစ်သော ဝက်သစ်ချသား တုတ်ကြီးကိုယူ၍ သူ၏ခိုင်မာကြမ်းတမ်းသောလက်ဖြင့် ဆုပ်ကိုင်ကာ လေထဲတွင် ဝင့်ရင်း ပြုံးမိသည်။ ထို့နောက် အံကိုကြိတ်ပြီးလျှင် တုတ်ကိုမြှောက်၍ ကုလားထိုင်ကိုရိုက်သည်။ ကုလားထိုင်ဖင်ခုံသည် ပိုင်းပိုင်းကျိုး၍ ကြမ်းပေါ်သို့ လေးကန်စွာကျလေ၏။

ထိုနောက် အပြင်ထွက်ရန်အလို့ငှာ ခင်ကြီးသည် တံခါးကိုဖွင့်သည်။ သို့သော် အလွန်တရာမှမြင်ရခဲသော လသာသည့်ည၏ ကျက်သရေကို မြင်လိုက်ရသည်နှင့် တံခါးခုံပေါ်တွင် ခေတ္တရပ်ကြည့်မိသည်။

ခင်ကြီးသည် မြင့်မြတ်သော နှလုံးသား၏ ပိုင်ရှင်ဖြစ်ပေသည်။ ထိုမြင့်မြတ်သော နှလုံးဟူသည်မှာလည်း ဘုရားသားတော်တို့၌ရှိမြဲ

ပင်ဖြစ်ဟန်တူ၏။ ထိုမြင့်မြတ်သော နှလုံးသားဖြင့် လရောင်ရွှမ်းသောည၏ လှပတင့်တယ် စံပယ်ခြင်းကို ရှုလိုက်လေသော် အလွန်လျှင် စိတ်ကြည်နူးဘွယ်ရှိသည်ကို ခင်ကြီးသတိပြုမိသည်။

သူ၏ ဥယျာဉ်ကို လရောင်ပက်ဖျန်းလျက်ရှိသည်။ ထိုဥယျာဉ်ရှိ သီးပင်တို့သည် ညီညာစွာ စီတန်း၍ပေါက်နေကြသည်။ ထိုသီးပင်တို့၏ ရွက်နုပေါက်စရှိသော အကိုင်းအခက်တို့မှ အရိပ်သည် လမ်းပေါ်သို့ကျ၍နေသည်။ အိမ်နံရံကိုမှီ၍ ပေါက်သော ခရေပင်ကြီးမှ သင်းပျံ့ချိုအေးသော ရနံ့သည် ကြည်လင်သော ညကို လွှမ်းခြုံလေရာ တလောကလုံးသည် ရေမွှေးဖြင့် ပက်ဖျန်းထားဘိသကဲ့သို့ရှိ၏။

ခင်ကြီးသည် လေကိုတဝ ရှူရှိုက်သည်မှာ အရက်သမားသည် အရက်ကို သောက်ဘိသကဲ့သို့ လေကိုသောက်သည်နှင့် တူလေသည်။ ထိုနောက် သူ့တူမအကြောင်းကိုပင် သတိမရတော့ဘဲ တအံ့တဩ မိန်းမောတွေဝေလျက် ဖြည်းညင်းစွာ လမ်းလျှောက်လာလေသည်။

သူသည် ကွင်းပြင်သို့ရောက်လတ်သော် ပတ်ဝန်းကျင်ကို သုံးသပ်ရန် အလို့ငှာ ခေတ္တရပ်နားပြန်သည်။ လမင်းအရောင် လျှမ်းနေသဖြင့် ဂုနွေသမ္ပတ္တိနှင့်ပြည့်စုံသော ညခင်း၏အလှကျက်သရေတွင် ကွင်းပြင်ကြီးတခုလုံးသည် စုံးစုံးနစ်လျက်ရှိသည်။ လောကအလုံးသည်လည်း ညချမ်း ချိန်ခါ၏ ညို့ဓာတ်ကို ခံနေရရှာသည်။ ထို့ကြောင့် ဖားသူငယ်တို့က ညံစာစာဖြင့် သံပြိုင်အော်ကြသည်တွင် အဝေးမှ ဘုတ်ကလည်း လိုက်၍အိသည်။ ထိုသတ္တဝါနှစ်ဦးတို့၏ တေးသံသည် ခင်ကြီး၏ရင်ကို တလှုပ်လှုပ်ဖိုစေ၍ ခင်





ကြီးသည် လောကတဝန်းလုံးကို မေတ္တာစိတ်ဖြင့် လွှမ်းခြုံကာ အိပ်မက် မက်သူပမာ ဖြစ်ရရှာလေသည်။

ခင်ကြီးသည် ဆက်၍ လျှောက်သည်။ အဘယ့်ကြောင့်ဟူ၍ မသိ၊ သူ၏ ခိုင်မာသောစိတ်ဓာတ်သည် နူးညံ့ ပျော့ပျောင်းလာလေသည်။ ထို့ကြောင့် အင်အားကုန်ခန်း ပင်ပန်းသူပမာ မြေပေါ်တွင်ထိုင်၍ ခေတ္တနားကာ ထာဝရသခင် ဖန်ဆင်းတော်မူသော အခြင်းအရာကို ကောင်းချီး မင်္ဂလာပေးရန် ဆန္ဒဖြစ်လာလေသည်။

ခင်ကြီး၏နေရာမှ အောက်သို့ မျှော်ကြည့်သော် သစ်ပင်တို့သည် မြစ်ကွေ့သည့်အတိုင်း ကွေ့၍ပေါက်နေကြသည်။ ဘော်သာခွာအဆင်းရှိသော ငွေနှင်းမြူမှုန်တို့သည် တွန့်လိပ်၍နေသော မြစ်၏ ရေယဉ်ကြောကို သိုင်းခြုံ၍ထားလေရာ ဖြူလဲ့လဲ့ရေခိုးရေငွေ့တို့သည် လမင်း၏ အရောင်ကို ပြန်ကာဟပ်လျက် ရှိကြသည်။

ခင်ကြီးသည် စိတ်လှုပ်ရှားခြင်းဝေဒနာကို ရင်တွင်း၌ စူးရှစွာ ခံလိုက်ရသောကြောင့် ခေတ္တရပ်နားပြန်သည်။ သူ၏ စိတ်နှလုံးတွင် ဒွိဟဝင်၍လာချေပြီ။ ရှေးယခင်က သူ၏ကိုယ်ကို သူ ပုစ္ဆာထုတ်မိသော ပြဿနာ အရပ်ရပ်တို့သည် ပြန်၍ ပေါ်လာသည်။

ထာဝရဘုရားသည် အဘယ်အလို့ငှာ ဤဩကာသလောကကို ဖန်ဆင်းပါသနည်း။ ညကို ဖန်ဆင်းသည်မှာ လူတို့ အိပ်စေခြင်းငှာလော။ လူတို့ သတိကင်းလွတ်စေခြင်းငှာလော။ လူတို့ အနားယူစေခြင်းငှာလော။ လူတို့ အရာခပ်သိမ်းကို မေ့လျော့စေခြင်းငှာလော။ ယင်းသို့ဖြစ်လျှင် ညချမ်းအချိန်သည် နေ့အချိန်ထက်သော်ငင်း၊ နံနက်ခင်းထက်သော်ငင်း၊ ညနေချိန်ထက်သော်ငင်း

အဘယ့်ကြောင့် လှပတင့်တယ် ရှိရပါသနည်း။ ထို့ပြင် လူတို့၏ စိတ်နှလုံးကို သိမ်းကျုံးဆွဲငင်သည့် ဖိုးရွှေလမင်းသည် နေမင်းထက် ကဗျာမဆံပါလော။ နေမင်းသည် သူ၏ လင်းထိန်သော ရောင်ခြည်ကို အတိုင်းအဆမရှိ လွှတ်၏။ လမင်းမူကား သူ၏ ရောင်ခြည်ကို အလိမ္မာနှင့် လွှတ်သည်။ ထို့ကြောင့် လရောင်အောက်၌ အရိပ်တို့သည်ပင် တဝင်းဝင်း တလက်လက် ထွက်ကြသည်။ ဤအချိန်မျိုးတွင် ချိုအေးသံသာ တေးကို ရှာသော ငှက်သည် အခြားသတ္တဝါများနည်းတူ အဘယ်ကြောင့် မအိပ်ဘဲ ညကြီး မင်းကြီး၌ တေးဆို၍ နေပါသနည်း။ ကြာခြည်ရုံသည် ကမ္ဘာတခြမ်းကို အဘယ်အလို့ငှာ ဖုံးလွှမ်း နေရပါသနည်း။ အဘယ်ကြောင့် ငါ၏ ရင်သည် တလှုပ်လှုပ်ရှိပါသနည်း။ အဘယ်ကြောင့် ငါ၏ စိတ်သည် ဝေဒနာ ခံစားရပါသနည်း။ အဘယ်ကြောင့် ငါ၏ ခန္ဓာကိုယ်သည် နုံးချည့် ခွေယိုင်လာရပါသနည်း။ အကယ်၍ ညသည် အိပ်ခြင်းအလို့ငှာ ဖြစ်ပေါ်လာရသည်ဟု ဆိုငြားအံ့၊ ညအချိန်သည် လူတို့၏ စိတ်ကို ညွတ်အောင် အဘယ့်ကြောင့် ဆွဲဆောင်ပါသနည်း။ ကောင်းကင်အနှံ့ မြေအနှံ့တည်သော ဤရှုခင်းသာသည် မည်သူ့အလို့ငှာ ဖြစ်ပေါ်လာပါသနည်း။ ခင်ကြီးသည် ဤမေးခွန်းတို့ကို တခုမျှ မဖြေနိုင်ချေ။

ဤအတွင်း ငွေနှင်းတွဲ့တွဲ့ရှိသော သစ်ပင် သစ်ရိပ်အောက်၌ အတူယှဉ်၍ ရှောက်လာကြသော အရိပ်နှစ်ခုတို့သည် လယ်စပ်တွင်ပေါ်လာ၏။

ထိုအရိပ်နှစ်ခုကား ယောကျ်ားမိန်းမ နှစ်ဦးတို့၏ အရိပ်တည်း။ ယောကျ်ားဖြစ်သူသည် အရပ်မြင့်သည်။ သူသည် ချစ်သူ၏လည်





ကို ဖက်၍ တခါတရံ ချစ်သူ၏ နဖူးပြင်ကို ငုံ၍ နမ်းသည်။ သူတို့နှစ်ဦး ပတ်ဝန်းကျင်ရှုခင်းသည် အသေကဲ့သို့ဖြစ်၏။ သို့သော် သူတို့နှစ်ဦးကြောင့်ပင် အသက်ဝင်လာသကဲ့သို့ ရှိသည်။ ရှုခင်းတရပ်လုံးသည် ထိုသူနှစ်ဦး၏ ရုပ်ပုံလွှာအတွက် နောက်ခံကားချပ်တချပ်ဖြစ်ပေသည်။ စင်စစ် သူတို့မှာ နှစ်ဦးဟု ဆိုရငြားသော်လည်း တဦးတည်း တပေါင်းတည်းဖြစ်၏။ ထိုတပေါင်းတည်းသော သူတို့အလို့ငှာ ဤတိတ်ဆိတ် ငြိမ်သက်သော ညသည် ဖြစ်ပေါ်လာလေသည်။ ထို့ကြောင့် သူတို့နှစ်ဦး ခင်ကြီးအပါးသို့ တိုး၍ လာကြသည်မှာ ခင်ကြီး၏အမေးကိုအဖြေပေးစေခြင်းငှာ ဆရာသခင်အရှင်ကိုယ်တော်မြတ်က အကောင်အထည်နှင့် တကွ စေလွှတ်လိုက်ခြင်းကြောင့် လာကြသည်နှင့် တူလေတော့သည်။

ခင်ကြီးသည် အံ့ဩခြင်းမက အံ့ဩ၍ ရင်ခုန်လာသောကြောင့် ကျောက်ရုပ်ပမာ ငြိမ်သက်စွာ ရပ်လိုက်၏။ သူသည် မျက်ဝါးထင်ထင် မြင်နေရသောအဖြစ်ကို သမ္မာကျမ်းစာပါ သာဓကဝတ္ထုတို့နှင့် နှိုင်းယှဉ်ကြည့်၍ ထာဝရ အရှင်၏ အလိုတော်အတိုင်း ဖြစ်ရပေသည်ကို သဘောပေါက်လာသည်။ နားထဲတွင် ဓမ္မသီချင်းသံတို့ကို ကြားယောင်ရှိသည်။ မေတ္တာစိတ်ကြောင့် ပျောင်းနွဲ့လာသော စိတ်ကို စေ့ဆော်သည့် သီချင်းသည် နားတွင်းမှ မထွက်နိုင်ရှိချေသည်။ ထို့နောက် ခင်ကြီးသည် မိမိကိုယ်ကို မိမိ ဤသို့ဆိုသည်။

'ထာဝရသခင် ကိုယ်တော်မြတ်သည် လူတို့၏ ချစ်မေတ္တာကို မှုန်မြတ်အောင် ဖန်တီးစိမ့်သောငှာ ယခုကဲ့သို့သော ညကို ဖန်ဆင်းတော်မူလေသည်တကား။'

ခင်ကြီးသည် လက်ချင်းရှက်၍ ရှောက်နေသော မောင်နှံစုံတို့ ထံပါးမှ ခွာခဲ့သည်။ မိန်းမဖြစ်သူမှာ သူ၏တူမ အမှန်ဖြစ်သည်။ ထို့ကြောင့် ခင်ကြီးသည် ထာဝရသခင်၏ အမိန့်ကို ဖီဆန်ရာ ကျလေပြီလောဟု မိမိကိုယ်ကို မိမိ သံသယရှိလာသည်။ ထာဝရသခင်သည် ချစ်မေတ္တာကို ခွင့်ပြုသည် မဟုတ်လော။ ထာဝရသခင်သည် ချစ်မေတ္တာကို ဤည၏ လှပ တင့်တယ်သော ကျက်သရေဖြင့်လွှမ်းခြုံပေးသည် မဟုတ်လော။

ခင်ကြီးသည် မိမိကိုယ်ကို မိမိ ဤသို့ မေးလတ်မိသော် ကြီးစွာသော သံဝေဂဖြင့် လူမိ၍ ပြေးသကဲ့သို့ ထွက်ပြေးလေသတည်း။



# ခေါ်စရာ အမေမရှိလို့

မွန်းတိမ်းသည်နှင့် ကျောင်းတံခါး ပွင့်လာလေသည်။ အမြန်ကျောင်း ဆင်း ရန် စောသန်နေသော ကျောင်းသားကလေးများသည် ကျောင်းအပြင်သို့ သူထက်ငါဦး တိုးဝှေ့ထွက်နေကြသည်။ သို့သော် နေ့စဉ်လုပ်နေကျအတိုင်း ထမင်းစားမိအိမ်ပြန်ရန် လူစုမခွဲသေးဘဲ ဟိုမှာတစု သည်မှာတစုနှင့် ဝိုင်းဖွဲ့၍ စကားတီးတိုးပြောနေကြသည်။

ထိုသို့တီးတိုးစကား ပြောကြရန်အကြောင်း ဖန်လာသူကား ယနေ့နံနက်မှ ကျောင်းစ၍ နေသော **လာဗလန်ရှော့** ၏ သားဆိုင်မွန် ဖြစ်သည်။

အိမ်သူအိမ်သားများက **လာဗလန်ရှော့** အကြောင်း အတင်းပြောသည်ကိုကလေးများ ကြားဘူးကြသည်။လူရှေ့သူရှေ့ကျလျှင် ကလေး အမေ့တို့ သည် **လာဗလန်ရှော့** ကို ညွှတ်ထောက်ခံ၍

စကားပြောကြသည်မှန်၏။ သို့သော် မျက်ကွယ်၌ကား **လာဗလန်** ရွာ့အကြောင်းကို သနားကရုဏာပိုမိုသလိုလိုနှင့် မဲ့ကာ ရွဲ့ကာ အတင်းပြောလေ့ရှိကြသည်။ ဤသည်ကို ကလေးတို့ ကြားဘူးကြသော်လည်း အကြောင်းရင်းကို နားမလည်ကြချေ။

ကလေးတို့သည် **ဆိုင်မွန်**နှင့် မကျွမ်းကြ။ **ဆိုင်မွန်** သည် မိမိ နေအိမ်မှတပါးသို့ ဝေးဝေးလံလံ သွားဖူးသည်မဟုတ်။ ရွာရိုး၌ ဂုင်း၊ ရွာဦးကမ်းနားဖူး၌ဂုင်း ရွာရှိကလေးများနှင့်အတူ ကစားဘူးသည်လည်းမရှိ။ ထို့ကြောင့် ရွာရှိကလေးများသည် **ဆိုင်မွန်**ကို ချစ်ခင်ကြင်နာရမှန်း မသိကြချေ။ ခေတ်သိဖြစ်သူ ဆယ့်လေး ငါးခြောက်နှစ်သား ကောင်ကလေးတယောက်က 'ငါသိတယ်' ဟူသော ဟန်ပန်လေလံဖြင့် မျက်တောင်ကိုပင့်၍ "**ဆိုင်မွန်** မှာ အဖေမရှိဘူးကွ"ဟု ပြောလိုက်သည်ကိုပင်လျှင် အခြားကောင် ကလေးများက သံယောင်လိုက်၍ ထိုနေ့ နံနက်ပိုင်းတွင် ဝိုင်းဖွဲ့ကာ အတင်းပြောကြသည်မှာ ပျော်စရာကောင်းလှသည်။ အဖေမရှိ ဘူးဆိုတော့ အံ့စရာလည်းကောင်း၏။

ထိုအတွင်း **လာဗလန်ရွာ့**၏သားသည် တံခါးခုံကိုကျော်၍ စာသင်ခန်းမှ ထွက်လာသည်။

သူသည် ခုနစ်နှစ်ရှစ်နှစ်သား အရွယ်ဖြစ်၏။ ဖြူပတ်ဖြူယော် အဆင်းရှိသော်လည်း သန့်သန့်ပြန့်ပြန့်နေတတ်သည်။ နေပုံထိုင် ပုံမှာကား ရှက်ကိုးရှက်ကမ်း အမ်းတမ်းတမ်းနှင့်။

ရန်စလိုသော မျက်နှာနှင့် ပါးစပ်ကတဖွဖွ အမနာပပြောနေ ကြသော လူနောက်ကလေးတို့သည် **ဆိုင်မွန်** အိမ်ပြန်မည်ပြုသည် ကို မပြုနိုင်အောင်ပတ်လည်ဝိုင်း၍ တားထားကြသည်။ သူ့ကို





ဝိုင်း၍ မည်သို့လုပ်လိမ့်မည်ဟု မသိနိုင်သော **ဆိုင်မွန်** မှာကား အကြပ်ရိုက်ပြီးလျှင် ကလေးများအလယ်တွင် မိုးတိုး မတ်တတ် ရပ်နေသည်။ ထိုအခါ အရပ်ထဲက စကားကို ကျောင်းသို့ယူလာ သော သူငယ်က သူလုပ်ထာဟုတ်လှပြီဟူသော ဝင့်ဝါသည့်ဟန် ပန်နှင့် "ဟေ့၊ မင်းနာမည်ဘယ်လိုခေါ်သလဲ"ဟု **ဆိုင်မွန်**ကို မေးသည်။

**ဆိုင်မွန်** က "**ဆိုင်မွန်**"ဟု ဖြေ၏။

"ဘာ **ဆိုင်မွန်** လဲကွ"ဟု ထိုသူငယ်က ထပ်၍ ငေါ့ပြန်သည်။

**ဆိုင်မွန်**သည် ထူပူလာပြီးလျှင် "**ဆိုင်မွန်**"ဟုပင် ထပ်၍ ဖြေ ပြန်သည်။

ထိုအခါ ကျောင်းသားကြီးက "မင့်နာမည်မှာ **ဆိုင်မွန်**ပြီးယင် ဘာရှိသေးသလဲ။ **ဆိုင်မွန်** တခုထဲဆိုယင် နာမည် မပြည့်စုံသေး ဘူးကွ"ဟု ဆိုပြန်သည်။ *

ကောင်ကလေးက မျက်ရည်ဝဲလာပြီးလျှင် "ငါ့နာမည် ဆိုင် မွန်"ဟု တတိယမ္ပိပြောလေသည်။

ကောင်ကလေးများ အားလုံး ဝိုင်းရယ်ကြသည်။ ထိုအခါ ကျောင်းသားကြီးက သူ့အသံကို အများကြားအောင်မြှင့်၍ "ကိုင်း၊ ငါမပြောလား။ သူ့မှာ အဖေမရှိဘူးကွ"ဟု ဆိုလေ သည်။

---

* အနောက်နိုင်ငံသားတို့၏ အသုံးအနှုန်းတွင် သားသမီးတို့သည် အဖ၏ အမည်ကိုယူရသည်။ အဖအမည် ရှေ့တွင် ငယ်နာမည်တခု တည်းဆိုလျှင် အမည်မပြည့်စုံဟု ယူဆသည်။

ကလေးများအားလုံး တိတ်သွားကြသည်။ အဖေမရှိသော သားတည်းဟူသောအဖြစ်မျိုးမှာ မကြားစဖူး ထူးကဲသောအဖြစ်ဆန်းဖြစ်၍ အားလုံး ကြက်သေ သေနေကြသည်။ သူတို့သည် ဆိုင်မွန်ကို ဓမ္မတာအတိုင်းမဟုတ်ဘဲ ပေါ်ပေါက်လာသော အခြင်းအရာတရပ်ဟု မှတ်ယူကြသည်။ ဤသည်တွင်မှ သူတို့၏ အမိများက လာဗလန်ရွှေ့ အပေါ်၌ ကရုဏာသက်မိကြသည့် အကြောင်းရင်းကို နားလည်သလိုလို ရှိလာကြသည်။ ဆိုင်မွန်သည် မိမိကိုယ်ကိုမိမိ လဲမသွားရလေအောင် သစ်ပင်၌မှီ၍ ဟန်ထားရသည်။ ဤဘဝတွင် ပြန်ပြင်၍ မရကောင်းသော အဖြစ်သနစ်ကြောင့် သူ့ခမျာ ကြောင်တက်တက် ဖြစ်သွားရာ မိမိကိုယ်ကိုမိမိ လှုပ်၍ပင် မရနိုင်လောက်အောင် ကြက်သေသေလျက်ရှိသည်။ သူသည် သူ့ဖြစ်အင်ကို ရှင်းပြရန် ကြိုးစားပါသေး၏။ သို့သော် သူတို့ကျေနပ်လောက်အောင် ရှင်းမပြနိုင်။ အဖေမရှိ ဟူသော စွပ်စွဲချက်ကိုငြင်းဆိုရန် သူ့၌စွမ်းအားမရှိ။ နောက်ဆုံး၌ ဖြစ်လိုရာဖြစ်စေဟူသော သဘောနှင့် “ငါ့မှာ အဖေရှိတယ်” ဟုအော်ပြောသည်။

ထိုအခါ ကျောင်းသားကြီးက “ဘယ်မှာလဲ မင့်အဖေ” ဟု မေးသည်။

ဆိုင်မွန်သည် သူ့အဖေကို သူမသိ။ ထို့ကြောင့် ဘာမျှပြန် မဖြေတတ်။ ကလေးတို့ကား လှုပ်လှုပ်ရွရွနှင့် ဟစ်အော် ဆူပူလာကြသည်။ ကြက်ခြံထဲလှောင်ထားသော ကြက်တို့သည် သူတို့အထဲက တကောင်ကောင်ဒဏ်ရာ အနာတရ ဖြစ်ပြီဟုဆိုလျှင် ထိုကြက်ကို ဝိုင်း၍ အသေထိုးဆိတ်ကြသည်။ ကျောင်းသား ကလေး





များမှာ စရိုက်ကြမ်းသူတို့၏ သားသမီးများ ဖြစ်သည့်အားလျော်စွာ ဤတိရစ္ဆာန်တို့၏ သဘာဝနှင့် နီးစပ်သည့် မနသိကာရ အတိုင်း လဲသူကိုဖိ၍ ထောင်းလိုကြသည်။ ဤအတွင်း ဆိုင်မွန်သည် သူတွေ့ဘူးသော အိမ်နီးချင်း မုတ်ဆိုးမသားတယောက်ကို မြင်မိသည်။ ထိုသူငယ်မှာ သူ့အမေတဦးတည်းနှင့်သာ အတူနေသည်။

ဆိုင်မွန်သည် မုတ်ဆိုးမသားအား “မင့်မှာကော အဖေ ဘယ်မှာ ရှိလို့လဲ” ဟု ဆိုသည်။

“ရှိတာပေါ့” ဟု ထိုကလေးက ပြန်ပြောသည်။

“ဘယ်မှာလဲ ဒါဖြင့်” ဟု ဆိုင်မွန် ကမေးပြန်သည်။

“ငါ့အဖေသေလို့ အခု သင်းချိုင်းထဲမှာရှိတယ်လေ” ဟု ထိုကလေးက အိန္ဒြေမပျက်ပြန်ပြောသည်။

လူရှုပ်ကလေးများအထဲမှ သဘောကျသောအသံ ထွက်လာသည်။ ထိုအသံမှာ အဖေ လုံးဝမရှိသော သူထက် သင်းချိုင်းထဲမှာ အဖေရှိသော သူက တပန်းသာသည်ကိုပြသော အသံ ဖြစ်၏။ ဤလူရှုပ်ကလေးတို့၏ ဖခင်တို့မှာ များသောအားဖြင့် ဒုစရိုက်သမား၊ အမူးသမား၊ သူခိုးများနှင့် မိမိမိန်းမကို မိမိနှိပ်စက်တတ်သူများသာဖြစ်ကြသည်။ ထိုလူလွန်မသား ကလေးများသည် ဆိုင်မွန်အနီးသို့ ဝိုင်း၍ဝိုင်း၍ ချဉ်းကပ် လာကြသည်မှာ အဖေမပေါ်သော အလေ့ကျ တဦးကို အဖေပေါ်သော သူတို့ကဝိုင်း၍ ခြေမှုန်းတော့မည့်အသွင် ရှိလေသည်။

ထိုအခိုက် ဆိုင်မွန် အနီးရှိ သူငယ်ကလေး တယောက်သည် လှောင်ပြောင်လိုသော သဘောဖြင့် လျှာထုတ်ပြ၍ “သူ့မှာအဖေလဲမရှိဘူးဟေ့” ဟု ရုတ်တရက်အော်လေသည်။

ဆိုင်မွန် သည် ထိုသို့အော်သော ကလေးကို လက်နှစ်ဖက်နှင့် ချုပ်ကိုင်ပြီးလျှင် သူ့ခြေထောက်ကို မိမိခြေနှင့် ကန်လေသည်။ နှစ်အကန်ခံရသော ကောင်ကလေးကပြန်၍ ပါးကိုကိုက်သည်။ နှစ်ဦးသား ထွေးလုံးရစ်ပတ်ဖြစ်နေကြပြီးနောက် ဆိုင်မွန် သည် အရိုက်အနှက် အပုတ်အခတ်ကိုခံရ၍ မြေပေါ်တွင် လိမ့်သွားလေ ရာ လူနောက်ကလေးတို့က လက်ခုပ် လက်ဝါး တီးကြသည်။ ဆိုင်မွန်သည် ဖောင်းဗီ အင်္ကျီတို့ကို ဖုတ်ဖက်ခါ၍ ထလာသော အခါ ကောင်ကလေးတယောက်က "နှင့်အဖေပြန်ပြောချေတဲ့" ဟုဆိုလေသည်။

ဆိုင်မွန်သည် ဝမ်းနည်းပက်လက်ဖြစ်ရသည်။ ကလေးများမှာ သူ့ထက် သန်သူချည်းဖြစ်သည်။ သူတို့သည် သူ့ကိုရိုက်နှက်ခဲ့ကြသည်။ သူ့မှာမူကား သူတို့ကျေနပ်အောင် အဖြေမပေးနိုင်။ သူ့မှာ အဖေမရှိသည်ကား အမှန်ဖြစ်၏။ သူသည် မာန်ရှိသူဖြစ်သောကြောင့် မျက်ရည်မကျအောင် အတန်ကြာမျှ စိတ်ကိုတင်းနိုင်သည်။ သို့သော် သူ့ရင်တွင်း၌ အလုံးဆို့လာ၍ အသံမထွက်ဘဲနှင့် ရှိုက်လိုက်ရာ သူ၏တကိုယ်လုံး နတ်ကျလာလေသည်။ ထိုအခါ သူ၏ရန်သူများသည် ပြင်းထန်စွာ ရယ်ကြသည်။ ယောင်ပူဇော်ပွဲတွင် လူရိုင်းများသည် တဦးနှင့်တဦး လက်တွဲ၍ ဝိုင်းကြီး ပတ်ပတ် က ဘိသကဲ့သို့၊ ကျောင်းသားကလေးများသည် ဆိုင်မွန် အား အလယ်တွင်ထား၍ ပတ်ပတ်လှည့်ပြီးလျှင် "သူ့မှာ အဖေမရှိဘူးဟေ့၊ သူ့မှာ အဖေမရှိဘူးဟေ့" ဟု ဟစ်အော် ကြွေးကြော်ကြသည်။





ဆိုင်မွန်သည် ရှိုက်နေရာမှ ရုတ်တရက် ရပ်လိုက်သည်။ သူ့ရင်တွင်း၌ ဒေါသမီး ဟုန်းဟုန်းတောက်နေပြီ။ ထို့ကြောင့် သူ့ခြေအောက်တွင်ရှိသော ခဲလုံးများကိုကောက်ပြီးလျှင် သူ့အား နှာကျည်းအောင် နှောင့်ယှက်နေသော သူတို့ကို တအားကုန်း၍ ပေါက်လေ၏။ ခဲမှန်သော ကောင်ကလေး နှစ်ယောက် သုံးယောက်သည် အော်ပြေးလေသည်။ ယခုအခါ ဆိုင်မွန်သည်အလွန်ကြောက်ဘွယ်ရာ ကောင်းသော ကောင်ကလေး ဖြစ်လာပေပြီ။ ထို့ကြောင့် ကျန်ကလေးများသည် ကြီးကန်း တောင်းမှောက် ဖြစ်လာကြသည်။ ဒေါသူပုန် ထနေသောသူကို ရန်စပြီးလျှင် သူရဲဘောနည်းသော ကောင်ကလေးတို့သည် ခြေဦးတည့်ရာ ပြေး ကြလေသည်။ အဖမဲ့သော သား ဆိုင်မွန်မှာကား တဦးတည်း ကျန်ရစ်ခဲ့သောအခါ၊ လယ်ကွင်းဘက်သို့ ပြေးသွားလေသည်။ လွန်ခဲ့သော ရှစ်ရက်ခန့်က သူတောင်းစားတဦးသည် ပိုက်ဆံ တောင်း၍ မရသောကြောင့် ရေထဲခုန်ဆင်း၍ မိမိကိုယ်ကိုမိမိ သတ်သေခဲ့သည်။ ထိုအလောင်းကို ရေထဲမှ ဆယ်စဉ်က ဆိုင်မွန် သွား၍ ကြည့်ဘူးသည်။ ဒုက္ခအထွေထွေကြောင့် ကြည့်ချင်ရက် စရာမရှိသော သူတောင်းစား၏ အလောင်းကို မြင်ခဲ့ရသည်နှင့် ဆိုင်မွန်သည် များစွာတုန်လှုပ်ခဲ့သည်။ သူတောင်းစား၏မျက်နှာ မှာ ဖြူပတ်ဖြူယော်ရှိသည်။ မုတ်ဆိတ်မွေးရေစိုစိုမှာ တီးလို့ တွဲလောင်းနှင့်။ ပြူးထွက်နေသော မျက်စိတို့ကား ငြိမ်သက်လျက်။ အနီးရှိလူများက "သူသေပြီ" ဟု ဆို၏။ ထိုအခါ တယောက် သောသူက "သေယင်လဲ အေးတာပေါ့ကွာ" ဟု ပြောသည်။ ဆိုင်မွန်သည် ဤအခြင်းအရာကို ပြန်၍တွေးမိသည်။ ဤအတွေး

သည် သူ့အား ကြီးမားသော ပြဋ္ဌာန်းချက်တခုကို ချမှတ်နိုင်စေရန် အားပေးအားမြှောက်ပြုသည်။ ထို့ကြောင့် မြစ်ထဲဆင်း၍သေအံ့ဟု သူ့ကိုယ်သူ ဆုံးဖြတ်ချက် ချလိုက်လေ၏။

သူတောင်းစားသည် ပိုက်ဆံမရှိ၍ ရေထဲ ခုန်ဆင်းဘိသကဲ့သို့၊ ဆိုင်မွန်သည် အဖေမရှိ၍ ရေထဲခုန်ဆင်းချင်လာသည်။

သူသည် မြစ်ကမ်းနားသို့ ရောက်လာ၏။ မြစ်၏ရေအလျင် စီးဆင်းနေသည်ကို သူစိုက်ကြည့်မိသည်။ ကြည်လင်သော ရေထဲတွင် ငါးများ ရှင်မြူးနေကြသည်။ ရေမျက်နှာပြင်ရှိ ပိုးမွှားများကို ခုန်၍ခုန်၍ ဟပ်နေကြသည်။ သူသည် ငါးများ ဤသို့အစာစားနေပုံကို မြင်သောအခါ စိတ်ပါလက်ပါ ကြည့်ချင်လာသည်။ ထို့ကြောင့် အငိုတိတ်သွားသည်။ မုန့်တိုင်းကျသည့်အခါ အငြိမ်သက်ကြီး ငြိမ်သက်ရာမှ ရုတ်တရက်လေပြင်းတိုက်၍ သစ်ပင်ဝါးပင်တို့ ကျိုးကျတတ်သည်။ ဤဥပမာကဲ့သို့ ဆိုင်မွန် ငြိမ်နေသော်လည်း 'ငါ့မှာ အဖေမရှိလို့၊ ရေနစ်သေတော့မယ်' ဟူသော အတွေးသည် သူ့စိတ်ထဲတွင် ငြိမ်နေရာမှ ရုတ်တရက် သောင်းကြမ်းလာသည်။

ထိုနေ့က ရာသီဥတုသည် သာယာ၍ ထွေးထွေးနွေးနွေးရှိသည်။ ကြည်လင်သော နေရောင်သည် မြက်ခင်းတို့ကို နွေးစေ၏။ ရေအလျင်သည် မှန်ရိပ်ကဲ့သို့ တောက်ပ၏။ ဆိုင်မွန်သည် ငိုရှိုက်ပြီး၍ တအောင့်မျှနားနေချိန်ဝယ်၊ ထိုပျော်ရွှင်ဘွယ်ရာ အဖြစ်သနစ်တို့ကိုကြည့်ရင်း နှစ်ခြိုက်နေသည်။ မွန်းတည့်အချိန် နွေးနေသော မြက်ခင်းပြင်ဝယ် လှဲအိပ်လိုက်လျှင် ကောင်းလိမ့်မည်ဟု အောက်မေ့မိလေသည်။





ထိုအတွင်း သူ့ခြေအောက်မှ ဖားစိမ်းတကောင်သည် ခုန်ထွက်လာ၏။ သူသည် ဖားကိုဖမ်းရန် အားထုတ်သည်။ သို့သော် ဖားမှာ လွတ်ထွက်သွားသည်။ သူသည် သုံးကြိမ်သုံးခါ လိုက်ဖမ်းရာ သုံးကြိမ်သုံးခါစလုံး မမိချေ။ နောက်ဆုံးတွင် ခြေတချောင်းကို ဖမ်းမိရာ လွတ်မြောက်ရန် ရုန်းကန်နေသော ဖားကိုကြည့်၍ ရယ်မိသည်။ ဖားငယ်သည် နောက် ခြေတန်ရှည်နှစ်ချောင်းကို စု၍ ရုတ်တရက် ဆောင့်ကန် လိုက်သည့်အခါ ခြေထောက် နှစ်ချောင်းသည် တုတ်ချောင်းနှစ်ချောင်းကဲ့သို့ တန်းနေသည်။

ဖားငယ်၏မျက်လုံး ပြူးကြောင်ကြောင်တို့သည် ရွှေမှင်နှင့်ရေးထားသော ဝလုံးများနှင့် တူလေသည်။ ရှေ့ခြေ နှစ်ချောင်းကို လက်နှစ်ချောင်းသဘွယ် အသုံးပြု၍ ဖားငယ်က ယက်ကန်ယက်ကန် ပြုနေသည်မှာ ဆိုင်မွန်၏ စိတ်ထဲတွင် ကစားစရာ စစ်သားရုပ်ကလေးများ ယက်ကန်ယက်ကန် သွားနေသလားဟု အောက်မေ့မိသည်။ ဤသို့ အောက်မေ့မိရာမှ ဆိုင်မွန်သည် သူ့အိမ်ကို အောက်မေ့မိပြန်သည်။ သူ့အမေကိုလည်း အောက်မေ့ မိပြန်သည်။ ထို့ကြောင့် ရှိုက်ကြီးတငင် ငိုကြွေးမိလေ၏။ အိပ်ရာဝင်ခါနီး ဒူးထောက်၍ အဖဘုရားသခင်ထံ ဆုတောင်းဘိ သကဲ့သို့ ဒူးထောက်၍ နှုတ်ခမ်းတလှုပ်လှုပ်နှင့် ဆုတောင်းမိသည်။ သို့သော် တချက်တချက်တွင် ရှိုက်၍ရှိုက်၍ လာခြင်းကြောင့် ဘုရားရှိခိုးတပုဒ်လုံး ဆုံးအောင် မရွတ်နိုင်ချေ။ ထို့ကြောင့် သူသည် နောက်ထပ် ဘာကိုမျှမတွေးတော့ဘဲ ပတ်ဝန်းကျင်ကိုမေ့လျော့ကာ စိတ်ရှိလက်ရှိ ငိုချလိုက်လေသည်။

ထိုအခါ တစုံတဦးသောသူက သူ၏ပခုံးကို ရုတ်တရက်လာ၍ တို့သည်။ ထိုသူက "ဟေ့ လူကလေး၊ ဘာဖြစ်လို့ ဒီလောက်တောင် ငိုကြီးချက်မ ဖြစ်နေရသလဲ" ဟု အသံမာမာနှင့် မေးလေသည်။

ဆိုင်မွန်သည် လှည့်၍ကြည့်လိုက်သောအခါ၊ ဆံပင် လိမ်လိမ် နှုတ်ခမ်းမွေးမဲမဲရှိသော ထောင်ထောင်မောင်းမောင်း အလုပ်သမားတယောက်သည် သူ့အား စိတ်ကောင်း နှလုံးကောင်းနှင့် ကြည့်၍နေသည်ကို တွေ့ရသည်။ ထို့ကြောင့် ဆိုင်မွန်သည် မျက်ရည်စို့လျက် "ကျွန်တော့်မှာအမေမရှိလို့ သူတို့ကဝိုင်းရိုက်တယ်" ဟု တိုင်တန်း၏။

ထိုအခါ လူကြီးကရယ်၍ "လူတိုင်း အမေရှိတာပေါ့ကွာ" ဟု ဆိုသည်။ ဆိုင်မွန်ကမူ ဝမ်းနည်းပန်းနည်းဖြင့် "နို့ပေမယ့် ကျွန်တော့်မှာ အမေမရှိဘူးဗျ" ဟု စိတ်မသာမယာနှင့် ပြန်ပြောလေ၏။

အလုပ်သမားကြီးသည် နက်နဲစွာ စဉ်းစားသော အသွင်ကို ဆောင်လာသည်။ လာဗလန်ရွှေ့သား ဟူသည်ကို အမှတ်ရလာသည်။ သူတို့သားအမိမှာ မကြာမီကမှ ဤရွာသို့ ရောက်လာခဲ့သော်လည်း သူတို့သားအမိရာဇဝင်ကို သူသိသည်။

"ကွယ် ကလေးရယ်၊ တိတ်ပါတော့ကွယ်။ ငါနဲ့အတူတူမင့်အမေဆီ သွားကြရအောင်။ မင့်အမေကတော့ မင့်အဖေကို တွေ့အောင် ရှာပေးမှာပေါ့" ဟု ဆိုလေသည်။

လူကြီးက ကလေးကိုလက်ဆွဲ၍ နှစ်ဦးသားသွားကြသည်။ လူကြီးမှာ လာဗလန်ရွှေ့ကိုတွေ့ဘို့ရာ ဝမ်းမနည်းချေ။ ဤတောရွာ အနီးတဝိုက်တွင် လာဗလန်ရွှေ့သည် အလှဆုံးမိန်းကလေး





ဖြစ်သည်ဟု လူပြောများသည်။ ထို့အပြင် တကြိမ်တခါ မှားမိသော မိန်းကလေးသည် နောက်တကြိမ်မှားဘို့ရာ ခဲယဉ်းလိမ့်မည် မဟုတ်ဟု မိမိအတွေးနှင့်မိမိ ရှိနေသောလူကြီးက ကြိတ်၍ပြုံးသည်။

သူတို့နှစ်ဦးသည် အိမ်ဖြူဖြူ ကလေး ရှေ့သို့ ရောက်လာကြသည်။

ကလေး က "အိမ်ရောက်ပြီ" ဟု ဆိုရင်း "အမေ" ဟု အော်ခေါ်၏။

ထိုအခါ မိန်းမတယောက်ထွက်လာလည်။ အလုပ်သမားကြီးလည်း ပြုံးနေရာမှ အိနြွေဆယ်လိုက်သည်။ အဘယ့်ကြောင့်ဟူမူ ဖြူဖြူမြင့်မြင့် မိန်းမငယ်ကိုမြင်လိုက်ရသည်နှင့်တပြိုင်နက်၊ သည်လို မိန်းမမျိုးကို အတည်မကြံလျှင် မရနိုင်ဟု သိရသောကြောင့် ဖြစ်သည်။ ထိုသူငယ်မသည် အိမ်တံခါးဝ၌ မားမား ရပ်နေသည်မှာ ယောကျ်ားတဦး သစ္စာဖောက်သွားသော အိမ်တွင်းသို့ နောက်တဦး အဝင်မခံရအောင် ကာကွယ်သော အချိုးမျိုးနှင့် တူလှသည်။ ထို့ကြောင့် အလုပ်သမားသည် ရှုံ့ရှုံ့နှင့် ဦးထုပ်ကိုချွတ်ပြီးလျှင် စကားကို အထစ်ထစ် အငေ့ါငေ့ါနှင့်ပြောသည်။

"ဒီမှာ အမိရယ်၊ မြစ်ကမ်းနားမှာ မျက်စိလည်နေတဲ့ အမိ သားကလေးကို ကျုပ်ပြန်ခေါ်လာတယ်"

ဆိုင်မွန်မှာကား သူ့အမေ လည်ပင်းကို ပြေးဖက်ရင်း ငို၍ "ဟုတ်ဖူးအမေရဲ့။ ကျွန်တော့်မှာ အဖေမရှိလို့ သူများတွေက ဝိုင်းရိုက်လို့။ ဝိုင်းရိုက်လို့ ကျွန်တော် ရေထဲခုန်ဆင်းသေမလို့ဗျာ" ဟု ဆိုလေ၏။

မိန်းမငယ်သည် စိတ်ထဲတွင် ထောင်းကနဲထလာ၍ မျက်နှာတခုလုံးနီတက်လာသည်။ သူ့သားကိုသူ အကြင်နာကြီးစွာဖြင့် ပွေ့ဖက်ရင်း မျက်ရည် တွေတွေကျမိသည်။ အလုပ်သမားကြီးမှာ စိတ်အလွန်ထိခိုက်လာပြီးလျှင် နေမထိ ထိုင်မသာ ဖြစ်လာသည်။ **ဆိုင်မွန်**သည် ထိုသူထံ ရုတ်တရက် ပြေးလာပြီးလျှင် "ခင်ဗျား ကျွန်တော့် အဖေလုပ်ပါလားဗျာ" ဟု ပြောလေသည်။

လောက အလုံး တိတ်ဆိတ်နေသည်။ အရှက်ကြီး ရှက်ခဲ့ရ၍ စိတ်နာနေသော **လာဗလန်ရှော့**ခေါ် မိန်းမသည်စကားပြော၍ မထွက်နိုင်ဘဲ ရင်ကို မကာ တဲထရံကိုမှီ၍နေသည်။ **ဆိုင်မွန်**ကား သူ့အမေးကို အလုပ်သမားကြီးက အဖြေ မပေးခြင်း ကြောင့် "ခင်ဗျား ကျွန်တော့် အဖေ မလုပ်ချင်ယင်၊ ကျွန်တော် ရေထဲ ဆင်းသေလိုက်မယ်ဗျာ့" ဟု ဆိုလေသည်။

အလုပ်သမားကြီးက ကလေးစကားကိုရယ်စရာဟု သဘောထား၍ "လုပ်ချင်တာပေါ့ကွ" ဟု ရယ်မောကာ ပြန်ပြောသည်။

ထိုအခါ ကလေးက "ဒါဖြင့်၊ သူများတွေက မေးယင်ပြောရအောင်၊ ခင်ဗျား နာမည် ဘယ်လိုခေါ်သလဲ၊ ပြောစမ်းပါ" ဟု တောင်းပန်သည်။

လူကြီးက "**ဖစ်လစ်**" ဟု ပြန်ပြောသည်။

**ဆိုင်မွန်**သည် တအောင့်လောက်တိတ်သွားသည်။ ထိုအမည်ကို အလွတ်ရအောင် စိတ်ထဲတွင် ကျက်မှတ် နေဟန်တူ၏။ ထို့နောက် စိတ်ကိုဖြေ၍ ရလာခြင်းကြောင့် လက်ကို ဆန့်တန်း၍ "ဒါဖြင့် **ဖစ်လစ်**ဟာ ကျွန်တော့် အဖေဖြစ်ပြီ" ဟုဆို၏။





အလုပ်သမားသည် **ဆိုင်မွန်**ကို မြေမှကြွလာအောင် ချီမြှောက်၍ ပါးနှစ်ဖက်ကို နမ်းပြီးလျှင် ချက်ခြင်းထွက်ခွာသွားလေသည်။

နောက်တနေ့၌ **ဆိုင်မွန်**ကျောင်းတက်သောအခါ ကျောင်းသားများက ဝိုင်း လှောင် ကြ ပြန် သည်။ ကျောင်းဆင်း ချိန်တွင် ကလေးများက ရန်စမည် ပြုသည်နှင့် တပြိုင်နက် **ဆိုင်မွန်**သည် နှုတ်လုံ့ထိုးသဘောနှင့် "ငါ့အဖေနာမည် **ဖစ်လစ်** တဲ့ကွ" ဟု ဆိုလေသည်။

အားလုံးက ခွက်ထိုး ခွက်လှန် ရယ်ကြသည်။

"**ဖစ်လစ်** တဲ့၊ ဟုတ်လား။ ဘယ်က **ဖစ်လစ်** လဲ။ မင်း အဖေကို မင်း ဘယ်လို ကောက်ရတာလဲကွ"

ဤသို့ဝိုင်းမေးသည်ကို **ဆိုင်မွန်** က ပြန်မဖြေ။ သူ့ဥစ္စာ သူ ယုံကြည်သည်။ ထို့ကြောင့် သူ့ကို ဝိုင်းဝန်းလှောင်နေ သူများကို ပြုံး၍ အန်တုသော မျက်စိဖြင့် ကြည့်သည်။ သည်တခါ **ဆိုင်မွန်** ကြောက်၍ပြေးလိမ့်မည်မဟုတ်။ အသက်ကိုသာ အသေခံရလျှင်ခံမည်။ နောက်ဆုံးတွင် ဆရာဖြစ်သူက အခြေအနေကို ထိန်း ပေး လိုက် သော ကြောင့် ထိုနေ့အဖို့ **ဆိုင် မွန်** သည် အမေ့ထံ ချောမောစွာ ပြန်နိုင်သည်။

ဤသို့နှင့်ပင် အလုပ်သမား ထောင် ထောင် မောင်း မောင်း ကြီးသည် **လာဗလန်ရှော့** အိမ်ရှေ့မှ ဖြတ်၍ သွားခဲ့သည်မှာ သုံးလတာမျှရှိသွားပြီ။ တခါတရံ **လာဗလန်ရှော့**က ပြူတင်းဝ၌ စက်ချုပ်နေသည်ကိုတွေ့လျှင် သူက အရဲစွန့်၍ ခေါ်ခေါ် ပြောပြောလုပ်လာသည်။

**လာဗလန်ရှော့** ကမူ သိမ်မွေ့စွာ အိန္ဒြေနှင့် စကားပြန်ပြောသော်လည်း အကျွမ်းတဝင် ရယ်ရယ်မောမောမလုပ်။ အိမ်တွင်းသို့ပင် ဝင်ခွင့်မပေး။ သို့သော် နှစ်ဦးချင်း စကားပြောကြပြီဆိုလျှင် **ဖစ်လစ်** က **ဆိုင်မွန်** အမေသည် စိတ်မလုံသည်နှင့် ရှက်သွေး တဖြန်းဖြန်း ရှိသည်ဟု ထင်သည်။ ယောကျ်ားဆိုသည်မှာ သည်ဟာမျိုးကျလျှင် မိမိကိုယ်ကိုမိမိ အထင်ကြီးစမြဲပင်။

တခါ နာမည်ပျက်ရှိလျှင် ပြင်၍ ရခဲသည်။ ထို့ကြောင့် **လာဗလန်ရှော့**သည် မည်မျှပင် အိန္ဒြေလုပ်နေစေကာမူ အိမ်နီးပါးချင်းတို့ကား သူ့အကြောင်းကို အတင်းပြောလာကြပြန်သည်။

**ဆိုင်မွန်** အဖို့မှာကား အဖေသစ်တယောက်ရရှိထား၍ သူ့ကို အလွန်ချစ်သည်။ ကျောင်းတက်ရသည့် အလုပ် ပြီးပြီဟုဆိုလျှင် ညနေတိုင်း အဖေသစ်နှင့် အတူ လမ်းလျှောက်သည်။ ကျောင်းကိုလည်း မှန်မှန်တက်၍၊ ကျောင်းသားများနှင့် အိန္ဒြေ မပျက် ရောနှောနေထိုင်သည်။ သူ့ကို ဝိုင်းလှောင်ကြလျှင် အရေးမစိုက်တော့ချေ။

တနေ့သော် ပထမရန်စခဲ့သော သူငယ်က **ဆိုင်မွန်**အား "မင်း လိမ်တယ်။ မင့်မှာ **ဖစ်လစ်**ဆိုတဲ့ အဖေမရှိဘူး" ဟု ဆိုလာသည်။

**ဆိုင်မွန်**သည် စိတ်၌အနှောင့်အရှက် ဖြစ်လာပြီးလျှင် "မင်း ဒီလို ဘာ့ကြောင့် ပြောနိုင်သလဲ" ဟု မေး၏။

ထိုအခါ အဆိုပါ သူငယ်က လက်နှစ်ဖက်ကို ပွတ်ရင်း "မင့်မှာ အဖေရှိတယ်ဆိုယင်၊ မင့်အဖေဟာ မင့်အမေ ယောကျ်ားဖြစ်ရမှာပေါ့" ဟု ဆိုလေသည်။





ဤစကားသည် အကျိုးအကြောင်း သင့်မြတ်ပါ၏။ သို့သော် **ဆိုင်မွန်** စိတ်ရှုပ်လာသည်။ ထို့ကြောင့် "မင်း ဘာပြောပြော၊ သူဟာ ငါ့အဖေဘဲကွ" ဟု ပြန်ပြောသည်။

"မင့်ဟာ မင်း ဟုတ်ချင်လဲ ဟုတ်မှာပေါ့။ ဒါပေမယ့် မင့် အဖေဆိုတဲ့ လူဟာ မင့် အဖေ လုံးလုံး မဟုတ်သေးပါဘူး" ဟု ပထမ သူငယ်က ခနိုးခနဲ့ပြောလေသည်။

ထိုနောက် **ဆိုင်မွန်**သည် **ဖစ်လစ်** အလုပ်လုပ်သော ပန်းဘဲဖိုရှိရာသို့ ဦးခေါင်း ငိုက်စိုက်နှင့် သွားလေသည်။

ထိုပန်းဘဲဖိုသည် သစ်ပင်အုပ်အုပ်ကြားထဲတွင် တည်ရှိသည်။ သစ်ရိပ်ဖြင့်မှောင်၍နေသောကြောင့် ပေကိုတဒင်ဒင် မြည်အောင်ထုနေသော ပန်းဘဲသမားငါးဦးကို ပန်းဘဲဖို၏ မီးရောင်နှင့်သာ မြင်နိုင်သည်။ မီးတောက်ပတ်ချာဝိုင်းနေသည့်အထဲတွင် ယင်းပန်းဘဲသမားတို့သည် နီရဲနေသော သံတွေခဲကို စိမ်းစိမ်းကြည့်ရင်း ပန်းဘဲထုနေကြသည်မှာ ငရဲသားများ အလုပ်လုပ်နေကြသည်နှင့် တူလှ၏။ သူတို့၏ စိတ်ကူးစိတ်သန်းသည် ရိုးလှ၏။ သူတို့ထုသောတူချက် အတက်အကျကိုလိုက်၍ တခါတခါ စိတ်ကူးကောင်း၏။ တခါတခါ စိတ်ကူးသမျှ နေရာမကျဖြစ်ရ၏။

**ဆိုင်မွန်**သည် အသံမကြားအောင်သွား၍ **ဖစ်လစ်**၏ အင်္ကျီစကိုဆွဲသည်။ **ဖစ်လစ်**သည် လှည့်၍ကြည့်၏။ အခြားပန်းဘဲသမားတို့သည်လည်း အလုပ်ကိုချက်ချင်းရပ်၍ **ဖစ်လစ်**နှင့် **ဆိုင်မွန်**နှစ်ဦးသားကို ဂရုတစိုက်အကဲခတ်ကြ၏။ တိတ်ဆိတ်နေသည့် အထဲတွင် **ဆိုင်မွန်**၏ အသံကြောင်ကလေးသည် ပေါ်ထွက်လာသည်။

"**ဖစ်လစ်**၊ ကျွန်တော့်ကို ရှင်းအောင် ပြောစမ်းပါအုံး။ ကောင်ကလေးတွေက ခင်ဗျားဟာ ကျုပ်အဖေ လုံးလုံးမဖြစ်သေးဘူးဆိုပါကလား"

"ဘာကြောင့်လဲကွဲ့"ဟု **ဖစ်လစ်က** မေး၏။

ဘုမသိဘမသိ **ဆိုင်မွန်**ကမူ "ခင်ဗျားက ကျွန်တော့် အမေ့ယောကျ်ား မဟုတ်သေးလို့တဲ့ဗျ"ဟု တဲ့တိုး ပြောချလိုက်၏။

ဤသို့ပြောလိုက်သည်ကို မည်သူမျှ မရယ်နိုင်ကြချေ။ **ဖစ်လစ်**သည် တူလက်တံကို ပေပေါ်တင်ရင်း လက်ဖြင့်ကိုင်ထားသည်။ ထိုလက်ပေါ်သို့ သူ၏နဖူးကိုမှေး၍ အတန်ကြာမျှ ရပ်နေသည်။ သူ ဤသို့ စဉ်းစားနေသည်ကို သူ့အဖော်လေးဦးက စိုက်၍ကြည့်သည်။ **ဆိုင်မွန်**ကား ဘီလူးတို့ အလယ်တွင် ရောက်သွားသော လူပုကလေးပမာ စိုးရိမ်တကြီးဖြင့် အဖြေကို စောင့်မျှော်နေသည်။ တယောက်သော ပန်းဘဲသမားသည် ကျန်သောသူတို့ကိုယ်စား **ဖစ်လစ်**အား မည်သို့ထင်မြင်သည်ကို ဖွင့်ပြောသည်။

"**လာဗလန်ရှော့**ဆိုတဲ့ သူငယ်မဟာ ကံမကောင်း အကြောင်းမလှပေမယ့် တည်တည်ကြည်ကြည်၊ ရိုးရိုးသားသား မိန်းမကောင်းလေးဘဲ။ လူရိုးလူကောင်းတယောက်အတွက် မယားကောင်းဖြစ်နိုင်ပါတယ်"

"ဟုတ်တယ်"ဟု ကျန်သုံးယောက်က ပြောသည်။

ပထမလူက "သူ့မှာ ဒီလိုဖြစ်ရတာ သူ့အပြစ် မဟုတ်ပါဘူး။ သူ့အကောင်က လက်ထပ်ယူပါ့မယ်ဆိုတော့၊ လူကိုယုံပြီး ပုံအပ်မိမှာပေါ့။ အခုလိုခေတ်မျိုးမှာ အိမ်ခြေရှိလှပါတယ်ဆိုတဲ့ မိန်းမ





တွေဟာ သူ့လိုအဖြစ်မျိုးကြုံလာယင် သူ့လိုဖြစ်ကြမှာချည်းပါဘဲ"ဟု ဆက်ပြောသည်။

"ဟုတ်သားဘဲ"ဟု ကျန် သုံးယောက်က ပြိုင်တူဝန်ခံကြသည်။

ပထမလူက တဖန်ဆက်၍ "တယောက်တည်းသော သားကလေးကို ပညာတတ်စေဘို့ သူ့ခမျာ ကြိုးစားလိုက်ရတာ ပင်ပန်းလွန်းလို့၊ အိမ်တွင်းပုန်းပြီး ငိုလို့သာ နေရတယ်။ ဘုရားရှိခိုးကျောင်းကလွဲပြီး ဘယ်ကိုမှ မသွားဘူး"ဟု ပြောပြန်သည်။

"ဒါလဲ ဟုတ်တာဘဲ"ဟု ကျန်သူတို့က ဆိုပြန်သည်။

ထိုနောက် စကားပြောသံများ တိတ်သွားသည်။ ဖားဖိုမှ လေသံတရှဲရှဲကိုသာ ကြားရတော့သည်။ **ဖစ်လစ်**သည် ဆိုင်မွန်အား ငုံ့၍ "မင့်အမေကိုပြောလိုက်၊ ငါလာပြီး စကားပြောအုံးမယ်လို့"ဟု ဆိုလေ၏။

**ဖစ်လစ်**သည် ဆိုင်မွန်ကို ပခုံးကိုင်၍ ဖိုအပြင်သို့ လွှတ်လိုက်သည်။ ထိုနောက် ဖိုသမားငါးဦးသည် ချက်ညီညီနှင့် ပေကိုထုကြသည်။ ဤသို့လျှင် ညချမ်းချိန်တိုင်အောင် အားကြိုးမာန်တက် ရှင်ရှင်ပျော်ပျော်၊ ကျေကျေနပ်နပ် အလုပ်လုပ်ကြသည်။ ရပ်ရွာတွင် ပွဲကြီးလမ်းကြီးရှိသောအခါ ဘုရားရှိခိုးကျောင်းမှ ထိုးလိုက်သော ခေါင်းလောင်းသံသည် အခြားအသံတို့ကို လွှမ်းမိုးသွားသည့်ပမာ **ဖစ်လစ်**၏ ပေထုသံသည် တစက္ကန့်ပြီးလျှင် တစက္ကန့်ဆိုသလို နားကွဲလုမတတ် ပေါ်ထွက်လာ၍ အခြားအသံတို့ကို လွှမ်းမိုးသွားသည်။ သံတွေသံခဲကို ထုရာမှ ထွက်လာသော မီးပန်းတို့၏ အကြားဝယ် **ဖစ်လစ်**သည် မားမားမတ်မတ်နှင့် သူ့အလုပ်ကို

သူ တက်တက်ကြွကြွလုပ်နေလေရာ၊ သူ့မျက်စိသည် ဝင်းဝင်း တောက်နေသည်။

ထိုနေ့ညချမ်းတွင် **ဖစ်လစ်**သည် **လာဗလန်ရှော့** အိမ်တံခါးကို ခေါက်လိုက်သောအခါ၊ ကောင်းကင်ယံတွင် ကြယ်များကိုပင် အစုံမြင်နေရပြီ ဖြစ်သည်။ **ဖစ်လစ်**သည် ဝတ်ကောင်းစားလှ ဝတ်ထားသည့်ပြင် မုတ်ဆိတ်မွေးကိုလည်း ရိတ်ထားသည်။ **ဆိုင်မွန်**၏မိခင်ကား တံခါးဝသို့ထွက်လာပြီးလျှင် စိတ်လက်မသက်မသာ ဖြစ်သည့်လေသံနှင့် "**မက်ရှာဖစ်လစ်**ရယ်၊ဒီလိုညကြီး မင်းကြီးမှာ ကျုပ်ဆီလာတာ မတော်ပါဘူးတော်" ဟု ပြော၏။

**ဖစ်လစ်**က ပြန်ပြောချင်၏။ သို့သော် ဘာပြန်ပြောရမှန်းမသိ၍ အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေသည်။ ထို့ကြောင့် သူငယ်မကပင် "ကျုပ်အကြောင်း ရပ်ထဲရွာထဲမှာ ပြောချင်ရာပြောနေတာတွေကို ကျုပ်မခံနိုင်ဘူးတော့။ ဒါကို ရှင်နားလည်ဘို့ကောင်းတယ်" ဟု ဆို၏။

ဤသည်တွင်မှ**ဖစ်လစ်**ကချက်ချင်းပင် "ဘယ်သူဘာပြောပြော မင်းနဲ့ငါ လက်ထပ်မယ်ဆိုယင်၊ ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလိုပါဘူး" ဟု ဆိုလေသည်။

ဤသို့ပြောသည်ကို မိန်းမငယ်က အဖြေပေးသံမကြားရချေ။ သို့သော် အိမ်ခန်းမှောင်မှောင်မဲမဲတွင် တစုံတဦး လဲကျသွားသောအသံမျိုးကိုမူကား ကြားလိုက်ရသည်။ ထို့ကြောင့် **ဖစ်လစ်**သည် အိမ်ခန်းထဲသို့ အမြန်ဝင်သွားလေသည်။

**ဆိုင်မွန်**သည် ထိုအချိန်၌ အိပ်ရာထဲ၌ အိပ်နေသည်။ သို့သော် နမ်းရှုပ်သံနှင့်တကွ သူ့အမေ တိုးတိုးပြောသံတို့ကို အိပ်မှုံစုံမွှား





နှင့် ကြားလိုက်ရသည်။ နောက်တခဏ၌ **ဆိုင်မွန်**သည် **ဖစ်လစ်**၏ သန်မာသောလက်နှစ်ချောင်း မြှောက်တင်ရာသို့ တကိုယ်လုံး ပါသွားသည်ကို သတိထားမိသည်။

**ဖစ်လစ်**က **ဆိုင်မွန်**ကို "မင်းတို့ ကျောင်းသားချင်းချင်း ဒီတခါမေးယင် မင့်အဖေဟာ ပန်းဘဲသမား **ဖစ်လစ်ရေမီ**လို့သာ ပြောပေတော့။ ပြီးတော့ မင့်ကိုစော်ကားယင် မင့်အဖေက စော်ကားတဲ့လူကို ထိပ်ထိုးမယ်လို့ ပြော" ဟု ဆိုလေ၏။

နံနက်လင်းသောအခါ ကလေးများ စုံညီ ကျောင်းတက်လာကြသည်။ စာသင်ခန်းထဲတွင် စာသင်မည်ဟု အပြုတွင် **ဆိုင်မွန်**သည် မတ်တတ်ရပ်၍၊ အသံကလေးတုန်တုန်နှင့် "ဟေ့ ငါ့အဖေက ပန်းဘဲသမား **ဖစ်လစ်ရေမီ** တဲ့ကွ။ ငါ့ကို စော်ကားတဲ့ လူမှန်ယင်၊ ငါ့အဖေက ထိပ်ကိုထိုးမယ်လို့ မှာလိုက်တယ်" ဟု ပြတ်ပြတ်သားသား ပြောလိုက်လေသည်။

သည်တခါတွင် ဘယ်ကောင် ကလေးမျှ မရယ်နိုင်။ ပန်းဘဲဆရာ **ဖစ်လစ်ရေမီ** ဟုဆိုလျှင် သူ့အကြောင်း မသိသူမရှိ။ သူနှင့် အဖေတော်ရသော ကလေး အဖို့ ရပ်ရွာထဲတွင် ဂုဏ်ယူစရာပင် ဖြစ်တော့လော။

# မ စ ပ ယ်

ရေးဖြစ် ရေးဟောင်းတို့သည် မေ့ ဖျောက်၍ မရနိုင်လောက်အောင် ကျွန်ုပ်တို့အား ဖြဲ၍ ချောက် တတ် သည် မှာ၊ အံ့စရာကောင်းသည်။

ယခု ကျွန်တော်ပြောပြမည့် အကြောင်းသည် ရေးလွန်လေပြီးသောအခါက အဖြစ်အပျက် ဖြစ်ပါလျက်နှင့် ကျွန်တော့် စိတ်ထဲ ကွင်းကွင်း ကွက်ကွက်၊ စွဲ၍ ကျန်ရစ်နေသည်မှာ၊ ကျွန်တော်ကိုယ်တိုင် နားမလည်နိုင်အောင် ရှိပါသည်။ ဤအဖြစ်မျိုးကို ကြုံပြီးသည့်နောက်ပိုင်းတွင် အံ့ဖွယ်ရာ အမျိုးမျိုးတို့ကို ကျွန်တော် ထပ်မံကြုံတွေ့ပြီး ဖြစ်ပါသည်။ အချို့မှာ ကြည်နူးဖွယ် ဖြစ်၏။ အချို့မှာ ကြောက်စရာ ကောင်း ၏။ သို့ပါလျက်နှင့် လည်း ဒေါ်စပယ်၏မျက်နှာကို တနေ့မျှ စိတ်ထဲမှ ဖျောက်၍ မရသည်မှာ ထူးပေဆန်းပေသည်။ ထိုမျက်နှာမှာ ဘယ်အခါ ပြန်၍တွေးတွေး

ပုဂံစာအုပ်တိုက်

ကျွန်တော် ၁၀ နှစ် ၁၂ နှစ် အရွယ်တုန်းက သိကျွမ်းဘူးသော မျက်နှာအတိုင်းပင် ရှိသည်။

ဒေါ်စပယ်သည် ကျွန်တော့် မိဘအိမ်သို့ ကြာသပတေးနေ့တိုင်း တပတ်တခါ လာရောက်၍ အဝတ်ဟောင်းများကို ဖာထေးပေးသည့် အမယ်ကြီး ဖြစ်သည်။ ကျွန်တော့် မိဘများသည် လယ်ယာမြေ သုံးလေးရှုဉ်းစပ်နေသောမြေတွင် ခေါင်မြင့်မြင့်နှင့် အိမ်ကြီးတဆောင် ဆောက်၍ နေထိုင်ကြသည်။

ကျွန်တော်တို့၏ ရွာသည် ရွာကြီး ဖြစ်သည်။ ဈေးပွဲလည်းရှိသည်။ နေအိမ်များသည် ဘုရားရှိခိုးကျောင်းကို ကိုက်တရာခန့် အဝေးမှနေ၍ ခြံရံထားသည်။ ထိုအိမ်များကို အုတ်နီဖြင့်ဆောက်လုပ်ခဲ့သော်လည်း ကာလကြာညောင်းလွန်းလှ၍ ထိုအုတ်နီခဲတို့သည် မဲ၍ပင် နေလေပြီ။

ကြာသပတေးနေ့တိုင်း နံနက်ခြောက်နာရီခွဲ ခုနစ်နာရီခန့်တွင် ဒေါ်စပယ်သည် အိမ်သို့ရောက်လာပြီးလျှင် အဝတ်ဟောင်းထားရာ အခန်းသို့ ဝင်၍ လုပ်မြဲအလုပ်ကို လုပ်လေ့ရှိသည်။ သူသည် အရပ်ရှည်သည်။ အမွေးအမှင် ထူထပ်သည်။ နှာပေါ်မှာလည်း အမွေးအမှင်။ နှာအောက် နှုတ်ခမ်းပေါ်၌လည်း အမွေးအမှင်။ နှာတဝိုက်မေးစေ့၊ ပါးပြင်၊ မျက်ခုံးတို့၌လည်း အမွေးအမှင်။ မျက်နှာပြင် တခုလုံး မမျှော်လင့်သော နေရာတို့၌ အံ့ဘွယ်ရာ ဟိုတစု သည်တစု မြက်ဖုတ်ကဲ့သို့ အမွေးများပေါက်နေသည်မှာ အရူး ကြဲထားသော ပျိုးခင်းထဲတွင် စပါးပင်များ ဟိုမှာတစု သည်မှာတစု ပေါက်နေဘိ သကဲ့သို့ရှိသည်။ မျက်ခုံးမွေးမှာ ထူထပ်ရှည်လျား၍ ဖြူကာနီးသော အရောင်ရှိသည်။ ချုံဖုတ်ကဲ့သို့





ထူးသော မျက်ခုံးမွေးသည် နှုတ်ခမ်းမွေး ထောင်သကဲ့သို့ ထောင်နေရာ၊ မျက်ခုံးပေါ်၌ နှုတ်ခမ်းမွေး မှား၍တတ်ထားရော့သလားဟု အောက်မေ့ရသည်။ ထို့ကြောင့် သူ့မျက်နှာမှာ ဝန်ဝတ်ထားသော ရဲသားကြီး၏ မျက်နှာနှင့်တူသည်။

အမယ်ကြီးသည် ထော့နဲ့ ထော့နဲ့နှင့် လမ်း လျှောက် တတ်သည်။ သို့သော် ခြေကျိုးသော သူတို့ လျှောက်သကဲ့သို့ မဟုတ်။ လူး သကဲ့သို့ လူး၍ လျှောက်သည်။ သူ၏ ခန္ဓာကိုယ်သည် ိုးစုမျှသာ ရှိသော်လည်း၊ သွက် လက် သော ကြောင့် လမ်းလျှောက်သည့်အခါ လှိုင်းကြီးကို ကျော်လွှားရန် အားယူသော လှေကဲ့သို့ ယိမ်းထိုးသည်။ ပြီးလျှင် လှိုင်းကြားထဲတွင် လှေနစ်သကဲ့သို့ ခန္ဓာကိုယ်လည်း နစ်၍သွားသည်။ သူ လမ်းလျှောက်သည်ကို ကြည့်ရသည်မှာ မုန်တိုင်းမိသောလှေကို ကြည့်ရသည်နှင့် တူလေသည်။ အမယ်ကြီးသည် ခေါင်း၌ တဘက်ဖြူကို အမြဲပတ်ထားလေ့ရှိသည်။ တဘက်မှ အမြိတ်တို့သည် သူ၏ ကျောပေါ်၌ ပျံ့ဝဲ၍နေသည်။ အမယ်ကြီးက ထော့နဲ့ထော့နဲ့နှင့်လျှောက်တိုင်း လျှောက်တိုင်း ထိုတဘက် ပတ်ထားသော ခေါင်းသည် မြောက်မှ တောင်သို့၊ တောင်မှ မြောက်သို့ ယိမ်းထိုးလျက်ရှိလေသည်။

ကျွန်တော်သည် ဒေါ်စပယ်ကို အလွန်ချစ်သည်။ ကျွန်တော် အိပ်ရာမှ နိုးလျှင် နိုးချင်း ဒေါ်စပယ်ရှိရာအဝတ်ခန်းသို့ သွားလေ့ရှိသည်။ ထိုအခါ ခြေထောက်နွေးရန် ဖိုထားသော မီးလင်းဖိုပေါ်တွင် ခြေတချောင်းတင်၍ အလုပ်လုပ်နေသော အမယ်ကြီးကို ကျွန်တော်တွေ့ရသည်။ အမယ်ကြီးသည် ကျွန်တော်ရောက်

လျှင် ရောက်ချင်း အလွန်အေးသောခန်းမကြီးထဲတွင် ကျွန်တော် အအေး မမိစေရန်အလို့ငှာ ကျွန်တော့်အား မီးလင်းဖိုပေါ်တွင် ထိုင်ခိုင်းသည်။ "ဒီလိုလုပ်မှသွေးပူပြီးနွေးလာမယ်" ဟုကျွန်တော့် အား ပြောလေ့ရှိသည်။

ရှည်လျား ကောက်ကွေး သော်လည်း အလွန် ကျင်လည်လှ သော လက်ချောင်းတို့ဖြင့် အဝတ်များကို ဖာရင်း ထေးရင်းနှင့် အမယ်ကြီးသည် ကျွန်တော့်ကိုပုံပြောပြလေ့ရှိပါသည်။ အမယ်ကြီးမှာ မျက်စိမကောင်း၍ မျက်မှန်တပ်ထားရသည်။ မျက်မှန်ကို ထွင်းဖောက်၍ မြင်ရသော သူ့မျက်လုံးများသည် အလွန်ကြီးသည်ဟု ကျွန်တော် ထင်ရပါသည်။ တခါတရံ မျက်လုံး နှစ်ထပ်ဖြစ်နေသည်ကို မြင်ရပါသည်။ သူ၏မျက်လုံးတို့မှာ အလွန် လေးနက်သော အဓိပ္ပာယ်ကို ဆောင်လျက်ရှိပါသည်။

သူက ပြော၍ ကျွန်တော်က စိတ်ခံစားရသည်တို့ကို အခြေတည်၍ မှတ်မိသမျှ တွေးဆကြည့်လျှင်၊ အမယ်ကြီး၌ သူဆင်းရဲတို့၏ နှလုံးကောင်းဝမ်းကြီးသဘောမျိုးရှိသည်ကို တွေ့ရှိပါသည်။ သူသည် ရွာထဲမှာ ဘာဖြစ်ပျက်နေသည်ကို ကျွန်တော့်အား ပြောပြလေ့ရှိပါသည်။ နွားတင်းကုပ်မှ နွားမတကောင်လွတ်ပြေးရာ နောက်တနေ့နံနက်တွင် စက်ရုံတခုမှ လေရဟတ်လည်နေသည်ကိုကြည့်နေသော ထိုနွားမကို ပြန်၍ တွေ့ကြောင်း။ ကျောင်းခေါင်မိုးတွင် ကြက်ဥတလုံးကိုတွေ့ရာ၊ မည်သို့သော သတ္တဝါမျိုးသည် ဤနေရာမျိုး၌လာ၍ ဥ အုထားသည်ကိုမည်သူမျှနားမလည်နိုင်ကြောင်း။ ခွေးတကောင်သည် သူ့သခင်၏ ဘောင်းဘီများကို ဆယ်မိုင်ကွာအရပ်မှ ယူဆောင်လာကြောင်း။ ထိုဘောင်းဘီ





ကို သူခိုး ခိုးသွားရာ သူခိုးသည် မိုးမိသောကြောင့် ဘောင်းဘီကို လှမ်းထားရာမှ ခွေးကပြန်၍ တွေ့ကြောင်း အစရှိသည့် ရပ်ရွာသတင်းများကို ကျွန်တော့်အား ပြောပြလေ့ရှိပါသည်။ ထိုအကြောင်းများကို သူပြောပြသောဟန်ပန်မှာ ဇာတ်ဟန်ပါ၍ သူပြောပုံကိုကြည့်ရသည်မှာ ပရိသတ်စုံသော ဇာတ်ပွဲကို ကြည့်ရသကဲ့သို့ရှိသည်။ ပြောပြပုံလေသံသည်လည်း တခါ နားထောင်မိလျှင် တသက်လုံး မမေ့နိုင်သော ကဗျာကို ရွတ်ဆိုသော လေသံမျိုးဖြစ်၍ နားထောင်၍ မငြီးနိုင်အောင်ရှိသည်။ ကျွန်တော့် အမေသည် ညနေတိုင်းတွင် ကဗျာဆရာတို့ တီထွင် စပ်ဆိုကြသော အဆန်းအကျယ်ပုံပြင်များကို ပြောလေ့ရှိပါသည်။ သို့သော် ကျွန်တော့်အမေ ပြောပြသော ပုံတို့သည် ဒေါ်စပယ်ကြီး ပြောပြသောပုံတို့လောက် နားထောင်၍ အရသာမရှိပါ။ လယ်သူမအဖွားကြီး၏ ပုံပြင်တို့မှာ အဓိပ္ပာယ်ပြည့်ဝ၍ အသက်ပါပါသည်။

တခုသော ကြာသပတေးနေ့တွင် ကျွန်တော်သည် နံနက်ပိုင်း၌ ဒေါ်စပယ်ကြီး ပြောပြသော ပုံတို့ကို နားထောင်ပါသည်။ နေ့လယ်ပိုင်း၌မူကား ကျွန်တော်၏အထိန်းတော်ကြီးနှင့်အတူ ယာတောနောက်ရှိ တောစပ်တွင် သစ်သီးကောက်ပါသည်။ ထို့နောက် ကျွန်တော်သည် ဒေါ်စပယ်ရှိရာ အပေါ်ထပ်သို့ တက်ရောက်လိုသောဆန္ဒ ဖြစ်လာပါသည်။ ထိုနေ့ကအဖြစ်အပျက်တို့ကို ကျွန်တော်သည် မနေ့တုန်းကမှ ဖြစ်ပျက်ခဲ့သလို မှတ်မိပါသည်။

ကျွန်တော်သည် အဝတ်အခန်းတံခါးကို ဖွင့်လိုက်သောအခါ၊ အပ်ချုပ်သည် ဒေါ်စပယ်ကြီးသည် ကြမ်းပြင်ပေါ်ရှိ ကုလားထိုင်ဘေး၌ မှောက်လျက်လဲနေသည်ကို တွေ့ရပါသည်။ သူ့လက်

များသည် ဆန့်လျက်ရှိသည်။ လက်တဖက်တွင် ကျွန်တော်၏ ရှပ်အင်္ကျီကိုကိုင်၍၊ အခြားလက်တဖက်တွင် အပ်ကို ကိုင်၍ထားသည်။ သူ၏ခြေတဖက်မှာ ရှည်သည်။ ထိုရှည်သော ခြေတဖက်၌ ခြေစွပ်အပြာဝတ်ထားသည်။ ထိုခြေစွပ်ဝတ်ထားသော ခြေထောက်သည် ကုလားထိုင်အောက်တွင် ဆန့်နေသည်။ သူ၏ မျက်မှန်မှာ အဝေးသို့လွင့်စင်၍ နံရံအနီးတွင် ကပ်နေသည်။ မျက်မှန်သည် အရောင်တောက်လျက် ရှိသည်။

ကျွန်တော်သည် စူးစူးရှရှအော်ရင်း ပြေးပါသည်။ ထိုအခါ အိမ်သားအားလုံးတို့ အပြေးအလွှား လာရောက်ကြရာ၊ များမကြာမီ ဒေါ်စပယ်သေပြီဟု သူတို့က ကျွန်တော့်အား ပြောပြကြပါသည်။ ကျွန်တော်သည် ကျွန်တော်၏ ရင်တွင်း၌ ဖြစ်ပေါ်လာသော စိတ်စေတသိက်တို့ကို မဖော်ပြတတ်ပါ။ စိတ်အလွန်ထိခိုက်သွားပါသည်။ ထို့ကြောင့်အပေါ်ထပ်မှ အောက်ထပ်ရှိ ဧည့်ခန်းသို့တဖြည်းဖြည်းဆင်းရင်း မှောင်သောဒေါင့်တဒေါင့်ရှိ ပက်လက်ကုလားထိုင် အပေါင်းတလုံးပေါ်တွင် မိမိကိုယ်ကိုမိမိ မြှုပ်၍ထိုင်နေပါသည်။ ထို့နောက်ကျွန်တော်သည် ကုလားထိုင်ပေါ်၌ ဒူးကိုထောက်၍ ငိုကြွေးပါသည်။ကျွန်တော်သည် ဤသို့ငိုသည်မှာ တော်တော်ကြာသွား၍ အချိန်မှာညဦးဘက်သို့ပင်လျှင် ချဉ်းကပ်လာသည်။ ထိုအခါတစုံတယောက်သည် ကျွန်တော့်ကိုမမြင်ဘဲ မီးတိုင်တခုကိုကိုင်၍ ဝင်လာပါသည်။ ထို့နောက် ကျွန်တော်၏ အဖေနှင့် အမေတို့ ဆရာဝန်နှင့် စကားပြောသည်ကို ကြားရပါသည်။ ဆရာဝန်၏အသံကို ကျွန်တော်ကျက်မိပါသည်။





အိမ်သူအိမ်သားတို့သည် ဆရာဝန်ကို အမြန်ဆုံး ပင့်ခဲ့ကြပါသည်။ ဆရာဝန်သည် ဒေါ်စပယ်ကြီး မတော်တဆ ထိခိုက် သေဆုံးရသည့်အကြောင်းကို ရှင်းပြနေပါသည်။ ကျွန်တော့်မှာကား ဘာမျှနားမလည်ပါ။ ဆရာဝန်သည် ရှင်းပြပြီးသောအခါ ထိုင်၍ အဖျော်ယမကာနှင့် မုန့်များကို စားသောက်ပါသည်။

စားရင်း သောက်ရင်းနှင့် သူပြောသွားသော စကားတို့ကို ကျွန်တော်သည် သေသည့်တိုင်အောင် မေ့နိုင်လိမ့်မည် မဟုတ်ပါ။ သူပြောသော စကားကို အရင်းအတိုင်း ကျွန်တော်ပြန်ပြောနိုင်သည်ဟု ထင်ပါသည်။ ဒေါ်စပယ်၏ရာဇဝင်ကို ဆရာဝန်က ပြောပြသည်မှာ ဤသို့ဖြစ်ပါသည်။

× × ×

အင်း၊ 'တော်တော် ကံဆိုးရှာတဲ့ မိန်းမဘဲ။ ကျုပ် ဒီရွာကို ရောက်တဲ့နေ့မှာဘဲ ဒီမိန်းမ ခြေကျိုးတယ်။ ကျုပ် ဒီရွာရောက်လို့ မြင်းရထားပေါ်ကဆင်းပြီး ကိုယ်လက်သုတ်သင်တဲ့ အလုပ်ကိုမှ မလုပ်ရသေးဘူး။ ကျုပ်ကို လူနာကတို့ လာပင့်တာပါဘဲ။ ဒါပေမယ့် အခြေအနေက တော်တော်ဆိုးတယ်။

ဒေါ်စပယ်ဟာ ငယ်ငယ်တုန်းက အင်မတန်လှတယ်။ ဟိုတုန်းက သူ့အသက် တဆယ့်ခုနစ်နှစ်လောက်ဘဲ ရှိသေးတယ်။ ကျုပ် အခုပြောပြရင် ယုံချင်မှယုံကြမယ်။ သူ့အကြောင်းကို ကျုပ်ဒို့ အရင်က ဘယ်သူ့ကိုမှ မပြောပြသေးဘူး။ ဒီအကြောင်းကို ကျုပ်နဲ့ဒီပြင် တယောက်ဘဲသိတယ်။ အဲဒီသိတဲ့လူလဲ အခုဒီအရပ်

မှာ မရှိတော့ဘူး။ ခုတော့ ဒီမိန်းမသေပြီဆိုတော့ ကျုပ်ဖွင့်ပြောလဲ ကိစ္စမရှိပါဘူး။

တနေ့မှာ ဒီရွာကို လက်ထောက် ကျောင်းဆရာ တယောက် ရောက်လာတယ်။ ရောက်လာပြီး ဒီမှာနေတယ်။ ဒီကျောင်းဆရာလေးဟာ ရုပ်ချောတယ်။ သူ့ရုပ်ရည်ကတော့ စစ်သားရုပ်ရည်ဘဲ။ ရွာထဲမှာရှိတဲ့ ကောင်မလေးတွေဟာ သူ့ကိုဝိုင်းပြီး ကြိုက်ကြတယ်။ နို့ပေမယ့် သူကတော့ ခပ်တည်တည်နေတယ်။ အမှန်မှာတော့ ဦးကြာဘူးဆိုတဲ့ ကျောင်းဆရာကြီးကို သူ့အထက် လူကြီးဖြစ်တဲ့အလျောက် အားကြီးကြောက်တယ်။ ဦးကြာဘူးဟာ နေ့စဉ်နဲ့အမျှ တလွဲဆံပင်ကောင်း လျှောက်လုပ်တတ်တယ်။

ဦးကြာဘူးဟာ မအုန်းတင်ဆိုတဲ့ သူငယ်မကို အခိုင်းအစေ အဖြစ်နဲ့ ငှားထားတယ်။ မအုန်းတင်ဟာ အခုသေသွားတဲ့ မစပယ်ဘဲ။ အရပ်က မအုန်းတင်ဆိုတဲ့ နာမည်ကိုဖျောက်ပြီး မစပယ်လို့ နာမည်သစ်ပေးထားတယ်။ ကျောင်းဆရာလေးဟာ ဒီကောင်မကလေး လှလှကိုမှ ရွေးပြီး ကြိုက်မိတယ်။ ကောင်မကလေးကလဲ ဒီလို အင်မတန် မျက်နှာထားတည်တည်နဲ့ နေတတ်တဲ့လူက သူ့ကို ကြိုက်တယ်ဆိုတော့ သိပ်ပြီးသဘောကျသွားတယ်။ သူက ပြန်ကြိုက်တယ်ဆိုပါတော့။ ဒါကြောင့်မို့ တနေ့ကျတော့ ကျောင်းနောက်ဖက် ကောက်ရိုးစင်မှာ တွေ့ဘို့ ဆရာကလေးက ကောင်မကလေးကို ချိန်းလိုက်တယ်။ သူ အင်္ကျီတွေ ဘာတွေ ချုပ်ပြီးယင် ညဘက်မှာလာခဲ့ဘို့ ချိန်းလိုက်တယ်။

ဒါနဲ့ဘဲ ကောင်မကလေးဟာ အိမ်ပြန်ချင်ယောင်ဆောင်ပြီး ဦးကြာဘူးအိမ်က ထွက်တဲ့အခါ လှေကားနဲ့ အောက်ထပ်ကို ဆင်း





မလိုလိုလုပ်ပြီး အိမ်အပေါ်ထပ်မှတဆင့် ကောက်ရိုးစင်ပေါ်ကို တက်သွားတယ်။ သူ့ချစ်သူကို စောင့်တယ်။ နောက် မကြာပါဘူး။ ဆရာကလေးလဲ သူ့ဆီရောက်လာတယ်။ သူဟာ ကောင်မကလေးကို တီတီတာတာနဲ့ စကားပြောနေတုန်း ကောက်ရိုးစင်တံခါးပွင့်လာပြီး ကျောင်းဆရာကြီးဝင်လာတယ်။ ကျောင်းဆရာကြီးက "ဟေ့၊ မောင်စဥ္စကိုင်၊ မင်းဒီမှာ ဘာလာလုပ်နေတာလဲ" လို့ မေးတယ်။ ဒီတော့ ကျောင်းဆရာကလေးက ယူမိမှာစိုးတော့ ခြေမကိုင်မိ လက်မကိုင်မိနဲ့ ဗြုန်းကနဲအဆင်ခြင်အစဉ်းစားမရှိ ပြန်ဖြေလိုက်တယ်။ "ကျွန်တော် ကောက်ရိုးပုံတွေထဲမှာ ညောင်းလွန်းလို့ လာပြီ ခဏနားတာပါ" လို့ ဖြေတယ်။

ကောက်ရိုးစင်လုပ်ထားတဲ့အခန်းဟာ တော်တော်ကြီးတယ်။ ဒါပေမယ့် ပိတ်ပိတ်မှောင် နေတာဘဲ။ ကျောင်းဆရာကလေး မောင်စဥ္စကိုင်က တုန်နေတဲ့ကောင်မကလေးကိုအခန်းအစွန်ရောက်အောင် တွန်းရင်း "သွား၊ သွား၊ မြန်မြန်သွားပြီး ပုန်းစမ်းပါ။ မင်းကြောင့် ငါ အလုပ်ပြုတ်ရလိမ့်မယ်။ ဒါကြောင့် မြန်မြန်သွားစမ်းပါ" လို့ ပြောတယ်။

ကျောင်းဆရာကြီးက စကားသံတွေကြားတော့ "ဟေ့၊ မင်း တယောက်ထဲမဟုတ်ဖူးလားကွ" လို့မေးတယ်။

"ဦးကြာဘူးခင်ဗျား၊ ကျွန်တော်တယောက်ထဲပါ"

"မင်းတယောက်ထဲ ဆိုတာဟုတ်သေးပါဘူး။ တယောက်ထဲဆိုပြီး ဘာကြောင့် စကားပြောနေတာလဲ"

"ဘုရားစူးရစေရဲ့၊ ကျွန်တော် တယောက်ထဲပါ ဦးကြာဘူးရယ်"

"ကိုင်း၊ ဒီလိုဆိုယင် ဟုတ်မဟုတ် သိရမှာပေါ့ကွယ်"ကျောင်းဆရာကြီးက အဲသလိုပြောပြီး တံခါးကိုသော့ခတ်ထားခဲ့ပြီးတော့ မှန်အိမ်ယူဘို့ အောက်ကိုဆင်းသွားတယ်။

ကျောင်းဆရာကလေးဟာ ကျုပ်တို့ တခါတခါတွေ့တတ်သလို တော်တော်သူရဲဘောနည်းတဲ့ သူငယ်ဘဲ။ ဒါကြောင့် ဘာမျှမကြံတတ် မစည်တတ်နဲ့ရုတ်တရက်ဂမူးရှူးထိုးဖြစ်ပြီး "ပုန်းပါ၊ ပုန်းပါ။ မင့်ကိုဆရာကြီးမမြင်အောင်ပုန်းစမ်းပါဟ။ နင့်ကြောင့်ထမင်းအိုးကွဲတော့မှာဘဲ။ အလုပ်ပြုတ်တော့မှာဘဲ။ ငါ့တသက်တော့ မျှော်လင့်ချက်ရှိတော့မှာ မဟုတ်ပါဘူး။ ပုန်းစမ်းပါဟ"လို့ ကောင်မကလေးကိုပြောတယ်။

နောက်မကြာပါဘူး။ တံခါးကို သော့နဲ့ ဖွင့်သံကြားရတယ်။ အဲဒါနဲ့ မစပယ်ခေါ် မအုန်းတင်လဲ အပေါ်ကနေပြီး လှမ်းကြည့်ယင် လမ်းကိုမြင်ရတဲ့ ပြူတင်းပေါက်ဆီကို ပြေးပြီး တံခါးဖွင့်တယ်။ တံခါးကိုကပြာကရာဖွင့်ပြီး ဆရာကလေးကို တိုးတိုးပြောတယ်။ သူပြောတဲ့အသံဟာ တစုံတခုလုပ်တော့မယ်လို့ သန္နိဋ္ဌာန်ချထားတဲ့ အသံမျိုးဘဲ။ သူက "ဆရာကြီးပြန်သွားယင် ကျမကိုအောက်မှာလာပြီးထူပါ"လို့ ပြောတယ်။ ပြီးတော့ ပြူတင်းပေါက်က တခါထဲ ခုန်ချလိုက်တာဘဲ။

ဦးကြာဘူးလဲ ကောက်ရိုးစင်အခန်းထဲမှာ ဘာမျှမတွေ့တာနဲ့ အံ့အားသင့်ပြီး ထွက်သွားတယ်။ နောက်ကွမ်းတရာညက်လောက်ကြာတော့ မောင်စဥ္စကိုင်ဟာ ကျုပ်ဆီလာပြီး သူ့အကြောင်းပြောပြတယ်။ ကောင်မလေးဟာ ကောက်ရိုးစင် နံရံအောက်မှာ မထနိုင်ဘဲ လဲနေတယ်။ အပေါ်နှစ်ထပ်ကကျတာဖြစ်တယ်။ အဲဒီ





လို ပြောလို့ကျုပ်လဲဘဲ ကောင်မလေးကို ထူဘို့ရာ သူနဲ့အတူလိုက်လာတယ်။ အဲဒီနေ့တုန်းက မိုးကလဲ တော်တော်သဲတယ်။ ဒါနဲ့ ကျုပ်လဲဘဲ ကံအကြောင်းမလှတဲ့ သူငယ်မကို ကျုပ်အိမ်ပွေ့ပြီး ခေါ်လာတယ်။ သူ့ညာဘက် ခြေထောက်ဟာ သုံးပိုင်းကျိုးနေတယ်။ အရိုးတွေဟာ အသားအပြင်ဘက်ကို ငေါ်ပြီး ထွက်နေတယ်။ သို့သော် သူတချက်မှ မညည်းဘူး။ စိတ်ကို ခိုင်ခိုင်ထားပြီး "ကျမအပြစ်နဲ့ကျမ ခံရတာပါ"လို့ ဆိုတယ်။

ဒါနဲ့ဘဲ ကျုပ်လဲ ကူဖော်လောင်ဘက်တွေကို ခေါ်တယ်။ ဒီအလုပ်သမား ကလေးမကလေးရဲ့ မိတ်ဆွေတွေကိုလဲ ခေါ်တယ်။ ပြီးတော့သူတို့ကို "ဒီသူငယ်မကလေးဟာ မြင်းလွှတ်ပြေးတဲ့ မြင်းရထားတိုက်မိတဲ့အတွက်ကြောင့် ကျုပ်အိမ်ရှေ့မှာလဲပြီး ခြေကျိုးသွားတယ်"လို့ လုပ်ကြံပြောရတယ်။ သူတို့လဲ ကျုပ်ပြောတာ ယုံတယ်။ အခုလို မြင်းလွှတ်ပြေးတဲ့ ရထားကို ဘယ်သူမောင်းသလဲ ဆိုတာ ပုလိပ်တွေ တလလုံးလုံးလိုက်ပြီး စုံစမ်းတယ်။ ဒါပေမယ့် ဒီအမှု မပေါ်ပါဘူး။

သူ့အကြောင်းကတော့ ဒီလောက်ပါဘဲ။ ဒါပေမယ့် ဒီမိန်းမဟာ တော်တော်သတ္တိကောင်းတဲ့ မိန်းမဘဲ။ ရာဇဝင်မှာ ဥဒါန်းတွင်အောင် လုပ်တဲ့လူတွေထက် သူက သတ္တိပိုပြောင်တယ်။

အဲဒါ သူရည်းစားထားတဲ့အကြောင်းပါဘဲ။ ဒါပေမယ့် သူဟာ အပျိုစစ်စစ်ဘဝနဲ့ဘဲ လက်စသိမ်းရရှာတယ်။ သူဟာ အသက်ကိုသာ အသေခံချင်ခံမယ်။ အရှက်ကိုတော့ ကာကွယ်မယ်ဆိုတဲ့ မိန်းကလေးမျိုးဖြစ်တယ်။ စိတ်သဘောထား အင်မတန် မြင့်မြတ်ပါတယ်။ တည်ကြည်ပါတယ်။ ကျုပ်သူ့ကို အင်မတန်မှ ချီးမွမ်း

ပါတယ်။ သူ့ကို မကြည်ညိုယင် ကျုပ်ဒီအကြောင်း ပြောတောင် ပြောမိမှာမဟုတ်ပါဘူး။ သူရှင်နေယင်လဲ ဒီအကြောင်းကို ကျုပ် ဘယ်သူ့ကိုမှ ပြောမှာမဟုတ်ဘူး။ ဒီလောက်ဆိုယင် ခင်ဗျား တို့လဲ နားလည်ရောပေါ့။

× × ×

ဆရာဝန် ဤသို့ပြောပြီးနောက် စကားပြတ်သွားပါသည်။ ထို အခါ အမေကလည်း ငိုပါတော့သည်။ အဖေကား အမေ့ကို တိုး တိုးပြောပါ၏။ သို့သော် အဖေပြောသည်ကို ကျွန်တော်လေးလုံး ကွဲအောင် မကြားပါ။ ထို့နောက် အဖေနှင့်အမေ အခန်းထဲမှ ထွက်သွားကြပါသည်။ ကျွန်တော်ကား ပက်လက်ကုလားထိုင် ပေါ်တွင် ဒူးထောက်လျက်သား ကျန်ရစ်ခဲ့ပါသည်။ ကျွန်တော် လည်း ပြင်းပြင်းထန်ထန် ခြေသံများကို၎င်း၊ လှေကားလက်ရမ်း ကို တစုံတခုသောအရာက ထိမိခိုက်မိသော အသံများကို၎င်း ကြားရင်းနှင့် ဝမ်းနည်းပက်လက်ဖြစ်ပြီး ရှိုက်၍ရှိုက်၍ ငိုပါသည်။

ထိုအချိန်တွင် အိမ်သူအိမ်သားတို့သည် ဒေါ်စပယ်၏ အ လောင်းကို ယူဆောင်သွားကြပါပြီ။



# မှော်ရူး

'ဂျက်ပါချွန် တယောက် စိတ္တဇဆေးရုံမှာရူးပြီးသေပြီ' ဟူသော သတင်းကို ကြားရသောအခါ ကျွန်တော်သည် လန့်ပြီး တကိုယ် လုံး ဖြန်းကနဲ ဖြစ်သွားပါသည်။ လူထူးတယောက်ဖြစ်သော သူ့ ကို ယခု ကျွန်တော် ထင်ထင်ရှားရှားပြန်၍ သတိရမိသည်။ သူရူး နေသည်မှာ ကြာပြီထင်ပါသည်။ ကြောက်စရာကောင်းလောက် အောင် ရူးပါသည်။

သူ ယခုမှ အသက်လေးဆယ်လောက်သာ ရှိဦးမည်။ လူပုံက ပိန်ရှည်ရှည်၊ ခါးကုန်းကုန်း၊ မှော်ရူးတယောက်၏ မျက်လုံးများ လို သူ့မျက်လုံးသည် ကြောင်နေပါသည်။ မဲမှောင်သော မျက် လုံးထဲတွင် သူငယ်အိမ် အဘယ်သို့ ရောက်နေသည်ကိုပင် မသိနိုင် ပါ။ သူသည် သရဲချောက်ခံရဘိသကဲ့သို့ မျက်ကြောသေနေသော မျက်လုံးတို့ဖြင့် ကလယ်ကလယ်လုပ်၍ ကြည့်တတ်သည်။ သို့သော်

သူ့အကြည့်မှာ မာန်ပါလှ၏။ သူ၏ ထူးခြားသော သဘာဝမှာ သူတပါးစိတ်ကို ဂယောင်ချောက်ချားဖြစ်အောင် လုပ်တတ်ခြင်း ဖြစ်၍ သူရှိရာ ပတ်ဝန်းကျင်သည် ဖိန့်ဖိန့်တုန်၍ နေတတ်သည်။ သူနှင့် တွေ့မိလျှင် လူတို့သည် စိတ်ရောကိုယ်ပါ လေးလံထိုင်းမှိုင်း လာပြီးလျှင်၊ အာရုံခံစားမှုများ ပျောက်ပြန် ယိုယွင်းသွားလေရော့ သလား မပြောတတ်ချေ။ မျက်မြင်လောကအပြင် စုံးတစ္ဆေကလေ လောကရှိသည်ဟု ဆိုလျှင် ထိုသူတို့သည် အကြွင်းမဲ့ ယုံကြည်လာကြမည်ဖြစ်သည်။

သူသည် သူ့လက်နှစ်ဖက်ကို အမြဲတမ်း ဝှက်ထားတတ်သည်။ ထို့ကြောင့် ဤအမူအကျင့်မှာ အမြင်ကတ်စရာပင် ကောင်းတော့သည်။ စာပွဲပေါ်ရှိ အရာဝတ္ထုတို့ကို သူ့လက်နှင့်ထိမိမည်ကို သူ အလွန်စိုးသည်။ သူ ပစ္စည်းတို့ကို ကိုင်တွယ်ပုံမှာ ကျွန်ုပ်တို့ တွေ့မြင်နေကျ သာမန်လူတို့ ကိုင်တွယ်ပုံမျိုးမဟုတ်။ သွယ်လျ ရှည်လျားသော အရိုးပဒေသာလက်တို့ကို လူမြင်သာအောင် ဘယ်သောအခါမျှ လှစ်၍မထားချေ။ အင်္ကျီအိတ်ထဲ လက်နှိုက်၍သော်လည်း ကောင်း၊လက်ပိုက်၍သော်လည်းကောင်း၊လက်ကိုချိုင်းကြားတွင် ညှပ်၍သော်လည်းကောင်း နေတတ်သည်။ သူ၏ လက်တို့ကို အလို အလျောက် လွှတ်လပ်စွာထားခဲ့လျှင် ထိုလက်တို့သည် တစုံတခုသော ရွံကြောက်ဖွယ်ရာ အလုပ်ကို လုပ်ကြတော့မလိုလို၊ မလုပ်ပါနှင့်ဟု တားနေသည့် အထဲမှ အာဏာဖီဆန်ပြီး မဟုတ်ထာ ထလုပ်တော့မယောင်ယောင်။ ဤအတွက် စိုးရိမ်၍ လက်ကို အမြဲဝှက်ထားသည်ဟု ဆိုရပေလိမ့်မည်။





လက်နှင့် အလုပ်လုပ်စရာ အကြောင်းရှိလျှင် သူ့လက်ကို သူ ဖျတ်ကနဲ ဖျတ်ကနဲ လုပ်သည်။ သဘောအဓိပ္ပာယ်မှာ သူ့လက်ကို အလိုအလျောက် လှုပ်ရှားစေရန် အချိန်မပေးလိုသော သဘောဖြစ်၏။ အကယ်၍ အချိန်ပေးလိုက်လျှင် သူ၏ လက်သည် သူက စေခိုင်းရာကို ငြင်းဆန်၍ လုပ်ချင်ရာကို လျှောက်လုပ်မှာ စိုးဟန်တူ၏။ ထမင်းစားပွဲ၌ ဖန်ခွက်ကို ကိုင်စရာရှိလျှင် ဖျတ်ကနဲ ကိုင်သည်။ ခက်ရင်းနှင့် ထိုးစရာရှိလျှင် ဖျတ်ကနဲ ထိုးသည်။ ဓားနှင့် လှီးစရာရှိလျှင် ဖျတ်ကနဲ လှီးသည်။ ဤသို့ ဖျတ်ကနဲ အလုပ်လုပ်တတ်သည့်အတွက် သူ ဘာလုပ်မည်ကို ကြိုတင်ခန့်မှန်း၍မရနိုင်လောက်အောင်ရှိသည်။

တညနေ၌ ကျွန်တော်သည် သူ့စိတ်နှလုံး ပင်ပန်းလောက်အောင် အဘယ်ကြောင့် ဤသို့ အထူးအဆန်းဖြစ်နေရသည်ကို သိခဲ့ရပါသည်။

တခါတခါတွင် သူသည် ကျွန်တော်နှင့်အတူ တရက်နှစ်ရက် ဆိုသလို တော၌ လိုက်နေတတ်သည်။ ထိုသို့လိုက်နေသော တညနေတွင် သူသည် ခါတိုင်းထက်ပို၍ စိတ်ဗျာပါဗျာပ ဖြစ်နေသည်ကို တွေ့ရသည်။

တနေ့လုံး ချစ်ချစ်တောက် ပူနေသော ကောင်းကင်သည် ညချမ်းဘက်ရောက်သော် မဲမှောင် ထိုင်းမှိုင်း၍ မုန်တိုင်းကို မျှီးပေးနေပါသည်။ ပထမ၌ လေငြိမ်သည်။ မည်မျှ ငြိမ်သနည်းဟု ဆိုလျှင် သစ်ရွက် တရွက်မျှပင်မလှုပ်ပါ။ မီးဖိုထဲမှ ထွက်လာဘိ သကဲ့သို့သော လေပူသည် ကျွန်တော်တို့၏မျက်နှာကို ဝင်၍ တိုးပါသည်။ ကျွန်တော်တို့မှာ အသက်ရှူကျပ်လာသည်။ ကျွန်တော့်

အဖို့ဆိုလျှင် မနေသာ မထိုင်သာ ဖြစ်လွန်းသောကြောင့် အိပ်ရာထဲ၌ ပစ်၍သာ လှဲလိုက်ချင်ပါသည်။

ထို့ကြောင့် ကျွန်တော်ထိုင်ရာမှ ထလိုက်သောအခါ ဂျက်ပါရှန်သည် ကြောက်လန့်သော မျက်နှာထားကြီးနှင့် ကျွန်တော့်လက်ကို အတင်းဆွဲသည်။

"အမလေး၊ ခဏနေပါအုံး" ဟု သူက ဆို၏။

ကျွန်တော် ရုတ်တရက် အံ့အားသင့်ပြီးလျှင် "ဒီလို မှန်တိုင်းထန်လာတာကို ငါကြောက်တယ်"ဟု ညည်းတွားလိုက်သည်။

"ငါလဲ ကြောက်ထာဘဲ။ ငါတယောက်ထဲ မနေဝံ့ဘူး။ ငါ့ကိုပစ်မထားပါနဲ့" ဟု သူက အလန့်တကြား ပြန်ပြောသည်။

သူသည် သတိလက်လွတ် ဖြစ်သွားသည်။

ထို့ကြောင့် ကျွန်တော်က "မင်း ဘာဖြစ်နေတာလဲ။ ဂဏှာမငြိမ် ဖြစ်နေတာလား"ဟု မေးမိ၏။

"အေး၊ တခါတခါ ဒီလိုဘဲ လျှပ်စီးတလက်လက်နေတဲ့ ညနေမျိုးမှာ ငါ ငါ ဒီလိုဘဲ ဖြစ်တတ်တယ်။ ငါ့ကိုယ် ငါ ကြောက်၊ ကြောက်၊ ကြောက်တယ်။ ငါ့မှာ တန်ခိုးရှိတယ်။ ဣဒ္ဓိပါဒ်ရှိတယ်။ နားလည်ရဲ့လား။ ငါ့ဟာငါတော့ ဘယ်လိုပြောရမှန်းမသိဘူး။ ငါ့ဝမ်းထဲမှာ ဆွဲငင်တတ်တဲ့ သတ္တိထူးတခုရှိတယ်။ ဒါကြောင့်လဲ ငါ့ဟာ ငါ ကြောက်တယ်" ဟူ၍ အထစ်ထစ် အငေါ့ငေါ့နှင့် ပြောပြပါသည်။

သူသည် နတ်ကျသကဲ့သို့ တကိုယ်လုံး လှုပ်ပြီးလျှင် သူ့ကွတ်အင်္ကျီ ကော်လာထဲသို့ သူ၏ တုန်နေသော လက်တို့ကို ထိုးသွင်းပါသည်။ ကျွန်တော်လည်း ပြောမပြတတ်လောက်အောင် ကြောက်





လာပါသည်။ ဘာကိုကြောက်မှန်းမသိသော အကြောက်တရားသည် ကျွန်တော့်အား လွှမ်းမိုးလာပါသည်။ ထို့ကြောင့် သူ့ကိုမမြင်ရပြီးရော့ဆိုပြီး တခါတည်း ထွက်ပြေးလိုက်ချင်ပါသည်။ သူသည် ကျွန်တော့်ကို ကြောင်တက်တက်နှင့် ကြည့်ပါသည်။ ထို့နောက် မျက်နှာလွှဲပြီးလျှင် မျက်နှာကြက်ကို မော့်ကြည့်ပါသည်။ ထို့နောက် တဖန် ခပ်မှောင်မှောင်ရှိသော အခန်းဒေါင့်ကို မျက်လုံးစိုက်၍ ကြည့်ပါသည်။ သူ့အကြည့်ကို သူကိုယ်တိုင်မခံနိုင်၍ မျက်နှာလွှဲဘိသကဲ့သို့ ရှိသည်။ ကျွန်တော်လည်း သူ့အကြည့်ကို မခံလိုပါ။

"ခင်ဗျာ့အကြောင်းကို အရင်က ကျုပ်ကို မပြောဘူးပါကလား"ဟု ကျွန်တော်က ထစ်ထစ်ငေါ့ငေါ့နှင့် မေးမိ၏။

"မင့်မပြောနဲ့၊ ဘယ်သူ့ကိုမှ ငါမပြောဘူးဘူး။ ဒါပေမယ့် ဒီညမှာတော့ ငါမပြောဘဲ မနေနိုင်တော့ဘူး။ မင်းဇငါ့အကြောင်း အကုန်သိတာ ကောင်းပါတယ်။ ဒါမှ မင်း ငါ့ကို ကူညီနိုင်မယ်"

ထိုနောက် ကျွန်တော့်ကို အောက်ပါအတိုင်း ပြောပြပါသည်။

"ဒီမှာ၊ ညို့ဓာတ်ဆိုတာကို မင်းသိရဲ့လား။ သိမယ်မဟုတ်ပါဘူး။ မင်းမပြောနဲ့ ဘယ်သူမှမသိဘူးကွယ့်။ ဒါပေမယ့် လူမှာဆွဲငင်တတ်တဲ့ သတ္တိရှိတယ်ဆိုတာကိုတော့ လူတိုင်း ဝန်ခံကြတာဘဲ။ ပြီးတော့လဲ ဆရာဝန်တွေလဲ စိတ်ညို့ပြီး ဆေးကုကြတယ်မဟုတ်လား။ နာမည်ကျော် ဆရာဝန်ကြီးတဦးဆိုယင် စိတ်ညို့

ကုထုံးနည်းကို သင်တန်းပေးနေတယ်။ ဒါကြောင့်လူမှာ ညို့ဓာတ်ရှိတယ်ဆိုတာကိုတော့ ဒွိဟမရှိသင့်ဘူးကွ။

"လူတယောက်ဟာ သူ့စိတ်တန်ခိုးနဲ့ အခြားလူတယောက် အိပ်ပျော်သွားအောင် ညို့နိုင်တယ်။ ဒီစိတ်တန်ခိုးဟာ ဘယ့်ကလောက် အံ့ဩဘို့ကောင်းသလဲ။ ဘယ်လို စိတ်တန်ခိုးလဲဆိုတာကို ဘယ်သူမှမသိဘူး။ အဲ အိပ်အောင်ညို့လိုက်ယင် အိပ်မွေ့ချသူက အိပ်ပျော်သွားတဲ့လူရဲ့ စိတ်ကို ခိုးယူလိုက်သလိုဘဲ။ မင့်ပိုက်ဆံအိတ်ကို သူခိုး ခိုးသွားသလိုပေါ့ကွယ်။ စိတ်ကို ခိုးယူတယ် ဆိုတော့ ဝိညာဉ်ကို အပိုင်စီးလိုက် ထာပါဘဲ။ လူရဲ့ အတ္တမှာရှိတဲ့ လျှို့ဝှက်ချက်တွေကို နှိုက်ယူလိုက်တာမျိုး ဆိုကြပါစို့။ လူတွေကတော့ ဒီဝိညာဉ်ကို ထွင်းဖောက်ကြည့်လို့ မရဘူးလို့ ဆိုကြတာပေါ့။ ဒါပေမယ့် ငါတို့ ပြန်မပြောတတ်တဲ့ အတွေးတွေဟာ ဝိညာဉ်ဆိုတဲ့ လှောင်အိမ်ထဲမှာရှိနေကြတယ်။ လျှို့ဝှက်စရာ အတွေး၊ ကိုယ်ချစ်သူနဲ့ ဆိုင်တဲ့အတွေး၊ သူတပါး မသိအောင် မြှုပ်ထားတဲ့ အတွေး အဲဒီအတွေးတွေကို ဝိညာဉ်ဆိုတဲ့ သေတ္တာထဲမှာ ငါတို့သိမ်းထားကြတယ်။ အဲဒီသေတ္တာကိုဘဲ စိတ်ညို့သမားက ရိုက်ဖွင့်ပြီး ဝှက်ထားသမျှကိစ္စတွေကို လူတောထဲ ချပြလိုက်တယ်။ ကိုင်း၊ ကြောက်စရာမကောင်းဘူးလား။ ဒါမျိုးဖြစ်လာပြီဆိုယင် ကျော်မကောင်း ကြားမကောင်းဘဲဟေ့။ ရာဇဝတ်မှုတောင်ဖြစ်နိုင်သကွယ့်။

"ဒါဖြင့် ညို့ဓာတ်နဲ့ ဝိညာဉ်သိုက်ကိုဘယ်လိုရိုက်ဖွင့်ကြမလဲ။ အဲဒါကို ဘယ်သူဘယ်လောက် သိသလဲ"





"ဘယ်သူမှ မသိဘူး။ အင်မတန် နက်နဲတာဘဲ။ ငါတို့ သိတယ်ဆိုတာ အာရုံငါးပါးနဲ့သာ သိတာကိုသာ ပြောတာ။ တကယ်ဆိုတော့ မပြည့်စုံသေးဘူး။ မခိုင်မာသေးဘူး။ အာရုံငါးပါး အသိဆိုတာ အင်မတန်ပျော့ညံ့တဲ့ အသိဘဲ။ ဒီလိုအသိမျိုးဟာ ငါတို့ပတ်ဝန်းကျင်မှာ ဘာရှိတယ်ဆိုတာကို စေ့စေ့စပ်စပ်သိအောင်လုပ်ပေးနိုင်တဲ့ တန်ခိုးမရှိဘူး။ အင်မတန်နက်နဲပါတယ်ကွယ်။ ဂီတအကြောင်းစဉ်းစားကြည့်ပါလား။ ဂီတဆိုတဲ့ အနုပညာဟာ ဘဝင်ကိုခိုက်တယ်။ စိတ်ကို ဆွဲပြီးလုပ်တယ်။ မှူးအောင်ရူးအောင် ဖန်တီးတယ်။ အဲဒီလိုလုပ်ထာ ဘယ်သူလဲ။ ဘယ်သူမှ မဟုတ်ဖူး။

"မင်း နားမလည်သေးဘူးလား။ ကိုင်း၊ ဒါဖြင့် နားထောင်အုံး။ ဝတ္ထုပစ္စည်း နှစ်ခုတိုက်မိပြီဆိုပါတော့။ အဲဒီအခါပတ်ဝန်းကျင်မှာရှိတဲ့လေဟာ တုန်ခါသွားတယ်။ ထိခိုက်တဲ့အရှိန်ကိုလိုက်ပြီး တုန်ခါမှုအကြိမ်ပေါင်း နည်းတာရှိတယ်။ များတာရှိတယ်။ နှေးတာရှိတယ်။ မြန်တာရှိတယ်။ ပျော့တာရှိတယ်။ ပြင်းတာရှိတယ်။ လူ့နားထဲမှာ အသံကို ခံယူဘို့ရာ စည်နဲ့တူတဲ့ အမြှေးရှိတယ်။ အဲဒီအမြှေးဟာ လေတုန်ခါတာကို ခံယူပြီး ဦးနှောက်ကို အသံအဖြစ်နဲ့ သတင်းပို့တယ်။ ဖန်ခွက်ထဲကရေကို ပါးစပ်နဲ့ယူပြီး သောက်တဲ့အခိုက်မှာ ရေဟာ ဝိုင်အရက် ဖြစ်သွားတယ် ဆိုပါတော့။ အဲသလောက်ရေကို အရက်ဖြစ်အောင် *ခဏချင်းပြောင်းသလို နားအမြှေးဟာ တုန်ခါမှုကို အသံဖြစ်အောင် ခဏချင်းပြောင်းပေးနိုင်တယ်။ ဘယ့်ကလောက် အံ့ဩဘို့ ကောင်းသလဲ။

"ဂီတဆိုတာ ရှုပ်ထွေးတယ်။ နက်နဲတယ်။ အက္ခရာသင်္ချာလို တိကျတယ်။ ဒါပေမယ့် အိပ်မက်လို ဝိုးတိုးဝါးတားလဲဖြစ်တယ်။ ဂီတဆိုတာ လေလှုပ်ရှားမှုကို သင်္ချာအတတ်နဲ့ ချုပ်ထိန်းပေးတဲ့ ပညာဘဲ။ ဒီတော့ ဂီတဖြစ်ပေါ်လာပုံကိုကြည့်ယင် ဘာမှဟုတ်တာ မဟုတ်ဖူး။ နားထဲမှာရှိတဲ့ နားမြှေးကလေး သွက်သွက်ခါတဲ့ သဘောအပေါ်မှာ အမှီပြုနေတယ်။ ဒီနားမြှေးမရှိယင်၊ တုန်တယ် ခါတယ်ဆိုတာမရှိဘူး။ တုန်တာ ခါတာမရှိယင် အသံမဖြစ်ဘူး။ ဒီတော့ နားမရှိဘဲနဲ့ ဂီတဆိုတာ ရှိနိုင်ပါအုံးမလား။ မရှိနိုင်ဘူး။ အဲဒီတော့ ငါတို့မှာ အာရုံခံစားနိုင်တဲ့ အင်္ဂါစုံလင်မရှိယင် ငါတို့ပတ်ဝန်းကျင်မှာ ဘာတွေရှိတယ်ဆိုတာ ဘယ်လို သိနိုင်ပါ့မတုံး။

"အဲ စိတ်ညို့ဓာတ်ဆိုတာ အဲသလို ငါတို့မသိနိုင်တဲ့ အရာနဲ့တူတယ်။ ဒီလိုဣန္ဒြိယပါဒ်မျိုးရှိကောင်း ရှိလိမ့်မယ်လို့သာအထင်နဲ့ မျှော်မှန်းရတာဘဲ။ ငါတို့ပတ်ဝန်းကျင်မှာ ဝိညာဉ်အစောင့် အရှောက်တွေရှိလေရဲ့ဆိုပြီး သူတို့နဲ့ဆက်မိအောင် ကြိုးစားကြည့်ရတာဘဲ။ ဒါနဲ့ဘဲ သဘာဝရဲ့ လျှို့ဝှက် ဆန်းကြယ်တဲ့ သဘောတွေကို ရေးတေးတေးမြင်သလိုလိုသာရှိတယ်။ ငါတို့မှာ ဒါတွေကို ပြကတေ့ အားဖြင့် မြင်တဲ့လက်နက်ပစ္စည်းမရှိတော့၊ ရေးတေးတေးဘဲ ပြောနိုင်တယ်။

"ငါ့အဖို့ဆိုယင်တော့ ငါ့မှာ ကြောက်စရာ ကောင်းလောက်တဲ့ တန်ခိုးရှိတယ်။ အေး မင်းကတော့ ထင်ပေမပေါ့။ ငါ့ကိုယ်တွင်းမှာ အမျိုးအမည်မသိနိုင်တဲ့ သတ္တဝါတခု ဝင်နေတယ်၊ ဒီသတ္တဝါဟာ ငါ့ကိုယ်တွင်းကထွက်နိုင်အောင် ရုန်းနေတယ်၊ ငါ့ကို





အာခံနေတယ်၊ လှုပ်ရှားနေတယ်၊ ဝါးနေတယ်၊ စားနေတယ်၊ အဲသလိုထင်မှာဘဲ။ အဲ၊ ငါ့ကိုယ်ထဲမှာတော့ အမှန်ဘဲ သတ္တဝါနှစ်မျိုးရှိနေသလိုဘဲ။ ဘာကောင်တွေလဲဆိုတာ ငါလဲမသိဘူး။ တကောင်ကတော့ အခုလိုညမျိုးမှာ ငါ့ထက်ပိုပြီး ထက်မြက်တဲ့သတ္တိရှိနေတယ်ကွယ့်။

"ဟော၊ ငါက တချက်ကြည့်လိုက်ရုံနဲ့လူတယောက်ဟာဘိန်းငိုက်သလိုငိုက်ပြီး အိပ်ပျော်သွားနိုင်တယ်။ ငါ့လက်ကိုဆန့်ပြီးအမိန့်ပေးရုံသာပေး၊ ပေးတဲ့အတိုင်း ကြောက်စရာတွေ ဖြစ်လာနိုင်တယ်။ မင်းတော့ ရိပ်မိမလား မပြောတတ်ဖူး။ ငါ့တန်ခိုးက လူကိုသာ လွှမ်းမိုးနိုင်တာမဟုတ်ဖူး၊ တိရစ္ဆာန်နဲ့ အရာဝတ္ထုတွေကိုလဲ လွှမ်းမိုးနိုင်တယ်။

"အဲဒီအဖြစ်ကိုက ငါ့ကိုစိတ် ဒုက္ခပေးနေတာဘဲ။ တခါတခါ ငါ့မျက်လုံးကို ငါဖောက်ပစ်လိုက်ချင်တယ်။ ငါ့လက်တွေကို ငါဖြတ်ပစ်လိုက်ချင်တယ်။

"မင်း ငါ့အကြောင်းအားလုံး သိသစေချင်ပါတယ်။ ငါ့အခုပြမယ်။ လူကိုညို့ရုံသာမဟုတ်ဖူး။ လူကိုညို့တာတော့ မင်းလဲမြင်ဘူးမှာပေါ့။ တိရစ္ဆာန်ကိုပါ ညို့ပြမယ်။ မင့်ခွေးကို ခေါ်လိုက်စမ်း"

ဤသို့ပြောပြီးသော် သူသည် ခြေလှမ်းကျဲကျဲနှင့် ဟိုဟိုသည်သည် ရှောက်ပါသည်။ သူ့အမူအရာမှာ နတ်ဝင်သူ၏အမူအရာကဲ့သို့ဖြစ်ပါသည်။ သူ့ရင်ပပ်တွင်ဝှက်ထားသောသူ့လက်တို့ကိုလည်း တပြုပြုနှင့်လုပ်နေပါသည်။ ထိုလက်နှစ်ဖက်မှာ ခါးအိမ်မှဆွဲထုတ်လိုက်သော ဓားနှစ်လက်ကဲ့သို့ ကြောက်စရာ ကောင်းလှပါသည်။

ထိုနောက် ကျွန်တော်သည် သိမြင်လိုသော ဇောကလည်း ခပ်ကြွကြွ၊ ကြောက်ကလည်း ကြောက်ရွံ၊ စိတ်ခတ်ကလည်း ကျဆင်း၊ ယင်းသို့ ဖြစ်နေခြင်းကြောင့် စေသမျှအမိန့်ကိုခံယူရန် စက်ရုပ်ကဲ့သို့ ရှိနေပါသည်။ ထို့ကြောင့် တံခါးကိုဖွင့်၍ အခန်းထဲတွင် ဝပ်နေသော ခွေးမကလေးကို လေချွန်၍ ခေါ်လိုက်သည်။ မကြာမီ ကျွန်တော့် ခွေးမကလေးလှေခါးမှ ဆင်းလာသော ခြေသံကိုကြားရပါသည်။ ပြီးလျှင် ကျွန်တော်သည် ဝမ်းပန်းတသာ အမြီးနန့်နေသော ခွေးမကလေး ရှေ့သို့ရောက်လာသည်ကို တွေ့ရပါသည်။

ကျွန်တော်က ခွေးမကို ကုလားထိုင်ပေါ်၌ ဝပ်နေရန်အချက်ပြလိုက်၏။ ခွေးမသည် ကုလားထိုင်ပေါ် ခုန်တက်သည်။ ဂျက်ပါရှန်က သူ့ကို ပွတ်သီးပွတ်သပ်လုပ်ရင်း စိန်းစိန်းကြည့်သည်။

ပထမသော် ခွေးမကလေးမှာ မနေနိုင် မထိုင်နိုင် ဖြစ်နေသည်။ သူကြောက်သဖြင့် ဆတ်ဆတ်တုန်နေသည်။ လူက သူ့အား စိန်းစိန်းကြည့်သည်ကို မခံနိုင်၍ မျက်နှာလွှဲပစ်သည်။ သူ့စိတ်ထဲမှာ ကြောက်လန့်၍ ဗလောင်ဆူနေသည်နှင့်တူပါ၏။ ထို့နောက် ရုတ်တရက်တကိုယ်လုံး လှုပ်လာပါသည်။ တကိုယ်လုံးကြွက်သီးထ၍ ဂဏှာမငြိမ် ဖြစ်လာသောအခါ ခွေးမကလေးသည် ပြေးမည်ပြုပါသည်။ သို့ရာတွင် ဂျက်က သူ့ခေါင်းကို သပ်လိုက်ရာ ခေါင်းပေါ်သို့လက်ကျသည်နှင့် တပြိုင်နက် ခွေးမကလေးသည် ညဉ့်နက်သန်ကောင် တောစပ်တွင် ခွေးများ အူတတ်သကဲ့သို့ အသံရှည်ရှည်ဆွဲ၍ အူပါလေတော့သည်။





ကျွန်တော်ကိုယ်တိုင် လှေစီး၍ မူးနောက်နောက်ဖြစ်သကဲ့သို့ ဖြစ်ပြီးလျှင် အိပ်ငိုက်ချင်လာပါသည်။ ကျွန်တော့် ရှေ့တွင်ရှိသော အိမ်ထောင်ပရိဘောဂတို့မှာ ယိမ်းယိုင်နေသကဲ့သို့ ရှိသည်။ အခန်းနံရံပင်လျှင် လှုပ်နေသလားဟု အောက်မေ့မိသည်။ ထို့ကြောင့် ကျွန်တော်က "ဂျက်ရယ်၊ တော်ပါတော့ကွယ်" ဟု ထစ်ငေါ့ငေါ့နှင့် ပြောလိုက်ပါသေး၏။ သို့ရာတွင် သူသည် ကျွန်တော့်ကို ဂရုမစိုက်တော့ပါ။ ခွေးမကလေးကိုသာ တစူးတစိုက်နှင့် ကြောက်စရာ ကောင်းလောက်အောင် ကြည့်နေပါသည်။ ယခုအခါ ခွေးမကလေးသည် မျက်စိကိုမှိတ်ပြီး အိပ်တော့မည်ကဲ့သို့ ဦးခေါင်း ငိုက်စိုက်ဖြစ်လာပါပြီ။ ထိုအခါ ဂျက်သည် ကျွန်တော့်ဖက်လှည့်၍ "တိုင်း၊ ပြီးပြီ။ ကြည့်စမ်း၊ ကြည့်စမ်း" ဟု ဆိုပါသည်။

ထိုနောက် သူသည် လက်ကိုင်ပုဝါတထည်ကို အခန်းတဖက်သို့ လွှင့်ပစ်၍ ခွေးမကလေးကို အကောက်ခိုင်းပါသည်။

ထိုအခါ ခွေးမကလေးသည် ထ လာပြီးလျှင် မျက်စိကန်း၍ စမ်းတဝါးဝါးဖြစ်နေသည့်အလား၊ ခြေကျိုးသဖြင့် ထော့နဲ့ထော့နဲ့ဖြစ်နေသည့်ပုံပမာ၊ အခန်းနံရံဘေး၌ ဖုန်ရှုရှုနှင့် ပုံကျနေသော လက်ကိုင်ပုဝါဆီသို့သွားပါသည်။ သူသည် ပုဝါကို ကိုက်ချီရန် ကြိုးစားသော်လည်း ထိုပုဝါကိုပင် မြင်ဟန်မတူချေ။ ထို့ကြောင့် ပါးစပ်နှင့်ဟပ်၍ မရနိုင်ဖြစ်နေသည်။ နောက်ဆုံး၌ ပုဝါကို ချီ၍ရသောအခါ အိပ်ချင်မူးတူး ဒယိမ်းဒယိုင်နှင့် ပြန်လာသည်။

ဤအခြင်းအရာကို ကြည့်ရသည်မှာ အသဲထိတ်စရာ ကောင်းပါသည်။ ဂျက်က 'အိပ်' ဟု အမိန့်ပေးလျှင် ခွေးမကလေးက

အိပ်သည်။ ဂျက်က ဦးခေါင်းကိုကိုင်ပြီး "ယုံကလေးကို ဖမ်းဟာ၊ လိုက်ဟာ" ဟု ခိုင်းလျှင် လဲလျောင်းနေသော ခွေးမကလေးသည် အိပ်မက် မက်ရာမှနိုးလာဘိသည့်အလား ပါးစပ်ကို မဖွင့်နိုင်ဘဲနှင့် အသံအမျိုးမျိုးပေး၍ ဟောင်ကာ လိုက်ရန် အားယူသည်။

ဂျက်မှာမူကား အရူး ထ လာပြီ ထင်ပါသည်။ သူ့နဖူးမှာ ချွေးသီးချွေးပေါက်ကျလျက်ရှိပါပြီ။ "နင့်သခင်ကို လိုက်ကိုက်ဟာ" ဟု အမိန့်ပေးပါသည်။ ခွေးမသည် ကြောက်ကြောက်နှင့် တွန့်လိမ်နေသည်ကို ထောက်ရှုလျှင် ထိုအမိန့်ကို ဖီဆန်ရန် ရုန်းကန်နေဟန်တူသည်။ သို့သော် "ကိုက်လဟာ" ဟု ဂျက်က ထပ်၍ အမိန့်ပေးလေသော် ခွေးမသည် ထ၍ကျွန်တော့်ဆီသို့လာသည်။ ကျွန်တော်လည်း နံရံဖက်သို့ တုန်တုန်ရီရီနှင့်ဆုတ်ပြီးလျှင် ခွေးမကလေးလာပါက ကန်ထုတ်ရန် ခြေကို မြှောက်ထားရပါသည်။

သို့သော် ဂျက်ကတဖန် "ငါ့ဆီလာခဲ့" ဟု အမိန့်ပေးလိုက်ပြန်သည်။ ထိုအခါ ခွေးမလည်း သူ့ထံသို့ ပြန်သွားသည်။ ထို့နောက် ဂျက်သည် ပြကတေ့ မျက်စိဖြင့် မမြင်နိုင်သော နှောင်ကြိုးမှ ခွေးမကလေးကို လွှတ်ရန်ပြုဘိသကဲ့သို့ သူ့လက်ကြီး နှစ်ဖက်နှင့် ခွေးမဦးခေါင်းကို ပွတ်သပ်၍ အိမ်မွေ့ ဖြေပေးပါသည်။

ခွေးမကလေး မျက်စိပြန်ဖွင့်လာသောအခါ "ကိုင်း၊ ပြီးပါပြီ" ဟု ဂျက်က ဆိုသည်။

ကျွန်တော်မှာမူ ခွေးမကို မကိုင်ဝံ့ပါ။ သူ့ကို အပြင်ထုတ်ရန် တံခါးကိုသာ ဖွင့်ပေးမိသည်။ ခွေးမသည် ခုန်အားကုန်ခမ်း၍ ယိမ်းယိုင်ကာ အခန်းပြင်ဘက်သို့ တဖြည်းဖြည်းထွက်သွားသည်။





မကြာမီ သူ လှေကားပေါ်တက်သော အသံကို ကျွန်တော်ကြားရသည်။

ထို့နောက်ဂျက်သည် ကျွန်တော့်ဘက်သို့လှည့်၍ "ငါ အခု ပြတာ အကုန်မဟုတ်သေးဘူး။ အရာဝတ္ထုမှန်သမျှ ငါ့ကို နာခံတယ်။ အဲဒါမျိုး ပြရမယ်ဆိုယင်တော့ ငါလဲ ငါ့ဟာငါ လန့်တာဘဲ" ဟု ပြောသည်။

ကျွန်တော့်စားပွဲပေါ်တွင် စက္ကူဖြတ်ရန်အသုံးပြုသော ဓားတလက်ရှိသည်။ ဂျက်သည် သူ့လက်ကို ဓားရှိရာသို့ ဆန့်တန်းသည်။ လက်သည် ဓားရှိရာသို့ တဖြည်းဖြည်း တွားသွားနေသည်ဟု ထင်ရသည်။ ထို့နောက် ရုတ်တရက် ဓားသည် အလိုလိုလှုပ်လာသည်။ ထိုနောက်ရွေ့လာသည်။ ဤသို့ဓားသည် သူ့ဘာသာ သူ တဖြည်းဖြည်း လိမ့်လာပြီးသော် ဓားရိုးသည် လှမ်းနေသော လက်ဆီသို့ ရွေ့သွားပြီးနောက် ဂျက်၏ လက်ထဲသို့ ရောက်သွားသည်။

ကျွန်တော်လည်း လန့်၍အော်၏။ ကျွန်တော်ကိုယ်တိုင် ရူးသွားပြီဟု ထင်မိ၏။ သို့သော် စူးရှသော ကျွန်တော့် အသံကို ကျွန်တော်ပြန်၍ ကြားရသည်တွင်မှ ကျွန်တော်လည်း ရုတ်တရက် ငြိမ်သက်သွားသည်။

"ဘယ်အရာမဆို ငါ့ဆီကို ဒီလိုဘဲလာကြတယ်။ ဒါကြောင့် ငါဟာ ငါ့လက်ကိုငါ ဝှက်ထားရတာဘဲ။ အဲဒါဘာသဘောလဲ။ သံလိုက်ဓာတ်လား။ လျှပ်စစ်ဓာတ်လား။ သံလိုက်ရဲ့ ဆွဲငင်တတ်တဲ့ ဒိယာမ တရားလား။ ဘာမှန်းတော့မသိဘူး။ နို့ပေမယ့်ကြောက်စရာဘဲ" ဟု ဂျက်က ပြောသည်။

"ပြီးတော့၊ ကြောက်စရာ ဘာဖြစ်လို့ကောင်းသလဲ။ မင်းသိရဲ့လား။ ငါ တယောက်ထဲ နေရတဲ့အခါမှာ ငါ့ပတ်ဝန်းကျင်မှာ ရှိသမျှကို ငါညှို့ချင်တယ်။ ဒီလို ညှို့ချင်စိတ်ကို တားမနိုင်ဆီးမရ ဖြစ်တယ်။ ဒါကြောင့် ငါဟာ သူ့ဟာသူ တည်နေတဲ့ အရာဝတ္ထုတွေ နေရာပြောင်းအောင်ညှို့ရင်း အချိန်ကုန်ရတာဘဲ။ ကြောက်စရာကောင်းတဲ့ ငါ့တန်ခိုးဂုဏ်ပတ်တွေ ဘယ်ကလောက်ကျန်သေးသလဲဆိုတာ သိရအောင် ခဏခဏ စမ်းကြည့်တယ်။ စမ်းလို့လဲ အားမရနိုင်ဘူး"

သူသည် သူ့လက်ကြီးများကို သူ့အိတ်ထဲထိုးထည့်ရင်း ညဥ့်အမှောင်ကို ထွင်းဖောက်ကာ စိမ်းစိမ်းကြည့်သည်။ သစ်ပင်များသည် အသံကိုပြု၍ အတန်ငယ် လှုပ်ရှားသွားသလိုလို ရှိပါသည်။

ထိုအသံမှာ မိုးစရွာသောအသံ ဖြစ်သည်။

ကျွန်တော်က "ကြောက်စရာကြီး" ဟု ဆိုပါသည်။

သူက "လန့်စရာကြီး" ဟု ပြောပါသည်။

လေတိုးသဖြင့် သစ်ရွက်များ တဝှီဝှီ မြည်လာသည်။ မုန်တိုင်းကျပြီဖြစ်၍ မိုးသည် ဒလဟောရွာချပါသည်။

ဂျက်သည် သက်ပြင်းကို ရှိုက်၍ရှိုက်၍ ရှူလိုက်ရာ သူ၏ ရင်သည် ဖောင်းကြွလာပါသည်။

ထိုနောက် "မိုးရွာလိုက်တော့မှ ငါ့ရင်ထဲငြိမ်သွားတယ်။ မင်းသွားချင် သွားတော့ကွာ။ ငါတယောက်ထဲ နေရစ်ခဲ့ချင်တယ်" ဟု ကျွန်တော့်ကို ပြောပါသည်။



# လွတ်ပြီတဲ့ ကျွတ်ပြီ

ရွှန်နဒုန် မြို့စားကတော်သည် ဘော့လုံးတလုံး လိမ့်၍ ဝင်လာဘိသကဲ့သို့ ပူတင်းပေါက်မှ ခုန်ပေါက်၍ နေအိမ်တွင်းသို့ ဝင်လာပြီးလျှင် စကားမျှ မပြောရသေးမီ မျက်ရည်ပေါက်များ ကျအောင် ချယ်လေသည်။ ယခင်တလခန့်က သူသည် ဤသို့ပင် အိမ်သို့လာ၍ မ ရယ်ဘူးသည်။ ထိုစဉ်က သူ၏ လင်တော်မောင်သည် ရိုးလွန်းအလွန်းပြီး လွန်စွာသဝန်ကြောင်သည်ကို လက်စားချေသော သဘောဖြင့် သူကိုယ်တိုင် ဖောက်ပြန်ခဲ့သည့် အခြင်းအရာကိုဖောက်သည် ချခဲ့သည်။

ဆိုဖာပေါ်ထိုင်လျက် စာဖတ်နေသော ဂရွှန်ဇာရီ မြို့စားကတော်သည် စာအုပ်ကို လွှင့်ပစ်လိုက်ပြီးလျှင် အန္တက်ဟု အမည်ရှိသော ရွှန်နဒုန် မြို့စားကတော်ကို စူးစိုက်ကြည့်၍ ရယ်မိသည်။ ထိုနောက် "ညည်း ဘာဖြစ်လာသလဲ" ဟု မေး၏။

"အို၊ မပြောပါနဲ့တော့ အေရယ်။ ရယ်စရာ ကောင်းလွန်းလို့ပါ။ ကိုယ်တော့ ဝဋ်ကျွတ်ပြီ အေရဲ့။ စဉ်းသာစဉ်းစား ကြည့်ပါတော့"

"ဘာ ဝဋ်ကျွတ်ထာလဲ"

"လွတ်ပြီအေ့၊ ကျွတ်ပြီ"

"ဘယ်သူ့လက်ထဲက လွတ်လာတာလဲ တော်ရဲ့"

"ကျုပ်လင်ရဲ့ ဝဋ်ကျွတ်ပြီအေ့။ ခုမှဘဲ ကင်းကင်းရှင်းရှင်း ရှိတော့တယ်"

"ဘယ်လို ကင်းကင်းရှင်းရှင်းလဲ"

"အို၊ ကွာလိုက်တော့ ကင်းကရော့မှတ်လား"

"ညည်း လင်နဲ့ကွာခဲ့ပြီ။ ဟုတ်လား"

"အခုတော့ မဟုတ်သေးပါဘူး။ ညည့်နှယ်တော်၊ လင်ထယောက်ကို သုံးနာရီအချိန်အတွင်း ကွာလို့ရနိုင်ပါမလား။ကျုပ်ပြောချင်တာက ကျုပ်လင် ကျုပ်အပေါ် သစ္စာဖောက်ထာ ဖမ်းလို့မိပြီ။ သူ အပြစ်ကျူးလွန်နေတုန်းမှာ မိတာတော့။ စဉ်းစားကြည့်စမ်း။ သူတို့ဖြစ်နေကြတုန်းမှာ တခါထဲ ပိတ်မိတာဘဲ"

"အောင်မယ်လေး အေရယ်၊ ဒီလိုဆို ကျုပ်ကို ပြောပြစမ်းပါအုံး တော့။ သူက ညည်းအပေါ် သစ္စာဖောက်သွားပြီတဲ့လား"

"အေးလေ။ အဲ၊ အဲ ဟုတ်သေးပါဘူး။ ကျုပ် ညည်းကို ဘယ်လို ပြန်ပြောရမလဲ တော့။ ဘာဘဲပြောပြော ကျုပ်ဘက်ကတော့ သက်သေ သာဓကနဲ့ဘဲ။ အဲဒါ အရေးကြီးတယ် မှတ်လား"

"ညည်း ဘယ်လိုကြံလိုက်ထာတုံး အေ့"





"အို၊ ဘယ်လိုကြံသလဲဆိုတော့၊ ဒီလိုအေရဲ့။ ကျုပ်ရဲ့ဝိရိယအကျိုးပါဘဲ။ လွန်ခဲ့တဲ့သုံးလလောက်ကစပြီး ကျုပ်လင်ဟာ မုန်းစရာကြီး ဖြစ်လာတယ်။ ကြမ်းလဲ ခပ်ကြမ်းကြမ်း၊ ရိုင်းလဲခပ်ရိုင်းရိုင်း၊ ကျုပ်အပေါ် အနိုင်ကျင့်ချင်တယ်။ တိုတိုပြောရယင် သူ့ကို ကျုပ် အမြင်ကပ်လာသတော့။ ဒါနဲ့ဘဲ ကျုပ်က စဉ်းစားမိတယ်။ ငါတော့ ဒီလိုနေလို့ မဖြစ်ချေဘူး။ သူနဲ့ကွဲအောင်ကြံမှဘဲ။ ဒါပေမယ့် သူ့ကို ဘယ်လိုလုပ်ကွာမလဲ။ ဒါက မလွယ်ဘူး။ သူ ကျုပ်ကို ထရိုက်အောင် ကျုပ်အမျိုးမျိုးလုပ်ကြည့်တယ်။မရိုက်ဘူးတော့။ သူကသာ မိုးလင်းက မိုးချုပ် ကျုပ်စိတ်ကို ညှဉ်းဆဲနေတာဘဲ။ ကျုပ် အပြင်မထွက်ချင်တဲ့အခါ အတင်း ထွက်အောင်၊ ကျုပ် အပြင်ထွက်ထမင်းစားချင်ယင် မထွက်နိုင်အောင်၊ အဲသလို နေ့ရှိသမျှ ကျုပ်စိတ်ညစ်အောင်ချည်း လုပ်တယ်။ ဒါပေမယ့် ကျုပ်ကို သူက မရိုက်ဖူး တော့။ ဒါနဲ့ဘဲ ကျုပ်က သူမယားငယ်ထားပလားဆိုတာကို စုံစမ်းကြည့်တယ်။ သူ့မှာ မယားငယ်ရှိတယ် တော့။ ဒါပေမယ့် သူ့မယားငယ်နဲ့တွေ့ဘို့ဆိုယင် အင်မတန် သတိထားတာဘဲ။ ဒါကြောင့် သင်းတို့နှစ်ယောက် အတူတူ လက်ပူးလက်ကြပ်မိအောင် ဖမ်းလို့ကိုမရဘူး။ ဒီတော့ ကျုပ်က ဘာလုပ်သလဲ သိလား"

"သိနိုင်ပေါင် တော်"

"ညည်း မှန်းမကြည့်တတ်ဖူးလား အေရဲ့။ ကျုပ်က ကျုပ်မောင်ကို ဟိုကောင်မရဲ့ ဓာတ်ပုံ ရအောင် အယူခိုင်းလိုက်တာပေါ့"

"ညည့်လင်ရဲ့ မယားငယ်ဓာတ်ပုံလား"

"ဒါပေါ့။ ဒီအတွက် ကျုပ်မောင်ဖြစ်သူ ဂျက်ဟာ ဒင်္ဂါးဆယ့်ငါးပြားတောင် ကုန်သွားတယ်။ ညနေ ခုနစ်နာရီက သန်းခေါင်အထိ ညစာပါ တနာရီ ဒင်္ဂါးသုံးပြား ကျသတော့။ အဲဒီအထဲမှာ ဓာတ်ပုံရလိုက်ထာကတော့ အမြတ်ပဲဆိုပါစို့"

"ညည်းနှယ်အေ၊ ညည့်မောင်က လူကိုယ်တိုင်ကို ဓာတ်ပုံမရိုက်ဘဲ ဒီပြင်နည်းနဲ့ လှည့်ယူယင် ရနိုင်တဲ့ဥစ္စာ"

"အော်၊ ညည်းနှယ်။ ကောင်မက လှတယ်တော့။ ပြီးတော့ ဂျက်က ဒီကိစ္စမျိုးကျယင် နဲနဲမှ ဒုက္ခခံရတယ်လို့ သဘောမထားတတ်ဖူး။ ပြီးတော့ ကျုပ်က ဒီကောင်မရဲ့ အကြောင်းကိုလဲသိချင်တယ်။ ရုပ်ရည်က ဘယ်လို၊ ကိုယ်အနေအထားဘယ့်နှယ်၊ သူ့ရင်အကျယ်ကဘယ်လောက်၊ အသားအရောင်ကဘယ်သို့၊ အဲသလို ဟိုဒင်း ဟိုဟာ နှံ့နှံ့စပ်စပ်သိချင်သတော့"

"ညည်းလုပ်ပုံ ငါနားမလည်ပေါင်အေ"

"ညည်း အချိန်တန်ယင်သိရမယ်။ ကျုပ်တော့ ကျုပ်သိချင်တာတွေအားလုံးကို သိလဲသိရကရော၊ ကျုပ် ဟိုဒင်း ဘာခေါ်သလဲအေရယ်၊ အတင်းအဖျင်းနဲ့ အလုပ်အကိုင်အကြောင်း ကြော်ငြာတဲ့ အလုပ်အေရဲ့။ အဲဒါ လုပ်တတ်တဲ့လူဆီကို ကျုပ်သွားတယ်။ ဒီကလောက်ပြောယင် ညည်းသိမှာပေါ့"

"သိတယ်ဘဲ ထားပါတော့အေ။ ညည်းသူ့ဆီရောက်တော့ ဘာပြောသလဲ"

"ကျုပ်က ကလဲရစ္ဆာရဲ့ ဓာတ်ပုံကိုပြပြီး (ကောင်မရဲ့ နာမယ်က ကလဲရစ္ဆာတဲ့တော့။) 'ဒီမှာရှင့်၊ ဟောဒီဓာတ်ပုံနဲ့တူတဲ့ ကောင်မကလေးတယောက်ကို အိမ်ဖော်အဖြစ်နဲ့ လိုချင်တယ်။ အိမ်ဖော်





ဆိုတာမှာ လှလဲလှရမယ်၊ သိမ်လဲ သိမ်မွေ့ရမယ်၊ သန့်သန့်ပြန့်ပြန့်လဲရှိရမယ်၊ လျင်လဲ လျင်ရမယ်။ သူ့အတွက် လိုသမျှ ကျွန်မပေးပါ့မယ်။ ဖရန့်ဒင်္ဂါးတသောင်း ကုန်ချင်ယင်ကုန်ပါစေတော့။ သူ့ကို ကျွန်မ သုံးလထက်ပိုပြီး မခိုင်းပါဘူး' အဲသလို ပြောတယ်။

"ဒီတော့ လူကြီးက အင်မတန်အံ့ဩပြီး 'မင်းကတော်ခင်ဗျာ၊ အကျင့်စာရိတ္တမှာ ဆိုစရာမရှိတဲ့ အိမ်ဖော်ကို လိုချင်ပါသလား' လို့ မေးတယ်။ ကျုပ်က ခပ်အမ်းအမ်းဖြစ်ပြီး 'ဟုတ်ကဲ့၊ ရိုးသားတဲ့ မိန်းကလေးဆိုပါတော့' လို့ ပြောလိုက်တယ်။ ဒီတော့လူကြီးက 'ရိုးရိုးသားသားနဲ့ အကျင့်ကလဲ ဘယ်လိုလဲခင်ဗျာ' လို့ မေးသတော့။ ကျုပ်ကတော့ ပါးစပ်နဲ့အဖြေမပေးဝံ့တာနဲ့ အကျင့်ကောင်း မကောင်း ကိစ္စမရှိဘူးဆိုတဲ့အနေနဲ့ ခေါင်းခါပြတယ်။ ဒီတော့ လူကြီးက ကျုပ်ကို မသက်ဘူး ထင်ပါရဲ့တော်။ အဲဒါနဲ့ ကျုပ်လဲ သတိလစ်ပြီး 'ဒီလိုပါရှင့်၊ ဒီကလေးမမျိုးကို ကျွန်မယောကျ်ားအတွက် လာငှားတာပါ။ သူ့ကို ရုတ်တရက် အံ့သွားအောင်လုပ်ချင်လို့ပါ' လို့ ပြောလိုက်တယ်အေရဲ့။

"ဒီတော့ လူကြီးကရယ်တယ်။ သူရယ်ပုံ မျက်နှာပေးကိုကြည့်ရယင် ကျုပ်အပေါ်မှာ အတော်အထင်ကြီးသွားပုံ ပေါက်တယ်။ သူက ကျုပ်ကို အာဂမိန်းမဘဲလို့များ ထင်သလားမဆိုနိုင်ဘူး။ သူ့စိတ်ထဲမှာ ကျုပ်ကို ကျိတ်ပြီး၊ ချီးကျူးသလားမပြောတတ်ပါဘူးအေရယ်။ နောက်တော့သူက 'တပတ်အတွင်းမှာ မင်းကတော်လိုတာ ရပါစေ့မယ်။ ရအောင်ကြိုးစားပါ့မယ်။ နေရာကျမှဘဲ ကျွန်တော့ကို ပေးစရာရှိတာ ပေးပါ။ အခု ဒီဓာတ်ပုံကတော့ မင်း

ကတော် ယောကျ်ားရဲ့ မယားငယ်ဓာတ်ပုံ ဆိုပါတော့’လို့ ပြောတယ်။

“ကျုပ်က ‘ဟုတ်ပါတယ်ရှင့်’ လို့ ပြန်ပြောတယ်။

“ဒီတော့ ‘အလှသားဘဲ။ သိပ်လဲဝတုတ်တုတ်တော့ မဟုတ်ဖူး။ အော် ဒါထက်၊ သူကဘာရေမွှေးဆောင်သလဲ’ လို့ သူက ပြန်မေးတယ်။

“ကျုပ်က နားမလည်လို့ ‘ဘာရေမွှေးလဲ’လို့ ပြန်မေးမိသေးသတော့။

“သူက ပြုံးပြုံး ‘မင်းကတော်နှယ်၊ ယောကျ်ားတယောက်စိတ်ညွတ်အောင် လုပ်ဖို့ရာမှာ ရေမွှေးအရေးကြီးတယ်ဗျာ့။ ရနံ့ဆိုတာဟာ နောက်နောက်က ကြုံဘူး တွေ့ဘူးတာကလေးတွေကို ဆွပေးတတ်သဗျာ့။ စိတ်ကို ကယောင်ချောက်ချား ဖြစ်အောင်လဲ လုပ်တတ်သဗျာ့။ နောက်နောက်တုန်းက ပျော်ခဲ့ရွှင်ခဲ့တာတွေကို ပြန်သတိရပြီး ဇောကြွအောင်လဲ ဖန်တီးတတ်သဗျာ့။ ပြီးတော့လဲ ဟောဒီမိန်းကလေးနဲ့ မင်းကတော်ယောကျ်ားတို့ နှစ်ယောက်သား ထမင်းစားကြတဲ့အခါ ဘာဟင်း ကြိုက်တတ်သလဲဆိုတာကိုလဲ သိထားသင့်သဗျာ့။ သူ့ကို အမိဖမ်းတဲ့နေ့မှာ သူကြိုက်တတ်တဲ့ဟင်းကို ကျွေးရလိမ့်မဗျာ့။ အို ဘာဘဲပြောပြော အခု ကျုပ်တို့ သူ့ကို အမိဖမ်းနိုင်ပါပြီဗျာ’ အဲဒီလိုပြောတယ်။

“ကိုင်း ကျုပ်ကတော့ အင်မတန်ဥာဏ်သွားတဲ့ လူတယောက်ကို ဆည်းကပ်မိပြီ ဆိုတော့ သဘော ကျပြီး အိမ် ပြန်လာတာပေါ့။





“နောက် သုံးရက်လောက်ကြာတော့ အသားညိုညို၊ အရပ်ရှည်ရှည်ကလေးမတယောက် ကျုပ်အိမ်ရောက်လာပါလေရော။ သူက ပြုံးသတော့။ အိမ်ကြွေလဲရတယ်။ ဒါပေမယ့် ရဲရဲဝံ့ဝံ့လဲရှိတယ်။ တကယ့် တယ်ကြက်မကလေးရဲ့ မျက်နှာထားမျိုးတော့။ သူက ကျုပ်ကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါတယ်။ သူ့ကိုတော့ ကျုပ်က ဘယ်လိုခေါ်ရမှန်းမသိလို့ သူ့နာမည်ကို ‘မ’ တပ်ပြီး ခေါ်မိသေးသရှင့်။ အဲဒီတော့ သူက ‘အမယ်လေးမမရယ်၊ ကျွန်မကို ရိုးရိုးဘဲ နှင်းဆီလို့ခေါ်ပါ’တဲ့။ ပြီးတော့မှ သူနဲ့ ကျုပ် ပြောရာရှိတာ ပြောကြပါရော့အေ။

“‘ကိုင်း နှင်းဆီ၊ ညည်း ကျုပ်အိမ်မှာ ဘာလုပ်ဖို့လာသလဲ၊ သိသား’လို့ မေးတယ်။

“ဒီတော့ သူက ‘ကျွန်မတော့ ရိပ်မိပါတယ် မမရယ်’တဲ့။

“အဲဒါနဲ့ ကျုပ်က ‘ဒီလိုဆို နေရာကျသကွယ်၊ ငါ့ညီမကိုတော့ ဒုက္ခများများ ပေးမိသလို ဖြစ်နေမှာလား’ လို့ ပြောတယ်။

“အဲသလိုပြောတော့ သူက ‘အို မမရယ်၊ မစိုးရိမ်ပါနဲ့။ ဒီတခါပါနဲ့ဆိုယင် ကျွန်မလင်မယားကွဲအောင် လုပ်လာတာ ရှစ်ခါရှိရော့မယ်။ ဒါမျိုးတွေ ကျမလုပ်ဖူးပါတယ်’ လို့ ပြန်ပြောသတော့။

“ဒါနဲ့ ကျုပ်ကလဲ ‘ဒီလိုဆိုယင် ဟန်တာပေါ့အေ။ ညည်း ဒီကိစ္စအမြောက်အောင်လုပ်ဖို့ ဘယ်လောက်ကြာမှာလဲ’လို့မေးကြည့်ပြန်တယ်။

“ဒီတော့ ကောင်မကလေးက ‘ဒါကတော့ ကိုကိုရဲ့ ဓာတ်ကြာဘယ်လိုရှိသလဲဆိုတာမှာ တည်ပါတယ်။ ကျွန်မ သူ့ကို ငါး

မိနစ်လောက် နှစ်ယောက်ထဲ တွေ့လိုက်ရယင် မမကို တိတိကျကျ ကတိပေးနိုင်လိမ့်မယ် ထင်ပါတယ်'တဲ့တော့ ။

"ဒီတော့ ကျုပ်က 'အေး၊ အေး။ ငါ့ညီမ သူ့ကို မကြာခင် တွေ့ရမှာပေါ့ကွယ်။ ဒါပေမယ့် သူက ရုပ်ရည်တော့ မလှဘူးဟေ့' လို့ ပြောပြတယ်။

" 'ကျွန်မအတွက် ရုပ်လှတာ မလှတာ ပဓာန မဟုတ်ပါဘူး မမရယ်။ အရုပ်ဆိုး အကျည်းတန်တွေကို ကျွန်မ လင်မယားတွေ အောင် လုပ်ခဲ့ဘူးပါတယ်။ ဒါပေမယ့် မမကို တခုမေးချင်တယ်။ ကိုကိုကြိုက်တဲ့ ရေမွှေးနံ့ကို မမသိပလား'လို့ သူက ပြန်မေးတယ် အေရဲ့။

"ဒါနဲ့ ကျုပ်က သူ ကတိုးရေမွှေးကိုမှ ကြိုက်တတ်ထာကိုပြော ပြရတယ်"

"ဒီတော့ နှင်းဆီက 'ဒီလိုဆို နေရာကျတာပေါ့။ ကျွန်မက လဲ ကတိုးနံ့ကို အင်မတန်ကြိုက်တယ်။ ပြီးတော့ မမရဲ့၊ ပြောပြ စမ်းပါအုံး။ ကိုကို့ မယားငယ်က အတွင်းခံအဝတ်အစားတို့၊ အိပ် ဂါဝန်တို့ကို ပိုးမှကြိုက်သလား၊ ချည်မှကြိုက်သလား'လို့ မေးပြန်သတော့ ။

"ဒီတော့ ကျုပ်ကလဲ ဒီကောင်မကြိုက်တတ်ထာ ပိုးမဟုတ်ဘူး ပိတ်ချောနဲ့ ဇာကိုမှ ကြိုက်တတ်တယ်ဆိုတာ ပြောပြရသတော့ ။

"ဒါနဲ့ နှင်းဆီက 'မမရေ၊ ဒီလိုဆိုယင် ဒီမိန်းမက အထက်တန်း ကျသွားဘဲ။ အခုခေတ်မှာ အတွင်းခံ ပိုးအင်္ကျီဆိုတာတွေဟာ ခေတ်မမီတော့ဘူး။ လူတိုင်းဝတ်နိုင်တဲ့ဟာမျိုး ဖြစ်ကုန်ပြီ'လို့ ဆိုတယ်။





" 'ညည်းပြောတာမှန်တယ်'လို့ ကျုပ်က ထောက်ပေးလိုက် တော့၊သူက 'ဒါဖြင့် မမရေ့၊မမခိုင်းတဲ့အလုပ်ကို လုပ်ပေးပါ့မယ်' လို့ ဆိုတယ်။ နောက်ပြီးတော့ သူလဲ ချက်ချင်း အလုပ်ကို စလုပ် တော့တာပါဘဲအေရယ်။ သူ့မှာ တသက်လုံး ဒီအလုပ်မျိုးချည်း လုပ်လာတာလားမှ မသိဘဲ။

"အဲဒါနဲ့ တော်ရေ့၊ တနာရီလောက် ကြာတယ် ဆိုယင်ဘဲ ဘသားချောကြီး အိမ်ပြန်လာတာနဲ့ အဆင်သင့် ဖြစ်သွားပါက ရော။ နှင်းဆီဆိုတဲ့ နှင်းဆီကတော့ မျက်လွှာကလေးချပြီး သူ့ကို တချက်မှမကြည့်ဘူး။ အိမ်က ကိုယ်တော်မြတ်ကတော့ နှင်းဆီကို ပါးမတတ်ကြည့်တာဘဲ။ အဲဒီတုန်းက နှင်းဆီကလဲ ကတိုးရေမွှေး နံ့ တသင်းသင်းနဲ့။ ငါးမိနစ်လောက်ရှိတော့ နှင်းဆီ ထွက်သွား တယ်။ ဒီတော့ အိမ်က ကိုအဝှာက 'ဒီကောင်မကလေး ဘယ်က လဲ'လို့ မေးတယ်။

"ကျုပ်က 'ကျုပ်ရဲ့အိမ်ဖော်မကလေး အသစ်ဘဲ'လို့ပြန်ပြော တယ်။

"ဒီတော့ သူက 'မင်း ဘယ်ကရလာသလဲ' တဲ့။

"ကျုပ်က ဂျွန်ဇာရီ မြို့စားကတော်က ထောက်ခံလို့ ခေါ် လာတာ'လို့ ပြောလိုက်တယ်။

"ဒီတော့ ကိုယ်တော်ချောက'တယ် လှပါကလား'တဲ့ တော့ ။

"ကျုပ်က 'ဟုတ်ကဲ့လား'လို့ ပြန်မေးတယ်။

"သူက 'အိမ်ဖော်တွေထဲမှာတော့ အဟုတ်လှပါတယ်ကွာ' ဆိုး။

“ကျုပ်တော့ သဘောကျသွားတာဘဲ။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ်တော်မြတ်ကြီး ငါးစာ ဟပ်မိပြီကိုး အေရဲ့။ အဲဒါနဲ့ အဲဒီညနေမှာဘဲ နှင်းဆီက ‘မမရယ်၊ ဒီကိစ္စ ဆယ့်ငါးရက်နဲ့ ပြီးနိုင်မယ်ဆိုတာ ကျွန်မပြောရဲပါတယ်။ မမရဲ့ကိုကိုက ဖမ်းလို့ လွယ်မှာပါလို့’ ပြောသတော့။

“ဒါနဲ့ ကျုပ်က ‘ညည်း စမ်း ကြည့်ပြီးပလား’ လို့ မေးကြည့်တယ်။

“နှင်းဆီက ‘ကျွန်မ မစမ်းရသေးပါဘူး။ ဒါပေမယ့် ကိုကိုက ကျွန်မအသံကို ကြားချင်လို့ ကျွန်မနာမယ် ဘယ်လိုခေါ်သလဲ လို့ မေးတယ်’ လို့ ဆိုတယ်။

“ကျုပ်ကတော့ ‘နှင်းဆီရေ့၊ မြန်မြန်သာ အလုပ်ကိုစပေတော့ဟေ့’ လို့ မြှောက်ပေးလိုက်ရသေးတယ်။ ဒါပေမယ့် နှင်းဆီကတော့ ‘သိပ်လဲပူမနေပါနဲ့ မမရယ်၊ ကျွန်မ အပိုးမတန် မဖြစ်ရအောင် အချိန်ကလေးတော့ ဆွဲထားရအုံးမယ်’ လို့ဆိုတယ်။

“တပတ်လောက်ကြာတယ်ဆိုယင်ဘဲ ကျုပ်ယောကျ်ား အိမ်မလည်တော့ဘူး။ ညနေဘက်မှာဆိုယင် တညနေလုံး အိမ်ထဲ ကုပ်ကုပ်နဲ့။ ပြီးတော့ ဒီအထဲမှာ ထူးခြားလာပုံက ကျုပ် အပြင်ထွက်စရာရှိယင် ကိုယ်တော်ချောက မတားတော့ဘူး ရှင်ရဲ့။ ကျုပ်ကလဲ အိမ်မှာ သူ့ဟာသူ လုပ်ချင်တာ လုပ်ပါစေတော့ဆိုပြီး တနေ့လုံး အိမ်ထွက်လည်နေတယ်။

“ကိုးရက်မြောက်တဲ့ နေ့ကျတော့ နှင်းဆီက ကျုပ်ကို အဝတ်အစား ကူဝတ်ပေးယင်းနဲ့ ‘မမရေ၊ ဒီနေ့မနက်ကစပြီး ကျွန်မတို့ အစီအစဉ်အရ ဖြစ်ကုန်ကြပြီ’ လို့ ခပ်ရှို့ရှို့ကလေး ပြောလာတယ်။





“ကျုပ်တော့ အံ့လွန်လွန်းလို့ ဩတောင် ဩမိပါသေးတယ်။ သူပြောပုံကိုက အံ့စရာပါဘဲတော်။ ဒါနဲ့ ကျုပ်ကလဲ စကားထစ်ထစ်ငေါ့ငေါ့နဲ့ ‘ဒါဒါဒါဖြင့် နေရာကျကုန်ပတဲ့လား’ လို့ မေးတယ်။

“ ‘ကျပါတယ် မမရယ်။ သူကျွန်မကို အတင်းကြံဘို့ လုပ်နေတာ သုံးရက်ရှိသွားပြီ။ ဒါပေမယ့် ဒီကလောက် မြန်မြန်ကြီးနဲ့ ကိစ္စ ပြီးမသွားစေချင်သေးဘူး။ မမကသာ ကျွန်မတို့နှစ်ယောက်သားကို ဘယ်တော့ မိအောင်ဖမ်းမလဲ။ အဲဒါကို ပြောပြပါအုံး’ လို့ နှင်းဆီက မေးတယ်တော့။

“ဒီတော့ ကျုပ်က ‘အေး၊အေး၊ ဟုတ်သားဘဲ။ ကြာသပတေးနေ့လောက်မှာ လုပ်ကြတာပေါ့’ လို့ ပြောတယ်။

“နှင်းဆီက ‘ကောင်းပါပြီ’လို့ အာမဝန်တာခံပြီး ‘ကျွန်မတော့ အဲဒီနေ့မတိုင်ခင် ဒီထက် လွန်လွန်ကျူးကျူးဖြစ်ရအောင် ကိုကို့ကို အလိုမလိုက်သေးဘဲ နေပါ့မယ်။ မမကသာ သူ့ကို စောင့်ပြီး ချောင်းပါတော့’လို့ မှာတယ်။

“ကျုပ်က ‘စိတ်ချရပမလား’လို့ မေးကြည့်သေးတယ်။ နှင်းဆီကစိတ်ချပါလို့ ပြောတယ်။ ‘မမချိန်းတဲ့နေ့ ချိန်းတဲ့နေရာကိုရောက်လာအောင် ကျွန်မက ကိုကို့ကို မြူပြီး ခေါ်ခဲ့ပါ့မယ်’လို့ ကတိပေးသတော့။ ဒါနဲ့ ကျုပ်ကလဲ ညနေ ငါးနာရီကို ချိန်းလိုက်တယ်။

“နှင်းဆီက ‘ကောင်းပါပြီ မမ၊ ဒါပေမယ့် ဘယ်နေရာကို ခေါ်ခဲ့ရမလဲ’လို့ မေးတယ်။

“ကျုပ်က ‘ငါ့အိပ်ခန်းထဲခေါ်ခဲ့’လို့ ပြောလိုက်တယ်။

"နှင်းဆီက 'မမအိပ်ခန်းထဲကို ခေါ်ခဲ့ပါ့မယ်'လို့ ဆိုတယ်။

"ကိုင်း၊ အဲဒီတော့ အခုလောက်ဆိုယင် ညည်း နားလည်ရော ပေါ့။ ကျုပ်ကတော့ ဖေဖေရယ် မေမေရယ် ပထမ သွားခေါ်တယ်။ ပြီးတော့ ဥက္ကဋ္ဌလုပ်နေတဲ့ ကျုပ်ဦးလေးရယ်၊ ကျုပ်ယောက်ျားရဲ့မိတ်ဆွေ တရားသူကြီးရယ်၊ အဲ သူတို့ အားလုံးကို ခေါ်ထားတယ်။ ခေါ်ထားပေမယ့် ကျုပ်က သူတို့ကို ဘာခေါ်ပြမလို့ ဆိုတာ ပြောမထားဘူး။ ဒါပေမယ့် သူတို့ရောက်မှဘဲ ကျုပ်အိပ်ခန်းကို သူတို့ ခြေဖျားထောက်ပြီး သွားကြည့်ကြဘို့ မှာလိုက်တယ်။ ကျုပ်တော့ ငါးနာရီထိုးမှာကို စောင့်နားထောင်နေရတာဘဲ။ ရင်ထဲလဲ တဒိတ်ဒိတ်နဲ့ပေါ့ အေ။ ဒီအထဲမှာကျုပ်အိမ်ကတံခါးစောင့်ကိုတောင် နောက်ထပ် သက်သေရပါစေတော့ဆိုပြီး အိမ်ပေါ်တက်ခဲ့ဘို့ ခေါ်လိုက်ရသေး သတော့။ အဲ၊ ဒါနဲ့ နာရီက ငါးနာရီလဲ စပြီး ထိုးကရော ကျုပ်လဲအခန်း တံခါးကို ဟာလာဟင်းလင်းဖြစ်အောင် ဆွဲဖွင့်လိုက်ထာဘဲ။ တကတဲတော့၊ ကိုယ်တော်ချောက အဲဟိုမှာ အမျှားမျက်မြင်ပါဘဲ တော်ရေ့။ သူတို့ဟာ ဟိုဒင်း၊ အဲ၊ မျက်မြင်သက်သေတွေ ရှိပါသတော်။ သူက ကျုပ်တို့ဘက် ခေါင်းလှည့်ပြီး ကြည့်တယ်။ သူဒီလိုလှည့်ကြည့်တဲ့ ခေါင်းကို ညည်းမြင်ရယင် အမလေးတော်၊ မပြောပါနဲ့တော့၊ ရယ်စရာကြီးပါ။ ကျုပ်ဖြင့် ရယ်လိုက်ရတာတော်၊ ဟား ဟား ဟား ဟား။ ဖေဖေဆိုယင်တော့ အားကြီးစိတ်ဆိုးပြီး သူ့ကိုရိုက်မလို့ လုပ်သေးတယ်။ အဲ တံခါးစောင့်ကတော့ သစ္စာရှိပါသတော်။ သူ့ဆရာကို ကျုပ်တို့ရှေ့မှာ အဝတ်တွေဘာတွေ ပြန်ဝတ်ပေးတယ်။ အင်္ကျီ ကြယ်သီးတွေ ဘာတွေ





တောင် တပ်ပေးလိုက်သေး သတော့။ ဘယ်ကလောက် ရယ်စရာကောင်းသလဲ အေရဲ့။ အဲ၊ နှင်းဆီကလေးကတော့ မှင်သေလိုက်ထာတော်။ သူက ငိုလို့တော့။ သူငိုပုံက တကယ်နိုပ်ထာဘဲ။ ကောင်မကလေးဟာ အဖိုးတန်ကလေးပါတော်။ ညည်းလိုချင်ယင်လဲ ကျုပ်ကိုပြောနော်၊ မမေ့နဲ့။

"အဲဒါဘဲ အေရဲ့။ ကျုပ်လဲ ဒီကိစ္စပြီးပြီးချင်း ညည်းကို ကိုယ်တိုင် ဖောက်သည်ချပြချင်လို့ ဒီကိုရောက်လာတာဘဲ။ ကျုပ် လွတ်ပြီရှင့်၊ ကျွတ်ပြီရှင့်"

ထို့နောက် ရှန်နဒုန်မြို့စားကတော်ကလေး အန္နက်သည် အိမ်ဦးခန်းတွင် ပတ်ပတ်လည်၍ ကပါလေတော့သည်။ ဂရှန်ဇာရီမြို့စားကတော်မှာမူကား အတန်ငယ် တွေဝေစဉ်းစားရင်း "ညည်းလုပ်ပုံက ကောင်းသေးရဲ့လားတော်။ ကျုပ်တို့တော့ သက်သေအဖြစ်နဲ့ ကြည့်ရအောင် လာမခေါ်ဘူး။ တယ် တော်တယ်"ဟု အန္နက်အပေါ် မကျေမချမ်းနှင့် ပြောလိုက်လေသည်။

## အချက်ပြဆက်သွယ်ရေး

ရနံ့သင်းထုံ မှောင်လွှမ်းခြုံသော ဆောင်ပုံလယ်၌ ခင်းထားသော ညောင်စောင်းနိမ့်နိမ့်ပေါ်ရှိ အိစက်ညက်ညောသော မွေ့ရာထက်ဝယ်၊ ဇာကဲ့သို့ပါးသော်လည်း ချစ်သူထွေးသကဲ့သို့ နွေးစေသော ကမ္ဗလာကိုခြုံကာ၊ ပူပင်သောက ကင်းဝေးလျက် တခုလပ်တလင်ကွာတို့၏ လွတ်လပ်ခြင်းဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသူကား **ရှန်နဒုန်**မြို့စားကတော်ပင် ဖြစ်တော့သည်။

သို့သော်လည်း ဧည့်ခန်းမှ ကျယ်လောင်သော အသံတခုကြောင့် သူ့ခမျာ နိုးရရှာသည်။ အသံရှင်မှာ **ဂရှန်ဇာရီ** မြို့စားကတော်ဖြစ်၏။ သူ့သခင်မအခန်းထဲသို့ မဝင်ပါနှင့်ဟု အိမ်ဖော်မကလေးက တားသောကြောင့် **ဂရှန်ဇာရီ** မြို့စားကတော်က ဆူဆူပူပူ လုပ်နေခြင်း ဖြစ်သည်။ ထို့ကြောင့် **ရှန်နဒုန်** မြို့စားကတော်သည် အိပ်ရာမှထ၍ တံခါးကိုဖွင့်ပြီးလျှင် ခန်းဆီးကိုဆွဲ

တင်ရင်း ဖိုးရိုးဖားရားဆံပင်များအကြားမှ သူ၏လှပတင့်တယ်သောမျက်နှာကို ပြူ၍ကြည့်၏။

"မနက်စောစောစီးစီးကြီးမှာ အေရယ်။ ခင်ဘာဖြစ်လာတာလဲတော့။ ခုမှ ကိုးနာရီတောင် မထိုးသေးဘူး"ဟု ရှန်နဒုန်မြို့စားကတော်က ဆီး၍ပြောသည်။

ထိုအခါ တုန်တုန်ရီရီနှင့် မျက်စိမျက်နှာ ပျက်နေသော အိမ်လည် လာသူက "ညည်းကို ပြောစရာရှိလို့ပါ အေရယ်။ ကျုပ်ဖြင့် မထိတ်သာမလန့်သာ ဖြစ်လာသတော့်"ဟု ပြန်ပြောသည်။

"ကိုင်း၊ ဒါဖြင့် ဝင်ခဲ့၊ ဝင်ခဲ့"ဟု အိမ်ရှင်က ခေါ်လေသည်။

ဧည့်သည်လည်း ဝင်လာကာ အိမ်ရှင့်ကိုနမ်းရှုပ်၍ နှုတ်ဆက်သည်။ ရှန်နဒုန်မြို့စားကတော်သည် သူ့အိပ်ရာထက်သို့ ပြန်တက်၍လှဲနေသည်။ ထိုအခါ လေနှင့် အလင်းရောင်ဝင်အောင် အိမ်ဖော်မကလေးက ပြူတင်းပေါက်ကို ဖွင့်ပေးသည်။ အိမ်ဖော်မကလေး အခန်းထဲမှ ထွက်သွားတော့မှ အိမ်ရှင်က ဧည့်သည်အား "ကိုင်း၊ ကျုပ်ကို ဘာများပြောချင်လို့လဲ"ဟု မေးသည်။

**ဂရှန်ဇာရီ** မြို့စားကတော်သည် မိန်းမတို့၏ အလှဂုဏ်ကို ကိုးစေသည့် မျက်ရည်တို့ကို ငိုမည့်ဟန်ပြု၍ ညှစ်ထုတ်သည်။ မျက်ရည်ထွက်လာသောအခါ၌မူ မျက်ရည်သုတ်မိလျှင် မျက်စိနီပြီး အလှပျက်မှာကိုစိုးသောကြောင့် သုတ်မပစ်ဘဲ ရှိုက်ပြီးမှ "ခင်ရယ်၊ ကျုပ်ဖြစ်ရပုံက မကောင်းတော့ပါဘူး။ ညကတညလုံး အိပ်လို့မရဘူးတော့်။ တမှေးမှ မအိပ်နိုင်ဘူးအေ့။ ညည်း ကျုပ်ပြောတာကြားရဲ့လား။ ကျုပ် တမှေးမှ အိပ်လို့မပျော်ဘူးတော့်။ ဟောဒီ





မှာစမ်းကြည့်စမ်း၊ ကျုပ်ရင်ထဲမှာ ဒိတ်ဒိတ် ဒိတ်ဒိတ်နဲ့"ဟု ဆိုလေသည်။

**ဂရှန်ဇာရီ**မြို့စားကတော်သည် သူ့သူငယ်ချင်းလက်ကို ဆွဲယူ၍ သူ့ရင်ပတ်ပေါ်တင်သည်။ သူ၏ တစ်တစ်ရစ်ရစ် ရင်ထဲတွင် ယောက်ျားတကာတို့ ဘာရှိမှန်းမသိနိုင်သော နှလုံးသားသည် နစ်မြုပ်၍နေသည်။ ထိုနှလုံးသားသည် အမှန်ပင်ခုန်လျက်ရှိပါ၏။

ထိုနောက် **ဂရှန်ဇာရီ**မြို့စားကတော်သည် သူ့အဖြစ်ကို ဆက်၍ပြောပါတော့သည်။

"ဖြစ်ပုံက မနေ့ကအေရဲ့။ ညနေ လေးနာရီ၊ လေးနာရီခွဲလောက်မှာ ဆိုပါတော့။ ညည်း ကျုပ်နေတဲ့ အိမ်ခန်းကို သိတယ်မဟုတ်လား။ ကျုပ်ရဲ့ဧည့်ခန်းကိုလဲ ညည်းအသိသားဘဲ။ ကျုပ်အဲဒီမှာ အမြဲထိုင်ပြီး လမ်းမဘက် ထွက်ထွက်မျှော်ကြည့်တတ်တယ်လေ။ ဟိုဟိုဒီဒီသွားလာနေကြတဲ့ လူတွေကို ပြူတင်းပေါက်ဝကနေပြီး မျှော်ကြည့်တတ်တဲ့ဝါသနာကို ညည်းအသိဘဲတော်။ မီးရထား ဘူတာရုံနားမှာဆိုတော့ လူတွေ အသွားအလာ ရှုပ်ရှက်ခတ်နေတာပေါ့ကွယ်။ ကြည့်ရတာ ပျော်စရာဘဲအေ့။ ကျုပ်အကြိုက်ပေါ့တော်။ အဲ၊ မနေ့တုန်းက ကျုပ်က ပြူတင်းပေါက်ကိုဖွင့်ပြီး အဝမှာ ကုလားထိုင်နိမ့်နိမ့်ကလေးချပြီး ထိုင်နေတယ်။ ကျုပ်လဲ လေကောင်းလေသန့်ကလေးရှူချင်တာနဲ့ ဘာကိုမှ မတွေးမိပါဘူးအေရယ်။ မနေ့က နေကလေးကလဲ သာတယ်။ ညည်းလဲ မှတ်မိမှာပေါ့။

"အဲဒီလိုနေရင်း ပြန်းကနဲဆို ကျုပ်နဲ့ မျက်နှာချင်းဆိုင်မှာ မိန်းမတယောက် အနီရောင် အဝတ်ဝတ်ပြီး ပြူတင်းပေါက်ဝမှာ

ထိုင်နေတာ တွေ့ရတယ်။ ကျုပ်ကတော့ အဲဒီတုန်းက ခရမ်းရောင် ဝတ်ထားတယ်တော့ ။ ကျုပ်ခရမ်းရောင် အဝတ်အစားကို ညည်းမှတ်မိမှာပေါ့။ ကျုပ်က အဲဟိုမိန်းမကို မသိပါဘူး။ အသစ်ရောက်လာတဲ့ မိန်းမကိုး။ ရောက်လာတာမှ တလလောက်ပဲရှိအုံးမယ်။ ဒါပေမယ့် ဒီအရင်က တလလုံးလုံး မိုးစွေနေတော့ သူ့ကို ကျုပ် မမြင်ဘူးသေးဘူး။ ဒါပေမယ့်အေ၊ တွေ့လိုက်တယ် ဆိုယင်ဘဲ ဒီကောင်မဟာ မကောင်းတဲ့ ကောင်မဘဲလို့တော့ သိလိုက်တယ် အေ့ ။ ပထမတော့ သူက ကျုပ်လိုဘဲ ပြူတင်းပေါက်မှာ ထိုင်နေတာကို ကျုပ် မြင်ပြင်းကတ်မိတယ်။ ဒါပေမယ့် တစတစနဲ့ ဆိုတော့ သူ့ကို စောင့်ပြီးကြည့်ရတာကဘဲ ရယ်စရာကောင်းသလိုလို ထင်မိတယ်။ ကောင်မက အေရယ်၊ ပြူတင်းဘောင်ကို လက် ထောက်ပြီး လက်ပေါ် မေးတင်လို့၊ အောက်မှာရှိတဲ့ ယောကျ်ားတွေကို ကြည့်နေတာကိုး။ ယောကျ်ားတွေကလဲ သူ့ကိုပြန်ကြည့်သတော့ ။ တွေ့ရသမျှ ယောကျ်ားအားလုံးလိုလိုဘဲ အဲသလိုပြန်ပြန်ကြည့်သတော့ ။ ယောကျ်ားတွေဆိုတာ သူနေတဲ့ တိုက်ခန်းဘက်ကို ရောက်လာယင် သူ့ရှိမှန်းကို အလိုလိုသိနေကြသလား မဆိုနိုင်ဘူး။ အမဲလိုက်ခွေးတွေ အနံ့ရသလို သူ့ကိုလဲ အနံ့များရနေကြသလား မပြောတတ်ပါဘူး အေ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ကို မော့ကြည့်ကြပြီး မျက်စပစ်ပြကြသအေ့ ။ ကောင်မရဲ့ မျက်နှာပေးကတော့ 'တက်ခဲ့ပါအုံး'လို့ ခေါ်သလိုပေါ့လေ။ ယောကျ်ားတွေကတော့ 'အချိန်မရှိလို့'၊ ဒါမှမဟုတ်ယင်လဲ 'နောက်တနေ့မှဘဲ'လို့ ပြောလိုက်သလိုဘဲတော့ ။ တချို့လဲ 'ပိုက်ဆံမပါသေးဘူး' ဆိုတဲ့ သဘောနဲ့ တူပါရဲ့ကွယ်။ အဲ တချို့





ကတော့လဲ 'နင့်မျက်နှာ ငါမကြည့်ချင်ဘူး' ဆိုတဲ့ မျက်နှာထားမျိုးနဲ့ အေရဲ့။

"ဒီကောင်မ အဲသလို အလုပ်လုပ်နေပုံ မြင်ရတော့ ကျုပ်မရယ်ဘဲ မနေနိုင်ဘူး။ ဒါပေမယ့် သူ့အလုပ်က နေ့တိုင်းအလုပ်တော့ ။

"တခါတလေ သူက ပြူတင်းပေါက်ကို ရုတ်ကနဲ ဆွဲပိတ်လိုက်ဘယ်ဆိုယင်ဘဲ တယောက်ယောက်ဝင်သွားတာ မြင်လိုက်ရတယ်အေ့ ။ မိသားတဲ့ ငါးကို ငါးမျှားကြိုးက တုပ်ဆွဲလိုက်တော့ ပါသွားတာပေါ့အေ့ ။ ကောင်မက တုပ်ဆွဲလိုက်တယ် ထင်ပါရဲ့တော့ ။ အဲဒီအခါ ကိုယ်က ကိုယ့်လက်ပတ်နာရီကို ကြည့်လိုက်မိတယ်။ လာတဲ့ယောကျ်ားတွေဟာ ဘယ်တော့ဘဲဖြစ်ဖြစ် ဆယ့်နှစ်မိနစ်၊ မိနစ်နှစ်ဆယ်လောက်ပဲ သူနဲ့ ကြာကြာ နေတယ်။ နောက်ဆုံးမှာတော့ ဒီပင့်ကူလို ကောင်မဟာ ကျုပ်ကိုပါ ညို့လိုက်သလား မပြောတတ်ပါဘူး အေရယ်။ ကောင်မကတော့ အကျည်းတန်တယ်အေ။

"ဒါနဲ့ ကျုပ်က ကိုယ့်ဟာကို စဉ်းစားကြည့်တယ်။ သူ့အရိပ်အကဲကို ယောကျ်ားတွေသိအောင် သင်း ဘယ်လိုလုပ်လိုက်ထာလဲ။ ခေါင်းကလေး ငုံ့ပြလို့ သိကြတာလား။ ဒါမှမဟုတ်ယင်လဲ သူ့ရုပ်ရည်ကို မြင်အောင် လက်နဲ့ဘဲ အချက်ပြလေသလား။ ဒီလို စဉ်းစားမိပြီး ကျုပ်က ကျုပ်မှန်ဘီလူးနဲ့ သူ့အမူအရာကို အကဲခပ်ကြည့်တယ်။ အမလေးကွယ်၊ သူ့နည်းက လွယ်လွယ်ကလေးတော်ရေ့ ။ ပထမတော့ 'စပကြည့်' ကြည့်လိုက်တယ်။ ပြီးတော့ ပြုံးပြတယ်။ ပြီးတော့မှ ခေါင်းကို မညိတ်ချင်ချင် ညိတ်ချင်ချင်

လုပ်ပြတယ်။ အဓိပ္ပာယ်က 'ရှင် တက်ခဲ့မလား'ဆိုတဲ့ အဓိပ္ပာယ်မျိုးဘဲတော့။ ဒါပေမယ့် အဲဒီလိုလုပ်ထာက မသိမသာကလေး။ သူလုပ်သလို လုပ်တတ်ဖို့က အတော် ကျွမ်းကျင်ရမယ်၊ လယ်ရမယ်တော့။ ပြီးတော့ ကျုပ်က တခါ စဉ်းစားကြည့်ပြန်တယ်။ သူလုပ်သလို မဒို့တရို့နဲ့ ခေါင်းငုံ့ရာက ဇတ်ကနဲမော့ပြီး ရဲရဲဝံ့ဝံ့ အချက်ပေးတတ်ပါ့မလားလို့ စဉ်းစားမိတယ်။ သူ့မှုရာ မာယာက ကြည့်လို့အလှသား တော်ရေ့။

"ဒါနဲ့ဘဲ ကျုပ်က မှန်ရှေ့မှာ လုပ်ကြည့်ကရော ဆိုပါတော့အေ။ ခင်ရယ်၊ အဟုတ်ပါ။ ကျုပ်က သူ့ထက်တောင် မာယာလုပ်တတ်ပါသေးတယ်။ ကျုပ်လဲ ကျုပ်ဥစ္စာကျုပ် သဘောကျပြီး ထုံးစံအတိုင်း ပြူတင်းပေါက်ဝမှာ ထိုင်မိတယ်။

"အဲဒီအချိန်က စပြီး ကောင်မဟာ ကံဆိုးမိုးမှောင် ကျတော့တာဘဲ။ သူဆွယ်လို့ တယောက်မျှ မရတော့ဘူးတော့။ အောင်မလေးတော်၊ သူတို့လို လုပ်ကိုင်စားသောက်ရတာဟာ တော်တော် ကျပ်ထာဘဲနော်။ အတော်ဆိုးတယ်။ တခါတခါတော့လဲ ပျော်စရာထင်ပါရဲ့။ ဘာ့ကြောင့်ဆိုတော့ တခါတခါ လမ်းမှာ သူတို့တွေ့ရတဲ့ ယောကျ်ားတွေဟာ အနိပ်သား အေရဲ့။

"နောက်တော့ကွယ် ယောကျ်ားတွေဟာ ဟိုကောင်မဘက်ကို မလာတော့ဘူး၊ ကျုပ်ရှိတဲ့ လမ်းဘက်ကိုသာ လာကြတယ်။ လမ်းကြောင်းပြောင်းတယ် ဆိုပါတော့ကွယ်။ လူကြီး လူငယ်မရွေး၊ အသားဖြူ၊ အသားညို၊ အသားမဲ လူအမျိုးမျိုး လာကြတယ်တော့။ တချို့ဟာလေ လူချော လူလှတွေတော့။ အဟုတ်ပါခင်ရယ်။ ညည်းလင်ထက်လဲ ချော၊ ကျုပ်လင်ထက်လဲ လှ၊ အဲသလို လူမျိုး





တွေကလား။ ညည်းလင်ဆိုတာ ညည်းလင်ဟောင်းကြီးကို ပြောတာ တော်ရဲ့။ ခုတော့ ညည်းက သူ့ကို ကွာခဲ့ပြီဆိုတော့ အသစ်တယောက် ရှာနိုင်ပြီပေါ့နော်။

"အဲ၊ ပြီးတော့ ကျုပ်စဉ်းစားပြန်တယ်။ အခုနေ ငါက အချက်ပြလိုက်ယင် ယောကျ်ားတွေ နားလည်ပမလား။ ကိုယ်က မိန်းမကောင်းမဟုတ်လားအေ့။ ဒီတော့ သူတို့ နားလည်ပမလားလို့ စဉ်းစားမိတယ်။ ဒါနဲ့ ကျုပ်က စမ်းပြီး အချက်ပေးကြည့်ချင်လိုက်တာ တပိုင်းကို သေလာတာဘဲတော့။ စမ်းကြည့်ချင်တာမှ အူထဲအသဲထဲကပါ ယားလာလို့ ဆီးလို့မရ၊ တားလို့မရပါဘဲ သူငယ်ချင်းရယ်။ ကျုပ် တခါတခါ ဒီလိုဘဲဆိုတာ ညည်းအသိသားနဲ့။ စိတ်ရူးပေါက်လာတယ်လို့များ ညည်း မထင်မိဘူးလား။ ကျုပ်တို့ မိန်းမသားတွေစိတ်ဟာ မျောက်စိတ်လိုဘဲ။ ကျုပ်ကို ဆရာဝန်တယောက်က ပြောဘူးတယ် တော့။ မျောက်ရဲ့ဦးနှောက်ဟာ ကျုပ်တို့မိန်းမတွေရဲ့ ဦးနှောက်လိုဘဲ ဆိုဘဲ။ ကျုပ်တို့မှာ တယ်ပြီး အတုခိုးချင်တဲ့စိတ်က များတာကိုး။ ကျုပ်တို့တတွေ အိမ်ထောင်ကျစတုန်းက ကိုယ့်လင် ကိုယ်ချစ်လွန်းလို့ လင်လုပ်သမျှကို လိုက်ပြီး အတုခိုးကြတယ် မဟုတ်လား။ ပြီးတော့ ကိုယ့်ချစ်သူ၊ ကိုယ့်သူငယ်ချင်း၊ ကိုယ် ကိုးကွယ်တဲ့ ဘုန်းတော်ကြီးများကို ကြည်ညိုစရာ ကောင်းတယ်ဆိုမှဖြင့် ကျုပ်တို့လိုက်ပြီး အတုခိုးကြတယ်။ သူတို့ တွေးသလို လိုက်တွေးတယ်။ သူတို့ပြောသလို လိုက်ပြောတယ်။ သူတို့ အမူအရာအတိုင်း လိုက်လုပ်တယ်။ သူတို့လုပ်သမျှ လိုက်လုပ်တယ်ဆိုပါတော့။ ဘယ့်ကလောက် ရူးကြောင်ကြောင်နိုင်သလဲဆိုယင် စဉ်းစားသာကြည့်ပါတော့ အေရယ်။

“ကျုပ်ကတော့ တော်ရေ့၊ လုပ်ကြည့်မဟဲ့လို့ စိတ်ကူးမိယင် ထလုပ်လိုက်တာဘဲ။ ဒါနဲ့ဘဲ ကျုပ်ဘာသာ ကျုပ် ပြောမိတယ်၊ ဘယ်လိုဖြစ်မလဲဆိုတာ သိရအောင် ငါ ယောကျ်ားတယောက် ယောက်နဲ့တော့ စမ်းကြည့်အုံးမယ်။ ဒီလို စမ်းကြည့်တာနဲ့ဘဲ ဘာ ဖြစ်နိုင်တာမှတ်လို့။ ဘာမှ မဖြစ်နိုင်ပါဘူး။ ငါက ပြုံးပြလိုက် ယင် သူကလဲ ပြန်ပြုံးပြလိမ့်မယ်။ ဒီလောက်နဲ့ မလွန်ပါဘူး။ အဲသလို တွေးမိတယ်။

“အဲဒါနဲ့ ခင်ရယ်၊ ကျုပ်သဘောကျတဲ့လူကို စောင့်ပြီး ရွေး ကြည့်တယ်။ သူက အရပ်မြင့်မြင့်တော့်။ ရုပ်က ချောချော။ သူ တယောက်ထဲ လမ်းလျှောက်လာတယ်။ အသားလတ်တဲ့ လူဆို ယင် ကျုပ်ကတော့ ကြိုက်တိုက်တိုက်ပဲအေ့။ ညည်းလဲအသိသား နဲ့။ ကျုပ်က သူ့ကိုကြည့်တယ်။ သူက ပြန်ကြည့်တယ်။ ကျုပ်က ပြုံးပြတော့လဲ သူကပြန်ပြုံးတယ်။ ကျုပ်ကလဲ မသိမသာ အမူ အရာလုပ်ပြတော့ သူက သဘောကျကြောင်း ခေါင်းညိတ်ပြ သတော့်။ အဲဒါနဲ့အေ၊ ဘသားချောက ကျုပ်အိမ်တံခါးဝကို အဟုတ် ရောက်လာပါလေရော့အေ့။

“အဲဒီတုန်းကများ ကျုပ်စိတ်ထဲ ဘယ်လိုဖြစ်သွားသလဲဆိုတာ ညည်းသိမှာမှုတ်ပါဘူးအေ။ ကျုပ်တော့ ရူးတော့မယ်လို့ အောက် မေ့လိုက်တယ်။ ကြောက်လိုက်တာလဲတုန်လို့။ မတော်တဆ ကျုပ် ရဲ့ အခိုင်းအစေတွေနဲ့စကားပြောမိယင် ဘယ့်နှယ်လုပ်မလဲ။ ကျုပ် လင်အပေါ်မှာ သစ္စာရှိတဲ့ ဂျီးဇက်နဲ့များ တွေ့သွားလို့ စကား ပြောမိယင် အကျိုးနဲပါရော့တော်။ ဂျီးဇက်နဲ့များ တွေ့သွား





ယင် သူနဲ့ ကျုပ်နဲ့ သိလာတာကြာပြီလို့များ ထင်သွားမလား မသိဘူး။

“ကိုင်း၊ ညည်းပြောစမ်းပါ။ အခုလိုများ ညည်းကြုံရယင် ညည်းဘာလုပ်မှာလဲ။ ပြီးတော့ တော်တော်ကြာယင် ဘသား ချောက တံခါးခေါင်းလောင်းကိုတီးတော့မယ်။ ကိုင်း ဒီတော့ ကျုပ်ဘာလုပ်မလဲ ပြောစမ်းပါအေရယ်။ ကျုပ်ကတော့ သူ့ကို တွေ့ပြီး ‘ရှင် အိမ်မှားဝင်လာပြီ။ ကျေးဇူးပြုပြီး ပြန်သွားပါရှင်’ လို့ ပြောရကောင်းမလားအောက်မေ့မိတယ်။ သူဟာ မိန်းမ သားတဦးအပေါ်မှာ အထူးသဖြင့် ကျုပ်လိုသနားစရာကောင်းတဲ့ မိန်းမသားမျိုးအပေါ်မှာ ကရုဏာရှိမှာ မုချပါဘဲ။ အဲဒီလိုတွေး ပြီး ကျုပ်က ကပျာကရာ တံခါးဆွဲဖွင့်လိုက်တော့ အတော်ဘဲ။ သူကလဲ ခေါင်းလောင်းတီးပြီး ခေါ်မလို့တော့်။ အဲဒီတော့ ကျုပ်ကလဲ စကားခပ်ထစ်ထစ်နဲ့ ‘ရှင်ထွက်သွားပါ၊ ခုထွက်သွား ပါ။ ရှင်အိမ်မှားလာပြီ။ တကယ့်ကိုမှားနေပါပြီ။ ရှင့်ကို ကျမနဲ့ သိ တဲ့လူတယောက်လို့ အောက်မေ့လို့ပါ။ ကျွန်မကို သနားပါရှင်’ လို့ အသနားခံမိသတော့်။

“အဲဒီတော့အေရယ်၊ ဘသားချောက ရယ်တယ်။ ပြီးတော့ ဒီနေ့ဟာ မင်္ဂလာရှိတဲ့နေ့ပါအချစ်ရယ်။ ယခု အချစ်ပြောပြမယ့် စကားမျိုးကို ကျုပ်သိပြီးသားပါ။ တကယ်ပြောတာပါ။ အချစ် မှာ ယောကျ်ားရှိတယ်မဟုတ်လား။ ဒီတော့ သူများကို ဖရန့်ဒင်္ဂါး နှစ်ဆယ်ပေးရမယ်ဆိုယင် မင့်ကိုလေးဆယ်ပေးရမယ်ဆိုပါတော့။ ကျုပ်ပေးပမယ်ကွယ်။ အိပ်ခန်းကိုသာပြပါတော့’ အဲဒီလိုပြော တယ်အေ့။

“ပြီးတော့ သူက ကျုပ်ကို အိမ်ထဲအတင်းဆွဲသွင်းပြီး တံခါးကို ပိတ်လိုက်တယ်။ ကျုပ်လဲ သူ့ရှေ့မှာ ကြောက်ကြောက်လန့်လန့်နဲ့ ရပ်နေမိတယ်တော့်။ ဒီတော့ သူက ကျုပ်ကို ဖက်နမ်းသတော့်။ ကျုပ်ခါးကိုဖက်ပြီး ဧည့်ခန်းထဲခေါ်သွားတယ်။ ဧည့်ခန်းတံခါးကလဲ ပွင့်လို့။ အဲဒါကို ကိုယ်တော်မြတ်က လေလံဆွဲမယ့်လူပစ္စည်းကို စေ့စေ့စပ်စပ်ကြည့်သလို၊ခန်းရှိပစ္စည်းအားလုံးကိုကြည့်ပြီး ‘ဟာ တယ်နိုပ်ပါကလား။ ဒီအခန်းကလေးက တယ်ကောင်းတယ်။ မင်းအခုလို ပြူတင်းပေါက်ကနေပြီး ကိုယ်ရောင်ပြရတာဟာ အင်မတန်မှ ကုသိုလ်မကောင်းတုန်း အခိုက်အတန့်မို့ထင်ပါရဲ့’ လို့ ကျုပ်ကို ပြောသအေ့။

“ဒီတော့ ကိုယ်ကလေ၊ သူ့ကိုထပ်ပြီး အသနားခံရတော့တာပေါ့။ ‘မဟုတ်ပါဘူးရှင်။ ရှင် တဆိတ်လောက်ထွက်သွားစမ်းပါ။ ရှိကြီးခိုးပါရဲ့။ ကျွန်မယောကျ်ား တော်တော်ကြာ ပြန်လာတော့မယ်။ ဒီအချိန်လောက်မှာ ပြန်ရောက်တတ်ပါတယ်။ အဟုတ်ပါ။ ရှင် အိမ်မှားနေတာပါ။ ဘုရားစူးရပါစေရဲ့’ ကျုပ်က အဲဒီလို ပြောပေမယ့် သူကခပ်အေးအေးဘဲ။ ‘လာစမ်းပါအလှရယ်၊ ကျုပ် ဒီလိုစကားမျိုး ခဏခဏကြားရဘူးလို့ ရိုးနေပါပြီ။ မင့်ယောကျ်ားများလာယင်လေ ဟောဟိုတဲ့တဲ့က ဆိုင်သွားပြီး သောက်ချင်တာသောက်ဖို့ ငွေဒင်္ဂါး ငါးပြား ပေးပါအုံးမယ်’ လို့ ပြောသအေ့။ ပြီးတော့ မီးလင်းဖိုခုံပေါ်မှာ ကျုပ်ယောကျ်ား ဓာတ်ပုံကို မြင်တော့ ‘ဒါ မင့်ယောကျ်ားလား’ လို့ မေးလိုက်သေးတယ်။

“ ‘ဟုတ်ကဲ့ရှင့်။ ဒါ ကျွန်မ ယောကျ်ားပါဘဲ’ လို့ ကျုပ်က ပြောတယ်။





“ဒီတော့ သူက ‘ဒီလူ့ရုပ်က မခေပါဘူး။ ပေါင်းလို့ သင်းလို့ အတော်ကောင်းမယ့်လူဘဲ။ ပြီးတော့ ဒီဓာတ်ပုံကကော မင့်မိတ်ဆွေထဲကနဲ့တူပါရဲ့’ လို့ မေးပြန်တယ်။

“အဲဒါတခြားမဟုတ်ဖူးခင်ရေ။ ညည်းဓာတ်ပုံဘဲ။ ညည်းကပွဲဝတ်အစားနဲ့ရိုက်ထားတာလေ။ ကျုပ်ကတော့ ကျုပ်ဟာကျုပ်ဘာပြန်ပြောမိသလဲ မသိတော့ပါဘူးကွယ်။ ‘ကျွန်မ သူငယ်ချင်းဓာတ်ပုံပါ’ လို့ ပြောမိတယ်တင်ပါရဲ့။

“ဒီတော့ သူက ‘မင့်သူငယ်ချင်းကလဲ အချောသားဘဲ။ တနေ့နေ့မှာ သူ့ကို မိတ်ဆက်ပေးရမယ်နော်။ ဒါဘဲ’ အဲဒီလိုပြောတယ်။

“ဒါနဲ့ဘဲ ငါးနာရီထိုးပါလေရော့ အေ။ ညည်းလဲအသိသားမဟုတ်လား။ ကျုပ်ယောကျ်ားက ညနေ ငါးနာရီခွဲဆိုယင် အိမ်ပြန်တတ်တယ်။ မတော်တဆ ဒီလူကြီး မပြန်ခင် သူပြန်လာမှဖြင့် အမယ်လေး ဘာဖြစ်မလဲ၊ ညည်းသိရဲ့လား။ တကတဲ့မှဘဲအေ၊ ဒါနဲ့ဘဲ ကျုပ်လဲ ဘာလုပ်ရမှန်း မသိဘဲ သူမြန်မြန်ပြန်ယင် အေးရော့ဆိုပြီး၊ မြန်မြန်ကိစ္စပြီးယင်လဲ ပြီးရော့ဆိုပြီး၊ အေးလေ၊ ညည်းဒီလောက်ပြောယင် ရိပ်မိလာရော့ပေါ့အေ”

ရွှန်နဒုန်မြို့စားကတော်ကလေးသည် သူ့မျက်နှာကို ခေါင်းအုံးဖြင့်အုပ်၍ ကုတင်တခုလုံး သိမ့်သိမ့်တုန်သွားအောင် ခွက်ထိုးခွက်လန်ရယ်ပါလေတော့သည်။ အတန်ကြာသော် ဣန္ဒြေ ဆယ်၍ “နေပါအုံး၊ ညည်းလူက ချောရဲ့လား” ဟု မေးသည်။

“ချောတယ်အေ့”

“ဒါနဲ့များ ညည်းကအေ”

"မဟုတ်ဖူးအေရဲ့။ သူက နက်ဖြန် ဒီလိုအချိန်မျိုးမှာ လာအုံးမတဲ့တော်ရဲ့။ ကျုပ်ကြောက်တယ်။ ဒီလူ့ ခေတ်ကြောက တောက်တဲ့ကပ် တွယ်တတ်တယ်အေ့ ။ ညည်းမသိပါဘူး။ ဒီတော့ ကျုပ်ဘယ့်နှယ်လုပ်ရမလဲ ။ဆိုစမ်းပါ"

ထိုအခါ အိမ်ရှင်မြို့စားကတော်က ခေတ္တမျှစဉ်းစားရန် ရုတ်တရက်အိပ်ရာထဲမှ ထထိုင်ပြီးလျှင် "သူ့ကို ဂတ်တိုင်ယင်မကောင်းဘူးလား" ဟု မေးသည်။

ထိုအခါ ဧည့်သည်မြို့စားကတော်သည် ခေတ္တမျှ ငိုင်ပြီးလျှင် "ညည်းဘယ့်နှယ်ပြောတာလဲအေရဲ့။ သူ့ကို ဂတ်တိုင်ရအောင် ဘာမှုနဲ့တိုင်မလဲ။ ညည်းဘဲ စဉ်းစားတတ်ရန်ကော" ဟု ဆိုလေသည်။

"အို အလွယ်ကလေးပါကွယ်။ ပုလိပ်မင်းကြီးဆီ သွားပြီး 'ကျွန်မနောက်ကို လူတယောက် တကောက်ကောက် လိုက်ပြီးနှောင့်ယှက်နေတာ သုံးလလောက်ရှိသွားပါပြီ။ မနေ့က ဆိုယင်အဲဒီလူဟာ ကျွန်မအိမ်ခန်းထဲ အတင်းဝင်လာပါတယ်။ နက်ဖြန်ကိုလဲ လာခဲ့အုံးမယ်ပြောပါတယ်။ ဒါကြောင့်မို့ တရားဥပဒေအရကျွန်မကို ကာကွယ်ပေးပါ' အဲသလို ညည်းပြောယင် သူ့ကိုဖမ်းဘို့ရာ ညည်းနဲ့အတူ ပုလိပ် နှစ်ယောက်ကို ထဲ့ပေးလိုက်မှာပေါ့"

"ဒါတော့ ဟုတ်ပါရဲ့ခင်ရယ်။ နို့ပေမယ့် သူက ဟုတ်တိုင်းမှန်ရာ ဖွင့်ချလိုက်ယင်"

"အိုး ညည်းကလဲ။ ပုလိပ်က သူပြောတာ ယုံမလားအေ့။ ညည်းကသာ ပုလိပ်မင်းကြီးကို မင်သေသေနဲ့ ပြောပြယင် ညည်း





လို မင်းပေါက် စိုးပေါက် ပေါက်ရောက်တဲ့ အပြစ်မဲ့ သူတဦးရဲ့ စကားကိုသာ ယုံရမှာပေါ့အေရဲ့"

"အမယ်လေးတော်၊ ကျုပ်တော့ ဒီလိုမတိုင်ရဲပါဘူး"

"ညည်းတိုင်ရမယ်။ အဲဒီလိုမှမတိုင်ယင် ညည်းတော့ ခက်ပြီ"

"ဒါပေမယ့် စဉ်းစားစမ်းပါအုံးအေ့ ။ သူအဖမ်းခံရပြီဆိုယင် ကျုပ်ကို ဒီထက်ဒီ စော်ကားအုံးမှာပေါ့"

"အဲဒီလိုဆိုယင် ညည်းအတွက် မျက်မြင်သက်သေထပ်ပြီးရအုံးမယ်။ သက်သေသာခကနဲ့ဆိုယင် သူ ထောင်ကျမှာပေါ့"

"ဘာလုပ်ထောင်ကျရမှာလဲ"

"အို၊ လျော်ကြေးမပေးနိုင်ယင် ထောင်ကျခံရမှာပေါ့။ ဒီလိုအမှုမျိုးကျယင် ညာလို့ မဖြစ်ဖူးအေရဲ့"

"အို၊ လျော်ကြေးဆိုလို့ ကျုပ်တခုသတိရတယ်။ အဲဒီကိစ္စကလဲ စိတ်ထဲမှာ ဇနောင့်ဇနင်းဘဲတော့ ။ သူက ကျုပ်အတွက်ဆိုပြီး ဒင်္ဂါးပြားလေးဆယ် မီးလင်းဖို ခုံပေါ် တင်ထားခဲ့တယ်တော့ "

"ပြားလေးဆယ်"

"အေး၊ ပြားလေးဆယ်"

"တပြားမှ မပိုဘူး"

"တပြားမှ မပိုဘူး"

"အမလေးတော်။ နဲလိုက်တာ အေရယ်။ ငါ့လိုသာဖြင့် ဒါ သက်သက်နှိမ်တာဘဲလို့ဆိုရမှာဘဲ"

"ကိုင်း၊ ကျုပ် အဲဒီပိုက်ဆံကို ဘယ်လိုလုပ်ရမလဲ"

ထိုအခါအိမ်ရှင် မြို့စားကတော်သည် အတန်ကြာ စဉ်းစား၍ နက်နဲသောအကြံကိုပေးလိုက်သည်မှာ

“ခင်ရယ်၊ဒီလိုဆိုယင်လေ အဲဒီပိုက်ဆံနဲ့လက်ဆောင်တခုခုဝယ်ပြီး ညည့်လင်ကို ပေးလိုက်ပါလား။ ဒါမှ တရားရာကျမှာပေါ့အေ့”



## ခုတင်နံပတ် ၂၉

ကပ္ပတိန် ပေိဗ္ဗန် လမ်းလျှောက်ထွက်လျှင် မိန်းမတကာတို့ကငေး၍ကြည့်ကြရသောတတ်၏။ မြင်းစီးသူရဲတပ်ဖွဲ့မှ အင်္ဂလိပ်ကောင်းသူအရာရှိကို စံပြအဖြစ်ဖြင့် ပြပါဟုဆိုလျှင် သူ့ကိုပြရမည်ဖြစ်သည်။ သူသည် ရိုးရိုးလမ်းလျှောက်ရာ၌ပင်လျှင် စစ်ရေးပြစဉ်ကအတိုင်း ရင်ကိုကော့၍ လျှောက်တတ်၏။ ယင်းသို့ လျှောက်သည့်အခါ မိမိခြေလှမ်းကို မိမိကြည့်၍ စိတ်ကြီးဝင်မိ၏။ ထိုနည်းတူစွာ သူ၏ရုပ်သည်ရူပကာကို မှီ၍လည်း စိတ်ကြီးဝင်သည်။ သူ၏နှုတ်ခမ်းမွေးကိုမှီ၍လည်း စိတ်ကြီးဝင်သည်။ အဘယ်ကြောင့်ဟူမူ သူ၏ခြေသလုံးသည်၎င်း၊ သူ၏ကိုယ်ကာယသည်၎င်း၊ သူ၏ နှုတ်ခမ်း မွေးသည်၎င်း၊ အားလုံးကျက်သရေနှင့် ပြည့်စုံခြင်းကြောင့် ဖြစ်၏။ သူ၏နှုတ်ခမ်းမွေးကား နီကျင်ကျင်နှင့် ထူထပ်၏။ နှုတ်ခမ်းပေါ်မှ အမွေးအမှင်တို့သည် လေးကိုင်းသဏ္ဌာန်တွဲကျလျက်ရှိ၏။ နီကျင်ကျင်

ဟူသည်မှာ ကောက်ရိုးရောင်ကဲ့သို့ဖြစ်၍ ထိုကောက်ရိုးရောင် နှုတ်ခမ်းမွေးစကို ကျစ်ကျစ်ပါအောင်လိပ်၍ ချထားသည်မှာ စစ်သားဟူသော ဂုဏ်ဒြပ်နှင့် ညီပေသည်။ သူ၏ခါးသည် သေး၏။ သူ၏ရင်သည် ကား၏။ ကျယ်၏။ မို့မောက်၏။ သူ၏ခြေမှာ နပမ်းသမား၏ခြေကဲ့သို့ လျင်မြန်၏။ ကခြေသည်၏ခြေကဲ့သို့လည်း ပေါ့ပါးဖြစ်၏။ သူ့ခြေများမှာ ကြက်သွေးရောင် မြင်းစီး ဘောင်းဘီထဲ၌သာ အောင်း၍နေရသည် ဖြစ်သော်လည်း လှုပ်ရှားလိုက်သောအခါခြေသလုံးကြွက်သားများသည် ဘောင်းဘီအသားထဲမှ ကြွ၍ထနေကြလေသည်။

သူလမ်းလျှောက်လျှင် အကြောအချဉ်များတင်း၍ကြွလာတတ်သည်။ ခြေလှမ်းကျဲကျဲလှမ်းတတ်သည်။ လက်ကိုကားယားထားတတ်သည်။ မြင်းစီးသူရဲတို့ လှမ်းနေကျအတိုင်း ခြေလှမ်း မှန်မှန်လှမ်းတတ်သည်။ သူ့ကို အရပ်ဝတ်အရပ်စားနှင့်တွေ့ရလျှင် သူလိုငါလိုဟု ထင်မှတ်ရ၏။ သို့သော် စစ်ဝတ်စုံဝတ်ထားသည့်အခါ သူသည် စစ်ပွဲတိုင်း၌ အောင်သေအောင်သားစားရသော စစ်သူကြီးပမာ အဟန့်ကောင်းလှသည်။

ကပ္ပတိန် ပေါ်ဗွန် သည် အရပ်ဝတ်အရပ်စားနှင့်ဆိုလျှင် စစ်အရာရှိအများနည်းတူ ဘိုသီဘတ်သီ နိုင်လှပေသည်။ စာရေးစာချီများကဲ့သို့ အနက်ရောင် အမွဲရောင် ဘောင်းဘီဝတ်စုံကို ဝတ်ဆင်ထားလျှင် သပ်သပ်ရပ်ရပ်ဟု မရှိတော့ချေ။ စစ်ဝတ်စုံနှင့်မူ မှင်နှင့် မောင်းနှင့် ကြည့်ကောင်းသည်။ ကပ္ပတိန်၏ မျက်လုံးသည် ပြာလဲ့လဲ့ရှိသည်။ မျက်လုံး မျက်ဖန်ကောင်းသည်။ နှာတံပေါ်သည်။ သို့သော် ဆံပင် ခဏခဏကျွတ်တတ်၍ ဦးခေါင်း ပြောင်





သည်။ သူသည် ယင်းသို့ထိပ်ပြောင်ဖြစ်ရသည်ကို အဘယ်ကြောင့်နည်းဟု မကြာခဏစဉ်းစားမိ၏။ သို့ရာတွင် ငါ့ဦးခေါင်းပြောင်သော်လည်း နှုတ်ခမ်းမွေး ရှိပါသေးတကားဟူသော အတွေးဖြင့် မိမိကိုယ်ကို မိမိနှစ်သိမ့်ရသည်။

ကပ္ပတိန်သည် သူမှလွဲလျှင် အခြားသောသူတို့မှာ ဖွဲ့နှင့်ဆန်ကွဲချည်းဟု အောက်မေ့တတ်၏။ သူတပါးကို အထင်မကြီးသည့်အရာ၌ အထင်မကြီးပုံ အမျိုးမျိုးရှိသည်။

ဉပမာ ကပ္ပတိန်သည် သူနှင့်တန်းတူ လူချင်းကို လူမထင်ချေ။ ကြက်ငှက်တိရစ္ဆာန်များကို အရေးပေးချင်ပေးမည်။ သူနှင့် တန်းတူများကိုမူ အရေးမစိုက်ချင်။ သို့ပေမင့် သူ့အထက်က အရာရှိတို့ကိုမူကား အသက်ရှိသည်ဟုထင်သည်။ ယင်းသို့ထင်ရာမှာလည်း လူကိုရွေး၍ ထင်ခြင်းဖြစ်၏။ အကယ်၍ အရာရှိတဦးသည် အင်္ဂါရုပ်ကောင်းသည်ဖြစ်အံ့၊ ခန့်ညားသည်ဖြစ်အံ့၊ စစ်သွေးစစ်ဟန်ပါသည်ဖြစ်အံ့၊ ထိုကဲ့သို့သော သူမျိုးကို အထင်ကြီး၏။ စစ်သားဟူသော သဘာဝကို သူတွေးဆမိသည်မှာ စစ်သားသည် ပျော်ပျော်နေသောခဲ ဟူသော လူစားမျိုး၊ စစ်တိုက်ချိန် စစ်တိုက်၍ အားလပ်လျှင် မိန်းမနောက်သို့ တကောက်ကောက် လိုက်တတ်သော လူစားမျိုး၊ ခွန်အားဗလပြည့်စုံ၍အမွေးအမှင်ထူထပ်သော လူစားမျိုး၊ ဤကဲ့သို့သော လူစားမျိုးမှသာ စစ်သားအင်္ဂါရုပ်နှင့် ညီသည်ဟု ယူဆသည်။ သူသည် ပြင်သစ် တပ်မတော်တွင်းရှိ သေနာပတိများကို ထိုကဲ့သို့ အတန်းအစား ခွဲခြား သတ်မှတ်ကြည့်ပြီးလျှင်ကာယဗလကောင်းသူ၊မျက်နှာပေးကောင်းသူ၊မှင်မောင်း

ကောင်းသူတို့ကိုသာလျှင် ခန့်ခန့် ညားညားနှင့် စစ်သူကြီးပြီသ
သည်ဟု အသိအမှတ်ပြုသည်။

စစ်တပ်ထဲ၌ အချို့အရာရှိတို့မှာ ပုပုဖိုင့်ဖိုင့်ဖြစ်၍ စစ်ရေးလေ့
ကျင့်ပြီဟုဆိုလျှင် ဖောင်းလိုက် ပိန်လိုက်နှင့် အသက်ရှူကာ မော
ကြ ဟိုက်ကြသည်။ ထိုအခါ ကပ္ပတိန်သည် သူတို့ကိုကြည့်၍ ရယ်
သည်။ ထို့ပြင် တပ်ထဲ၌ အရပ်ကျောင်းမှထွက်၍စစ်ထဲဝင်စ တပ်
သားသစ်များရှိသည်။ ထိုလူသစ်တို့ကား ပိန်ညှက်ညှက်နှင့်။ အ
ချို့မှာ မျက်မှန်တပ်ထားကြရသည်။ သူတို့အလုပ်လုပ်လျှင် မတတ်
တတတ်နှင့်မို့ အလွန်ဂွကျသည်။ သူတို့နှင့် စစ်ဝတ်စစ်စားမှာ အ
နည်းငယ်မျှ မလိုက်ချေ။ ထိုကဲ့သို့သော တပ်သားသစ်များကို မြင်
လျှင် ကပ္ပတိန်သည် အလွန်ရွံသည်။ ထိုတပ်သားမျိုးကို တပ်တွင်း
၌ လက်ခံထားရသည်မှာ လွန်လွန်း၏ဟု သူထင်လေ့ရှိသည်။ ဤ
အထဲတွင် ပေါင်တံရှည်ရှည်နှင့် တပ်သားများသည် စစ်ရေးပြ
လျှင် ဂဏန်းလက်မကြီးများ တွားသွားသကဲ့သို့ ကိုးရို့ကားယား
နိုင်သည်။ ထိုတပ်သားတို့သည် အရက်ဆိုလျှင် မသောက်တတ်။
စားလျှင်လည်း တလုပ်တဆုပ်သာ စားနိုင်ကြသည်။ မိန်းမလည်း
မပိုးတတ်။ ဂဏန်းသင်္ချာတွက်ဖို့သာ နားလည်ကြသည်။

ကျွန်ုပ်တို့၏ ကပ္ပတိန်ကား မိန်းမကိစ္စ၌ အလွန်စွံသော ဟူ၏။
မိန်းကလေးတယောက်ကို ညစာတည်ခင်းကျွေးမွေးခွင့်ရပြီဟု
ဆိုလျှင် ထိုညအဖို့ ထိုမိန်းကလေးနှင့် သေချာပြီဟု သူအထင်ရှိ၏။
အကယ်၍ ထိုမျှသေချာပါလျက်နှင့် အဖျက်အဆီးတခုခုပေါ်လာ
သည်ဆိုဦး၊ နောက်တနေ့၌ ထိုမိန်းကလေးနှင့် စွံရမည်မှာ မုချ
ဖြစ်၏။ ထို့ကြောင့် သူ၏ရဲဘော်များက သူနှင့် သူတို့၏ ရည်းစား





သနားများ တွေ့သွားမည်ကို အလွန်စိုးရိမ်ပူပန်ကြ၏။ ဆိုင်မှာထိုင်
၍ ဈေးရောင်းပေးသော မယားချောချောလှလှရှိသူ ဆိုင်ရှင် ကုန်
သည်များကလည်း သူ့ကိုရွံမုန်းကြသည်။ သို့ရာတွင် ကပ္ပတိန်
ပေါ်မွန် ဆိုင်ရှေ့ကဖြတ်သွားမိလျှင် ထိုဆိုင်ရှင့်မယားတို့သည် သူ့
ကိုအိမ်ရှေ့မှန်ပြူတင်းပေါက်မှနေ၍ ချောင်းကြည့်ကြ၏။ သူတို့
ချောင်းကြည့်ကြပုံမှာ ချစ်သူတဦးက အသနားခံပါသည် ဆိုသော
အဓိပ္ပာယ်ထက်ပင် ပို၍လေးနက်လှပေ၏။ တဦးနှင့်တဦးသစ္စာတိုင်
ကြသည်ထက်လည်း ပို၍ ခရီး ရောက်လှ ပေ၏။ ထို့ကြောင့်
လင်ယောကျ်ားတို့သည် ကပ္ပတိန်ကို မြင်လျှင် ပထမသော်
မမြင်ကျိုးကျွန်ပြုမိကြသော်လည်း နောက်အဖို့၌ကား ကပ္ပတိန်၏
အရိပ်အယောင်ကိုပင်လျှင် မခံမရပ်နိုင်ဖြစ်၍ ဒေါသထွက်ကြကုန်
၏။ မိမိကိုယ်ကိုမိမိ အကျေနပ်ကြီးကျေနပ်နေသော ကပ္ပတိန်ကား
ပြုံးပြုံး ပြုံးပြုံးနှင့်ပင် ဆိုင်ရှေ့မှဖြတ်၍ သွားမြဲသွားလေသည်။ ထို
အခါ ဆိုင်ရှင်တို့သည် မိမိတို့ရောင်းချနေသော ကုန်စည်တို့ကို အ
မှားမှား အယွင်းယွင်းကိုင်တွယ်၍ ဤသို့ ဆိုမြည်ကြကုန်၏။

"လူကတော့ တကယ့်ကြာသမားဘဲဗျို့။ စစ်ဝတ်စစ်စား တ
ရှမ်းရှမ်းနဲ့ အရပ်ထဲဘော်ကြော့နေကြတဲ့ ဒီလိုငနဲတွေကို ကျုပ်တို့
ဘယ်အထိ ကျွေးထားကြရမှာလဲ။ ကျုပ်တော့ စစ်သားမလုပ်ချင်
ဘူး။ အမဲသတ်သမားဘဲလုပ်ချင်တယ်။ အမဲသတ်သမားလက်မှာ
စွန်းတဲ့သွေးဟာတိရစ္ဆာန်သွေးခင်ဗျာ့။ ပြီးတော့အမဲသတ်သမားရဲ့
အလုပ်ဆိုတာ လူအများအတွက် အသုံးကျတယ်ဗျာ့။ သူကိုင်တဲ့
ဓားဟာ လူလျှင်လူချင်းသတ်ဖို့ ကိုင်တဲ့ဓားမဟုတ်ဖူးနော်။ လူသတ်
ကရိယာတကိုင်ကိုင်နဲ့ လူသတ်သမားတွေ မြို့ထဲမှာ ဟိုရှောက် ဒီ

ရှောက် ရှောက်နေတာကို လူအများက ဘာ့ကြောင့် သည်းခံနေနိုင်ကြသလဲမပြောတတ်ပါဘူးဗျာ။ သူတို့ဟာ တိုင်းပြည်အတွက် လိုအပ်ပါတယ်ဆိုယင်လဲ ယခုလို မြင်းစီးဖောင်းဖီအနီ ကုတ်အင်္ကျီ အပြာတွေကိုဝတ်ပြီး လူလယ်ကောင်မှာ လူလုံးပြနေတို့ မသင့်ပါဘူး။ လောကမှာ သိသာ သိစေ မမြင်စေနဲ့ဆိုတာ ရှိတယ် မှတ်လား ဘာမဆို မသိသင့် မမြင်သင့်တာကို ဖုံးဖုံးဖိဖိနဲ့ထားသင့်တယ်။ ပါးကွက် အာဏာသားတွေ အခုလို အဆင်းတန်ဆာတွေဆင်ပြီး ဝင့်ဝင့်ဝါဝါ လုပ်ကြတာမျိုးကို တွေ့ဘူးကြသလားဗျာ"

လင်ယောကျ်ားများ ဤသို့ မြည်တွန်တောက်တီးပြုလျှင် မိန်းသားတို့က မြည်တွန်သည်ကို အရေးမစိုက်သော အမူအရာကိုပြကြ၏။ ထိုအခါ ယောကျ်ားတို့ကလည်း မိမိတို့၏မယားများ အကြောင်းကို မိမိတို့သိရှိပါသည်ဟူသော အဓိပ္ပာယ်ဖြင့် "ဒီစစ်သားတွေ လမ်းသလားနေတာကို လိုက်ကြည့်တဲ့လူဟာ ရှုးလို့သာ ဖြစ်မှာပါဘဲ"ဟု စောင်းမြောင်းပြောဆိုကြ၏။

မည်သူက မည်သို့ဆိုဆို၊ မြင်းသစ် တပ်မတော်ထဲ၌ ကပ္ပတိန် ပေါ်ဗွန်တယောက် အလွန်မြာစွ သည်ဆိုသော သတင်းမှာ လွန်စွာကျော်စောလေသည်။

၁၈၆၈ ခုနှစ်တွင် ကပ္ပတိန်၏မြင်းတပ် ၁၀၂ တပ်ရင်းသည် ရူအင်မြို့တွင် တပ်စွဲလေသည်။

ညနေချမ်း ၄ါးနာရီတွင် ကပ္ပတိန်သည် ကော်ဖီဆိုင်တဆိုင်၌အမြဲကော်ဖီသောက်၏။ ဆိုင်မဝင်မီ လမ်းမကြီး တလျှောက် လျှောက်သွားစကြံပေါ်တွင် ပထမဦးစွာ ဟန်ရေးပြ၏။ ထို့ကြောင့်





သူ၏ခြေလှမ်း၊ သူ၏ကိုယ်ဟန်၊ သူ၏နှုတ်ခမ်းမွေးတို့ကို လူတိုင်းမြင်နေကျဖြစ်လာ၏။ ဤသို့လျှင် တမြို့လုံး သူ့ကို သိလာကြသည်။

ရူအင်မြို့ရှိကုန်သည်ပွဲစားတို့သည် မိမိတို့လုပ်ငန်းထဲ၌စိတ်စွဲမှတ်၍ လက်နှစ်ဖက်ကို နောက်၌ယှက်ကာ လမ်းမကြီး တလျှောက်စကြံပေါ်တွင် လမ်းလျှောက်ထွက်ကြသည်။ သူတို့ အချင်းချင်း တိုးတိုးတမျိုး၊ ကျယ်ကျယ်တဖုံပြောကြဆိုကြရင်းမှ ကပ္ပတိန် ပေါ်ဗွန် ရှိရာသို့ လှမ်းကြည့်ကြ၍ "ဒီကပ္ပတိန်ကတော့ လူချောဘဲဗျို့" ဟု ဆိုကြ၏။

ထိုသူတို့သည် ကပ္ပတိန်နှင့် ရင်းရင်းနှီးနှီး ဖြစ်လာကြသော် "ကပ္ပတိန် ပေါ်ဗွန် ဆိုတာ အတော်ဆိုးတဲ့လူဘဲ"ဟု ပြောကြန်ပြသည်။

ကပ္ပတိန် ပေါ်ဗွန်နှင့် တွေ့လျှင် မိန်းမတို့သည် အားနွဲ့ခြင်း၊ ရှက်သွေးဖြန်းခြင်း အမူအရာကိုပြကာ ဦးခေါင်းကို ဆတ်ကနဲငုံ့၍ မျက်နှာလွဲကြသည်။ မျက်နှာကို ချိုနိုင်သမျှ ချိုအောင်ထား၍ ဦးခေါင်းကို ငုံ့ဟန်ပြုကြသည်။ သို့သော် သူတို့၏ စေတနာကား သူတို့၏အလှကို ကပ္ပတိန် မြင်ပါစေဟူသော စေတနာဖြစ်၏။ ကပ္ပတိန်နှင့် အတူ လမ်းလျှောက်မိသူတို့သည် ဤအခြင်းအရာကို တွေ့ရတိုင်း "ကပ္ပတိန်မှာ မျက်နှာပွင့်သေးရှိတယ်"ဟု ပြောကြ၏။

(ရှေးခေတ် ပြင်သစ်မြို့များ၏ ထုံးစံအရ လိုက်စင်ရ ပြည့်တန်ဆာများကို ရပ်ကွက် သီးသန့်နေရာချထားပေးသည်။)လိုက်စင်ရသော မိန်းကလေးများ ရပ်ကွက်တွင် ကပ္ပတိန် ပေါ်ဗွန်နှင့် တွဲရန်

မိန်းမများ အပြိုင်အဆိုင်ရှိလာကြသည်။ ထိုမိန်းမတို့သည် ညနေ ငါးနာရီလောက်တွင် လမ်းမကြီးဘေး လူသွားစင်္ကြံလမ်းပေါ်၌ နှစ်ယောက်တတွဲ တွဲကာ လူလုံးပြကြ၏။ ထိုအခါ လက်ဖတင်နင် ကပ္ပတိန်၊ ကွန်မန်ဒါး စသည့် စစ်အရာရှိများလည်း နှစ်ယောက်တတွဲ တွဲကာ ဟန်ရေးပြကြပြန်သည်။ မိန်းကလေးများက သူတို့၏ ဂါဝန်ကို မ ကာ မ ကာနှင့်။ စစ်အရာရှိများကမူ သူတို့၏ ဓား လွယ်ကို ဒရွတ် ဆွဲကာ ဆွဲကာနှင့်။ ပြီးလျှင် အားလုံး ကာဖီဆိုင် ထဲသို့ ဝင်လေ့ရှိကြသည်။

ကုမ္ပဏီသူဌေးတဦး၌ **အီရမာ** မည်သော အမြှောင် တဦးရှိသည်။ တညနေတွင် **အီရမာ**သည် ကာဖီဆိုင်ရှေ့တွင် မြင်းလှည်းစီးကာ ဆိုက်ရောက်လာလေသည်။ စာရေးစက္ကူကိုရယူဝယ်ယူရန် လာသည်ဟု ဆိုသည်။ **အီရမာ**သည် ကပ္ပတိန် **ပေိဗွန်**တို့လူသိုက် ထိုင်နေသော နေရာကို ဖြတ်သွားရင်းနှင့် ကပ္ပတိန်ကို လှမ်း၍ ကြည့်သည်။ အဓိပ္ပာယ်မှာ ချိန်းလိုသောအချိန်၌ တွေ့နိုင်ပါသည် ဟူသော အဓိပ္ပာယ်ဖြစ်၏။ ထိုအချိန်တွင် **ကာနယ် ပရှန်း**သည် သူ၏ လက်ထောက် လက်ဖတင်နင် ကာနယ်တဦးနှင့်အတူ ကာဖီ သောက်နေသည်။ ဤအခြင်းအရာကို မြင်သောအခါ ကာနယ် ကြီးက "ဒီအကောင် ဖိုးစွံဘဲဟေ့။ သောက်ကျိုးနဲ့ ကံထူးတဲ့ အကောင်"ဟု မြည်တမ်းမိလေ၏။

ဤသို့ ကာနယ်ကြီးက ရေရွတ် ပြောဆိုသည်ဟူသော သတင်းသည် မြို့ထဲ၌ ပျံ့နှံ့သွားလေ၏။ ကပ္ပတိန် **ပေိဗွန်**လည်း ဤသည်ကို ကြားလျှင် သူ့ အထက်လူကြီးများက ကောင်းချီး ညဘာပေး





ခြင်းဖြစ်သည်ဟု ယူဆကာ **အီရမာ**၏ နေအိမ်အနီး ခပ်လှမ်းလှမ်း မှနေ၍ နေ့စဉ်နေ့တိုင်း လူလုံးပြလေ၏။

တနေ့သော် **အီရမာ**သည် **ပေိဗွန်**ကို မြင်လေ၏။ မြင်လျှင် မြင်ချင်း ပြုံးပြ၏။

ထိုညနေ၌ ကပ္ပတိန် **ပေိဗွန်**သည် **အီရမာ**၏ ချစ်သူ ဖြစ်သွား လေသည်။

ထိုသည်မှစ၍ သူတို့နှစ်ဦးသည် သွားအတူ လာအတူ ပူးတွဲ ပူးတွဲဖြစ်နေကြသည်ကို လူအများ သိရှိလာကြသည်။ သူတို့နှစ်ဦး စလုံးကလည်း ထိုကဲ့သို့ မခွဲနိုင် မခွာရက်နှင့် မေတ္တာနှောင်ကြိုး တဲနေကြသည် ဟူသော အမူအရာကို အများ သိ သာ အောင် ပြလိုကြသည်။ နှစ်ဦးစလုံး သမီးရည်းစားဖြစ်နေသည်ဆိုသော အဖြစ်မျိုးကို ကာယကံရှင်တို့ကိုယ်တိုင် အလွန်သဘောကျလျက် ရှိကြသည်။

မကြာမီ သူတို့နှစ်ဦး၏ အကြောင်းကို တမြို့လုံးက အတင်း ပြောလာကြသည်။ **အီရမာ**၏ တိတ်တိတ်ပုန်း လင်ယောကျ်ား တဦးတည်းသာ သူတို့အဖြစ်ကို မသိဘဲ ရှိသည်။

ကပ္ပတိန် **ပေိဗွန်** သည် အပေါင်းအဖော်များနှင့် စကားလက် ဆုံကျလျှင် ကျွန်တော့်ကို **အီရမာ**က ဘယ်လိုမှာတာလား၊ ဘယ် တုန်းက ဘယ်မှာချိန်းလိုက်တာလား စသဖြင့် အသားယူ၍ ပြော ရသည်မှာ မမောနိုင် ဖြစ်နေသည်။

သူတို့နှစ်ဦးသည် ရူအင်မြို့၌ တနှစ်ပတ်လုံး နေထိုင်ကြရသည့် အတွင်း အချစ်တံခွန်ကို အများမြင်အောင် လွှင့်ထူနေဘိသကဲ့ သို့ အမြဲပင် စုံတွဲ တွဲကြသည်။ လူတကာကလည်း သူတို့နှစ်ဦးကို

ဝိုင်း၍ ကြည့်ကြသည်။ ဤသို့ဝိုင်းကြည့်ခြင်းခံရသည်မှာ အရသာရှိလှပေသည်။ ကပ္ပတိန်၏စိတ်ထားမှာ သူ့ကို အများကမသိဘဲနေမည်ကိုသာ စိုးသည်။ အများက အသိအမှတ်ပြုခြင်း ဆိုသည်မှာ ဂုဏ်ထူးဘွဲ့ထူးရသည်နှင့်မခြားလေ။ သူ့အား အများက ဝိုင်း၍ မနာလိုခြင်း ငြူစူခြင်း ဖြစ်နေကြသည်မှာ သူ၏အောင်မြင်ခြင်းကို ဝိုင်း၍ကောင်းချီးပေးနေသကဲ့သို့ရှိသည်။

တနေ့သော် ပြင်သစ်နိုင်ငံသည် ပရပ်ရှားနှင့် စစ်ကြေညာလေ၏။ ထိုအခါ ကပ္ပတိန်၏ စစ်တပ်သည် စစ်မြေပြင်သို့ ရှေးဦးစွာထွက်ရဘို့အကြောင်း ဖန်လာလေသည်။ ခွဲခွာခါနီး၌ ချစ်သူနှစ်ဦးသည် ဝမ်းနည်းကြေကွဲကြရလေတော့သည်။ ခွဲခွာရမည့် ညတွင်တညလုံး နှစ်ဦးသား တွေ့ကြသည်။

ထိုည၌ **အီရမာ**၏ အိပ်ခန်းသည် ချစ်မြူးဟာ ခင်းရာ အချစ်စစ်တလင်းကြီးနှင့် တူလှပေတော့သည်။ ကုလားထိုင် တလုံး၏နောက် ကြမ်းပြင်ပေါ်ဝယ် ဓားလွယ်၊ မြင်းစီးဖောင်းဘီ၊ ဦးထုပ်၊ အင်္ကျီ စသော စစ်ဝတ်စစ်စားတို့သည် ကပြောင်းကပြန် ဖြစ်၍နေကြသည်။ ကိုယ်ရံအင်္ကျီ၊ ဂါဝန်၊ ပိုးခြေအိတ် စသော ဝတ်စားတန်ဆာများမှာလည်း စစ်ဝတ်စစ်စားများနှင့် ထွေးလုံး ရစ်ပတ်ဖြစ်၍ ကော်ဇောပေါ်တွင် ကြေမွလျက် ရှိနေကြသည်။ **အီရမာ**သည် ရင်ပပ်စည်တီးနှင့် ဆံပင်ကိုမျှပင် မထုံးနိုင်တော့ချေ။ ပထမ၌ ကပ္ပတိန်၏လည်ကို တင်းကျပ်စွာ ဖက်၏။ ထို့နောက် စိတ်ပျက်ပျက်နှင့် ဖက်ထားသည်ကို လွှတ်လိုက်ပြီးလျှင် ကြမ်းပြင်ပေါ်တွင် လူးလှိမ့်လေသည်။ ကုလားထိုင် လက်တန်းကိုငင်း၊ ခြေကိုငင်း ဆွဲကိုက်ဖျက်ဆီးသည်။ အိမ်ထောင်ပရိဘောဂတို့လည်း ဂျမ်း





ထိုးမှောက်ခုံရှိကြသည်။ ကပ္ပတိန်ကား ဤကဲ့သို့သော အခြေမျိုး၌ ချစ်သူကို မည်သို့ ဖြောင်းဖြ ပြောဆိုရမည်ကို မသိသည့် နှင့် **အီရမာ**ရယ်၊ အချစ်ရယ်၊ ဒီလောကလဲ မငိုပါနဲ့ကွယ်။ စစ်တိုက်ရမယ်ဆိုတော့ မလွဲသာလို့ပါကွယ်”ဟူ၍သာ ဆိုဖော်ရလေသည်။

ကပ္ပတိန်သည် စီး့လာသော မျက်ရည်စကို လက်တဖက်နှင့် မကြာခဏသုတ်သည်။ သို့နှင့်ပင် မိုးလင်းလတ်သော် နှစ်ဦးသား ခွဲကြရလေသည်။ **အီရမာ** သည် ချစ်သူအား ပထမစခန်းသို့ အရောက် မြင်းရထားဖြင့် လိုက်ပို့သည်။ တပ်ထွက်သောအခါ **အီရမာ**သည် စစ်တပ်တတပ်လုံး၏ မျက်မှောက်တွင် ကပ္ပတိန် **ပေီဗွန်**အား ဖက်ရမ်းနမ်းရှုတ်နှုတ်ဆက်၏။ ဤသည်ကို တွေ့ရသော စစ်သားတို့သည် လွမ်းဆွတ်ကြေကွဲခြင်းဖြစ်ကြရသည်။ ထို့ကြောင့် ကပ္ပတိန်အား “ကပ္ပတိန်ရဲ့ ချစ်သူဟာ မေတ္တာစစ် မေတ္တာမှန်ရှိသူဘဲ။ တော်ပါပေတယ်။ အဖိုးတန် မိန်းကလေးပါဘဲ”ဟု တအံ့တသြပြောဆိုကြကုန်၏။ **အီရမာ**၏ အမူအရာကို အကဲခတ်၍ မျိုးချစ်စိတ်ရှိသူဟုလည်းချီးမွမ်းထောမနာပြုကြ၏။

ကပ္ပတိန် **ပေီဗွန်**၏ စစ်တပ်သည် စစ်အတွင်း၌ ထူးချွန် ပြောင်မြောက်စွာ တိုက်ခဲ့သည်။ ကပ္ပတိန်ကိုယ်တိုင် သူရသတ္တိရှိနှင့် အမှတော်ကို ထမ်းရွက်လေသောကြောင့် ဂုဏ်ထူးဆောင် ကြက်ခြေ ခတ်တံဆိပ်ကို ချီးမြှင့်ခြင်းခံရသည်။ သို့နှင့်ပင် စစ်ပြီးသော အခါ ကပ္ပတိန်သည် ရှုအင်မြို့သို့ပြန်၍ မြို့စောင့်တပ်ကိုအုပ်ချုပ်ရင်း စခန်းချရ၏။

စစ်ထဲမှပြန်လာလျှင်လာချင်း ကပ္ပတိန်သည် **အီရမာ**၏သတင်းကို ထောက်လှမ်းစုံစမ်းသည်။ သို့သော် မည်သူမျှ သတင်း အတိ

အကျကို မပြောနိုင်ကြချေ။ အချို့က **အီရမာ** သည် ပရပ်ရှား စစ်တပ်မှ မေဂျာတဦးနှင့် အိမ်ထောင်ကျသွားပြီဟု ဆိုကြသည်။ အချို့ကမူ အီဗီတိုး ကျေးရွာ၌ နေထိုင်ကြသော သူ၏မိဘရပ်ထံသို့ ပြန်သွားပြီဟုလည်း ဆိုကြသည်။

ကပ္ပတိန်သည် မြို့တော်ဝန်ရုံးသို့ ကိုယ်ရံတော်တဦးကို စေလွှတ်၍ သူ့ချစ်သူအမည်ကို သေစာရင်းမှတ်ပုံတင်စာအုပ်တွင် ရှာကြည့်ခိုင်းသေးသည်။ သို့သော် ရှာ၍မတွေ့လေ။

ကပ္ပတိန်သည် ဤသို့ရှာမတွေ့ခြင်းကြောင့် များစွာစိတ်ဆိုးမိပြီးလျှင် ရှုအင်မြို့ကို သိမ်းပိုက်ခဲ့သော ရန်သူ ပရပ်ရှား စစ်သားများကြောင့် သူ့ချစ်သူနှင့် မတွေ့ရတော့ဘဲ ယခုကဲ့သို့သော ပဋိဒေဝ တောက်လောင်ရသည်ဟု ဆိုမြည်ကာ "ခွေး သား တွေ နောက်တခါ စစ်ဖြစ်ရယင် ငါနဲ့တွေ့ကြ ရောပေါ့ကွာ" ဟု ကြိမ်းမောင်းလေ၏။

တခုသောနံနက်တွင် ကပ္ပတိန်သည် နံနက်စာ စားအံ့ဟု အရာရှိရိပ်သာထဲသို့ဝင်၏။ ထိုအခါ မင်းစေတဦးသည် သူ့အား စာတစောင်လာပေးသည်။ ထိုစာကို ဖွင့်၍ ဖတ်လိုက်သောအခါ ဤသို့ တွေ့ရလေသတည်း။

ကျွန်မ ချစ်တဲ့မောင်

ကျွန်မ မမာလို့ ဆေးရုံတက်နေတယ်။ အများကြီး မမာဘူး။ ကျွန်မကို လာတွေ့ပါလား။ မောင်လာမယ်ဆိုယင် ကျွန်မအားကြီးစိတ်ချမ်းသာမှာဘဲ။

အီရမာ





ကပ္ပတိန်သည် ဤစာကိုဖတ်ရသောအခါ မျက်နှာညိုးသွားလေသည်။

"ကြွားရတဲ့သတင်းက တယ်ဆိုးပါကလား။ သနားလိုက်ပါဘိတော့တယ်။ ငါ နံနက်စာစားပြီးတာနဲ့တခါထဲ ဆေးရုံသွားကြည့်မှတော်မယ်" ဟု ကပ္ပတိန်က တကိုယ်တည်းပြောလေ၏။

နံနက်စာစားရင်း ကပ္ပတိန်သည် သူ၏အပေါင်းအဖော်တို့အား ယခုအခါ **အီရမာ** သည် ဆေးရုံတက်နေကြောင်း၊ ယခုပင် သူ့ကို သွားကြည့်မည်ဖြစ်ကြောင်း၊ **အီရမာ** ယခုလို ဖြစ်ရသည်မှာ ပရပ်ရှား စစ်တပ်များကြောင့် ဖြစ်ကြောင်း၊ ယခုအခါ **အီရမာ**၌ ဈေးသုံးစရာ ပိုက်ဆံပင်ရှိမည် မထင်ကြောင်း၊ ကံဆိုး မိုးမှောင်ကျနေ လိမ့်မည် ထင်ကြောင်း၊ ပရပ်ရှား စစ်သားများသည် **အီရမာ**၏ အိမ်ထောင်ပရိဘောဂကိုပင်လျှင် ခိုးဝှက် ရောင်းစားကြလိမ့်မည် ထင်ကြောင်း စသဖြင့် ပါးစပ်က ရေရွတ်ပြီးလျှင် "ခွေးမသားတွေ" ဟု ဆဲဆိုလေ၏။

သူ ဤသို့ပြောသည်ကို အများက ရင်တဖိုဖိုနှင့် နားထောင်ကြ၏။ နံနက်စာစားပြီး၍ လက်ကိုမျှပင်စင်အောင်မသုတ်ရမီ ကပ္ပတိန်သည် သူ၏ခါးလွယ်ကို ခါးတွင်ချိတ်ပြီးလျှင် ရင်ကိုကော့ကာ ဆေးရုံရှိရာသို့ အလျင်အမြန်သွားလေ၏။

သို့သော် ဆေးရုံအဝင်ဝသို့ ရောက်သောအခါ သူထင်သလို လွယ်လင့်တကူ ဝင်ခွင့်ရရန်မဆိုထားဘိ၊ ဆိုင်ရာ အာဏာပိုင်တို့က ဝင်ခွင့်မပြုဆို၍ နှင်မလွှတ်ရုံတမယ် တားမြစ်ခြင်းကို ခံရသည်။ ထို့ကြောင့် ကပ္ပတိန်သည် အထက်အရာရှိဖြစ်သော ကာနယ်ကို တွေ့

အောင် ရှာပြီးလျှင် အကျိုးအကြောင်း ပြောပြရသည်။ ကာနယ်ကမှ တဆင့် ဆေးရုံအုပ်ချုပ်သူကို ခွင့်တောင်းသည်။

ဆေးရုံအုပ်သည် ပထမသော် သဘောမကျသော အမူအရာဖြင့် အေးစက်စက်လုပ်သည်။ ပြီးမှ ကပ္ပတိန် ကိုလူချောအား အတန်ကြာ အစောင့်ခိုင်းထားပြီးလျှင် ဝင်ခွင့်လက်မှတ်ကို ထုတ်ပေးသည်။

ဆေးရုံအခန်းထဲသို့ ဝင်လိုက်သောအခါ ကပ္ပတိန်သည် ဗျာဓိ၊ မရဏ၊ သောက၊ ပရိဒေဝ တရားတို့ဖြင့် ခြံရံလျက်ရှိသော သဘာဝကို ကိုယ်တွေ့ခံစားရသည်။ သူသည် လမ်းပြသောလူငယ်တဦး၏နောက်မှ ခြေသံမကြားရအောင် ခြေဖျားထောက်၍ ရောက်ရသည်။ ထိုအခါ စကြံပတ်ဝန်းကျင်၌ ဆေးရုံစော်နံသည်ကို သတိပြုမိသည်။ လူနာတို့ညည်းညူသံမှတပါး ဆေးရုံ၌ အခြား ဘာသံကိုမျှ မကြားရချေ။

တချက်တချက်၌ ပွင့်နေသောတံခါးမှ အခန်းအချို့ကို မျှော်ကြည့်လိုက်သောအခါ လူနာကုတင်များ အစီအရီ တွေ့ရသည်။ ခြုံစောင်များအောက်တွင် လူနာများ၏ သဏ္ဌာန်ကို တွေ့မြင်ရသည်။

အချို့ နာလန်ထစ လူမမာတို့သည် မွဲခြောက်သော ယူနီဖောင်းအဝတ်ကိုဝတ်၍ ဦးထုပ်အဖြူကိုဆောင်းကာ ကုတင်ခြေရင်းရှိ ကုလားထိုင်တို့တွင်ထိုင်လျက် အဝတ်စများကို သီချုပ်နေကြသည်။

သူ့ကိုခေါ်ဆောင်လာသောသူငယ်သည် လူနာတို့ဖြင့် ပြည့်နေသော အခန်းဝတခုသို့ ရောက်သောအခါ အခန်းကိုပြလေ၏။





သူပြသောအခန်းဝတွင် 'ဆစ်ဖလစ်'ဟု စာလုံးကြီးများဖြင့် ရေးထားသော ဆိုင်းဘုတ်ကို တွေ့ရလေသည်။ ကပ္ပတိန်လည်း အတော် လန့်သွားသည်။ ရှက်ကိုးရှက်ကန်းလည်း ဖြစ်မိသည်။ သူနာပြု တဦးသည် အခန်းထောင့်တွင် ဆေးဖျော်နေသည်။

ထိုသူနာပြုမက "ကျွန်မ လိုက်ပြပါ့မယ်။ သူ့ ခုတင် နံပတ်က ၂၉ ရှင့်"ဟု ဆို၍ ကပ္ပတိန်ကို ခေါ်ဆောင်သွားသည်။ ထို့နောက် အိမ်ရာတခုကိုညွှန်ပြ၍ "ဒီမှာရှင့်"ဟု ဆိုသည်။

ခုတင်ပေါ်၌ စောင်များသာ ဖုံးလွှမ်းလျက်ရှိသဖြင့် ဘာကိုမျှ မမြင်ရလေ။ တံပက်အုပ်ထားခြင်းကြောင့် ခေါင်းမျှပင် မပေါ်။ မည်သည့် ခုတင်ကိုကြည့်ကြည့် မျက်နှာညိုးငယ်နေသော လူနာများကိုမြင်ရသည်။ ထိုလူနာများသည် စစ်ဝတ်စစ်စားနှင့် ပုဂ္ဂိုလ်တယောက်ကို မြင်ရ၍ အံ့သြလျက်ရှိဟန် တူသည်။ လူနာထဲတွင် မိန်းမပျိုများ ကိုလည်း တွေ့ရ၏။ မိန်းမအိုများကိုလည်း တွေ့ရ၏။ အားလုံးမှာ ဆေးရုံအဝတ်အစားနှင့်ချည်း ဖြစ်လေရာ ရုပ်ရည်ရူပကာအားဖြင့် သူလို ကိုယ်လိုချည်း ဖြစ်၏။

ကပ္ပတိန်သည် လက်တဖက်ဖြင့် ဦးထုပ်ကို မ၍ ကျန် လက်တဖက်ဖြင့် ခေါင်းလွှတ်ကို ကြမ်းပေါ်ထောက်၍ ကြည့်တိ ကြောင်တောင် ဖြစ်ပြီးလျှင် "**အီရမာ**"ဟု တိုးတိုးခေါ်လိုက်၏။

ထိုအခါမှ ခုတင်ပေါ်ရှိ စောင်များ လှုပ်ရှားလာပြီးလျှင် **အီရမာ**၏ မျက်နှာသည် ဘွားကနဲပေါ်လာလေသည်။ **အီရမာ**၏ ရုပ်ကား ပြောင်းခဲ့ပြီ။ ယခု သူသည် အလွန်တရာမှ ပိန်ချုံးနွမ်းလျလျက်ရှိသည်။ တခြားမှာ သူ့ကိုမြင်ရလျှင် မှတ်ပင်မှတ်မိလိမ့်မည် မဟုတ်ချေ။

**အီရမာ**သည် စိတ်၌ လွန်စွာထိခိုက်သဖြင့် ရုတ်တရက် အသံမပြုနိုင်ဘဲ ရှိပြီးလျှင် "အချစ်လား။ အမယ်လေး ကျွန်မ ဝမ်းသာလိုက်ထာ မောင်ရယ်"ဟု ဆို၍ မျက်ရည်ဖြိုင်ဖြိုင်ကျလေ၏။

သူနာပြုက ကပ္ပတိန်အတွက် ကုလားထိုင်တလုံးကို ဆွဲယူလာပြီးလျှင် "ဒီမှာ ထိုင်ပါရှင်"ဟု ပြော၏။

ကပ္ပတိန်သည် ကုလားထိုင်ပေါ်ထိုင်၍ လူနာကိုကြည့်ပြန်၏။ ရှေးတုန်းက **အီရမာ**ဆိုသော မိန်းကလေးသည် လန်းလန်း ဆန်းဆန်းနှင့် လှပစွာ၏။ ယခုမူ ဤသို့မဟုတ်ပြီ။

"မင့်နှယ်ကွယ်၊ ဘယ်လိုများ ဖြစ်တာတုန်း"ဟု ကပ္ပတိန်က မေး၏။

**အီရမာ**ကား ငို၍ "ကျွန်မ ဘာဖြစ်တယ်ဆိုတာ ရှင်သိပြီးကရောပေါ့။အခန်းဝမှာ စာတပ်ထားတာဘဲ"ဟု ပြန်ပြောပြီးလျှင် အိပ်ရာခင်းအစကိုဆွဲကာ မျက်နှာကို ဖုံးလိုက်လေသည်။

ကပ္ပတိန်မှာ စိတ်အတော်ပျက်သွားသည်။ ရှက်လည်း ရှက်သည်။ ထို့ကြောင့် "ဒီလိုရောဂါမျိုး ဘယ်လိုရတာလဲကွယ်"ဟု မေးမိသည်။

"ပရပ်ရှား စစ်သား အရိုင်းတွေဆီက ရတာပေါ့။ သူတို့က အတင်းအဓမ္မဆိုတော့ သူတို့ကြောင့် ကျွန်မမှာ လူဆိပ် သင့်နေပြီ"ဟု **အီရမာ** က ပြန်ဖြေ၏။

ထိုမျှထက်ပို၍ ဘာမျှမသိရတော့ချေ။ ကပ္ပတိန်လည်း လူနာကို ကြည့်ရင်း သူ၏ကက်ဦးထုပ်ကို ဒူးပေါ်တင်၍ မွှေ့နေသည်။





အခြားသောလူနာတို့က သူ့ကို စိုက်၍ ကြည့်နေကြသည်။ သူကလည်း ဆေးရုံ၌ ပုပ်စော်နံလှသည်ဟု ထင်မြင်လာ၏။ ကူးစက်သော ရောဂါကြောင့် အသေးအသားတို့ အပုပ်နံ့ လှိုင်နေသည်ဟု ထင်၏။ ဤခန်းမထဲ၌ ထိုမျှ မသတီစရာ ရုက်ဖွယ်လိလိရောဂါကိုရရှိနေသော မိန်းကလေးတို့မှာ အများကြီးပါကလားဟု တွေးမိ၏။

လူနာကမူကား "ကျွန်မတော့ ဒီတောင်ကကျော်ရတော့မှာမဟုတ်ပါဘူး။ ဆရာဝန်ကလဲ ရောဂါကျွမ်းနေပြီလို့ ပြောတယ်"ဟုသာ ညည်းတွားနိုင်တော့သည်။

ထိုနောက် **အီရမာ**သည် ကပ္ပတိန်၏ရင်ပပ်၌ ဆွဲထားသော တံဆိပ်ကို မြင်လေသော် "အမလေးမောင်ရယ်၊ မောင့်ကို ယခုလိုတိုင်းပြည်က ဂုဏ်ပြုကြတယ်ဆိုတော့ ကျွန်မကျေနပ်ပါပြီ။ ကျွန်မလေ ဝမ်းသာလွန်းလို့ ခုအခါ မောင့်ကို ပွေ့လို့ ပိုက်လို့ရယင် ပွေ့လိုက်ချင်ပါရဲ့"ဟု ဆိုလေ၏။

ကပ္ပတိန်သည် ဤစကားကို ကြားလျှင် ကြက်သီးထ သွားသည်။ **အီရမာ**က ထပြီးပွေ့လိုက်လျှင် အဘယ်မျှ ကြောက်စရာ ရွံစရာ ကောင်းမည်နည်းဟု တွေးမိသည်။ ထို့ကြောင့် ထွက်ပြေးချင်စိတ်ပင် ပေါက်လာလေသည်။ သူနှင့်ဝေးဝေး၌ သန့်ရှင်းသောလေကို ရှူရလျှင် ကောင်းလေစွဟု တောင့်တမိလေသည်။ သို့သော် ရုတ်တရက်နှုတ်ဆက်ပြီးပြန်ရမှာ မတော်သောကြောင့် နောက်ဆုံးတွင် နှုတ်လေးလေးဖြင့် "မင်းက မင့်ကိုယ်မင်း ဂရုမစိုက်ဘဲကိုးကွယ့်"ဟု ဆိုလေ၏။

ထိုအခါ **အီရမာ**၏ မျက်နှာသည် ဒေါသရောင်သန်း၍လာပြီးလျှင် "ဟုတ်ထာပေါ့။ ကျွန်မကိုယ်ကျွန်မဘယ်ဂရုစိုက်နိုင်မှာလဲ။ ကျွန်မကသူတို့ကိုလက်စားချေဘို့သာ ကျွန်မဂရုစိုက်နေရတာကိုး။ ရန်ကိုရန်ချင်းမတုံ့လျှင်းနှင့်လို့ဆိုပေမယ့် သူတို့ကို ကျွန်မ အားကြီးပြန်သတ်ချင်တယ်။ ဒီတော့ ကျွန်မကလဲ တတ်နိုင်သမျှ အားလုံးကို ရောဂါအဆိပ်နဲ့ပြန်သတ်ခဲ့တာဘဲ။ သင်းတို့တတွေ ရှုအင်မြို့ကို သိမ်းပိုက်ထားသမျှကာလပတ်လုံး ကျွန်မ ကျန်းမာရေး အတွက် တချက်မှုပြန်မကြည့်မိဘူး။ သင်းတို့ အားလုံး၊ အားလုံး၊ သေယင်ပြီးရော"ဟူ၍ ပြောလေ၏။

ကပ္ပတိန်သည် မိမိအသံကိုနှိမ့်၍ "ဒီလိုဆိုတော့လဲ တယ်ဟုတ်ပါကလား"ဟု ပြန်ပြောရာ သူ့လေသံထဲတွင် အားရဝမ်းသာဖြစ်သော လက္ခဏာပါသွားသည်။ ထိုအခါ **အီရမာ**လည်း မျက်နှာ အတန်ငယ်နီလာပြီးလျှင် "ကျွန်မ လက်စားချေခဲ့ရပြီ။ကျွန်မ လက်ချက်နဲ့ အသက်ထွက်ခဲ့ကြတာ မနဲပါဘူး"ဟု ဒေါနှင့်မောနှင့် ပြောလေ၏။

ကပ္ပတိန်က "ကောင်းပါ့ကွယ်"ဟု ပြောရင်း ထိုင်ရာမှထပြီးလျှင် "စကားပြောရတာတော့ ကောင်းပါရဲ့။ ဒါပေမယ့် ပြန်ဦးမှထင်တယ်။ မောင့်မှာ ကာနယ်ကြီးနဲ့ အလုပ်တခု ချိန်းထားတာ ရှိနေတယ်"ဟု ဆိုသည်။

"အောင်မယ်လေး၊ ရောက်မယ်မှ မကြံသေးဘူး။ မောင်က ပြန်ချင်လှပြီပေါ့လေ"ဟု ဆိုရင်း ဝမ်းနည်းပမ်းနည်း ဖြစ်လာလေ၏။





သို့သော် ကပ္ပတိန်ကား ဘယ်နည်းနှင့်မဆို ပြန်မည်ဟု စိတ်ကိုပိုင်း၍ "အချစ်ရယ်၊ မင့်အကြောင်း ကြားယင်ကြားချင်း ငါ လိုက်လာတာကိုကြည့်ပါအုံးကွယ်။ အခု ကိစ္စက ကာနယ်ကြီးနဲ့ ချိန်းထားမိလို့ မတွေ့ယင် မဖြစ်လို့ပါ"ဟု ဆိုလေသည်။

"ကာနယ်ကြီးဆိုတာ ကာနယ် ပရှန်းကို ပြောတာလား"

"အေးလေ၊ သူ့အပြင် ဘယ်သူရှိအုံးမှာလဲ။ ကာနယ်ဟာ တိုက်ပွဲမှာ ဒဏ်ရာနှစ်ခါတောင် ရခဲ့တယ်ကွယ့်"

"နို့၊ မောင်နဲ့ အတူ တိုက်ကြရတဲ့ မောင့် ရဲဘော်တွေကော ဘယ်လိုနေကြသလဲ"

ထိုအခါ ကပ္ပတိန်က စစ်ပွဲတွင်ကျဆုံးသော အမည် များကို တခုစီ ရေတွက်၍ပြ၏။ ခြေ လက် ပြတ်ပစ်ရသူ၊ မျက်စိ ထုတ်ပစ်ရသူ စသည်တို့ မည်သူမည်ဝါဖြစ်ကြောင်း တယောက်စီပြောပြ၏။

**အီရမာ**သည် စိတ်ဝင်စားဟန်ဖြင့်နားထောင်ပြီးလျှင် "အချစ်ရယ်၊ သူနာပြုလဲ အနားမှာ မရှိတော့ပါဘူး။ အချစ် မပြန်ခင် တချက်လောက်နမ်းသွားစမ်းပါ"ဟု စကားကို မထွက်တချက် ထွက်တချက် ပြောလေ၏။

ကပ္ပတိန်ကား စိတ်ထဲ၌ရှိသော်လည်း သွေးဆုပ်နေသည်နှင့် တူသော နှုတ်ခမ်းကို နမ်း၏။ **အီရမာ**ကား ကပ္ပတိန်၏ ယူနီဖောင်း အင်္ကျီအပြာကို ဖက်၍ ဖက်ရမ်းနမ်းရှုတ်လေ၏။

ထိုနောက် "မောင် လာအုံးမယ် မဟုတ်လား။ဆက်ဆက်လာ ဖြစ်အောင် လာပါနော်၊ နော်၊ လာမယ်မဟုတ်လား"ဟု တတွတ်တွတ်မေးသည်။

"အေးပါ၊ လာမှာပေါ့"

"ခုပြန်လာမှာလား။ ဒါမှမဟုတ်ယင် ကြာသပတေးနေ့မှာ လာခဲ့မလား"

"အေး၊ ကြာသပတေးနေ့မှာ လာခဲ့မယ်"

"ကြာသပတေးနေ့ နှစ်နာရီမှာ လာခဲ့နော်"

"နှစ်နာရီမှာ လာပါမယ်"

"တကယ်နော်"

"တကယ်ပါ"

"ဒါဖြင့် သွားတော့အချစ်ရယ်"

"အေး၊ သွားပြီကွယ်"

လူနာခန်းရှိ လူနာတို့က ပြူးတူးပြဲတဲ ဝိုင်းကြည့်ကြသောကြောင့် ရှက်ကိုးရှက်ကန်းဖြစ်ကာ ကပ္ပတိန်သည် မိမိ အရပ်မြင့်သည်ကို လူမမှတ်မိရလေအောင် ကုတ်ချောင်းချောင်းလုပ်၍ ပြန်လေ၏။ လမ်းမပေါ်ရောက်မှပင်လျှင် အသက်ကို ဖြောင့်ဖြောင့်ရှူနိုင်လေသောဟူ၏။

ထိုနေ့ညနေတွင် သူ၏ရဲဘော်များက သူ့အား အီရမာ အကြောင်း ဝိုင်း၍မေးကြသည်။

ကပ္ပတိန်သည် အီရမာ အဆုတ်ရောဂါရသဖြင့် လွန်စွာ နေမကောင်း ဖြစ်နေကြောင်း မပွင့်တပွင့်ပြောပြသည်။

သို့သော် လက်ဖတင်နင် အရာရှိကလေးတဦးကမူ ကပ္ပတိန်၏ အမူအရာကို မသင်္ကာသောကြောင့် ဌာနချုပ်သို့ သွား၍စုံစမ်း၏။ နောက်တနေ့ အရာရှိရိပ်သာသို့ ကပ္ပတိန် ဝင်လာသောအခါ ခွတ်သိအရာရှိများက ဝိုင်းရယ်ကြ၏။ ထိုအရာရှိများကား ယခုမှပင် ကပ္ပတိန်ကို ဝိုင်း၍နှိမ်ရန် အလှည့်ကြုံလေတော့သည်။





အရာရှိတို့သည် အီရမာ အကြောင်းကို အတော် စုံစုံလင်လင် သိထားကြပြီဖြစ်၏။ အီရမာသည် ပရပ်ရှားစစ်တပ် ဦးစီးဌာနချုပ်မှ မေဂျာတဦးနှင့်လက်ထပ်သည် ဆို၏။ ဤသို့ လက်ထပ်သည်မှာ မေဂျာကို သောက်မြင်ကပ်၍ လက်ထပ်သည်ဟုလည်း ဆိုကြသည်။ ထိုသို့လက်ထပ်ပြီးနောက် အီရမာသည် ပရပ်ရှား မြင်းတပ် ကာနယ်ကြီးနှင့်အတူ အပျင်းပြေ မြင်းစီးထွက်ကြသည်ဟုလည်း ဆိုကြသည်။ ဤကဲ့သို့ အလားတူ အခြား ကာနယ်များနှင့်လည်း မြင်းစီးထွက်သည်ဆို၍ မကြာခဏ 'တွဲခုတ်'လေ့ ရှိသည်ဟုလည်း ဆိုကြသည်။ ထို့ကြောင့် ရှအင်မြို့သူမြို့သားတို့က အီရမာကို ပရပ်ရှား တပ်ကြီးတတပ်လုံးနှင့် ပေးစားကာ စကားတင်း ဆိုကြသည်လည်း ဟူ၏။

ကပ္ပတိန်ကို တတပ်လုံးက ဝိုင်း၍ လှောင်ကြ ပြောင်ကြ သည်မှာ ရှစ်ရက်တိုင်တိုင်ကြာလေသည်။ သူ၏ထံသို့ စာတိုက်မှငင်း၊ လူလွှတ်၍ငင်း စာများပေးပို့ကြ၏။ ထိုစာထဲတွင် ရှေးဟောင်းနှောင်းဖြစ် အကြောင်းများကို ရေးထားကြသည်။ နောင်ကို မည်သို့ဖြစ်ရမည်ဟူ၍လည်း ဗေဒင်ဟောထားကြသည်။ အချို့စာများမှာ အထူးရောဂါကု ဆရာဝန်တို့အား ညွှန်သောစာများ ဖြစ်သည်။ အချို့ကား ဆေးစာအညွှန်းပါသော ဆေးထုပ်များကို ပေးပို့လိုက်ပါသည် ဟူသော စာများဖြစ်သည်။

ထိုအခါ တပ်တွင်း၌ဖြစ်ပေါ်နေသော အခြေအနေကို ရိပ်စား မိပြီဖြစ်သော ကာနယ် ပရွှန်း သည် "ကပ္ပတိန်မှာ မိန်းမချောချော မိတ်ဆွေရှိနေသကိုး။ စွံပါစေလို့ ဆုတောင်းလိုက်ပါသဗျား" ဟု ရှုတင်းတင်းနှင့် ပြောလေ၏။

တဆယ့်နှစ်ရက်ခန့်လွန်သောအခါ ကပ္ပတိန်သည် **အီရမာ** ထံမှ စာတစောင်ကိုရပြန်သည်။ ထိုအခါ ဒေါသဖြင့် စာကိုဆွဲဆုတ်ပစ်သည်။ စာလည်း မပြန်ချေ။

နောက်တပတ်လောက်ကြာသော် **အီရမာ**က ကပ္ပတိန်ထံ စာပို့ပြန်သည်။ ထိုစာတွင် သူသည် လူ့ပြည်၌ နေရတော့မည် မဟုတ်သဖြင့် နောက်ဆုံးနှုတ်ဆက်ရန် ခေတ္တတွေ့လိုကြောင်း ရေးထားသည်။

သို့သော် ကပ္ပတိန်က စာမပြန်လေ။

နောက် ရက်အတန်ငယ်ကြာပြန်သော် ဆေးရုံတွင် အသေ အပျောက် ရှိသောအခါ ခရစ်ယာန်ထုံးစံ သင်္ဂြိုဟ်ပေးရသော ခရစ်ယာန် သင်းအုပ်ဆရာကြီးထံမှ ကပ္ပတိန် စာတစောင်ရသည်။ ထိုစာထဲတွင် '**အီရမာ**မှာ မျှော်လင့်စရာ မရှိတော့သဖြင့် ကပ္ပတိန်ကိုယ်တိုင် ကြွခဲ့ပါမည့်အကြောင်း'ဟု ပါရှိလေသည်။

ဤတကြိမ်၌ ကပ္ပတိန်သည် သင်းအုပ်ဆရာကြီး၏ဆန္ဒကို ငြင်းပယ်ရန် မသင့်ဟု ယူဆ၍ ဆေးရုံသို့သွားလေ၏။ သို့သော် စိတ်ထဲ၌မူကား အလွန်ဒေါသဖြစ်နေသည်။ ယခုဖြစ်ပုံမှာ သူ့ကို နှိမ်သလိုလို စော်ကားသလိုလို ဖြစ်နေသည်။

ကပ္ပတိန်သည် **အီရမာ**ကို ပြန်တွေ့သောအခါ ရှေးကကဲ့သို့ပင် အခြေအနေ မပြောင်းသည်ကို တွေ့ရ၏။ ထို့ကြောင့် **အီရမာ**က သူ့ကိုညာခေါ်သည်ဟု ထင်၏။

"မင်း ငါ့ကိုဘာလုပ်ဖို့ခေါ်ရတာလဲ"ဟု ကပ္ပတိန်က မေးလေသည်။





"ကျွန်မ မနေရတော့ဘူး ထင်တယ် မောင်ရယ်။ ဒါကြောင့် နောက်ဆုံးတွေ့ချင်လို့ ခေါ်တာဘဲ"

ဤစကားကို ကပ္ပတိန်မယုံချေ။

"ဒီမှာကြည့်၊ ကိုယ် ပြောပြမယ်။ မင့်ကြောင့်လေ၊ ငါ့ကို တတပ်လုံးက ဝိုင်းပြီး လှောင်နေကြပြီ။ ဒီတော့ နောက်ထပ် လူရယ်စရာ မဖြစ်စေချင်ဘူး"

ထိုအခါ **အီရမာ**က "အလို၊ ကျွန်မက ရှင့်ကို ဘယ်လိုများ လုပ်ခဲ့လို့တုံး"ဟု မေးလေ၏။

ကပ္ပတိန်သည် ထိုမေးခွန်းကို မဖြေတတ်သောကြောင့် နဝေတိမ်တောင် ဖြစ်မိ၏။ သို့သော် မိမိပြောလက်စရှိသည်ကိုပင် နင်း၍ ပြော၏။

"မင့်ကြောင့် ငါ့ကို လူတကာ လှောင်ပြောင်နေတဲ့ အထဲက ဒီကိုလာရတာ သာမညောင်ညမဟုတ်ဖူးကွယ့်"

**အီရမာ**သည် ကပ္ပတိန်ကို နွမ်းလျသော မျက်စိမျက်နှာဖြင့် ကြည့်၍ ဒေါသအခိုးအငွေ့တို့ တောက်လောင်စပြုသော လက္ခဏာဖြင့် "ကျွန်မ ဘာများလုပ်မိလို့တုံး။ ရှင့်ကို တွေ့တွေ့ချင်း ကျွန်မက ခယယမလုပ်မိလို့လား။ ဒါမှမဟုတ်လဲ တခါတလေ ရှင့်ကို ကျွန်မက ဟိုဟာလိုချင် ဒီဟာလိုချင် တောင်းမိလို့လား။ ရှင့်အတွက်ကြောင့်သာ မဟုတ်ယင်၊ ကျွန်မလေ ကျွန်မရဲ့ ပထမ အဆက်နဲ့ သဘွေးမယားငယ်ခံပြီး နေမှာပေါ့။ ယခုလို ဘဝကို ဘာမှရောက်စရာ မရှိဘူး။ ကျွန်မကို ဘယ်သူဘယ်ဝါ အပြစ်တင်ချင်သလဲ၊ တင်နိုင်ပါတယ်။ ရှင်တယောက်ကသာ ကျွန်မကို အပြစ်မတင်သင့်တာပါ"

ထိုသို့ပြောသည်ကို ကပ္ပတိန်က "မင့်ကို ငါ့အပြစ်တင်တာမဟုတ်ပါဘူး။ ငါပြောချင်တာက ငါဟာ နောက်ကို မင့်ထံလာပြီး မကြည့်နိုင်တော့ဘူးဆိုတာပါဘဲ။ မင်းနဲ့ ပရပ်ရှား စစ်သားတွေ အကြောင်း တမြို့လုံး ပြောနေဆိုနေကြတာဟာ အင်ပတန်ရှက်ဖို့ ကောင်းတယ်" ဟု ပြန်ပြောလေ၏။

ထိုအခါ **အီရမာ**သည် အိပ်ရာထဲမှငေါက်ကနဲထ၍ ဤသို့ဆို၏။

"ပရပ်ရှားစစ်တပ်နဲ့ ကျုပ်အကြောင်းတဲ့လားရှင်။ ဒါတွေ ရှင့်ကို ကျွန်မပြောခဲ့ဘူးပါတယ်။ သင်းတို့ခေါ်ရာ လိုက်ထာဟာ ဘာမှမဟုတ်ဖူး။ သင်းတို့ကို ရောဂါကျွေးပြီး သတ်ချင်လို့ တော်ရေ့။ ဒါကြောင့် ကျွန်မရဲ့ကိုယ်ရေးကိုကျွန်မ နဲ့နဲ့မှ ထဲ့ပြီး မတွက်မိဘူး။ ဟိုတုန်းက ကျွန်မရောဂါကို ပျောက်အောင် ကုချင်တယ်ဆိုယင် ဖြစ်နိုင်ပါတယ်။ နို့ပေမယ့် သင်းတို့ကို သတ်ချင်လို့ ဒီရောဂါကို မွေးထားတာရှင့်။ အခု ကျုပ် သူတို့ကိုသတ်ခဲ့ပြီလေ၊ ကိုင်း၊ ရှင် ဘာပြောချင်သေးသလဲ။ သူတို့ကို ကျွန်မသတ်ခဲ့ပြီ"

ကပ္ပတိန်ကား မတ်တတ်ပင်နားထောင်လျက်ရှိ၏။ ပြီးလျှင် "ဘာဘဲပြောပြောကွယ်၊ ဒီရောဂါမျိုးဆိုတာ ရှက်စရာကြီး" ဟု ဆို၏။

**အီရမာ**သည် လည်ချောင်းထဲ၌ တစ်တစ်ဆို့ဆို့နှင့် အားယူ၍ ပြောပြန်သည်။

"အလိုတော်၊ သူတို့ကိုသတ်ရတာ ဘာရှက်စရာကြီးလဲ။ သူတို့ကို မျိုးဖြုတ်ရတာမျိုးကို ကျွန်မ မရှက်ဖူးရှင့်။ ကိုင်း၊ ဘာပြောချင်သလဲ။ အောင်မယ်လေး၊ ရှင် ကျွန်မအိမ် လာလည်တုန်းက တော့ ဒီလိုမပြောခဲ့ပါကလား တော်။ အခုမှ ရှင်က ရှက်သတဲ့





လား။ ဒီမှာ၊ အခု ရှင် ရထားတဲ့ ဘွဲ့တံဆိပ်ဆိုတာ ကျွန်မလို ထိုက်တန်လို့ ရတာမဟုတ်ဖူးရှင့်။ ကျွန်မက ရှင့်ထက်ပိုပြီး ဂုဏ်ထူး ဘွဲ့ထူးနဲ့ ထိုက်တန်တယ်။ ကိုင်း၊ ရှင် ဘာပြောအုံးမလဲ။ ပရပ်ရှား စစ်သားတွေကို ကျွန်မက ရှင့်ထက်ပိုပြီး သတ်နိုင်တယ်။ ဒါကြောင့် ကျွန်မက ရှင့်ထက်ပိုပြီး ဘွဲ့နဲ့ထိုက်တန်တယ်။

ကပ္ပတိန်သည် **အီရမာ**ရှေ့ဝယ် ကျောက်ရုပ်သဖွယ် မတ်မတ်ရပ်နေသည်။ သို့သော် တကိုယ်လုံး ဒေါသဖြင့် ဆတ်ဆတ်တုန်လျက်ရှိသည်။ ထိုသို့ရှိနေရာမှ စကားအထစ်ထစ် အငေါ့ငေါ့ဖြင့် **အီရမာ**ကို "မင်း ငြိမ်ငြိမ်နေပါကွယ်။ ဒီအကြောင်းတွေကို ဟို့သင်း မပြောရင် ကောင်းမယ်" ဟုဟန့်လေသည်။

သို့သော် **အီရမာ**ကား သူ့ပြောစကားကို နားမထောင်ဘဲ "ရှင်က ပရပ်ရှားစစ်သားတွေကို ဘယ့်ကလောက်များ အန္တရာယ်ပြုနိုင်ခဲ့သလဲ။ ရှင်တို့ကသာ အစကတဲ့က ရန်သူတွေ ရူအင်မြို့ထဲ မဝင်နိုင်အောင် လုပ်ခဲ့ရင်၊ ကျွန်မတို့ ဒီဘဝ ရောက်ကြရမှာလား။ ကိုင်း၊ ပြောစမ်းပါရှင်။ ရှင်ပြောနိုင်သလား။ မပြောနိုင်ရင် ကျွန်မပြောတာ နားထောင်စမ်းပါ။ ကျွန်မကသာ ရန်သူကို အန္တရာယ်ဖြစ်အောင် လုပ်နိုင်ခဲ့တယ်။ ရှင့်ထက်ပိုပြီး လုပ်နိုင်ခဲ့ပါတယ်။ အဲသလိုလုပ်နိုင်ခဲ့လို့လဲ အခု ကျွန်မသေရတော့မယ်။ ရှင်တို့ကသာ ပျော်လို့ပါးလို့။ နောက်မိန်းမတယောက်နဲ့ တွဲတွဲသာ မျှော်လင့်နေတာ" ဟူ၍ ပြောလေ၏။

ဤစကားသံကြောင့် အခြားခုတင်များမှ လူနာများသည် ခေါင်းထောင်ထပြီးလျှင် စစ်ဝတ်စစ်စားနှင့် ကပ္ပတိန်ကို ဝိုင်းကြည့်

ကြသည်။ ကပ္ပတိန်ကား ယခင်ကအတိုင်း အထစ် အထစ်နှင့် "မင်း ငြိမ်ငြိမ်နေပါကွယ်" ဟု ဖြောင်းဖျနေလေသည်။

သို့သော် **အီရမာ**ကား အငြိမ်မနေ။ စကားကို အော်၍ ပြောသည်။

"ကျွန်မ ရှင့်အကြောင်းကို သိပါပြီရှင်။ ခုနေအခါ ရှင်တို့မှာတော့ အာဇာနည်ကြီးဆိုပြီး ဟိတ်ထုတ်နိုင်ကြပြီပေါ့လေ။ ဒါပေမယ့် ရှင့်ကို ကျွန်မပြောလိုက်ပါရစေ။ ရန်သူကို ကျွန်မ အန္တရာယ်ပြုခဲ့တာ၊ ရန်သူကို ကျွန်မသတ်ခဲ့တာ၊ ရှင်တို့စစ်တပ်တတပ်လုံးက သတ်ထာထက်ပိုပြီး သတ်နိုင်သရှင့်။ ကိုင်း၊ ရှင် ဘာပြောချင်သေးသလဲ။ အလကား သတ္တိမရှိဘဲနဲ့"

ကပ္ပတိန်သည် ဤစကားတို့ကိုကြားသောအခါ ချာကနဲလှည့်၍ သွားလေ၏။ စင်စစ် ဤသို့ပြုခြင်းကား ထွက်ပြေးခြင်းပင် ဖြစ်လေတော့သည်။ ဆစ်ဖလစ် ဝေဒနာရှင်တို့သည် မိမိတို့ ခုတင်ပေါ်၌ မိမိတို့နေရင်းနှင့် ပြောစကားများကို ကြားနေရသောအခါ စိတ်နှလုံး လှုပ်ရှားလာကြသည်။ ထိုကဲ့သို့ လှုပ်လှုပ်ရှားရှား ဖြစ်နေကြသော ဝေဒနာရှင်တို့၏ ခုတင်များကို တခုပြီးတခု ဖြတ်သန်းကာ ကပ္ပတိန်သည် ခြေလှမ်း ကျဲကျဲလှမ်း၍ သုတ်ခြေတင်လေ၏။ သို့သော် အသက်ငင်နေဘိသကဲ့သို့သော **အီရမာ**၏ အော်သံသည် ကပ္ပတိန်နောက်သို့ တကောက်ကောက် လိုက်လျက် ရှိသည်။

"ကျွန်မက ရန်သူကို ရှင့်ထက်ပိုပြီး သတ်နိုင်သတော်."



# ၀ိုး၄

ကျုပ် ဟိုတုန်းက စိန်းမြစ်ရိုးတလျှောက်မှာ လှေထိုး လိုက်ခဲ့ဘူးတယ်။ အဲဒီတုန်းက ထူးပေ့ ဆန်းပေ့ဆိုတာတွေ အများကြီးတွေ့ရတယ်။ ကျုပ်တွေ့လိုက်ရင် မိန်းမတောင်မှ ထူးဆန်းတဲ့မိန်းမဖြစ်နေသဗျာ့။ ဒါကြောင့် 'စိန်းမြစ်ရိုးတလျှောက်' ဆိုတဲ့ ခေါင်းစဉ်နဲ့ ဝတ္ထုတပုဒ် ရေးရင် ကောင်းမလားလို့တောင် တခါတခါ စဉ်းစားမိတယ်။ ဟိုတုန်းက ကျုပ်အသက်က နှစ်ဆယ်ကျော် သုံးဆယ်လောက်ပေါ့။ အလုပ်ကြမ်းလုပ်ရပေမယ့် ပူပင်သောကမရှိလို့ ပိုက်ဆံမရှိဘူး ဆိုတာတောင်မှ ပျော်တာဘဲဗျာ့။ အလုပ် လုပ်တယ်လို့သာဆိုရတယ် သီချင်းတကျော်ကျော်နဲ့ ဟစ်အော် ခုန်ပေါက်မြူးတူးနေရတာများတော့ ပျော်ပွဲစားထွက်တာ ကျနေတာဘဲ။

အဲဟိုတုန်းက ကျုပ်ဟာ ပိုက်ဆံတပြားမှမရှိတဲ့ စာရေးကလေးလဲ ဖြစ်ခဲ့ဘူးပါတယ်။ ခုတော့ ကျုပ်အလုပ်က နေရာကျနေတော့ ကျုပ်အကြိုက်တွေ့ရင် တွေ့တဲ့ပစ္စည်းကို ငွေနဲ့ပေါက်ပြီးဝယ်နိုင်ပြီ ဟိုတုန်းကတော့ဗျာ လိုချင်တာမရလို့ အမျိုးကြီး စိတ်ညစ်တယ်။ အဲ နို့ပေမယ့် တနေ့ကျ ရကောင်းပါရဲ့ဆိုတဲ့ မျှော်လင့်ချက်ကြောင့် ကျုပ် ဒီကနေ့အထိ အသက်ရှင်နေတာပေါ့ဗျာ။ ခုတော့ဗျို့ ကျုပ် ဟောသည်မှာထိုင်နေတဲ့ ကုလားထိုင်က ဖင်ကလေး နဲနဲကြွရတဲ့အလုပ်မျိုးဆိုရင်တောင် တတ်နိုင်လို့ ရွှေထုပ်ကြီး ပေးပါမယ်ဆိုအုံးတော့ ကျုပ် ဒုက္ခခံပြီး မယူချင်တော့ဘူးဗျို့။ ပဲရစ်မြို့ထဲသွားပြီး အလုပ်တိုက်မှာ အလုပ်လုပ်လိုက်၊ စိန်းမြစ်ကမ်းနားကို ပြန်လာလိုက်နဲ့။ အဲသလိုနေရတာ ပျော်သဗျာ။ ဒါပေမယ့် ထသွား လာသွားတော့ ခက်တယ်။ အဲ ဘယ်လောက်ပဲခက်ခက် စိန်းမြစ်ကိုတော့ မခွာနိုင်ဘူးခင်ဗျာ့။ ကျုပ် ဒီလိုနေလာတာ ဆယ်နှစ်ရှိပြီ။ စိန်းမြစ်ကြီးဟာ မြင်တာကိုက ကြည်နူးစရာခင်ဗျာ့။ မြစ်ကမ်းမှာ ရှုခင်းအမျိုးမျိုးကို မြင်နိုင်တယ်။ အဲ မြစ်ရေကတော့ နံသဗျို့။ ဒိုက်တွေ၊ အမှိုက်တွေလဲ ပေါတယ်။ ကျုပ်လဲ အဲဒါကြောင့် ဒီမြစ်ကိုသဘောကျမိတာဘဲ။ ယခုလိုနံနက်စောစောအမှိုက်သရိုက်တွေနဲ့ မျက်စိရှုပ်စရာကောင်းမှလဲ တကယ့်လောကသဘာဝနဲ့ တူနိုင်တော့မပေါ့။ သစ်ပင်ပန်းမာန်တွေ ပေါက်နေတဲ့ မြစ်ကမ်းခြေကို ရှောက်ရတာ အရသာဘဲဗျာ့။ ကြာဖက်ပေါ်မှာ ဆောင့်ကြောင့်ထိုင်ပြီး အော်နေတဲ့ ဖားတွေဟာ ကျုပ်မိတ်ဆွေအပေါင်းတွေဘဲ။ ဖားတွေဟာ သူတို့ရဲ့ဝမ်းဗိုက်ဖြူဖြူဖွေးဖွေးတွေကိုဖော်ပြီးနေကြတာ လေညှင်းခံနေကြသလိုဘဲဗျာ့။





ကိုင်းတောထဲမှာ ပွင့်နေတဲ့ကြာပန်းတွေ ယိမ်းကနေကြတာ အင်မတန်ကြည့်ကောင်းတာဘဲ။ ဒီမြင်ခင်းကို မိုးမခပင်အရွက်တွေကြားထဲကနေပြီးကြည့်တုန်း ဗြုန်း ကနဲဆို ငှက်ခါးတကောင် မြားပစ်သလို ထွက်လာတာတွေ့ရတော့ ဂျာမန် ပန်းချီကားတချပ်ကိုကြည့်ရတာလို့ ကျုပ်ဟာကျုပ် စိတ်ကူးယဉ်မိတယ်။ မျက်စိပသာဒအလှဆိုရင် မွေးကတည်းက မျက်စိမကျဘဲ မနေနိုင်ဘူး။ အလှကိုချစ်တယ်၊ မြတ်နိုးတယ်။ အဲဒီစိတ်တွေဟာ ကျုပ် ရိုးတွင်းခြင်ဆီထဲမှာ ရှိနေတယ်။

တချို့က ညအချိန်ရဲ့သဘာဝအလှကိုကြိုက်ကြတယ်။ ကျုပ်ကတော့ မနက်ခင်း နေထွက်လာတဲ့ ကျက်သရေကို အားကြီးသဘောကျတာဘဲ။ မြူခိုးတွေဝေနေလို့ မှိုင်းမှိုင်းမှုန်မှုန်ကြားထဲက ပြူရောင်ကလေးသန်းလာပြီးမှ နေရောင်ခြည်ဟာ ဘွားကနဲပေါ် လာပြီး မြက်ခင်းပြင်ကြီးများအပေါ် တရွေ့ရွေ့ ကျကျလာလိုက်တာ နောက်ဆုံးမှာ တလောကလုံး နှင်းဆီသွေး နှင်းဆီရောင် ပက်ဖျန်းထားသလို။ အို၊ အဲဒီအခါကျတော့ လူ့ကိုရှင်ပြီး မွေးသွားတာပါဘဲဗျာ။ အဲ တခုရှိသေးတယ်။ လထွက်ချိန်မှာ မြစ်ထဲက ရေပြင်ဟာ ငွေရောင်နဲ့ တဖျတ်ဖျတ် လူးနေပလားဆိုယင် ဒီလောကကြီးဟာ အိပ်မက်နဲ့ တယ်တူပါကလားလို့ စဉ်းစားနေတုန်း ဗြုန်းကနဲ အိပ်မက် မဟုတ်ဖူးဟေ့၊ လူ့လောက အစစ်ပဲဆိုပြီး စိတ်ထဲမှာ ကြည်လင်သွားတာဘဲ။

အဲ၊ ဂွကျတာ တခုတော့ရှိတယ်ဗျာ။ ကျုပ် ဒီလောကကြီးအပေါ်မှာ စိတ်ကူးယဉ်ပြီးနေသမျှဟာ အကြောင်းရင်းခံကတော့ ဟောဒီ ညစ်ပတ်နံစော်လှတဲ့ စိန်းမြစ်ကြီးဘဲ ခင်ဗျာ့။ ဒီမြစ်ကြီး

ဟာ ပဲရစ်မြို့မှာရှိတဲ့ အညစ်အကြေးမှုန်သမျှကို ပင်လယ်ထဲရောက်အောင် သယ်ပို့နေတယ်ခင်ဗျာ့။

အဲဒီလိုနဲ့ဘဲ ကျုပ်တို့ ပျော်ပျော်ပါးပါးနေထိုင်လာလိုက်ကြတာ ကျုပ်တို့ ငါးယောက် ခင်ဗျာ့။ မိတ်ဆွေတစု ဆိုပါတော့။ ယခုတော့ ဒီလူတွေအားလုံးဟာ အတည်တကျ ဣန္ဒြေရရ နေနိုင်ထိုင်နိုင်ကြပါပြီ။ ဟိုတုန်းကတော့ဗျာ အာဇောင်တိုင်ဆိုတဲ့ ရပ်ကွက်မှာ ပြွတ်သိပ်ပြီး အတူတူနေခဲ့ရတယ်။ အဲဒီရပ်ကွက်မှာ ကျုပ်တို့နေတဲ့ နေရာက အိပ်ခန်းရယ်လို့ သပ်သပ်ရှိတာ မဟုတ်ဖူး။ အခန်းကျယ်တခုထဲ ရှိတယ်။ ဒီအခန်းထဲမှာဘဲ ညကျယင် ဆူလားပူလား၊ အော်လားဟစ်လားနဲ့ ပျော်ပျော်ပါးပါး နေခဲ့ရကြသဗျာ့။ ကျုပ်တို့ တလောကလုံး ဘာကိုမျှ ဂရုမစိုက်ဖူးဗျာ။ ပျော်ဘို့လောက်ပဲ နားလည်တယ်။ အဲ လှေကိုတော့ လှော်နေရမှကြိုက်တယ်ဗျာ့။ ကျုပ်တို့အားလုံး ဒီလှေထိုးတဲ့အလုပ်ကို မြတ်နိုးကြတာမှာ အတူတူဘဲ။ လှေနဲ့ထွက်ပဟော့ ဆိုယင် ကျုပ်တို့ဟာ ရယ်စရာမောစရာတွေကို စွန့်စွန့်စားစားလုပ်တယ်။ ဒါတွေကို အခုခေတ်မှာ ပြန်ပြောရယင် ဘယ်သူမှ ယုံနိုင်စရာမရှိဘူး။ ခုခေတ်မှာတော့ စိန်းမြစ်ထဲမှာ ကျုပ်တို့လုပ်သလို လိုက်မလုပ်နဲ့ဗျို့။ အဲ လုပ်တဲ့လူတွေလဲ မရှိတော့ပါဘူး။ ဒီခေတ်သစ်မှာတော့ ကျုပ်တို့ခေတ်ကလို ပျော်ပျော်ပါးပါး ရယ်လို့တယ်မရှိတော့ပါဘူး။

ကျုပ်တို့ ငါးယောက်ပေါင်းမှ လှေတစင်းထဲပိုင်တယ်။ အဲဒါတောင် မနည်းကြိုးစားပြီး ဝယ်ရတာဗျာ့။ လှေကတော့ ကြီးသဲကြီးပါတယ်။ လေးလဲလေးတယ်။ ကျယ်ကျယ်ဝန်းဝန်းမို့ နေသာထိုင်သာပါဘဲ။ အဲ၊ ကျုပ်အပေါင်းအဖော်တွေ ဘယ်သူဆို





တာကတော့ မပြောယင်ကောင်းမယ်ထင်တယ်။ နို့ပေမယ့် ပြောရအုံးမယ်လေ။ တယောက်ကတော့ လူညက်ကလေးဘဲဗျာ့။ သူ့အသားအရေက ညိုမြာမြာနဲ့မို့လို့ ကျုပ်တို့ကတော့ သူ့ကို မြာညိုလို့နာမည်ပေးထားတယ်။ တယောက်ကတော့အရပ်မြင့်မြင့်နဲ့ ပကာတိ လူကြမ်းကြီး။ သူ့ဆံပင်က နက်တယ်။ မျက်ဝန်းကတော့ ညိုတိုတိုဗျာ့။ သူ့ကို ကျုပ်တို့က ပေါက်တူးလို့ ခေါ်ကြတယ်။ တယောက်ကတော့ လူပျင်းဗျာ့။ ဒါပေမယ့် ပျော်တတ်တယ်။ သူ့ကိုတော့ ရသေ့ဆောင်းတဲ့ ဒေါက်ချာနဲ့တူလို့ ဒေါက်ချာလို့နာမည် ပေးထားတယ်။ ဒီလူက လှေလှော်စရာရှိယင် သူလှော်ယင် လှေမှောက်လိမ့်မယ်ဆိုပြီး ဘယ်တော့မှ မလှော်ဘူးဗျာ့။ အဲဒီအထဲမှာ လူငယ်တယောက်ပါတယ်။ သူကတော့ ရုပ်ရည်သန့်သန့်ပြန့်ပြန့်ဘဲ။ ဒါကြောင့် ဆံကေသာကို ခဏခဏသတယ်။ သူက မျက်မှန်တဖက်ထဲတပ်ထားတယ်။ အဲဒီသူတပ်ထားတဲ့ မျက်မှန်တဖက်ကို အစွဲပြုပြီး ဟို ဝတ္ထုထဲကအတိုင်း တိမ်တလုံးလို့တွင်တယ်ဗျ။ အဲ ကျုပ်နာမည်ကတော့ ဂျိုးဇက် ပါဘဲ။ ကျုပ်တို့အတူတူ သင့်သင့်မြတ်မြတ်နေကြသဗျာ။ အဲ တခုဘဲတွေးမိတယ်။ ကျုပ်တို့အထဲမှာ တက်မကိုင်ဘို့ မိန်းမတယောက်ပါယင် ဟန်ကျမှာဘဲလို့ တွေးမိတယ်။ မြစ်ထဲခရီးသွားတဲ့အခါ မိန်းမဆိုတာ မရှိလျှင် မဖြစ်ဖူးဗျ။ သူပါတော့ ကျုပ်တို့အားလုံး ရွှင်တပြုံးပြုံးဖြစ်ရတာပေါ့ဗျာ။ ကျုပ်တို့ ဘဝကို သူက သာယာအောင်လုပ်နိုင်တယ်။ ပျော်ရွှင်အောင် ဖန်တီးနိုင်တယ်။ အမောအပန်းပြေအောင် လုပ်ပေးနိုင်တယ်။ အလုပ်တွင်အောင် အားပေးနိုင်တယ်။ နောက်ဆုံးလုပ်စရာဘာမျှ မရှိသည့်တိုင်အောင် သူကလှေပေါ်မှာ

ထီးကလေးနဲ့ထိုင်ပြီး လိုက်အုံးတော့ အဲဒါဟာ လှေကိုတန်ဆာဆင်ထားတာနဲ့တူတာဘဲ။ ဒါပေမယ့် ကျုပ်တို့ လိုချင်တာကတော့ ရိုးရိုးပဲ့ကိုင်တတ်ထာမျိုး မဟုတ်ဖူး။ ပဲ့ကိုင်တဲ့နေရာမှာ ကျုပ်တို့ငါးယောက်လောက် ဘယ်သူမှ မကိုင်တတ်ဖူး။ ကျုပ်တို့က အများနဲ့ မတူတာမှ လိုချင်တယ်။ ရှာမှ ရှားဆိုတာမျိုးမှ လိုချင်တယ်။ ကျုပ်တို့ လိုချင်တာမျိုးကို ရှာပြီး လှေပဲ့ပေါ်မှာ တင်ဘူးပါရဲ့။ ပဲ့ကိုင်တတ်ဖို့အရေးမကြီးဘူး။ ကောင်မကလေး ခပ်ရွှယ်ရွယ်ဆိုယင် တော်ပါပြီ။ ဒါပေမယ့် ဂွကျတာက ကျုပ်တို့ငှားခဲ့တဲ့ ကောင်မကလေးမျိုးဟာ မြစ်ထဲမှာ တသွင်သွင် စီးဆင်းနေတဲ့ရေယာဉ်ကို ကြည်နူးရမယ့်အစား ဝိုင်အရက်နဲ့ ပေးလား ဝါးလား နေရမှ ပျော်သတဲ့ခင်ဗျာ့ ။ဒါကြောင့် ကျုပ်တို့တနင်္ဂနွေနေ့ တနေ့အတွက်သာ သူ့ကိုငှားပြီး နောက်တနေ့ ကျတော့ မငှားတော့ဘူး။

အဲ၊ နောက်စနေနေ့ ညနေကျတော့ တိမ်တလုံး ဆိုတဲ့ နေ့က ပိန်ပိန်ပါးပါး ကောင်မကလေးတယောက်ကို ခေါ်လာပါလေရော။ ကောင်မကလေးက ပျော်ပျော်နေတတ်တယ်။ ထသွားလာသွားမြန်တယ်။ ဖင်ပေါ့တယ်။ ဒါပေမယ့် နှုတ်ကတော့ အင်မတန် ဆော့သဗျာ။ ရယ်ရွှမ်းပတ်ရွှမ်း အားကြီးပြောတယ်။ နို့ပေမယ့် ရယ်စရာ သူ့ပြက်လုံးမျိုးက ပဲရစ်မြို့ ချောင်ကြိုချောင်ကြားမှာ မိန်းမတွေ ယောကျ်ားတွေ ပျော်ကြပါးကြ ကခုန်ကြတဲ့အခါ ပြောတဲ့ပြက်လုံးမျိုးဗျာ့။ ကောင်မကလေးက မလှပါဘူး။ ကြည့်ပျော် ရှုပျော်ဘဲဆိုပါတော့။ မိန်းမဆိုလို့ မိန်းမနဲ့တူရုံသာရှိတယ်။ ပန်းချီဆရာတွေ တွေ့လာတဲ့အခါ မျဉ်းသုံး





ကြောင်းနဲ့ မိန်းမရုပ်ပေါ်အောင် ဆွဲတဲ့ပုံမျိုးပေါ့ဗျာ။ မိန်းမသဘာဝတွေ ပြည့်ပြည့်ဖြိုးဖြိုး မရှိဘူး။ လောကမှာ ဒီလို မိန်းမမျိုးလဲ ရှိသေးသဗျာ့နော်။

ရောက်လာတဲ့ ပထမ ညနေခင်းမှာဆိုယင်ဘဲ ဒီကောင်မကလေးကို ကျုပ်တို့ သြချရတော့တာပါဘဲ။ သူ့လုပ်ပုံ ကိုင်ပုံတွေ ကြည့်ရတာ ကျုပ်တို့ဖြင့် ဘယ်လိုပါလိမ့်လို့ မပြောတတ်အောင် ရှိတော့တာဘဲ။ သူ့အနားမှာ ယောကျ်ားတွေချည်း ဝိုင်းနေတယ်။ အဲဒီအကောင်တွေကလဲ နောက်ရ၊ ပြောင်ရ၊ ရှုပ်ရ၊ ပွေရတဲ့ နေရာမှာ ပါရဂူချည်းဘဲ။ ဒါပေမယ့် ယခု သူနဲ့တွေ့လိုက်တော့ အားလုံး ယောကျ်ားရင့်မကြီးတွေဟာ သူ့လက်ပါးစေလိုဖြစ်ကုန်ကြတယ်။ သူသာလျှင် ကျုပ်တို့ရဲ့ အရှင်သခင်မပေါ့လဗျာ။ နောက်တနေ့မှာဆိုယင် ကျုပ်တို့ဟာ သူ့ကျေးကျွန်အခြွေအရံတွေ ဖြစ်ကုန်တော့တာဘဲဗျို့။

အဲ၊ ပြီးတော့ ဒီကောင်မကလေးဟာ အရက် ဘယ့်ကလောက်သောက်သောက် မမူးဘူးဗျို့။ သောက်ကျိုးနဲ့ ထူးတယ်။ သူ့အပြောမှာတော့ သူ့အမေက သူ့ကိုမွေးတုန်းက ဗရန်ဒီသောက်ပြီးမွေးရလို့ နောက်ကို အရက်ဘယ့်လောက် သောက်သောက်မမူးတော့ဘူးဆိုဘဲ။ ပြီးတော့လဲ သူ့ကိုထိန်းတဲ့ အာယားမဟာငယ်ငယ်တုန်းက သူ့ကို ရမ်အရက်တိုက်ပြီး ပြုစုရသတဲ့ဗျာ့။ ဒါကြောင့် အရက်ဆိုင်မှာ ပုလင်းတွေ စီထားတာမြင်ယင် သူက 'အဲဒီ ပုလင်းမျိုးနဲ့ ကျွန်မ ဖက်ပြီး မွေးလာတာပေါ့ရှင့်' လို့တောင် ပြောဆိုဘဲ။

သူ့ကို ကျွန်တော်တို့အားလုံးက 'ပိုးဥ*' လို့ ခေါ်ကြပါတယ်။ သည်နာမည်ကို ဘယ်သူကစပြီး ဘယ်လိုကြောင့် ပေးတယ်ဆိုတာ မသိပါဘူး။ သို့သော် သည်နာမည်နှင့် သူနှင့် လိုက်ပါတယ်။ ကျုပ်တို့လှေကတော့ ဟိုရွာ ဒီရွာ ကူးလာဆန်ခတ် သွားရတဲ့ လှေ ဘဲ။ အသွားအပြန် တခေါက်ကို တပတ်လောက်ကြာတယ်။ ကျုပ်တို့ငါးယောက် ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နေကြ တာဘဲ။ အဲ ကျုပ်တို့အပေါ် ဗိုလ်ကျပြီး အရှင်သခင်မလိုနေတာ ကတော့ လှေပေါ်မှာ ထီးကလေးဆောင်းပြီး လိုက်လာတဲ့ ပိုးဥ ဘဲ ခင်ဗျာ့။ သူက ကျုပ်တို့တတွေကို သူ့အစေအပါးလို သဘော ထားပေမယ့် ကျုပ်တို့ကတော့ သူ့ကို အားလုံး မြတ်နိုးလျက်ပါ ဘဲ။

သူ့ကို ကျုပ်တို့ မြတ်နိုးကြတာမှာ အကြောင်းအမျိုးမျိုး ရှိတယ်။ ဒါပေမယ့် နောက်ဆုံးကျတော့ သူ့ကို မြတ်နိုးရပါတယ် ဆိုတဲ့ အကြောင်းရင်းက တခုထဲ ကျန်ပါတော့တယ်။ ဒါကတော့ ဒီလိုပါ။ သူက ပဲ့မှာထိုင်ထိုင်ပြီး စကားကို ဖောင်လောက် အောင် ပြောတတ်သဗျာ့။ ရေပေါ်မှာ တလှုပ်လှုပ်နဲ့ တိုက်နေတဲ့ လေနဲ့ နှင်လား ငါလား အမှီလိုက်ပြီး ပြောနိုင်တယ် ခင်ဗျာ့။ လေထဲမှာ စက်ရဟတ် တဖျတ်ဖျတ်လည်နေတဲ့ အသံလို ပါးစပ်က အမျှင်မပြတ် ပြောတယ်။ သူပြောတာတွေကလဲ ထူးပေ့ ဆန်းပေ့

* မူရင်း၌ Mouche (မုရှ်) ဟု ရှိပါ၏။ ယင်ကောင်ဟု အဓိပ္ပာယ် ရ၏။ သို့သော် မြန်မာဆန်ဆန် အခေါ်ရလွယ်အောင် 'ပိုးဥ' ဟု အမည် တပ်လိုက်ပါသည်။





ဗျား။ ဘယ်သူမှ ဒီလိုပြောလိမ့်မယ်လို့ မမြော်လင့်တာမျိုးတွေကို ပြောတယ်။ ရယ်စရာလဲကောင်း၊ အံ့စရာလဲကောင်း ပဗျာ။ သူ့စိတ်ကလဲ တမျိုးဘဲ။ စိတ်ကူး ဆန်းပြားတယ်။ ဆန်းပြားတဲ့ စိတ်ကူးထဲက ဒန္တာရီလို ပုံတိုပတ်စတွေ ထွက်လာလိုက်တာ အံ့စရာဘဲဗျို့။ နောက်ထား ပြောင်တာလဲ ပါရဲ့။ လူလယ်လုပ်ပြီး ပြောတာလဲပါရဲ့။ လူပြက်ပြက်တာမျိုးလဲ ပါရဲ့။ သူ့လေကတော့ အတော်လေးလုံးမိုးလုံးကြီးတယ် ခင်ဗျာ့။ မီးပုံးပျံကြီး ပေါက်ကွဲ တော့ ထွက်တဲ့လေလိုပေါ့ဗျာ။

ကျုပ်တို့က သူပြန်ပြောချင်ရာ ပြောနိုင်အောင် အစုံမေး ကြည့်ကြတာဘဲ။ ကျုပ်တို့က သူ့ကို စိတ်ညစ်အောင်လုပ်တဲ့ မေး ခွန်းမျိုးကတော့ "မင့်နာမည် ဘာ့ကြောင့် ပိုးဥလို့ ခေါ်သလဲ" ဆိုတဲ့ မေးခွန်းဘဲ။

အဲဒီလို မေးလိုက်ယင် သူက ပိုးဥလို့ မှည့်ရတဲ့ အကြောင်း တောပြော တောင်ပြော ပြောတယ်။ သူပြောတဲ့ အကြောင်း တွေဟာ ထူးထူးဆန်းဆန်းချည်းဘဲ။ အဲဒီ ထူးထူးဆန်းဆန်းတွေ ကို ကြားရတဲ့အခါ ကျုပ်တို့တတွေ လှေတောင် မလှော်နိုင်တော့ ဘဲ အားလုံး ဝိုင်းရယ်ကြတယ်။

မိန်းကလေးတဦးအနေနဲ့တော့ သူဟာ ကျုပ်တို့ရဲ့ လည်ဆွဲ ကလေးလို ချစ်စရာဘဲဗျာ့။

ဒေါက်ချာဆိုတဲ့ နေ့ကတော့ လှေကို ဝိုင်းမလှော်ဘဲ ပိုးဥ အနား လှေပဲ့ပိုင်းမှာ ကပ်ထိုင်ပြီး တနေ့လုံး 'ယီ' နေတာဘဲ။ တနေ့မှာ သူက 'ပိုးဥကို ဘာ့ကြောင့် ပိုးဥလို့ ခေါ်သလဲဆိုယင် ပိုးကောင်က ဥလိုက်တဲ့ ပိုးဥကလေးလိုနေလို့ ပိုးဥ ခေါ်တာပေါ့

ဗျာ၊ လို့ ဆိုတယ်။ ဟုတ်မှာပါဘဲ။ ဒီကောင်မကလေးဟာ ဥက ပေါက်လာတဲ့ ပိုးကောင်ကလေးလို ကျုပ်တို့ တလှေလုံးကို ထွင်း ထွင်းပြီး စားတော့မယ့်အတိုင်းဘဲ။ ပိုးဆိုတာမှာ ဒီပိုးဆိုတဲ့ အ ကောင်မျိုးဟာ လှေမှာ လာပြီး စွဲပြီဆိုမှဖြင့် လှေလုံးဇာပေါက်လို ဖြစ်အောင် ထိုးတတ်တယ်။ ဒီပိုးနဲ့တူတဲ့ ပိုးဥဟာ လှေကိုသာမက လှေထိုးသားတွေကိုပါ ထွင်းဖောက်ပြီး စားလိမ့်မယ်။

ဒါပေမယ့် အကယ်ဆိုတော့ ကျုပ်တို့ ဒါတွေကို သတိမရပါ ဘူး။ အားလုံး ပျော်ရတာချည်းပါဘဲ။

ပိုးဥတယောက် ကျုပ်တို့လှေနဲ့ လိုက်တဲ့နေ့ကစပြီး တိမ်တလုံး ဆိုတဲ့ ချာတိတ်ကလဲ သူ့ကိုယ်သူ ဘာထင်လာသလဲ မသိဘူး။ ဟိတ်ကြီး ဟန်ကြီးနဲ့ အချင်းချင်းအပေါ်မှာ စွာချင်လာသဗျာ့။ သူ့ဂိုက်က မိန်းမမရှိတဲ့ လူလေးယောက် အလယ်မှာ မိန်းမနဲ့ သူတယောက်ပဲ ထယ်ထယ်ဝါဝါ နေနိုင်တယ်ဆိုတဲ့ ဂိုက်မျိုးဘဲ။ ဒီအကောင်က ဘယ်အထိ အခွင့်အရေးယူနေသလဲဆိုယင် တကတဲ ကျုပ်တို့ကို ရှေ့မှာထားပြီး ပိုးဥကို ဖက်လား ရမ်းလားနဲ့ ထမင်း များ စားပလားဆိုယင် ကိုယ်တော်မြတ်က ပိုးဥကို သူ့ပေါင် ပေါ်မှာ ခေါင်းအုံးအုံးပြီး သိပ်တယ်။ အဲသလောက် မျက်စိ နောက်လောက်အောင် အခွင့်အရေး ယူလာတော့ အားလုံးက အမြင်ကတ်လာပါကရော။

ဒါကြောင့် ကျုပ်တို့က သူတို့နှစ်ယောက်အတွက် ကန့်လန့်ကာ ကလေး ကာပေးတယ်။

ဒါပေမယ့် ကျုပ်တို့လို လူပျိုသိုးတွေစိတ်ထဲမှာတော့ ဘယ်ခံ ချင်မတုံး။ ပိုးဥဆိုတဲ့ ကောင်မလေးဟာ ဘယ်သူ့တွေ့တွေ့





ကြိုက်ပစ်လိုက်တဲ့ မိန်းမစားဘဲ။ သူ့ထက် အဆင့်အတန်းမြင့်တယ် ဆိုတဲ့ မိန်းမတွေတောင်မှ ကိုယ့်လင်အပေါ်မှာ သစ္စာမဲ့ကြသေး ယင် ပိုးဥဆိုတဲ့ ကောင်မကလေးကော ဘာမို့လို့လဲဗျာ။ ဒီလို ကောင်မမျိုးကျတော့မှ အမရာကိန္နရီလို ဖြစ်ရမယ်လို့ ဘယ်ကျမ်း ဂန်က ဟောတာလဲဗျာ့။

ကျုပ်တို့ အဲသလို စဉ်းစားကြည့်ကြတယ်။ အဲ ကျုပ်တို့စဉ်းစား တဲ့အတိုင်းဘဲဗျို့။ ကျုပ်တို့ အဲဒါကို ကိုယ်တွေ့ တွေ့ရတယ်။ စောစောက ဒီလိုမှန်း မသိလို့ပေါ့ဗျာ။ သိယင် ယခုလို ကုန်ခဲ့တဲ့ ရက်တွေ နှမြောလှချည်ရဲ့လို့ ဆိုနေစရာတောင် ရှိမှာ မဟုတ်ပါ ဘူး။ ပိုးဥဆိုတဲ့ကောင်မကလေးဟာ တိမ်တလုံးကို လှည့်စားပြီး ကျန်တဲ့လှေထိုးသား အားလုံးနဲ့လဲ စခန်းသွားလိုက်ထာဘဲ။

တိမ်တလုံးကို ကြောင်တောင်ထားပြီး လှည့်စား လိုက်ထာ မပြောပါနဲ့၊ ဒီအကောင်ဘာမျှမသိဘူး။ ကျုပ်တို့က ပိုးဥကိုစပြီး ချစ်ရေးဆိုတယ်ဆိုယင်ဘဲ တယောက်ကိုမျှမငြင်းဘူးခင်ဗျာ့။

ကြောင်သူတော်တွေဆိုယင် ဒါမျိုးကြားတော့ "ဟင်"လို့ ဆိုကြမှာဘဲ။ နန်းတွင်းသူအပျိုချောတို့မှာ ချစ်သူရည်းစား တ ဒါဇင် ထားကြတယ်လို့ ကြားဘူးကြမှာပေါ့။ အဲသလို ရည်း စားထားတတ်တယ် ဆိုတာကို ရည်းစားဆိုတဲ့ ငနဲတွေကကော မသိပါဘူးလို့ ဆိုကြမလားး။ အငြိမ့်သမကိုလူတကာဝိုင်းပြီးပိုးကြ ပန်းကြတယ်ဆိုတာ အဲဟိုခေတ်က ဓလေ့ထုံးစံကြီးတခုဘဲ မဟုတ် ပါလား။ မြင်းပွဲမှာ မြင်းတကောင်ထဲ မြင်းပိုင်ရှင် အများက ဝိုင်းပြီး ပိုင်ဆိုင်ကြတယ်ဆိုတာမျိုးလိုပေါ့ဗျာ။

တယောက်ကိုတယောက် အားနာရမယ့်အရေးက ရှိနေတော့ ကျုပ်တို့အားလုံးကဘဲ တိမ်တလုံးကို ပိုးဥနဲ့အတူနေဘို့ရာ စနေနေ့ ညနေပိုင်းမှ တနင်းလာနေ့ နံနက်ပိုင်းအထိ သတ်မှတ်ပေးလိုက်တယ်။ အထူးသဖြင့် အဲဒီနေ့များမှာ ကျုပ်တို့ လှေထိုးလိုက်ကြရတာဖြစ်တော့၊ စိန်းမြစ်ထဲမှာ ခရီးသွားနေရသမျှ ရက်အတွင်း တိမ်တလုံးက ပိုင်တာပေါ့လေ။ ဒါပေမယ့် ပဲရစ်မြို့မှာ နားတဲ့နေ့တွေကျတော့ ကျုပ်တို့အားလုံး တိမ်တလုံးကို သစ္စာဖောက်ကြတာပဗျာ။ စင်စစ်တော့ ကျုပ်တို့လို လူစားမျိုးမှာ ဆိပ်ကမ်းတခု ရည်းစားတယောက် ဆိုတော့ စိန်းမြစ် ကမ်းခြေနဲ့ဝေးတဲ့ ပဲရစ်မြို့တွင်း ရောက်ပြီဆိုယင်ဘဲ တယောက်ကတယောက်ကို သစ္စာဖောက်တယ်လို့ သဘောမထားကြပါဘူး။

ဒီတော့ အခုအခြေအနေက ဒီလိုဖြစ်နေပြီဗျာ။ တိမ်တလုံးကို ရှေ့မှာထားပြီး ကျုပ်တို့ လေးယောက်သားဟာ တိမ်တလုံးရဲ့အချစ်ကိုခိုးတဲ့ ချစ်သူခိုးတွေ ဆိုကြပါစို့။ အဲ အချင်းချင်းကလဲ အားလုံး သူခိုးချည်းဘဲဆိုတာ နားလည်ကြသဗျာ့။ အချစ်ကို ပိုးဥက ဘယ်လိုဝေငှပေးနေတယ် ဆိုတာလဲ သိကြသဗျာ့။ တခါတခါ ဒီအကြောင်းကို ကျုပ်တို့အချင်းချင်းလဲ ပြောကြတယ်။ ပိုးဥကိုလဲ စောင်းပါးရိပ်ခြည် ပြောကြတယ်။ ဒီလိုပြောတဲ့အခါ ကောင်မကလေးက ခွက်ထိုးခွက်လှန် ရယ်တယ်ဗျာ့။ အဲ တိမ်တလုံးဆိုတဲ့ ငနဲသာ ဒါတွေကိုမရိပ်မိဘူး။ ပြီးတော့ ဒီကိစ္စမှာ သူကအခွင့်ထူးခံဆိုတော့ သူ့အခြေအနေက တမျိုးဘဲ။ ကျုပ်တို့အခြေအနေနဲ့ သဟဇာတမဖြစ်နိုင်ဘူး။ တခြားစီဘဲ။ ကျုပ်တို့အချင်းချင်းအင်မတန် ရင်းနှီးနေရာက ကျုပ်တို့ ကြားထဲမှာ





တောင်ကြီးများခြားထားသလို ဖြစ်လာတယ်။ သူနဲ့ ကျုပ်တို့နဲ့ဟာ တကျွန်းစီနေ တမြေစီခြားဆိုတာလိုဖြစ်သွားတယ်။ ကျုပ်တို့အမြင်မှာတော့ သူ့ခမျာ ဒီဇာတ်လမ်းထဲမှာ အူကြောင်ကြောင်အပိုင်းကနေပြီး ကပြနေရတဲ့ မင်းသားရူးလိုဘဲ မြင်မိတယ်။ သူကပြသရုပ်ဖော်နေရတာကတော့ ပိုးဥရဲ့ ယောကျ်ားအခန်းက ကပြနေရတယ်။ ဒါပေမယ့် ဒီယောကျ်ားက မိန်းမလှည့်စားခြင်း ခံနေရပေသကိုး။

ဒါပေမယ့် တိမ်တလုံးဆိုတဲ့ ငနဲဟာ လူပါးခင်ဗျာ့။ ဥာဏ်တိမ်တဲ့လူစားလဲ မဟုတ်ဖူး။ သူက ခံတုတ်ပြီဆိုမှဖြင့် ခံရတဲ့ လူမှာ မခံချိဘူး။ အဲဒါကို ထောက်ကြည့်ယင် ဒီအကောင်ဟာ ကျုပ်တို့ကို မယုံသင်္ကာရှိနေမှာ အမှန်ဘဲ။ အဲဒီလို တွေးကြည့်တဲ့အခါ ကျုပ်တို့ဟာ ရင်ဖိုလာတယ်ဗျာ။

တခါတလေ တိမ်တလုံးက ကျုပ်တို့ကို သူ့အကြောင်း သိအောင်ဆိုပြီး သူနဲ့ပိုးဥနဲ့က ဘယ်သို့ဘယ်ညာ စသဖြင့် ပြောတာပေါ့လေ။ အဲဒီလိုပြောတဲ့အခါ ကျုပ်တို့မှာ မခံချိမခံသာနဲ့ မျက်စိမျက်နှာ မထားတတ်တော့ဘူး။ တနေ့မှာ ဖူဂျီဗာ ဆိုတဲ့ ထမင်းဆိုင်ကို အရောက်၊ ကျုပ်တို့ လှေကို အမြန်လှော်နေတုန်း ဒေါက်ချာဆိုတဲ့ ငနဲက ပိုးဥအနား ကပ်ထိုင်တယ်။ ဒေါက်ချာကလဲ ဒီကနေ့နံနက်ခင်းမှာ အောင်သေအောင်သား စားခဲ့ရတဲ့ မျက်နှာနဲ့ အင်မတန်မှ ရှင်နေဟန်တူပါတယ်။ သူကပိုးဥနဲ့ နီးနီးကပ်ကပ်ထိုင်တယ်ဆိုတာ အမြင်ကတ်စရာ ဖြစ်အောင် ထိုင်တာခင်ဗျာ့။ အဲသလိုနဲ့ ထိုင်လိုက်ပြီး၊ လှေလှော်နေရာက "ရပ်အုံးဟေ့" လို့ သူကအော်တယ်။

ဒါနဲ့ကျုပ်တို့ လှေဝ်တက်တွေကို ရေပေါ်မှာ ခဏထောင် လိုက်ကြတယ်။

အဲဒီတော့ ဘသားချောက ပိုးဥဘက်ကိုလှည့်ပြီး "မင့်နာမည် ကို ဘာ့ကြောင့် ပိုးဥလို့မှည့်ရတာလဲ"လို့ မေးတယ်။

အဲဒီအခါမှာ ပိုးဥက ပြန်မဖြေရသေးဘူး။ လှေဦးမှာရှိတဲ့ တိမ်တလုံးက "ပိုးတို့မှားတို့ဆိုတာ လူ့အသေးအသားကို စား တတ်လို့ဗျို့" အဲ့သလို မဆီမဆိုင် ဝင်တောတယ်။

ဦးဆုံးတော့ အားလုံး စကားမပြောနိုင်ဘဲ ငြိမ်ရကြတယ်။ အားလုံးကသိကအောက် ဖြစ်သွားတာပေါ့လေ။ နို့ပေ မယ့် နောက်ဆုံးကျတော့ မပြုံးဘဲနဲ့ ဝါးလုံးကွဲရယ်ကြတာပေါ့။ ပိုးဥ ကတော့ ဒီတခါဘာမျှပြန်မပြောဘဲ ငြိမ်ရတယ်။

ဒီတော့မှ ဒေါက်ချာဆိုတဲ့ ငနဲက ပြန်သတိရလာပြီး "ကိုင်း ဆက်လှော်လိုက်စမ်း ယောကျ်ားဘသား"လို့ပြောတယ်။

ဒါနဲ့ဘဲ လှေဟာ သွားမြဲသွားတာပေါ့လေ။

ဒီကိစ္စလဲ ဒီမှာဘဲ တခန်းရပ်ကရော။ အားလုံးလဲ စိတ်ပြေ သွားပါကရော။

ဒီအဖြစ်အပျက်ကြောင့် ကျုပ်တို့ရဲ့ မူလ အစီအစဉ်တွေဟာ ဘာမျှမထိခိုက်ပါဘူး။ ခါတိုင်းလို သွားမြဲလာမြဲပါဘဲ။ အဲတာ နဲ့တော့ရှိသဗျာ။ တိမ်တလုံးနဲ့ ကျုပ်တို့ဆက်ဆံရေးဟာ ရှေးက လိုဘဲပြန်ပြီး ရင်းနှီးလာတယ်။ သူဟာ အခုဆိုရင် စနေနေ့ ညနေ မှစပြီး တနင်းလာနေ့နံနက်အထိ ပိုးဥကို ပိုင်တဲ့ ကိစ္စမှာ ပထမ ဆုံး အခွင့်အရေးရသူအဖြစ်နဲ့ ဂုဏ်ပြုခြင်း ခံထိုက်သူ တယောက် ဖြစ်လာပါပြီ။ သူဟာ ကျုပ်တို့အထဲမှာဆိုယင် အခွင့်ထူးရသူ





တဦးဆိုပါတော့။ ဒါမှာတော့ သူက ကျုပ်တို့ထက်သာသွားပြီ။ ပြီးတော့လဲ ဒီအချိန်အခါကစပြီး ပိုးဥ ဆိုတဲ့ နာမည်ကို ဘာ ကြောင့် မှည့်ရသလဲဆိုတဲ့ မေးခွန်းမျိုးကိုလဲ မမေး ကြတော့ ဘူး။ ကျုပ်တို့အဖို့ဆိုယင်တော့ ကျုပ်တို့ကိုယ်ကို ကျုပ်တို့ ဒီက နေ့ကစပြီး နောင်အဖို့မှာ အငယ်အနှောင်း စာရင်းထဲကို သွင်း လိုက်ကြရုံဘဲရှိတော့တယ်။ တယောက်နဲ့ တယောက် အပြိုင် အ ဆိုင် အလုအယက်သဘောမထားဘဲ သူ့နေ့နဲ့သူ လူတိုင်းလူတိုင်း ပိုင်ဆိုင်ခွင့်ရနေကြတဲ့ အတွက် တဦးကတဦးကို ကျေးဇူးတင်လို့ မို့ မိတ်မပျက်နေထိုင်သွားကြဘို့သာ ရှိကြပါတော့တယ်။

အဲဒီလိုနဲ့ဘဲ နေလာလိုက်ကြတာ သုံးလထဲရောက်လာပါကရော။ အဲဒီအခါကျတော့မှ ပိုးဥဟာ ကျုပ်တို့အပေါ်မှာ ဆက်ဆံပုံ ထူး ခြားလာတယ်။ ခပ်စိမ်းစိမ်းဆိုပါတော့။ အရင်တုန်းကလိုပျော် ပျော်ရွှင်ရွှင်မဟုတ်ဖူး။ စိတ်ဆတ်လာတယ်။ နေမထိထိုင်မသာ ဖြစ်ရတယ်။ ဘာမဟုတ်တာကလေးနဲ့ စိတ်တိုတယ်။ ဒါကြောင့် ကျုပ်က သူ့ကို "နင် ဘာဖြစ်ရသလဲ"လို့ ခဏ ခဏ မေးမိ တယ်။

သူက "ဘာမှ မဖြစ်ပါဘူး။ ကျုပ်ဖာသာကျုပ် နေစမ်းပါ ရစေ"လို့ဆိုတယ်။

အဲ စနေနေ့ ညနေကျတော့ ကျုပ်တို့အံမှန်းအတိုင်း သိလာရ တယ်။ တိမ်တလုံးက ပြန်ပြောတာကိုး။ ဒီလိုဗျာ၊ ကျုပ်တို့ ထ မင်းဆိုင်ထဲက အခန်းထဲမှာ ခါတိုင်းလိုဘဲ ထမင်းစားမလို့ စုပြီး ထိုင်ကြတယ်။ ဟင်းချိုကလေးကို သောက်ရင်း နောက်ထပ် ချ

လာမယ့် ငါးကြော်ကို တမျှော်မျှော်နဲ့ နေတုန်းမှာ တိမ်တလုံးဟာ ပိုးဥကိုလက်ဆွဲပြီး ဝင်လာတယ်။

ပြီးတော့ "ကိုင်း၊ ဒို့ရဲဘော်တွေကို ပြောရအုံး မှာပေါ့။ ကျုပ်ပြောရမှာကတော့ တော်တော်အရေးကြီးတယ်။ အားလုံး တိုင်တိုင်ပင်ပင်နဲ့ ဆွေးနွေးကြရမှာ ပေါ့ဗျာ။ အဲ၊ ထမင်းစားရင်းပြောကြတာပေါ့လေ။ ပိုးဥကတော့ သတင်းတခု ပေးထားသဗျာ့။ အဲဒါကိုလဲ ခင်ဗျားတို့ အားလုံးကို ပြန်ပြောရမယ်ဆိုတယ်။ ဒီသတင်းက တခြားမဟုတ်ပါဘူး။ အခု ပိုးဥမှာ ကိုယ်ဝန်ရှိနေပြီ။ အဲဒီကိစ္စမှာ ကျုပ်ကတော့ အချက်နှစ်ချက်ဘဲ တင်ပြချင်တယ်။ ပထမအချက်က သူ့ကို ဒီအချိန်မှာ ကျုပ်တို့ ပစ်မထားရဘူး။ ပြီးတော့လဲ ခလေးရတဲ့အခါ သူကသာ ခလေးအဖေငါကသာ ခလေးအဖေဆိုပြီး အငြင်းမပွားရဘူး။ အဲဒါပါဘဲ" လို့ပြောတယ်။

ဒီသတင်းကို ကြားရတော့ အားလုံးဘဲ ကြက်သေသေကုန်ကြတယ်။ မှတ်ပြီဟော့လို့ တွေးမိကြတာပေါ့လေ။ ကျုပ်တို့လဲ တယောက်မျက်နှာ တယောက် ကြည့်ပြီး သူ့လွှဲချမယ် ငါ့လွှဲချမယ်လို့ အောက်မေ့နေကြတယ်။ ဒါပေမယ့် ဘယ်သူက ဘယ်သူ့ကိုလွှဲချမှာတုံး။ ကျုပ်တော့ အဲဒီတုန်းက ဪ လောကကြီးဟာ ရှုပ်ထွေးပွေလီလှပါကလား။ လူ့ဘောင် တခုလုံးကို လှော်ပြောင် နေတာပါကလား။ ဘယ်အထိ လှောင်ချက်နာ သလဲဆိုယင် ယခုကျုပ်တို့ဟာ ကျုပ်တို့ ဘယ်သူအဖေမှန်း တိတိကျကျမသိရတဲ့အထိပါဘဲကလား။ အဲသလိုတွေးမိတယ်။





ဒါပေမယ့် ကျုပ်တို့အစုအဝေးဟာ ညီညီညွတ်ညွတ်နဲ့ နေကြရမှာပါကလားဆိုတဲ့ အသိတရားက လွှမ်းမိုးလာတော့ တစတစနဲ့ ကျုပ်တို့အားလုံး စိတ်သက်သာရာ ရလာကြတယ်။ တယောက်ကိုတယောက် အားပေးလို့ပေါ့လေ။

ကျုပ်တို့အထဲမှာ ပေါက်တူးဆိုတဲ့လူကတော့ တယ်ပြီးစကားမပြောဘူးဗျာ့။ နို့ပေမယ့် ပြောမယ့်ပြောတော့လဲ တကယ့်သမာဓိရှိတဲ့စကားကိုပြောသဗျာ့။ ကျုပ်တို့ အသိုက် အဝန်းထဲမှာ တည်ငြိမ်မှုဆိုတဲ့ ရောင်ခြည်ကလေးလွှမ်းမိုးလာဘို့ရာ သူကပြောတယ်။

"ဟော့ သန်ကောင်ထက်တော့ ညဥ့်မနက်ဖူးကွ။ ဒို့အချင်းချင်းသာ ဥမကွဲသိုက်မပျက်နဲ့ ညီညွတ်ထားသာ အင်အားဆိုတာ နားလည်ကြယင် ကောင်းမယ်"

သူပြောပုံက အရှူးပါးစပ်က နတ်စကားထွက် ဆိုတာမျိုးလို ဘဲဗျာ့။ ဒါပေမယ့် ဒီကိစ္စမှာ ကျုပ်တို့ ဝိဝါဒမပွားကြပါဘူး။ ဒါဟာ ကျုပ်တို့ထုံးစံပါဘဲ။ ပြီးတော့ကျုပ်တို့အားလုံး စိတ်ရှုပ်နေကြတုံးကိုး။

အဲဒီအခါမှာ တိမ်တလုံးကဆက်ပြီး ပြောပြန်တယ်။

"ဒီအခြေအနေမှာ အခု ပိုးဥဖွင့်ပြောလို့ သိကြရပြီ။ ကျုပ်တို့အားလုံး ဘယ်သူမှ ပယောဂမကင်းဘူးခင်ဗျာ့။ ဒီတော့ မွေးလာမယ့် ကလေးကို ကျုပ်တို့အားလုံးက မွေးစားကြမယ်။ သဘောတူရင် လက်ဆွဲနှုတ်ကြဆက်ကြစမ်းပါ"

သူ့ ဒီလိုပြောတာအားလုံးသဘောတူပါတယ်။ ဒါနဲ့ဘဲ စားပွဲပေါ် ချလာတဲ့ငါးကြော်ပန်းကန်ကို ကျော်လွှားပြီး ကျုပ်တို့ လက်လှမ်းကာ နှုတ်ဆက်ကြတယ်။ ကတိပြုကြတယ်။

ကိုင်း၊ တချိထဲနဲ့ အားလုံး ကိစ္စအေးပြီ။ ပိုးဥခမျာမှာ တလပတ်လုံး သူ့စိတ်ထဲ ဘဝင်မကျ ဖြစ်နေခဲ့ရတယ်။ စိုးရိမ်နေရတယ်။ ကြောင့်ကြနေရတယ်။ ခုတော့ သူလဲ အလုံးကြီးကျသွားတယ်။

ဒီတော့ ပိုးဥက "အမယ်လေးရှင် လူတဖက်သားကို ကြင်နာတတ်ပါကလား။ ကျွန်မရဲ့ချစ်မိတ်ဆွေတွေလို့ သဘောထားပါတယ်။ ကျေးဇူးလဲတင်ပါတယ်"လို့ ဆိုသဗျာ့။

ပြီးတော့ ကျုပ်တို့အားလုံး ရွှေထားပြီး ချုန်းမဲချင့်ပါလေကရော။ သူ့ငိုတာ ဒီတခါဘဲတွေ့ဘူးသေးတယ်။

အဲဒီနေ့ကစပြီး လေ့ထဲမှာဆိုယင် ကျုပ်တို့တတွေဟာ မမွေးရသေးတဲ့ ကလေးအကြောင်းကို မွေးပြီးပြီလို့ သဘောထားပြီး ပြောကြဆိုကြ တိုင်ပင်ကြတယ်။ ပဲ့ကိုင်သူ ပိုးဥရဲ့ ကိုယ်ခန္ဓာ တဖြည်းဖြည်း ဖောင်းလာပုံကိုကြည့်ပြီး ကိုယ်ဝန်ဆောင်အတွက် ပူရပန်ရ ဖြစ်လာကြတယ်။ ပိုတော့လဲ ပိုလွန်းသဗျာ့။ ဒါပေမယ့် ဒီကိစ္စကိုတော့ အားလုံးက တညီတညွတ်တည်း စိတ်ဝင်စားနေကြတယ်။

တခါတခါ လှေလှော်နေရင်း လှေကိုရပ်ပြီး "ပိုးဥရေ့၊ နင်ဘယ်လိုလဲဟ"လို့ မေးမိကြတယ်။

ပိုးဥက "ဘာပြောချင်တာလဲ"လို့ ပြန်မေးတယ်။





"ဟိုဒင်းလေ၊ နင်အခုမွေးယင် ယောကျ်ားကလေး မွေးမှာလား၊ မိန်းကလေးမွေးမှာလား"

"ယောကျ်ားကလေးပေါ့"

"အဲဒီ ယောကျ်ား ကလေးဟာ ဘယ်လိုများ နေမှာတုံးဟဲ့"

သို့ကလိုမေးတယ်ဆိုယင်ဘဲ ပိုးဥဟာ စိတ်ကူးယဥ်ယဥ်နဲ့တအံ့တသြ ရှောက်ပြောတော့တာဘဲ။ မိုးမဆုံး လေမဆုံး လုပ်ကြံပြောတဲ့နေရာမှာတော့ အောချရတယ်။ ကောင်ကလေးမွေးလာယင်ဘယ်လို၊ ကြီးလာယင် ဘယ်လို။ စုံနေတာဘဲ။ သူ့အမေအဖို့တော့ သူ့သားကလေးဟာ လောကတခုပေါ့။ အမေလုပ်တဲ့သူကလဲ မိခင်မေတ္တာနဲ့ အားကြီးချစ်တတ်တယ်။ နို့ပေမယ့် ရိုးရိုးလုပ်ကိုင်နေထိုင်ရတယ်။ သားကိုချစ်တဲ့ဇောနဲ့ကြိုးစားပြီး ပြုစုမှာဘဲ။ ပိုးဥက အဲဒါတွေပြောတယ်။ သူ့ခမျာပဋိသန္ဓေနဲ့ ဆိုတော့ ကျုပ်တို့အားလုံးနဲ့မောင်လို့နှမလိုပေါ့ဗျာ။ ဒါပေမယ့်ကျုပ်တို့ငါးဦးကို အဖေငါးယောက်လို့ သူက ပြောလိုက်သေးသဗျာ့။ သူ့ကောင်ကလေး ကြီးလာယင် သင်္ဘောသားလုပ်မယ်ဆိုဘဲ။ သင်္ဘောသားအဖြစ်နဲ့ ကမ္ဘာကိုလှည့်ပြီး အမေရိကထက် ကြီးတဲ့တိုက်ကြီးကို လိုက်ရှာအုံးမယ်တဲ့ခင်ဗျာ့။ အဲ နောက်ကျတော့ သူ့သားဟာ စစ်ဗိုလ်ကြီးဖြစ်ရမယ်လို့ ဆိုပြန်ပါကရော။ စစ်ဗိုလ်ကြီးဖြစ်လာယင် အယင်က စစ်ရှုံးလို့ သူတပါးအကို ပေးလိုက်ရတဲ့ ပြင်သစ်ပိုင် ပြည်နယ်တွေကိုပြန်သိမ်းပိုက်ပြီး အလိမ်မာ အမြော်အမြင်ကြီးတဲ့ ဘုရင်မင်းဆက်ကို တည်ထောင်အုံးမတဲ့။ အဲဒီအခါမှာ ဒီဘုရင်မင်းမြတ်တွေဟာ ကျုပ်တို့ တိုင်းသူပြည်သား စိတ်ချမ်း

မြေ့အောင် အုပ်ချုပ်သွားလိမ့်မယ်ဆိုဘဲ။ အဲသလို ပြောနေတုန်း သူ့သားကလေးဟာ သိပ္ပံပညာရှင်ဖြစ်ရမယ်လို့ ဆိုပြန်ပါကရော။ အဲ သိပ္ပံပညာရှင်ဖြစ်လာယင် ရွှေဖြစ် ငွေဖြစ်တွေကိုလုပ်မယ်။ အာယုသိဒ္ဓိပြီးမြောက်တဲ့ ဆေးတွေကိုဖော်စပ်မယ်။ မသေတဲ့ ဆေးပေါ့လဗျာ။ အဲဒါပြောလို့မှမဆုံးသေးဘူး၊ သူ့သားကို လေယာဉ်ပျံ မောင်းသမားဖြစ်အောင် လုပ်ပေးမယ်လို့ ဆိုပြန်တယ်။ သူ့သား လေယာဉ်ပျံမောင်းတတ်ရင် နက္ခတ်တာရာတွေဆီ အရောက်သွားမယ်တဲ့ခင်ဗျာ့။ အဲသလို သွားနိုင်ဘို့ရာ တီထွင် မယ်ပေါ့လေ။ အာကာသတခွင်မှာ လူတွေ ပြန့်နှံ့နှံ့စင် သွားနိုင်အောင် လုပ်ပေးမယ်တဲ့ခင်ဗျာ့။ ကိုင်း ဒီခေတ်ကနေပြီး ကျုပ်တို့ လှမ်းမမြင်နိုင်တဲ့ခေတ်ကိုတောင်မှ သူကကြီးကြီးကျယ်ကျယ် အိပ်မက်ထဲမှာ လှမ်းပြီးကြည့်လိုက်သေးတယ်။

ဘုရားကိုစူးရပါစေရဲ့ဗျာ။ ကောင်မကလေးဟာ ပျော်ပျော်ရွှင်ရွှင်နဲ့ မွေးနေလိုက်တာ နွေဥတုရောက်သည်အထိပါဘဲ။

အဲ စက်တင်ဘာလ ၂၀ ရက်နေ့ကို ရောက်လာတော့ သူအိပ်မက် မက်နေတဲ့ ပူဖောင်းကြီးဟာ ပေါက်ကွဲသွားပါလေကရော့ဗျာ။ တနေ့မှာ ပိုးဥက သူ တခုခုသောက်ချင်တယ်။ ရေငတ်လွန်းလို့ပါဆိုတာနဲ့ ကျုပ်တို့က မြို့ကလေးတမြို့မှာ လှေဆိုက်ပြီး ကမ်းပေါ်တက်တယ်။

ပိုးဥဟာ အရင်လို ပေါ့ပေါ့ပါးပါးမဟုတ်တော့၊ သူ့ဟာသူ အားမရဘူး။ အထိုင်နှေး အထနှေးနဲ့၊ အရင်လို လှေပေါ်ကနေပြီး ကမ်းကိုခုန်တက်တာတို့ ဘာတို့မလုပ်နိုင်ဘူး။ အဲ၊ ဒါပေမယ့် ကျုပ်တို့က ကိုယ်လေးလက်ဝန်ရှိတဲ့လူဟာ ဒီလို အကြမ်းပတမ်း





မလုပ်ပါနဲ့လို့ ခဏခဏတားနေတဲ့အထဲ သူက ကမ်းပေါ် လွှားကနဲ ခုန်တက်လေ့ရှိတယ်။ အကြိမ်နှစ်ဆယ်မကပါဘူး။ သူဒီလို တက်တိုင်း ကျုပ်တို့ကတော့ သူ့လက်ကိုဖမ်းဆွဲပြီး ဖေးဖေးမမကူကြတယ်။

ဒါပေမယ့် ဒီတခါကျတော့ မဟန်ဘူးဗျို့။ အားကစားသမားများဟာ နေမကောင်းလို့ ဖြစ်ဖြစ်၊ ပင်ပန်းလို့ဖြစ်ဖြစ်၊ တခါတခါ ခုန်ကြပေါက်ကြတာ မှန်းခြေနဲ့ မကိုက်ဖြစ်တတ်တယ် မဟုတ်လား။ အဲ သူလဲ ဒါမျိုးဘဲ ခင်ဗျာ့။ ခါတိုင်းလိုခုန်ပေါက်မြူးတူးလုပ်ချင်တဲ့စိတ်နဲ့ လှေပေါ်မှာ မတ်တတ်ရပ်ပြီး တအားလွှဲလို့မို့ တံတားပေါ်အရောက် ခုန်တက်တယ်။

သူက အားနဲ့နေတယ်မဟုတ်လား။ ဒီတော့ တံတားပေါ် ခြေတဖက်တော့ထောက်မိပါရဲ့။ နို့ပေမယ့် ကျန်တဲ့ခြေက ချော်သွားပါလေရော့။ တံတားကလဲ ကျောက်တုံးခင်းထားတဲ့ တံတားကြီးဗျာ့။ ဒီတော့ ခြေချော်ပြီး ဗိုက်ကို ကျောက်စွန်းနဲ့ တဲ့တဲ့ဆောင့်မိပါကရော။ အဲဒါနဲ့ တအားကုန် အော်ပြီး တခါထဲ ရေထဲကျသွားတယ်။

ကျုပ်တို့ငါးယောက်စလုံး ရေထဲခုန်ချကြပါတယ်။ ပြီးတော့ မမြော့တမြော့ဖြစ်နေတဲ့ ကောင်မကလေးကို ဆယ်ကြတယ်။ သူ့ခမျာ သွေးလန့်သွားတော့ တကိုယ်လုံးဖြူဖပ်ဖြူရော်ဖြစ်နေတယ်။ ပြီးတော့ ဗိုက်က မချိမဆန့်နာတယ်ထင်ပါရဲ့။

ဒါနဲ့ ကျုပ်တို့ သူ့ကို နီးရာထမင်းဆိုင် တည်းခိုခန်းကို အမြန်ဆုံးရောက်အောင် ပွေ့ယူလာကြပြီး ကပျာကယာ ဆရာဝန်ပြေးခေါ်တယ်။

နေ့စေ့လစေ့ မဟုတ်ဘဲနဲ့ မီးဖွားရတော့ ဆယ်နာရီလောက် ကြာသဗျာ။ ဒီကလေးလောက်ကြာတဲ့အထဲမှာ နာလှချည်ရဲ့လို့ တချက်ကလေး မညည်းဘူး။ အဲဒီလောက် သတ္တိကောင်းတဲ့ မိန်းမခင်ဗျာ့။ ကျုပ်တို့ဆိုတာကတော့ မလုပ်တတ် မကိုင်တတ်နဲ့ သူ့အနားဝိုင်းပြီး မှိုင်နေကြတာဘဲ။ စိတ်လဲမကောင်းဘူး။ ကြောက်လဲ ကြောက်ရဲ့။

နောက်တော့ ချောမွေ့ကလေး မွေးပါလေရော။ ပြီးတဲ့နောက်မှာလဲ ပိုးဥကလေးကိုယ်တိုင် နေ့လား ညလားဖြစ်လာပါကရော။ ကျုပ်တို့မှာ စိတ်တထင့်ထင့်နဲ့။

တနေ့နံနက်ကျတော့မှဘဲ ဆရာဝန်လုပ်တဲ့လူက "သူ သက်သာသွားပါပြီ။ မသေနိုင်တော့ပါဘူး။ သူငယ်မဟာ စိတ်ရောကိုယ်ရော သံမဏိဘဲ ခင်ဗျာ့။ အတော်ခံနိုင်ရည် ရှိတယ်"လို့ ပြောပါတယ်။ အဲဒီတော့မှ ကျုပ်တို့လဲ စိတ်သက်သာရာရပြီး သူ့အခန်းထဲဝင်ကြည့်တယ်။

တိမ်တလုံးက ကျုပ်တို့အားလုံးရဲ့ကိုယ်စား "ပိုးဥ ကလေးရယ် မင်းသေတွင်းက လွတ်လာခဲ့ပြီကွယ်။ ဒါကြောင့်မို့ ဒို့တတွေဝမ်းသာလိုက်ထာ"လို့ ပြောတယ်။

အဲဒီတော့ ကျုပ်တို့ရှေ့တွင်ဘဲ ပိုးဥကလေး ငိုပါလေရောဗျာ။ သူငိုတာ ဒါပါနဲ့ဆိုယင် နှစ်ခါဘဲ တွေ့ဘူးသေးတယ်။ မျက်ရည်ကလေး စို့စို့နဲ့ ငိုမဲ့မဲ့သူက ပြောတယ်။

"ရှင်တို့မသိဘူးနော်။ ရှင်တို့မသိဘူး။ ကျွန်မအားကြီး စိတ်မကောင်းဘူး။ ကိုယ့်စိတ်ကို ကိုယ်ဖြေလို့လဲ ရတော့မှာ မဟုတ်ဖူး"





"ဘာဖြစ်လို့လဲ ပိုးဥရယ်"

"ကျွန်မက ကိုယ့်ကလေးကို ကိုယ်သတ်ပစ်တာဘဲလေ၊ တမင်သတ်တာတော့ မဟုတ်ဖူးပေါ့။ နို့ပေမယ့် ကျွန်မစိတ်မကောင်းဘူးတော့်"

သူကရှိုက်ရှိုက်ပြီး ငိုနေတော့ ကျုပ်တို့လဲ ဘာပြောရမှန်းမသိဘူး။ သူ့အနားဝိုင်းပြီး ငိုင်နေဘို့ဘဲ နားလည်တယ်။

ပိုးဥက တခါဆက်ပြီး "ရှင်တို့ ကလေးကို မြင်လိုက်ကြရဲ့လား" လို့ မေးသဗျာ့။

ကျုပ်တို့အားလုံး တညီထဲ "မြင်လိုက် ရပါတယ်"လို့ ဖြေတယ်။

"ယောကျ်ားကလေး ဟုတ်ကဲ့လား"

"ဟုတ်ပါတယ်"

"လှတယ်နော်"

အဲဒါကျတော့ ကျုပ်တို့လှတယ် မလှဘူး ဒိုဟာ ဖြစ်နေကြလို့ ခဏလောက် ဘာမျှပြန်မပြောတတ်အောင် ဖြစ်နေတယ်။ ဒါပေမယ့် ကျုပ်တို့အထဲမှာ ဟုတ်ဟုတ် မဟုတ်ဟုတ် ပြောချတတ်တဲ့ လူကလဲ ပါသေးတယ်။ ပြာညိုပေါ့လေ။ သူက "ကလေးက အင်မတန်လှတာဘဲ"လို့ ဆိုတယ်ခင်ဗျာ့။

ပြာညိုဆိုတဲ့ငနဲက သူဒီလိုပြောယင် စိတ်ပြေမယ်ထင်ပြီးပြောတာဘဲ။ ဒါပေမယ့် တချီထဲနဲ့ လွဲသွားပြန် သဗျာ့။ ပိုးဥဟာ စောစောက မပွင့်တပွင့်ငိုနေတယ်။ အခုတော့ ငိုကြီး ချက်မနဲ့ အော်ငိုတော့တာဘဲ။

အဲဒီတော့မှ တိမ်တလုံးက ပိုးဥကို စိတ်သက်သာ ရအောင် ပရိယာယ်လုပ်တယ်။ ကျုပ်တို့အထဲမှာ ပိုးဥကို တကယ် စွဲနေတာ တိမ်တလုံးပါဘဲ။ သူကမျက်ရည် ရွှဲရွှဲစိုနေတဲ့ ပိုးဥရဲ့ မျက်လုံးကလေးတွေကိုနမ်းပြီး "ပိုးဥ ကလေးရယ်၊ စိတ်ကောင်း ထားပါကွယ်။ ကလေးတယောက် ဆုံးသွားပေမယ့် နောက်တယောက် ရပါစေ့မယ်"လို့ ပြောလိုက်တယ်။

ပိုးဥဆိုတာက ဟာသစိတ်ဓာတ်အပြည့်အဝရှိတဲ့ ကောင်မကလေးဗျာ့။ တိမ်တလုံးက အဲသလိုလဲပြောရော ရယ်ချင်တဲ့စိတ်ကို မဖုံးနိုင် မဖိနိုင်ဖြစ်လာပါလေကရောဗျာ။ ဒါနဲ့ဘဲ ကိုယ်လက် မအီမသာနဲ့မို့ ငိုနေရတဲ့အထဲက ရည်ရွှမ်းဖတ်ရွှမ်း ဖြစ်လာပြီးတော့ အတည်ပြောတာလိုလို နောက်တာလိုလိုနဲ့ "အဟုတ်လား" လို့မေးသဗျာ့။

ကျုပ်တို့ကလဲ သံပြိုင်ဘဲ "အဟုတ်ပါ"လို့ ပြန်ပြော လိုက်တယ်။



## ရှာလီ

ပြင်သစ်ရေတပ် ဗိုလ်မှူးကြီး **ဒိလာဗာဃေး** သည် ပက်လက် ကုလားထိုင်ပေါ်၌ မှိန်းနေရာမှ "ကျုပ်ငယ်ငယ်တုန်းက မေတ္တာ တရားနဲ့ ပတ်သက်တဲ့ အတွေ့အကြုံတခု တွေ့ခဲ့ရဘူးတယ်။ အဲဒါ နားထောင်ချင်ကြရင် ကျုပ်ပြောပြမယ်"ဟု အဖွားအိုကြီးတဦး၏ တုန်ချိသော လေသံဖြင့် စကားကို စလိုက်ပါသည်။

ဗိုလ်မှူးကြီးသည် စကားပြောလျှင် မဲ့ပြုံးပြုံး၍ ပြောတတ်သည်။ ထို့ကြောင့် လူတကာက သူ့အား လောကကြီးကို ပြက်ရယ်ပြုနေသော သူတယောက်ဟု မှတ်ယူကြသည်။ ယခုလည်း ပက်လက်ကုလားထိုင်ထဲတွင် တကိုယ်လုံး နစ်နေအောင် ထိုင်ရင်း၊ မပြုံးချင်ပြုံးချင်နှင့် ပြုံး၍ပြောလိုက်သောလေသံမှာ လောကကြီးကို အယုံအကြည်မရှိဟု လှောင်ပြော ပြောသော လေသံမျိုး ဖြစ်သည်။

## ၁

ကျုပ်အသက် သုံးဆယ်အရွယ်တုန်းက ရေတပ်ဗိုလ်ကလေးတဦးပါဘဲ။ အဲဒီအခါမှာ အိန္ဒိယပြည် အလယ်ပိုင်းကို သွားရောက်ပြီး နက္ခတ္တဗေဒ သုတေသနပြုဘို့ တာဝန်ကျတယ်။ ဒီလုပ်ငန်းမှာ အင်္ဂလိပ်အစိုးရက ကျုပ်ကို အဖက်ဖက်မှာ အကူအညီ ပေးတယ်။ ဒါ့ကြောင့် ကျုပ်လဲဘဲ နောက်လိုက် နောက်ပါအနည်းငယ်နဲ့ အင်မတန်မှ ထူးထွေဆန်းပြားလှတဲ့ဒေသကို လှည့်လည်ခွင့် ရခဲ့သဗျာ့။

ကျုပ်ခရီးအကြောင်း ရေးပြရယင် ဝတ္ထု ဆယ်ပုဒ်စာလောက်ရှိမယ်။ ထူးပေ့၊ ဆန်းပေ့၊ ကြီးကျယ်ပေ့၊ခမ်းနားပေ့ဆိုတဲ့နယ်တွေကို ကျုပ်ရောက်ခဲ့ရတယ်။ ဥပမိရှုပ်နဲ့ပြည့်စုံကြတဲ့ မင်းညီမင်းသားတွေဟာ ကျုပ်ကိုကြိုဆိုညှော်ခံကြတယ်။ သူတို့ ကျုပ်ကို ဘယ်လိုဖျော်ဖြေကြတယ်ဆိုတာ ပြန်ပြောရယင် ခင်ဗျားတို့ ယုံမှာ တောင်မဟုတ်ဖူး။ ကျုပ် အဲဟိုဒေသတွေမှာ နှစ်လကြာ ခရီးထွက်ခဲ့တယ်။ သို့ကလိုခရီးထွက်တဲ့အခါ ကျုပ်စိတ်ထဲမှာတော့ ဒန္တာရီထဲကအတိုင်း မိမိစိုးစံရာ တိုင်းဌာနီကို တိုင်းခမ်း လှည့်လည်နေတဲ့ မင်းသားကလေးလို့ ကျုပ်ကိုယ်ကျုပ် ထင်မိသဗျာ့။ တခါတရံတောနက်ထဲ ဖြတ်သွားရတဲ့အခါ ထူးဆန်းတဲ့ မြို့ပျက်ကြီးတွေကို တွေ့ခဲ့ရပါတယ်။ အဲဒီမြို့ပျက်တွေမှာရှိတဲ့ တိုက်ပျက် တာပျက် မြို့ရိုးပျက်တွေဟာ ရတနာရွှေတောင်ကြီးများလိုကောင်းကင်ထဲဝေါ်ပြီး ထွက်နေတယ်။ တချို့ အဆောက်အအုံတွေကတော့ ကြိုးတို့ကျဲတဲနဲ့မို့ အဝေးကမြင်ရရင် ကောင်းကင်ပြင်ကို နောက်ခံပြုပြီး ခြူးနွယ်ခြူးပန်းတွေ ဆင်ထားသလိုဘဲ။ တချို့ အဆောက်အအုံ





တွေကတော့ ရှေးခေတ် ခမ်းနားကြီးကျယ်သမျှတွေကို မော်ကွန်းထိုးထားတဲ့ စေတီပုထိုးများအတိုင်းပါဘဲ။ ဒါတွေကို ကြည့်ရတာ အင်မတန်မှ ကျက်သရေရှိပါတယ်။ ဒီပုံပန်းသဏ္ဍာန်တွေကို အဝေးကနေပြီး ကြည့်တဲ့အခါ သူရသာတီ နတ်ဒေဝီ ဖမ်းစားသလို အရူးအမူး ဖြစ်ရတော့မလောက်ပါဘဲ။ ဒါ့ကြောင့် စာရေးဆရာကြီးတဦး ပြောတာလို ကျုပ်မှာဖြင့် ခရီးထွက်တဲ့အခါ အိပ်ရာမှ နိုးနေတဲ့ အထဲက အိပ်မက်မက်နေသလိုဘဲ။

ခရီးဆုံးတော့ မြို့တမြို့ကို ရောက်သွားပါတယ်။ ရှေးတုန်းကတော့ ဒီမြို့ဟာ အိန္ဒိယအလယ်ပိုင်းမှာ အင်မတန်စည်ကားတဲ့ မြို့ပါဘဲ။ ခုတော့ မြို့ပျက်ဖြစ်နေပါပြီ။ ဟိုတုန်းက အဲဒီမြို့ကို မင်းသားတပါး အုပ်ချုပ်တယ်။ ဒီမင်းသားဟာ ပစ္စည်းဥစ္စာ အင်မတန် ချမ်းသာတယ်။ နို့ပေမယ့် ရက်စက်တယ်။ ကြမ်းကြုတ်တယ်။ ကိုယ်ထင်ရာ ကိုယ်လုပ်တတ်တယ်။ အဲ အပေးအကမ်းကတော့ ရက်ရောပါရဲ့။ သူ့နာမည်ကတော့ ရာဇမဒ္ဒန်လို့ခေါ်ပါတယ်။ အရှေ့တိုင်းမှာ တွေ့ရတတ်တဲ့ မင်းမျိုး မင်းနွယ်တပါးပါဘဲ။ သူဟာ သိမ်မွေ့ချင်တဲ့အခါ အင်မတန် သိမ်မွေ့ပြီး၊ကြမ်းတမ်းတဲ့အခါ အင်မတန် ကြမ်းတမ်းတယ်။ တခါတခါ လူတဖက်သားကို အင်မတန် ချစ်တတ် ခင်တတ်တယ်။ နို့ပေမယ့် စိတ်ကြမ်းဝင်လာရင် သူ့အသက် သတ်ရမှာ မခဲယဉ်းတော့ပါဘူး။ သူ့ကိုကြည့်ရတာ သိမ်မွေ့တာနဲ့ကြမ်းကြုတ်တာ နှစ်ခုကို ပေါင်းစပ်ထားသလိုဘဲ။

ဒီမြို့ဟာ မြစ်ဝှမ်းတခုအလယ်မှာရှိတယ်။ ဘုရားပုထိုးတွေခြံရံနေတဲ့ အင်းကြီးတခုရဲ့ကမ်းနပူးပေါ်မှာ မြို့တည် ထားပါတယ်။

အဝေးကနေကြည့်ယင် မြို့ကို ဖြူဖြူဖွေးဖွေး အစက်ကလေးလို မြင်ရတယ်။ အဲ၊ တဖြေးဖြေးနဲ့ မြို့ရှိရာကိုရှောက်လာရင် အဆောက်အအုံတွေ၊ ပြာသာဒ်တွေ၊ စုလစ်မွန်ချွန်တွေကို တစတစ တွေ့ရပြီး မြို့ဟာ ကြီးသထက်ကြီးလာတယ်လို့ ထင်ရတယ်။

မြို့တံခါးဝကို ရောက်ဖို့ တနာရီခရီးလောက် လိုတဲ့အခါမှာ ကျုပ်ကို ဆင်နဲ့လာကြိုကြတယ်။ ဆင်ကို ကကြိုးတန်ဆာ အပြည့်အစုံ ဆင်ထားတယ်။ နောက်လိုက်နောက်ပါ အခြွေအရံတွေလဲ အများကြီးပါဘဲ။ မဟာရာဇာ မင်းသားကြီးက အကြိုခိုင်းလိုက်တာလို့ ကျွန်တော်ကို လာကြိုတယ်တဲ့ ခင်ဗျာ့။ ပြီးတော့ ကျုပ်လဲ အခမ်းအနားနဲ့ နန်းတွင်း ဝင်ရတယ်။

ဒီလိုအခမ်းအနားနဲ့ ရွှေတော်ဝင်ရမယ်ဆိုတော့ ကျုပ်ရာထူးနဲ့ ထိုက်တန်တဲ့ ရေတပ် ဆင်တူဝတ်စုံကို ဝတ်မယ်လို့ လုပ်ပါတယ်။ ဒါပေမယ့် မင်းသားကြီးက ကျုပ်ကို အမြန် တွေ့ချင်လှပါတယ်ဆိုလို့ ကျုပ်မှာဖြင့် အင်္ကျီလဲဘို့တောင် အချိန်မရပါဘူး။ သူသိချင်တာတွေကို ကျုပ်နဲ့တွေ့ယင် မေးမလို့ဗျာ့။ အမြန်ဆုံး သိချင်တယ်ဆိုဘဲ။

ဒါနဲ့ဘဲ ကျုပ်လဲ အဆောင်တွေခြံရံနေတဲ့ ခန်းမကြီးထဲကို ဝင်လာရပါတယ်။ ဆင်တူ စစ်ဝတ်စစ်စား ဝတ်ထားတဲ့ ညိုညိုမောင်းမောင်း စစ်သားတွေကလဲ ခန်းမဆောင်ကြီးထဲမှာ ပြည့်လို့။ အခြား အခြွေအရံ ပရိသတ်တွေဟာ ဆန်းပြားတဲ့ ဝတ်ရုံအင်္ကျီတွေကို ရတနာကိုးပါး ချယ်လှယ်ပြီး ဝတ်ဆင်ကာ စောင့်နေကြပါတယ်။





ကျုပ်ဝင်သွားတဲ့အခါ ကျုပ်ရှေ့မှာ ဝင်းဝင်းပပနဲ့ ရွှခင်းတခုကို မြင်လိုက်ရတယ်။ ညနေခင်းရဲ့ တောက်ပတဲ့ ကျက်သရေနဲ့ ပြည့်စုံတဲ့ အဲဒီရွှခင်းကတော့ တခြားမဟုတ်ပါဘူး။ နောက်မှီမပါတဲ့ သလွန်တခုပေါ်မှာ ကျုပ်ကိုစောင့်စားနေတဲ့ မဟာရာဇာလဲလျောင်းရာ သလွန်ဖြစ်ပါတယ်။ မဟာရာဇာဟာ မတုန့်မလှုပ်နဲ့ နီမြန်းတဲ့ ကိုယ်ရုံများကို ဝတ်ဆင်ထားတယ်။ သူ့တကိုယ်လုံးမှာ ဆင်ထားတဲ့ စိန်ကျောက်များဟာ ကျွန်တော့် စိတ်ထင်ဖရန့်ဒင်္ဂါး ဆယ်သန်း ဆယ့်ငါးသန်းဘိုးလောက် ရှိမယ်လို့ထင်တယ်။ သူ့ရဲ့ ဥသျှောင် အလယ်တဲ့တဲ့မှာ တပ်ဆင်ထားတဲ့ စိန်တလုံးကတော့ အင်မတန်မှ နာမည်ကျော်တဲ့ ဒေလီစိန် ဖြစ်ပါတယ်။ ဒီစိန်ဟာ ဖိတ်ဖိတ်တောက်နေပါတယ်။ မန္တလေးပြည် ပရိဟာရာမင်းဆက်တွေပိုင်တဲ့ နန်းစဉ်ရတနာတပါး ဖြစ်တယ်လို့ သိရတယ်။ မဟာရာဇာကတော့ အဲဒီမင်းဆက်က ဆင်းသက်လာတဲ့ မင်းသားကြီးပါဘဲ။

ဒီမဟာရာဇာဟာ အသက်အစိတ်လောက်ပဲ ရှိပါလိမ့်အုံးမယ်။ သူဟာ ဟိန္ဒူအမျိုးအနွယ်အစစ်အမှန် ဖြစ်တယ်လို့ ကျော်ကြားပါတယ်။ ဒါပေမယ့် ကျုပ်စိတ်ထဲမှာတော့ အမျိုးအနွယ်အားဖြင့် အာဖရိက လူမျိုးတွေနဲ့လဲ နီးစပ်လိမ့်မယ်လို့ထင်တယ်။ သူ့မျက်လုံးကို ကြည့်လိုက်ယင် တစုံတခုကို တွေ့ဝေနေတဲ့ မလှုပ်မရှက်မျက်လုံးတွေကို တွေ့ရပါတယ်။ နှုတ်ခမ်းကလဲ တွဲပါတယ်။ ပမုန်းမွေးလဲ တလိပ်လိပ်တက်နေပါတယ်။ နဖူးက ကျဉ်းတယ်။ သွားကတော့ ပြောင်နေအောင်ဖြူတာဘဲ။ တခါတခါ မရယ်ချင်ဘဲနဲ့ ပါးစပ်ဖြဲရယ်လိုက်တဲ့အခါ မင်းသားကြီးရဲ့သွားတွေဟာ တဝင်း

ဝင်းတောက်ပ ပါတယ်။ ကျုပ်ကိုမြင်တယ်ဆိုယင်ဘဲ သူထလာပြီး အင်္ဂလိပ်များလို လက်ဆွဲနှုတ်ဆက်ပါတယ်။ ပြီးတော့ သူက သူ့အနားမှာရှိတဲ့ ခုံတခုအပေါ် အထိုင်ခိုင်းတယ်။ ခုံက အတော်မြင့်တယ်ခင်ဗျာ့။ ဒါ့ကြောင့် ကျုပ်ထိုင်တော့ ကျုပ်ခြေထောက်ဟာ မြေကြီးကို ထိလုထိလုဘဲ ရှိပါတယ်။ ဒီလိုထိုင်ရတာ တော်တော် ကသိကအောက်နိုင်သဗျာ။

ကျုပ်ရောက်ပြီဆိုတာနဲ့ မဟာရာဇာက နက်ဖြန် ကျွားပစ်ထွက်မယ်လို့ စီစဉ်တယ်။ သူဟာ တနေ့တနေ့ စစ်တိုက်ဖို့နဲ့ အမဲလိုက်ဖို့ကိုသာ စဉ်းစားနေတဲ့ လူမျိုးစားဘဲ။ လူတွေဟာ ဒီအလုပ်က လွဲရင် ဒီပြင်ဘာလုပ်စရာရှိလို့တုံးလို့ တခါတခါ သူကပြောလေ့ရှိပါတယ်။ ပြီးတော့ အခု ကျုပ်က သူ့ဆီကို ရပ်ဝေးမှလာတာဟာ ဒီကိစ္စအတွက်ဘဲလို့ ယူဆနေဟန် တူသဗျာ့။ သူနဲ့အတူတူ ပျော်ပျော်ပါးပါး အမဲလိုက်ရအောင် လာတာဘဲလို့ ထင်တယ် ထင်ပါရဲ့။

ကျုပ်ဟာ သူ့ဆီက အကူအညီကို ယူရမယ့်လူ မဟုတ်လား။ ဒီတော့ ကျုပ်လဲ သူ့ကို မြှောက်ပင့် ပြောဆိုရတာဘဲ။ အဲဒါကြောင့် သူဟာ ကျုပ်ကို အများကြီး သဘောကျသွားတယ်။ ပြီးတော့ သူ့နန်းတွင်း လက်ဝေ့အကျော်အမော်တွေ လက်ဝှေ့ရေးပြတာကိုကြည့်ရအောင်ဆိုပြီး ကျုပ်ကို ချက်ချင်းခေါ်သွားတယ်။ နန်းတွင်းတနေရာမှာ လက်ဝှေ့ရေးပြဘို့ စည်းဝိုင်းကြီး တခုရှိတယ်။

မဟာရာဇာက အချက်ပေးလိုက်တယ်ဆိုယင်ဘဲ ကိုယ်တုံးလုံးနဲ့ လူနှစ်ယောက်ထွက်လာတယ်။ ဒီလူတွေရဲ့လက်တွေဟာ သံလက်





ှုပ်တပ်ထားတယ်။ ပြီးတော့ ဒီလူနှစ်ယောက်ဟာ တယောက်ကို ာယောက် ကုပ်ကြဖဲ့ကြ၊ ရိုက်ကြပုတ်ကြလုပ်တယ်။ သူတို့ရဲ့ခန္ဓာကိုယ်တွေက ညိုညိုမောင်းမောင်းနဲ့။ အဲဒီ ကိုယ်ခန္ဓာက သွေးတွေကလဲ ဒလဟောဘဲဗျို့။ စီးပြီးကျလာလိုက်ထာ။

ဒီလိုလက်ဝှေ့ရေးပြကြတာ အတော်ကြာတော့ နှစ်ယောက်သုံးဒဏ်ရာရကြပြီး တဦးက တဦးကိုဖက်လို့မို့ ကုတ်ဟယ် ဖဲ့ဟယ် ုပ်လိုက်ကြတာ တယောက်မှာတော့ လည်မျို ဟက်တက်ဖြစ်သွားတာဘဲ။ ကျန်တဲ့တယောက်ကတော့ နားရွက်သုံးပိုင်း ပြတ်ပြီး ထွက်သွားတယ်။

အဲဒီအခါ မဟာရာဇာက ကြမ်းကြုတ် ရက်စက်မှုတွေကို အင်မာန် သဘောကျနေတဲ့ လက္ခဏာနဲ့ လက်ဝှေ့ရေးပြသူတွေ ထိုးချင် ထိုးချင်း၊ ကုတ်လျှင်ကုတ်ချင်း အမျိုးမျိုးလုပ်နေတယ်။ ပါးပ်ကလဲ ကျေနပ်လွန်းလို့ တအင်းအင်းနဲ့ဖြစ်နေတယ်။ ပြီးတော့ သူက 'ချဟော့၊ ချဟော့' လို့တောင် အော်လိုက်သေးသဗျာ့။

အဲဒီအခါမှာ တယောက် လဲသွားတယ်။ အဲဒီ လဲသွားတဲ့လူမှာ သွေးချင်းချင်းနီလို့ဘဲ။ မဟာရာဇာကတော့ ပွဲပြီးတာမြန်လွန်းလို့လားမပြောတတ်ဖူး။ သိပ်ပြီး ကျေနပ်ဟန်မတူဘူး။

ပြီးတော့ သူက ကျုပ်ဖက်လှည့်ပြီး ဘယ်လိုသဘောရသလဲလို့ မေးလိုက်သေးတယ်။ ကျုပ်ကတော့ အတော် စိတ်ညစ်သွားတာဘဲ။ နို့ပေမယ့် သူကြားအောင် အော်ပြီးတော့ သူ့အကြိုက် လိုက်ပြောလိုက်တာဘဲ။ အဲဒီနောက် သူက သူ့နောက်လိုက် နောက်ပါတွေကို အမိန့်ပေးတယ်။ ကျုပ်ကို ကုချ် မဟာလ်ဆိုတဲ့

လောကီစည်းစိမ်နန်းတော်သို့ ပို့စေလို့အမိန့်ပေးတယ်။ အဲဒီ နန်းတော်မှာ ကျုပ်တည်းရတယ်။

အဲဒီနန်းတော်ဆိုတာကတော့ ဘုရင့် ဥယျာဉ်တော်အစွန်ဆုံးမှာ ဆောက်ထားတဲ့ နန်းတော်ဖြစ်ပါတယ်။ အဲဒီနန်းတော်ရဲ့ နံရံဟာ ဝိဟာရခေါ်တဲ့ ရေအိုင်ကို ကျောပေးပြီး ဆောက်ထားပါတယ်။ နန်းတော်အုတ်ခုံဟာ လေးထောင့်ပါဘဲ။ နို့ပေမယ့် အခန်း အကန့်အကန့် သုံးကန့် တဖက်တချက်မှာရှိကြပါတယ်။ အဲဒီမှာ စကြံကို မှန်းမံဆောက်လုပ်ထားပါတယ်။ ထောင့်တွေမှာ မျှော်စင် အနိမ့်အမြင့် အမျိုးမျိုး ရှိတယ်။ တချို့မျှော်စင်က တနေရာမှာ တခုဘဲ။ တချို့ကတော့ မျှော်စင်အစုံစုံ ဖြစ်ပါတယ်။ မျှော်စင်တခုနဲ့တခု မတူပါဘူး။ မျှော်စင် ဆောက်ထားပုံက နန်းတော်ထဲမှနေပြီး ကောင်းကင်သို့ ပန်းပွင့်ပန်းငုံများ ထိုးထွက်နေသလိုပါဘဲ။ မျှော်စင်ကို မိုးထားတဲ့အမိုးကလဲ အင်မတန် ထူးဆန်းပါတယ်။ တချို့ အမိုးကလေးတွေဟာ မိန်းမများ ဆောင်းတဲ့ ဦးထုပ်ကလေးတွေလိုဘဲ။

နန်းတွင်း အလယ်နာရီစင်နားမှာ လိပ်ခုံးသဏ္ဍာန် မိုမိုမောက်မောက်နဲ့ လိုဏ်တခုဆောက်ထားတယ်။ ဒီလိုဏ်ဂူကြီး မိုမောက်နေပုံက ခါးသေးပြီး ရင်ချီနေသလိုဘဲ။

နန်းမဆောင်ကြီးဆိုတာဟာအောက်က အထက်အထိ ကျောက်ဆစ်ကျောက်သားနဲ့ ထုလုပ်ပြီး ဆောက်ထားတယ်။ ကနုတ်ပန်းတွေကလဲ အမြင်တင့်တယ်လှပါဘိသနဲ့။ ကျောက်ဆစ် ရုပ်တုအမျိုးမျိုးဟာလဲ မလှုပ်မရှက်နဲ့ စိတန်းနေလိုက်ကြတာ အိန္ဒိယ





ိုင်းကြီးရဲ့ သဘာဝကို ပေါ်လွင်အောင် နိုပါတ်ခင်းထားသလိုပါဘဲ။

ခန်းမကြီးများမှာ အလင်းရောင်ရအောင် ပြူတင်းပေါက်တွေ ဖောက်ထားတယ်။ ဒီပြူတင်းပေါက်ရဲ့အထက်မှာ တပ်ထားတဲ့ မှန်ခုံးတွေမှာ ကာလပ်ဖောင်းတွေ စီလို့။ ပြူတင်းပေါက်ကလှမ်းကြည့်ယင် ဥယျာဉ်ကိုမြင်ရတယ်။ နန်းတော်အုတ်ခုံကို မဟူရာကျောက်တွေ အပြာရောင်ကျောက်တွေနဲ့ ပန်းကွက်ဖော်ပြီးခင်းထားတယ်။

ကျုပ်လဲ အဆောင်ထဲမှာ ကိုယ်လက် သန့်စင်လို့ ပြီးတယ်ဆိုယင်ဘဲ မဟာရာဇာရဲ့ နန်းတွင်းသားဖြစ်တဲ့ **ဟာရီဗဒါက** မဟာရာဇာ ကြွလာပါပြီလို့ လာပြောတယ်။ **ဟာရီဗဒါဟာ** ကျုပ်နဲ့ မဟာရာဇာတို့ စကားပြောတဲ့အခါ ဆက်သွယ်ပေးရတဲ့ စကားပြန် ဆက်သွယ်ရေးအရာရှိပါဘဲ။

မင်းသားကြီးဟာ နန္ဒင်းရောင်ဝတ်ရုံဝတ်ပြီး ဝင်လာတယ်။ ကျုပ်နဲ့ လက်ဆွဲနှုတ်ဆက်တယ်။ ပြီးတော့ ကျုပ်ကို ပြဿနာပေါင်း သောင်းခြောက်ထောင် တင်ပြတော့တာဘဲ။ ဒီကိစ္စတွေနဲ့ပတ်သက်လို့ ကျုပ်ထင်မြင်ချက်ကို တောင်းတဲ့အခါ ကျုပ်လဲဘဲ ထင်မြင်ချက် မပေးတတ် ပေးတတ်နဲ့ ပေးလိုက်ရတော့တာဘဲ။ အဲဒါပြီးတော့ သူက ကျုပ်ကို ဥယျာဉ်တဖက်မှာရှိတဲ့ နန်းတော်ပျက်ကြီးကို ပြအုံးမယ်ဆိုပြီး ခေါ်သွားတယ်။

နန်းတော်ပျက် ဆိုတဲ့အတိုင်းဘဲ အုတ်ကျိုး အုတ်ပဲ့၊ ကျောက်ကျိုး ကျောက်ပဲ့တွေဟာ တောင်ပုံ ရာပုံကြီးပါဘဲ။ အဲဒီမှာ မြောက်တွေကလဲ အုပ်ဖွဲ့ပြီး နေကြသဗျာ့။ ကျုပ်တို့ရောက်တယ်

ဆိုယင် မျောက်ထီးတွေဟာ အုတ်နံရံပေါ်တက်ပြီး ကျုပ်တို့ကို ပြုံးတုံး ပြတဲ့နဲ့ ချောက်ပြကြတယ်။ မျောက်မတွေကတော့ သူတို့ကလေးတွေကို ရင်မှာပိုက်ပြီး ထွက်ပြေးကြတယ်။ မင်းသားကြီးက ဒါတွေမြင်တော့ အသံကျယ်ကျယ်နဲ့ ခွက်ထိုးခွက်လှန် ရယ်သဗျာ့။ သူ အင်မတန်သဘောကျတာကို ကျုပ်သိအောင် ကျုပ်ကို တတောင်နဲ့တွက်ရင်း မျောက်တွေကို ပြတယ်။ ပြီးတော့ နန်းတော်ပျက်ကြီးထဲမှာ ကျုပ်တို့ ခဏတဖြုတ် ထိုင်ကြတယ်။ အဲဒီအခါမှာ အုတ်နံရံပေါ်က အချွန်တွေ အတက်တွေပေါ်မှာ မျောက်တွေက ဆောင့်ကြောင့်ထိုင်ပြီး ပမုန်းမွေး လုပ်ကာ လှုပ်ကာနဲ့ ကျုပ်တို့ကို လျှာထုတ်ပြသူက ပြတယ်။ လက်သီးဆုပ်ပြသူကလဲ ပြတယ်။

အဲဒါတွေကို ကြည့်လို့အားရတော့မှ ဝတ်ရုံဝါဝါကြီး ခြုံထားတဲ့ မဟာရာဇာဟာ ထိုင်ရာက ထတယ်။ ပြီးတော့ ကျုပ်ကို သူ့ဘေးမှာထားပြီး ကုန္ဒြေကြီးနဲ့ လမ်းဆက်လျှောက်ပြန်တယ်။ ကျုပ်ရောက်တဲ့နေ့မှာဘဲ ဒါတွေကို ပြရတဲ့အတွက် သူ့စိတ်ထဲမှာ အင်မတန် ပျော်နေတယ်မှတ်တယ်။ ပြီးတော့ သူက ကျုပ်ကို သတိရအောင် နှိုးဆော်လိုက်သေးသဗျာ့။ နက်ဖြန်ခါ ကျားပစ်ထွက်ကြမယ်တဲ့။ ကျုပ်ကို ဂုဏ်ပြုချင်လို့တဲ့ ခင်ဗျာ့။

ဒါနဲ့ဘဲ အမဲလိုက်ထွက်ကြတာပေါ့။ တခါသာ မကပါဘူး။ နှစ်ခါ၊ သုံးခါ၊ အို၊ ဆယ်ခါ အခါနှစ်ဆယ်လောက် ရှိလိမ့်မယ် ထင်တယ်။ ကျုပ်တို့လိုက်တဲ့ အမဲဆိုတာကတော့ အဲဒီဒေသမှာ ရှိတဲ့ တိရစ္ဆာန် မျိုးစုံပါဘဲဗျာ။ ကျားသစ်လဲ ပါရဲ့။ ဝက်ဝံလဲ ပါရဲ့။ ဆင်လဲ ပါရဲ့။ သမင်ကိုလဲ ပစ်တာဘဲ။ မိကျောင်းကိုထဲ





မ်းတာဘဲ။ ထာဝရဘုရား ဖန်ဆင်းတဲ့ တိရစ္ဆာန် အမျိုးအမည်များထဲက တဝက်လောက်ကို ကျုပ်တို့ အမဲလိုက်ကြတယ် ဆိုကြပါစို့ဗျာ။ ကျုပ်မှာတော့ အခုလောက် သတ္တဝါတွေ သေကြေပျက်စီး သွေးချောင်းစီးဖြစ်ရတာကို အတော်ကလေး ရွံလာသဗျာ။ ဘယ့်နှယ်ဗျာ၊ တခါလာလဲ အမဲလိုက်၊ နှစ်ခါလာလဲ အမဲလိုက်။ ဒီကလောက် သတ်ဖြတ်နေရတော့ ငြီးငွေ့လာတာပေါ့။

နောက်ဆုံးတော့ မဟာရာဇာ မင်းသားကြီးကိုယ်တိုင် အမဲလိုက်ရတာ မောသွားပြီ ထင်ပါရဲ့။ ဒါ့ကြောင့် ကျုပ်က တနေ့ကလေ နားပါရစေအုံး ဆိုတော့ သူက ကျုပ်ကို ခွင့်ပြုတယ်။ အဲဒါတောင်မှ သူက ငြိမ်ငြိမ်နေသေးတာမဟုတ်ဖူး။ ဒီအတောအတွင်းမှာ ကျုပ်ကို သူက အဖိုးတန်လက်ဆောင်တွေ ပေးလိုက်သေးသဗျာ့။ သူက ကျုပ်ကို ရတနာတွေ ပေးတယ်။ အကောင်ပျက် အခြောက်ခံထားတဲ့ တိရစ္ဆာန်ရုပ်တွေကိုလဲ ပေးတယ်။ သမင်ခေါင်း၊ သမင်ချို၊ ဝက်ဝံခေါင်း၊ ကျားသစ်ရေဆိုတာတွေကိုလဲ ပေးတယ်။ ဒါတွေကို **ဟာရီဗဒါ**က ကျုပ်အတွက် တရိုတသေ ယူလာပြီးတော့ အာဒိစ္စဝံသ နေမျိုးနွယ်တဦးကို လက်ဆောင်ပဏ္ဏာ ဆက်သနေသလို ကျုပ်ကို ဆက်သတော်မူသဗျာ့။ ဒါပေမယ့် သူ့ကြည့်ရတာ သူဟာ ကျုပ်ကို ဝမ်းတွင်းကကျိတ်ပြီး အမြင်ကတ်နေမှာပါဘဲ။

နန်းတွင်းမှာရှိကြတဲ့ အခြွေအရံတွေဟာ ကျုပ်ကို နေ့စဉ်ပွဲတော်ဆက်ကြတယ်။ ဒီပွဲတော်တွေဟာ မဟာရာဇာရဲ့စားတော်ပွဲက ပွဲတော်ကျတွေခင်ဗျာ့။ မင်းသားကြီးဆိုတာကလဲ ကျုပ်ကို

ညှော်ခံ ဖြေဖျော်ရာမှာဆိုယင် တနေ့တမျိုးဘဲ ခင်ဗျာ့။ နန်းတွင်း ကခြေသည်တွေက တမျိုး၊ မျက်လှည့်ဆရာ၊ လက်လှည့်ဆရာ၊ ဂျွမ်းသမားတွေကတမျိုး၊ စစ်ရေးပြဆိုတာတွေကလဲတမျိုး။ မျိုးစုံပါဘဲ။ ကျုပ်ကလဲ ပြသမှုကို အင်မတန် သဘောကျဟန်ဆောင် နေရသဗျာ့။ ဒါမှလဲ အိမ်ရှင်က ကျေနပ်မှာကိုး။ မင်းသားကြီး အပိုင်စားရတဲ့ တိုင်းတော် ပြည်တော်မှာ ကျက်သရေရှိမင်္ဂလာတဲ့ အကြောင်းပြနေတဲ့ဥစ္စာ ကျုပ်က သဘောမကျဘူးဆိုယင် သူ စိတ်မကောင်းဖြစ်တော့မှာပေါ့။

ကျုပ်တော့ဗျာ၊ ကျုပ်တယောက်ထဲနေဘို့ အခွင့်ရတယ်ဆို ယင် ရတဲ့အချိန်ကလေးအတွင်းမှာဘဲ မျောက်တွေကို သွားကြည့် လိုက်တာဘဲ။ မျောက်တွေနဲ့ အပေါင်းအဖော်လုပ်ရတာဟာ မဟာရာဇာ အနားမှ နေရတာထက် ပိုပြီး စိတ်ချမ်းသာစရာ ကောင်းတယ် ခင်ဗျာ့။

တညနေတော့ ကျုပ်ဟာ လမ်းလျှောက်ရာက ပြန်လာတယ်။ အဲဒီအခါမှာ ကျုပ်နေတဲ့ နန်းတော်ဆောင်တံခါးဝမှာ ဟာရီဗာ စောင့်စားနေတာကို တွေ့ရတယ်။ တွေ့တွေ့ချင်းဘဲ သူက လေး မသဲမကွဲနဲ့ ပြောသဗျာ့။ မဟာရာဇာက ကျုပ်အတွက် လက် ဆောင်ထူးပါးလိုက်တယ်ဆို ထင်ပါရဲ့။ အဲဒီ လက်ဆောင်ကိုပေး ဘို့ရာ စောစောက စိတ်မကူးခဲ့မိတဲ့ အတွက်လဲ မဟာရာဇာက တောင်းပန်လိုက်တယ် ဆိုသကိုး။ ဒီလို လက်ဆောင်မျိုးကို မပေး ခဲ့ရလို့ ကုန်ခဲ့တဲ့ ရက်တွေအတွက် နှမြောမိတယ်ဆိုတဲ့စကားမျိုး ပါသဗျာ့။





အဲသလို ဝေ့လယ်လယ်စကားတွေ ပြောပြီးတော့ မဟာရာဇာ ရဲ့ စေတမန်လဲ ပြန်ထွက်သွားပါကရော။

အဲဒါနဲ့ ကျုပ်လဲ ကိုယ့်အခန်းထဲ ကိုယ်ဝင် လာပါလေရော။ လား၊ လား၊ ကလေးမကလေး ခြောက်ယောက် မလှုပ်မယှက်နဲ့ နံရံကို မှီပြီး ကျုပ်ကို တန်းစီစောင့်နေလိုက်ကြတာ။ အားလုံး ကလေးသာသာ အရွယ်တွေချည်းဘဲဗျာ့။ ကျုပ်တော့ ဒါကို ပထမ နားမလည်ဘူး။ ကျုပ်အခန်းထဲမှာ ကလေးမကလေးတွေ စာသင်ကျောင်း ထောင်ဘို့ လွှတ် လိုက် တာ လား လို့ တောင် အောက်မေ့မိတယ်။ ဒါပေမယ့် နောက်တော့ မဟာရာဇာရဲ့အကြံ ကို ကျုပ် ရိပ်မိတယ်။ လက်စသတ်တော့ သူတို့ပြောကြတဲ့ မောင်းမ မိဿံ ဆိုတာ ဒါမျိုး ထင်ပါရဲ့ဗျာ။ သူတို့ရဲ့ လေ့ထုံးစံ ကတော့ သည်အရွယ်ကိုမှ ကညာလို့ခေါ် ထင်ပါရဲ့။

ဒါပေမယ့် ကျုပ်အဖို့ကတော့ စိတ်အတော် ရှုပ်သွားတယ်။ ဒီကလေးမကလေးတွေဟာ ကျုပ်ကို မျက်စိပြူးကျယ်ကျယ်နဲ့ ဝိုင်း ကြည့်ပြီး ကျုပ်ဟာ ဘာကိုအလိုရှိပါလိမ့်မလဲလို့ အကဲခပ်နေကြ ဟန်တူတယ်။ အဲ သူတို့က ကျုပ်ကို အဲသလိုကြည့်လေလေ၊ ကျုပ် စိတ်ထဲမှာ ရှက်လေလေဘဲဗျာ။ ကျုပ်ဖြင့် မနေတတ် မထိုင်တတ် ဖြစ်သွားတာဘဲ။

ကျုပ်လဲ သူတို့ကို ဘာက ဘယ်လိုပြောရမှန်းမသိပါဘူးဗျာ။ ကျုပ်တော့ သူတို့ကို ပြန်သာလွှတ်ချင်တာဘဲ။ ဒါပေမယ့် မဟာ ရာဇာက မြတ်မြတ်နိုးနိုးနဲ့ပေးတဲ့ လက်ဆောင် ပဏ္ဏာ ဆိုတာကို မပယ်ကောင်းဘူးတဲ့ ခင်ဗျာ့။ ပယ်တယ်ဆိုယင် ဒါဟာ မဟာ ရာဇာကို စော်ကားတာဘဲတဲ့။ ဒါကြောင့် ကျုပ်မှာတော့ ဒီ

ကလေးတအုပ်ကို ကြက်သားအုပ်မကြီးက ကြက်ကလေးတွေ စောင့်ရှောက်သလို စောင့်ရှောက်ရတော့တာဘဲ။

ကလေးမကလေးတွေဟာ ကျုပ်ကို မတုန်မလှုပ်နဲ့ ကြည့်ပြီး နေကြတယ်။ ကျုပ် ဘာအမိန့်ပေးမလဲဆိုတာကို စောင့်မျှော်နေသလိုဘဲ။ ကျုပ် မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီး ဘာအလိုရှိသလဲလို့ အကဲခပ် နေကြတယ်။ ဒီလို လက်ဆောင်မျိုးကို မလိုချင်တဲ့ အဆုံးပါဘဲ။ ကျုပ်အတွက် အတော့်ကို ဂွကျတယ်။ နောက်ဆုံးတော့ ကျုပ်ဟာ ကျုပ် ရယ်စရာဖြစ်မှာ စိုးတာနဲ့ဘဲ သူတို့အထဲက ကလေး အကြီးမကို မင့်နာမည် ဘယ်သူလဲလို့ မေးလိုက်တယ်။

ဒီတော့ ကောင်မကလေးက "ကျမနာမည် ရှာလီပါ"တဲ့။

အဲဒီ ကလေးမကလေးဟာ အသားအရေ ဆင်စွယ်ရောင်လို ဝါဝါဝင်းဝင်းနဲ့ ကျောက်ဆစ်ရုပ်ကလေးလိုဘဲ။ သူ့မျက်နှာပေါကလဲ လူကြီးလို နက်နက်နဲနဲ စဉ်းစားတတ်တဲ့ အသွင်ရှိတယ်။

နောက်တခါ ကျုပ်က သူ အဖြေရ မကျုပ်ကျုပ်အောင်ဆိုပြီး မေးလိုက်တယ်။ သူ ဘယ်လိုပြန်ပြောမလဲ ဆိုတာကို သိချင်လို့ မေးတာပါ။

"မင်း ငါ့ဆီကို ဘာလာလုပ်တာလဲ"

ကောင်မလေးက ချိုသာ ညင်းပြောင်းတဲ့အသံနဲ့ ပြန်ပြောတယ်။ "ကျွန်မဟာ အရှင့် သဘောတော်အတိုင်း အရှင်စေခိုင်းရာ ဆောင်ရွက်ပေးဘို့ အသင့်ပါဘဲ" လို့ ပြန်ပြောတယ်။ သူ့အမူအရာကို ကြည့်ရတာကတော့ ဖြစ်သမျှအကြောင်း အကောင်းချည်းဘဲလို့ သဘောထားတဲ့ အမူအရာပါဘဲ။





နောက်ပြီးတော့ ကျုပ်က အငယ်ဆုံး ကောင်မကလေးကို အဲဟိုမေးခွန်းမျိုးဘဲ ထပ်မေးကြည့်တယ်။ ကောင်မကလေးက "အရှင်စေခိုင်းရာကို ကျမ ဘာမဆို လုပ်ပါ့မယ် အရှင်" လို့ ပြန်ပြောတယ်။

ဒီကလေးမကလေးဟာ မိန်းမချောကလေး။ ဖျတ်ဖျတ် လတ်လတ် ရှိတယ်။ အဲဒါနဲ့ ကျုပ်က သူ့ကိုပွေ့ပြီး နဖူးစကို နမ်းလိုက်တယ်။ ဒီတော့ ကျန်တဲ့ ကလေးမတွေက ကျုပ်ကြိုက်တဲ့ လက်ဆောင်တွေ ကျုပ်ရွေးလိုက်တယ်လို့များ သဘောရသလား မပြောတတ်ဖူး။ ကျုပ်အခန်းထဲကထွက်သွားမယ်လို့ဟန်ပြင်တယ်။ ဒီတော့ ကျုပ်က သူတို့ကို အားလုံးထိုင်ကြစို့ကွယ်လို့ပြောပြီး၊ ကျုပ်လဲဘဲ အိန္ဒိယတိုင်းသားများလို တင်ပလ္လင်ခွေပြီးထိုင်တယ်။ သူတို့ကိုတော့ ကျုပ်ဘေးမှာထားပြီး ကျုပ်က အပျင်းပြေအောင် ပုံပြောပြတယ်။ ကျုပ်က သူတို့ပြောတဲ့ စကားကို အတော်အသင့် ပြောတတ်ပြီကိုး။

ကလေးမကလေးတွေဟာ ကျုပ်ပုံပြောတာကို ဂရုတစိုက် နားထောင်ကြတယ်။ ကျုပ်ပြောတဲ့ပုံထဲမှာ စိတ်ထိခိုက်စရာ ပါယင် သူတို့လဲ စိတ်ထိခိုက်လာကြတယ်။ ဒီအခိုက်မှာတော့ သူတို့ဟာ မဟာရာဇာက ကျုပ်ဆီကို ဘာ့ကြောင့် ပို့လိုက်ရတယ်ဆိုတဲ့ အကြောင်း တရားတွေ မေ့မေ့ ပျောက်ပျောက် ဖြစ်သွားကုန်ကြတယ်ထင်ပါရဲ့။

ကျုပ် သူတို့ကို ပုံပြောပြီးတဲ့အခါ ကျုပ်လှုယံတော် လက္ခုမန်ကိုခေါ်ပြီး မုံ့ပဲချိုချဉ် သရေစာတွေကို အယူခိုင်းတယ်။ ကလေးမကလေးတွေကို ကျွေးတယ်။ အဲဒီတော့ သူတို့က တဝကြီးစား

လိုက်ကြတာ နေထိုင်မကောင်းဖြစ်မှာတောင်စိုးမိတယ်။ နောက်ပြီးတော့ ဒီသူငယ်မကလေးတွေ ပျော်ပျော်ရွှင်ရွှင် ကစားကြဖို့ ကျုပ်က ကစားတဲ့နည်းသစ်တွေ တီထွင်ပေးရတယ်။

အဲဒီလိုကစားတဲ့အခါ ကျုပ်က သူတို့ပျော်ပါစေဆိုပြီး နည်းတနည်းထွင်ပေးလိုက်တာက အတော်နေရာအကျသာဘဲ။ ကျုပ်ကထိုင်ရင်း ကျုပ်ခြေထောက်နှစ်ချောင်းကို အသာကလေး ကြွပေးလိုက်တယ်။ အဲဒီအခါမှာ ကလေးတွေက တံတားအောက်ခေါင်းလျှိုဝင်သလို ကျုပ်ခြေထောက်နှစ်ချောင်းအောက် ခေါင်းလျှိုဝင်ကြတယ်။ သူတို့အထဲမှာ အငယ်ဆုံးက ပထမဆုံးဝင်ရတယ်။ အရပ် နဲနဲမြင့်တဲ့ ကလေးမတွေကတော့ နောက်မှဝင်ရတယ်။ အဲဒီလိုဝင်ပြီဆိုယင် အကြီးမတွေက အငယ်မတွေလို ငုံ့ပြီးမဝင်နိုင်တော့ တယောက်နဲ့တယောက် တိုးမိဝှေ့မိကြတယ်။ အဲဒီလိုဖြစ်ယင် သူတို့အားလုံး ရယ်ကြတာဘဲ။ အငယ်မကလေးတွေရဲ့ရယ်သံဟာ နန်းတော်ရဲ့ ခန်းမဆောင်တခုလုံး ပဲ့တင် လွှမ်းသွားတာဘဲ။ အဲဒီအခါမှာ အိပ်ပျော်နေတဲ့လူတွေနိုးကုန်မလားမပြောတတ်ဖူး။ နို့ပေမယ့် ဘာဘဲဖြစ်ဖြစ် ကလေးမကလေးတွေရဲ့ ပျော်ရွှင်မှုဟာ ခန်းမဆောင်တခုလုံး ကူးစက် ပြန့်နှံ့သွားတယ်လို့ ကျုပ်ယူဆမိတာဘဲ။

နောက်ပြီးတော့ ကလေးမကလေးတွေ အိပ်ဖို့နေရာခမ်းနားလုပ်ပေးရတယ်။ သူတို့ကို တယောက်တခန်းစီထားပြီး မိန်းမအထိန်းတော် လေးယောက်က စောင့်ရှောက်ရတယ်။ သူတို့အိပ်တဲ့အခါ ကောင်းကောင်းမွန်မွန် တံခါးမင်းတုပ်ချပြီး အိပ်ကြရတယ်။ အထိန်းတော်ကြီး လေးယောက်ဆိုတာကတော့ ကလေး





မကလေးတွေနဲ့ အတူတူကျုပ်ဆီကို မဟာရာဇာက ထဲ့လိုက်တဲ့ မိန်းမကြီးတွေပါဘဲ။

ကျုပ်တော့ အဲဒီလိုနဲ့ဘဲ ယမင်းရုပ်ကလေးတွေနဲ့တူတဲ့ ကောင်မကလေးတွေအပေါ်မှာအဖေလိုစောင့်ရှောက်ခဲ့ရပါတယ်။ ကျုပ်မှာဖြင့် သူတို့ ပျော်ပျော်ရွှင်ရွှင်နေပါစေလို့ သူတို့နဲ့အတူထုပ်ဆီးတမ်းဆိုလဲ ကစားရတာဘဲ။ လိုက်တမ်း ပြေးတမ်းဆိုတာလဲကစားရတာဘဲ။ တနေ့ပြီး တနေ့ ကစားပုံ ကစားနည်း အသစ်အဆန်းတွေကိုလဲ တီထွင်ပေးရတယ်။

အဲဒါနဲ့ဘဲ ကျုပ်ခန်းမဆောင်ဟာ စာသင်ကျောင်း ကလေးတကျောင်းလို ဖြစ်နေပါတယ်။ ကျုပ်ရဲ့ မိတ်ဆွေ ကလေးတွေနဲ့တူတဲ့ သူငယ်မကလေးတွေဟာ ပိုးဖဲကတ္တီပါ ရွှေချည်ထိုး မငွချည်ထိုး အဝတ်အစားတွေကိုဝတ်ဆင်ပြီး နန်းမဆောင်ရဲ့စကြံထဲမှာ တောင်ပြေး မြောက်ပြေး အပြေးအလွှား ကစားနေ ကြလိုက်တာ ခွေးလိမ်မာ ကြောင်လိမ်မာကလေးတွေ ကျနေတာဘဲ။ အဲဒီအထဲမှာ ရှာလီ ဟာချစ်စရာအကောင်းဆုံးဘဲ။ ရှက်တတ် ကြောက်တတ်တယ်။ သိမ်သိမ်မွေ့မွေ့နေတတ်တယ်။ သူဟာ ကျုပ်ကိုအားကြီးချစ်တယ်။ နို့ပေမယ့် ရှက်တတ် ကြောက်တတ်လို့ ပွံ့ပွံ့စားစားလဲ မဟုတ်ဖူး။ ဣန္ဒြေသိက္ခာရှိတယ်။ ကျုပ်ကလဲ ကျုပ်ကိုယ်ကျုပ် သူ့အဖေရယ်လို့ သဘောထားပြီး သူ့ကိုချစ်ရတာဘဲ။

များသောအားဖြင့် ကလေးမကလေးတွေဟာ ကျုပ်နေထိုင်ရာ နန်းတွင်းမှာ ကြောင်ကလေးတွေလို ခုန်ပေါက် မြူးတူးနေလေ့ ရှိတယ်။ ဒါပေမယ့် ရှာလီဟာ ကျုပ်အနားက တဖဝါးမှ

မခွာဘူး။ ကျုပ် မဟာရာဇာရွှေတော်ကို ဝင်တဲ့အခါမျိုးမှ လွဲလို့ပေါ့လေ။ ရှာလီနဲ့ ကျုပ်ဟာ နန်းတော်ပျက်ကြီးဆီကို သွားပြီး မျောက်တွေဆော့တာကို နှစ်ဦးသားအတူတူ ကြည့်လေ့ ရှိပါတယ်။ မျောက်တွေကလဲ ကျုပ်တို့လာနေကျမို့ အတော်ကလေး ယဉ်ပါးလာပါပြီ။

ရှာလီဟာ အဲဒီလိုအခါမျိုးမှာ ကျုပ်ဒူးပေါ် မေးကလေးတင်ပြီး စိတ်ထဲမှာ တောင်တွေး မြောက်တွေး တွေးနေတတ်ပါတယ်။ တခါတခါတော့လဲ သူဒီလို တောင်တွေး မြောက်တွေး တွေးနေတာမဟုတ်ဖူးလို့ ထင်ရပါတယ်။ ဘာ့ကြောင့် ဆိုတော့ သူ့ချစ်စရာကောင်းတဲ့ မျက်နှာကလေးဟာ အိပ်မက် မက်နေတဲ့ လူရဲ့မျက်နှာလို တွေဝေနေတာ မြင်ရလို့ ဖြစ်ပါတယ်။ တခါတခါ မတုန်မလှုပ် ကျောက်ရုပ်ကလေးလိုဘဲ။

တနေ့မှာကျုပ်ဟာ ကြေးလင်ပန်းထဲ စားစရာ သောက်စရာ သစ်သီး ဝလံတွေထဲ့ပြီး ယူလာခဲ့တယ်။ အဲဒီအခါမှာ မျောက်ကြီးတွေဟာ ကျုပ်တို့ရှိရာကိုတဖြေးဖြေးနဲ့ချဉ်းကပ်လာကြတယ်။ သူတို့နောက်က မျောက်ကလေးတွေပါတယ်။ သူတို့လဲ ကြောက်ကြောက်ရွံ့ရွံ့နဲ့ လာနေတာဘဲ။ ပြီးတော့မှ ကျုပ်အနား ဝိုင်းပြီး ထိုင်ကြတယ်။ ရှေ့ကိုတော့ သိပ်ပြီး မတိုးဝံ့ဘူး။ စားစရာ သောက်စရာတွေ ကျုပ်က ဝေခြမ်းပေးမှာကို စောင့်နေကြတယ်။ အဲဒီအခါမှာ ဒီပြင်မျောက်တွေနဲ့စာယင် သတ္တိ အရှိဆုံးဆိုတဲ့ မျောက်တကောင်ဟာ ကျုပ်အနားကပ်ပြီး သူတောင်းစားလို လက်ဖြန့်တောင်းတယ်။ အဲဒီအခါမှာကျုပ်ကတခုခုကို ပေးလိုက်တယ်။ အဲဒီလိုပေးလိုက်ယင် ဒီမျောက်ဟာ သူ့မယား မျောက်မ





ဆီကို သွားပြီး တောင်းလာသမျှကို တဆင့်ပေးတယ်။ အဲဒါကို မြင်တော့ ကျန်တဲ့မျောက်တွေက ဆူကြပူကြတယ်။ မနာလိုဝန်တို ဖြစ်ကြတယ်။ ဒေါသထွက်ကြတယ်။ အဲဒီလိုဆူဆူညံညံဖြစ်နေတဲ့ အခါ ကျုပ်က ကျန်တဲ့မျောက်တွေအတွက် စားစရာများကို ဝေခြမ်းပေးလိုက်တော့မှ အားလုံးငြိမ်ကြတယ်။

ကျုပ်တော့ ညနေခင်းဆိုယင် ဝိဟာရ ရေအိုင်ကို မျှော်ကြည့်နေတာနဲ့တူတဲ့ နန်းတော်ပျက်စကြံမှာ ရှာလီနဲ့ အတူတူ လမ်းလျှောက်လေ့ ရှိပါတယ်။ တညမှာ အဲဒီလို စကားမပြောဘဲ အတူတူ လမ်းလျှောက်နေတုံး ကောင်းကင်မှာ လမင်းကြီး သာနေတာကို မြင်ရတယ်။ လမင်းဟာ ရေပြင်ပေါ်မှာ ငွေကွန်ယက်ကြီးကို ဖြန့်ပေးလိုက်သလိုဘဲ။ ရေအိုင်ရဲ့ တဖက်ကမ်းစပ်အထိ ငွေရောင်အဆင်းရှိတဲ့ ဝတ်ရုံကြီးဟာ ရစ်ပတ်သိုင်းခြုံပြီးနေတယ်။ အဝေးမှာရှိတဲ့ စေတီပုထိုးတွေဟာလဲ ရေပြင်မှာ အရောင်ဟပ်နေလိုက်ကြတာ အဝေးကနေကြည့်ယင် မှိုပွင့်ကြီးများ အရိပ်ထင်နေသလိုဘဲ။ အဲဒီအခါမှာ ရှာလီဟာ သူ့အတွေးနဲ့သူ တွေဝေပြီး နေတယ်။ အဲဒီတော့ ကျုပ်က သူ့နဖူးကလေးကို လက်နဲ့အသာပွေ့ယူပြီး သူ့ ဆံစကို နမ်းလိုက်တယ်။ သူကတော့ မျက်လုံးကြီးတွေနဲ့ မော့်ကြည့်တယ်။ သူ့ မျက်လုံးအိမ်ထဲမှာ ဒီအရပ်ဒေသရဲ့ လျှို့ဝှက်ချက်တွေ ကိန်းအောင်းနေပါကလားလို့ ကျုပ်ထင်မိတယ်။ ကျုပ် စိတ်ထဲမှာလဲ ဝေဒနာတမျိုး ခံစားလိုက်ရတယ်။ ကျုပ် ခံစားလိုက်ရတဲ့ ဝေဒနာက ကဗျာဆံတယ်လို့ဘဲ ဆိုချင်ဆိုကြရော့။ ကျုပ်စိတ်ထဲမှာ ဒီကလေးမကလေးကို ပိုင်ဆိုင်လိုက်ရတာနဲ့ဘဲ လူမျိုးတကာ

တို့ ပေါက်ဖွားရာဖြစ်တဲ့ ဒီအရပ်ဒီဒေသက ဒီလူမျိုးတွေကို ပိုင်ဆိုင်လိုက်ရသလိုလို စိတ်ထဲမှာ ထင်မိတယ်။

မဟာရာဇာဆိုတဲ့ လူကတော့ ကျုပ်ကို ခဏခဏ လက်ဆောင်ပေးနေတာဘဲ။ တနေ့မှာ မမျှော်လင့်ဘဲ သူပေးလိုက်တဲ့ လက်ဆောင်ပစ္စည်းတခုဟာ ရှာလီနဲ့ဆိုတော့ အကြိုက်တွေ့သွားတာပေါ့လေ။ ဒီလက်ဆောင်က တခြားမဟုတ်ပါဘူး။ ခရုခွံတွေ၊ ဂုံးခွံတွေ၊ ကြွေစေ့တွေ ကပ်ထားတဲ့ စက္ကူသေတ္တာကြီး ဖြစ်ပါတယ်။ ဥရောပတိုက်မှာဆိုရင် ဒီလို ကြွေသေတ္တာမျိုးကို ပင်လယ်ကမ်းနားနီးတဲ့မြို့တွေမှာ တပဲနိုနှစ်ပဲနိုနဲ့ ရောင်းလေ့ရှိတယ်။ နို့ပေမယ့် ဒီလိုတိုင်းပြည်မှာ အထူးအဆန်းဖြစ်နေလို့ ဒီသေတ္တာဟာ တန်ဘိုးမဖြတ်နိုင်တဲ့သေတ္တာဖြစ်နေတယ်။ ဘာ့ကြောင့် ဆိုတော့ ဒီသေတ္တာမျိုး ဒီနိုင်ငံကိုရောက်လာတာ ဒီတခုဘဲရှိသေးတာကိုး။ ဒါကြောင့်မို့ ကျုပ်ကလဲ ဒီသေတ္တာကလေးကို စားပွဲပေါ်တင်ထားပြီး ဘာမဟုတ်တဲ့ပစ္စည်းကလေးတခုဟာ ဒီနေရာမှာ ဘယ့်ကလောက်အဖိုးတန်လိုက်လိမ့်မလဲလို့ စဉ်းစားမိတယ်။

ရှာလီကတော့ ဒီသေတ္တာကလေးကို ခဏခဏကြည့်ပြီး ပီတိဖြစ်နေတာဘဲ။ တခါတခါသူက "အရှင်ရယ်၊ ကျွန်မ ကိုင်ကြည့်ပါရစေ"လို့ ပြောတယ်။ ကျုပ်က ကြည့်ချင် ကြည့်ပါလားလို့ခွင့်ပေးလိုက်တဲ့အခါ သူဟာ သေတ္တာ အဖုံးကို အသာကလေးဖွင့်ကြည့်တယ်။ ပြီးတော့ ဂရုတစိုက်ပြန်ပိတ်တယ်။ သေတ္တာမှာတပ်ထားတဲ့ ကနုကမာအခွံတွေကိုလဲ သူ့လက်ကလေးနဲ့အသာကိုင်ကြည့်တယ်။ သူအဲဒီလို ကိုင်တွယ်ကြည့်ရတာကိုက သူ့အဖို့အင်မတန် ပျော်စရာကောင်းနေသကိုး။





ဒီလိုနဲ့ နေလာလိုက်ထာ ကျုပ်လုပ်ရမယ့် သုတေသနလုပ်ငန်းလဲ ပြီးဆုံးပါကရော။ ဒါ့ကြောင့် ကျုပ် ပြန်ရပါတော့မယ်။ ကျုပ်မှာတော့ ရှာလီနဲ့ သံယောဇဉ် တွယ်နေတဲ့အတွက် ပြန်ရမယ့်ရက်ကို တိတိကျကျ မသတ်မှတ်နိုင်လောက်အောင် ဖြစ်ခဲ့ရပါသေးတယ်။ ဒါပေမယ့် နောက်ဆုံးတော့ ဘယ်နေ့ဘယ်ရက် ပြန်မယ်ဆိုပြီး စိတ်ကိုပိုင်းဖြတ်လိုက်ရပါတယ်။

မဟာရာဇာကတော့ ကျုပ်မပြန်ခင်အမဲလိုက်ထွက်ဖို့ လုပ်ပေးတယ်။ လက်ဝှေ့ရေးပြဘို့ စီစဉ်ပေးတယ်။ အဲဒီလိုအမဲလိုက်တာတွေ၊ လက်ဝှေ့ရေးပြတာတွေနဲ့ ဆယ့်ငါးရက်လောက် အချိန်ဖြုန်းပြီးတဲ့နောက်၊ ကျုပ်က မဟာရာဇာကို ကျွန် တော် ဖြင့် နောက်ထပ်နေလို့မဖြစ်တော့ပါဘူး။ ပြန်ပါရစေလို့ပြောရတယ်။ အဲဒါနဲ့ ကျုပ်လဲပြန်ခွင့်ရတယ်။

ကျုပ်ကပြန်မယ်လို့နှုတ်ဆက်တော့ ရှာလီဟာ ဝမ်းနည်း ပက်လက်နဲ့ ငိုတယ်။ ကျုပ်ဒူးမှာ ထိုင်ပြီး ကျုပ်ရင်ပတ် ပေါ် မေးတင်ကာ တရှိုက်ရှိုက်နဲ့ ငိုယိုလိုက်ထာ၊ ကျုပ်ဖြင့် သူ့ကို ဘယ်လိုချော့ရမှန်းတောင် မသိပါဘူး။ ကျုပ်က ပါးချင်းအပ်ပြီး တိတ်ပါကွယ်လို့ဆိုပေမယ့် မရဘူး။

နောက်တော့မှ ကျုပ်စိတ်ကူးရတယ်။ အဲဒါနဲ့ အသာထပြီး ကြွေသေတ္တာကလေးကိုယူတယ်။ ပြီးတော့ သူ့လက်ထဲ ထဲ့ပြီး "ရော့ ဒါ မင်းဘို့လက်ဆောင်ဘဲ"လို့ ပြောပြီး ပေးလိုက်တယ်။

အဲဒီတော့မှ သူပြုံးလာတယ်။ သူ့ရင်ထဲမှာရှိတဲ့ ပီတိတွေဟာ ဖြာထွက်ပြီး သူ့မျက်နှာလဲ ထွန်းတောက်လာတယ်။ ဘယ်တော့မှ ရနိုင်မယ်လို့ မထင်တဲ့ပစ္စည်းကိုရတဲ့အခါ ဝမ်းအသာကြီးသာကြ

ခဲ့တယ် မဟုတ်လား။ အခုလဲ အဲဒီအတိုင်းဘဲ။ ဒါကြောင့် သူက ကျုပ်ကိုဖက်တယ်။

**ရှာလီ**ဟာ အဲသလောက် ဝမ်းပန်းတသာ ဖြစ်နေတယ်ဆိုပေမယ့် ကျုပ်နဲ့ခွဲခွာရတော့ မျက်ရည်မဆည်နိုင်ဘဲ အပြင်းအထန် ငိုပါတယ်။

ဒီတော့ ကျုပ်ကလဲ အဖေက သမီးကို နှုတ်ဆက်သလို နဖူးဆံစနမ်းပြီး နှုတ်ဆက်တယ်။ မုံ့ပဲသားရေစာတွေကိုလဲ သူနဲ့တကွ ကလေးမကလေးတွေအားလုံးအတွက်ပါ ဝေခြမ်းပေးတယ်။ ပြီးတော့ ကျုပ်လဲဘဲ ကိုယ့်နေရင်းဌာနီကို ပြန်လာခဲ့ပါတယ်။

— ၂ —

ဒါနဲ့ဘဲ နှစ်နှစ်လောက်ကြာတော့ ကျုပ်ဟာ ဘုံဘိုင်မြို့ကို သွားဘို့ရာ တာဝန်ကျလာပြန်ပါကရော။ ကျုပ်က ဒေသကိုလဲကျွမ်းတယ်။ ဒေသဆိုင်ရာ ဘာသာစကားလဲ တတ်တယ်။ ဒီတော့ နောက်တခါ သုတေသနအဖွဲ့တခုရဲ့ လုပ်ငန်းစဉ်အတွက် ကျုပ်ပဲ လုပ်ရဘို့ဖြစ်လာတာပေါ့။

ကျုပ်လဲ ကျုပ်လုပ်ရမယ့်အလုပ်ကို ခပ်သုတ်သုတ်နဲ့ ပြီးအောင် လုပ်တယ်။ ဒီတော့မှလဲ ကျုပ် အချိန်ပို များများရမှာကိုး။ အဲသလို ရတဲ့အချိန်အတွင်းမှာ ကျုပ်ဟာ **ရာဇမဒ္ဒန်**ဆိုတဲ့ မဟာရာဇာကိုလဲတွေ့ရင်း၊ ကျုပ်အင်မတန်မှ သံယောဇဉ်ကြီးခဲ့တဲ့ **ရှာလီ** ကလေးကိုလဲ တွေ့ရင်း၊ ခရီးထွက်အုံးမယ်လို့ စိတ်ကူးမိတယ်။ ယခုလို အခါမှာ **ရှာလီ**ဆိုတာကလဲ အပျိုကြီးဖားဖား ဖြစ်နေမှာဘဲ





ခင်ဗျာ့။ သူ အဲဒီလိုရုပ်ပြောင်းလာတာကို ကျုပ် တွေ့ချင်တယ်ဗျာ။

မဟာရာဇာဟာ ကျုပ်ကို ဝမ်းပန်းတသာ ကြိုဆို ညှော်ခံပါတယ်။ ကျုပ်ရောက်တဲ့ နေ့မှာဆိုယင် သူဟာ ကျုပ် အနားက တဖဝါးမှ မခွာဘူး ခင်ဗျာ့။ ဒါပေမယ့် ညအချိန်ရောက်တော့ ကျုပ်လဲဘဲ **ဟာရီဗဒါ**ကို ခေါ်တွေ့တယ်။ ကျုပ်သူ့ကို ပထမတော့ ဝေ့လည်ချောင်ပတ်နဲ့ ဟိုမေး သည်မေး မေးတယ်။

"ဒီမှာ **ဟာရီဗဒါ**ရဲ့၊ မဟာရာဇာက ကျုပ်အတွက် လက်ဆောင်ဆိုပြီး ပေးခဲ့တဲ့ ရှာလီဆိုတဲ့ ကလေးမကလေးကို သိတယ်မဟုတ်လား"

ကျုပ်က သူ့ကိုအဲသလိုမေးလိုက်တယ်ဆိုယင် သူဟာ အတော်ဘဲ စိတ်မကောင်းဖြစ်သွားဟန် တူတယ်။ မျက်စိမျက်နှာ ပျက်သွားတယ်။

"ကျွန်တော်တို့ ဒီအကြောင်းကို မပြောဘဲနေယင် ကောင်းမယ်ဗျာ"

"ဘာဖြစ်လို့လဲဗျာ။ **ရှာလီ**ဟာ အင်မတန် ချစ်စရာကောင်းတဲ့ သူငယ်မကလေးပါဗျာ"

"ဒါပေမယ့်ဗျာ၊ ဒီသူငယ်မဟာ မကောင်းဘူးဗျာ့"

"**ရှာလီ**ဟာ မကောင်းဘူး၊ ဟုတ်လား။ ဘာဖြစ်လို့တုံး။ သူ အခု ဘယ်မှာလဲ"

"ကျွန်တော်ပြောချင်တာက ဒီလိုပါ။ **ရှာလီ**ရဲ့ အဖြစ်ဟာ ဆိုးလှပါတယ်။ သူ့ဘဝဟာ အဆိုးနဲ့ဘဲ အဆုံးသတ်ရတယ်လို့ ပြောချင်တာပါ"

"ဘယ်လိုလဲဗျ။ ရှာလီသေတယ်လို့ ပြောချင်တာလား"

"ဟုတ်တယ်။ သူ မကောင်းတာ လုပ်ခဲ့တာကိုး"

ဒီစကားကိုကြားရတော့ ကျုပ် အများကြီး စိတ်မကောင်းဖြစ်မိတာပေါ့ဗျာ။ ကျုပ်ရင်ထဲမှာ ဒိတ်ကနဲ ဖြစ်သွားတာဘဲ။ ကျုပ်ရင်ထဲမှာလဲ ဗလောင်ဆူလို့။ ဒီတော့ ကျုပ်က **ရှာလီ**ကလေးတယောက် ဘယ်လိုဖြစ်ရတာတုံး၊ အားကြီးသိချင်ပါတယ် ဆိုပြီး **ဟာရီဗဒါ**ကို မရမက မေးမိသဗျ။

အဲဒီလိုမေးလေလေ **ဟာရီဗဒါ**လဲ ကြည့်တိ ကြောင်တောင်ဖြစ်လေဘဲဗျို့။ ပြီးတော့ သူက "ဒီအကြောင်း မမေးယင် ကောင်းမယ်ဗျ" လို့ လေသံကလေးနဲ့ ပြောသဗျ။

"ဒါပေမယ့် ကျုပ်အင်မတန် သိချင်တယ်ဗျာ"

"သူက ခိုးတယ်"

"ဘယ်လို၊ ဘယ်လို။ သူက ခိုးတယ်၊ ဟုတ်စ။ ဘာကို ခိုးတာလဲ"

"ခင်ဗျ့ပစ္စည်းကို သူ ခိုးတယ်ဗျာ"

"ကျုပ်ပစ္စည်းတဲ့လား။ ခင်ဗျား ဘာကို ပြောနေတာလဲ"

"ခင်ဗျားက ဒီကနေပြီး ပြန်သွားတဲ့နေ့မှာ မဟာရာဇာက ခင်ဗျ့ကိုပေးတဲ့ ကြွေသေတ္တာကလေးကို သူ ခိုးယူတယ် ခင်ဗျ။ သူ့ လက်ထဲမှာ ခိုးထုပ်ခိုးထည်နဲ့ မိတယ်"

"ခင်ဗျားပြောတဲ့ ကြွေသေတ္တာဆိုတာ ဘယ်လိုဟာမျိုးလဲ"

"ကရုကမာခွံ၊ ဂုံးခွံတွေချယ်ထားတဲ့ ကြွေသေတ္တာကလေးဗျာ"





"ဟာ ဖြစ်မှဖြစ်ရပလေဗျာ။ ဒီကြွေသေတ္တာကို ကျုပ်က သူ့ တွက် လက်ဆောင်ပေးထားတာဗျ"

အဲဒီလိုပြောလိုက်တော့ ဟိန္ဒူအမျိုးသား **ဟာရီဗဒါ**ဆိုတဲ့ ဟာ တခါထဲ ကြက်သေသေပြီး ကျုပ်ကို ပြန်ပြောတယ်။

"ဟုတ်ပါတယ်လေ။ သူ့ ခမျာ ခင်ဗျားက အဲဒီကြွေသေတ္တာ လက်ဆောင်ပေးခဲ့ပါတယ်လို့ ကျိန်တွယ်ပြီး ပြောရှာပါရဲ့။ ပေမယ့် မဟာရာဇာလိုဘုရင်တပါးကပေးတဲ့ လက်ဆောင်ကို လိုကျေးကျွန်တဦးအား ပေးလိမ့်မယ်ဆိုတာ ဘယ်လိုနည်းနဲ့မျှ နိုင်စရာ အကြောင်းမရှိဘူး ခင်ဗျ။ ဒီတော့ မဟာရာဇာက ကို ရာဇဒဏ်ခတ်တယ်"

"အလိုလေး၊ ပြောစမ်းပါဦးဗျာ။ ဘယ်လိုများ ရာဇဒဏ်ခတ် သူ့ကို ဘယ်လိုစီရင်ကြတာတုံး"

"သူ့ကို ဂုံအိတ်ထဲထည့်ပြီး ဟောဒီပြူတင်းပေါက်ကနေပြီး အိုင်ထဲကို ပစ်ချလိုက်တယ်။ အခု ခင်ဗျားနဲ့ ကျုပ်နဲ့နေတဲ့ အ းပြူတင်းပေါက်ပါဘဲ။ သူဟာ ဒီခိုးမှုကို ဒီအခန်းမှာဘဲ ကျူး နိခဲ့တာကိုးဗျ"

ကျုပ်မှာတော့ ဒါကိုကြားလိုက်တယ် ဆိုယင်ဘဲ ရင်ထဲမှာဆို့ းတာဘဲ။ တခါမျှ ဒီကလောက် ဝမ်းမနည်းခဲ့ဘူး ပါဘူး။ ုပ်လဲဘဲ ငိုချင်လို့ မျက်ရည်စို့လာတဲ့အတွက် **ဟာရီဗဒါ**မရိပ် အောင် သူ့ကိုသွားပါတော့လို့ နှင်လွှတ်လိုက်ရတယ်။ ကျုပ် ဘဲ ရေအိုင်ကိုမိုးနေတဲ့ နန်းတော်အဆောင်စကြံမှာ အဲဒီတည ချိန်ဖြုန်းခဲ့ရသဗျာ။ အဲဒီစကြံမှာ ကျုပ်ဟာ **ရှာလီ**ကလေးရဲ့ းကို ကျုပ်ဒူးပေါ်တင်ပြီး သိပ်ခဲ့တယ်။ အခုတော့ ရှာလီဟာ

ရေအိုင်ထဲမှာ ဂူအိတ်စွပ်ပြီး ပုပ်ပွနေတဲ့ အလောင်းကောင်ကြီး ဖြစ်နေပါပေါ့လား။

နောက်တနေ့ကျတော့ မဟာရာဇာက ကျုပ်ကို မပြန်ပါ ဦးလို့ တားသော်လဲ မနေနိုင်တော့ပါဘူး။ မဟာရာဇာ စိတ်မ ကျေမနပ်ဖြစ်နေတာကို သိသော်လဲ ကျုပ်မနေဘဲ ထွက်လာခဲ့ တယ်။ အဲဒီအချိန်ကစပြီး ကမ္ဘာပေါ်မှာ ကျုပ်ချစ်တဲ့သူဟာ ရှာလီတယောက်ပဲ ရှိနေတယ်လို့ ယနေ့တိုင် ကျုပ်စွဲလန်းနေမိပါ တော့တယ်။



## သုံ့ ပန်း

သစ်တောထဲ၌ သစ်ပင် များပေါ်သို့ ဆီးနှင်းခဲ တဖျောက် ဖျောက်ကျသော အသံမှတပါး အခြား အသံမရှိ။ တိတ်ဆိတ်နေ သည်။ မှန်းတည့်ချိန်မှစ၍ ဆီးနှင်းကျသည်။ ထိုအခါ သစ်ကိုင်း များမှ ပေါင်ဒါရိုက်ထားဘိသကဲ့သို့ ဖွေးသည်။ ဆီးနှင်းများ ခဲသောအခါ၌ မလိုင်များ သစ်ကိုင်းပေါ် တင်နေသည်ဟု ထင်ရ သည်။ ထိုဆီးနှင်းခဲများသည် ချုံဖုတ်တို့ကို လွှမ်းခြုံ၍ ငွေပြား ဖြင့် မိုးပေးဘိသကဲ့သို့ရှိသည်။ လမ်းကို လွှမ်းခြုံသွားသောအခါ လည်း တလမ်းလုံးကို ငွေကော်ဇောကြီးဖြင့် ခင်းပေးဘိသကဲ့သို့ သည်။ ဤမြင်ခင်းသည် သစ်တောတခုလုံး၏ တိတ်ဆိတ်ခြင်းကို ၍ ဝိသေသရှိအောင် ဖန်တီးလျက်ရှိ၏။

တောခေါင်းကြီး၏ တဲရှေ့ ကျောက်ဆောင်ပေါ်၌ အင်္ဂျီ သက်ပြတ်နှင့် မိန်းကလေး တယောက်သည် ထင်းခွေနေသည်။

ပုဂံစာအုပ်တိုက်

ထိုမိန်းကလေးသည် သစ်တောကြီးမှ ပေါက်ဖွားသော သမီးပျို နှင့်တူလှစွာ၏။ သူ၏ကိုယ်လုံး ကိုယ်ပေါက်မှာ သေးသွယ်သော်လည်း အရပ်မြင့်၏။ ကျစ်လစ်တောင့်တင်း၏။

ထိုအတွင်း တဲထဲမှ ခေါ်သံကြားရသည်။

"ဒီညမှာတော့ ငါတို့ သား အမိ နှစ်ယောက်ထဲဘဲ ဟော့ သမီးရေ၊ မိုးချုပ်တော့မယ်။ မြန်မြန်အိမ်ထဲဝင်ပါကွယ်။ မှောင်လာယင် ဝံပုလွေကိုလဲကြောက်ရ၊ ဂျာမန်စစ်သားကိုလဲ ကြောက်ရနဲ့"

မိန်းကလေးသည် ပေါက်ခြမ်းတခုကို အားရှိပါးရှိခွဲနေသည်။ ထင်းခွဲရန် လက်ကိုရွယ်တိုင်း သူ၏ရင်မှာ ကြွရွလာသည်။

"အမေရယ်၊ ထင်းခွဲလို့ ပြီးပါတော့မယ်။ စိတ် မပူပါနဲ့၊ ကျွန်မလာခဲ့ပါမယ်။ မမှောင်သေးပါဘူး"

ထို့နောက် သူငယ်မသည် ထင်းတုံးနှင့်ထင်းပေါက်စများကို ပွေ့၍ ယူလာပြီးလျှင် မီးဖိုနား၌ ပုံ၍ ထားသည်။ ထိုနောက် တဲပြင်ဖက် ခြေတွတ်ထွက်ပြီးလျှင် ဝက်သစ်ချသားဖြင့် ပြုလုပ်ထားသော တံခါးမကြီးကိုပိတ်၏။ ထို့ပြင် အတွင်းမှ နေ၍ မင်းတုပ်ချ၏။

မိန်းကလေး၏ မိခင်သည် ပါးရေ နားရေ တွန့်၍ တုန်ချိနေသော အမယ်အိုကြီး ဖြစ်သည်။

"ညည်း အဖေ မရှိတုန်းမှာ ငါအင်မတန်စိုးရိမ်တယ်။ ဒီမိန်းမသား နှစ်ယောက်ထဲဆိုတော့ အားငယ်တယ် သမီးရဲ့"

ထိုအခါ မိန်းကလေးက "အို အမေရယ်၊ ကျွန်မ တော့ ဝံပုလွေကိုဘဲဖြစ်ဖြစ်၊ ဂျာမန် စစ်သားကိုဘဲဖြစ်ဖြစ် သတ်နိုင်ပါ





တယ်"ဟု သူ့အမေကိုပြန်ပြောရင်းမှ မီးလုံးရာနေရာ စင်မြင့်ပေါ်၌တင်ထားသော ခြောက်လုံးပူး သေနတ်ကိုလှမ်း၍ ကြည့်သည်။

ထိုသူငယ်မ၏ ယောကျ်ားသည် ဂျာမန် စစ်တပ်များ စတင်ကျူးကျော်သော အချိန်၌ ပြင်သစ်စစ်တပ်ထဲ ဝင်ရလေသည်။ ထို့ကြောင့် ယခုသူသည် အမေအို အဖေအိုတို့နှင့်အတူနေရသည်။ အဖေကြီး၏ အမည်မှာ **နစ်ကလပ်**ဟု တွင်သည်။ **နစ်ကလပ်**သည် စစ်ဖြစ်နေသော အချိန်အတွင်း လုံခြုံရာမြို့သို့ တက်မပြေးဘဲ မိမိနေထိုင်ရာ သစ်တော တဲအိမ်ကိုမစွန့်ဘဲ နေထိုင်ခဲ့လေသည်။

စင်စစ် သူနေထိုင်ရာနှင့် အနီးဆုံးဒေသတွင် ကျောက်ဆောင်ပေါ်၌ ခံတပ်ပြုထားသော မြို့တမြို့ရှိသည်။ ထိုမြို့သားတို့သည် ပြင်သစ်နိုင်ငံကိုချစ်သော မျိုးချစ်များ ဖြစ်သည်။ ထို့ကြောင့် သူတို့သည် ကျူးကျော်လာသူအား ခံချမည်ဟုဆိုပြီးလျှင် မြို့ကို အခိုင်အလုံပြုပြီးသော် ထိုမြို့၏အစဉ်အလာနှင့်လိုက်အောင် ရန်သူ ဝိုင်းထားသည်ကို ခုခံတိုက်ခိုက်ခဲ့ကြသည်။ ထိုမြို့၏ သမိုင်း အစဉ်အလာမှာ စတုတ္ထမြောက်ဟင်နရီဘုရင်နှင့် ၁၄ ကြိမ်မြောက်လူဝီဘုရင်တို့လက်ထက်တွင် ထိုကဲ့သို့ပင် ရန်သူကို ခုခံတိုက်ခိုက်ခဲ့ကြသော အစဉ်အလာဖြစ်သည်။ ဤအကြိမ်၌လည်း ရှေးကကဲ့သို့ပင် ရန်သူကိုခုခံမည်။ ဤသို့မှ မခုခံနိုင်လျှင် မိမိမြို့တွင်း၌ ရန်သူက မီးရှို့သော် ရှို့စေ၊ ငါတို့အသေခံမည်ဟူသော စိတ်ဓာတ်ဖြင့် ခုခံတိုက်ခိုက်ကြသည်။

မြို့သူ မြို့သားတို့သည် အမြောက် လက်နက်များကို စုဆောင်းကြသည်။ လူထုစစ်သည်တော်များကိုလည်း စုဆောင်းကြသည်။ တပ်ရင်းများ တပ်ခွဲများကိုလည်း ဖွဲ့စည်းကြသည်။ မြို့၏ရင်ပြင်

၌လည်း စစ်လေ့ကျင့်ရေးပြုလုပ်ကြသည်။ စစ်ရေးပြသောအခါ မှဲ့ဖုတ်သမားလည်း ပါသည်။ ချိုချဉ် ရောင်း သမားလည်း ပါသည်။ အမဲသားသည်လည်း ပါသည်။ ရှေ့နေ၊ လက်သမား စာအုပ်ဆိုင်ရှင်၊ ဘယဆေးဆိုင်ရှင် အစရှိသည်တို့လည်း ပါကြသည်။ ယခင်မြင်းတပ်အရာခံဗိုလ်ဖြစ်သူ **လာဗိုင်း** ဆိုသူသည် အချိန်မှန်မှန် စစ်သင်တန်းပေးသည်။ ယခု ထို**လာဗိုင်း**မှာ ဆိုင်ရှင်တဦး၏သမီးနှင့် အကြောင်းပါ၍ ကုန်စုံဆိုင် တည်ထားသောသူ ဖြစ်သည်။

**လာဗိုင်း**သည် မြို့ ရင်ပြင်စစ်သားစုဆောင်းရေး တပ်မှူးအဖြစ်ဖြင့် ဗိုလ်မှူးအဆင့်အတန်းရှိသော ရာထူးကို ခံယူပြီးလျှင် အမြဲတမ်းတပ်ထဲသို့ လူငယ် အများ ဝင်ရောက်သွားသည်နှင့် သူတဦးတည်းက ဒိုင်ခံ၍ ဂျာမန်တော်လှန်ရေးအတွက် စစ်သားစုဆောင်း လေ့ကျင့်ပေးလျက်ရှိသည်။ ယခင်က လူဝကြီးများသည် လမ်းကြီး လမ်းငယ် အသွယ်သွယ်တို့၌ အလုပ်အကိုင်မရှိ လမ်းသလားနေကြသည်။ သို့သော် ယခုအခါ ထိုသူတို့သည် ကိုယ်အလေးချိန်ကျ၍ ခံနိုင်ရည်ရှိအောင် ရင်ပြင်၌ ဒြိမ်းပြနေကြသည်။ ပိန်ချုံး ချည့်နည့်သော သူတို့မှာကား ကိုယ်ခန္ဓာသန်စွမ်းရေး အတွက် ဝန်ထုပ် ဝန်ပိုးထမ်းကာ လေ့ကျင့်လျက်ရှိကြသည်။

မြို့သူမြို့သားတို့သည် ဂျာမန်စစ်သားများ အလာကို စောင့်မျှော်နေကြသော်လည်း အကယ်၍ကား ထိုသူတို့ မလာကြချေ။ သို့သော် အမှန်မှာမူ ဂျာမန် စစ်တပ်သည် ခပ်လှမ်းလှမ်းတွင်ရှိနေသည်။ ထိုစစ်တပ်မှကင်းထောက်များသည် သစ်တောတဲအိမ်အနီးရှိတောအုပ်ကြီးကို နှစ်ကြိမ်တိုင်တိုင် ဖြတ်သန်း ခဲ့သည်ဟု





**နစ်ကလပ်** ကိုယ်တိုင် သတင်းရရှိထားသည်။ ထိုသတင်းကို သူကိုယ်တိုင် အပြေးအလွှား ပို့သည်။ ထို့ကြောင့် မြို့သူမြို့သားတို့သည် အမြောက်များကို တပ်ဆင်ကြ၏။ သို့သော် ရန်သူကား ပေါ်မလာချေ။

ယခုအခါ **နစ်ကလပ်**၏ တဲအိမ်သည် သစ်တောစပ်အနီးရှိ ရှေ့ပြေး စခန်းတခုဖြစ်၍နေလေပြီ။ **နစ်ကလပ်**သည် စားနပ်ရိက္ခာအတွက် တပတ်လျှင်နှစ်ကြိမ်ကျ မြို့သို့တက်၍ ယူသည်။ ထိုအခါ မြို့သူမြို့သားတို့အားလည်း နယ်သတင်းကိုပေးသည်။

ယခုလည်း သန်တုန်းမြန်တုန်းဖြစ်သော **နစ်ကလပ်**သည် အစီရင်ခံရန် မြို့သို့တက်သည်။ ထို့နောက် ယမန်တနေ့ မွန်းလွဲ ၂ နာရီ အချိန်တွင် ဂျာမန်ခြေလျင်တပ်တတပ်သည် မိမိ၏တဲအိမ်၌ နားပြီးလျှင် ချက်ချင်းလိုလိုပင် ပြန်လည် ထွက်ခွာသွားပါသည်။ ထိုတပ်ထဲမှ အရာခံဗိုလ်သည် ပြင်သစ်လို ပြောတတ်ပါသည် စသဖြင့် သတင်းပို့သည်။

တောခေါင်းကြီး**နစ်ကလပ်**သည် သတင်းပို့ရန် အိမ်မှ ထွက်သွားသောအခါ ခွေးနှစ်ကောင်ကိုခေါ်သွားသည်။ ထိုခွေး နှစ်ကောင်မှာ သားကောင်ကို မလွတ်တမ်းဖမ်းဆီးတတ်သောခြင်္သေ့ကဲ့သို့ အားကောင်းသည့် အိမ်စောင့်ခွေးဖြစ်သည်။ ထိုသို့ ခွေးခေါ်သွားရခြင်းအကြောင်းမှာ တောတွင် အလှန်သောင်းကြမ်းနေသော ဝံပုလွေရန်ကိုကြောက်၍ ခေါ်သွားရခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း အိမ်တွင် ကျန်ရစ်ခဲ့သော မယားနှင့် သမီးကို ညနေစောင်း မှောင်လာသည်နှင့် တပြိုင်နက် တံခါးကို လုံလုံပိတ်ရန် မှာကြားခဲ့ရသည်။

မိန်းမနှစ်ဦးအနက် သမီးဖြစ်သူသည် ဘာကိုမျှ မကြောက်တတ်ချေ။ အမေကြီးမှာကား အစဉ်သဖြင့် တုန်လှုပ်၍နေသည်။ "ဒီအတိုင်းသာဆိုယင် တစုံတခုတော့ ဖြစ်တော့မှာဘဲ။ ညည်း မယုံယင် စောင့်ကြည့်။တခုခုတော့ မုချဖြစ်လိမ့်မယ်"ဟု အကြိမ်ကြိမ် ညည်းတွားလေသည်။

အထူးသဖြင့် ယနေ့ညနေ၌ အဖွားကြီးသည် ခါတိုင်းထက် ပို၍ စိုးရိမ်နေဟန်ရှိသည်။ ထို့ကြောင့် သမီးအားလှည့်၍ "ညည်း အဖေ ဘယ်အချိန် အိမ်ပြန်လာမလဲဆိုတာ သိရဲ့လားအေ့"ဟု မေးလေသည်။

"၁၁ နာရီမထိုးမချင်းတော့ အိမ်ပြန်ရောက်အုံးမှာ မဟုတ်ဘူးနဲ့ တူပါတယ်။ အဖေဟာ ဗိုလ်မှူးနဲ့အတူ ထမင်းစားရတဲ့ အခါမှာ ဆိုယင် အိမ်အပြန်နောက်ကျတာချည်းပါဘဲ"ဟု၍ သမီးက ပြန်ပြောလေသည်။ ထို့နောက် သမီးဖြစ်သူသည် ဟင်းချိုနွေးရန် မီးဖိုပေါ်တွင် အိုးကိုတည်လေသည်။ ဤအတွင်း မီးဖိုဆောင်ခေါင်းတိုင်မှနေ၍ မထင်မရှား အသံတခုကိုကြားရသောကြောင့် အသာရပ်၍ နားထောင်သည်။ ပြီးလျှင် "တောထဲက ခြေသံကြားတယ်။ ဒီခြေသံဟာ ဘယ်နည်းနဲ့မဆို လူ ခုနစ်ယောက် ရှစ်ယောက်ရဲ့ ခြေသံဘဲ"ဟု သူ့အမေအား တိုးတိုးပြောလေသည်။

ထိုအခါ လန့်ဖျတ်နေသော အမေကြီးသည် ဗိုင်းငင့်ရာမှ ရုတ်တရက် ရပ်၍ "အလိုလေး ဘုရားရေ၊ ညည်းအဖေလဲ ပြန်မလာသေးပါကလား"ဟု တုန်တုန်ချည့်ချည့်ဖြင့် ဆိုလေ၏။

ဤသို့ဆို၍မျှ စကားမဆုံးမီ တံခါးကို ပြင်းထန်စွာ ခေါက်သော အသံ ကြားရသည်။ မိန်းမသားနှစ်ဦးကား ဘာမျှ အသံ





ပြန်၍ မပြုချေ။ ထို့ကြောင့် အပြင်မှတယောက်သောသူက ခက်ထန်သော အာလုပ်သံဖြင့် "တံခါးဖွင့်ဟေ့"ဟု အော်လေ၏။

သို့သော် တအောင့်မျှ အသံ တိတ်မြဲတိတ်နေသည်။ "ဟေ့ မဖွင့်ဘူးလား၊ ဖွင့်မလား။ မဖွင့်ယင် တံခါးကို ရိုက်ချိုးမယ်"ဟူသော အသံတသံ ပေါ်လာပြန်သည်။

ထိုအခါ သမီးဖြစ်သူသည် သူ့ဂါဝန်အိတ်ထဲသို့ ခြောက်လုံးပူးကိုထည့်၍ နားကို နံရံ၌ကပ်ကာ "အပြင်က ဘာသူတွေလဲတော်ရို့"ဟု အော်မေးလေ၏။

အပြင်မှ အသံတခုက "မနေ့ နေ့လယ်ကလာတဲ့တပ်စိတ်တစိတ်ပါ"ဟု ဖြေလေသည်။

"ရှင်တို့ဘာလိုချင်လို့လဲ"

"ဒီကနေ့ မနက်ခင်းကစပြီး တောထဲမှာ လမ်းမှားနေကြလို့ပါ။ တံခါးကိုဖွင့်ချင်ဖွင့်နော်၊ မဖွင့်ယင်ရိုက်ချိုးလိုက်မယ်"

ဤအခြေ၌ တောခေါင်းကြီး၏ သမီးသည် တံခါးကိုဖွင့်ပေးရန်မှတပါး အခြား ဘာကိုမျှမတတ်နိုင်တော့ပြီ။ ထို့ကြောင့် မင်းတုပ်ကို ရုတ်တရက် ဖြုတ်လိုက်သည်။ ပြီးလျှင် အလွန်တရာမှ လေးလံသော တံခါးမကြီးကို ဖွင့်ပေးလိုက်သည်။ နှင်းတောထဲတွင် ဂျာမန် စစ်သားခြောက်ယောက်ကိုမြင်ရသည်။ ထိုခြောက်ယောက်မှာ ယမန်တနေ့က ဤတဲအိမ်ကို ဖြတ်သွားခဲ့သော စစ်သားများဖြစ်သည်။ သို့သော် သူငယ်မက "ရှင် တို့ ဒီ အ ချိန် ဘာလာလုပ်ကြတာတုံး" ဟု အသံခပ်မာမာနှင့် မေးသည်။

ထိုအခါ အရာခံဗိုလ်က "ငါ မျက်စိလည်လမ်းမှားနေလို့ဟေ့။ မင်းတို့တဲအိမ်ကိုသာ ငါမှတ်မိတယ်။ တမနက်လုံး ငါလဲ ဘာမှ

မစားခဲ့ရသေးဘူး၊ ငါ့လူတွေလဲ ဘာမှမစားခဲ့ရသေးဘူး”ဟု ဆိုလေ၏။

သူငယ်မက “အခု အမေနဲ့ ကျွန်မသာ နှစ်ယောက်ထဲ ရှိပါတယ်”ဟု ဆိုလေ၏။

ထိုအခါ စိတ်ကောင်းရှိဟန်တူသောစစ်သားက “ကိစ္စမရှိပါဘူးကွယ်။ ငါနှင့်ကို ရန်မလုပ်ပါဘူး၊ ဒို့ကိုသာ ရှိတာကျွေးစမ်းပါ။ ဒို့တော့ ခြေကုန်လက်ပန်းကျပြီး အစာငတ်ရေငတ် ဖြစ်လာတယ်”ဟု ဆိုလေ၏။

ထိုအခါ မိန်းကလေးက “ဝင်ခဲ့လေ”ဟု ခေါ်ရင်း နောက်သို့ တလှမ်းဆုတ်ပေးသည်။

ထိုအခါဆီးနှင်းများဖုံးလွှမ်းလျက်ရှိသော စစ်သားများသည် တဲအိမ်သို့ဝင်လာကြသည်။ ထိုစစ်သားတို့ဆောင်းထားသော သံခမောက်ပေါ်တွင် ဆီးနှင်းခဲတို့သည် မလိုင်ဖတ်ကဲ့သို့ တင်၍နေသည်မှာ ပန်းသကြား ဖြူးထားသော ကိတ်မုန့်ကြီးများနှင့် တူလှပေသည်။ အားလုံးသောစစ်သားတို့မှာ ပင်ပန်းနွမ်းရိလျက် ရှိနေကြသည်။

တဲအိမ်တွင်း၌ ခုံတန်းရှည်နှစ်ခုဘေးတွင် ချထားသော စားပွဲကြီး တလုံး ရှိသည်။ သူငယ်မသည် ထိုခုံတန်းရှည်များကို လက်ညှိုး ထိုးပြ၍ “ကိုင်း ဒီမှာထိုင်ကြပါအုံး၊ ဟင်းချိုကလေး ကိုနွေးလိုက်ပါအုံးမယ်။ ရှင်တို့ကြည့်ရတာ အားလုံး ပန်းနေကြတာနဲ့ တူတယ်”ဟု ဆို၍ တံခါးကို ပိတ်ပြီးလျှင် မင်းတုပ်ကို ချလိုက်လေသည်။





ထို့နောက် သူငယ်မသည် ဟင်းအိုးထဲ ရေထပ်ထည့်ပြီးလျှင် အာလူးနှင့် ထောပတ်များကို ထပ်မံ ဖြည့်စွက်လေသည်။ ထို့နောက် မီးလုံသော မီးဖိုကျပ်ခိုးစင်တွင် ဆွဲထားသည့် ဝက်ပေါင်ခြောက်တတုံကိုချကာ တဝက်မျှ လှီးဖြတ်ယူပြီးလျှင် ဟင်းချိုအိုးထဲသို့ထည့်လိုက်လေသည်။

ခြောက်ဦးသော စစ်သားတို့သည် ဆာလွန်းသဖြင့် သွားရည်တမြားမြားနှင့် တောခေါင်းကြီးသမီး လုပ်နေကိုင်နေသည် ဟူသမျှ ကိုလိုက်၍ ကြည့်ကြသည်။ ဤအချိန်တွင် သူတို့သည် သူတို့နှင့်ပါသော သေနတ်နှင့်ဦးထုပ်များကို တဲအိမ်ထောင့်ကြားတွင် ဆွဲချိတ်ထားပြီးဖြစ်သည်။ စားပွဲဝိုင်း ခုံရှည်များပေါ်တွင် စားစရာကိုစောင့်နေသော စစ်သားများမှာ ဆရာမ ရှေ့တွင် စာသင်နေကြသော ကျောင်းသားကလေးများကဲ့သို့ လွန်စွာမှ ဣန္ဒြေရလှပေသည်။

မိခင်ဖြစ်သူကား ကျူးကျော် ဝင်ရောက်လာသူ တစုကို ကြောက်ကြောက်ရွံ့ရွံ့နှင့် ခိုး၍ကြည့်ပြီးလျှင် ဗိုင်းငင်မြဲ ငင်နေသည်။ ခြားရဟပ်လည်သော အသံ၊ မီးဖိုထဲမှမီးစများ ဖျစ်ဖျစ်မြည်သံ၊ ဟင်းချိုအိုးမှရေဆူသံ၊ ထိုအသံတို့မှတပါး အခြားဘာသံကိုမျှ မကြားရချေ။

ဤသည်တွင် ရုတ်တရက် အသံတခု ပေါ်လာသဖြင့် စစ်သားအားလုံးလန့်သွားကြသည်။ အပြင်ဖက်တံခါးအနီးတွင် သန်မာဖျတ်လတ်သော သားကောင်တဦး ဟောဟဲဟောဟဲနှင့် အသက်ရှူနေသောအသံနှင့် တူလေသည်။

ဂျာမန်စစ်ဗိုလ်သည် ရှတ်တရက်သေနတ်ရှိရာသို့ လှမ်း၍ သွားသည်။ ထိုအခါတောခေါင်းကြီး၏ သမီးက သူ့ကို မျက်ရိပ်ပြကာ ဟန့်လိုက်သည်။ ထို့နောက်သူငယ်မကပြုံး၍ "အပြင်ဖက်က ဝံပုလွေတွေပါ သူတို့လဲရှင်တို့လိုပေါ့ ဆာလွန်လွန်းလို့ အစာလိုက်ရှာနေကြတာပေါ့" ဟု ဆိုလေ၏။

သို့သော် စစ်ဗိုလ်ကား မယုံချေ။ အသေအချာ ကြည့်လိုသည်။ ထို့ကြောင့် တံခါးမ အထက်ရှိ လေဝင်ပေါက်ကလေးကိုဖွင့်ကြည့်သည်။ အပြင်တွင် မဲမဲမဲမဲနှင့် အကောင်ကြီး နှစ်ကောင် တလှမ်းချင်း ထွက်ခွာသွားသည်ကို မြင်လိုက်ရသည်။ ဤသည်တွင်မှ သူ့မူလ ထိုင်နေရာခုံသို့ ပြန်လာပြီးလျှင် "ကျုပ်မင်းပြောတာကို မယုံမိဘူးကွာ။ ခုတော့ဟုတ်တယ်ဟေ့" ဟု ဆိုပြီးလျှင် ဟင်းချိုကျက်အောင် စောင့်နေလေ၏။

ထို့နောက် စစ်သားတို့လည်း အငမ်းမရ စားသောက်ကြလေသည်။ စားရန်သောက်ရန် ပါးစပ်ကို ဖြဲလိုက်သောအခါများ၌ သူတို့၏ပါးစပ်ပေါက်များသည် နားရွက်အထိ ပြဲသွားသည်ဟု ထင်မှတ်ရလေတော့သည်။ စားရန်ပါးစပ်ကို ဟလိုက်သည့်အခါတိုင်း မျက်လုံးများကလည်း ပြူးကျယ်၍လာသည်။ သောက်ကြမြိုကြသည့်အခါ သူတို့လည်ချောင်းထဲမှ ထွက်လာသော အသံများသည် အိမ်သာရေပိုက်ထဲသို့ ရေလောင်းချလိုက်သော အသံများနှင့်တူသည်။

နှစ်ဦးသောမိန်းမတို့ကား စစ်သားတို့ စားရင်းသောက်ရင်းနှင့်၎င်းတို့၏ မုတ်ဆိတ်မွေး နီကျင်ကျင်များ ဆတ်ကာဆတ်ကာ လှုပ်နေသည်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြသည်။ မုတ်





ဆိတ်ကျင်စွယ်များ ခြုံရုံနေသော ပါးစပ်ပေါက်ထဲသို့ အာလူးများ တလုံးပြီးတလုံး ဝင်သွားကြသည်မှာ နောက်ထပ်ပြန်၍ မပေါ်မလာကြတော့ချေ။

စစ်သားတို့မှာ အလွန်ရေငတ်နေသည်ဟု ဆိုသောကြောင့် တောခေါင်းကြီးသမီးသည် မြေအောက်ခန်းတွင်ရှိသော ကဇော်ရည်ပုလင်းများကို ယူလာသည်။ မြေအောက် အရက်ခန်း ဆိုသည်မှာ ရှေးယခင် ပြင်သစ် တော်လှန်ရေး ခေတ်အတွင်းကရန်သူများကို အကျဉ်းချထားသော နေရာလည်းဟုတ်၏။ မိတ်ဆွေစစ်သားများ ပုန်းအောင်းစရာ နေရာလည်းဟုတ်၏။ ထိုအခန်းသို့ ဆင်းလိုလျှင် လူတကိုယ်သာဝင်ရုံရှိသော ကြောင်လိမ်လှေကားနှင့် ဆင်းရသည်။ ထိုကြောင်လိမ်လှေကားထိပ်ရှိ တံခါးပေါက်ကို မီးဖိုဆောင် နောက်ဖေးမှနေ၍ စက်ခလုတ်ဖြင့် ပိတ်လျှင် ရသည်။ ထိုအခန်းထဲသို့ သူငယ်မဝင်သွားသည်မှာ အချိန်အတော်ခန့်ကြာသည်။

သူငယ်မ ပြန်ထွက်လာသောအခါ သူ့ဖာသာသူကျိတ်၍ ရယ်သည်။ ထို့နောက် သူငယ်မက ဂျာမန် စစ်သားတို့အား အရက်တအိုးလုံးအကုန်ပေးလိုက်သည်။

ထို့နောက် သူငယ်မသည် သူ့အမေနှင့်အတူ မီးဖိုဆောင်ထဲ၌ ထမင်းစားသည်။

ဤအချိန်၌ စစ်သားများလည်း စား၍ သောက်၍ ပြီးကြပြီ။ ခြောက်ယောက်စလုံးသော သူတို့သည် စားပွဲဝိုင်း ပတ်ပတ်လည်တွင်ထိုင်ရင်း အိပ်ပျော်ကုန်ကြသည်။ တချို့တချို့၌ လက်ပေါ်နဖူးတင်၍ အိပ်နေသော သူသည် မိမိဦးခေါင်းကို မထိန်းနိုင်

သဖြင့် စားပွဲပေါ်သို့ ဦးခေါင်း လိမ့်၍ကျသည်။ ထိုအခါမှ သူသည် မိမိကိုယ်အနေအထားကို ပြန်လည်နေရာချထားပြီးနောက် အိပ်ပျော်သွားပြန်သည်။

တောခေါင်းကြီး၏သမီးက ပြင်သစ်အရာခံ ဗိုလ်အား "ရှင်မီးဖိုဘေးမှာ အိပ်ပါလား။ ရှင်တို့ခြောက်ယောက်စလုံး အိပ်ဖို့နေရာရှိပါတယ်။ ကျွန်မကတော့ အမေနဲ့အတူ အိပ်ခန်းထဲ ဝင်တော့မယ်" ဟု ပြောလေ၏။

ထို့နောက် အမေနှင့်သမီး နှစ်ဦးသား အပေါ်ထပ်သို့ တက်သွားကြသည်။ တက်သွားသောသူ နှစ်ဦး တံခါး ပိတ်သံကို အောက်မှကြားရသည်။ ခြေသံကိုလည်း ကြားရသည်။ ထို့နောက်အဖို့၌ကား အားလုံးသောအသံများ ဆိတ်လေသည်။

ဂျာမန် စစ်သားတို့ကား မီးဖိုဖက်သို့ခြေပေးကာ ကြမ်းပြင်ပေါ်တွင် ခြေဆန့်ကြသည်။ ထို့နောက် အပေါ်ရုံအင်္ကျီများကို လိပ်၍ ခေါင်းအုံးခင်းကာ အိပ်ကြသည်။ ခြောက်ဦး စလုံး ဟောက်ကြသည်။ ခြောက်ယောက်သော သူတို့ ဟောက်လိုက်သောအသံမှာ အသံသေး အသံကြောင် အသံဝါ စသည်ဖြင့် ခြောက်မျိုးမျှရှိသည်။ ထိုအသံတို့မှာ မှန်မှန် အသက် ပြင်းပြင်း ရှူနေကြသောအသံများဖြစ်သည်။

× × ×

ဂျာမန်စစ်သားများ အိပ်မောကျ၍ အတန်ကြာသောအခါ သေနတ်သံတချက် ကြားရလေသည်။ ထိုအသံမှာ အတော်ကျယ်





သဖြင့် တဲအိမ်နံရံကို ချိန်၍ပစ်လိုက်သောသေနတ်သံဟု အောက်မေ့ရသည်။ ထိုအသံကိုကြားသောအခါစစ်သားများသည် ရုတ်တရက် အိပ်ရာမှထထိုင်ကြ၏။ ဤအခိုက်တွင် ပေါက်ကွဲသံနှစ်သံ ဆက်တိုက်ပေါ်လာပြီးနောက် ထပ်မံ၍ ပေါက်ကွဲသံ သုံးသံမျှ နောက်က လိုက်လာသည်။

ဤသည်တွင် အထက်ထပ်မှ တံခါးပွင့်လာလေ၏။ တောခေါင်း၏သမီးသည် ညအိပ်အင်္ကျီကို ဝတ်ကာ လက်တဖက်တွင် ဖယောင်းတိုင်ကို ကိုင်၍ ဖိနပ်မပါဘဲနှင့် ထွက်လာသည်။ သူ၏ပုံပန်းမှာ သေလုအောင် ကြောက်ရွံ့နေသော ပုံပန်းဖြစ်သည်။ ထို့နောက် သူက "ဒီအသံတွေဟာ ပြင်သစ် စစ်တပ်က အသံတွေဘဲ။ အနဲဆုံး စစ်သား နှစ်ရာလောက် ရှိလိမ့်မယ်ထင်တယ်။ ရှင်တို့ကိုဒီနေရာမှာ တွေ့ယင်၊ ကျွန်မတို့ အိမ်ကိုပါ မီးရှို့လိမ့်မယ် ထင်တယ်။ ဒါ့ကြောင့် မြေအောက်မှာရှိတဲ့ အခန်းကို ဆင်းကြပါ။ မြန်မြန်ဆင်းနော်။ အသံလဲမပြုကြပါနဲ့။ အသံကြားယင် ကျွန်မတို့အားလုံး ဒုက္ခရောက်ကုန်ပါလိမ့်မယ်" ဟု ဆိုလေ၏။

"ကောင်းပါပြီ၊ ကောင်းပါပြီ။ ကျုပ်တို့ အားလုံး မြေအောက်အခန်းကို ဆင်းပါ့မယ်"

သူငယ်မသည် မြေအောက် အခန်းသို့ဆင်းရန် တံခါးပေါက်ကို ဖွင့်ပေးလိုက်သောအခါ စစ်သား ခြောက်ယောက် သည် ကြောင်လိမ်လှေကားမှနေ၍ အောက်သို့ ဆင်းသွားကြသည်။ ကြောင်လိမ်လှေကားဖြင့် ဆင်းသောအခါ ခြေမြဲအောင် တယောက်ပြီးတယောက် နောက်ပြန်ဆင်းကြရသည်။

နောက်ဆုံးဆင်းသွားသော စစ်သား၏ သံခမောက် မျက်စိအောက်မှ ပျောက်သွားသည်နှင့်တပြိုင်နက် တောခေါင်းကြီး၏ သမီးသည် အိမ်နံရံကဲ့သို့ ထူထပ်လှသော ဝက်သစ်ချ တံခါးဖုံးကြီးကို လက်မှလွှတ်ချလိုက်လေသည်။ ထိုတံခါးဖုံးမှာ သံမဏိကဲ့သို့ ခိုင်မာသည်။ မျောက်လက်များလည်း တပ်ထားသည်။ တံခါးသော့မှာ ထောင်တံခါးနှင့်သာ တန်သော သော့မျိုး ဖြစ်သည်။ သူငယ်မသည် ထိုသော့ကိုနှစ်ထပ်ဆင့်၍ ခတ်လိုက်သည်။ ထို့နောက်ဝမ်းထဲတွင် ကျိတ်၍ အားပါးတရ ရယ်လိုက်ပြီးလျှင် သူအကျဉ်းချလိုက်သော အကျဉ်းသမားများ၏ ဦးခေါင်းထက်မှနေ၍ ကချင် ခုန်ချင်သလိုလို ဖြစ်လာလေသည်။

စစ်သားများကား ကျောက်ဖြင့်ပြီးသော သေတ္တာ ကြီး ထဲတွင်ဝင်၍ နေရဘိသကဲ့သို့ရှိရာ မည်သည့်အသံကိုမျှ မပြုကြချေ။ လေဝင်ပေါက်ဟူ၍ သံတိုင် ကာထားသော အပေါက်ကိုသာ တွေ့ရသည်။

သူငယ်မကား ချက်ချင်းမီးမွှေးပြီးလျှင် ရေနွေးတအိုးထပ်တည်ကာ ဟင်းချိုချက်သည်။ ထို့နောက် "အပေတော့ ဒီည အင်မတန် ပင်ပန်းနေမှာပါဘဲ"ဟု မိမိကိုယ်ကိုမိမိ ပြောလေ၏။

ထို့နောက် သူသည် ခေတ္တထိုင်၍ စောင့်သည်။ နံရံတွင်ချိတ်ထားသော နာရီ၏စက်မှ ချက်ချက်မြည်သံမှတပါး အခြား ဘာသံကိုမျှမကြားရချေ။ သူသည်မစောင့်နိုင်သောကြောင့် နာရီကို မကြာခဏလှမ်းမျှော်ကြည့်ကာ "ဒီည အချိန်ကုန်ခဲ လိုက်တာနော်"ဟု ဆိုလေ၏။





တအောင့်လောက် ကြာသောအခါ မြေအောက် အခန်းမှ တီးတိုးသံများကို ကြားရသည်။ ကျောက်နံရံကို ထွင်းဖောက်လာသော အသံဗလံများမှာ မသဲကွဲလှချေ။ ဂျာမန်စစ်သားတို့သည် တောခေါင်းကြီးသမီးထောင်ခဲ့သော ထောင်ချောက်ကို သံသယရှိလာဟန်တူသည်။ ထို့ကြောင့် အရာခံဗိုလ်သည်ကြောင်လိမ်လှေကား ကလေးမှ တက်လာပြီးလျှင် မြေအောက်အခန်းတံခါးကို လက်သီးဖြင့်ထု၍ "ဖွင့်လဟေ့"ဟု အော်လေသည်။

ထိုအခါသူငယ်မသည် ထိုင်ရာမှထ၍ တံခါးဝအနားသို့ ကပ်ပြီးလျှင် အရာခံဗိုလ်၏ လေသံကိုလိုက်၍ "ဘာအလိုရှိပါသလဲရှင်"ဟု မေးလေသည်။

"တံခါးဖွင့်"

"မဖွင့်ဘူး"

မြေအောက်အခန်းထဲမှလူသည် စိတ်ထွက်လာပြီးလျှင် "နင်တံခါးမဖွင့်ယင် ငါရိုက်ချိုးလိုက်လိမ့်မယ်"ဟု အော်လေ၏။

သူငယ်မက "ရိုက်ချိုးချင်ယင် ချိုးလိုက်ပါလား စစ်သားကြီးရယ်"ဟု ရယ်၍ပြောလေ၏။

ထို့ကြောင့် အရာခံဗိုလ်သည် အောက်မှနေ၍ သေနတ်ဒင်ဖြင့် ဝက်သစ်ချ တံခါးကြီးကို ဆောင့်ထိုးသည်။ တံခါးမှာ သူ၏ခေါင်းပေါ်၌ မိုး၍နေသည်။ သို့သော် တံခါးကား သေနတ်ဒင် မဆိုထားဘိ အမြောက်နှင့် ခွင်းသော်လည်း ပွင့်လိမ့်မည်မဟုတ်။

ထို့နောက် အရာခံ ဗိုလ်သည် အောက်သို့ ဆင်းသွားပြန်သည်။ ဤအသံကို တောခေါင်းကြီး သမီးက စောင့်၍ နား

ထောင်သည်။ မြေအောက်အခန်းတွင်ရှိသော စစ်သားတို့သည် တယောက်ပြီးတယောက် ကြောင်လိမ် လှေကားပေါ်သို့ တက်လာပြီးလျှင် လူအများနှင့်စုပြီး တွန်းဖွင့်ရန်အလို့ငှာ တံခါးကို စစ်ဆေးကြည့်ရှုကြသည်။ သို့သော် ကြိုးပမ်းသမျှမှာ အချည်းနှီးဖြစ်သောကြောင့် သူတို့သည် အရက်ခန်းထဲသို့ပြန်ဆင်းသွားပြီးလျှင် ရှေးနည်းအတူ တဦးနှင့်တဦး တီးတိုး တိုင်ပင်ကြလေသည်။

သူငယ်မကား ၎င်းတို့ ပြောသည် ဆိုသည်တို့ကို ချောင်း၍ နားထောင်ပြီးလျှင် တဲအိမ် အပြင်တံခါးကိုဖွင့်၍ မှောင်ကြီးမဲမဲ ထဲမှ အသံဗလံများကို နားထောင်ကြည့်လေသည်။

အဝေးမှခွေးဟောင်သံကြားရသည်။ ထိုအခါ သူငယ်မက အမဲလိုက် မုဆိုးများကဲ့သို့ လေချွန်သံပေးသည်။ လေချွန်သံကို ကြားသည်နှင့် တပြိုင်နက် ကြီးမားသော ခွေးနက်ကောင်သည် မှောင်ထဲမှထွက်လာပြီးလျှင် သူ့အပေါ်ခုန်တက်၍ ပါးရက်နားရက် ပြုလုပ်သည်။ ထိုအခါသူငယ်မက ခွေးနက်ကောင်၏ လည်ပင်းကိုဖက်ကာ ထွက်မပြေးနိုင်အောင် ဆွဲထားသည်။ ထို့နောက် "အဖေရေ" ဟု အသံကုန် ဟစ်အော်လိုက် လေသည်။

အဖေဖြစ်သူကား အဝေးမှနေ၍ "ဘာလဲဟေ့ သမီးရေ" ဟု အော်လေသည်။

သမီးဖြစ်သူသည် အတန်ငယ် ဆိုင်းငံ့ပြီးမှ "အဖေရေ" ဟု အော်ပြန်သည်။

အဖေဖြစ်သူက ယခုအခါအနီးသို့ရောက်ရှိလာပြီဖြစ်၍ "ဘာလဲဟေ့သမီး" ဟု ထပ်မေးလေ၏။





ထိုအခါ သမီးက "အရက်ခန်း လေဝင်ပေါက် အနားကို အဖေဖြတ်မသွားနဲ့နော်၊ အရက်ခန်းထဲမှာ ဂျာမန် စစ်သားတွေ မိနေတယ်" ဟု ဆိုလေ၏။

တောခေါင်းကြီးသည် ဤအချိန်၌ သစ်ပင်နှစ်ပင် အကြားတွင် မားမားမတ်မတ် ရပ်၍နေပြီ ဖြစ်သည်။ "ဂျာမန်စစ်သားတွေ အရက်ခန်းထဲရောက်နေတာ၊ သူတို့ဘာလုပ်မလို့တုံး" ဟု သမီးကို မေးလေ၏။

ထိုအခါ သမီးက ရယ်လေသည်။ ထို့နောက် သူ စွန့်စားခဲ့ပုံကိုပြောပြလေသည်။ "ဒီစစ်သားတွေဟာ မနေ့က ကျွန်မတို့ ဆီလာတဲ့ စစ်သားတွေပေါ့။ တောထဲမှာ မျက်စိလည် လမ်းမှားလို့တဲ့ အဖေရဲ့။ ဒါကြောင့်မို့ ကျွန်မက သူတို့ကို အရက်ခန်းထဲမှာ လှောင်ထားတယ်" ဟု ဆိုရင်း ခြောက်လုံးပူးသေနတ်ကို ချောက်လှန့်ပစ်၍ စစ်သားများအား အရက်ခန်းထဲတွင် သော့ခတ်ထားရပုံအကြောင်းစုံကို အဖေ့အား ပြန်လှန် ပြောပြလေ၏။

အဖေဖြစ်သူမှာ မရယ်နိုင်ချေ။ ထို့ကြောင့် "ဒီလို အကာလ ညအခါမှာ၊ ငါ သူတို့ကို ဘယ်လိုလုပ်ရမှာတုံး" ဟု သမီးအား ခပ်တည်တည်မေးလေ၏။

ထိုအခါ သမီးဖြစ်သူက "အဖေက ဗိုလ်မှူးကြီးလာဗိုင်းနဲ့ သူ့စစ်တပ်ကို သွားခေါ်ပါလား။ သူရောက်လာရင် ဒီစစ်သားတွေကို သုံ့ပန်းအဖြစ်နဲ့ ဖမ်းမှာပေါ့။ ဒီလိုဖမ်းလို့ရယင် သူအားကြီးသဘောကျမှာဘဲ" ဟု ဆိုလေ၏။

ထိုအခါ တောခေါင်းအဖိုးကြီးက "အေး၊ ဒီအကြံ ကောင်းတယ်ပေါ့။ ဗိုလ်မှူးကြီး အကြိုက်ပဲ" ဟု ပြောဆိုကာ ရယ်နိုင်မောနိုင် ဖြစ်လာလေသည်။

သမီးဖြစ်သူကမူကား "ကျွန်မ အဖေ့ဘို့ ဟင်းချိုဟင်း ချက်ထားတယ်။ အဲဒါကို ခပ်မြန်မြန် သောက်ပြီး ဗိုလ်မှူးကြီးဆီကို သွားပေတော့" ဟု ဆိုလေ၏။

တောခေါင်းကြီးသည် ခေတ္တမျှအိမ်ထဲတွင်ထိုင်ပြီးလျှင် သူ၏ ခွေးနှစ်ကောင်အတွက် ဟင်းချိုနှစ်ပန်းကန်ကို ကြမ်းပေါ်ချပေးပြီးလျှင် သူကိုယ်တိုင်လည်း တပန်းကန် ကုန်အောင် သောက်လေသည်။

အရက်ခန်းထဲ၌လှောင်၍မိနေသော ဂျာမန် စစ်သားများမှာမူကား အထက်ထပ်မှ အသံဗလံများကို ကြားရသောကြောင့် ငြိမ်၍နေကြသည်။

ကမ်းတယာညက်ခန့်ကြာသောအခါ တောခေါင်းကြီးသည် မြို့သို့ပြန်တက်သွားသည်။ တဲအိမ်ထဲ၌ တောခေါင်းကြီး သမီးတဦးသာလျှင် လက်ပေါ်မေးတင်ရင်း စောင့်စားကာ ကျန်ရစ်ခဲ့လေသည်။

ဤသည်တွင် အကျဉ်းခံနေရသော စစ်သားတို့သည် လှုပ်လှုပ်ရှားရှား ပြုလာကြ ပြန်သည်။ သူတို့သည် ဟစ်အော်၍ အခန်းတံခါးကို သေနတ်ဒင်ဖြင့် အဆက်မပြတ် တအားဆောင့်၍ ဖွင့်ရန်ကြိုးစားကြသည်။

အရက်ခန်းရှိ လေဝင်ပေါက်မှနေ၍ အပြင်ဖက်သို့သေနတ်ဖြင့် ရမ်း၍ပစ်ကြသည်။ အနီးအနားတွင် ဂျာမန်တပ်စိတ်များ ကင်း





လှည့်နေလျှင် သူတို့ပစ်သော သေနတ်သံကို ကြားတန်ရာ၏ဟု အောက်မေ့ဟန်လက္ခဏာ ရှိသည်။

သို့သော် တောခေါင်းကြီး၏သမီးကား မလှုပ်မယှက် စောင့်မြဲစောင့်နေသည်။ အသံဗလံများသည် သူ့စိတ်ကို များစွာ အနှောင့်အရှက်ပေးသည် မှန်၏။ တချိတချိ၌ သေနတ်သံကြောင့် လန့်ဖျတ်သွားသည်လည်း မှန်၏။ သို့သော် သူ့ရင်တွင်း၌ကား ရန်သူကို အမျက်ခြောင်းခြောင်းထွက်နေသော ဒေါသစိတ်သည် လွှမ်းမိုးလျက် ရှိနေသည်။ ရန်သူဆိုသော အကောင်များကို ငြိမ်ကျသွားအောင် အစိမ်းလိုက် သတ်စားချင်သော ဆန္ဒပင်လျှင် ဖြစ်ပေါ်လာလေသည်။

ကြာကြာစောင့်နေရသည်ကို သည်းမခံနိုင်ဖြစ်လာသောအခါ တောခေါင်းကြီး၏ သမီးသည် နာရီကိုမျှော်ကြည့်၍ မိနစ်များကို တမိနစ်စီရေတွက်၍ နေလေသည်။

အဖေဖြစ်သူသည် အိမ်မှထွက်ခွာသွား၍ တနာရီခွဲလောက်ကြာသောအခါ မြို့ကိုရောက်ပေလိမ့်မည်။ မြို့သို့ရောက်လျှင် အဖေက ဗိုလ်မှူးကို အကြောင်းစုံ ပြောပြပေလိမ့်မည်။ ထိုအခါ ဗိုလ်မှူးသည် နိုးကြားထကြွလာပြီးလျှင် စစ်ဝတ်စစ်စားနှင့် သေနတ်များကို ဝတ်ဆင်ရန် သူ၏အခိုင်းအစေမိန်းကလေးကို ခေါင်းလောင်းတီး၍ ခေါ်ပေလိမ့်မည်။ ထို့နောက် မြို့၏လမ်းဆုံလမ်းမ လမ်းလေးခွတို့တွင် ဘင်သံခရာသံများ ဆူညံ၍ လာပေလိမ့်မည်။ ထိုအခါ မြို့သူမြို့သားတို့က ကြောက်ကြောက်ရွံ့ရွံ့နှင့် ပြူတင်းပေါက်မှထွက်၍ ကြည့်ကြပေလိမ့်မည်။ အရပ်သူ အရပ်သား စစ်သားတို့လည်း အကျီကို ဘိုသီဘတ်သီဝတ်ဆင်၍ အိမ်မှ ကမန်း

ကတန်း ထွက်လာကြပြီးလျှင် ခါးတွင် ခါးပတ် ပတ်ရင်းနှင့် တပ်မှူးအိမ်သို့ အပြေး အလွှား သွားကြပေလိမ့်မည်။ သူငယ်မသည် ဤအခြင်းအရာတို့ကို စိတ်ထဲတွင် ထင်မြင်တွေးတောမိလေသည်။

စစ်ချီတက်ရန် ပြင်ဆင်ပြီးကြသောအခါ ဖခင်ဖြစ်သူ တောခေါင်းကြီးသည် ရှေ့ဆုံးမှနေ၍ ညချင်းပေါက် ဆီးနှင်းတောထဲဖြတ်ကာ သစ်တောရှိရာသို့ ချီတက်လာပေလိမ့်မည် ဟူ၍လည်း ဆက်လက် စဉ်းစားမိ၏။ ထို့နောက် နာရီကို ကြည့်ပြီးလျှင် 'ဒီအချိန်မှာစပြီး ထွက်လာကြယင် တနာရီအတွင်း ဒီကိုရောက်မှာဘဲ'ဟု တွေးသည်။

ဤသို့ တွေးမိသောအခါ ပို၍ စိတ်မရှည်နိုင် ဖြစ်လာသောကြောင့် တမိနစ်ပြီးတမိနစ် အချိန်များ ရွှေ့လျားသွားသည်မှာ မဆုံးနိုင်ပါတကား၊ ကြာလှချည့် ကလားဟူ၍ စဉ်းစားသည်။

နောက်ဆုံးတွင် သူ မှုလက စိတ်ကူးဖြင့် သတ်မှတ်ထားသော အချိန်သို့ရောက်လာပြီဖြစ်ကြောင်း နာရီက သက်သေပြလေ၏။

ထို့ကြောင့် သူသည် စစ်တပ်ချီ၍လာလေပြီလောဟု အသံဗလံများကို နားထောင်ရန်အလို့ငှာ တဲအိမ်တံခါးမကို ဖွင့်ကြည့်သည်။ မှောင်ထဲတွင် အပြင်းချီတက်လာသော သူတို့၏ အရိပ်ကို မြင်ရသည်။ ရုတ်တရက် လန့်၍ အော်ပင် အော်လိုက်မိ၏။ သို့သော် ချီတက်လာသည်မှာ သူ၏အဖေပင် ဖြစ်သည်။ "နောက်ထပ် ဘာများဖြစ်သေးသလဲဆိုတာ သိရအောင် စစ်တပ်က ငါ့ကို ပထမ လွှတ်လိုက်တယ်"ဟု အဖေက သမီးအား ပြောပြ၏။





သမီးက "ဘာမှ မဖြစ်ဖူး"ဟု ပြန်ပြောသည်။ ထိုအခါ တောခေါင်းကြီးသည် ဝိစိကို အသံရှည်ရှည်ဆွဲ၍ မှုတ်လိုက်လေသည်။ မျှားမကြာမီ ရှေ့ပြေးတပ်သားဖြစ်သော လူဆယ်ယောက်တို့သည် သစ်ပင်များ အကြားထဲမှ တရွေ့ရွေ့ထွက်လာကြသည်ကို မြင်ရလေသည်။

တောခေါင်းကြီးသည် လာသမျှ သူတို့အား "အရက်ခန်း လေဝင်ပေါက်ရှေ့ကို ဘယ်သူမှ ဖြတ်မသွားပါနဲ့"ဟု ညွှန်ကြားချက်ထုတ်သည်။ အရင်ရောက်လာသူတို့က နောက်ရောက်လာသူများအား ဤကြောက်စရာကောင်းသော လေဝင်ပေါက်နေရာကို မသွားကြရန် ထပ်ဆင့်အမိန့်ထုတ်လေသည်။

နောက်ဆုံး၌ လူတကိုယ်လျှင် ခဲယမ်းမီးကျောက် နှစ်ရာစီ ကိုင်ဆောင်လာသော လူနှစ်ရာပါသည့် တပ်မကြီးသည် ရောက်ရှိလာပြီ ဖြစ်သည်။

ဗိုလ်မှူး **လာဗိုင်း**သည် စိတ်ထဲတွင် အလွန်တရာမှ တုန်လှုပ်၍ နေသည်။ သူသည် အိမ်ကိုပတ်လည်ဝိုင်း၍ စစ်တပ်ကို ချသည်။ သို့သော် အရက်ခန်း၏လေဝင်ပေါက်ရှေ့၌မူကား အစောင့်မချဘဲ ဟင်းလင်းထားသည်။ လေဝင်ပေါက်မှာ မြေကြီးနှင့်ကပ်၍ဖောက်ထားသော အပေါက်ငယ်ကလေး တပေါက်မျှသာဖြစ်၏။

ထို့နောက် ဗိုလ်မှူးသည် အိမ်တွင်းသို့ဝင်၍ ရန်သူ့အနေအထားနှင့် အင်အား မည်မျှရှိလိမ့်မည်ကို စုံစမ်းစစ်ဆေးလေသည်။ အိမ်တွင်း၌ကား အလွန်တရာမှ ငြိမ်သက်၍နေလေရာ ရန်သူသည်

ထွက်ပေါက်ကလေးမှထွက်၍ ကိုယ်ရောင် ဖျောက်လိုက်ပြီဟု ယူဆဘွယ်ရာရှိနေလေသည်။

ဗိုလ်မှူးလာဗိုင်းသည် အရက်ခန်းတံခါးကို ခြေဖြင့်ကန်ကြည့်ပြီးလျှင် "အခန်းထဲမှာရှိတဲ့ ဂျာမန်စစ်ဗိုလ်ကြီး ခင်ဗျာ" ဟု အော်ခေါ်လေသည်။ သို့သော် ထူးဖော်မရချေ။ ထို့ကြောင့် ဗိုလ်မှူးက ထပ်မံခေါ်ပြန်သည်။ သို့သော် ခေါ်သမျှ အချည်းနှီးပင်။ သို့သော် ပြင်သစ်ဗိုလ်မှူးက ရန်သူစစ်ဗိုလ်နှင့်စစ်သားများအား လက်နက်ချရန် မိနစ်နှစ်ဆယ်လောက် ကြာအောင် ရာဇသံ ပေးနေသည်။ လက်နက်ချလျှင် လက်ဖျားနှင့်မျှပင် မတို့ပါဟု ကတိပြုသည်။ လက်နက်ချသဖြင့် ဂုဏ်သရေ လျှော့မသွားစေရပါဟုလည်း အာမခံသည်။ သို့သော် အခန်းထဲမှာရှိသော အကျဉ်းသားတို့က သဘောတူသည်ဟူသော အမူအရာလည်း မပြ၊ ပြန်လှန် ခုခံမည်ဟူသော အမူအရာလည်းမပြ။ ထို့ကြောင့် ဗိုလ်မှူးမှာ အကျပ်ရိုက်နေသည်။

ပြင်သစ် စစ်သားတို့သည် အေးလွန်းသဖြင့် မိမိကိုယ်ကိုမိမိ နွေးအောင် ဆီးနှင်းတောထဲတွင် ခုန်ဆွခုန်ဆွ လုပ်နေကြသည်။ မိမိကိုယ်ကိုလည်း မိမိလက်ဖြင့် ပွတ်နေကြသည်။ ဤသို့ပြုလုပ်ရင်း အရက်ခန်း လေဝင်ပေါက်ကိုကြည့်ကာ ထိုနားသို့ သွားလိုသောဆန္ဒ ဖြစ်နေကြသည်။ ကလေးများသည် မလုပ်ပါနှင့်ဟု ဆိုလျှင် လုပ်ချင်ဘိသကဲ့သို့ လေဝင်ပေါက်နား မသွားပါနှင့်ဟု ဆိုကာမှ ပို၍သွားချင်နေကြ၏။

နောက်ဆုံး၌ ခြေမြန်လက်မြန်ရှိသော သူတဦးသည် စွန့်စွန့်စားစားဖြင့် လေဝင်ပေါက်ရှိရာသို့ တဟုန်ထိုး ပြေး၍ ကြည့်ရာ၊





အရက်ခန်းထဲတွင် အကျဉ်းသမားများမှာ လူသေကဲ့သို့ ဘာသံမျှ မပြုဘဲ ရှိနေသည်ကို တွေ့ရလေ၏။

ထိုအခါ တဦးသောသူက "အခန်းထဲမှာ ဘာသူမှမရှိဘူး" ဟု အော်လေ၏။

ဤသည်တွင် နောက်ထပ်စစ်သားတဦးက အရက်ခန်း၏လေဝင်ပေါက်ရှေ့ကို ဖြတ်၍ ပြေးပြန်သည်။ ဤသည်မှစ၍ ပြေးပွဲကြီး ကျင်းပသကဲ့သို့ဖြစ်လာသည်။ ပထမပြေးသော သူ၏ နောက်သို့ နောက်တယောက်က ထပ်၍လိုက်သည်။ ကလေးများ လိုက်တမ်းပြေးတမ်းကစားဘိသကဲ့သို့ပင်။ ယင်းသို့ပြေးကြရာတွင် နှင်းတောထဲ၌ နှင်းများ တဖွေးဖွေးရိုက်၍ နေလေသည်။ ထို့နောက် စစ်သားတို့သည် မိမိကိုယ်ကို နွေးရန်အထိုင်ငှာ မီးဖိုကြသည်။ မီးဖို၏ မီးရောင်ကြောင့် တဖက်မှတဖက်သို့ပြေးသော သူတို့၏အရိပ်များသည် ယိမ်းထိုး၍နေကြသည်။

ဤအတွင်း တဦးသောသူက အခြားတဦးသောသူကို "ဟောဒါ မင်းအလှည့်ဘဲကွယ့်" ဟု အော်ပြောလေသည်။ အပြောခံရသောသူမှာ ပေါင်မုံ့ဖုတ်သူ လူဝကြီးဖြစ်သည်။ သူ၏ ဗိုက်ရွှဲရွှဲကို အများက ဝိုင်း၍ ရယ်ကြသည်။

ဗိုက်ရွှဲကြီးသည် မပြေးဝံ့ ပြေးဝံ့ ဖြစ်နေသည်။ ထို့ကြောင့် အများက သူ့ကိုဝိုင်း၍သရော်ကြသည်။ နောက်ဆုံး၌ အရဲစွန့်လိုက်တော့မည်ဟု ကြံ၍ အားကုန်ပြေးလေသည်။ ယင်းသို့ပြေးရာ အလွန်မောပန်းသောကြောင့် သူ၏ဗိုက်ရွှဲကြီးမှာ ဖောင်းခိုကြချီဖြစ်၍ နေသည်။

ဤသည်ကို ကြည့်ပြီးလျှင် တတပ်လုံးက ဝါးလုံးကွဲ ရယ်ကြသည်။ ထို့နောက် သူ့အား မြှောက်ပင့် ပေးလိုသောသဘောဖြင့် "ဟုတ်ပေ့၊ ဟုတ်ပေ့" ဟု ဝိုင်းအော်ကြသည်။

ဗိုက်ရွဲကြီး ပြေး၍ ခရီးသုံးပုံ နှစ်ပုံရောက်သောအခါ အရက်ခန်း လေဝင်ပေါက်မှ သေနတ်နှင့် ပစ်သည်။ မီးထွက်သည်ကို အားလုံးမြင်ကြရသည်။ ဒိန်းကနဲ အသံကိုလည်း ကြားရသည်။ ထို့နောက် ပေါင်မုန့်ဖုတ်သမား လူဝကြီးသည် ဟာစ်အော်ငိုကြွေး၍ မှောက်လျက်လဲလေ၏။

သို့သော် သူ့အား မည်သူကမျှ လာ၍ထူမပေးကြချေ။ သူသည် ဆီးနှင်းတောထဲတွင် လေးဖက်တွား၍ မိမိကိုယ်ကိုမိမိ အနိုင်နိုင်သယ်ပြီးလျှင် သူ၏ နောက်သို့ ပြန်ကြည့် ပြန်ကြည့်ဖြင့် တည်းညည်း တညူညူလုပ်ရင်း မေ့မြောသွားလေသည်။ သူ၏ ပေါင်ရင်းကို ကျည်သင့်ခြင်းကြောင့် ဖြစ်သည်။

ဤကဲ့သို့ ပထမဦးစွာ အံ့အားသင့်ဖွယ် ကြောက်လန့်ဖွယ်တို့ကို ကြုံရပြီးသည့်နောက် အားလုံးသောသူတို့သည် ထပ်မံ၍ ရယ်နိုင်မောနိုင် ဖြစ်လာကြပြန်သည်။

ဤအတောအတွင်း ဗိုလ်မှူးလာဗိုင်း သည် တောခေါင်းကြီးအိမ်တံခါးဝမှထွက်လာလေသည်။ သူသည် ရန်သူတို့ကို မည်သို့မည်ပုံ ခုခံတိုက်ခိုက်ရမည်ဟူသော စီမံကိန်းကို ချလိုက်ပြီးဖြစ်ရာ၊ "သံပြုံဆရာနဲ့ သူ့လူတွေ ထွက်ခဲ့ကြ" ဟူ၍ အသံဩဇာနှင့် အမိန့်ပေးလေသည်။





ထိုအခါ လူသုံးယောက်ထွက်လာသည်။ ဗိုလ်မှူးလာဗိုင်း က "အိမ်ခေါင်မိုးက ရေသယောက်ပိုက်လုံးကြီးကို ဆွဲချကြပေ့" ဟု အမိန့်ပေးလေသည်။

ကွမ်းတယာညက်ခန့် ကြာသောအခါ ထိုလူသုံးယောက်သည် မီတာနှစ်ဆယ်မျှ ရှည်လျားသော ပိုက်လုံးကြီးကို ဗိုလ်မှူးဆီသို့ ယူလာကြသည်။ ထို့နောက် ဗိုလ်မှူးသည် သတိကြီးစွာ ထား၍အရက်ခန်းအောက်သို့ ဆင်းသောလှေကားထိပ်ရှိတံခါးကိုအပေါက်ဖောက်လေသည်။ ထိုအပေါက်ထဲသို့ ပိုက်သွင်းပြီးလျှင် ရေဘုံဘိုင်နှင့်ဆက်သည်။ ထို့နောက် "ဂျာမန်စစ်သားတွေကို ရေတိုက်မယ်ကွ" ဟု အားပါးတရ အော်ပြောသည်။

ထိုအခါ အများက ဝိုင်းဝန်းဟာစ်အော် ရယ်မော၍ ကောင်းချီး ဩဘာ ပေးကြသည်။ ထို့နောက် ဗိုလ်မှူး သည် လည်း ငါးမိနစ်လျှင် တကြိမ်ကျရေဘုံဘိုင်၏ ဒလက်ကို အတင်အချလုပ်၍ ရေစုပ်ရန် သူ့လူများအား တာဝန်ချထား၍ "ရေစုပ်ကြပေ့" ဟု အမိန့်ပေးသည်။

ရေဘုံဘိုင်၏ ဒလက်ကို လှုပ်လိုက်သော အခါ ရေသယောက်ပိုက်လုံးထဲသို့ရေစီးကျသံကိုကြားရသည်။ ထို့နောက်ပိုက်လုံးထဲမှ ရေတို့သည် အရက်ခန်းထဲသို့ရေတံခွန်မှ ရေကျဘိသို့ တဆင့်စီတဆင့်စီ စီးသွားကြသည်။

ထို့နောက် အားလုံး စောင့်ကြည့်ကြလေ၏။

အချိန်မှာ တနာရီ၊ နှစ်နာရီ၊ သုံးနာရီစသဖြင့် ကြာသွားလေသည်။ မြင်သစ် ဗိုလ်မှူးသည် မီးဖိုဆောင်တွင်း၌ ပျာယာခတ်လျက်ရှိသည်။ ထိုမှ ဤမှ လူးလာဖြတ်သန်းရင်း ကြမ်းပြင်ကို

နားဖြင့် ကပ်၍ နားထောင်သည်။ သူ၏ရန်သူများ ဘာလုပ်နေသည်ကိုရင်း၊ သူက မည်သို့ ပြန်၍ ခုခံရမည်ကိုရင်း စဉ်းစား၍ အကြံယူနေဟန် လက္ခဏာရှိသည်။

ရန်သူတို့ကား ယခုအခါ လှုပ်ရှားလာကြပြီ ဖြစ်သည်။ မြင်းသစ်စစ်သားတို့သည် အောက်ခန်းတွင် အရက်စည်များ ရွှေ့သံ၊ စကားပြောသံ၊ ရေသွန်သံစသည်တို့ ကြားရသည်။

နံနက်လင်း ရှစ်နာရီခန့်အချိန်သို့ ရောက်သောအခါ အရက်ခန်းလေဝင်ပေါက်မှနေ၍ တစုံတယောက်သောသူက "မြင်းသစ်အရာရှိကို ကျုပ် စကားပြောချင်ပါတယ်"ဟု ခေါ်ယူ လေ၏။

အကြောင်းကိုမေးသောအခါ "ကျွန်တော် လက်နက်ချချင်ပါတယ်" ဟု ပြန်ပြောလေသည်။

"ဒီလိုဆိုရင် မင်းတို့သေနတ်ကို ပထမအပ်ပါ"ဟု မြင်းသစ်တို့ဘက်က ပြန်၍ ပြောသည်။

များမကြာမီ သေနတ်တလက်သည် လေဝင်ပေါက်မှ ကျလာလေသည်။ ထို့နောက် နှစ်လက်၊ သုံးလက်စသဖြင့် သေနတ်အားလုံးအပြင်သို့ ရောက်လာသည်။ ပြီးသော် ယခင်အသံကပင်လျှင်ဆက်၍ "ကျုပ်တို့မှာ ဒီမြင်သေနတ်မရှိတော့ပါဘူး။ မြန်မြန်လုပ်ကြပါ ရေမွန်းလှပါပြီ"ဟု ပြောသေလည်။

ဤသည်တွင် မြင်းသစ်ဗိုလ်မှူးက "ရေစုပ်ထာ ရပ်တော့ဟေ့" ဟု အမိန့်ပေးလေသည်။ ရေစုပ်သောဒလက်လည်း ငြိမ်လေ၏။

ထို့နောက် မီးဖိုဆောင်တွင်း၌ လက်နက်ကိုင် စစ်သားများ အရံသင့်ထားပြီးသော် ဗိုလ်မှူးသည် အရက်ခန်း လှေကားထစ်ရှိ တံခါးပေါက်ကို ဖွင့်ပေးလေသည်။





ရှေးဦးစွာ ဆံပင် ပါးပါး ရှည်ရှည် နီနီနှင့် လူလေးယောက်ထွက်လာသည်။ ထို့နောက် နှစ်ယောက် ထပ်မံထွက်လာသည်။ အားလုံးသော ဂျာမန်စစ်သား ခြောက်ယောက်တို့မှာ ကြောက်ကြောက်ရွံ့ရွံ့နှင့်ရေစိုရွှဲနေသောကြောင့် ခိုက်ခိုက်တုန်လျက် ရှိနေကြသည်။

ထို့နောက် ၎င်းတို့ကို မြင်သစ်တို့က ဖမ်းဆီး ချုပ်နှောင်ကြသည်။ ထို့နောက် မြင်သစ် တို့သည် ၎င်းတို့အား ရန်သူက ရုတ်တရက် ရှောင်တခင် ပြန်လည် တိုက်ခိုက်မည် စိုးသောကြောင့် နှစ်ဆိုင်းခွဲ၍ ထိုနေရာမှ ချက်ချင်းထွက်ခွာသွားကြသည်။ ဒဏ်ရာရသူ လူဝကြီးကိုလည်း ထမ်းစင်ဖြင့် ခေါ်ဆောင်သွားကြသည်။

ဤနည်းဖြင့် ပြင်သစ်စစ်တပ်သည် အောင် တပ်မတော်ကြီး အဖြစ်ဖြင့် မိမိတို့၏ မြို့သို့ပြန်လည် ရောက်ရှိလာလေသည်။

ဗိုလ်မှူး **လာဗိုင်း**မှာ ဂျာမန် စစ်သားတို့ကို ဖမ်းဆီးနိုင်သည့်အတွက် ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းကို ခံရသည်။ လူဝကြီးကား ရန်သူ့ လက်တွင် ရရှိသော ဒဏ်ရာ များကြောင့် တံဆိပ် တခု ဆုရသည်။

# ယာတောသူ

— ၁ —

ရာသီဥတု သာယာသောကြောင့် ယာသမားများသည် ထမင်း စောစောစားပြီးလျှင် ကိုင်းထဲသို့ ဆင်းကြ၏။

လူငွားဖြစ်သူ မနှင်းဆီ တဦးတည်းသာလျှင် ယာတဲ မီးဖို ဆောင်၌ ကျန်ခဲ့သည်။ မီးဖိုပေါ်၌ ရေနွေးအိုး တည်ထားရာ မီးကား ငြိမ်းခါနီးနေပြီ။ မနှင်းဆီသည် ပန်းကန် ခွက်ယောက် တို့ကို ရေနွေးဖြင့် ဆေးကြောလျက်ရှိ၏။ နေရောင်သည် အခန်း ထဲရှိ စားပွဲရှည်ကြီးပေါ်သို့ အပေါက်နှစ်ခုမှနေ၍ ထိုးကျလေရာ ရောင်ခြည်နှစ်ခုသည် ပြိုင်တူသန်းလျက် ရှိသည်။ အလင်းရောင် ကြောင့် မြူတင်းပေါက် မှုန်များ အက်ကွဲ ယွင်းယို နေသည်ကို အထင်သား မြင်နိုင်သည်။

ပုဂံစာအုပ်တိုက်

စားပွဲကုလားထိုင်များအောက်တွင် ကြက်မ သုံးကောင်သည် ဝှံဝှံစားစား အစာရှာ၍ ပေါင်မုံ့ အစအနများကို စားနေကြသည်။ ဟ နေသော တံခါးမှ ကြက်ခြံအနံ့ အသက်နှင့် နွားတင်းကုပ် အပူငွေ့ တို့သည် တဲတွင်း၌ပြန့်နေသည်။ အဝေး၌ ကြက်ဖ တကောင် တွန်လျက် ရှိသည်။

မနှင်းဆီသည် စားပွဲကို သုတ်သင် ရှင်းလင်း၏။ မီးလုံရာနေရာထက်ရှိ ကျပ်ခိုးစင်ကိုလည်း တမြက်လှည်း၏။ ပန်းကန် ခွက်ယောက်များကိုလည်း နေရာတကျထား၏။ ပန်းကန်စင်မှာချိန်သီး ရှည်ရှည်တပ်ထားသော တိုင်ကပ် နာရီ အနီး၌ရှိသည်။ မနှင်းဆီသည် ဤအထွေထွေသော အိမ်မှုကိစ္စတို့ကို လုပ်၍ပြီးလတ်သော အခါ အဘယ်အကြောင်းကြောင့်မသိ၊ စိတ်လေးလေးရှိသည်နှင့် သက်ပြင်းတချက် ချလိုက်သည်။ ယာတဲ၏ နံရံများသည် ရှံ့စေး နံရံများဖြစ်သည်။ ထိုနံရံနှင့်တကွ ထုတ် ယောက် ဒိုင်း မြှားဟူသမျှတို့မှာ ကျပ်ခိုးစွဲ၍ မဲနေသည်။ အထက်၌ ချိတ်ဆွဲထားသော ငါးခြောက်တွဲများနှင့် ကြိုးသီထားသော ကြက်သွန်တွဲများ အကြားဝယ် ပင့်ကူအိမ်တို့ ယှက်သန်းလျက် ရှိကြသည်။ မနှင်းဆီသည် တဲထရံမဲမဲကြီးနှင့် တကွသော ရှခင်းကိုကြည့်ပြီးလတ်သော် ကြမ်းပြင်ပေါ်၌ ဖိတ်စင်ထားသော စားဖဟောင်းကြွင်းကျန်တို့ကြောင့် ဟောင်နေသော အနံ့အသက်ကို ရှမိရာမှ ခေါင်းအုံလာ၍ မိမိကိုယ်ကို အသာမေးကာ ထိုင်လိုက်လေသည်။ ထိုအနံ့ အသက်တို့အပြင် တဖက်ခန်းရှိ တင်းကုပ်၌ မလိုင်နှင့် ဒိန်ချဉ်လုပ်ရန် အလို့ငှာ လှောင် ထား သော နွားနို့နံ့ ကလည်း ဟောင်၍နေသည်။





မနှင်းဆီသည် အကျႌဖာထေးချုပ်လုပ်မည်ဟု စိတ်ကူးရသည်။ သို့ပါသော်လည်း ငြီးစီစီဖြစ်နေသောကြောင့် လေကောင်းလေသန့် အလို့ငှာ တဲတံခါးဝသို့ ထွက်လာသည်။ အပြင်လေရမှပင် နေသာထိုင်သာရှိသည်။

အပြင်၌ အငွေ့တလူလူ ထွက်နေသော နွားချေးပုံ တပုံ ရှိသည်။ ထိုနွားချေးပုံကို ကြက်များ ယက်နေကြသည်။ တီကောင် ပိုးမွှားများကို အစာအလို့ငှာ ရှာနေကြသည်။ ကြက်ဖကြီးကား ကြက်မများအလယ်၌ ထယ်ထယ်ဝင့်ဝင့် မင်းမူနေသည်။ တီကောင် တကောင်ကို ရလာသောအခါ ကြက်ဖကြီးသည် ကလုကလု ဟူသော အာလုပ်သံကိုပြုကာ သူကြိုက်သောကြက်မကို လက်ဆောင် ပဏ္ဏာ ဆက်သည်။ ကြက်မသည် ကြက်ဖကြီး ရစ်သည်ကို မသိကျိုးကျွန်ပြု၍ ဝပ်ရာမှထပြီးလျှင် တောင်ပံနှစ်ဖက်ကို ခတ်သည်။ ထိုနောက် ကိုယ်တွင်းရှိဖုံများကို ဖတ်ဖက်ခါပြီးလတ်သော် နွားချေးပုံတွင် ဝပ်မြဲဝပ်လေသည်။ ကြက်ဖကြီးကမူ အောင်ပြီ ဟူသော အသံကို ပေးဘိသည့်အလား အောက်အီးအီးအွတ်ဟု တွန်လေ၏။ ဤအသံကို အဝေးမှကြက်ဖများကြားလေသော်၊ အားကျမခံ ပြန်၍တွန်ကြသည်။ ကြက်ခြံများ တခြံပြီးတခြံ ကြက်လူပျိုလှည့်နေသည်ကို ကြေးကြော်နေဘိသို့ရှိသည်။

မနှင်းဆီသည် မည်သည့်အရာကိုမျှ မစဉ်းစားဘဲ အဆိုပါ မြင်ကွင်းများကို ငေး၍ကြည့်နေသည်။ သို့သော် အထက်သို့ မော်ကြည့်လိုက်သောအခါ သစ်တောပင်များ ပွင့်နေကြသည်မှာ တပင်လုံး ဝေ၍နေသည်နှင့် စိတ်ထဲတွင် ကြည်နူးမိလေသည်။ ဤအတွင်း မြင်းတကောင်သည် ခုန်ပေါက်မြူးတူးကာ သူ့ အနား

ကို ဖြတ်သွားလေသည်။ ထိုမြင်းသည် မြောင်းနှစ်ခုကို ကျော်ပြီးသော် သူတကောင်တည်းသာ လောက၌ရှိနေသည်ကို တွေးမိသည့် အလား ရုတ်တရက်ရပ်ကာ တွေဝေနေသည်။

မနှင်းဆီလည်း မြင်းကိုအားကျကာ ခုန် ပေါက် မြူး တူး လိုသည်။ ခြေလက်များကို ဆန့်တန်းကာ ပြေးရင်းလွှားရင်း လေကောင်း လေသန့်ကို ရှူရှိုက်ရသော် ကောင်းလေစွဟု အောက်မေ့သည်။ ထို့ကြောင့် မရည်ရွယ်ဘဲ တလှမ်းနှစ်လှမ်းမျှ လမ်းလျှောက်မိ၏။ တိရစ္ဆာန်တို့ မြူးဘိသကဲ့သို့ မိမိလည်း မြူးလာသောကြောင့် ခေတ္တမျှ မျက်စိကိုစုံမှိတ်ကာ မြူးသောအရသာကို ခံစားမိသည်။ သို့သော် ကြက်ဥကောက်စရာရှိသောကြောင့် ကြက်ခြံသို့ သွားရရှာသည်။ ကြက်ဥ ၁၃ လုံးတွေ့၍ ကောက်လာပြီးလျှင် စတိုခန်းထဲသို့ ဝင်၍ ထားသည်။ အခန်းထဲ၌ အနံ့များ လှောင်နေသည်နှင့် ကြုံရပြန်သော်၊ စိတ်ပျက် လက်ပျက်ဖြင့် အပြင်သို့ ထွက်ပြီးလျှင် မြက်ခင်းပြင်ပေါ်၌ ခေတ္တထိုင်သည်။

သစ်တောများ ခြံရံလျက်ရှိသော ယာတောမှာ အိပ်မောကျဘိသကဲ့သို့ ငြိမ်သက်လှ၏။ လတ်ဆတ်စိမ်းလန်းသော မြက်ခင်းပြင်ထဲတွင် ဝါဝင်းသော မြက်ပန်းများပေါက်နေသည်မှာ မြသား ပကတိထဲမှ ရွှေရောင်များ ထိုး၍ ထွက်နေဘိသကဲ့သို့ ရှိ၏။ သစ်တောပင်များသည် ပတ်ဝန်းကျင်ကို သူတို့၏အရိပ်ဖြင့် မိုးပေးထားသည်။ သက်ငယ် မိုးထားသော ယာတဲ ခေါင်မိုးပေါ်၌လည်း မြက်ပန်းအမျိုးမျိုး ပွင့်၍နေလေရာ စိမ်းညိုညိုအရောင်နှင့် ဝါဝင်းဝင်းအရောင်တို့သည် ယှက်သန်း၍ နေကြသည်။ သက်





ငယ်များ အကြားမှ အခိုးအငွေ့များသည် ကောင်းကင်သို့ တလူလူ တက်နေကြသည်။

ထိုနောက် မနှင်းဆီသည် မြင်းလှည်းများ ထားရာ ရုံ ဆီ သို့ ထွက်လာလေသည်။ ထိုလှည်းရုံအနီးတနေရာတွင် မြေသည် နိမ့်နေသည်။ ထိုမြေနိမ့်တွင် စိုက်ထားသော နှင်းဆီပန်း တို့ကြောင့် ပတ်ဝန်းကျင်တခုလုံး ကြိုင်သင်းလျက်ရှိသည်။ ထိုမှနေ၍ လှမ်းမျှော်ကြည့်သော် ယာခင်းပြင်ကြီးကို မြင်ရ၏။ ယာထဲ၌ နှံစားပြောင်းများ စိုက်ထားသည်။ ထိုမှလွန်သော် တောအုပ် တအုပ်နှစ်အုပ်ကို မြင်ရပြန်သည်။ ယာသမားများအလုပ်လုပ်နေကြသော ယင်း တောအုပ်အနီးနေရာမှာ ဝေးလွန်းလှသောကြောင့် ယာသမားများနှင့် ယာထွန်သောမြင်းများကို အရုပ်ကလေးများပမာ ရေးရေးသာမြင်နိုင်သည်။ ကစားစရာမြင်းရုပ်များက ကစားစရာ လှည်းများကိုဆွဲ၍ တထွာမျှသာမြင့်သော ကစားစရာလူရုပ်တို့က မောင်းနှင်နေဘိသကဲ့သို့ ထင်မြင်ရသည်။

မနှင်းဆီသည် ကောက်ရိုးတစည်းကို ပွေ့ယူပြီးလျှင် မြောင်းထဲ၌ ခင်း၍ထိုင်လေသည်။ သို့သော် ထိုသို့ ထိုင်ရသည်မှာ ခိုးလိုခုလု နိုင်လှသဖြင့် ကောက်ရိုးစည်းကို ဖြန့်ကြဲပြီးလျှင် ကောက်ရိုးခင်းပေါ်၌ ပက်လက်လှဲသည်။ လက်ကို ခေါင်းအုံး၍ ခြေပစ်လက်ပစ် မှိန်းနေသည်။

ဤသို့ မှိန်းနေရာ မျက်စိမှေးလာ၍ အိပ်မပျော့်တပျော် ဖြစ်သွားသည်။ အတန်ကြာသော် အိပ်မောကျတော့မည်ကဲ့သို့ ရှိလေလျှင် တစုံတယောက်သောသူက မိမိ၏ရင်ကို ဖိထားသည်ဟု ထင်မှတ်သဖြင့် ငေါက်ကနဲ အိပ်ရာမှ ထသည်။ ထိုအခါအနီး၌ လူတွေ့

ရသည်။ ထိုတွေ့ရသူမှာ အခြားမဟုတ်။ အလုံးအရပ် ထောင်ထောင် မောင်းမောင်းနှင့် ဖိုးကြက်ဖြစ်သည်။ သူကား ယာထွန်သား အိမ်နီးပါးချင်းတဦးဖြစ်၏။ သူသည် မနှင်းဆီကိုပိုးနေသည်မှာ ကြာပြီ။ ယခု ယာပြင်ထဲတွင် သိုးကျောင်းရင်း မနှင်းဆီအိပ်နေသည်ကို တွေ့သဖြင့် အသက်ရှူသံကိုမျှ မကြားရအောင် တိတ်တဆိတ် ချောင်းမြောင်း၍လာခဲ့သည်။ သူ၏ ဦးခေါင်းထက်၌ ကောက်ရိုးများ ဗရပွနှင့်။ သူ့မျက်စိမှာလည်း စားတော့မလို ဝါးတော့မလို။

ထို့နောက် ဖိုးကြက်သည် မနှင်းဆီကို ဖက်နမ်းမည်ပြု၏။ ထိုအခါ မနှင်းဆီက ဖိုးကြက်၏ပါးကို ရိုက်သည်။ မနှင်းဆီကား ဖိုးကြက်ကဲ့သို့ပင် သန်မာတောင့်တင်း၏။ ထို့ကြောင့် ဖိုးကြက်သည် အလိမ်မာသုံး၍ တောင်းပန်သည်။ ပြီးသော် သူတို့နှစ်ဦး ယှဉ်၍ထိုင်ရင်း စကားကိုကောင်းစွာမှန်စွာ ပြောကြသည်။ နှစ်ဦးသား ရာသီဥတုကောင်းပုံကိုလည်း ပြော၏။ သူတို့၏ ယာရှင်ကောင်းကြောင်းကိုလည်း ပြော၏။ အိမ်နီးပါးချင်း ကောင်းကြောင်းကိုလည်း ပြော၏။ တနယ်လုံးရှိလူများအကြောင်း၊ သူတို့၏ ကိုယ်ရေးကိုယ်တာအကြောင်း၊ သူတို့နေထိုင်ရာ ရွာအကြောင်း၊ သူတို့ငယ်စဉ်က နေခဲ့ထိုင်ခဲ့ရပုံအကြောင်း၊ သူတို့ အခုပြန်လည်၍ အမှတ်ရနေသော အကြောင်း၊ သူတို့နှင့် ကွဲကွာနေသဖြင့် မတွေ့ရသော ဆွေမျိုးများ အကြောင်း၊ နောင်အခါ သူတို့နှင့် ပြန်တွေ့ရပါမည်လော ဆိုသော အကြောင်း၊ ထိုအကြောင်း၊ ဤအကြောင်းတို့ကို ပြောဆိုကြ၏။ မနှင်းဆီကား ထိုအကြောင်းများကို တောင်တောင်အီအီ ပြောဆိုတွေးတောရင်း လွမ်းသလိုလို





ဖြစ်လာသည်။ ဖိုးကြက်မှာမူ သူ့အကြံနှင့်သူဖြစ်၍ မနှင်းဆီကို ပွတ်သီးပွတ်သပ် လုပ်သည်။

“ကျုပ်ဖြင့် အမေနဲ့မတွေ့ရတာ ကြာပြီတော့” ဟု မနှင်းဆီက စကားစသည်။ “ခုလို အမေတကွဲ သမီးတကွဲဖြစ်နေရတော့ ကျုပ်မှာ အင်မတန် ခက်ထာတဲ့”ဟုဆိုသည်။ ထို့နောက် မနှင်းဆီသည် သူ့ရွာရှိရာမြောက်ဖက်သို့ ငေးမျှော်၍ ကြည့်လေသည်။

ဤသို့ငေးနေစဉ် ဖိုးကြက်သည် မနှင်းဆီ၏လည်ကို ဖက်၍ ပါးပြင်ကို နမ်းလေ၏။ ဤအကြိမ်၌ မနှင်းဆီက ဖိုးကြက်၏မျက်နှာကို ခပ်စပ်စပ် လက်သီးနှင့် ထိုးသည်။ ထို့ကြောင့် ဖိုးကြက်၏ နှာခေါင်းမှ သွေးများကျလာသည်။ ထိုအခါ ဖိုးကြက်သည် ထိုင်ရာမှထ၍ မိမိကိုယ်ကို သစ်ပင်တပင်၌ မှီထားလေသည်။ ဤသည်ကိုမြင်ရပြန်သော် မနှင်းဆီခမျာမှာ ဝမ်းနည်းပမ်းနည်း ဖြစ်လာ၍ ဖိုးကြက်ထံပါးသို့ ကပ်ပြီးလျှင် “နာသွားသလား” ဟု မေးလေ၏။

ဖိုးကြက်သည် နှာရိုးတည့်တည့်ကို အထိုးခံရပါသော်လည်း “မနာပါဘူး” ဟုပြော၍ ရယ်လေသည်။ “တော်တော်လာတဲ့ ကောင်မဟဲ့” ဟူ၍လည်း ထပ်ပြောပြီးလျှင် မနှင်းဆီကို ရှမ်းရှမ်း စားစား ကြည့်လေ၏။ ယခုအခါ သူသည် မနှင်းဆီကို ခပ်ရို့ရို့ ဖြစ်လာလေပြီ။ ယင်းသို့ဖြစ်လာရခြင်းမှာ တကယ့်မေတ္တာစိတ် ယိုဖိတ်လာသည်မှအစပြု၍ ထောင်ထောင်မောင်းမောင်း သန်မာ တောင့်တင်းသော မနှင်းဆီကို လေးစားလာခြင်းကြောင့် ဖြစ်လေသည်။

သွေးတိတ်သောအခါ ဖိုးကြက်သည် မနှင်းဆီနှင့် ယခုကဲ့သို့ နီးနီးကပ်ကပ်နေလျှင် မနှင်းဆီ၏လက်သံပြောင်ခြင်းဒဏ်ကို ခံရ

ပုဂံစာအုပ်တိုက်

မည်စိုးသောကြောင့် လမ်းရှောက်ကြရအောင်ဟု ခေါ်လေ၏။ ထိုအခါ မနှင်းဆီသည် ညနေခင်း မိတ်ဆွေချင်း အတူတွဲ၍ လမ်းရှောက်ဘိသကဲ့သို့ အိမ်ခြေမပျက်လိုက်လာပြီးလျှင် လမ်းမကြီးပေါ်သို့ ရောက်သောအခါ သူ့သဘော အလိုအလျောက် ဖိုးကြက်၏ လက်ကိုဆွဲကာ လိုက်ပါလာလေသည်။

"ကိုဖိုးကြက်ကယ်၊ တော်ကို ကျုပ် ဒီလိုလုပ်ပေမယ့် တော်က မမုန်းဘူးဆိုတော့ တော်သေးတာပေါ့တော်"

မနှင်းဆီက ဤသို့ပြောလိုက်သောအခါ ဖိုးကြက်က တဖက်သားကို အဘယ့်ကြောင့် မုန်းရမှာနည်း။ အမှန်မှာ မနှင်းဆီကို ကြိုက်နေပါသည်ဟူ၍ ပြောလေ၏။

ထိုအခါ မနှင်းဆီက "ဒီလိုဆိုရင် တော်ကကျုပ်ကို တကယ်ယူမှာလား" ဟု မေးလေ၏။ ထိုအခါ ဖိုးကြက်သည် ကြောက်ဆုတ်ကြောက်ဆုတ်နှင့် သူ့ဘေးမှာရှိသော မနှင်းဆီကိုစောင်း၍ကြည့်သည်။ မနှင်းဆီကား မိမိသွားရာလမ်းတူရူကို ကြည့်မြဲ ကြည့်နေသည်။ မနှင်းဆီ၏ပါးမို့ကလေးမှာ နီမြန်း၍နေသည်။ လုံသိုက်ဖျဉ်အင်္ကျီဝတ်ထားသော ကိုယ်လုံးမှာ ရင်တကြွကြွရှိသည်။ သူ၏နှုတ်ခမ်းများမှာ ကွမ်းမစားသော်လည်း ကွမ်းဝါးထားဘိသကဲ့သို့ နီနေ၏။ သူ၏လည်တိုင်ကား ချွေးတစို့စို့ရှိသည်။ ဤသည်ကို မြင်ရသောအခါ ဖိုးကြက်သည် မေတ္တာစိတ်ခေတ် ယိုဖိတ်လာသည်နှင့် မနှင်းဆီ၏ နားသို့ကပ်ကာ "အေး၊ တကယ်ယူမှာပေါ့ကွ" ဟု တိုးတိုးပြောလေသည်။

ထိုအခါ မနှင်းဆီသည် ဖိုးကြက်၏လည်ကို ဖက်ပြီးလျှင် နှစ်ဦးစလုံး ပင့်သက်မှားလောက်အောင် ဖက်၍နမ်းလေ၏။ ဤသည့်





အချိန်မှစ၍ သူတို့နှစ်ဦး၏ မဆုံးနိုင်သော မေတ္တာဇာတ်လမ်းကြီးမှာ အစပြု၍ လာလေသည်။ ထိုအခါမှစ၍ သူတို့နှစ်ဦးသည် ချောင်ကြိုချောင်ကြားမှာလည်း ချိန်း၍တွေ့ကြသည်။ လသာသောညများ၌ ကောက်ရိုးစင်အောက်တွင်လည်း ချိန်း၍ တွေ့ကြသည်။ သို့သော် ဖိုးကြက်သည် တစတစနှင့် မနှင်းဆီကို ငြီးငွေ့လာဟန်တူ၏။ ထို့ကြောင့် နောင်သောအခါ မနှင်းဆီကိုတွေ့လျှင် ရှောင်၏။ စကားလည်း မပြောဘဲနေ၏။ နှစ်ယောက်ချင်းလည်း ချိန်း၍ မတွေ့တော့ချေ။ ဤသို့ဖြစ်လာသောအခါ မနှင်းဆီသည် ဝမ်းနည်းမိသည်။ အထူးသဖြင့် သူ့၌ ကိုယ်ဝန်ရှိလာသောအခါ စိုးရိမ်သောက ဖြစ်လာရလေသည်။

မနှင်းဆီသည် ဖိုးကြက်ကို တွေ့ရအောင် ကြံသော်လည်း အထမမြောက်။ ဖိုးကြက်ကလည်း မနှင်းဆီကို အထူးကြိုးစား၍ ရှောင်သည်။ ဤအခြေတွင် အစပထမ၌ မနှင်းဆီသည် စိတ်ထဲတွင် မခံချင်ဖြစ်ရုံမျှသာ ဖြစ်ခဲ့သည်။ နောက်၌သော်ကား အလွန်စိတ်ဆိုးလာသည်။ တနေ့ပြီးတနေ့ ဒေါသမီးသည် ကြီးထွားလာလေသည်။ ထို့ကြောင့် တညသ၌ ယာထဲတွင် အားလုံးအိပ်ကုန်ကြသောအခါ မနှင်းဆီသည် အသံမကြားရအောင် ဖိနပ်ကိုမျှပင် မစီးဘဲ ခြံကိုဖြတ်၍ ဖိုးကြက်ရှိရာ မြင်းစောင်းသို့ သွားပြီးလျှင် တံခါးကို ရုတ်တရက် ဆွဲဖွင့်လေသည်။ ဖိုးကြက်ကား မြင်းစောင်းထဲ၌ရှိသော မြင်းစားခွက် ကောက်ရိုးပုံများပေါ်တွင် လှဲ၍နေသည်။ သို့သော် မနှင်းဆီလာသံကြားသောအခါ အိပ်ချင်ယောင်ဆောင်၍ ဟောက်နေသည်။ ထိုအခါ မနှင်းဆီသည် သူ့ကို အတင်းလှုပ်၍ နှိုး၏။

"နေပါအုံးဟ။ နင် ဘာလိုချင်လို့လဲ"ဟု ဖိုးကြက်က မနှင်းဆီကို မေး၏။ မနှင်းဆီကား ဒေါသတကြီးဖြင့် အံကြိတ်ကာ "တော်ဒီဟာ ကျုပ်ကို ယူမယ်လို့ပြောပြီး ဘယ်လိုလုပ်ထားလဲ။ ကျုပ်လိုချင်တာကတော့ ကျုပ် လက်ထပ်ဖို့ဘဲတော်ရေ့"ဟု ဆိုလေ၏။

ထိုအခါ ဖိုးကြက်က ရယ်၍ "ယောကျ်ားတယောက်ဟာ သူတွေ့ဘူးတဲ့ မိန်းမတွေနဲ့သာ လက်ထပ်ရမယ်ဆိုယင် ဒီလို တပြုံကြီးကို ဘယ်လိုလုပ်ပြီး ကုန်အောင် လက်ထပ်နိုင်မှာလဲဟ" ဟု ဆိုလေ၏။

ထိုအခါ မနှင်းဆီသည် ဖိုးကြက်၏ လည်ကုပ်ကို ကိုင်၍ ပက်လက်လှန် လှဲချလိုက်လေ၏။ ဤနည်းဖြင့် ဖိုးကြက် မရုန်းနိုင်အောင် လည်ပင်းကို အတင်းဖျစ်ရင်း သူ့နားကိုကပ်၍ အော်လေ၏။

"ကျုပ်မှာ ကိုယ်ဝန်ရှိတယ်တော့။ တော်နားလည်ပလား။ ကျုပ်မှာ ကိုယ်ဝန်ရှိတယ်"

ဖိုးကြက်မှာ အသက်ရှုကျပ်၍ ဟောဟဲ ဟောဟဲ ဖြစ်နေလေသည်။ ထိုညမှာ မှောင်၍ တိတ်ဆိတ်နေလေရာ မြင်းစောင်းထဲရှိ မြင်းသည် စားခွက်ထဲမှ ကောက်ရိုးကို နှိုက်၍ ဝါးလိုက်သော အသံကိုသာ ကြားရလေသည်။ သူတို့နှစ်ယောက်မှကား တယောက်ကို တယောက် စကားမပြောနိုင်ဘဲ အတန်ကြာမျှ ငြိမ်၍ နေကြ၏။





ဖိုးကြက်သည် ခွန်အားရှိသော မနှင်းဆီအကြောင်းကို သိသဖြင့် "ဪ၊ ဒီလိုလား။ ဒီလိုဆိုယင်တော့ နင့်ကို ငါယူရမှာပေါ့" ဟု အထစ်ထစ် အငေါ့ငေါ့ ပြောလေသည်။

သို့သော် မနှင်းဆီသည် သူ ဤကဲ့သို့ ကတိပြုပုံမျိုးကို မယုံကြည်နိုင်ဖြစ်သည်။ ထို့ကြောင့် "နင် ငါ့ယူမယ်ဆိုယင် ခု ယူရမယ်။ နင်တကယ်လက်ထပ်မယ်ဆိုယင် တရားသူကြီးဆီသွားပြီး လက်ထပ်ဖို့ ကြေညာပေးရလိမ့်မယ်"ဟု ဆိုလေ၏။

ထိုအခါ ဖိုးကြက်က "ယူမယ်ဆိုယင် ခုယူမှာပေါ့ဟ"ဟု ဆိုလေသည်။

"ဒီလိုဆိုယင် ကျိန်ပြောစမ်း"

"ကျိန်ဝံ့ပါတယ်ဟယ်။ ဘုရားစူး၊ မိုးကြိုးပစ်၊ မြွေကိုက်၊ ရေနစ်" ဤသို့ စသည်ဖြင့် ဖိုးကြက်က တအောင့်လောက် တွေဝေနေရာမှ ကျိန်တွယ်ပြောလေသည်။

ဤသည်တွင်မှ မနှင်းဆီသည် ဖိုးကြက်ကို ဖက်ထားရာမှ လွှတ်ပြီးလျှင် စကား တလုံးမျှမပြောဘဲ ထွက်သွားလေ၏။

နောက် ရက်ပေါင်း အနည်း ငယ် အ တွင်း မနှင်းဆီသည် ဖိုးကြက်နှင့် တိုင်ပင်စကားပြောရန် အချက်မရ ဖြစ်သွားလေသည်။ ယခုအခါ၌မူကား ညစဉ်ညတိုင်း မြင်းစောင်းကို သော့ခတ်ထားသဖြင့် မြင်းစောင်းသို့ တိတ်တိတ်သွားလျှင် လူသံကြားရပြီး သူတပါးက အမနာပ အပြောခံရမည် စိုးသောကြောင့် မြင်းစောင်းသို့ မသွားရဲတော့ချေ။ တနေ့သောအခါ ညစာစားချိန်၌ ဖိုးကြက်နေရာသို့ အခြားလူစားဝင်လာသည်ဟု တွေ့ရ

သောကြောင့် ထိုသူ့အား "ကိုဖိုးကြက်တယောက် အလုပ်များ ထွက်သွားသလားတော်" ဟု မေးမိလေ၏။

ထိုအခါ သူက "အေးပေါ့၊ ငါအခု သူ့နေရာမှာ ဝင်လုပ်နေတယ်" ဟု ပြောလေ၏။

ဤစကားကို ကြားရသောအခါ မနှင်းဆီသည် စိတ်နှလုံး အလွန်တုပ်လှုပ်သွားသဖြင့် မီးဖိုပေါ်တွင် နွေးထားသော ဟင်းအိုးမျှပင် မချအားချေ။ ထို့နောက် အများသူငါ အလုပ်ဆင်းချိန်၌ မိမိအခန်းသို့သွား၍ အသံဗလံများ မကြားရလေအောင် ခေါင်းအုံးပေါ်တွင် မှောက်ပြီး ငိုလေ၏။ နေ့ပိုင်းသို့ရောက်သောအခါ တပါးသူတို့ သူ့အကြောင်း မရိပ်မိရလေအောင် အိမ်ခြေသည်၍ ဖိုးကြက် အကြောင်းကို မသိမသာ မေးမြန်းလေ၏။ မနှင်းဆီကား မိမိ၏ ဘဝအကြောင်း မကောင်းပါတကား ဟု စိတ်တွင် စွဲပိုက်နေသောကြောင့် သူ ဤသို့ လိုက်လံမေးသမျှသော သူတို့သည် သူ့ကို စိတ်ယုတ်မာဖြင့် လှောင်ပြောင်နေကြသည် ဟူ၍ပင် ထင်မြင်မိလေသည်။ သို့သော် ဖိုးကြက်အကြောင်းကိုကား သိလိုက်ရပြီ။ ဖိုးကြက်သည် အခြားတပါးသို့ တခါတည်း ထွက်ခွာသွားလေပြီတကား။

— ၂ —

ဤသည်မှစ၍ မနှင်းဆီသည် ဒုက္ခနှင့် လုလုကြီး ရင်ဆိုင်ရလေတော့သည်။ သူသည် အလုပ်ကို လုပ်မြဲ လုပ်ပါ၏။ သို့သော် မိမိဘာလုပ်၍ ဘာကိုင်နေသည်ကို ဘာမျှမသိ။ စက်ရုပ်ကဲ့သို့ လူက





သာ တလှုပ်လှုပ်ရှိသည်။ စိတ်ထဲမှာကား တခုတည်းကိုသာ စွဲလန်းလျက်နေ၏။ အကယ်၍များ သူ့အကြောင်းကို အားသုံး သိသွားကြလျှင်မည်သို့ရှိမည်နည်း။

ဤကဲ့သို့ စိတ်စွဲလန်းနေသောကြောင့် မိမိ အရှက်ကွဲရတော့မည့် ကိစ္စကို မည်သို့ ရှောင်ကွင်းရမည်နည်း ဟူသော အချက်ကိုပင်လျှင် အကျိုးသင့် အကြောင်းသင့် ဆင်ခြင် တွေးတောခြင်း မပြုနိုင်ချေ။ သူမြဲထားသော အရှက်ကြီးမှာ ဖုံးအုပ်၍ မရနိုင်။ လူမှန်လျှင် တနေ့သေရမည်မှာ မုချဖြစ်သကဲ့သို့ သူအရှက်ကွဲရမည်မှာလည်း မုချဖြစ်သည်။ အရှက်ကွဲရမည့်နေ့ တနေ့ပြီး တနေ့ ချဉ်းကပ်လာသည်ကို စောင့်ဘိသာရှိသည်။ သူသည် နံနက်စောစော သူတပါးအိပ်ရာ မနိုးမီထ၍ သူ့ဆံပင်ဖီးရာ နေရာ၌ ထားသော မှန်အကွဲကြီးထဲတွင် သူ၏ ပုံပန်းသဏ္ဌာန်ကို အမြဲတမ်းကြည့်သည်။ သူ့ကိုယ် အနေအထား ပြောင်းလဲလေသလားဟု အမြဲတမ်း စိုးရိမ်လျက်ရှိနေသည်။ နေ့ခင်း နေ့လယ် အလုပ်လုပ်နေသော အခါများ၌လည်း အလုပ်ကို ခေတ္တခဏရပ်ကာ မိမိကိုယ်ကို မိမိ ခြေဆုံးခေါင်းဆုံး ပြန်၍ ပြန်၍ ကြည့်မိသည်။ ကိုယ်ခန္ဓာ ဖွံ့ဖြိုးလာခြင်းကြောင့် သူဝတ်ထားသော အဝတ်အထည်တို့မှာ တိုနံ့နံ့ ကျပ်တပ်တပ် ဖြစ်လာလေရော့သလားဟုလည်း တွေးတောမိသေး၏။

ဤနည်းဖြင့် လပေါင်းများစွာ အချိန်ကုန်လွန်သွားလေသည်။ ယခုအခါ မနှင်းဆီမှာ မည်သူနှင့်မျှ စကားကောင်းစွာ မပြောတော့ချေ။ သူတပါးက သူ့ကို မေးလျှင်လည်း မထိတထိနှင့် နားမလည်သလိုလိုဖြစ်နေသည်။ သူ၏ မျက်နှာထားမှာ အစဉ်

အမြဲထိတ်လန့် စိုးရိမ်နေသော မျက်နှာထားဖြစ်သည်။ မျက်တွင်းများလည်း ဟောက်၍ လက်များလည်း တုန်တုန် တုန်တုန်နှင့် ဖြစ်လာသည်။ ထိုကြောင့် သူ၏သခင် ယာရှင်က သူ့အား "မိန်းကလေးနှယ်၊ ယခုတလော နင်ဟာ ဘာကြောင့် ထုံထုံမှိုင်းမှိုင်းဖြစ်နေတာလဲ" ဟု မကြာခဏ မေးမြန်းလေသည်။

ဘုရားသွား ကျောင်းတက် ပြုလုပ်ရသော အခါကြီးရက်ကြီးများ၌ မနှင်းဆီသည် ဆရာဘုန်းတော်ကြီး အနားသို့ မချဉ်းကပ်ဘဲ ခပ်လှမ်းလှမ်းတွင် ကျောင်းတိုင်ကို ကွယ်၍ နေတတ်သည်။ ဆရာဘုန်းတော်ကြီးမှာ တန်ခိုးကြီးသောကြောင့် သူတပါး၏ စိတ်ကို သိတတ်သည်ဟု မနှင်းဆီက ထင်မြင်နေသည်။ ထမင်းစားချိန်တန်သောအခါ ယာလုပ်သားအများက သူ့ကို စိန်းစိန်းကြည့်မိလျှင် စိတ်ထဲတွင် မချမ်းသာသဖြင့် တခါတခါ သတိလစ်သွားတော့မလောက် ဖြစ်ရသည်။ ယာထဲ၌ အကင်းပါးသော နွားကျောင်းသားကလေး တဦးရှိသည်။ သူသည် ကလေးတန်မဲ့နှင့် လူကြီးများကဲ့သို့ သိတတ်သည်။ သူ၏ မျက်စိနှစ်စုံမှာ မနှင်းဆီကို အမြဲတစေ စောင့်၍ ကြည့်နေသည်ဟု ထင်ရသည်။ ထို့ကြောင့် မနှင်းဆီက ငါ့အကြောင်းကို ဒီကောင်ကလေး သိသွားပြီဟု အမြဲတမ်း ထင်မြင်၍ နေလေသည်။

တခုသော နံနက်တွင် စာပို့သမားသည် သူ့ထံ စာတစောင် လာ၍ ပို့သည်။ မနှင်းဆီသည် တသက်ပတ်လုံး ဤကဲ့သို့ စာတစောင်မျှ မရဘူးချေ။ ထို့ကြောင့် စာရသောအခါ နေမထိ ထိုင်မသာ ဖြစ်လာသောကြောင့် မိမိကိုယ်ကို အသာမေ့၍ ထိုင်ချလိုက်လေသည်။ သူ့စိတ်ထဲ၌ ထိုစာသည် ဖိုးကြက်ထံမှ စာဟု





ထင်လိုက်သည်။ သို့သော် စာမဖတ်တတ်သောကြောင့် မင်ခြစ်ထားသော စာရွက်ကို တုန်တုန် တုန်တုန်ဖြင့် ကိုင်ကာ တောင်တောင် မြောက်မြောက် တွေးတောရင်း စိုးရိမ်၍ နေသည်။ အတန်ကြာသောအခါ မိမိ၌ရှိသော လျှို့ဝှက်ချက်ကို သူတပါး မသိစေလိုသောကြောင့် မနှင်းဆီသည် စာကို အိတ်ထဲထည့်လိုက်လေသည်။ ထို့နောက်မှကား မကြာမကြာ အလုပ်လုပ်ရာမှ နား၍၊ ရေးထားသော စာကြောင်းများကိုင်း၊ ထိုးထားသော လက်မှတ်ကိုင်း ကြည့်သည်။ သူ့စိတ်ထဲ၌ စာကဆိုသော အဓိပ္ပာယ်ကို ရုတ်တရက် မမျှော်လင့်ဘဲ အလိုလိုသိလာလိမ့်မည်ဟု ဝိုးတိုးဝါးတား စိတ်ကူးယဉ်နေသလော မပြောတတ်ချေ။ သို့ရာတွင် နောက်ဆုံး၌ စိုးလည်း စိုးရိမ်၊ သိလည်းသိချင်ဖြစ်နေသောကြောင့် အရပ်ထဲရှိ ကျောင်းဆရာတဦးထံ သွား၍ စာအဖတ်ခိုင်းလေ၏။ ထိုအခါ ကျောင်းဆရာက သူ့ကိုထိုင်ပါဟု ပြောပြီးလျှင် အောက်ပါအတိုင်း စာကို ဖတ်ပြလေသည်။

သမီး မနှင်းဆီ

အမေ မမာဘူး။ ဒါကြောင့်မို့ ငါ ယခု ငါ့အိမ်နီးချင်းဖြစ်တဲ့ သူကြီး ကိုကြက်တောင်းကို ငါ့ကိုယ်စား စာရေးခိုင်းလိုက်တယ်။ သမီးအမြန်ဆုံး အိမ်ကို ပြန်လာပါ။

အမေဖြစ်သူကိုယ်စား
ဦးကြက်တောင်း
သူကြီးမင်း။

မနှင်းဆီသည် စာဖတ်ပေးသူအား စကားတခွန်းမျှ ပြန်မပြောဘဲ ချာကနဲလှည့်၍ ထွက်သွားလေ၏။ လမ်း၌ တဦးတည်းရှိသောအခါ ခြေလက် မသယ်ချင်ဖြစ်လာ၍ လမ်းဘေးတွင် လှဲအိပ်ပြီးလျှင် ထိုညနေချမ်းချိန်သို့ ရောက်သည့် တိုင်အောင် ယာတဲသို့ မပြန်ဘဲ နေလေ၏။

သို့သော် နောက်ဆုံး၌ ယာတဲသို့ ပြန်လာရသောအခါ ယာရှင်အား မိမိယခုကြုံရသည့် ဒုက္ခကို ဖွင့်ပြောရလေသည်။ ယာရှင်သည် သူ့အား မိမိကြိုက်သလောက် အိမ်သို့ပြန်နေရန် ခွင့်ပြုသည်။ သူခွင့်ယူနေစဉ်အတွင်း သူ့အလုပ်ကို အခြားဗာဟိရ အလုပ်သမတဦးအား လွှဲပေး၍ သူပြန်လာသောအခါ သူ့မူလအလုပ်ကို သူပင် ပြန်လုပ်စေရမည်ဟု ဆိုသည်။

မနှင်းဆီ အိမ်ပြန်ရောက်၍ မျှားမကြာမီ သူ့အမေဆုံးလေသည်။နောက်တနေ့၌ သူလည်း နေ့လမစေ့ဘဲ ခုနစ်လနှင့် ကလေးမွေးလေ၏။ ကလေးကား အရိုးပေါ် အရေတင်နှင့်မို့ သနားစရာလည်းကောင်း၏။ ရွံစရာလည်းကောင်း၏။ ကလေး၏ ခြေတံလက်တံတို့မှာ ပုဇွန်လုံး၏ ခြေလက်များကဲ့သို့ အရိုးချည်းသာ ဖြစ်နေလေရာ သူ့ခမျာ လှုပ်လှုပ်ရှားရှားပြုလျှင် မြင်းပြသော ဝေဒနာကို ခံစားနေရဘိသကဲ့သို့ ရှိသည်။ သို့သော် သက်ဆိုးရှည်မည့် ကလေးဖြစ်သည်။ ထို့ကြောင့် မနှင်းဆီက သူ့အိမ်နီးပါးချင်းတို့အား သူသည် အိမ်ထောင်သည်ပင် ဖြစ်သော်ငြားလည်း ကလေး၏ တာဝန်ကို မယူနိုင်သောကြောင့် တယောက်ယောက်က ယူ၍ မွေးစားပါရန် ပြောကြားပြီးလျှင် မွေးစားမည့်





သူ့ထံ ကလေးကို ထားရစ်ခဲ့၍ မိမိအလုပ်လုပ်ရာ ယာတောသို့ ပြန်လေ၏။

မနှင်းဆီသည် လောကကြီးကို စိတ်နာနေသည်မှာ ကြာပြီ။ သို့ပါသော်ငြားလည်း ယခုစွန့်ပစ်ခဲ့ရသော ကော့လေး နုနယ်သနားဖွယ် ရင်သွေးအပေါ်၌မူကား မေတ္တာပန်းပွင့်ခဲ့ရချေပြီ။စင်စစ် ချစ်သည်ဆိုသည်မှာလည်း ဒုက္ခပင်ဖြစ်၏။ ချစ်သူနှင့် ကွေကွင်းရသောအခါ ထိုဒုက္ခသည် ပို၍ ကြီးလာပြီးလျှင် နာရီမလပ် နှိပ်စက်၏။ မိမိရင်သွေးကလေးမို့ ရင်ခွင်ထက်၌ ဆွဲယူကာ ပွေ့ပိုက်၍ နမ်းလိုက်ချင်သည်။ ရင်သွေးအား မိမိ၏ ကိုယ်ငွေ့ကို ပေးလိုက်ချင်သည်။ ဤစိတ်ဖြင့် အိပ်ချိန်တွင်မအိပ်နိုင်ဖြစ်ရရှာသည်။ နေ့အချိန်၌လည်း တနေ့လုံး ဤအကြောင်းကိုသာ တွေးနေမိ၏။ ညချမ်းအချိန် အလုပ်ပြီးသည့်အခါ၌ မိမိရှေ့၌ ဖိုထားသော မီးပိုကို တစိမ့်စိမ့်ကြည့်ရင်း အဝေးသို့မျှော်ငေးကာ စဉ်းစားတွေဝေနေမိပြန်လေသည်။

အိမ်နီးပါးချင်းတို့သည် ဤသည်ကိုမြင်လေသော် မနှင်းဆီအား သူ့ရည်းစား အကြောင်းနှင့် ပတ်သက်၍ ဝိုင်းစကြသည်။ "ညည့်ရည်းစားက ချောရဲ့လား။လှရဲ့လား။ပိုက်ဆံရှိရဲ့လား။ဘယ်တော့ လက်ထပ်ကြမှာလဲ။ ကလေးကို ဘယ်တော့ကင်ပွန်းတပ်မှာလဲ အေ့"စသဖြင့် မေးကြ၏။ ထိုအခါ မနှင်းဆီသည် မေးသူတို့နှင့် ဝေးအောင်ပြေး၍ ချုံးမဲ့ချ ငိုလေ၏။ သူ့အား ဤသို့အများက ဝိုင်းမေးကြသည်မှာ သူ့အသဲဖျားကို အပ်နှင့် ဆွဘိသကဲ့သို့ဖြစ်သည်။ ထို့ကြောင့် သူတပါး လှောင်ကြ ပြောင်ကြသည့်ဘေးမှ ရှောင်တိမ်းရန်အလို့ငှာ မိမိအလုပ်ကိုသာ ဖိ၍ ခါတိုင်း

ထက် ပိုလုပ်၏။ မိမိရင်သွေးကို သတိရသောအခါ၌လည်း ယာရှင်သဘောကျ အလုပ်လုပ်ပေးလျှင် လခတိုးရမှာဘဲဟူသောတွက်ကိန်းနှင့် ပိုက်ဆံစုမိအောင် အလုပ်ကိုတိုး၍ လုပ်၏။

ဤနည်းဖြင့် ဗာဟိရ အလုပ်မှန်သမျှကို သူတဦးတည်း ဒိုင်ခံလုပ်ပေးနေရာ တနေ့သောအခါ မနှင်းဆီက နှစ်ယောက်စာအလုပ်ကို သူတယောက်တည်း လုပ်နေခြင်းကြောင့် ဘာမျှမလုပ်တတ် မကိုင်တတ်သော အိမ်ဖော်တဦးကိုထားရန် မလိုတော့ပါဟု သူ့ယာရှင်ကို ပြောလေ၏။ ထို့ကြောင့် ယာရှင်က လူပိုကို အလုပ်ထုတ်ပစ် လိုက်သည်။ ထိုမျှမကသေး မနှင်းဆီသည် မိမိကိုယ်တိုင် ယာရှင်အတွက် မကုန်ကျတန်သည်တို့ မကုန်ကျရလေအောင် ချွေတာ၏။ ပေါင်မုန့်၌ ချွေတာ၏။ ရေနံဆီ၌ချွေတာ၏။ ဖယောင်းတိုင်၌ ချွေတာ၏။ ကြက်စာငှက်စာ အလျှံပယ်ကျွေးသည်ကိုလည်း ချွေတာ၏။ ထို့ကြောင့် ပြောင်းစေ့များသည် မကုန်သင့်ဘဲ မကုန်ကျရတော့ချေ။ ထိုနည်းတူစွာ မြင်းစာ၊ နွားစာကျွေးရာ၌လည်း အပိုဖြုန်းတီးရာ မရောက်ရလေအောင် ချွေတာ၍ ကျွေး၏။ စင်စစ် မနှင်းဆီသည် ယာရှင်၏ ငွေကြေးဘဏ္ဍာဟူသမျှကို မိမိပိုင်ဥစ္စာကဲ့သို့ သဘောထားကာ မသုံးရက် မစားရက် အလုပ်လုပ်သည်။ ဈေးဝယ်လျှင် ဈေးဆစ်၍ ဝယ်၏။ ယာထွက် ပစ္စည်းများကို ရောင်းချစရာ ရှိလျှင် သူတပါးထက် ဈေးရအောင် ရောင်း၏။ သူတပါးထံမှ ကုန်စည်ပစ္စည်းဝယ်စရာရှိလျှင်မူကား ကျေးတောသူတို့၏ မူရာမာယာကိုသုံး၍ ဈေးအနည်းဆုံးနှင့်ရအောင်ဝယ်၏။ ဤအရည်အခြင်းတို့ကို အကြောင်းပြု၍ ယာရှင်သည်လည်း အရောင်းအဝယ် မှန်





သမျှ၌ မနှင်းဆီလက် မနှင်းဆီခြေဟုဆိုကာ ယာတဲရှိအလုပ်သမားများ၏ဆန္ဒနှင့် မဆန့်ကျင်မူ၍ ယာသုံးပစ္စည်း အလုံ အလောက်ရှိလျှင် ပြီးရော့ဟူသော သဘောဖြင့် သူ့အား လုံးဝဥဿုံလွှဲထားသည်။ ထို့ကြောင့် မနှင်းဆီမှာ အရာရာ၌ သူမပါလျှင် မပြီးဖြစ်၍နေသည်။ မနှင်းဆီကိုယ်တိုင်ကလည်း အလုပ်ကို စေ့စေ့ပေါက်ပေါက် လုပ်သည်ဖြစ်ရကား သူ၏ စီမံခန့်ခွဲချက်ကြောင့် ယာခင်းတခုလုံးမှာသာယာဝပြောစည်ပင်လာလေသည်။ ထိုအခါ ငါးမိုင်အတွင်း ဝေးနီးပတ်ဝန်းကျင်ရှိ ယာသမားများက မနှင်းဆီအား ယာရှင်ကြီး၏ ညာလက်ရုံးတဦးအနေဖြင့် ရိုသေခန့်ညားလာကြသည်။ ယာရှင် ဦးဝေလင်းကြီး ကိုယ်တိုင်ကလည်း လူတွေ့တိုင်း "မနှင်းဆီဟာ အဖိုးတန်မိန်းကလေးခင်ဗျ" ဟုပြောကာ ဂုဏ်ယူလျက်ရှိလေသည်။

ဤသို့လျှင် တရွေ့ရွေ့နှင့် အချိန်ကာလတို့သည်လွန်၍လွန်၍သွား၏။ သို့သော် မနှင်းဆီရရန်ရှိသော အခကြေးငွေကား ထိုအတိုင်း ထိုအတိုင်းပင်ဖြစ်၏။ သူကြိုးစားသမျှမှာ အလုပ်အကိုင်ကောင်းသော လုပ်သားမှန်သမျှ ကြိုးစားရန် တာဝန်ရှိသည့် အတိုင်း ကြိုးစားနေခြင်းမျှသာဖြစ်သည်ဟု ယာရှင်က ထင်မြင်နေဟန် တူသည်။ မနှင်းဆီ၏ ကျေးဇူးကြောင့် ယာရှင်ကြီးသည် တလ တလလျှင် ဘဏ်သို့ ငွေ ငါးရာတထောင် ပို၍သွင်းနိုင်သော်ငြားလည်း မနှင်းဆီ၏ အခ ကြေးငွေမှာကား တနှစ်လုံးမှ ငွေနှစ်ရာက တပြားမျှ လျော့လည်း မလျော့၊ ပိုလည်းမပိုခဲ့ချေ။ ဤသည်ကိုတွေးမိသော် စိတ်နာသလိုလိုရှိလာ၏။ ထို့ကြောင့် အခကြေးငွေပို၍ တောင်းဦးမည်ဟု စိတ်ကူး၍ ကျောင်းဆရာကို

တိုင်ပင်ရန်အလို့ငှာ ချဉ်းကပ်၏။ သို့သော် ထိုသို့ သုံးကြိမ် သုံးခါမျှ ချဉ်းကပ်ခဲ့ပါသော်လည်း ကျောင်းဆရာရွှေကျူလျှင် လိုရင်းစကားကိုမပြောမိဘဲ အခြားစကားများကိုသာ ပြောပြီး ပြန်လာမိသည်။ သူ့စိတ်ထဲ၌ ငွေအကြောင်းပြောရမှာ ရှက်စရာဟုထင်သည်။ သို့သော် တနေ့သ၌ မီးဖိုဆောင်ထဲ၌ ယာရှင် ဦးဝေလင်းကြီး တယောက်တည်း ထမင်းသုံးဆောင်နေခိုက် မနှင်းဆီက စကားပြောစရာအကြောင်းကိစ္စ တခုရှိပါသည်ဟု ရှက်ကိုးရှက်ကန်းနှင့်ပြောလေ၏။ ထိုအခါ ဦးဝေလင်းသည် သူ့ဦးခေါင်းကို ဆတ်ကနဲ မော့ကြည့်သည်။ သူ့လက်ထဲက ထမင်းလုပ်မှာ ပါးစပ်ထဲ မရောက်မီ တိုးလို့တန်းလန်းဖြစ်နေသည်။ ထိုနောက် ဦးဝေလင်းက မနှင်းဆီကို စိုက်၍ကြည့်လိုက်သောအခါ မနှင်းဆီသည် အိုးတိုးအမ်းတန်း ဖြစ်ကာ မိမိသည် အတန်ငယ် နေထိုင်မကောင်းသောကြောင့် နေရပ်သို့ ခဏပြန်ရန် ခွင့်ခုနစ်ရက်လောက် ပေးပါဟု ပြောမိလေသည်။ ဦးဝေလင်းကား မနှင်းဆီ ခွင့်ပန်သည်ကို ချက်ချင်းလိုက်လျောပြီးလျှင် "ငါ နင်အလုပ်ပြန်ဆင်းယင် နင့်ကိုလဲ ငါပြောချင်တဲ့ စကားကလေးတခု ရှိတယ်ဟဲ့"ဟု ရှက်ကိုးရှက်ကန်းနှင့် ပြောလေ၏။

မနှင်းဆီ၏ကလေးမှာ ယခုအခါ ရှစ်လအရွယ်မျှရှိနေပြီ။ ရွာသို့ပြန်ရောက်သောအခါ ကလေးအမေက မိမိကလေးကိုပင်လျှင် မမှတ်မိတော့ချေ။ ကလေးသည် ဝ၍တစ်ပြီးလျှင် ပါးစုံ့နီနီ ထွက်နေသည်။ အဆီတုံး အဆီခဲကလေးနှင့် တူလှ၏။ မနှင်းဆီသည် မိမိကလေးကိုတွေ့လျှင်တွေ့ချင်း ပွေ့ချီပြီးလျှင် ဖက်ရမ်းနမ်းရှုတ်လေရာ ကလေးသည် လန့်၍ငိုလေ၏။ မနှင်းဆီ လည်း





သူ့ရင်သွေးက သူ့ကိုမမှတ်မိသောကြောင့် သူပါ ကလေးနှင့် ရော၍ငို၏။ ကလေးလည်း သူ့ကိုနို့တိုက်သော မွေးစား မိခင်ဘက်သို့သာ လက်ကိုလှမ်း၍ ငိုမြဲငိုလေသည်။ သို့သော်နောက်တနေ့၌သော်ကား ကလေးသည် အတန်ငယ် ယဉ်လာသည်ဖြစ်၍ မနှင်းဆီကိုမြင်သောအခါ ရယ်ရမှန်းသိလာလေသည်။ ထို့ကြောင့် မနှင်းဆီသည် သူ့ကလေးကို ခပ်လှမ်းလှမ်း သစ်ပင်အောက်သို့ ခေါ်သွားပြီးလျှင် သစ်ပင်ရိပ်တွင်ထိုင်ရင်း ကလေးကို ထိန်းလေ၏။ ထို့နောက် ကလေးထိန်းရာမှနေ၍ ကလေးအား တိုင်ပင်ဖော် တိုင်ပင်ဖက်ပမာတမျှ သဘောထားပြီးလျှင် သူ့စိတ်ထဲ၌ရှိနေသောပြောစရာစကားတို့ကို ဖွင့်ဟပြောဆိုလေ၏။ မိမိရင်သွေးအတွက် မည်မျှစိတ်ဒုက္ခရောက်ရသည့်အကြောင်း၊ မိမိအလုပ်မှာ မည်မျှပင်ပန်းသည်ဖြစ်ကြောင်း၊ နောင်ရေးအတွက် မည်မျှပူပင်သောက ရောက်ရသည့်အကြောင်း၊ အားလုံးသော အကြောင်းတို့ကို ကလေးအား တိုင်ပြော ပြောလျက်ရှိလေ၏။ ကလေးမှာမူ အမေဖြစ်သူက အတင်းဖျစ်ညှစ်ပြီး ချစ်နေသောကြောင့်အမေ့လက်ထဲတွင် ကသိကအောက်နှင့် နေရလေသည်။

မနှင်းဆီကား ကလေးကို ရေမိုးချိုး၍ အဝတ်အစား ဝတ်ပေးရသည့်အလုပ်၌ အလွန်ပျော်၏။ သူ ဤသို့ ပြုစုနေသည်မှာ ကလေးအမေဖြစ်ကြောင်း ထင်ရှားအောင် သက်သေတူနေဘိသကဲ့သို့ ထင်မြင်မိ၏။ မိမိကမွေးသော ကလေးပါတကားဟု စဉ်းစားမိတိုင်း၊ မိမိကလေးကို မိမိတအံ့တသြ ကြည့်မိ၏။ ထို့ကြောင့် ကလေးကို ချီရင်းနှင့် "ဒါငါ့ရင်သွေးဟဲ့"ဟု တီးတိုးသို့မြည်ကာ မြူးတူးခုန်ပေါက်မိလေသည်။

ယာခင်းသို့အပြန်တွင် လမ်းတလျှောက်လုံး ငို၍ ပြန်လာခဲ့လေသည်။ ယာတဲသို့ရောက်မဆိုက် ယာရှင်က သူ့အား အခန်းထဲသို့ ခေါ်လေ၏။ ထိုအခါ အဘယ့်ကြောင့်မသိ ကြောက်သလိုရှိ့သလိုဖြစ်လာပြီးလျှင်. ခေါ်ရာသို့လိုက်သွားလေ၏။

ယာရှင်က"ထိုင်အုံးလေ"ဟု ဆိုသောကြောင့် မနှင်းဆီသည် ထိုင်၏။ သို့ရာတွင် သူတို့နှစ်ဦးသားမှာ တအောင့်လောက်ကြာအောင်တွေဝေနေကြ၍ စကားအစ ရှာမတွေ့နိုင်ဖြစ်နေကြသည်။ ဤသို့သောအဖြစ်မျိုး၌ တောသူတောင်သားတို့ သဘာဝအတိုင်း နှစ်ဦးစလုံး မိမိတို့၏ လက်ကို ဘေးတွင် တွဲလောင်းချကာ ဘာလုပ်ရမှန်းမသိသည်နှင့် တယောက်မျက်နှာ တယောက် ကြည့်၍ ငိုင်နေကြလေသည်။

ယာရှင်သည် အိမ်ထောင်နှစ်ဆက် ရှိခဲ့ဘူးသူ ဖြစ်၏။ သူ့မိန်းမ နှစ်ယောက်စလုံးမှာ ကွယ်လွန်ခဲ့လေပြီ။ သူ၏အသက်ကား ၄၅ နှစ်မျှသာ ရှိသေးသည်။ သူ့ပုံပန်းမှာ တုတ်တုတ်ခိုင်ခိုင် ဖြစ်၏။ စိတ်ရင်းမှာကား ပျော်တတ် ရွှင်တတ်သည်။ သို့သော် ခေါင်းမာ၏။ သူ့လိုလူမျိုးသည် မိန်းမရှေ့မှာ ရှက်ကိုးရှက်ကန်း ဖြစ်စရာအကြောင်းမရှိချေ။ သို့သော် ယခုမှာမူ အမှန်ပင် ရှက်ကိုးရှက်ကန်းဖြစ်၍ နေလေသည်။ သို့သော်နောက်ဆုံး၌ မိမိစိတ်ကိုတင်း၍ ပြူတင်းပေါက်ဖက်သို့ မကြာခဏ လှည့်ကြည့်ရင်း မရဲတရဲ စကားကိုစလေသည်။

"ဘယ့်နှယ်လဲ မနှင်းဆီ။ မင်းဟာ အိမ်ထောင် ရက်သားပြုဘို့ စိတ်မှကူးမိရဲ့လား"ဟု ယာရှင်က ဆိုလေ၏။





ရုတ်တရက်အားဖြင့် မနှင်းဆီသည် မျက်နှာ ပျက်သွားလေ၏။ ယာရှင်ကြီးကလည်း မနှင်းဆီ ရုတ်တရက်စကားပြန် မပေးသည်နှင့်"မင်းဟာ အင်မတန် တော်တဲ့မိန်းမဘဲ။ အလုပ်ကိုမှန်မှန် လုပ်တတ်တယ်။ ထကြွ လုံ့လလဲ ရှိတယ်။ အိမ်ထောင်မှုကိုလဲ ထိန်းသိမ်းတတ်တယ်။ မင်းလိုလူမျိုးရတဲ့ ယောကျ်ားဟာ မုချ စီးပွားတိုးတက်မှာဘဲ"ဟုဆက်၍ပြောလေ၏။

မနှင်းဆီကား ကြောက်ရွံ့၍ မတုန်မလှုပ်နှင့်နေ၏။ သူ့စိတ်မှာ ချာချာလည်လျက်ရှိသည်။ မိုးသက်မုန်တိုင်း ကျဘိသကဲ့သို့ တစုံတခုသော အန္တရာယ် ကျရောက်လာတော့မည်လောဟု ထင်မှတ်၏။ ထို့ကြောင့် ယာရှင်က ပြောသော အဓိပ္ပာယ်ကိုပင်လျှင် သေချာဂနစ္စာ တွေးတောခြင်းမပြုနိုင်ဘဲ တအောင့် လောက်စဉ်းစားတွေဝေ၍ နေလေ၏။

"ဒီလိုရှိတယ် မနှင်းဆီရဲ့၊ အခုလို ယာအလုပ်ကို လုပ်ရတော့ အိမ်ရှင်မရယ်လို့ မရှိယင် မကြီးပွားနိုင်ဘူး။ မင့်လို အင်မတန် အလုပ်ကောင်းတဲ့ လူငွားမျိုးကိုရပေမယ့် ဥစ္စာပစ္စည်း တိုးပွားဘို့ ခက်လိမ့်မယ်"

ယာရှင်သည် ဤသို့ပြောပြီးလျှင် ရှေ့ဆက်၍ ဘာပြောရမည် မသိသည်နှင့် ရုတ်တရက် စကားကိုရပ်လိုက်လေသည်။ မနှင်းဆီကား လူသတ်သမားနှင့် ရင်ဆိုင်တွေ့နေရသော သူ၏ မျက်နှာထားဖြင့် ယာရှင်ကိုစိန်းစိန်းကြည့်ပြီးလျှင် ယာရှင်ခြေလှမ်းလှမ်းသည်နှင့် တပြိုင်နက်ပြေးပေါက်ကိုရှာအံ့ဟု စိတ်တွင် ကြံစည်ကာ နောက်ထပ်ဘာများပြောအုံးမလဲဆိုသည်ကို သိချင်၍ ငါးမိနစ်ခန့်စောင့်ကာ နားထောင်လေ၏။

"အဲဒီတော့ နင်သဘောတူတယ်မဟုတ်လား"

"ဘာကို သဘောတူရမှာလဲတော့်"

"နင့်ကို ငါယူမယ်။ သဘောတူတယ်မဟုတ်လား"ဟူ၍ ယာရှင်က စကားကိုခပ်သုတ်သုတ်ပြောလေသည်။

မနှင်းဆီသည် မိုးကြိုးထိဘိသည့်အလား မိမိ ထိုင်နေသော ကုလားထိုင်ပေါ်မှ ထ၍ ခုန်မိလေသည်။ သို့သော် မူလထိုင်နေသော ခုံပေါ်သို့ပင် ပြန်၍ကျလာသည်။ ပင်လယ်ဝေလာသော ဒုက္ခများအကြားဝယ် မလှုပ်မယှက် ငုတ်တုတ်ကလေး ဖြစ်၍ နေလေ၏။ သို့သော် ယာရှင်ကား စိတ်မရှည်နိုင်တော့သဖြင့် "နင့်အတွက် ဒီထက်ကောင်းတာ ဘာများရှိသေးသလဲကွယ်"ဟု ဆိုလေ၏။

မနှင်းဆီကားကြောက်အားပိုရသဖြင့် ယာရှင်ကိုမျက်စိပြူး၍ ကြည့်လေ၏။ ထို့နောက် မျက်ရည်လည်လာပြီးလျှင် တစ်ဆို့ နေသော ငိုသံကြီးဖြင့် "ကျုပ် တော့်ကိုမယူနိုင်ဘူးတော့်"ဟု ဆိုလေ၏။

"အို၊ နင်မမိုက်စမ်းပါနဲ့ဟယ်။ နင်သေသေချာချာ စဉ်းစားပါအုံး။ နက်ဖြန်အထိ စဉ်းစားဘို့ အချိန်ပေးပါ့မယ်"

ယာရှင်သည် ဤသို့ပြောပြီးလျှင် မရှုနိုင် မရှိက်နိုင် ဖြစ်နေသော အလုံးကြီးမှာ ယခုမှကျသွားလေပြီဟု အောက်မေ့ကာ အခန်းတွင်းမှ ထွက်ခွာသွားလေ၏။ သူ့စိတ်ကူးထဲ၌ မနှင်းဆီသည် နောက်တနေ့နံနက်တွင် သူဘယ်အခါတုန်းကမျှ မမျှော်လင့်ခဲ့ဘူးသော ကိစ္စအတွက် သဘောတူညီချက် ပေးမှာဘဲဟု မုချမသွေ အောက်မေ့မိလေသည်။ ဤကိစ္စ နေရာကျလျှင် သူ့





အဖို့မြတ်သည်ဟူ၍ပင် ဆိုရပေလိမ့်မည်။ တနယ်လုံးရှိ ခန်းဝင်ပစ္စည်းပေးနိုင်သော မိန်းမများနှင့် စာလိုက်လျှင် မနှင်းဆီသာ လျှင်ပို၍ တန်ဘိုးရှိသည်။ ထို့ကြောင့် သူ့ကိုရလျှင် ရကျိုးနပ်လိမ့်မည်ဟုထင်မြင်မိလေသည်။

မနှင်းဆီနှင့် ယာရှင်တို့အဖို့နှစ်ဦးစလုံးက ဤကိစ္စတွင် အဆင့်အတန်းချင်းမညီမျှဟု တွေးတောမိကြလိမ့်မည် မဟုတ်ချေ။ အဘယ့်ကြောင့် ဆိုသော် ကျေးလက်တောရွာတို့တွင် လူတိုင်း လူတိုင်းမှာ အဆင့်အတန်းအားဖြင့် ပိန်မသာလိန်မသာချည်းဖြစ်သည်။ ယာရှင်ဆိုသော သူကလည်း ယာအလုပ်သမား ကဲ့သို့ အလုပ်လုပ်ရသည်၊ တခါတရံ ယာအလုပ်သမားဆိုသူသည် သူတို့အလှည့်ကျလျှင် ယာရှင်ကြီးဖြစ်လာသော်၊ ယခင်က ယာရှင်ဆိုသူတို့အပေါ်၌ အရှင်သခင်ပမာစေခိုင်းရသည်။ ယာတော၌ အခိုင်းအစေ မိန်းမများဆိုသည်မှာလည်း တခါတရံ အစေအပါးဘဝမှ ယာရှင့်ကတော်ဘဝ ရောက်ကြရသည်။သို့သော် သူတို့အဖို့ ဤကဲ့သို့ ဘဝပြောင်းသော်လည်း ပေါင်းသင်းဆက်ဆံရေး ကိစ္စတို့မှာကား မပြောင်းလဲဘဲ ယခင်ကအတိုင်းပင်ရှိတတ်သည်။

ထိုည၌ မနှင်းဆီသည် အိပ်ရာထဲတွင် အိပ်၍ မပျော်နိုင်တော့ချေ။ မိမိရွာမှ ပြန်လာစဉ်က အဝတ်အစားအတိုင်း မချွတ်ဘဲ အိပ်ရာထဲတွင် ပစ်လှဲကာ လူး၍နေလေသည်။ သူ့အဖို့ ငိုရန်အတွက် ခွန်အားမျှပင် မရှိတော့ချေ။ ထို့ပြင် သူ့မှာ အံ့အားသင့်စရာနှင့် ကြုံနေရသောကြောင့် မငိုကြွေးနိုင်။ ထို့ကြောင့်အိပ်ရာပေါ်တွင် မလှုပ်မယှက်နှင့် သူ့အကြောင်းကို စားမြုံ့ပြန်မိသည်။ သို့ရာတွင် မိမိကိုယ်ကို မိမိအကောင်အထည်နှင့်တကွ ရှိနေသည်ကိုပင်လျှင်

သတိမရဖြစ်သောကြောင့် ဘာကိုမျှ စဉ်းစား၍မရချေ။ တချိ တချိန်၌ ယာရှင် ပြောသည့် စကားတပိုင်းတစကို ပြန်တွေးမိ၏။ သို့ရာတွင် သူပြောသလိုဖြစ်လာလျှင် နောင်ကို ဘာဆက်၍ဖြစ်ဦးမည်နည်းဟု တွေးတောမိသောအခါ ကြောက်စိတ်များ ဝင်လာသည်။ မိုးဖိုဆောင်ထဲမှ နာရီသည် တနာရီပြီးတနာရီ ထိုးသွားသောအခါ သူ၏ ကြောက်စိတ်မှာ ပို၍ပို၍လာပြီးလျှင် ချွေးများ ပင်လျှင် ဖြိုင်ဖြိုင်ကျလာလေသည်။ ထိုညတညလုံး ထမင်းလုံး တစ္ဆေခြောက်ဘိသကဲ့သို့ ရှိနေသည်။ ညဥ့်နက်၍ ထွန်းထားသော ဖယောင်းတိုင် ငြိမ်းသွားသောအခါ သူ့ကို တစုံတယောက်သူက ပြူစားလိုက်ပြီဟု တွေးတောမိ၏။ ထို့ကြောင့် လာမည့်ဘေးမှ လွတ်အောင် ပြေးလျှင်ကောင်းမည်ဟုတွေးကာ ထွက်ပြေးချင်စိတ်များပေါ်ပေါက်လာသည်။

ဤအတွင်းဝယ် ဇီးကွက်တကောင် အော်သံကိုကြားရသောအခါ ကျောချမ်းသွားသည်။ ထို့ကြောင့် ထ ထိုင်ပြီးလျှင် မျက်နှာကို လက်ဝါးနှင့်အုပ်၏။ ထို့နောက် ခေါင်းကိုကုပ်၏။ ထို့နောက် ခြေမကိုင်မိ လက်မကိုင်မိဖြစ်လာသည်နှင့် အိမ်အောက်သို့ ဆင်းသွားလေသည်။အိပ်မက် မက်ရင်း လမ်းလျှောက်သောသူကဲ့သို့ ရှိနေသည်။ အိမ်ပြင်ဖက်ခြံထဲသို့ ရောက်သောအခါ ချောင်းမြောင်းနေသော လူဆိုးသူဆိုး စသည်တို့ မြင်မှာစိုးသောကြောင့် ကုန်းကုန်း ကုန်းကုန်းနှင့် လျှောက်ရသည်။ ဖိုးရွှေလမင်းသည် ယာခင်းပေါ်သို့ ငွေရောင်တို့ကို ပက်ဖျန်း၍ပေးနေသည်။ မနှင်းဆီ ကား ခြံဝင်းတံခါးကို မဖွင့်ဘဲ၊ ခြံဝင်းထရံကို ကျော်၍တက်ပြီးလျှင် အပြင်ရောက်သည်နှင့် တပြိုင်နက် လျှင်မြန် ပေါ့ပါးစွာ





လျှောက်၍ပြေးလေ၏။ တခါတရံ သူသည် အမှတ်မထင် အသံကြောင် အသံသေးဖြင့် ဟစ်အော်ငိုကြွေးသည်။ သူ ဤသို့သွားရာ လမ်းတလျှောက်၌ သူ၏ အရိပ်သည် ထက်ကြပ်လိုက်၍ နေ၏။ ညဥ့်အချိန်၌ လှုပ်ရှားလာ ပျံသန်းနေသော ငှက်များသည်လည်း သူ့ဦးခေါင်းပေါ် ဝဲ၍ လိုက်ပါလာကြသည်။ အချို့ ယာတဲမှ ခွေးများသည်လည်း သူဖြတ်သွားသည်ကို မြင်သောအခါ ဟောင်ကြသည်။ ခွေးတကောင်မှာ မြောင်းကိုခုန်၍ သူ့နောက်လိုက်ပြီးလျှင် ကိုက်မည်ပြု၏။ သို့သော် သူက နောက်သို့ လှည့်ပြီးလျှင် ခွေးကို ဟစ်အော်မောင်းနှင်လိုက်ရာ ခွေးသည် မိမိ၏ခြံတွင်းသို့ ဝင်ပြီးလျှင် ခွေးအိမ်ထဲ၌ ကြောက်လန့်တကြားဖြင့် ဝပ်၍နေလေသည်။

သို့နှင့်ပင် ကြယ်ရောင်လည်း တစတစပျောက်သွားလေသည်။ ငှက်အသံများလည်း စီစီညံညံဖြစ်လာလေသည်။ မိုးကား လင်းပြီ။ မနှင်းဆီမှာမူ ပင်ပန်းနွမ်းရိ၍ မောဟိုက်လျက်ရှိသည်။ နီမြန်းသော ကောင်းကင်ပြင်တွင် နေမင်းကြီး တက်လာသောအခါ သူ၏ခြေထောက်မှာ ရောင်ယမ်းလာသည်နှင့် ရှေ့သို့ ဆက်လက်မသွားနိုင်ဘဲ ရောက်ရာအရပ်တွင် နားလေသည်။ အဝေး၌ အိုင်တခုကို မနှင်းဆီ မြင်ရ၏။ ထိုအိုင်ထဲ၌ ထင်လာသော အရိပ်မှာ သေးကဲ့သို့ ချင်းချင်းနီလျက်ရှိ၏။ မနှင်းဆီသည် မိမိရင်ကို လက်ဖြင့်ပိုက်၍ ထိုအိုင်ရှိရာသို့ ထော့နဲ့ ထော့နဲ့ သွားလေသည်။ သူ၏ အကြံမှာ ထိုအိုင်တွင် ခြေဆေးရန်ဖြစ်သည်။

မနှင်းဆီသည် မြက်ဖုတ်တခုပေါ်တွင်ထိုင်၍ ဖုံဝင်နေသော သူ့ဖိနပ်များကို ချွတ်၏။ ခြေအိတ်များကိုလည်း ချွတ်၏။ ရေပြင်

သည် ငြိမ်လျက်ရှိ၏။ သို့သော် ထိုနေရာ ဤနေရာများတို၌ ပလုံစီလျက်ရှိ၏။ မနှင်းဆီလည်း ထိုငြိမ်နေသော ရေထဲသို့ မိမိခြေထောက်ကို နှစ်လိုက်လေသည်။

ထိုအခါ ရေ၏ အအေးဓာတ်သည် မနှင်းဆီ၏ ခြေမှရှောက်၍ ဦးခေါင်းသို့တိုင်အောင် တက်လေသည်။ ရေနက်သော အိုင်ကြီးကို စိုက်၍ကြည့်နေရာမှ ရုတ်တရက် ခေါင်းရှုပ်လာပြီးလျှင် ရေအိုင်ထဲ၌ခုန်ချချင်သောစိတ်တို့ ပေါ်လာလေ၏။ ဒုက္ခဟူသမျှ ရေထဲ၌ နှစ်လိုက်လျှင် တခါတည်း ကိစ္စငြိမ်းပေလိမ့်မည်။မနှင်းဆီသည် ဒုက္ခချုပ်ငြိမ်းဘို့ကိုသာ သတိမူနေသဖြင့် မိမိရင်သွေးကိုမျှပင် သတိမရတော့ချေ။ သူ့ဆန္ဒမှာ လောကကြီးမှ ရုတ်တရက် ထွက်သွားလိုသော ဆန္ဒဖြစ်၏။ မနိုးသောအိပ်ခြင်းဖြင့် တခါတည်း အိပ်လို၏။ ထို့ကြောင့် မတ်တတ်မှ ထိုင်ပြီးလျှင် လက်နှစ်ချောင်းကိုမြှောက်ကာ ရေထဲသို့နှစ်လှမ်းမျှ လှမ်း၍ ဆင်းလေ၏။ ရေသည် မိမိပေါင်လယ်လောက်သို့ ရောက်သောအခါ မနှင်းဆီသည် ရေထဲသို့ တခါတည်း ငုပ်လျှိုးတော့မည်ဟုအပြုတွင် ခြေမျက်စိ၌ စူးရှသောဝေဒနာတခုကို ခံစားရသည်နှင့် ရုတ်တရက် နောက်ပြန်ခုန်၍ အားကုန် ဟစ်အော်လေ၏။ မနှင်းဆီ၏ ဒူးအောက်မှနေ၍ ခြေဖျားအထိ မြွေနက်မဲကြီးများသည် အသွေးအသားကို စုပ်မျိုသောက်သုံးလျက်ရှိကြလေရာ သွေးဝနေသော သတ္တဝါများသည် အသားတွင်ကပ်၍ တိုးလိုတွဲလောင်း ရှိနေကြသည်။ မနှင်းဆီကား မြွေကို မကိုင်ဝံ့သဖြင့် ကြောက်လန့်တကြား အော်မြဲအော်လေသည်။ အဝေး၌ ယာသမားတဦး ယာထွန်နေသည်။ ထိုယာသမားသည် အော်သံကြားသောအခါ အ





နီးသို့ လာရောက်၍ မြွေများကို တကောင်ပြီးတကောင် ဆွဲခွာပေးလေသည်။ ထို့နောက် မြွေတွယ်သောနေရာတွင် ဆေးများပက်ပေးပြီးသော် မနှင်းဆီအား သူ၏ လောင်းလှေကလေးပေါ်တွင်တင်ကာ ယာရှင်ထံသို့ ပို့ပေးလေသည်။

မနှင်းဆီသည် ဆယ့်လေးငါးရက်ခန့် အိပ်ရာပေါ်၌ လဲလေ၏။ အိပ်ရာမှ ထနိုင်၍ နံနက်စောစော အိမ်ပြင်သို့ ထွက်မိသောအခါ ယာရှင်သည် သူ၏ ရှေ့မှောက်တွင် ဘွားကနဲရောက်လာပြီးလျှင် "ဘယ့်နှယ်တုံး မနှင်းဆီ။ နင့်ကိစ္စ ဆုံးဖြတ်လို့ ပြီးကရောပေါ့"ဟု စကား စပြန်၏။

မနှင်းဆီကား စကားမပြန်ချေ။သို့သော် ယာရှင်က စူးရှသော မျက်လုံးများဖြင့် သူ့ကို စိန်းစိန်းကြည့်နေသောကြောင့် ခဲခဲယဉ်းယဉ်းနှင့် အဖြေပေးရှာသည်။

"မဖြစ်နိုင်ပါဘူး တော်"

ဤစကားကိုကြားသော် ယာရှင်သည် စိတ်ဆိုးလာ၍ "ဘာ့ကြောင့်မဖြစ်နိုင်ရမှာတုံး။ အကြောင်းကို ဆိုစမ်းပါအုံးဗျာ" ဟု အတင်းမေးလေ၏။

မနှင်းဆီကားငို၍ "မဖြစ်နိုင်ဘူး"ဟုသာ အတွင်ပြောလေသည်။

ထိုအခါ ယာရှင် ဦးဝေလင်းသည် ရှေးကထက်ပို၍ ဒေါသတကြီးဖြစ်လာပြီးလျှင် မနှင်းဆီကို တည့်တည့်ကြည့်၍ "မဖြစ်နိုင်ဘူးဆိုတာက နင်ကြိုက်တဲ့လူ ရှိနေလို့လားဟ"ဟု မေးလေသည်။

မနှင်းဆီသည် ရှက်သွေးဖြန်းလျက် "အဲဒါကြောင့်လို့ ဆိုပါတော့"ဟု ထစ်ထစ်ငေါ့ငေါ့ဆို၏။

ယာရှင်ကြီးကားဒေါသဖြစ်အားကြီး၍ မျက်နှာကြီး နီလာလေသည်။ "လက်စသတ်တော့ ဒီလိုကိုး။ တော်တော်လာတဲ့ကောင်မ။ နှင်နဲ့ဖြစ်နေတဲ့အကောင်က ဘယ်သူလဲ။ အလုပ်မရှိ၊ အကိုင်မရှိ၊ ပစ္စည်းဥစ္စာမရှိ၊ ငတ်ပြတ်နေတဲ့ကလေကချေထဲကဘဲဖြစ်ရမှာပေါ့။ ငါပြောတာ ဟုတ်သလား"ဟုငေါက်၍ မေး၏။

သို့သော် မနှင်းဆီက ဘာမျှပြန်မပြောသည်နှင့် ဦးဝေလင်းကဆက်၍ "နှင်မပြောချင်ယင် ငါပြောရမလား။ နှင်နဲ့ ပေါတာ ဆိုတဲ့အကောင်နဲ့ဖြစ်နေကြတယ်မဟုတ်လား"ဟုမေးပြန်၏။

မနှင်းဆီက "ဟုတ်ပါဘူး"ဟု တခွန်းဖြေ၏။

"ဒါဖြင့် မာဒင်ဆိုတဲ့အကောင်နဲ့လား"ဟု မေးသူက မေးပြန်သည်။

"ဟုတ်သေးပါဘူးတော်"ဟု မနှင်းဆီကဖြေ၏။

ယာရှင်ကြီးသည်လည်း မိမိယာတောပတ်လည်၌ရှိသမျှသော လူပျိုကာလသားတို့၏ အမည်ကိုထုတ်ဖော်၍ မေး၏။ မနှင်းဆီက မေးတိုင်းမေးတိုင်း မမှန်ပါဟုဖြေရာမှ ထမိစဖြင့် မျက်ရည်ကို ခဏခဏသုတ်၏။ အမဲလိုက်ခွေးသည် အမဲနံ့ရရာ နေရာမှန်သမျှကိုကုတ်ခြစ်ရှာဖွေ၍ ဖူးစမ်းဘိသကဲ့သို့ ၎ကြီးသော ယာရှင်သည်လည်း သက်သေခံ အစအနတွေ့သမျှကို ကုတ်ခြစ် ရှာဖွေကာ မနှင်းဆီအား စစ်တမ်း ထုတ်လေသည်။ နောက်ဆုံး၌ သူသည် အမှန်ကိုတွေ့ရှိပြီဟု အားရပါးရဖြစ်ကာ "အဲ၊ အခုမှဘဲ တွေ့မိသဟဲ့။ နှင်ဖိုးကြက်နဲ့ဖြစ်နေတာ မဟုတ်လား။ ဒီအကောင် မနှစ်





က ငါ့ဆီမှာလုပ်တယ်။ လူများကလဲ ပြောကြတယ်။ နှင် သူနဲ့ပူးတွဲပူးတွဲ နေခဲ့ကြတယ်ဆို။ နှင်တို့နှစ်ယောက်လက်ထပ်ဖို့တောင်လုပ်ကြသေး မဟုတ်လား"ဟု ဆိုလေ၏။

မနှင်းဆီသည် တကိုယ်လုံး ပူထူလာပြီးလျှင် မျက်စိမျက်ဆံပြူးလာလေ၏။ ငိုရာမှ ရုတ်တရက်တန့်သွားပြီးလျှင် မျက်ရည်တို့လည်း မိုးပူပေါ်သို့ ကျသွားသော ရေစက်ပမာ ရုတ်တရက်ခြောက်ခမ်းသွားလေ၏။ ထိုနောက် "သူလဲမဟုတ်ပါဘူး၊ မဟုတ်ပါဘူး"ဟု ထပ်ကာထပ်ကာ ငြင်းလေ၏။

ယာရှင်ကား လူပါးကြီးဖြစ်၍ အတန်ငယ် ရိပ်မိလေသည်။ ထို့ကြောင့် "နှင်တကယ်ပြောတာလား"ဟု မေးသည်။

မနှင်းဆီက မဆိုင်းမတွပင်ဖြစ်သည်။

"ကျုပ်ကျိန်ပြောပါဆိုယင် ပြောပါ့မယ်။ သူနဲ့ မဟုတ်ရပါဘူး"ဟု ဆိုရင်းနှင့် ကျိန်လိုက်မည်ပြု၏။ သို့သော်တကယ်တမ်းမှာမူ မကျိန်ဝံ့၍ အသာငြိမ်နေသည်။

"နှင်ဘယ်လိုဘဲပြောပြော ဒီဖိုးကြက်ဆိုတဲ့ ငနဲကတော့ နှင့်နောက် တကောက်ကောက်လိုက်နေတာ အမှန်ပါဘဲ။ ပြီးတော့လဲ ငါတို့ ထမင်းဝိုင်းမှာ ထိုင်ပြီဆိုယင် ဒီအကောင်ဟာ နှင့်ကို အစိမ်းလိုက် ဝါးစားတော့မယ်အတိုင်း နှင့်ကို စိုက်စိုက်ကြည့်တယ်။ နှင် သူနဲ့ လက်ထပ်ဖို့ ကတိပြုမိသလား" ဤသို့ ယာရှင်က မေးပြန်သည်။

ဤအကြိမ်၌မူ မနှင်းဆီသည် ယာရှင့်မျက်နှာကိုစေ့စေ့ကြည့်၍ "ကျုပ်တခါမျှ ကတိမပေးခဲ့ဘူးပါဘူးတော်။ တော်က ကျိန်ပြောပါဆိုယင် ပြောရဲပါတယ်။ သူ အခုဒီကိုလာပြီး ကျုပ် ကို

လက်ထပ်ပါရစေလို့ ပြောအုံးတော့၊ ကျုပ် သူ့ကို မယူနိုင်ဘူး။ သူနဲ့ကျုပ်နဲ့ ကင်းပါတယ်”ဟု ဆိုလေ၏။

မနှင်းဆီက ယခုလို အတည်ပေါက် ပြောလိုက်သောအခါ ယာရှင်သည် ခေတ္တမျှငိုင်သွားလေသည်။ ထိုနောက် မိမိဖာသာ မိမိ တကိုယ်တည်း ပြောနေဘိ သကဲ့သို့ ညည်းတွားလိုက်သည်ကား “ဒါဖြင့် ဘယ်လိုပါလိမ့်။ နှင်ဟာ ကံအကြောင်း မလှလို့ သူတပါးက စော်ကားမော်ကား ခံရတာလဲ မဟုတ်ပါဘူး။ ဒီလိုသာ အစော်ကားခံရတယ်ဆိုယင် ငါ့ယာခင်းတခုလုံး သိကြမှာပေါ့။ ပြီးတော့ ဒီအဖြစ်မျိုးကြုံခဲ့တယ်ဘဲ ထားပါအုံး။ ဒါက ဘာမှအရေးမကြီးပါဘူး။ ဒီဟာကို အကြောင်းပြုပြီး၊ ယာခင်း အလုပ်သမ တဦးက သူ့ယာရှင်ကို ငြင်းပယ်စရာ မဟုတ်ပါဘူး။ နှင့်မှာ ဒီပြင်အကြောင်းတခုခု ရှိပါလိမ့်မယ်”

မနှင်းဆီကား သူညည်းတွားနေသော အချက်ကို ပြန်ဖြေရန် ခွန်အားမရှိတော့ချေ။ ထို့ကြောင့် ဘာမျှ မပြောဘဲ ငြိမ်နေသည်။ သို့ပါသော်လည်း မေးသူကထပ်၍ “နှင်ငါ့ကို မယူဘူးလား”ဟု မေးပြန်၏။

မနှင်းဆီက “မယူနိုင်ဘူးတော့”ဟု ပြော၍ ဦးခေါင်းကို တဖက်သို့ ငဲ့လိုက်လေ၏။

ယခုမှပင် ယာရှင်ဦးဝေလင်းရန်မှ လွတ်ကင်းရလေပြီဟု မနှင်းဆီ ယူဆပြီးလျှင် ထိုနေ့တနေ့လုံး မိမိဖာသာ မိမိ အေးအေး လူလူနေရလေသည်။ သို့ရာတွင် တနေ့ပတ်လုံး စပါးနယ်ရသော မြင်းအိုကြီးကဲ့သို့ မောပန်းလှသောကြောင့်၊ အိပ်ရာသို့စောစော ဝင်၍ အိပ်လေသည်။ ချက်ချင်းလိုပင် အိပ်မောကျသွားပြီးသည့်





နောက် ညသန်ကောင်ယံ အချိန်တွင် မိမိအိပ်သော ခုတင်ကို တစုံတယောက်သောသူက လက်နှစ်ဖက်နှင့် ကိုင်၍ တွန်းလိုက် သလိုလိုရှိသည်နှင့် အိပ်ရာမှလန့်နိုးလေ၏။ မနှင်းဆီမှာ လွန်စွာ ထိတ်လန့်သွားသည်။ နောက်တခဏ၌ အသံကြားရသည်နှင့် ကေန္တ ယာရှင်၏ အသံဟု ကျက်မိလိုက်လေသည်။ ယာရှင်က “မနှင်းဆီရယ်၊ မင်းမကြောက်ပါနဲ့ကွယ်။ ငါ စကားတခု ပြောချင်လို့လာခဲ့တာပါ”ဟု ဆိုလေ၏။

မနှင်းဆီသည် ဦးစွာ၌ အံ့အား သင့်သွားသည်။ ထိုနောက် ယာရှင်၏ အကြံကို ရိပ်မိသည်နှင့် လန့်သွားသည်။ မှောင်ထဲတွင် သူသာလျှင် မိန်းမသား တယောက်တည်း ဖြစ်နေသည်ကို တွေးမိ၏။ မိမိမှာ အိပ်ချင်မူးတူးနှင့်ရှိသည်။ အကာလညအခါမည်သူကမှလည်း သူ့ကို ကာကွယ် စောင့်ရှောက် ပေးနိုင်ကြသည် မဟုတ်။ မိမိအိပ်ရာဘေးတွင် ယောကျ်ားတယောက် ရောက်နေသည်ကိုသာ သတိပြုမိ၏။ အကယ်စင်စစ်သော်ကား မိမိသည် အလိုတူ အလိုပါ မဟုတ်ချေ။ ထို့ကြောင့် ငြင်းဆန်သမျှပြုပါ၏။ အရိုးခံသဘော ရှိသူတို့၏ ဓမ္မတာအတိုင်း ငြင်းဆန်မည်ဟူသော စိတ်မှာ ပြင်းပြလျက် ရှိပါသော်ငြားလည်း မလှုပ်နိုင် မသယ်နိုင်ဖြစ်နေ သောကိုယ်ခန္ဓာမှာ ပြုသမျှ နုရတော့မည့် အခြေအနေကိုတွန်းလှန် ကာကွယ်ခြင်းငှာ မတတ်နိုင်ရှိနေလေသည်။ ယာရှင်သည် မနှင်းဆီအား အချစ်တံဆိပ်ခပ်နှိပ်ရန်အလို့ငှာ လုံ့လပြုသည်တွင် မနှင်းဆီက ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက်နှင့် ဦးခေါင်းကို အတွင်သာ ခါလျက်ရှိသည်။ ခြုံစောင်အောက်တွင် မိမိ၏ခန္ဓာကို လူးကာ လိမ့်ကာဖြင့် ရှောင်တိမ်းသည်။ သို့ပါသော်ငြားလည်း

အင်အားချင်း မမျှလေသောကြောင့် မောဟိုက်သည်သာ အဖတ်တင်လေသည်။ ယာရှင်ကား ရမ္မက်ဖြင့် ယစ်မူး၍ လာသောအခါ စိတ်ကြမ်းသလောက် လူလည်းကြမ်းလာ၏။

ဤသို့လျှင် ယာရှင်နှင့် မနှင်းဆီတို့ နှစ်ဦးမှာ လင်မယားကဲ့သို့ နေထိုင်လာကြသော ဘဝသို့ ရောက်ရှိလာလေ၏။ တနေ့သောနံနက်၌ ယာရှင်က မနှင်းဆီအား "ငါ တရားသူကြီးဆီသွားပြီး ငါတို့ လက်ထပ်ဖို့အတွက် အကြောင်းကြားလိုက်ပြီ။ မင်းနဲ့ငါ နောက်လကျယင် လက်ထပ်ကြပါစို့" ဟု ဆိုလေ၏။

မနှင်းဆီကား ဘာပြန်ပြောရမည် မသိ၍ ဘာမျှ ပြန်မပြောလေ။ ယာရှင်ပြောသမျှ မငြင်းဆန်နိုင်သော ဘဝ၌ မနှင်းဆီ ဘာလုပ်ရမှာတုံး။

— ၄ —

မနှင်းဆီသည် ဦးဝေလင်းနှင့် အိမ်ထောင်ကျလေပြီ။ အိမ်ထောင်ကျသည်ဆိုသည်မှာ အပေါ်သို့ ပြန်တက်စရာ ခြေကုတ်မရှိသော တွင်းကြီးထဲသို့ ကျသည်နှင့်တူလေသည်။ ကံကြမ္မာသည် မိမိဦးခေါင်းထက်၌ ဝဲ၍ နေသည်ဟု မနှင်းဆီထင်၏။ မိမိတချက်လှုပ်လျှင် ကြမ္မာတည်းဟူသော ကျောက်ဆောင်ကြီးသည် မိမိဦးခေါင်းပေါ်သို့ ပြုတ်ကျလာလိမ့်မည်ဟု မနှင်းဆီယူဆ၏။ သူ့စိတ်ထဲ၌ သူသည် သူ့ယောကျ်ားထံမှ တစုံတခုကို ခိုးဝှက်ထားဘိသကဲ့သို့ ထင်မြင်လျက်ရှိသည်။ တနေ့သောအခါ ခိုးထုတ် ခိုးထည်ကို မိတော့မှာဘဲဟူ၍လည်း တွက်ဆမိ၏။ တခါတရံ ဤ





ကံကြမ္မာဆိုးကို ဖန်တီးလာသော သူ့ရင်သွေးကို သတိရသည်။ စင်စစ်ရင်သွေးကလေးမှာ သူ့အဖို့စိတ်ချမ်းသာမှုကိုလည်း ဆောင်ကြဉ်းပေးမည့်သူ ဖြစ်သည်။ ထို့ကြောင့် တနှစ်လျှင် နှစ်ကြိမ် သူ့သားငယ်ရှိရာသို့ မှန်မှန်သွားတွေ့လေ့ရှိသည်။

ကြာလတ်သော် သူ့ဘဝနှင့်သူ နေသားထိုင်သား ကျလာသဖြင့် စိုးရိမ်သောကတို့သည် လွင့်ပါး ပပျောက်သွားပြန်၏။ စိတ်ထဲတွင် တထင့်ထင့်ဖြစ်သောအခါ ဖြစ်မိသော်လည်း အများအားဖြင့်ဆိုသော် စိတ်အတော် ပေါ့ပါးသွားပြီဟု ဆိုရန်ရှိသည်။ ဤနည်းဖြင့် တနှစ်ပြီးတနှစ် လွန်လေသော် သူ့သားကလေးမှာ ခြောက်နှစ်သား အရွယ်သို့ ရောက်ရှိလာလေသည်။ ဤအချိန်အထိ မနှင်းဆီမှာ ပျော်ပျော်ရွှင်ရွှင်ရှိ၏။ သို့သော် ယာရှင် ဦးဝေလင်းကား တနေ့ထက်တနေ့ စိတ်တို၍ လာလေသည်။

ဤနည်းအတိုင်း ယာရှင် ဦးဝေလင်းသည် နှစ်နှစ် သုံးနှစ်ကြာမျှ သောကမီးတောက်လောင်ခြင်းကို တဦးတည်းကျိတ်၍ ခံနေရလေသည်။ စိတ်ဗရောက်ဗရက်နှင့် စိုးရိမ်ပူပန်နေသည်မှာ တစတစနှင့် ပို၍သာ ဆိုးလာလေသည်။ နေ့စဉ်နေ့တိုင်း ညစာစားပြီးပြီဟု ဆိုလျှင် စိတ်လက်မအီမသာနှင့် နဖူးပေါ်လက်တင်ကာ ထွေရာလေးပါး စဉ်းစားမိလေ၏။ စိတ်တိုနေသောကြောင့် စကားပြောစရာရှိလျှင် တိုတိုတုပ်တုပ် ပြောမိ၏။ တခါတလေ အကြမ်းပတမ်းကိုလည်း ပြောမိ၏။ သူ့မိန်းမက သူ့ကို တစုံတရာမေးလျှင် မိမိ မိန်းမကိုပင်လျှင် ညှိုးသူရန်ဘက်ဟု သဘောထား၍ ဒေါသတကြီး ပြောမိဆိုမိလေသည်။

တနေ့သော် အိမ်နီးပါးချင်းတဦး၏ သားကလေးတယောက်သည် ကြက်ဥလာ၍ဝယ်သည်။ ထိုအခါ မနှင်းဆီက အလွန် အလုပ်များနေသည်နှင့် တိုတိုတောင်းတောင်း ပြောလိုက်၏။ ထိုအခါ ဦးဝေလင်းသည် ရုတ်တရက် အိမ်ထဲမှ ထွက်လာပြီးလျှင် "မင့်သားဆိုယင် မင်းဒီလို သည်းသည်းခါးခါး ပြောရက်ပါ့မလား"ဟု ဒေါ်ကြီး မောကြီးနှင့်မေးလေ၏။

ထိုအခါ မနှင်းဆီသည် စိတ်ထဲတွင်ခုသွားသောကြောင့် ဘာမျှစကားပြန်မပြောဘဲ အိမ်ထဲသို့ဝင်သည်။ ဝမ်းနည်းသောစိတ်တို့သည် အသစ်အသစ် တဖန်ပြန်၍ ဖြစ်လာရချေပြီတကား။ ညအချိန်၌ လင်မယားနှစ်ယောက် ထမင်းစားကြသောအခါ လင်ကမယားကို အဖက်လုပ်၍ စကားမပြောဘဲ နေလေသည်။ လင်ဖြစ်သူသည် သူ့မယား၏အတွင်းကျိတ် ကိစ္စတို့ကိုသိ၍ ရွံရှာမုန်းတီးနေဘိသည့်အလား ရှိလေသည်။ ဤအကြောင်းကြောင့် မနှင်းဆီလည်း ဘာလုပ်ရ ဘာကိုင်ရမှန်းမသိဘဲ ထမင်းစားပြီးသောအခါ သူ့လင်အနီးတွင် နေရမည်စိုးသောကြောင့် အိမ်မှထွက်ခွာပြီးလျှင် ဘုန်းကြီးကျောင်းသို့ သွားလေ၏။

ထိုသို့ ကျောင်းသို့ သွားသောအချိန်မှာ နေဝင်ချိန်ဖြစ်၍ ကျောင်းပရဝုဏ်ထဲရှိ စကြံလမ်းပေါ်သို့ တက်လိုက်သော အခါ ပတ်ဝန်းကျင်၌ မှောင်၍ နေပြီ ဖြစ်သည်။ သို့ရာတွင် ဘုန်းကြီးကျောင်းပေါ်၌ မူကား ကိုရင်၊ ဦးပဥ္စင်း စသည်တို့ ညနေဝတ်တက်ချိန်အတွက် ဆီမီးကပ်ရန် ပြင်ဆင်လျက်ရှိနေကြသည်။ အဝေးမှ လှမ်း၍ကြည့်လျှင် ဘုရားမီးတို့သည် အမှောင်ထုထဲတွင် လင်းချည် မှိတ်ချည်နှင့် ရှိနေသည်။ မနှင်းဆီသည် ထိုဘုရားမီး





များသည်သာလျှင် မိမိ အားကိုး လုံလျောင်းရာ ဖြစ်တော့သည်ဟု အမှတ်ပြု၍ ဘုရားရှိရာသို့ ရည်စူးကာ ဦးသုံးကြိမ် ချလိုက်လေ၏။ ထို့နောက် များမကြာမီ အမျဝေသံ၊ ကြေးစည်ထုသံစသည်တို့ကို ကြားရသဖြင့် မနှင်းဆီသည် ဘုရားကျောင်းဆောင်မှ ဆင်းလာသော ဘုန်းတော်ကြီးထံသို့ ချဉ်းကပ်လေ၏။

ဘုန်းတော်ကြီးက ညအချိန်မတော် တကာမတဦး ဤကဲ့သို့ လာသည်မှာ မသင့်တော်ကြောင်း ပြောဆိုလေသောအခါ မနှင်းဆီက "တပည့်တော်မ မနှင်းဆီပါ ဘုရား။ တပည့်တော် ဘဝကို ကယ်နိုင်ယင်လဲ ကယ်ပါအုံး"ဟု ဘုန်းတော်ကြီးအား လျှောက်ထားလေ၏။

ထိုအခါ ဘုန်းကြီးသည် "အော်၊ လက်စသတ်တော့ တကာမကြီးကိုး။ အေး တကာမကြီးနဲ့ တကာကြီး ဝဋ်ဒုက္ခကို ငါသိပြီးပါပြီ။ တကာကြီးက အလုံးစုံကို လျှောက်ထား ပြီးပါပြီ"ဟု ဆိုလေ၏။

ထိုအခါ မနှင်းဆီသည် ဘုန်းတော်ကြီးက အလုံးစုံကို သိလေပြီဟု ထင်မြင်လာပြီးလျှင် အံ့အား မိန်းမော သွားလေ၏။ ထို့ကြောင့် ဘုန်းတော်ကြီးထံပါးတွင် နေရန်မဖြစ်တော့ပြီဟု တွေးမိပြီးလျှင် ကျောင်းပရဝုဏ်မှ ထွက်ခွာမည်ပြုလေသည်။ ထိုအခါ ဘုန်းတော်ကြီးက "လူ့ဘဝထဲမှာ ကျင်လည်နေသမျှ ကာလပတ်လုံး ဒုက္ခချည်းပေါ့ တကာမကြီးရယ်။ ဒါပေမယ့် စိတ်ကိုတင်းပြီး တရားနဲ့ဖြေဖျော်ဘို့ ရှိပါသေးတယ်"ဟု တရားချလေ၏။

မနှင်းဆီသည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်၍ ဘုန်းကြီးထံပါးမှ ချက်ချင်းထွက်ပြေးကာ ယာတဲသို့ပြန်လေ၏။ ဤအချိန်

တွင် အလုပ်သမားများ အိမ်ပြန်ကြပြီဖြစ်သောကြောင့် ယာရှင်ယောကျ်ားသည် သူ့မိန်းမ ပြန်အလာကို စောင့်၍ နေလေ၏။ မနှင်းဆီလည်း မိမိလင်ယောကျ်ားကို မြင်သည်နှင့် တပြိုင်နက် လင်ယောကျ်ား၏ ခြေရင်းထက်၌ ပုံ၍လဲပြီးလျှင် သည်းထန်စွာ ငိုကြွေးလေ၏။ ထို့နောက် "တော် ကျုပ်ကို စိတ်ချပြီး ဘာတွေ ရှောက်လုပ်နေသလဲ"ဟု မေးလေ၏။

ထိုအခါ ဦးဝေလင်းက "နင့်ကိုငါဘာလုပ်ရမှာလဲဟ၊ နင့်ဟာနင် မသိဘူးလား။ ဒို ဒီကနေ့အထိ သားထောက်သမီးခံ တယောက်မှမရှိသေးဘူး။ အိမ်ထောင်ရက်သားပြုတယ်ဆိုတာ ကြီးတော့ကြီးမ အိုမင်းမစွမ်းအရွယ်မှာ မင့်လိုအဖွားကြီးမျိုး တယောက်ထဲပြုစုတာခံရယင် ပြီးရောဟဆိုပြီး အိမ်ထောင်ပြုကြတာ မဟုတ်ဖူး။ နင့်အပေါ်မှာ ပြောစရာဆိုလို့ ဒါဘဲရှိတယ်။ နင်စဉ်းစားကြည့်စမ်း။ နွားမဆိုပြီး သားမမွေးရင် ဘာအသုံးကျအုံးမှာလဲ။ မိန်းမဆိုတာလဲ သားထောက်သမီးခံမရှိယင်၊ ဒီလိုဘဲ ဘာမှ အသုံးမဝင်တော့ဘူး" စသည်ဖြင့် ရေရွတ်မြည်တွန်လေ၏။

ဤသည်တွင် မနှင်းဆီလည်း ရှိုက်ကြီးတငင် ငိုလေ၏။ "အဲဒါကျုပ်အပြစ် မဟုတ်ဖူးတော့၊ ကျုပ်အပြစ် မဟုတ်ဖူးတော့"ဟု အော်၍ ပြောလေ၏။

ဤစကားကို ကြားသောအခါ ဦးဝေလင်းသည် အတန်ငယ် ပြန်၍ ငြိမ်ကျသွားလေ၏။ ထို့နောက် "ငါက မင်းအပြစ်ရယ်လို့တော့ မပြောပါဘူးကွာ။ နို့ပေမယ့် ဘာဘဲဖြစ်ဖြစ် အဲဒီကိစ္စဟာ ငါ့မှာ စိတ်ထဲအနှောင့်အယှက် ဖြစ်နေတယ်ကွယ့်"ဟု ဆိုလေ၏။



-၅-

ထိုနေ့မှစ၍ မနှင်းဆီသည် နောက်ထပ် ကလေးရဘို့ကိစ္စတခုတည်းကိုသာလျှင် တွေးလေ၏။ ထို့ကြောင့် လူတွေ့တိုင်း ကလေးလိုချင်သည်ဟု ပြောသည်။ ထိုစကားကို ကြားသော အိမ်နီးချင်းတဦးက ကျိန်းသေပေါက် ကလေးရနိုင်မည့်နည်းကို ပေး၏။ ထိုနည်းမှာ လင်ယောကျ်ားကို ညချမ်းအချိန်ရောက်တိုင်း ပြာအနည်းငယ်ကို ရေဖျော်တိုက်ရန်ဖြစ်သည်။ ယာရှင် လင်ယောကျ်ားသည် သူ့မိန်းမ မနှင်းဆီက ဤနည်းအတိုင်း လုပ်ပေးသမျှကို လိုက်နာ၏။ သို့သော် လိုအင်ဆန္ဒမပြည့်ဝလေ။ ထို့ကြောင့် လင်မယားနှစ်ဦးစလုံးက "ဒီနည်းအပြင် အခြားနည်း ရှိအုံးမှာဘဲ"ဟု တိုင်ပင်ကာ နည်းသစ်ကို ရှာဖွေကြပြန်သော်၊ ယာတောမှ မိုင်သုံးဆယ်ခန့်ဝေးသော ရွာတရွာတွင် နည်းသိသော သိုးထိန်းယောကျ်ား တယောက်ရှိသည်ဟု ကြားလေ၏။ ထို့ကြောင့် ဦးဝေလင်းကိုယ်တိုင် ထိုရွာသို့သွား၍ နည်းတောင်းလေသည်။ သိုးထိန်းသမားသည် ပေါင်မုံ့တလုံးကို ဆေးစီရင်၍ အင်းလည်းချပေး၏။ ထိုပေါင်မုံ့ကို လင်မယားနှစ်ယောက် အိပ်ရာမဝင်မီ တဖဲ့စီ ဖဲ့၍စားရမည်ဆို၏။ ဤနည်းအတိုင်း နှစ်ယောက်သား ပေါင်မုံ့ တဖဲ့စီ စားလိုက်ကြသည်မှာ ပေါင်မုံ့သာ ကုန်ပါလေရော ကလေး မရ။

နောက်တနေ့တွင် ရွာကျောင်းဆရာတဦးက ဤနေ့ရပ်ဌာနီ၌ တခါမျှမကြားဘူးသော ကလေးရအောင်ပြုသည့် နည်းဆန်းတခုကိုပေး၏။ ဤနည်းမှာ မလွဲတမ်းကလေးရနိုင်သောနည်းဟု ဆို၏။

သို့သော် ထိုနည်းသည် လိုရာမရသော နည်းသာ ဖြစ်လေတော့သည်။ ထိုနောက် ရွာကျောင်း ဘုန်းတော်ကြီးက သားသမီးရအောင် ညောင်စောင့်ရုက္ခစိုးနတ်အား ပူဇော်ပသရန် တိုက်တွန်းလေသည်။ ထို့ကြောင့် တနေ့သော ညောင်ရေသွန်းသည့် ကာလတွင် မနှင်းဆီသည် ညောင်ရေသွန်းသူ အမျိုးသမီးအဖော်များနှင့်အတူ ညောင်ပင်အောက်သို့သွား၍ ဆုတောင်း ပတ္ထနာပြု၏။ သူ့အနီးပတ်ဝန်းကျင်ရှိ ကျေးတောသူ အပေါင်းလည်း သူတို့လိုချင်ရာ မကြားဝံ့မနာသာကိစ္စ အဝဝတို့ကို ဆုတောင်းကြ၏။ မနှင်းဆီကလည်း သားသမီးရလိုပါ၏ဟု ရုက္ခစိုးနတ်ကြီးကို ဒုတိယမို့ သားဆုတောင်းလေသည်။ သို့သော် မစ ချေ။ ထိုအခါကျမှ မနှင်းဆီသည် မိမိ ပထမ မိုက်မှားခဲ့သော ပြစ်ဒဏ်ကို ခံရလေပြီဟု တွေးကာ အလွန်အမင်း ဝမ်းနည်းပက်လက် ဖြစ်ရရှာလေသည်။ ထို့နောက်၌ကား စိတ်လက်မချမ်းမသာနှင့် ပိန်ချုံး၍လာလေသည်။ ဦးဝေလင်းမှာလည်း မျှော်လင့်သည့်အတိုင်း မဖြစ်ခြင်းကြောင့် စိတ်ပင်ပန်းကာ အိုစာလာလေသည်။

မျှားမကြာမီ နိုင်ငံ၌ စစ်ဖြစ်လေသည်။ ထိုစစ်အတွင်း ဦးဝေလင်းသည် မနှင်းဆီကို မကျေမချမ်းနှင့် ရိုက်မောင်းပုတ်မောင်းလုပ်၏။ ဆဲဆို၏။ နေ့ရှိသမျှ လင်မယား ရန်ဖြစ်နေကြ၏။ အိပ်ချိန်တန်၍ အိပ်ရာဝင်ကြသောအခါ လင်က မယားကို မကြားဝံ့မနာသာ ရန့်ရင်းကြမ်းတမ်းစွာ ဒေါသတကြီး ဆဲရေး၏။ တညသောအခါ လင်က မယားကို နှိပ်စက်ရာ၌ နည်းမျိုးစုံ ကုန်ပြီဖြစ်ရာနောက်ဆုံး တနည်းသာ ကျန်တော့သည်ဟု အောက်မေ့၍ မယားအား ညမှ နံနက် မိုးစင်စင်လင်းသည်အထိ အိမ်အပြင်





မိုးရွာထဲတွင် မတ်တတ်ရပ်စေဟု အမိန့်ပေးလေသည်။ သို့သော် မနှင်းဆီက ထိုအမိန့်ကိုမနာခံချေ။ ထိုအခါ ဦးဝေလင်းက ဆံပင်ကိုဆွဲ၍ ပါးကိုရိုက်၏။ သို့နှင့်လည်း မနှင်းဆီသည် တချက်မျှ ပြန်မပြောဘဲ မတုန်မလှုပ်နှင့်ပင် ပေ၍ခံ၏။ ဤသည်တွင် ဦးဝေလင်းသည် စိတ်ဆာလာသည်နှင့် မနှင်းဆီ၏ ကိုယ်ကိုခွပြီးလျှင် အံကြိတ်ကာ လိမ့်၍လိမ့်၍ ဘယ်ပြန်ညာပြန်ရိုက်လေသည်။ ဤသည်တွင် မနှင်းဆီသည် မခံမရပ်ဖြစ်လာပြီးလျှင် သူ့ယောကျ်ားကို ပုန်ကန်လေတော့သည်။ မနှင်းဆီသည် ကုန်း၍ထပြီးလျှင် သူ့ယောကျ်ားကို ထိုးကြိတ်တွန်းဖယ်ရာ ယောကျ်ားမှာ ထရံနှင့်ပြေး၍ ဆောင့်လေတော့၏။ ထိုနောက် မနှင်းဆီသည် မျက်နှာတည်မျက်နှာထားဖြင့် "ကျုပ်မှာ သားကလေးတယောက် ရှိတယ်တော့။ ကျုပ်အမြုံ မဟုတ်ဖူး။ ကျုပ်နဲ့ ဖိုးကြက်နဲ့ရတဲ့ သားကလေး။ အခုတိုင်ရှိတယ်။ တော်လဲ သိတယ် မဟုတ်လား။ ဖိုးကြက်က ကျုပ်ကို လက်ထပ် ယူမယ်ပြောပြီး ထွက်သွားလိုက်တာ ပေါ်မလာတော့ဘူး။ တော်တော် သစ္စာမဲ့တဲ့အကောင်" ဟု အော်ကျယ် ဟစ်ကျယ် ပြောလေသည်။

ထိုအခါ ယောကျ်ားဖြစ်သူမှာ မိုးကြိုးအပစ်ခံရ၍ တွေဝေမိန်းမောနေဘိသည့်အလား ရုတ်တရက်ဘာစကားမျှ မပြောနိုင် ဖြစ်ရလေ၏။ နောက်မှ အ ထစ် အ ထစ် အသံနှင့် "နင်ဘာပြောတာလဲ၊ နင်ဘာပြောတာလဲ" ဟု ထပ်ကာ ထပ်ကာမေးလေသည်။

သည်အခါကျမှ မနှင်းဆီလည်း ငိုနိုင်တော့သည်။ "တော့်ကို ကျုပ် မယူပါရစေနဲ့လို့ဆိုတာ အဲဒီကိစ္စကြောင့်ပေါ့။ ကျုပ် ဟိုတုန်းက ဟုတ်သလောက် ဖွင့်ပြောလိုက်ယင်၊ ကျုပ်ကို ရှင်အလုပ်

က ထုတ်ပစ်လို့ ကျုပ် ထမင်းအိုးကွဲဘို့သာရှိမှာပေါ့။ တော်ဟာ ကလေးဆိုလို့ တယောက်မှ မရဘူးတော့ ဒါတွေကို ဘာကိုယ်ချင်းစာတတ်မှာလဲ”ဟူ၍ မနှင်းဆီက မျက်ရည်စမ်းစမ်းနှင့်ပြောလေ၏

ထိုအခါ ယာရှင်သည် နောက်ထပ် အံ့အား မသင့်နိုင်တော့သဖြင့် “နှင့်မှာ ကလေးရှိသလား၊ ကလေးရှိသလား”ဟူ၍ စက်ရုပ်က စကားပြောသလို ပြော၍နေလေ၏။

မနှင်းဆီကားရှိက်လျက် “ကျုပ် ဒါကြောင့် တော့်ကိုမယူပါရစေနဲ့လို့ အပြောသားဘဲ။ တော်ကသာ ကျုပ်ကို အတင်း အဓမ္မသိမ်းပိုက်ထားကိုး”ဟု ဆိုသည်။

ဤသည်တွင် ယာရှင်လည်း ထိုင်ရာမှ ထပြီးလျှင် လက်တဖက်ကို တွဲလောင်းချကာ လက်တဖက်ဖြင့် မီးတိုင်ကို တကိုင်ကိုင်ဖြင့် ထိုမှ ဤမှ လူးလာဆန်ခတ် ဖြစ်နေသည်။ မနှင်းဆီကား အိပ်ရာပေါ်တွင် မှောက်လျက် တရှုတ်ရှုတ်ငိုနေသည်။ ထိုအခါ ယာရှင်သည် မနှင်းဆီ ရှေ့တည့်တည့်သို့လာပြီးလျှင် “ဒါဖြင့် နင်ကလေးမရတာ ငါ့အပြစ်ပေါ့”ဟု ဆိုလေ၏။

မနှင်းဆီက ဘာမျှ ပြန်မပြောချေ။ ယာရှင်ကြီးကသာ ထိုမှ ဤမှ ခေါက်တုံ့ ခေါက်ပြန်လမ်းလျှောက်နေလေသည်။ ပြီးလျှင် သူက “နှင့်သားကလေး ဘယ်အရွယ်ရှိပလဲ”ဟု မေးသည်။

“ခြောက်နှစ်သားရှိပြီ”ဟု မနှင်းဆီက တိုးတိုးကလေး ပြန်ပြော၏။

“ညည်း ဒီလိုဆိုယင် အစက ကျုပ်ကို ဘာလုပ် မပြောတာတုံး”ဟု ဦးဝေလင်းက မေး၏။





မနှင်းဆီကရှိက်၍ “ကျုပ် ဘယ်လိုလုပ်ပြီး ပြောရမှာတုံး” ဟု ပြောလေ၏။

ဦးဝေလင်းသည် ထိုင်ရာမှ ပြန်ထပြီးလျှင် “ကိုင်း၊ ဒါဖြင့် မင်းလဲ ထစမ်းကွယ်”ဟု မလှုပ်မရှက်ပြောပြန်၏။

မနှင်းဆီလည်း ခဲယဉ်းစွာ အိပ်ရာမှ ထရလေသည်။ ထိုနောက် ကြမ်းပေါ်တွင် ရပ်နေစဉ် ဦးဝေလင်းသည် သူ့ ဖြစ်အင်ကို သဘောကျလွန်းလှသောကြောင့် ဟက်ဟက်ပက်ပက် ရယ်လေသည်။ ထို့နောက် သူ့ မိန်းမ ကြည့်တည့်ကြောင်တောင် ဖြစ်နေသည်ကို မြင်လေသော် “ကိုင်း၊ ကောင်းပါပြီကွယ်။ ကျုပ်ဟာ ကလေးမရနိုင်တဲ့အမြုံဆိုတော့ ညည်းကလေးကို ခေါ်ယူမယ်”ဟု ဆိုလေသည်။

မနှင်းဆီသည် လွန်စွာမှ ထိတ်လန့်တုန်လှုပ်သွားသောကြောင့် ခွန်အားနှင့်သာပြည့်စုံပါလျှင် ဦးဝေလင်းနှင့် ဝေးရာသို့ ထွက်ပြေးကောင်းထွက်ပြေးမိပေလိမ့်မည်။ ဦးဝေလင်းမှာမူ မိမိဖာသာမိမိ အကျေနပ်ကြီးကျေနပ်နေပြီဖြစ်သောကြောင့် လက်ဝါးနှစ်ဖက်ကို ပွတ်ရင်း “ငါဟာ ကလေးတယောက်ကိုယူပြီး မွေးစားချင်တာကြာပြီ။ကိုင်း အခုတော့ မွေးစားဘို့ကလေးလဲ ရပြီ။ အဲဒီအတွက် ရွာကျောင်းတုန်းကြီးဆီသွားပြီ ငါ အကြံ ဉာဏ်တောင် သွားတောင်းခဲ့ဘူးတယ်ဟာ”ဟု ဆိုလေ၏။

ထိုနောက် ယာရှင် ဦးဝေလင်းသည် ကျယ်လောင် မာလောင် ရယ်၍ ငိုယိုတုန်လှုပ်နေသော သူ့ ဇနီး၏ ပါးနှစ်ဖက်ကို မွှေးပြီးသော် သူ့ ဇနီးမကြားမှာစိုးသောအလား စကားကိုကျယ်လောင် မာလောင် ပြောလေ၏။

"လာပါကွယ်၊ ကလေးတို့အမေရယ်။ ငါ အခု အတော်ဆာသွားသဟဲ့။ စားစရာကလေးများ ကျန်တန်ကောင်းပါရဲ့။ ငါ့ကို ထမင်း ထဲ့ကျွေးစမ်းပါအုံး"ဟု ဦးဝေလင်းက မနှင်းဆီကို ခိုင်းလေသည်။

မနှင်းဆီသည် အပေါ်ရုံအင်္ကျီကို ဝတ်ကာ တဲအောက်သို့ ဆင်းပြီးလျှင် မီးဖိုရှေ့တွင် ဆောင့်ကြောင့်ထိုင်၍ ဟင်းအိုးနွေးရန် မီးထည့်လေသည်။ ဦးဝေလင်းကား မီးဖိုဆောင်ထဲတွင် ခြေလှမ်း ကဲ့ကဲ့နှင့် ထိုမှ ဤမှ လူးလာရှောက်သွားရင်း ပြောလိုက်သည်မှာ

"အဟုတ်ပါဗျာ။ ကျုပ် အားကြီးဝမ်းသာ သွားတယ်။ ကျုပ် ညည်းကို လောကွတ်ပြောနေတာ မဟုတ်ပါဘူး။ ခုမှ ဝမ်းသာတယ်။ သိပ်ပြီးဝမ်းသာတာဘဲ။ တကယ်ပါ"



## ခွင့်လွှတ်ပါ

**မာဂရက်**သည် အသက်အားဖြင့် ငါးဆယ့်ခြောက်နှစ်မျှသာ ရှိသေးသော်လည်း ယခုသေအံ့မူးမူးအချိန်၌ အသက်ခုနစ်ဆယ့်ငါးနှစ်အရွယ် အမယ်အိုကြီးပမာတမျှ အိုစာလျက်ရှိသည်။ အသက်ငင်နေစဉ် သွေးဆုတ်လာသောအခါ မျက်နှာမှာ ဖြူဖပ်ဖြူယော်ဖြစ်လေရာ သူလဲနေသော အိပ်ရာပေါ်မှ အိပ်ရာခင်း၏ အရောင်အဆင်းနှင့် ခွဲခြား၍ မရနိုင်လောက်အောင်ရှိနေသည်။ တချက်တချက် အကြောဆွဲလျှင် မျက်နှာရှုံ့သွားသည်။ မျက်ဖြူဆိုက်နေပုံကို ထောက်ရှုလျှင် တစုံတခုသော ကြောက်မက်ဖွယ်ရာ တိတ်နိမိတ်ကို မြင်နေရေ့သလားဟု ထင်မှတ်ဖွယ်ရှိသည်။

သူ၏ အစ်မကြီးဖြစ်သူ **ဆူဇန်**ကား သူ့ထက် ခြောက်နှစ်မျှသာ ကြီးသည်။ **ဆူဇန်**သည် သူ့ညီမအိပ်ရာဘေး၌ ဒူးထောက်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေသည်။ လူမမာ၏ ခုတင်ဘေးတွင်

စာပွဲတလုံးရှိသည်။ စာပွဲပေါ်၌ စာပွဲခင်း ခင်းထား၍ ဖယောင်းတိုင် နှစ်တိုင်ကိုလည်း ထွန်းထားသည်။ ဗရင်ဂျီဂိုဏ်းဝင် ခရစ်ယန်တို့၏ ထုံးစံမှာ သေခါနီးသူကို ဆီလိမ်းကျံ၍ နောက်ဆုံးရေဖျန်းခြင်း အမှုကို ပြုမြဲဖြစ်သည်။ ထို့ကြောင့် ညီအမနှစ်ယောက်သည် ထိုကိစ္စအလို့ငှာ ဘုန်းကြီးကြွလာရန် စောင့်စားလျက် ရှိနေကြသည်။

ညီအစ်မ နှစ်ယောက် နေသော အခန်းမှာ မရဏာသန္နမင်း အလာကိုမျှော်နေဘိ သကဲ့သို့ ရှိလေရာ၊ ဝမ်းနည်းဘွယ်အသွင် ဆောင်နေသည်။ သေသူမှာလည်း ဤလောကကြီးကိုနောက်ဆုံး နှုတ်ဆက်နေဘိသည့်အလား ရှိ၏။ စာပွဲပေါ်တွင် ဆေးပုလင်းများပြန့်ကျဲလျက်နေသည်။ အခန်းထောင့်၌ အဝတ်အစားများလည်း ဖရိုဖရဲနှင့် ပွနေသည်။ ကုလားထိုင် တို့မှာလည်း ထိုမှာ တလုံး ဤမှာတလုံးနှင့် ပုန်းလျှိုးချောင်းမြောင်း၍ လာနေသော သေမင်းကို ကြောက်ရွံ့၍ တကွဲတပြားနှင့် ရှဲနေကြဘိ သကဲ့သို့ရှိသည်။

ထိုညီအစ်မနှစ်ဦး၏ အကြောင်းမှာ အလွန်ကြေကွဲစရာ အကြောင်းဖြစ်သည်။ ထိုအကြောင်းကို ရပ်ဝေးရပ်နီး လူတို့ပြောကြဆိုကြသည်ကို နားထောင်ရလျှင် မျက်ရည်ကျစရာဖြစ်သည်။

အစ်မကြီးဖြစ်သူ **ဆူဇန်**သည် ငယ်စဉ်က ယောကျ်ားပျိုတဦးနှင့် အပြန်အလှန်ကြိုက်ဖူးသည်။ ထို့ကြောင့် ထိုယောကျ်ားနှင့် စေ့စပ်သည်။ သို့သော် မင်္ဂလာဆောင်မည့်ရက်ကို စောင့်စားရင်းမှ စေ့စပ်ထားသူ ယောကျ်ားပျို **ဟင်နရီ**သည် ကွယ်လွန်လေသည်။





သတို့သမီး **ဆူဇန်**သည် သတို့သားသေဆုံးသည်နှင့် လောကကို စိတ်နာလာပြီးလျှင် တသက်လုံး အိမ်ထောင်မပြုတော့ဟု သန္နိဋ္ဌာန်ပြုလေ၏။ ထိုသန္နိဋ္ဌာန်အတိုင်း မိမိကိုယ်ကိုမိမိ မုတ်ဆိုးမ ပမာထား၍ နေထိုင်လေသည်။

တနေ့သော နံနက်ခင်းတွင် ဆယ့်နှစ်နှစ်အရွယ်မျှသာ ရှိသေးသော ညီမငယ်ဖြစ်သူ **မာဂရက်**သည် **ဆူဇန်** ထံပါးသို့ လာပြီးလျှင် အစ်မကြီး၏ရင်ခွင်ထဲသို့ ပြေးဝင်ကာ "မမ၊ မမ အခုလို စိတ်မချမ်းသာဖြစ်နေတာကို ညီမလေး မကြည့်ရက်နိုင်ပါဘူး။ မမ ဒီလိုတသက်လုံး ငိုနေတာကိုလဲ မကြည့်ရက်နိုင်ဘူး။ ဒီတော့ ညီမလေး မမအနားမှ တဖဝါးမှမခွာဘဲ နေမယ်။ ညီမလေးလဲ အရွယ်ရောက်ယင် တသက်လုံးယောကျ်ား မယူတော့ဘူး"ဟု ဆိုလေ၏။

**ဆူဇန်**သည်သူ့ညီမက သူ့အပေါ် အချစ်ကြီးသည်ကို ပီတိဖြစ်မိပြီးလျှင် ညီမကိုနမ်းရှုတ်လေသည်။ သို့သော် ကလေး ပြောသောစကားကို အဟုတ်ဟု မယုံမိလေ။

သို့သော် ညီမကမူကား သူပြောစကားအတိုင်း ကတိတည်လေသည်။ မိခင်ဖခင်တို့က တိုက်တွန်းသော်လည်း လင်မယူ။ အစ်မကြီးကိုယ်တိုင် တောင်းပန်သော် ငြားလည်း အိမ်ထောင်ရက်သားမပြု၊ သူသည်အလွန်တရာမှ လှပသော မိန်းကလေး အဖြစ်သို့ ကြီးပြင်းလာခဲ့ပါသော်လည်း သူ့အား ချစ်ခင်ပိုးပန်းနေသော ယောကျ်ားများကို ငြင်းပယ်၍ သူ့အစ်မကြီးနှင့် မခွဲတမ်း အတူနေထိုင်လေသည်။

ညီအစ်မ နှစ်ဦးသည် အသက်ထက်ဆုံး တယောက်နှင့် တယောက် မခွဲတမ်း စားအတူ၊ သွားအတူ၊ နေအတူ၊ ထိုင်အတူ ပူးတွဲ ပူးတွဲနှင့် နေထိုင်လာကြသည်။ သို့သော် **မာဂရက်** သည် အဘယ်အခါမဆို စိတ်လက်ရွှင်ပျသည် ဟူ၍မရှိ။ သူ့အစ်မကြီး ထက် ပင်လျှင် ပို၍ စိတ်ညစ်နေပုံရသည်။ သူ့ခမျာ သူ့အစ်မ အတွက် ရောမစွန့်ခြင်းကြီးကို စွန့်လိုက်ရ၍ စိတ်ညှိုးနွမ်း နေလေသည်ဟု ယူဆဖွယ်ရှိသည်။ ထို့ကြောင့် ညီမသည် အစ်မထက် ပို၍ အိုစာလာသည်။ အသက်သုံးဆယ်ပြည့်လျှင်ပင် ဆံပင်ဖြူလာသည်။ ဝမ်းတွင်း၌ ရောဂါဝေဒနာတခုခု ကပ်ငြိနေဘိသည့် အလား၊ မကြာခဏ နေထိုင်မကောင်းဖြစ်ရသည်။

ယခုအခါ၌ကား ညီမသည် အစ်မအယင် လောကကို စွန့်ခွာရတော့မည်သို့ရှိနေသည်။

လွန်ခဲ့သော နှစ်ဆယ့်လေးနာရီကာလပတ်လုံး **မာဂရက်**သည် စကားတခွန်းမျှမပြောချေ။ သို့သော် ယခု မိုးသောက်သည်နှင့် တပြိုင်နက် **မာဂရက်**က "ကျွန်မ မနေရတော့ဘူး။ ဒါကြောင့် ဘုန်းကြီး မြန်မြန်ပင့်ပေးပါ"ဟု ဆိုသည်။

ထိုသည်မှစ၍ **မာဂရက်** သည် အိပ်ရာပေါ်တွင် ပက်လက်နေရာမှ မကြာခဏအကြောဆွဲလာသည်။ သူ့နှုတ်ခမ်းမှာရင်တွင်း၌ရှိသော ပြောချင်စရာများကို အန်ထုတ်လိုသော်လည်း၊ ပြောမထွက်နိုင်အောင်ရှိနေသဖြင့် လှုပ်ရှလှုပ်ရှဖြစ်နေသော သဏ္ဍာန်ရှိသည်။ သူ့မျက်စိမှာလည်း ကြောက်၍ ထိတ်လန့်လျက်ရှိနေဘိသကဲ့သို့ မြင်သူတိုင်းတုန်လှုပ်ဖွယ်ရာ ဖြစ်သည်။





အစ်မကြီးဖြစ်သူသည် ဝမ်းနည်းလွန်း၍ ရူးမတတ်ဖြစ်ရရှာ၏။ မိမိနဖူးကို လူနာ ခုတင်အစွန်းတွင် မှေး၍ မကြာခဏ ငိုကြွေးသည်။ "**မာဂရက်**ရယ်၊ ညီမလေးရယ်၊ ညည်းကို ငါ သနားလိုက်ပါဘိတယ်"ဟူ၍လည်း မကြာခဏ ညည်းသည်။

ဆူဇန်က **မာဂရက်** ကို ညီမလေးဟု အမြဲခေါ်သည်။ **မာဂရက်**ကလည်း ဆူဇန်ကို မမဟု အမြဲခေါ်သည်။

ထိုသို့ညည်းတွားနေစဉ် လှေကားမှခြေသံကြားရ၏။ တံခါးလည်း ပွင့်လာသည်။ ရှေးဦးစွာ ကပ္ပိယကျောင်းသားကလေး အခန်းထဲ ဝင်လာသည်။ သူ့နောက်တွင် ခရစ်ယန်ဘုန်းတော်ကြီးသည် ဖူစင်သောဝတ်ရုံကိုခြုံကာ လိုက်ပါလာသည်။ ဘုန်းတော်ကြီးကို မြင်သည်နှင့်တပြိုင်နက် သေအံ့မူးမူးဖြစ်နေသော လူမမာသည် ဒယိမ်းဒယိုင်နှင့် ဂေါက်ကနဲထ၍ ထိုင်သည်။ ထို့နောက် ပါးစပ်ဟ၍ ဗလုံးဗထွေး စကား တခွန်းနှစ်ခွန်း ပြောသည်။ ထိုနောက် လက်နှစ်ဖက်ကိုယှက်သည်။

ဘုန်းတော်ကြီးလည်း လူနာထံပါးသို့ ချဉ်းကပ်၍ လက်နှစ်ဖက်ကို ကိုင်ပြီးလျှင် နဖူးကိုနမ်းသည်။

ပြီးမှ သိမ်မွေ့ နူးညံ့သော အသံဖြင့် "ဘုရားသခင်ခွင့်လွှတ်တော်မူပါ။ ချစ်သမီး သတိရှိစေ။ အချိန်ကျတော့မယ်။ ချစ်သမီးပြောစရာရှိတာကိုပြောပါ"ဟု ဘုန်းတော်ကြီးကဆို၏။

**မာဂရက်**ကား ခြေဆုံးခေါင်းဆုံး တုန်လှုပ်၍နေသည်။ သူ့လှုပ်တိုင်း ခုတင်ပါ ယိမ်းထိုးသည်။ ထို့နောက်အသံတုန်တုန်နှင့် ပြောသည်။

"မမ ထိုင်ပါ။ မမကို ပြောစရာရှိတယ်။ နားထောင်ပါ"

ဆူဇန်သည် ခုတင်ခြေရင်းတွင် ပုံ့ပုံ့လဲနေသည်။ ထိုအခါ ဘုန်းတော်ကြီးက မိမိကိုယ်ကို ငုံ၍ ဆူဇန်ကို ထူပြီးလျှင် ကုလားထိုင်ပေါ်၌ နေရာချပေးသည်။ ထို့နောက် ဆူဇန် ၏ လက်နှင့် မာဂရက် ၏လက်တို့ကို တဖက်စီကိုင်၍ "ဘုရားသခင်၊ ညီအစ်မနှစ်ယောက်အား ရဲရင့်ခြင်းကို ဖြစ်ပါစေလော့။ မဟာ ကရုဏာတော် ထားတော်မူပါ"ဟု ဆုတောင်း၏။

ထိုနောက် မာဂရက်လည်း စကား စတင် ပြောလေသည်။ သူ့ပြောစကားတို့သည် ရင်တွင်းမှ တခွန်းစီ ထွက်လာသည်။ ချောင်းခြောက်သံဖြင့် စကားပြောရသည်မှာ ပင်ပန်း နွမ်းနယ်လှသောကြောင့် အတင်းအဓမ္မ ဖျစ်ညှစ် ပြောရဘိသကဲ့သို့ ရှိ၏။

"မမ၊ ညီမလေးကိုသနားပါနော်။ ခွင့်လွှတ်ပါလို့လဲ တောင်းပန်ပါတယ်။ မမသာသိယင်လေ၊ ညီမလေးတသက်မှာ အခုလိုနောက်ဆုံးအချိန်နဲ့ကြုံရမှာကို အကြောက်ဆုံးဘဲဆိုတာ မမ သိယင်လေ၊ မမခွင့်လွှတ် နိုင်မယ်လို့ ထင်ပါတယ်"

"ညီမလေးရယ် ညည်းမှာဘာအပြစ်မှမရှိဘဲနဲ့ မမက ဘာ့ကြောင့် ခွင့်လွှတ်ရမှာတုံး။ ညီမလေးဟာ မမအတွက်စွန့်ခဲ့တယ်၊ မမအတွက်ဆိုလျှင် ညီမလေးက အားလုံးကို စွန့်ခဲ့တယ်မဟုတ်လား။ ငါ့ညီမလေးဟာ ငါ့အသဲနှလုံးကလေးပါဘဲ"ဟု ဆူဇန်က အသံတစ်ဆို့ဆို့နှင့် ရှိုက်၍ ပြောလေသည်။

သို့သော် မာဂရက်က စကားဖြတ်၍ ဆက်ပြောသည်။

"မမ တော်ပါတော့၊ တိတ်ပါတော့။ ကျွန်မပြောပါရစေ။ ကျွန်မပြောနေတုံး ဝင်မပြောပါနဲ့အုံး။ အမယ်လေး မကြားဝံ့စကား မနာဝံ့စကားတွေ ကျွန်မ မချန်မခြွင်း ပြောပါတော့မယ်။





အတ္တုပ္ပတ္တိ တခုလုံး ဆိုပါတော့။ နားထောင်ပါ မမ၊ မမရယ်၊ ဟင်နရီ ကို သတိရသေးတယ်မဟုတ်လား"

ဆူဇန်သည် ရုတ်တရက်ဆွဲလှုပ်ခြင်း ခံလိုက်ရဘိသကဲ့သို့ရှိ၏။ ထိုနောက် မာဂရက်ကို စူးစိုက်၍ကြည့်သည်။ မာဂရက် လည်း ပြောမြဲ ဆက်၍ပြောသည်။

"မမ၊ ညီမလေးအကြောင်း သိချင်ယင် ညီမလေး ပြောတာ အားလုံးကို ဂရုစိုက် နားထောင်ပါ။ မမမှတ်မိမှာပေါ့၊ ဟိုတုန်းက ညီမလေးဟာ အသက်အားဖြင့် ဆယ့်နှစ်နှစ်ထဲ ရှိပါသေးတယ်။ ဟုတ်တယ်မဟုတ်လား။ အငယ်ဆုံးမို့ အလိုလိုက်ထားကြတော့ ညီမလေးဟာ အင်မတန် မိုက်ခဲ့တာဘဲ။ ညီမလေးရဲ့ ခေါင်းထဲမှာ တခုခုအကြံရလာယင် ရလာတဲ့အကြံအတိုင်း ချက်ချင်းလုပ်ပစ်တာဘဲ။ အဲဒါတွေ မမ အသိဘဲနော်။ နားထောင်ပါ မမ၊ ညီမလေးပြောမယ်။ ညီမလေးတို့အိမ်ကို ဟင်နရီ လာတုန်းက မြင်းကြီးနဲ့ မဟုတ်လား။ အိမ်ရှေ့မှာ မြင်းပေါ်က ဆင်းပြီး မြင်းစီးဘွတ်ဖိနပ်ကြီးနဲ့ ညီမလေးတို့အိမ်ထဲ ဝင်လာတယ် မမရဲ့။ ပြီးတော့ သူ အခုလို ဝတ်စား ဆင်ယင် လာတာကို သည်းခံပါလို့ တောင်းပန် လိုက်သေးတယ်။ သူ အခုလာတာ ဖေဖေ့အတွက် သတင်းကောင်း ပါးချင်လို့ လာတယ်ဆိုဘဲ။ အဲဒါ မမမှတ်မိမှာပေါ့၊ဟုတ်လား။ နေအုံး၊ မမဘာမှ မပြောနဲ့အုံး။ ညီမပြောတာသာ နားထောင်စမ်းပါ။ ဟင်နရီကို ညီမလေး မြင်မြင်ချင်းဘဲ စွဲလမ်းမိတယ်။ တယ် ချောတဲ့ ယောကျ်ားဘဲလို့ ထင်မိတယ်။ သူ စကားပြောနေတုံးမှာ ညီမလေးက အခန်းထောင့်မှာရှိတယ်။ တချိန်လုံး ညီမလေးရပ်ပြီး နားထောင်တယ်။ မမ

ရယ် ကလေးမမယ် လူမမယ် အရွယ်ရောက် မိန်းကလေးတို့ရဲ့ စိတ်ဟာ တယ်ပြီး ဆန်းကြယ်ပါကလား။ မမ ဒီအရွယ်မှာ တယ်ပြီး ကြောက်စရာကောင်းတာကိုး။ ညီမလေးဟာ စိတ်ကူးနဲ့ ရှုးခဲ့ဘူးတယ် မမရေ့။

"အဲဒီနောက် သူက ကျမတို့အိမ်ကို မကြာခဏလာပါတယ်။ လာတိုင်း ညီမလေးဟာ သူ့ကို ချောင်းချောင်း ကြည့်ရတာ အမောဘဲ။ ညီမ သူ့ကိုကြည့်တာ မျက်စိနဲ့သာ ကြည့်တာမဟုတ်ဖူး။ နှလုံးသားနဲ့ကြည့်နေတာ ဖြစ်ပါတယ်။ ကျမအသက် ငယ်ပေမယ့် လူကြီးစိတ်ဝင်နေပြီ။ ဒီတော့ လူတကာ ထင်တာထက်ပိုပြီး လူကြီးသိသလို သိတတ်တယ်။ အဲဒီတော့ မမရယ်၊ သူ အိမ်ကို ခဏခဏလာတော့ ကျမလဲ သူကလွဲပြီး ဒီပြင် ဘာကိုမှ စိတ်မကူးမိဘူး။ သူ့ကိုသာ စွဲလမ်းနေတယ်။ စိတ်ရှုးပေါက်တဲ့ အခါ ဟင်နရီ၊ ဟင်နရီလို့ သူ့ကို တိုးတိုးကျိတ်ပြီး ခေါ်မိပါတယ်။

"မကြာခင် ဟင်နရီနဲ့မမတို့ ယူကြတော့မယ်လို့ လူတကာ ပြောသံ ကြားရတော့တာဘဲ။ မမရယ်၊ အဲဒီတုံးက ညီမလေး အားကြီး ဝမ်းနဲသွားတယ်။ ရင့်ကိုကွဲမတတ်ပဲ မမရေ။ ညီမလေး လေ၊ အဲဒီတုံးက သုံးညလုံးလုံးမအိပ်ဘဲ ငိုချည်းဘဲနေတယ်။ မမ မှတ်မိရဲ့လား။ ဟိုတုံးကလေ သူဟာ နေ့စဉ်နေ့တိုင်း ညနေချိန်ရောက်ယင် အိမ်ကို စိုက်စိုက်လာတော့တာဘဲ။ နေအုံးမမ၊ ကျမ မေးတာ ပြန်မဖြေနဲ့။ ညီမပြောတာကိုသာ နားထောင်နှင့်ပါအုံး။ သူလာပလားဆိုယင် မမက သူ ကြိုက်တတ်တဲ့ ကိတ်မုံ့တွေ ဖုတ်ကျွေးတယ် မဟုတ်လား။ ဂျုံရယ်၊ ထောပတ်ရယ်၊ နို့ရယ်ရောပြီး





ကိတ်မုံ့ဖုတ်တယ်လေ။ မမရယ်၊ မမကိတ်ဖုတ်တဲ့ နည်းကိုတောင် ညီမလေး ဟိုတုံးကတဲက သိနေပါပြီ။ အခု ညီမသာ နေကောင်းယင် မမဖုတ်တဲ့အတိုင်း ကျမထပြီး ကိတ်မုံ့ ဖုတ်ပြစမ်းချင်ပါတယ်။ မမကျွေးတဲ့ ကိတ်မုံ့ဆိုယင် သူက မဝါးဘဲ တလုပ်ထဲ မျိုချတတ်တယ် မဟုတ်လား။ ကိတ်မုံ့ကိုသူဟာ ဝိုင်အရက်ကလေးနဲ့မျောပြီး ချတတ်တယ်။ အဲဒီလို စားသောက်ပီးပြီ ဆိုယင် တယ်အရသာရှိပါကလားလို့ ပြောလေ့ရှိတယ်။ သူ ဒီလိုပြောတတ်ထာတွေကို မမသတိရမှာပေါ့။

"ဒါတွေကို ကြည့်ကြည့်ပီး ညီမလေးက မမကို အားကြီး သဝန်ကြောင်လာတယ်။ ညီမလေးလေ၊ မမအပေါ် မှာမရှုစိမ့်နိုင်ဘူး။ မနာလိုဘူး။ အဲဒီလိုနဲ့ဘဲ မမတို့နှစ်ဦး လက်ထပ်ရမယ့်နေ့ကို ရောက်လာပါကရော။ မင်္ဂလာဆောင်ဘို့ ရက်ချိန်းသတ်ထားတာ ဆဲ့ငါးရက်လောက်ပဲ လိုတော့တယ်။ ဒီအတောအတွင်းမှာ ညီမလေး တော့ ရှုးရပြီ။ ညီမကလေးကိုယ်ကို ညီမကလေး ပြောမိတယ်။ အမကြီးဆူဇန်ကို သူ လက်မထပ်စေရဘူး၊ ဘယ်နည်းနဲ့မှ လက်မ ထပ်ရဘူး၊ ငါကြီးလာယင် သူ့ကိုယူမယ်၊ သူ့ကို ငါတကယ်ချစ် တယ်၊ ငါ ဒီလိုချစ်တဲ့လူမျိုးကို နောက်ထပ်ရှာလို့တွေ့မှာ မဟုတ် ဖူး။ ညီမလေးစိတ်ထဲမှာ အဲဒီလိုသာ အောက်မေ့နေတယ်။ တည မှာလေ သူဟာ မမနဲ့အတူ အိမ်ရှေ့မှာ လမ်းလျှောက်နေကြတယ် မဟုတ်လား။ အဲဒီတုံးက လကလေးကလဲ သာလို့။ မင်္ဂလာဆောင် ဘို့ရက်ကလဲ ဆယ်ရက်သာလိုတော့တယ်။ အဲဒီအချိန်မှာ အပြင် လှမ်းကြည့်လိုက်တော့၊ လား လား၊ အပြင်ဘက် လှမ်းကြည့်လိုက် တော့ သူနဲ့မမ နှစ်ယောက်သား ထင်းရှူးပင်ကြီးအောက်မှာ၊ ထင်း

ရှုးပင်က ရောမ အကြီးကြီးမဟုတ်လား။ သူကလေ မမလက်ကို အကြာကြီးဘဲ ကိုင်ထားပြီး မမကိုနမ်းလိုက်တယ် မဟုတ်လား။ မမ ဒီဥစ္စာကို မေ့အုံးမှာ မဟုတ်ပါဘူး။ ညီမလေး စိတ်အထင်၊ မမဟာ ဒါမျိုး ဒီတခါဘဲကြုံဘူးတယ် ထင်ပါရဲ့။ ဟုတ်ပါတယ်၊ ညီမလေးထင်တာ လွဲမှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ မမအိမ်ခန်းထဲ ဝင်လာတော့ မမဟာ ကတုန်ကရီနဲ့ မဟုတ်လား။

"ညီမလေး မြင်တယ်။ ညီမလေး အားလုံးမြင်တယ်။ ချုံဖုတ်ထဲကနေပြီး မြင်ရတာပါ။ အဲဒါကို မြင်လိုက်ရတော့ စိတ်ထဲမှာ အများကြီး ဒေါသဖြစ်သွားတယ်။ ဖြစ်နိုင်ယင် ဟိုတုန်းကတဲက မမတို့နှစ်ဦးစလုံးကို ညီမလေးသတ်ပစ်ချင်တယ်။

"အဲဒီနောက် ညီမလေးစဉ်းစားမိတယ်။ ဆူဇန်ရယ်၊ သူနဲ့တော့ မညားစေရဘူးဟဲ့။ ဘယ်တော့မှ မညားရအောင် လုပ်မယ်။ သူဟာ ဘယ်မိန်းမကိုမှ မယူရဘူး။ သူ မိန်းမယူယင် ငါ စိတ်မချမ်းသာ ဖြစ်ရတော့မယ်။ ညီမလေး အဲဒီလိုတွေးပြီး သူ့အပေါ် အမုန်းကြီးမုန်းလာပါတော့တယ်။

"အဲဒီနောက် သူ့ကို ညီမလေး ဘာလုပ်တယ်လို့ ထင်သလဲ။ မမ နားထောင်နော်၊ ညီမလေးပြောပြမယ်။ ညီမလေးတို့ အိမ်က ဥယျာဉ်မှူးဟာ ပေါက်လွှတ်ပဲစားလွှတ်ထားတဲ့ ခွေးတွေကို အမဲသားလုံးကျွေးကျွေးပြီး သတ်ပစ်ထာ မြင်ဘူးတယ်။ ငါးဆုပ်လုံးလို အမဲသားကို လုံးပြီး အဆိပ်ခတ်ထာတွေ့ဘူးတယ်။

"မမရယ်၊ အဲဒါနဲ့ဘဲ ညီမလေးဟာ အဆိပ်ပုလင်းကိုဝှက်ယူထားပြီး နောက်တနေ့ကျတော့ မမကိတ်မုံ့ အလုံးကလေးတွေကို ဖုတ်နေတုံးမှာ အဲဒီကိတ်မုံ့လုံးထဲ အဆိပ်ကို သွင်းတယ်။ မုံ့လုံးကို





မောင်းချဓားကလေးနဲ့ခွဲပြီး အထဲမှာ အဆိပ်သွတ်ထားတယ်။ ဒါနဲ့ဘဲ သူလာပါလေရော။ လာတယ်ဆိုယင် ကိတ်မုံ့ကို စားပါလေကရော။ သူက သုံးလုံးစားတယ်။ ကျမလဲ တလုံးစားတယ်။ ကျန်တဲ့ကိတ်မုံ့လုံး ခြောက်လုံးကို ကန်ထဲ လွှင့်ပစ်လိုက်တယ်။ နောက် သုံးရက်လောက်ကြာတော့ အိမ်မှာ မွေးထားတဲ့ ငန်းနှစ်ကောင် သေသွားတယ်။ ဒီမှာ မမ၊ ညီမလေးပြောတာကိုသာ နားထောင်စမ်းပါ။ အခုလို အတူတူအဆိပ်စားသော်လဲ ညီမလေး တယောက်ထဲ မသေဘဲ ကျန်နေတယ်။ ဒါပေမယ့် မမလဲ အသိသားဘဲ၊ ညီမလေးဟာ အဲဒီနေ့ကစပြီး ဘယ်တော့မှ နေကောင်းတယ်လို့ မရှိခဲ့ပါဘူး။ သူကတော့ မမသိတဲ့အတိုင်း သေသွားတယ် မဟုတ်လား။ သူသေသွားပြီးတဲ့နောက် ညီမလေးတို့ အဖြစ်ဟာ အင်မတန်ဆိုးလာတာဘဲ။ မမ၊ အခု ညီမလေး ပြောတာ နားထောင်နေတယ် မဟုတ်လား။

"ကျမ တသက်လုံး စိတ်ဆင်းရဲလိုက်ထာ၊ ငရဲကျနေသလိုပါဘဲ မမရယ်။ တခါတလေ ညီမလေးကိုယ်ကို ညီမလေး ပြောမိတယ်။ ငါဟာ ငါ့အမကြီး အနားက တဖဝါးမှ မခွာတော့ဘူး။ ငါ သေခါနီးကျယင် ဒီအကြောင်းတွေကို ပြောပြခဲ့မယ်။ အဲဒါနဲ့ဘဲ ဟိုအချိန်အခါကစပြီး ညီမလေးသေရမယ့် အချိန်ကို စိတ်ထဲ အမြဲတွေးမိပြီး နေပါတော့တယ်။ အဲဒီအချိန်ကျယင်လေ၊ ညီမလေးဟာ မမကို အားလုံးဖွင့်ပြောရတော့မယ်။ မမရေ၊ အခု အချိန်ကျလာပြီ။ ညီမလေး အဖြစ် ဆိုးလှချည်ကလား မမရယ်။

"ညီမကလေးမှာ ဒီအကြောင်းကိုစိတ်စွဲနေလိုက်ထာ နေ့လဲ ဒီအကြောင်း၊ညလဲ ဒီအကြောင်း၊မိုးလင်းလဲ ဒီအကြောင်း၊မိုးချုပ်

လဲ ဒီအကြောင်း၊ ဒီအကြောင်းကိုဘဲ တွေးမိနေတာဘဲ။ အဲဒီနေ့က စပြီး သေရမယ့်နေ့ကိုမျှော်ခဲ့ပါတယ်။ အဲဒါဟာ ဘယ်ကလောက် စိတ်ဒုက္ခရောက်စရာလဲဆိုတာ စဉ်းစားလို့သာ ကြည့်ပါတော့။ အခု တော့ လမ်းဆုံးရောက်ပြီ။ ညီမလေးကသာ မမကိုဝန်ချတောင်း ပန်စရာရှိပါတယ်။ မမ က ညီမလေးကို ဝန်ချ တောင်းပန်စရာ ဘာမှ မရှိပါဘူး။ ညီမလေး ကြောက်တယ်၊ ကြောက်တယ်။ ညီမလေးသေသွားပြီးတဲ့နောက် တမလွန်ဘဝမှာ သူ့ကိုပြန်တွေ့ ရမှာ တွေးပြီး အများကြီးကြောက်တယ် မမရယ်။ မမ သူ့ကို မြင်မိတယ်လို့ အိပ်မက်များ မက်ဖူးပါသလား။ ကျမတော့ သူ့ ကို အိပ်မက်ထဲ ထဲ့ မက်ရမှာကိုတောင် ကြောက်တယ်။ အမယ် လေး၊အခု ကျမသေရပါတော့မယ်။မမ ညီမလေးကို ခွင့်လွှတ်ပါ။ မမခွင့်လွှတ်ယင် တမလွန်ဘဝမှာ သူ့ကိုတွေ့ဘို့ရာ ညီမလေးအမြဲ စိုးရိမ်သောက ဖြစ်နေရပါလိမ့်မယ်။ ဒီတော့ အခုကြွလာတဲ့ ဖခင် ဘုန်းတော်ကြီး ရှင့်၊ မမ က ကျမကို အပြစ်မှခွင့်လွှတ်စေဘို့ ပြော ပေးစမ်းပါ။ ဖခင်ကြီးများကို အများကြီးတောင်းပန်ပါတယ်။ မမ က ကျမကိုခွင့်မလွှတ်ဘဲနဲ့ ကျမ သေသွားလို့ရှိယင်”

**မာဂရက်**၏ အသံသည် ဤတွင် ပျောက် သွား လေသည်။ **မာဂရက်**သည် အသက်ရှူမှား၍ လာပြီဖြစ်သည်။ပိန်ချုံးချည့်နည့် နေသော လက်ချောင်းကလေးများဖြင့် အိပ်ရာခင်းကို ဆွဲယူရင်း အသက်ငင်နေလေပြီ။

**ဆူဇန်**မှာမူကား မျက်နှာကို လက်နှစ်ဖက်ဖြင့်အုပ်ကာ မတုန် မလှုပ်နေလေသည်။ ချစ်မည်၊ ခင်မည်၊ ကြင်နာမည်ဟု စိတ်ကူး ထားသော သူ၏ယောကျ်ားပျိုကို စိတ်တွင် ထင်မြင်လျက်ရှိနေ





သည်။ သူတို့နှစ်ဦးသား ညားခဲ့ကြလျှင် မည်မျှ ပျော်လိုက်လေ မည်နည်း။ ပျောက်ကွယ်လုမတတ်ရှိသော အတိတ်ကာလထဲတွင် သူသည် သူ၏ချစ်သူကို ရေးရေးမျှ မြင်မိသည်။ ထိုအတိတ်ကာလ ကြီးမှာ ယခုအခါ ပြန်မလာတော့ဘဲ ပျောက်ပျက်၍သွားချေပြီ။ ဇာတိ ဇရာ ဗျာဓိ မရဏာတရားတို့ကြောင့် ချစ်သူနှင့် ကွေကွင်း ရခြင်းဆင်းရဲကိုခံစားနေရသည်မှာ နှလုံးသားကို ရင်တွင်းမှထုတ် ပစ်လိုက်ဘိသကဲ့သို့ ဆင်းရဲဒုက္ခ ကြီးလှပါဘိတကား။ **ဆူဇန်**သည် ထိုညက သူ့ ချစ်သူအား ပြန်၍နမ်းခဲ့သည်။ ဤအခြင်းအရာကို မည်သူမျှမသိချေ။ သူ့ နှလုံးသားထဲ၌သာ သို၀ှက်၍ ထားလေ သည်။ ထို့နောက်၌ကား သူ့ဘဝမှာ ဘာမျှ အဓိပ္ပာယ် မရှိ တော့ချေ။

ထို့နောက် ဘုန်းတော်ကြီးသည် ရုတ်တရက် အုသံကျယ် လောင်စွာဖြင့် “**ဆူဇန်**၊ သတိထားပါ မိန်းကလေးရယ်။ မင့် ညီမ မရှိတော့ဘူးကွယ်” ဟု အသံကျယ်ကျယ်နှင့်ပြောလေ၏။

ဤသည်တွင်မှ **ဆူဇန်**သည် မျက်နှာပေါ်၌ အုပ်ထားသော လက်များကို ဖယ်လိုက်သည်။ ဤသို့ ဖယ်သည်နှင့် တပြိုင်နက် မျက်ရည် တို့သည် မျက်နှာပေါ်၌ စီးဆင်း၍ ကျ လေ သည်။ မျက်ရည်စတို့မှာ ကွယ်လွန်သူညီမအပေါ်သို့လည်း ကျလေသည်။ ထို့နောက် **ဆူဇန်**သည် **မာဂရက်**ကို နောက်ဆုံး အကြိမ်နမ်းပြီး လျှင် တုန်တုန်ရီရီဖြင့် “ညီမလေးကို အပြစ်မပြုပါဘူး။ ခွင့်လွှတ် ပါတယ်ကွယ်” ဟု ပြောလိုက်လေသတည်း။

# မြို့စားကြီး၏ နေ့စဉ်မှတ်တမ်း

၁၈၈၀ ပြည့်နှစ် ဇွန်လ ၁၂ ရက်။ ။ကျွန်ုပ် ရေပူစမ်းရှိရာ မြို့တမြို့သို့ တလခန့်ခရီးထွက်ရန်ရှိသည်။ မြို့ဟုသာ ဆိုရ၊ သည်မြို့လောက် တောကျသည့်မြို့ လောကမှာမရှိ။ ပျင်းစရာ ကောင်း၏။ ငြီးငွေ့စရာကောင်း၏။ ထိုကဲ့သို့သောမြို့မှာ တလလောက်နေဘို့ ဆိုသည်မှာ ထောင်တလကျတာနှင့် ဘာထူးဦးမှာလဲ။

ဇွန်လ ၁၃ ရက်။ ။ထို့ကြောင့် ကျွန်ုပ်ခရီးထွက်ရမည့်ကိစ္စကို ပင် ရှုံမှုန်းမိသည်။ဤအကြောင်းတွေးမိ၍ တညလုံးအိပ်မပျော်။ ထို့ကြောင့် ဤပြဿနာ ပြေအောင် စဉ်းစား လိုက်ရာ မိန်းမ တယောက်လောက် အဖော်ပါလျှင် နိုင်မည်ဟု စဉ်းစားမိ၏။ ကျွန်ုပ် အိမ်ထောင်ပြုရန် အချိန်တန်ပြီ။ ထို့ကြောင့် အစမ်း အိမ်ထောင်ကျကြည့်လျှင် မနိုပ်ပါလော။ ဘယ်သူဘာပြောပြော မိန်းမ အစမ်းယူကြည့်လျှင် ပျော်စရာကောင်းမှာဘဲ။

ပုဂံစာအုပ်တိုက်

တလလောက်အတွင်း ကိုယ့်မိန်းမနဲ့ကိုယ် နေ့လည်း တိုးတိုး၊ ညလည်း တိုးတိုး၊ နှစ်ယောက်သား ချစ်တင်းဆိုနေရလျှင် ဇိမ်ဘဲ။

တလလောက်သာ အစမ်း အိမ်ထောင်ပြု ကြည့်သည် ဆိုခြင်းကြောင့် သိပ်အရေးကြီးမည် မဟုတ်။ တညတာမျှသာ လင်လိုမယားလိုပေါင်းသော အလုပ်နှင့်စာလျှင်မူ အရေးကြီး ပေလိမ့်မည်။ ပြင်သစ်ငွေ တထောင်လောက် အကုန်ခံနိုင်လျှင် မိန်းမတယောက်ကိုခဏပေါင်းပြီး ကွာလို့ရနိုင်သည်။ သို့သော် ကွာပြီးလျှင် တကိုယ်ထီးတည်း နေရမှာပါကလား။ ကျွန်ုပ်သွားရမည့် မြို့ကလည်း အေးမြသည်။ အဘယ်မှာလျှင် ထွေးထွေး နွေးနွေး ရှိနိုင်ပါမည်နည်း။

သို့သော် ကျွန်ုပ်ကြိုက်ထာကို အရွေးရခက်လိမ့်မည်။ ပုံ့တန်တန် နန့်တန့်တန့် မိန်းမမျိုးကို မကြိုက်။ ဘုတ်ထိုင်းကြီးဆိုလျှင်လည်း မနှစ်သက်။ မိန်းမတယောက်ယူပြီးမှ သူ့ကြောင့် လူ ရယ်စရာဖြစ်နေလျှင် မနိုပ်။ သူ့ကြောင့် ရှက်စရာကောင်းနေရပြန်လျှင်လည်း မဟာန်။ လူအများက ကျွန်ုပ်အား "မြို့စားကြီးတော့ကောင်တာဘဲဟေ့" ဟုဆိုလျှင် ကျေနပ်စရာပါဘဲ။ သို့သော် သူတို့က ကျွန်ုပ်ကွယ်ရာမှာ တိုးတိုး တိုးတိုးနှင့် "မြို့စားကြီးဖြစ်ပုံနှယ်ဗျာ" ဟုဆို၍ အတင်းပြောသည်ရှိသော် ကျွန်ုပ်ကျေနပ်နိုင်မည်မဟုတ်။ ထို့ကြောင့် ကျွန်ုပ် မိန်းမယူမည်မှာ ယာယီဟု ဆိုသော်ငြားလည်း ရိုးမြေကျ အတည်ပေါင်းရမည့်သူကို ယူဘိသကဲ့သို့၊ မယူမီသတိုသမီး၏ အခြင်းကိုစိစစ်ရမည်။ ယာယီနှင့် ထာဝရမည်ကဲ့သို့ ခြားနားပါသနည်းဟု ဆိုသော် ပစ္စည်း တပတ်နွမ်းနှင့် အသစ်





ခြားနားဘိသကဲ့သို့ ရှိမည်။ တွေးကြည့်သော် မဖြစ်စရာအကြောင်း မရှိ။ ကျွန်ုပ် နောက်ထပ် စဉ်းစားပါဦးမည်။

**ဇွန်လ ၁၄ ရက်။** ။ဗာသာ ဆိုသော ကောင်မ ကလေး တယောက်ကိုတွေ့ပြီ။ အသက် နှစ်ဆယ်။ လှ၏။ ဂီတ ကျောင်းမှထွက်စ။ ပြဇာတ်ထဲလိုက်ရန် အလုပ်ရှာ နေသည်ဆို၏။ သဘင်လောကထဲဝင်လိုက်လျှင် မကြာမီနာမည်ကြီး မင်းသမီးဖြစ်ဖို့ရှိ၏။ အမူအရာ ယဉ်ကျေးဖွယ်ရာ၏။ ကိုယ်ဟန် ကြော့ရှင်း၏။ အသိအလိမ္မာနှင့်လည်း ပြည့်စုံ၏။ ချစ်စရာလည်း ကောင်း၏။ အဟောင်းဆိုင်မှ ပစ္စည်းဆိုရသော်ငြားလည်း အသစ်နှင့်မခြား။

**ဇွန်လ ၁၅ ရက်။** ။သူ့မှာ ဘာကိစ္စနှင့်မျှချိန်းဆိုထားခြင်းမရှိဟုပြောသည်။ အလုပ်ရက်ချိန်းမရှိ။ ရည်းစား သနာနှင့် လည်း ရက်ချိန်းမရှိ။ ထို့ကြောင့် ကျွန်ုပ်အဆိုကို လက်ခံသည်။ ကျွန်ုပ်လည်း သူ့အတွက် အဝတ် အစားများကို ကိုယ်တိုင် မှာချုပ်ဝယ်ယူ ပေးသည်။ အဝတ်အစား နေရာမကျလျှင် သူတပါးက မိန်းမပေါ့ဟု အောက်မေ့မှာစိုးသည်။

**ဇွန်လ ၂၀ ရက်။** ။ယနေ့ ဗာဆယ်လ် မြို့သို့ ခရီး ထွက်ခဲ့၏။ သူကလေး ယခု အိပ်ပျော်နေသည်။ ကျွန်ုပ်လည်း ခရီးစဉ် မှတ်တမ်းကို မှန်မှန်ရေးရဦးမည်။

ကောင်မကလေး တကယ်ကျက်သရေရှိသည်။ သူ့ကို ကျွန်ုပ် ဘူတာရုံမှာ တွေ့ရသောအခါ၊ ရုတ်တရက် မှတ်တောင်မမှတ်မိ။ အထက်လွှာလူမှုဆက်ဆံရေးထဲ၌ ယနေ့ခေတ်စားနေသော လူကို

ထံ အမျိုးသမီးများနှင့် မခြားချေ။ သူ့ရှေ့ရောက်ပြီး ကောင်းစားဦးမည်။ အတူးသဖြင့် သဘင်လောကထဲမှာဆိုပါစို့။

သူ့အမူအရာ၊ မျက်နှာပေး၊ ဝတ်ပုံစားပုံ၊ အလှပြင်ပုံ၊ ပြုံးပုံ၊ စကားပြောပုံ၊ အလုံးစုံ ပြောင်းလဲသည်ကို ကျွန်ုပ် အံ့ဩစွာ တွေ့ရ၏။အပြစ်ပြောစရာ နတ္ထိ။ ဆင်ပြင်ထားသမျှ ရိုးရိုးနှင့် ကျက်သရေ ရှိလှပါ၏။ယောကျ်ားတို့ငေးလောက်အောင်၊ စွဲလမ်းလောက်အောင်၊ တမင်္ဂလာ အထူးအထွေ မွမ်းမံ ချယ်လှယ်ထားခြင်း မဟုတ်ပါ။ နဂိုကပင် လှပြီးသား။ သို့သော် သူ့ဆင်ပြင်သမျှမှာ သူ့ချစ်သူ တဦးတည်းအတွက်သာ ရည်ရွယ်၍ ပြင်ဆင်ထားသလို။ အဆင်အပြင်ဥပင်လျှင် အလိမ်မာနှင့်။ သူသည် အများနှင့်မတူ တမူထူးခြား၍၊ အဆင်းရော အခြင်းပါ ပြည့်စုံနေသည်ကို ကျွန်ုပ် မြင်ရသောအခါ ကျွန်ုပ်နှင့် ပုဆိုးတန်းတင် အကြင်လင်မယားပမာ သဘောထားပြီးလျှင် သူ့ကိုတွဲရန်လက်ကမ်းလိုက်သည်။ သူကလည်း ကျွန်ုပ်၏အိမ်ရှင်မပမာ ဣန္ဒြေရရနှင့် ကျွန်ုပ် လက်ကမ်းသည်ကို ဆွဲ၍ ကျွန်ုပ်ခေါ်ရာ လိုက်လာသည်။

မီးရထားတွဲ အခန်းထဲသို့ ရောက်သော် ကျွန်ုပ်တို့နှစ်ဦးသား အတန်ကြာမျှ စကားမပြောနိုင်ဘဲ ရှိကြ၏။ ထိုနောက် သူက သူခိုလာသောပုဝါကို အသာဖယ်၍ ပြုံး၏။ သူ့အပြုံးမှာ ပြုံးရုံသာ ပြုံးသော အပြုံး၊ သမာဓိရှိသောအပြုံးမျိုးဖြစ်၏။ ကျွန်ုပ်ကား မချစ်သော်လည်း အောင့်ကာနမ်းဆိုသောအဖြစ်မျိုးကိုကြုံရမှာ စိုး၏။ လင်ရယ်မယားရယ် ချစ်ကြပါသည်ဟု အပေါ်ယံ ကြောမျှ လောကွတ်လုပ်ကြပုံကို ရွံရှာမိ၏။ သို့သော် သူကလေး





ကား ထိုသို့မဟုတ်။ သူ၏ စိတ်ရင်းကောင်းပုံ သိမ်မွေ့ပုံတို့မှာ သူ့အမူအရာ၌ ပေါ်လွင်နေ၏။

ထိုနောက် ကျွန်ုပ်တို့နှစ်ဦးသား စကားလက်ဆုံ ကျကြသည်။ တခါတရံ သမီးရည်းစားပမာ တမျှ ပြောဆိုကြ၏။ တခါတရံ တစိမ်းတရံစာများကဲ့သို့ ဣန္ဒြေကြီးကြီးနှင့် ပြောကြဆိုကြ၏။ သူက ကျွန်ုပ်မျက်နှာကို တချက်တချက် မော်ကြည့်၍ ပြုံး၏။ ကျွန်ုပ်ကား သူ့ကို တခါတည်း သိမ်းကျုံးပိုက်ပွေ့လိုက်ချင်၏။သို့သော် သမာဓိတရားကို လက်မလွှတ်စေဘဲ ဣန္ဒြေဆယ်နေရသည်။

နယ်ခြားရောက်သောအခါ နယ်ခြား ပုလိပ်အရာရှိ တဦးက ကျွန်ုပ်တို့အခန်းထဲဝင်လာပြီးလျှင် ကျွန်ုပ်၏နာမည်ကို မေးသည်။ ကျွန်ုပ်က အံ့အားသင့်၍ မြို့စားကြီး မည်သူမည်ဝါ ဖြစ်သည်ဟု ပြောပြသည်။

"မြို့စားကြီးက ဘယ်ကို ကြွမလို့ပါလဲခင်ဗျာ"ဟု အရာရှိက ထပ်မေးသည်။

"ရေပူစခန်းမြို့ကို သွားမလို့"ဟု ကျွန်ုပ်ကပြန်ပြောသည်။

အရာရှိသည် သူ့မှတ်တမ်းစာအုပ်ထဲတွင် ရေးစရာ ရှိသည်တို့ကို ရေးမှတ်သည်။ ထို့နောက် "ဒီက အမကြီးကတော့ မြို့စားကတော်ကြီးနဲ့ တူတယ်"ဟု ဆိုသည်။

ကျွန်ုပ် ဘာပြန်ပြောရမည်နည်း။ ကျွန်ုပ်သည် ရှိုးတို့ရှန်းတန့်နှင့် သူကလေးကို လှည့်ကြည့်လိုက်သည်။ သူကား အတန်ငယ် မျက်စိမျက်နှာပျက်ပြီးလျှင် အခြားတဖက်သို့ မျက်စိလွှဲ၍ ကြည့်နေသည်။ ကျွန်ုပ်မှာ အမှန်ကိုပြောလျှင် သူကလေးကို စော်ကား

ရာ ရောက်ပေတော့မည်။ စင်စစ် သူနှင့် ကျွန်ုပ်မှာ တလတာမျှ ညားကြရမည့် အကြင်လင်မယားမဟုတ်ပါလော။

ထို့ကြောင့် ကျွန်ုပ်က အရာရှိအား "ဟုတ်ပါတယ်"ဟု ပြန်ပြောလိုက်၏။

သူကလေးကား ဤစကားကြားလျှင် ရှက်သွေး ဖြန်းသွားသည်။ ကျွန်ုပ်လည်း သူ ရှက်သွေး ဖြန်းသွားသည်ကို သဘောကျတတ ဖြစ်မိ၏။

ကျွန်ုပ်တို့ ခရီးအဆုံး၌ ဟိုတယ်ကိုရောက်သောအခါ၊ ဟိုတယ်မန်နေဂျာက သူ့အား ဟိုတယ် မှတ်ပုံတင် စာအုပ်ကို ထိုးပေးသည်။ သူကမူ ထိုမှတ်ပုံတင်စာအုပ်ကို ကျွန်ုပ်အားတဆင့် လှမ်းပေး၏။ ကျွန်ုပ်လည်း ဧည့်စာရင်း သွင်း၏။ သူက ကျွန်ုပ်ကို စောင့်၍ အကဲခပ်သည်။ ယခုမှပင် သူနှင့် ကျွန်ုပ်တို့ နှစ်ဦးချင်း ချစ်ကျွမ်းဝင်ခွင့်ရကြပေတော့မည်။ ဟိုတယ်ဧည့်စာရင်းတွင် နာမည် ရေးသွင်းပြီးသည့်နောက် မည်သူက ၎င်းဧည့်စာရင်းကို စစ်ဆေးကြည့်ဦးမှာလဲ။ ထို့ကြောင့် ကျွန်ုပ်လည်း "မြို့စားကြီးနှင့် မြို့စားကြီးကတော်"ဟူသော အမည်ကို ရေးပေးလိုက်၏။

**ဇွန်လ ၂၁ ရက်။** ။နံနက် ၆ နာရီ။ ဗာဆယ်လ်မြို့။ ယခု ထိုမြို့မှနေ၍ ဗန်းမြို့သို့ ကျွန်ုပ်တို့သွားနေကြသည်။ ကျွန်ုပ်ကား ဇာတာစမ်းလက်ပွင့်နေသောသူတည်း။

**ဇွန်လ ၂၁ရက်။** ။ည ၁၀ နာရီ။ ထိုနေ့ တနေ့လုံး ထူးခြား၏။ ကျွန်ုပ် ဘဝင်တုန်နေသည်။ ပျော်သလိုလိုလည်း ရှိ၏။ ရင်ထဲ၌ ဟာတာတာလည်း ဖြစ်မိ၏။





ခရီးစဉ်တလျှောက် ကျွန်ုပ်တို့ များစွာ စကားမပြောကြ။ သူကား ထိုနေ့က နံနက်စောစော အိပ်ရာ ထထားသဖြင့် အိပ်ချင် မူးတူး ဖြစ်နေသည်။ ဗန်းမြို့သို့ ရောက်လျှင်ရောက်ချင်း ကျွန်ုပ်တို့နှစ်ဦးသား ရှေးက မမြင်မတွေ့ဘူးသော အဲလပ တောင်တန်းကို ကြည့်လိုကြသည်။ သူနှင့်ကျွန်ုပ်မှာ ညားခါစ လင်မယား နှစ်ယောက် 'ဟန်းနီးမွန်း' ထွက်သည်နှင့် တူနေပြီ။ ကျွန်ုပ်တို့သည် မြေပြန့်တခုကို မြင်ရသည်။ ထိုမြေပြန့် လွင်ပြင်ကြီးကို ကျော်၍ လှမ်းကြည့်လျှင် တရွေ့ရွေ့လျှောနေသော ရေခဲပြင်ကို မြင်ရသည်။ အဝေးမှနေကြည့်ရ၍ ထိုရေခဲပြင် ဒွယ် ရောမကြီးမားပုံကို မသိနိုင်ပါ။ သို့သော် မြင်ရသမျှနှင့်ပင် စိတ်ထဲတွင် ကြည်နူးမိ၏။ ညနေချိန်ရောက်သော် နေရောင်တောက်သည်။ ထိုတောက်ပသော နေရောင်ခြည်ကြောင့် ကျွန်ုပ်တို့မှာ ပူလွန်းလှ၏။ သို့သော် အဝေး၌ရှိသော ဆီးနှင်းတောင်တို့ကား ဖွေးဝင်း၍ အေးမြလျက် ရှိကြ၏။ တောင်တန်းများ ကြီးစဉ်ငယ်လိုက် ရှိရာတွင် ယွန်းဖရောတောင်သည်သာလျှင် အခြား တောင်များကို မိုး၍နေသည်။ ထတောင်၏ဘေး၌ ဖွေးဖွေးသော ဆီးနှင်းပြင်ကို ခရီးသွား သူငါ ကောင်းစွာမြင်နိုင်သည်။ ကျန်သော တောင်များကား ယွန်းဖရောတောင်ကို ဘီလူးဂူမ္ဘာန်များ ပတ်လည်ဝိုင်း၍ စောင့်နေသလို ခြံရံ၍ စောင့်နေကြသည်။ တောင် ထွတ် တို့မှာ အစဉ် ရေခဲနေသောကြောင့် နေရောင်ခြည် ဖျန်းသည့်အခါ တလက်လက်တောက်နေကြသည်။ ညနေခင်း၌ ကောင်း ကင် ပြင်သည် အပြာရောင်သန်းနေသည်။ ထိုအပြာရောင်ကို နောက်ခံထားပြီးလျှင် တောင်တန်းများက ငွေရောင်ဖြင့် တလက်လက်ရှိသည်။

တောင်တွေက များပါဘိသနှင့်။ အားလုံး မလှုပ်မယှက်နှင့် တည်နေကြ၏။ ဤနယ်ခြားဒေသရောက်လာရသည်မှာ ကမ္ဘာလောကသစ်တခုထဲသို့ ရောက်လာရသကဲ့သို့။ မြေမျက်နှာပြင်မှာ ကုန်းပြင်ချိုင့်ဝှမ်း အဖုအထစ်များဖြင့် ကြမ်းတမ်း၏။ လှုပ်ရှားမှုမရှိ၍ အသက်မရှိဟု ထင်ရ၏။ သို့သော် မြင်ကွင်းတခုလုံးမှာ ကား ပင်လယ်ပြင်ကို ကြည့်နေရဘိသကဲ့သို့ပင် အံ့ခမန်းဖြစ်သည်။ လူ့စိတ်ကို သိမ်းကျုံးဆွဲဆောင်နိုင်သည်။ လေပြေလေညှင်းတို့သည် ထာဝရအေးမြနေသော တောင်ထွတ်များကို ပွတ်သီးပွတ်သပ် လုပ်နေကြ၏။ ထိုနောက် ကြိုင်သင်းသော ရနံ့တို့နှင့် ပြည့်စုံသော သစ်ပင်ပန်းမန်တို့ကို ဖြတ်သန်းလာသော လေသည် ကျွန်ုပ်တို့နှစ်ဦးအား တိုက်ခတ်၏။ မြေပြင်တွင် အနံ့အသက်မကောင်းသော်လည်း တောင်ပေါ်၌မူကား မြေပြင်နှင့်မတူ၊ သင်းထုံကြိုင်လှိုင်လျက်ရှိသည်။

ဗာသာသည် ထိုမြင်ကွင်းများကို အံ့သြမိန်းမောကာ ကြည့်နေရ၍ စကားတခွန်းမျှပင် မပြောနိုင်ချေ။

ထိုနောက် ကျွန်ုပ်လက်ကို ဆွဲညှစ်လေသည်။ ကျွန်ုပ်၏ နှလုံးသားတို့မှာလည်း ဖျတ်ဖျတ်လူးနေပါပြီ။ မမျှော်လင့်ဘဲ မြင်ရတွေ့ရသော မြင်ကွင်းကြီးကိုကြည့်ရင်း ဝမ်းသာလုံး ဆို့နေရသည်။ ကျွန်ုပ်လည်း ဗာသာ၏ တုန်လှုပ်နေသော လက်ကလေးကို ကိုင်၍ ကျွန်ုပ်၏နှာခေါင်းတွင် တေ့ကာ နမ်းမိသည်။ ယုံချင်ယုံ၊ မယုံချင်နေ၊ ကျွန်ုပ်နမ်းမိသည်မှာ တကယ့် မေတ္တာစိတ်ဖြင့် နမ်းမိခြင်း ဖြစ်၏။





ကျွန်ုပ်မှာ ပီတိဖြစ်နေသည်။ ဗာသာ့ကြောင့် ပီတိဖြစ်လေသလော။ ရေခဲမြစ်ကြီးကြောင့် ပီတိဖြစ်လေသလော။ မပြောတတ်ပါ။

**ဇွန်လ ၂၄ ရက်။** ။ရေပူစမ်းရောက်။ ည ၁၀ နာရီရှိပြီ။ လာခဲ့သော ခရီးမှာ ပျော်စရာ။ လမ်းတွင်နယ်ခြားရှိ မြင့်တုံ နိမ့်တုံ တည်နေသော တောင်တန်းကြီးများကိုကြည့်ရင်း နေ့တဝက်အချိန် ဖြုန်းခဲ့သေးသည်။

နံနက်လင်းသော် ဆစ်ဇာလန်နိုင်ငံ နယ်နိမိတ်ထဲတွင် ရှိသော ရေအိုင်ကြီးကိုဖြတ်ခဲ့ရ၏။ ကျွန်ုပ်စိတ်အထင် ထိုအိုင်မှာ ကမ္ဘာပေါ်တွင် အလှဆုံးဖြစ်သည် ထင်သည်။ ထိုနောက် မြင်းလားများ ကျွန်ုပ်တို့ကို စောင့်နေသော နေရာသို့ရောက်၏။ ထိုနေရာတွင် ထိုသတ္တဝါတို့ကို တက်စီး၍ခရီးထွက်ခဲ့ပြန်သည်။ မြို့ကလေးတမြို့သို့ ရောက်သောအခါ နေ့လယ်စာ စားပြီးနောက် တောင်တက်ရပြန်သည်။ သစ်ပင်ထူထပ်သော လျှိုမြောင်တို့ကို တောင်ထွတ်များက မိုးနေသည်။ ထိုလျှိုမြောင်အလိုက် တဖြည်းဖြည်းတက်လာရာ တောင်တန်းများ တတန်းစီ တတန်းစီ ကောင်းကင်ထဲမှ ဘွားကနဲ ဘွားကနဲ ပေါ်လာကြသည်။ ထိုတောင်တန်းများ၏ ဆင်ခြေလျှောတွင် ပြူပြွမ်းနေသော တဲကလေးများ တွေ့ရ၏။ သည်နေရာမှာ သည်တဲများကို ဘယ်လိုလုပ်ပြီး ဆောက်ထားကြသည် မသိ။ ထို့မှတဖန် ရေစီးသန်သော မြစ်များကို ကျော်ဖြတ်ရသည်။ တခါတရံ ဆီးနှင်းများက ထင်းရှူးတောများ ဖုံးအုပ်နေ

သည့် တောင်ထိပ်ချွန်းနှစ်ခုကို တံတားခင်းကာ ဆက်စပ်ပေးထားသည်ကို တွေ့ရ၏။ ထိုနေရာတွင် ဆီးနှင်းတောင်တို့သည် သုံးမြှောင့်ချွန်းကြီးလို ကောင်းကင်သို့ ထိုးထွက်နေကြသည်။ အမြင့်အားဖြင့် နီးသည်ထင်ရ၏။ ထို ဆီးနှင်းတောင်များကိုရောက်ဖို့ မိနစ်နှစ်ဆယ်လောက်သာ ကြာလိမ့်မည်ဟု အောက်မေ့ရ၏။ သို့သော် တကယ်ခရီးသွားကြည့်လျှင် ၂၄ နာရီနှင့် ထိုနေရာကို ရောက်နိုင်သည် မဟုတ်ပါ။

ကျွန်ုပ်တို့မှာ ဖရိုဖရဲတည်နေသော ကျောက်ပုံကြီး များကိုလည်း တခါတခါ ဖြတ်ကြရ၏။ ထိုကျောက်ပုံ ရှိရာနေရာမှာ ကျဉ်းမြောင်းသောလျှိုဖြစ်သည်။ ထိုလျှိုထဲသို့ကျောက်ဆောင်ကျောက်ခဲများ ကျလာသောအခါ ကျောက်သားများ ခင်းထားသောလမ်းနှင့် တူလှသည်။ ထိုလျှိုမြောင်မှနေ၍ ဦးခေါင်းပေါ် မော်ကြည့်လျှင် ဟိုဘက်တောင်နှင့် သည်ဘက်တောင် နှစ်ဦးချင်း ခွပ်ကြတော့မည့်ပုံလို၊ တောင်နှစ်တောင် စစ်ခင်းကြရာတွင် ကျောက်ဆောင် ကျောက်ခဲတို့မှာ စစ်တလင်းတွင် ကျဆုံး၍ကျန်ရစ် ခဲ့ကြသည်နှင့် တူလှ၏။

**ဗသာ**သည် ခရီးပန်းလွန်းလှသဖြင့် မြင်းလားကြီးပေါ်တွင် ငိုက်မျဉ်းကာ လိုက်ပါလာသည်။ သို့သော် ကြည့်စရာကိုမကြည့်ရမှာစိုး၍ မျက်စိခဏခဏဖွင့်သည်။ နောက်ဆုံး၌ ဣန္ဒြေဆယ်၍မရသဖြင့် အိပ်ပျော်သွားသည်။ ထို့ကြောင့် ကျွန်ုပ်က သူ့ကိုယ်ကို လက်တဖက်ဖြင့် ဖေးမထားရသည်။ ကျွန်ုပ်မှာ သူ၏ကိုယ်ငွေ့ကို ခံယူရင်းနှင့် ဖသောဖသာဖြစ်မိ၏။ ဤသို့လျှင် ညချမ်းချိန်သို့ရောက်သည်အထိ တက်ခဲ့ရ၏။ နောက်ဆုံးတွင် တောင်တန်းများ





အကြားဝယ် မြုပ်နေသော ထမင်းဆိုင်ကလေးတခုသို့ရောက်၏။ ဤနေရာမှာ ခေတ္တနားရ၏။

ထိုည ကျွန်ုပ်တို့နှစ်ဦးသား အိပ်ကြသည်။ အိပ်လို့ အင်မတန်ကောင်းသည်။

နံနက်လင်းသော် ကျွန်ုပ်သည် မြူတင်းပေါက်ဆီသို့ ပြေး၍ အပြင်ဖက်ကိုကြည့်သည်။ ဝမ်းသာအားရနှင့် နှုတ်မှလည်းအော်မိသည်။ ထိုအခါ **ဗသာ**သည် ကျွန်ုပ်ထံပါးသို့လာ၍ ကြည့်သည်။ နှစ်ဦးသား အလွန်သဘောကျမိသည်။ အဘယ့်ကြောင့် ဆိုသော် ကျွန်ုပ်တို့အိပ်နေတုန်း အပြင်ဖက်၌ ဆီးနှင်းများ ကျနေသည်မှာ ကြည့်ကောင်းလွန်းသောကြောင့် ဖြစ်၏။

ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ သစ်ပင်ဝါးပင်မရှိဘဲ ပြောင်နေသော တောင်ထွတ်ကြီးများ ခြံရံနေကြ၏။ ဆီးနှင်းတို့မှာ တောင်ထွတ်ကြီးများကို စောင်ဖြူနှင့် ပတ်ပေးထားသည့်သဖွယ်။ နှင်းတောထဲမှ ထိုးထွက်နေသော မြေသား ပကတိတို့၌ ဘာပင်မျှ မပေါက်။ အေးမြသော ရေခဲပြင်တို့သည် ၎င်းတို့၏မာကျောသောသတ္တိကို ဖော်ပြနေသည်။ မိုးထိလုနီးနီး တောင်ထိပ်များသို့ လူသူ မရောက်နိုင်။

ကျွန်ုပ်တို့သည် နောက်ထပ်တနာရီခန့် ခရီးဆက်ကြ၏။ မာကျောသော ကျောက်သားနှင့် ဆီးနှင်းပြင်များကိုဖြတ်ကျော်၍ပြီးသောအခါ လှိုင်းလေအလွန်ငြိမ်သော အိုင်တခုသို့ ရောက်သည်။ ထိုအိုင်၏ ရေမျက်နှာပြင်သည် တောင်ရိပ်ကြောင့် ညိုမဲသောအသွင်ကို ဆောင်သည်။ ကျွန်ုပ်တို့သည် အတန်ကြာမျှ ထိုအိုင်နံဘေးကို ပန်း၍သွားရသည်။ ဤနေရာ၌ လမ်းပြသည့် တော

ပန်းတောင်ပန်းများကို ခူးဆွတ်ပေးသည်။ ဗာသာသည် ထိုပန်းများကို သီ၍ လည်တွင်ဆွဲသည်။

ထို့နောက် ကျွန်ုပ်တို့ ရောက်ရှိနေကြသည့် ကျဉ်းမြောင်းသော ချောက်ကြီးမှာ တဖြည်းဖြည်းနှင့် ကျယ်ဝန်းလာသည်။ ရှန်းမြစ်၏တဖက်၌ရှိသော ပီဒမွန်တောင်များကို အဝေးရှိ မိုးကုပ်စက်ဝိုင်းအောက်ခြေတွင် မြင်ရသည်။

တောင်ကြီးများသည် အခြံအရံ တောင်ငယ်များကို မင်းမူနေကြ၏။ တောင်ကြီးများ တည်နေပုံမှာ မလှုပ်မရှက်နှင့် အလွန် ဂုဏ်ခြေရ၏။ အချို့တောင်များကား အီဂျစ်နိုင်ငံရှိ ပိရမစ်များနည်းတူ အချိုကားဆီးနှင်းနှင့် ရေခဲတို့ကြောင့် နေရောင်ထဲတွင် စိန်ကျောက်များကဲ့သို့ ပြိုးပြိုးပြက်ပြက်နှင့် လက်နေကြသည်။ စောက်နက်သော ပိရမစ်တောင်ကမ္ဘား၌ တောင်တက်သမားတို့ ခြေချော်ကျ၍ မကြာခဏ သေကြေကြသည်ဟုသိရ၏။

ချောက်ကြီး၏အဆုံးသို့ရောက်သောအခါ ကျွန်ုပ်တို့၏ လာလမ်းခရီးသည်လည်း အဆုံးသို့ ရောက်လေပြီ။ ထိုချောက်နက်ကြီး၏ အောက်ခြေတွင် မြက်ခင်းပြင်တခုရှိ၏။ ထိုမြက်ခင်းပြင်ပေါ်၌ တောင်ထိပ်ချွန်းများ ကျိုးတို့ကဲ့တဲ့နှင့်တည်နေကြသည်။ အဝေးမှ ကြည့်သော် မြက်ခင်းပြင်ပေါ်၌ အဖြူကွက်များ ထိုမှာတစု သည်မှာတစုနှင့် မြင်ရ၏။ ရုတ်တရက်သော် ထိုဖြူဖြူ ဖွေးဖွေးတို့မှာ သိုးအုပ်များဖြစ်သည်ဟု ထင်ရသည်။ သို့ သော် စင်စစ်မှာမူကား ဖြူဖြူဖွေးဖွေးနှင့် မြင်ရသည်မှာ ရေပူစမ်းမြို့ထဲမှ





အိမ်များ တိုက်များဖြစ်၏။ ထိုမှာတစု ဤမှာတစု ကျိုးတို့ကဲ့တဲ့ဆောက်ထားသော အိမ်များပင်တည်း။

မြို့အဝင် တောင်ကမ္ဘားမှ ချောက်ထဲသို့ဆင်းသော လမ်းသည် တဆစ်ချိုးဖြစ်သည်။ ထို့ပြင် ထိုလမ်းမှဆင်းလျှင် မတ်မတ်ဆင်းရသည်။ ထို့ကြောင့် အန္တရာယ်များလှ၏။ ကျွန်ုပ်တို့ နှစ်ဦးမှာ မိမိတို့အတူတူ စီးလာသော မြင်းလားပေါ်မှ ဆင်းကြရသည်။ အနီးသို့ရောက်ခါမှ ရေပူစမ်းမြို့ကြီးမှန်း သိရသည်။ နီးလေလေ ကြီးလေလေဖြစ်သည်။ ထိုမြို့တည်နေရာ တောင်ကြား လမ်းသည် ကမ္ဘာပေါ်တွင် အလှဆုံးဖြစ်သည်ဟု ကျွန်ုပ်ထင်သည်။ ကျွန်ုပ် အထင်လွဲသည်ရှိသော်၊ ထိုတောင်ကြား လမ်းသည် အလှဆုံးများအနက် တခုဖြစ်လိမ့်မည်ဟု ဆိုချင်ပါသေးသည်။

ဗာသာသည် ပျော်လည်း ပျော်ပုံရသည်။ ကြောက်လည်း ကြောက်ပုံရသည်။ ကလေးငယ်လို ဝမ်းသာသောကြောင့်လည်း ဟစ်အော်ခုန်ပေါက်၏။ ကြောက်သောကြောင့်လည်း ဟစ်အော်ခုန်ပေါက်၏။ သူ့ကိုယ်ကလေးကို ကျွန်ုပ်အပေါ် မှီကာ ခို၍ လိုက်၏။ လမ်းပြမျှားကွယ်ရာ ကျောက်တောင် အဆွယ်တခုသို့ ရောက်သောအခါ ဗာသာ က ကျွန်ုပ်အား နမ်းသည်။ ကျွန်ုပ်ကလည်း သူ့ကိုဖက်ထားသည်။

ကျွန်ုပ်သည် ရေပူစမ်းသို့ရောက်လျှင် ဗာသာနှင့် ကျွန်ုပ်တို့ လင်မယားမဟုတ်ကြောင်း အများသိအောင် ကြေညာမည်ဟု စိတ်ကူးထားခဲ့သည် မှန်သည်။

သို့သော် ဘယ်နေရာရောက်ရောက် ကျွန်ုပ်ကသူ့အား ချစ်ဇနီးကဲ့သို့ယုယမိ၏။ မြို့စားကြီးနှင့်မြို့စားကြီးကတော်ဟု အထင်ခံသွား

လာနေထိုင်မိ၏။ ထို့ကြောင့် ရေပူစမ်းရောက်ခါမှ သူ့ကို အခြားနာမည်ဖြင့် ဟိုတယ်စာရင်းသွင်းလျှင် စိတ်မကောင်းအောင် လုပ်ထားနှင့်တူလိမ့်မည်။ ကျွန်ုပ်သည် သူ့ကို ချစ်စရာဟု စွဲလန်းလာပြီဖြစ်၍ ထိုသို့မလုပ်ရက်ပါ။

ထို့ကြောင့်လည်း ကျွန်ုပ်က ဤသို့ပြောမိသည်။

"**ဗာသာ** အချစ်ရယ်၊ ခင်ဟာ မောင့်ဇနီးဘဲလို့ အထင်ခံနေရပြီ။ မောင့်ကိုလဲ အများက ခင့်ယောကျ်ားလို့ ယူဆနေကြပြီ။ ဒီတော့ ခင်ဟာ မောင့်ဇနီးအဖြစ်နဲ့ ဣန္ဒြေရရ၊ သိမ်သိမ်မွေ့မွေ့ နေပါနော်။ နေတာထိုင်တာမှာ လိမ်လိမ်မာမာ ကျစ်ကျစ်လစ်လစ်နဲ့နေထိုင်ရမယ်။ ခင်ဟာတပါး ယောကျ်ားများကို အသိမလုပ်ရဘူး။ အကျွမ်းတဝင် ပူးပူးကပ်ကပ် မနေရဘူး။ ခပ်တည်တည်နေပါ။ မောင် အခုလို မှာထားလျက်ကယ်နဲ့ နောင်အခါကျတော့ ဖြစ်မှဖြစ်ရပလေဆိုတဲ့ ကိန်းမဆိုက်ပါစေနဲ့နော်။ ပိပိယိယိနေထိုင်ပါ"

"မောင်ရယ်၊ မစိုးရိမ်ပါနဲ့" ဟု သူက ကျွန်ုပ်အား ပြန်ပြောသည်။

ဇွန်လ ၁၆ ရက်။ ။ရေပူစမ်းမြို့သည် ပျင်းစရာကောင်းသော မြို့မဟုတ်ပါ။ အတန်ငယ် တောကျသည်။ သို့သော် မြို့အနေအထား လှသည်။ ကျောက်ဆောင်ကြီးများသည် မီတာ ၂၀၀၀ မျှ မြင့်၏။ ရာပေါင်းများစွာသော ရေတံခွန်တို့သည် ကျောက်ဆောင်ထက်မှ အောက်သို့စီးဆင်းနေပုံမှာ ငွေရည်များကို သွန်းလောင်းနေသကဲ့သို့ပင်။ ရေတံခွန်မှ ဝုန်းဝုန်း အသံတို့ကို အမြဲ





ကြားနေရသည်။ ရေပူစမ်းမြို့ကလေးမှာ အဲ့လပ တောင်ကြားထဲတွင် နစ်မြုပ်နေလေရာ၊ ထိုမြို့မှအထက်ကောင်းကင်သို့ လှမ်းမျှော်ကြည့်လျှင် ရေတွင်းထဲမှနေ၍ မော့ကြည့်နေရသည်ဟု ထင်မိ၏။ နေရောင်သည် တွင်းဝကိုဖြတ်၍ တောက်ပသည်။ အနီးပတ်ဝန်းကျင်၌ ရေခဲမြစ်များသည် တဖွေးဖွေး တလက်လက်နှင့်ရှိသည်။ ချိုင့်ဝှမ်းထဲ၌လည်း မြစ်များ၊ ချောင်းများ၊ သစ်ပင်များသည် လှုပ်လှုပ်ရှားရှားပြုနေကြသည်။ ထို့ကြောင့် ထိုဒေသကို အသက်မရှိဟုမဆိုနိုင်။ အမြဲ အသက်ဝင်နေသည်။ ချိုင့်ဝှမ်းသည် ရုန်းမြစ်ရှိရာသို့ ဆင်ခြေလျှောဆင်းသွား၏။ အဝေးတွင် ပိဒမွန်ဆီးနှင်းတောင်ကိုမြင်ရသည်။ မြင်ရသမျှမှာ ရင်ထဲတွင် စိမ့်ကနဲ ကောနဲ ဖြစ်စရာချည်းသာ။ အကယ်၍ **ဗာသာ** မပါလာလျှင် ကျွန်ုပ် ဘယ်လိုနေမည်မသိ။

**ဗာသာ**ကား အလွန်တော်ပါပေသည်။ ကျွန်ုပ်၏ အလိုအတိုင်း ဣန္ဒြေတခွဲသားနှင့်နေသည်။ လူတကာက သူ့ကို "မြို့စားကြီးကတော်ဟာ တယ်ချောပါကလား" ဟု ပြောသံကို ကြားရ၏။

ဇွန်လ ၂၇ ရက်။ ။ရေပူစမ်း၌ ရေချိုးကြ၏။ ပထမဆုံး အကြိမ် ချိုးခြင်းဖြစ်၏။ ကျွန်ုပ်တည်းခိုရာ ဟိုတယ်အိပ်ခန်းမှနေ၍ ရေပူကန်သို့တိုက်ရိုက်သွားလျှင်ရ၏။ ရေပူကန်တွင် ကျားမ အတူတကွ သိုးမွေး ရေကူးဝတ်စုံကိုယ်စီနှင့် ရေချိုးနေကြသည်မှာ လူနှစ်ဆယ်လောက်ရှိသည်။ ရေကန်ထဲတွင် စားသောက်နေကြသူများလည်း ရှိ၏။ စာဖတ်နေသူများလည်း ရှိ၏။ စကား

ပြောနေသူများလည်း ရှိ၏။ ရေကန်ထဲတွင် ပစ္စည်းပစ္စယ တင်စရာ စာပွဲလိုဖောင်ကလေးများ ပေါလောမျောနေသည်။ ရေကူးသူများ တခါတခါ ကစားကြသည်မှာ ဂူခြွမ်းလှသည်။ ရေကူးကန်ပတ်လည်၌ လသာခန်းများ ရှိသည်။ ထိုအခန်းမှ အောက်သို့ငုံ့ကြည့်လိုက်လျှင် ရေကူးနေကြသော ကျွန်ုပ်တို့မှာ ရောမ စည်ပိုင်းကြီးထဲတွင် ထည့်ထားသော ဖားသူငယ် များနှင့် တူလှပေ၏။

**ဗာသာ**သည် ကျွန်ုပ်နှင့်စကားပြောရင်း လသာခန်းမှာ ထိုင်သည်။ လူအများက သူ့ကို ဝိုင်းကြည့်ကြသည်။

**ဇွန်လ ၂၈ ရက်။** ။ဒုတိယအကြိမ် ရေဆင်းချိုးသည်။ လေးနာရီခန့်ချိန်၏။ ဟိုတယ်မှာ ရှစ်ရက်လောက် နေမည့် အတောအတွင်း ရှစ်နာရီလောက်တော့ ရေချိုးလိုက်ဦးမည်ဟု စိတ်ကူးထားသည်။ ကျွန်ုပ်နှင့်အတူ ရေချိုးသူများမှာ အီတလီမှမင်းညီမင်းသားတဦး၊ ဩစတြီးယားမှ နယ်စားကြီးတဦးနှင့် ဟန်ဂေရီမှ အမတ်ကြီးတဦးတို့ဖြစ်သည်။ ကျန် ဆယ့် လေး ငါးယောက်မှာ မထင်ရှားသော မင်းမျိုး မတ်နွယ်ထဲက ပုဂ္ဂိုလ်များ ဖြစ်သည်။ ယခုလို ရေပူစမ်းမျိုးကိုလာသော သူမှန်သမျှမှာ ထိုလူတန်းစားမျိုးသာ များသည်။

ထိုပုဂ္ဂိုလ်အားလုံးတို့သည် **ဗာသာ** နှင့် အသိ လုပ်ချင်ကြ၍ ကျွန်ုပ်အား မိတ်ဆက်ပေးပါဟု လာပြောကြသည်။ ကျွန်ုပ်ကလည်း ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဟု ပြောပြီးလျှင် သူတို့ကို ရှောင်နေသည်။ တော်တော် အလိုက်မသိတဲ့ လူတွေဘဲ။





**ဇွန်လ ၂၉ ရက်။** ။ဂူတာလျံ မင်းသားကြီး၏ ကြင်ယာတော်ဆိုသူက ရေချိုးကန်မှအပြန်တွင် ကျွန်ုပ်ထံလာ၍ ကျွန်ုပ်၏ဇနီးနှင့် အသိဖြစ်ချင်ပါသည်ဟု ဆိုသည်။ ထို့ကြောင့် ကျွန်ုပ်မှာ သူ့ကို ဗာသာနှင့် မိတ်ဆက် ပေးရသည်။ သို့သော် ကျွန်ုပ်က **ဗာသာ**အား သည်မိန်းမကြီးနှင့်မတွေ့အောင် ဂရုစိုက်ပြီး ရှောင်ပါဟု မှာထားသည်။

**ဇူလိုင်လ ၂ ရက်။** ။ဂူတာလျံ မင်းသားသည် ကျွန်ုပ်တို့အား မတွေ့ တွေ့အောင်ရှာပြီးလျှင် သူ့ အခန်းထဲသို့ ဖိတ်ခေါ်သည်။ သူတည်းခိုရာ အခန်းတွင် ဂုဏ်သရေရှိ မင်းပရိသတ် ညှိသည် အပေါင်းတို့ လက်ဖက်ရည် သောက်နေကြသည်။ အမျိုးသမီး ညှိသည်များအားလုံးထဲတွင် **ဗာသာ**သည် ချစ်စရာ အကောင်းဆုံးဖြစ်သည်။ ကျွန်ုပ်လည်း ရှောင်၍ မရသည်နှင့် ဘာမျှမတတ်နိုင်တော့ပါ။

**ဇူလိုင်လ ၃ ရက်။** ။ခုမှတော့ မထူးပါဘူး။ နှောင်ခါလာ နှောင်ခါချေးဘဲ။ ယခု ကျွန်ုပ်တွေ့နေရသော မင်းညီ မင်းသားဆိုသူ လူပေါင်း သုံးဆယ် အနက် အနည်းဆုံး ဆယ် ယောက်လောက်မှာ အတူများ ဖြစ်နေလိမ့်မည်။ ထို့ပြင် ဂုဏ်သရေရှိ အမျိုးသမီး ဆယ့် လေး ငါး ခြောက် ယောက်လောက် အထဲမှာ တဒါဇင်ကျော်လောက်က တိတ်တိတ်ပုန်း မင်းကတော်များ ဖြစ်နေပေမည်။ ထိုတဒါဇင်ကျော်အထဲက တဝက်လောက်သောအ

မျိုးသမီးများကား အပြစ်အနာအဆာ ကင်းမှုကင်းပါလေစ။ ယခုမှတော့ ဘယ်သူဘယ်လိုဆိုတာ ဂရုမစိုက်နိုင်တော့ပါ။

**ဇူလိုင်လ ၁၀ ရက်နေ့။** ။ရေပူစမ်းမှာ **ဗာသာ**သည် အထင်ပေါ် ဆုံးဖြစ်သည်။ လူတိုင်းက သူ့ကိုမေတ္တာထား၍ အသိလုပ်ချင်ကြသည်။ ဝိုင်းဝန်း မြှောက်စား ကြသည်။ အလိုလိုက်ကြသည်။ လေးစားကြသည်။ **ဗာသာ**သည်လှပကြော့ရှင်း၍ ဣန္ဒြေရသည့်နေရာ၌ သူမတူဖြစ်သည်။လူတိုင်းက သူ့ကိုဂုဏ်တုဂုဏ်ပြိုင်လုပ်ကြသည်။

ဣတာလျံမင်းသား၏ ကြင်ယာတော်က ကျွန်ုပ်အား "နေပါဦး မြို့စားကြီးရယ်၊ ရှင် ဒီလိုအဖိုးတန်တဲ့အမျိုးသမီးကို ဘယ်မှာတွေ့ခဲ့တာလဲ ရှင့်" ဟုမေးသည်။

ကျွန်ုပ်ကလည်း 'သူ့ကို မယ်ရွေးပွဲတခုမှာ တွေ့ခဲ့တာပါဗျ။ အခု ပြဇာတ်ထဲလိုက်မလို့။ ၁၈၈၀ ပြည့်နှစ် ဩဂုတ်လ ၅ ရက်နေ့ လွန်ရင် သူ့ကိုရနိုင်တယ်'ဟူ၍ ဟုတ်သမျှ အကုန်ပြန်ပြောလိုက်ချင်သည်။

ယခုလို ပြန်ပြောလိုက်လျှင် ဣတာလျံမင်းသမီး မျက်လုံးမျက်ဆန်ပြူးသွားမည်။ သူ ဤကဲ့သို့ ပြူးတူး ပြဲတဲဖြစ်ထာကို ကြည့်ရလျှင် အားကြီးကောင်းမည်။

**ဇူလိုင်လ ၂၀ ရက်နေ့။** ။ဗာသာ ဆိုသော သူငယ်မ သည် အင်မတန်အံ့ဩစရာကောင်းသော မိန်းကလေးပါဘဲ။ လိမ်မာပါး နပ်လွန်း၍ မည်သူမျှ သူ့အကြောင်း အမှန်ကို မသိနိုင်ကြပါ။





သူ့ဇာတိပေါ် အောင် ယောင်၍မျှပင် စကားပြောမှားခြင်း မရှိ။ တကယ့်အဖိုးတန်မိန်းကလေးဖြစ်ပါသည်။

**ဩဂုတ်လ ၁၀ ရက်နေ့။** ။ပဲရစ်မြို့ကို ပြန်ရောက်ပြီ။ ကျွန်ုပ်၏ ဇာတ်လမ်းလည်းဆုံးပါပြီ။ ရေပူစမ်းမှမထွက်ခွာမီ အသိမိတ်ဆွေအားလုံးတို့က ကျွန်ုပ်တို့နှင့် ခွဲခွာရခါနီး ငိုမဲ့မဲ့ ဖြစ်ကုန်ကြသည်။

ကျွန်ုပ်တို့မပြန်မီ တောင်ထိပ် တခုမှနေ၍ နေထွက်သည်ကို ကြည့်ရန် ချိန်းဆိုကြသည်။ အစီအစဉ်မှာ နေထွက်သည်ကိုကြည့်ပြီးလျှင် ဟိုတယ်သို့ ပြန်လာ၍ ထိုမှတဆင့် ကျွန်ုပ်တို့ နေရင်းရပ်ဌာန်ပြန်မည်ဟု စီစဉ်ထားသည်။

ထို့ကြောင့် ညသန်းကောင်ယံ အချိန်တွင် မြင်းလားများနှင့် စ၍ ခရီးထွက်သည်။ လမ်းပြများက မီးရှူးတိုင်များဖြင့် လမ်းပြကြသည်။ ကျွန်ုပ်တို့တစုသည် ထင်းရူးတောထဲရှိ ကွေ့ကောက်သော လမ်းများအတိုင်း တသီကြီးလိုက်ပါလာကြသည်။အထိန်းအကျောင်းမရှိဘဲနှင့် မြက်စား နေကြသော နွားမများကို စိမ်းလန်းစိုပြေသည့် စားကျက်ထဲ၌ မြင်ခဲ့ရသည်။ ထိုစားကျက်ကို ကျော် ဖြတ်ပြီးသော အခါ မြက်မပေါက်နိုင်သော ကျောက်ဆောင်များရှိရာသို့ ရောက်လာပါသည်။

ညမှောင်မဲမဲထဲမှာ ဘယ်ဘက်ကို ကြည့်လိုက် ကြည့်လိုက်၊ ညာဘက်ကို ကြည့်လိုက် ကြည့်လိုက်၊ ဖွေးဖွေးနေသော ဆီးနှင်းကြောင်းကြီးများကိုသာ မြင်ရပါသည်။

အေးလွန်း လှသောကြောင့် အရှိုး အသားများသည် စိမ့်၍ ကိုက်ခဲလာသည်။ မျက်စိလည်း ကျိန်းလာသည်။ တောင်ထိပ်မှ

လေသည် ကျွန်ုပ်တို့၏ရင်ဝကို အတင်းတိုးဝှေ့သည်။ လေစိမ်းမိ၍ လည်ချောင်းတွင် အပူမှတ်သလို ဖြစ်လာသည်။ လေသည် ရေခဲတောင်ထိပ်မှ အေးမြသောခာတ်တို့ကို ယူဆောင်ကာ မိုင်တရာပတ်လည်အတွင်း အအေးခာတ်ကို လွှတ်ပေးနေသည်။

ကျွန်ုပ်တို့ တောင်ထိပ်သို့ ရောက်သောအခါ မိုးမလင်းသေးချေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် နေထွက်လာလျှင် နေမင်းကို ကောင်းချီးမေတ္တာပို့သရန်အတွက် ယူဆောင်လာသော ရှမ်ပိန်ပုလင်းများကို အထုပ်ထဲမှထုတ်သည်။

များမကြာမီ ကျွန်ုပ်တို့ ဦးခေါင်းထက်၌ရှိသော ကောင်းကင်ပြင် တခုလုံးသည် ဖျော့တော့သော အရောင်ဖြင့် လင်းစပြုလာသည်။ ကျွန်ုပ်တို့၏အောက်ဖက်သို့ကြည့်လိုက်သော် ချောက်ကမ်းပါးကြီးကို တည့်တည့်မြင်ရ၏။ ထိုမှမျှော်ကြည့်လျှင် ကိုက်တရာကျော်၌ တောင်ထွတ်တခုကို တွေ့ရသည်။

မိုးကုပ်စက်ဝိုင်းတခုလုံးမှာ ရီပြာပြာရှိနေသည်။ ယခုတိုင် အဝေးကိုကြည့်လိုက်လျှင် ဘာကိုမျှ မမြင်နိုင်သေး။

မကြာမီ လက်ဝဲဘက်တွင် ယွန်းဖရောတောင်ကို မြင်ရသည်။ ထို့နောက် တောင်တခု၊ ထို့နောက် အခြားတောင်တခု၊ ဤသို့ တခုစီတခုစီ ပေါ်လာသည်ကို တွေ့ရ၏။ တောင်များမှာ တခုစီ နံနက်မိုးလင်း အိပ်ရာမှထလာဘိသကဲ့သို့။ ကျွန်ုပ် ယခုကဲ့သို့သော မိုးထိလုနီးတောင်ကြီးများကိုမြင်ရသောအခါ စကားမပြောနိုင်အောင် အံ့ဩမိန်းမောပိသည်။ ထာဝရဆီးနှင်းပြင် ရေခဲပြင်များတွင် လူသူမရောက်နိုင်သော နေရာများ ဖြစ်ကြပေသည်။ ထို့နောက် ပိဒမွန်တောင်တန်းကြီးသည် ဘွားကနဲ ပေါ်လာ ပြန်





သည်။ တောင်တန်းကြီးမှာ မဆုံးနိုင်အောင်ရှည်သည်။ မြောက်ဖက်၌ အခြားတောင်တန်းကြီးများရှိသည်။ ထိုဒေသမှာ ရေခဲနေသော တောင်ထွတ်များ ခြံရံနေသည့် ဒေသကြီးတခု ဖြစ်၏။ အဝေး၌ တောင်ထွတ်တကာတို့၏မိခင်နှင့်တူသော မောင့်ဗလွန့်တောင်ကို ပြူပြူကလေးမြင်ရသည်။ အချို့တောင်များသည် မားမားမတ်မတ် တည်ရှိ၏။ အချို့ကား ဝပ်တွားခယနေသကဲ့သို့ရှိ၏။ အားလုံးသော တောင်တို့မှာကား အစွန်းအထင်း မရှိသော ပိတ်ဖြူကြီးကို လွှမ်းခြုံထားဘိသကဲ့သို့ ဖွေး၍နေသည်။

အချို့မှာ ကျွန်ုပ်တို့နှင့် နီးလွန်းလှ၍ တောင်ပေါ်သို့ခုန်တက်လျှင် ရကောင်း၏ဟု ထင်ရ၏။ အချို့ကား ဝေးလွန်းလှသောကြောင့် ရေးတေးတေးမျှသာ မြင်ရသည်။

ထိုနောက် ကောင်းကင်သည် နီရဲလာ၏။ ထိုအခါ အားလုံးသော တောင်များသည်လည်း နီရဲလာ၏။ တိမ်လိပ်တို့မှာ သွေးချင်းချင်း ရဲဘိသကဲ့သို့ရှိရာ ကျွန်ုပ်တို့မြင်ရသမျှမှာ အံ့စရာလည်း ကောင်း၏။ ကြောက်စရာလည်း ကောင်း၏။

မကြာမီ မီးရောင်ကဲ့သို့ ရဲနေသော ကောင်းကင်သည် ဖျော့သွား၏။ ထိုအရောင်ပြောင်းသည်ကို လိုက်၍ တောင်ထိပ်များလည်း ကြက်သွေးရောင်ကဲ့သို့ ဖျော့လာသည်။ ကြက်သွေးရောင်ဆိုသော်လည်း အရောင်မှာ နုလှသည်။ ကလေးမများ ဝတ်ဆင်သော ပန်းရောင်အဝတ်အစားနှင့် ခပ်ဆင်ဆင်။

ထို့နောက် နေမင်းသည် ဖြူရွှနေသော ကမ္ဘလာနှင့် တူသည့် ဆီးနှင်းပြင်ပေါ်သို့ တက်လာလေသည်။ ဤသည်တွင် မြင်နေရသမျှ ရေခဲပြင်ကြီးမှာ ငွေရောင်ဖြင့် ဖိတ်ဖိတ်တောက်လာသည်။

ကျွန်ုပ်တို့နှင့်ပါလာသော အမျိုးသမီးများသည် ထိုမြင်ခင်းကို ရင်သပ်ရှုမောနှင့် တအံ့တသြကြည့်ကြသည်။ ဤအချိန်၌ ရှမ်ပိန် အရက်ပုလင်း ဖောက်ကန့်ပွင့်သံကိုကြား၍ လန့်သွားကြသည်။ ဣတာလျံမင်းသားသည် ရှမ်ပိန်တခွက်ကို **ဗာသာ**အားတိုက်ရင်း "မြို့စားကြီးကတော် ကျန်းမာပါစေကြောင်း ပတ္ထနာပြုပါတယ် ခင်ဗျာ" ဟု ဆို၏။ ထိုအခါ အားလုံးက ဝိုင်း၍ **ဗာသာ** ကို ဆုတောင်း မေတ္တာပို့ကာ ရှမ်ပိန်အရက်သောက်ကြသည်။

**ဗာသာ**လည်း မြင်းလားပေါ်မှ ကုန်း၍ထပြီးလျှင် "ကျွန်မလဲ အားလုံး ကျန်းမာပါစေလို့ ဆုတောင်းပါတယ်" ဟု ဆို၏။

နောက် သုံးနာရီခန့်ကြာသောအခါ ရှန်းမြစ်ဝှမ်းရှိ ဂျိနီဗာမြို့သို့ ကျွန်ုပ် ခရီးထွက်ခဲ့၏။

ကျွန်ုပ်တို့ နှစ်ဦးချည်းကျန်သောအခါ၊ စောစောပိုင်းက အလွန် ရွှင်ပြနေသော **ဗာသာ**သည် သူ့မျက်နှာကို လက်ဝါးဖြင့် အုပ်ပြီး ရှိုက်၍ရှိုက်၍ ငိုပါလေတော့သည်။

ကျွန်ုပ်သည် သူ့ကို ယုယုယယဖြင့် "ဘာဖြစ်ထာလဲကွယ်၊ ကိုယ့်ကိုပြောစမ်းပါအုံး" ဟု မေးကြည့်သည်။

ထိုအခါ **ဗာသာ**က "ဩော်၊ ဂုဏ်အသရေရှိ မိန်းမကောင်းလို ဟန်ဆောင်လာလိုက်ထာ အခုတော့၊ အခုတော့ ပြီး သွားပါပြီ ဆိုပါတော့" ဟု မျက်ရည်စမ်းစမ်းနှင့် ပြန်ပြောသည်။

သူပြောတာ ဟုတ်ပါပေသည်။ ကျွန်ုပ်လည်း သူ့အပေါ် သံယောဇဉ်ကြီးလာ၍ ဖြစ်ချင်ရာဖြစ်စေတော့ ဟူသော သဘောဖြင့် မိုက်လိုက်တော့မည်ဟု ကြံမိ၏။ သို့သော် တကယ်တမ်းမှာမူကား ကျွန်ုပ်မမိုက်နိုင်သေးပါ။





ထို့ကြောင့် ပဲရစ်မြို့သို့ ပြန်ရောက်လျှင်ရောက်ချင်း **ဗာသာ**ကို ချက်ချင်း စွန့်လိုက်လေသည်။ ကျွန်ုပ် **ဗာသာ**နှင့်ခွဲရမည့်ကိစ္စ၌ အချိန်ဆွဲနေလျှင် နောက်ဆုံး၌ မခွဲနိုင်မခွာရက် ဖြစ်ရပါလိမ့်မည်။

(မြို့စားကြီးသည် အထက်ပါနေ့စွဲဖြင့် မှတ်တမ်းကို ရေးပြီးသည့်နောက်၊ သုံးနှစ်တိုင်တိုင် နောက်ထပ် မှတ်တမ်းကို မရေးဘဲ နေသည်ကို တွေ့ရပါသည်။ သို့သော် ၁၈၈၃ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ နေ့စွဲဖြင့်မူကား အောက်ပါမှတ်တမ်းကို တွေ့ရပါသေးသည်။)

**ဇူလိုင်လ ၂၀ ရက်။** ။ကျွန်ုပ် ဣတာလီနိုင်ငံ ဖလော်ရင့် မြို့ကို ရောက်နေသည်။ နောက်ကြောင်းပြန်တွေးပြီး ဆွေးစရာတခုဖြစ်ခဲ့ရ၏။ ကျွန်ုပ် မြို့ထဲ၌ လမ်းလျှောက် နေစဉ် အမျိုးသမီး တယောက်က သူစီးလာသော မြင်းရထားကိုရပ်စေပြီးလျှင် ကျွန်ုပ်အား ခေါ်သည်။ ထိုအမျိုးသမီးကား ဣတာလျံ မင်းသား၏ ကြင်ယာတော်ဖြစ်သည်။ ထိုကြင်ယာတော်မင်းသမီးသည် တဦးနှင့် တဦး စကား ပြောလျှင် ကြားလောက်သောနေရာသို့ရောက်သည်နှင့်တပြိုင်နက်၊ ကျွန်ုပ်အား အော်ကျယ်ဟစ်ကျယ် ပြောပါလေတော့သည်။

"အလို၊ မြို့စားကြီးပါကလား။ တွေ့ရတာ ဝမ်းသာလိုက်ထာ ရှင်။ ကျွန်မဖြင့် မြို့စားကြီးကတော်ရဲ့သတင်းကို ကြားချင်လိုက်ထာ။ ကျွန်မ တွေ့ခဲ့သမျှ မင်းကတော် စိုးကတော်တွေထဲမှာ မြို့စားကြီး ကတော်လောက် ယဉ်တာချောတာ မတွေ့ဘူးပါဘူးရှင်"

သူ ဤသို့ပြောသောအခါ ကျွန်ုပ်လည်း ဘာပြန် ပြောရမည် မသိ၍ ငိုင်နေမိပါ၏။ ကျွန်ုပ်၏ ရင်တွင်း၌ ဗလောင်ဆူလာသည်။ သို့သော်ကျွန်ုပ်ကအထစ်ထစ်အငေါ့ငေါ့နှင့် ပြန်ပြောလိုက်ရသည်။

"မင်းသမီးကြီးခင်ဗျား၊ သူ့အကြောင်း နောက်ထပ်ဘာမျှ မပြောယင် ကောင်းမယ်။ တောင်းပန်ပါရစေ။ သူနဲ့ ကျွန်တော် ဟို လွန်ခဲ့တဲ့ သုံးနှစ်ကဘဲ ကွဲသွားကြပါတယ်" ဟု ကျွန်ုပ်က ဆိုသည်။

ထိုအခါ သူက ကျွန်ုပ်၏ လက်ကို ဆွဲ၍ နှုတ်ဆက်ရင်း "ဖြစ်မှ ဖြစ်ရလေ။ ဒီလိုကြားရတော့ ကျွန်မဖြင့် ရှင့်ကို သနားလိုက်ပါ ဘိတယ်" ဟု ဆို၏။

သူထွက်သွားသောအခါ ကျွန်ုပ်လည်း မိမိတည်းခိုရာ ဟိုတယ်သို့ ပြန်လာသည်။ စိတ်မကောင်းလည်း ဖြစ်မိသည်။ မိမိကိုယ်ကို မိမိ မကျေမချမ်းလည်း ဖြစ်မိသည်။ **ဗာသာ** နှင့် ကွဲခဲ့သည်မှာ မနေ့ကတွင်မှ ကွဲခဲ့ရသလို သူ့ကို ပြန်၍ အောက်မေ့နေမိ၏။

ကံဆိုသည်မှာ တခါတခါချော်တတ်ပါတကား။

တချို့ မိန်းမကောင်းဆိုသော မိန်းမတို့သည် မိန်းမပျက်ဖြစ်ဖို့ ဇာတာ ပါလာသောကြောင့် မိန်းမပျက်ကဲ့သို့ ပြုမူကြသည်။

တချို့ မိန်းမများကား မိန်းမကောင်းဖြစ်ဖို့ရာ အခြေခံရှိပါသော်လည်း အထူးသဖြင့် **ဗာသာ**လို မိန်းမမျိုးဆိုလျှင်၊ အို-ဖြစ်သမျှ အကြောင်းများကို မေ့ပစ်လိုက်ထာ အကောင်းဆုံးပါဘဲ။

---

ပုဂံစာအုပ်တိုက်

အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှု သမိုင်းအတွက်
ကဏ္ဍတရပ်။
(သို့မဟုတ်)
နယ်ချဲ့တော်လှန်ရေးတွင် ဂုဏ်ယူဝင့်ကြွားလောက်သော
**အောင်ဆန်းတို့အမိုး**
**ဗိုလ်မင်းရောင် အမှူးပြုသည့်**
မြို့လုလင်နယ်သားတို့၏ သွေးလှွမ်းသော တော်လှန်ရေးအပိုင်း။
**ငွေလင်း**

# မြို့လုလင်မှပုန်ကန်ခြင်း

* မြို့လုလင်နယ်သားတို့၏ နမူနာယူဖွယ်သော တော်လှန်ရေး။
* မြို့လုလင်နယ်သားတို့၏ စံတင်ဖွယ်သော မျိုးချစ်စိတ်ဓာတ်။
* မြို့လုလင်နယ်သားတို့၏ အားကျဖွယ်သော နယ်ချဲ့ဆန့်ကျင်ရေး။
* မြို့လုလင်နယ်သားတို့၏ ကမ္ဘည်းထိုးဖွယ်သော စည်းလုံးညီညွတ်မှု။

**ယင်းတို့ဖြင့် နယ်ချဲ့ကို မျက်ဖြူဆိုက်စေခဲ့သည်။ အံ့အားသင့်စေခဲ့သည်။ တုန်လှုပ်ချောက်ချားစေခဲ့သည်။**

'ပင်းမြို့သူ'နောက် ဒုတိယမြောက် အချိန်ယူ ရေးသားသည့် မှတ်တမ်းတင် စာအုပ်ဖြစ်သည်။

**စာမျက်နှာ ၆၀၀ ကျော်၊ ကတ်ထူဖုံးဖြင့်၊ တန်ဖိုး ၄ ကျပ်။**

(၁၊၁၀၊၆၆ ထွက်မည်။)